ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန





# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်
# အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာ








၂၀၁၃ ခုနှစ် ဇွန်လ

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **အခန်း-၁** | | |
| ၁ | မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများနှင့် ပြုပြင်ပြောင်းလဲမှုများ | ၁ | ၃၀ |
| | **အခန်း-၂** | | |
| ၂ | မက်ခရိုစီးပွားရေးအခြေအနေ | ၃၁ | ၅၂ |
| | **အခန်း-၃** | | |
| ၃ | မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ | ၅၃ | ၈၃ |
| | **အခန်း-၄** | | |
| ၄ | ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများ၊ ရသုံးမှန်းခြေငွေစာရင်း | ၈၄ | ၁၀၈ |
| | **အခန်း-၅** | | |
| ၅ | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ | ၁၀၉ | ၁၁၉ |
| | **အခန်း-၆** | | |
| ၆ | ကဏ္ဍစီမံကိန်းများနှင့် ပြည်သူ့ဘဏ္ဍာရေး | ၁၂၀ | ၂၁၀ |
| | **အခန်း-၇** | | |
| ၇ | ဒေသန္တရစီမံကိန်းများနှင့် ပြည်သူ့ဘဏ္ဍာရေး | ၂၁၁ | ၃၀၃ |
| | **အခန်း-၈** | | |
| ၈ | ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု | ၃၀၄ | ၃၁၂ |
| | **အခန်း-၉** | | |
| ၉ | အထူးစီးပွားရေးဇုန်များနှင့် ဆောင်ရွက်မှုအခြေအနေ | ၃၁၃ | ၃၂၇ |
| | **အခန်း-၁၀** | | |
| ၁၀ | ပြည်ပအကူအညီအထောက်အပံ့ရရှိမှု | ၃၂၈ | ၃၃၈ |
| | **အခန်း-၁၁** | | |
| ၁၁ | ပြည်ပစီးပွားရေးဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာ | ၃၃၉ | ၃၄၃ |

# အခန်း(၁)

## စီးပွားရေး မူဝါဒ များနှင့် ပြုပြင်ပြောင်းလဲမှုများ

### စီးပွားရေး မူဝါဒများ

၁။ နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး အမျိုးသား စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမ အဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့်စီးပွားရေး အင်အားစု အားလုံးကို စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ပြုထားပါသည်။

၂။ အများပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်း မြှင့်တင်ရေးနှင့် အထွေထွေ အရင်း အနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုသည့် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး တို့ကို အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၃။ နိုင်ငံတော်၏စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ရန် ကာလတို ကာလရှည် စီမံကိန်းများရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနသည် ကာလတို နှစ်စဉ်စီမံကိန်းများ၊ ပထမငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆) နှင့် နှစ်(၂၀) နှစ်ရှည် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁) တို့ကို ရေးဆွဲ ဆောင်ရွက်လျက် ရှိပါသည်။

၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ကဏ္ဍဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲပြီး ၂၀၁၂ ခုနှစ် မတ်လတွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကို အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပါသည်။

၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေပါရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာ ကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တော ကဏ္ဍတွင် ၀.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တု နှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) စက်မှုလက်မှု ကဏ္ဍတွင် ၁၁.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ် ဓါတ်အား ကဏ္ဍတွင် ၆.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှု ကဏ္ဍတွင် ၁.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေး ကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေး ကဏ္ဍတွင် ၁၅၀.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေး ကဏ္ဍတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍတွင် ၁၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှု ကဏ္ဍတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၄.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၇.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) တနင်္သာရီ တိုင်းဒေသကြီးတွင် ၆.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင်၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၈.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၆.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၅.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၁၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား ကို ၃၄.၇ ရာခိုင်နှုန်း မှ ၃၃.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇.၁ ရာခိုင်နှုန်း မှ ၂၇.၆ ရာခိုင်နှုန်း သို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၈.၂ ရာခိုင်နှုန်း မှ ၃၈.၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက် ဈေးနှုန်း အရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၇.၃ ရာခိုင်နှုန်း ၊ သမဝါယမပိုင် အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း ၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစား အားဖြင့် ၇၂.၇ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက် ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၉,၂၁၁,၁၄၃ သန်း တင်ပို့ရန် နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၆,၅၈၂,၈၀၀ သန်း တင်သွင်းရန်၊

(ဆ) လူတစ်ဦးစီ၏ပျမ်းမျှ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာကျပ် ၇၄၀,၈၁၄ ရှိခဲ့ရာ မှ ၈၃၉,၅၅၁ ကျပ် သို့ ဖြစ်ပေါ်လာစေရန် ။

၆။ အထက်ဖော်ပြပါ ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ပြုစုတင်ပြထားပါသည်။

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍအလိုက်တိုးတက်မှုနှုန်း**

| စဉ် | အကြောင်းအရာ | ရည်မှန်းချက် | တိုးတက်မှုနှုန်း | | |
|---|---|---|---|---|---|
| | | | ပထမ ၆ လ | ဒုတိယ ၆ လ | ၁ နှစ် |
| | (၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းဖြင့်) | | | | |
| ၁ | တစ်မျိုးသားလုံး၏အသားတင် | ၆.၇ | ၇.၆ | ၇.၇ | ၇.၆ |
| | ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်း | | | | |
| | (၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ) | | | | |
| ၂ | လယ်ယာကဏ္ဍတိုးတက်မှုနှုန်း | ၁.၉ | -၄.၅ | ၂.၀ | ၀.၄ |
| ၃ | သားငါးကဏ္ဍတိုးတက်မှုနှုန်း | ၆.၈ | ၃.၈ | ၈.၃ | ၆.၁ |
| ၄ | သစ်တောကဏ္ဍတိုးတက်မှုနှုန်း | ၀.၄ | ၄၇.၃ | ၁.၀ | ၈.၇ |
| ၅ | စွမ်းအင်ကဏ္ဍတိုးတက်မှုနှုန်း | ၂.၀ | -၁.၀ | -၁.၅ | -၁.၃ |
| ၆ | သတ္တုနှင့်တွင်းထွက်ကဏ္ဍတိုးတက်မှုနှုန်း | ၂.၅ | -၁၄.၃ | -၂.၅ | -၇.၈ |
| ၇ | စက်မှုကဏ္ဍတိုးတက်မှုနှုန်း | ၁၁.၂ | ၁၂.၉ | ၆.၆ | ၈.၄ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍတိုးတက်မှုနှုန်း | ၆.၁ | ၂.၀ | ၁၄.၇ | ၈.၂ |
| ၉ | ဆောက်လုပ်ရေးကဏ္ဍတိုးတက်မှုနှုန်း | ၁.၅ | ၇.၆ | ၁၀.၂ | ၉.၃ |
| ၁၀ | ပို့ဆောင်ရေးကဏ္ဍတိုးတက်မှုနှုန်း | ၄.၅ | ၇.၄ | ၆.၃ | ၇.၆ |
| ၁၁ | ဆက်သွယ်ရေးကဏ္ဍတိုးတက်မှုနှုန်း | ၁၅၀.၄ | ၁၂၁.၀ | ၃၄၄.၉ | ၂၁၈.၇ |
| ၁၂ | ငွေရေးကြေးရေးကဏ္ဍတိုးတက်မှုနှုန်း | ၈.၁ | ၆၆.၈ | ၂၉.၇ | ၄၀.၁ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲမှုကဏ္ဍ | ၃.၂ | ၂၇.၆ | ၁၃.၉ | ၁၄.၃ |
| | တိုးတက်မှုနှုန်း | | | | |
| ၁၄ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁၄.၆ | ၉.၉ | ၂၀.၀ | ၁၄.၉ |
| | တိုးတက်မှုနှုန်း | | | | |
| ၁၅ | ကုန်သွယ်မှုကဏ္ဍတိုးတက်မှုနှုန်း | ၄.၁ | ၅.၂ | ၄.၉ | ၅.၀ |
| | ပါဝင်မှုအချိုးအစား(%) | | | | |
| ၁၆ | လယ်ယာကဏ္ဍကြီး | ၃၃.၆ | -၀.၉ | ၃.၂ | ၂.၀ |
| ၁၇ | စက်မှုကဏ္ဍကြီး | ၂၇.၆ | ၉.၉ | ၇.၂ | ၈.၀ |
| ၁၈ | ဝန်ဆောင်မှုကဏ္ဍကြီး | ၃၈.၈ | ၁၂.၄ | ၁၂.၇ | ၁၂.၆ |
| | ရင်းနှီးမြှုပ်နှံမှုပါဝင်မှုအချိုးအစား(%) | | | | |
| | နှစ်အလိုက်ဈေးနှုန်းအရ | | | | |
| ၁၉ | နိုင်ငံပိုင်ကဏ္ဍ | ၂၇.၃ | | | ၃၀.၅ |
| ၂၀ | သမဝါယမပိုင်ကဏ္ဍ | ၀.၀၁ | | | ၀.၀၁ |
| ၂၁ | ပုဂ္ဂလိကပိုင်ကဏ္ဍ | ၇၂.၇ | | | ၆၉.၅ |

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ် အလိုက်တိုးတက်မှုနှုန်း

| စဉ် | အကြောင်းအရာ | ရည်မှန်းချက် | တိုးတက်မှုနှုန်း | | |
|---|---|---|---|---|---|
| | | | ပထမ ၆ လ | ဒုတိယ ၆ လ | ၁ နှစ် |
| | (၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းဖြင့်) | | | | |
| ၁ | တစ်မျိုးသားလုံး၏အသားတင် | ၆.၇ | ၇.၆ | ၇.၇ | ၇.၆ |
| | ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်း | | | | |
| | (၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ) | | | | |
| ၂ | ကချင်ပြည်နယ် | ၅.၇ | -၉.၃ | -၆.၆ | -၇.၂ |
| ၃ | ကယားပြည်နယ် | ၄.၄ | ၆.၅ | ၇.၇ | ၇.၂ |
| ၄ | ကရင်ပြည်နယ် | ၈.၀ | ၉.၅ | ၂၃.၇ | ၂၀.၁ |
| ၅ | ချင်းပြည်နယ် | ၇.၄ | ၂၃.၅ | ၁၀.၅ | ၁၄.၈ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၈.၂ | ၅.၄ | ၉.၅ | ၈.၃ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၆.၉ | -၁.၁ | ၁၃.၅ | ၇.၈ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၆.၈ | ၅.၁ | ၉.၆ | ၈.၄ |
| ၉ | မကွေးတိုင်းဒေသကြီး | ၇.၇ | ၇.၄ | ၉.၅ | ၈.၆ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၆.၇ | ၁.၂ | ၇.၉ | ၅.၅ |
| ၁၁ | မွန်ပြည်နယ် | ၈.၄ | ၉.၇ | ၅.၇ | ၆.၉ |
| ၁၂ | ရခိုင်ပြည်နယ် | ၄.၆ | ၅.၁ | ၂.၆ | ၃.၅ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၇.၉ | ၂၃.၅ | ၅.၁ | ၁၀.၉ |
| ၁၄ | ရှမ်းပြည်နယ် | ၆.၁ | -၃.၀ | ၉.၄ | ၅.၀ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၅.၀ | ၀.၀၄ | ၆.၄ | ၄.၁ |
| ၁၆ | နေပြည်တော်ကောင်စီနယ်မြေ | ၁၂.၅ | ၁၅.၇ | ၁၄.၃ | ၁၄.၁ |

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ဧပြီလမှ မတ်လ) အကောင်အထည်ဖော်မှုအရ
## အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဥ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၁-၁၂ ဘဏ္ဍာနှစ် | | | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | စီမံကိန်းရည်မှန်းချက် | ရှေ့ပြေးအမှန် | | စီမံကိန်းရည်မှန်းချက် | | မတ်လကုန် (ဧပြီလမှ မတ်လ) | | |
| | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ကချင်ပြည်နယ် | ၁,၀၈၀,၁၂၃.၀ | ၉၈၅,၄၀၂.၁ | ၉၁.၂ | ၁,၁၄၁,၇၂၃.၂ | ၅.၇ | ၉၁၄,၀၈၈.၃ | ၈၀.၁ | -၇.၂ |
| ၂ | ကယားပြည်နယ် | ၁၅၈,၀၅၄.၁ | ၁၅၃,၈၈၉.၃ | ၉၇.၄ | ၁၆၅,၀၂၂.၉ | ၄.၄ | ၁၆၅,၀၂၄.၁ | ၁၀၀.၀ | ၇.၂ |
| ၃ | ကရင်ပြည်နယ် | ၇၄၀,၇၄၆.၉ | ၇၃၈,၀၂၉.၄ | ၉၉.၆ | ၈၀၀,၀၇၂.၃ | ၈.၀ | ၈၈၆,၅၄၁.၀ | ၁၁၀.၈ | ၂၀.၁ |
| ၄ | ချင်းပြည်နယ် | ၁၄၉,၃၄၂.၆ | ၁၃၉,၃၃၃.၄ | ၉၃.၃ | ၁၆၀,၄၅၆.၂ | ၇.၄ | ၁၅၉,၉၈၈.၂ | ၉၉.၇ | ၁၄.၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄,၈၇၄,၁၁၆.၃ | ၄,၉၄၅,၀၀၄.၉ | ၁၀၁.၅ | ၅,၂၇၅,၉၃၄.၉ | ၈.၂ | ၅,၃၅၅,၃၈၁.၇ | ၁၀၁.၅ | ၈.၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၄၈၃,၇၆၈.၉ | ၁,၅၀၈,၁၄၃.၅ | ၁၀၁.၆ | ၁,၅၈၅,၆၄၈.၈ | ၆.၉ | ၁,၆၂၅,၂၇၆.၅ | ၁၀၂.၅ | ၇.၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃,၇၀၁,၂၂၂.၉ | ၃,၅၈၈,၄၂၈.၆ | ၉၇.၀ | ၃,၉၅၄,၆၀၇.၇ | ၆.၈ | ၃,၈၈၉,၃၀၉.၁ | ၉၈.၃ | ၈.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄,၁၁၀,၃၃၈.၇ | ၄,၁၈၉,၉၀၇.၉ | ၁၀၁.၉ | ၄,၄၂၄,၉၁၆.၁ | ၇.၇ | ၄,၅၅၁,၂၆၂.၉ | ၁၀၂.၉ | ၈.၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄,၈၄၅,၀၀၈.၆ | ၄,၆၄၁,၈၅၀.၇ | ၉၅.၈ | ၅,၁၆၈,၈၄၆.၃ | ၆.၇ | ၄,၈၉၈,၀၂၇.၇ | ၉၄.၈ | ၅.၅ |
| ၁၀ | မွန်ပြည်နယ် | ၁,၈၀၅,၃၁၀.၅ | ၁,၈၅၄,၁၉၆.၈ | ၁၀၂.၇ | ၁,၉၅၆,၃၀၅.၀ | ၈.၄ | ၁,၉၈၂,၉၅၃.၇ | ၁၀၁.၄ | ၆.၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၇၂၃,၃၄၀.၅ | ၁,၆၇၀,၀၁၄.၉ | ၉၆.၉ | ၁,၈၀၂,၇၈၄.၅ | ၄.၆ | ၁,၇၂၇,၇၉၉.၉ | ၉၅.၈ | ၃.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၉,၅၀၇,၅၁၉.၇ | ၉,၃၂၈,၅၅၃.၅ | ၉၈.၁ | ၁၀,၂၅၅,၅၄၅.၁ | ၇.၉ | ၁၀,၃၄၉,၀၄၆.၉ | ၁၀၀.၉ | ၁၀.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၁၃၀,၃၆၇.၈ | ၃,၀၁၄,၂၇၂.၆ | ၉၆.၃ | ၃,၃၂၂,၀၈၇.၉ | ၆.၁ | ၃,၁၆၅,၉၇၃.၀ | ၉၅.၃ | ၅.၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၁၀၅,၄၀၂.၆ | ၄,၅၂၂,၁၂၆.၅ | ၈၈.၆ | ၅,၃၅၈,၃၀၀.၆ | ၅.၀ | ၄,၇၀၆,၆၀၀.၃ | ၈၇.၈ | ၄.၁ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၀၉,၁၃၀.၁ | ၇၂၅,၄၅၇.၀ | ၁၄၂.၅ | ၅၇၂,၉၁၇.၈ | ၁၂.၅ | ၈၃၂,၃၆၇.၇ | ၁၄၅.၃ | ၁၄.၇ |

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ဧပြီလမှ မတ်လ) အကောင်အထည်ဖော်မှုအရ
### အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး
### (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၁-၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် | ၂၀၁၁-၁၂ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် တန်ဖိုး | ၂၀၁၁-၁၂ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တန်ဖိုး | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် ပြောင်းလဲမှုနှုန်း (%) | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် မတ်လကုန် (ဧပြီလမှ မတ်လ) တန်ဖိုး | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် မတ်လကုန် (ဧပြီလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် မတ်လကုန် (ဧပြီလမှ မတ်လ) ပြောင်းလဲမှုနှုန်း (%) |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ကချင်ပြည်နယ် | ၁,၂၂၄,၆၀၁.၃ | ၁,၁၁၉,၂၇၇.၈ | ၉၁.၄ | ၁,၃၈၃,၅၈၂.၃ | ၁၃.၀ | ၁,၀၃၁,၁၀၀.၅ | ၇၄.၅ | -၇.၉ |
| ၂ | | ကယားပြည်နယ် | ၁၆၄,၃၂၄.၅ | ၁၅၉,၃၂၃.၇ | ၉၇.၀ | ၁၇၇,၂၁၈.၃ | ၇.၈ | ၁၇၇,၀၇၀.၁ | ၉၉.၉ | ၁၁.၁ |
| ၃ | | ကရင်ပြည်နယ် | ၇၇၂,၆၆၉.၃ | ၇၇၁,၅၀၉.၉ | ၉၉.၈ | ၈၆၂,၀၂၉.၉ | ၁၁.၆ | ၉၄၃,၄၁၃.၀ | ၁၀၉.၄ | ၂၂.၃ |
| ၄ | | ချင်းပြည်နယ် | ၁၅၄,၈၄၀.၆ | ၁၄၄,၁၀၆.၁ | ၉၃.၁ | ၁၇၀,၃၇၁.၃ | ၁၀.၇ | ၁၆၉,၃၁၇.၀ | ၉၈.၈ | ၁၇.၅ |
| ၅ | | စစ်ကိုင်းတိုင်းဒေသကြီး | ၅,၀၈၄,၉၉၂.၂ | ၅,၁၇၈,၆၀၂.၀ | ၁၀၁.၈ | ၅,၇၁၉,၅၀၃.၇ | ၁၂.၅ | ၅,၇၆၇,၀၀၈.၇ | ၁၀၀.၈ | ၁၁.၄ |
| ၆ | | တနင်္သာရီတိုင်းဒေသကြီး | ၁,၅၄၄,၅၆၅.၄ | ၂,၆၄၄,၄၇၁.၅ | ၁၇၁.၂ | ၂,၅၈၀,၄၇၂.၈ | ၆၇.၁ | ၃,၀၃၇,၀၆၁.၉ | ၁၁၇.၇ | ၁၄.၈ |
| ၇ | | ပဲခူးတိုင်းဒေသကြီး | ၃,၈၄၈,၈၈၀.၀ | ၃,၇၃၂,၀၇၀.၇ | ၉၇.၀ | ၄,၂၅၁,၉၂၀.၄ | ၁၀.၅ | ၄,၁၆၆,၇၃၈.၅ | ၉၈.၀ | ၁၁.၆ |
| | ၁ | *ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)* | *၂,၀၇၄,၁၅၁.၀* | *၂,၀၈၈,၀၂၃.၇* | *၁၀၀.၇* | *၂,၂၈၅,၃၂၈.၈* | *၁၀.၂* | *၂,၃၁၉,၂၆၂.၅* | *၁၀၁.၅* | *၁၁.၁* |
| | ၂ | *ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)* | *၁,၇၇၄,၇၂၉.၀* | *၁,၆၄၄,၀၄၇.၀* | *၉၂.၆* | *၁,၉၆၆,၅၉၁.၆* | *၁၀.၈* | *၁,၈၄၇,၄၇၆.၀* | *၉၃.၉* | *၁၂.၄* |
| ၈ | | မကွေးတိုင်းဒေသကြီး | ၄,၂၆၅,၈၂၇.၂ | ၄,၃၈၄,၈၈၄.၀ | ၁၀၂.၈ | ၄,၇၇၅,၈၄၆.၀ | ၁၂.၀ | ၄,၉၂၄,၇၉၃.၁ | ၁၀၃.၁ | ၁၂.၃ |
| ၉ | | မန္တလေးတိုင်းဒေသကြီး | ၅,၀၄၇,၉၆၅.၆ | ၄,၈၇၈,၁၅၂.၈ | ၉၆.၆ | ၅,၅၉၇,၃၄၀.၀ | ၁၀.၉ | ၅,၃၁၅,၄၇၀.၅ | ၉၅.၀ | ၉.၀ |
| ၁၀ | | မွန်ပြည်နယ် | ၁,၈၈၄,၄၆၇.၄ | ၁,၉၅၀,၃၈၈.၉ | ၁၀၃.၅ | ၂,၁၁၂,၆၉၆.၆ | ၁၂.၁ | ၂,၁၄၀,၃၂၂.၉ | ၁၀၁.၃ | ၉.၇ |
| ၁၁ | | ရခိုင်ပြည်နယ် | ၁,၇၈၀,၃၃၇.၉ | ၁,၇၅၇,၂၃၃.၄ | ၉၈.၇ | ၁,၉၁၁,၂၆၃.၇ | ၇.၄ | ၁,၈၆၄,၄၈၄.၇ | ၉၇.၆ | ၆.၁ |
| ၁၂ | | ရန်ကုန်တိုင်းဒေသကြီး | ၉,၈၇၇,၉၀၀.၉ | ၉,၈၁၇,၆၉၀.၁ | ၉၉.၄ | ၁၁,၀၆၃,၈၉၁.၃ | ၁၂.၀ | ၁၁,၃၂၈,၃၆၆.၄ | ၁၀၂.၄ | ၁၅.၄ |
| ၁၃ | | ရှမ်းပြည်နယ် | ၃,၂၅၉,၂၉၂.၈ | ၃,၁၅၀,၁၇၂.၆ | ၉၆.၇ | ၃,၅၈၁,၇၈၅.၁ | ၉.၉ | ၃,၄၀၅,၇၉၆.၁ | ၉၅.၁ | ၈.၁ |
| | ၁ | *ရှမ်းပြည်နယ်(တောင်ပိုင်း)* | *၁,၃၂၉,၈၉၂.၂* | *၁,၂၈၇,၂၈၃.၀* | *၉၆.၈* | *၁,၄၆၀,၁၃၃.၂* | *၉.၈* | *၁,၄၂၆,၉၆၅.၉* | *၉၇.၇* | *၁၀.၉* |
| | ၂ | *ရှမ်းပြည်နယ်(မြောက်ပိုင်း)* | *၁,၄၃၂,၉၂၅.၂* | *၁,၄၃၂,၂၉၂.၅* | *၉၇.၂* | *၁,၆၁၁,၄၄၈.၈* | *၉.၄* | *၁,၅၁၆,၀၅၄.၅* | *၉၄.၁* | *၅.၈* |
| | ၃ | *ရှမ်းပြည်နယ်(အရှေ့ပိုင်း)* | *၄၅၆,၄၇၅.၄* | *၄၃၀,၅၉၇.၁* | *၉၄.၃* | *၅၁၀,၂၀၃.၁* | *၁၁.၈* | *၄၆၂,၇၇၅.၇* | *၉၀.၇* | *၇.၅* |
| ၁၄ | | ဧရာဝတီတိုင်းဒေသကြီး | ၅,၂၉၂,၀၉၈.၈ | ၅,၉၀၅,၅၀၉.၀ | ၁၁၁.၆ | ၆,၅၉၂,၉၆၀.၁ | ၂၄.၆ | ၆,၅၃၃,၃၄၇.၅ | ၉၉.၁ | ၁၀.၆ |
| ၁၅ | | နေပြည်တော်ကောင်စီနယ်မြေ | ၅၁၀,၅၂၁.၀ | ၇၅၀,၈၄၅.၁ | ၁၄၁.၅ | ၆၀၁,၁၀၃.၈ | ၁၃.၃ | ၉၂၃,၁၆၀.၄ | ၁၅၃.၆ | ၂၂.၉ |

## ပြုပြင်ပြောင်းလဲမှုများ

၇။ နိုင်ငံတော်အစိုးရအနေဖြင့် ဦးဆောင်ခဲ့သည့် နှစ်နှစ်တာကာလသည် အပြောင်းအလဲများဖြင့် ဖော်ဆောင် နိုင်ခဲ့သည့် ကာလတစ်ခု ဖြစ်ပါသည်။ အားကောင်းသည့် ဒီမိုကရေစီစနစ်နှင့် ခွန်အားရှိသည့် ဈေးကွက်စီးပွားရေးတစ်ခု ပေါ်ပေါက်ရန် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများအား လုပ်ဆောင်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သည် သမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးသည့် ဆောင်ရွက်မှု တစ်ရပ် ဖြစ်ပါသည်။ ဗဟိုအုပ်ချုပ်ရေး စနစ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဆီသို့ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ လွတ်လပ်သည့် ဈေးကွက်စီးပွားရေး စနစ်သို့ ကူးပြောင်းနေချိန် ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများအား အဆင့် (၄) ဆင့် ပြုလုပ်ခဲ့ပါသည်-

(က) နိုင်ငံရေးပြုပြင်ပြောင်းလဲမှု

(ခ) လူမှုရေးနှင့်စီးပွားရေး ပြုပြင် ပြောင်းလဲမှု

(ဂ) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲမှု

(ဃ) ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက် ဖွံ့ဖြိုးရေး

၈။ **နိုင်ငံရေးပြုပြင်ပြောင်းလဲမှု။** နိုင်ငံတော်အစိုးရ၏ ပထမအဆင့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာဖြစ်သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲခြင်း နှင့် အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး လုပ်ငန်းစဉ် များကို သိသာထင်ရှားစွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ အစိုးရသစ်အနေဖြင့် လွန်ခဲ့သည့် နှစ်နှစ်ကျော် တာဝန်ယူသည့် အချိန်မှစပြီး ဒီမိုကရေစီအသွင် ကူးပြောင်းရေး နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား လွှတ်တော်၊ တရားရေးမဏ္ဍိုင်၊ တပ်မတော်၊ တိုင်းရင်းသား အင်အားစုများ၊ နိုင်ငံရေး ပါတီများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အဓိကအားဖြင့် ပြည်သူများ နှင့်အတူ တက်ညီလက်ညီ ပုံဖော်ခဲ့ပြီး ဖြစ်ပါသည်။ ပထမအဆင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာတွင် သိသာထင်ရှားသော အချက်များအနေ ဖြင့် ပြစ်ဒဏ်ကျခံ နေရသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာ ခွင့်ပေးခြင်း၊ ၂၀၁၂ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲကို အထူး သန့်သန့်ရှင်းရှင်း အောင်မြင်စွာ ကျင်းပပေးနိုင်ခြင်း၊ စတုတ္ထမဏ္ဍိုင်ဟု ခေါ်ဆိုနိုင်သည့် သတင်း၊ မီဒီယာအတွက် ကန့်သတ်ထားသည့် စာပေ စိစစ်ရေးကို ပယ်ဖျက်ပေးခြင်း၊ အင်တာနက် လွတ်လပ်စွာ အသုံးပြုခွင့် ပေးခြင်း၊ ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့်နှင့် ပြည်သူများ နိုင်ငံရေးတွင် လွတ်လပ်စွာ ပါဝင်ခွင့် ပေးခြင်း စသည့် ဆောင်ရွက်ချက်များအား ဖော်ဆောင်ပေးခဲ့ပါသည်။ ရာစုနှစ်ဝက်ခန့် ကျင့်သုံးခဲ့သည့်

ဗဟိုဦးစီးအုပ်ချုပ်မှု စနစ်အောက်မှ ရုန်းထွက်ခဲ့ပြီး ရင့်ကျက် ခိုင်မာသည့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေပြီဖြစ်ပါသည်။ ဒီမိုကရက်တစ် အလေ့အထများ ကွယ်ပျောက်နေသည့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ အတွက်မူ ကြီးမားသော စိန်ခေါ်မှုကြီး ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်၊ လွှတ်တော် အသစ်နှင့် တရားစီရင်ရေး ကဏ္ဍများကိုလည်း ပြုပြင်ပြောင်းလဲခဲ့ပါသည်။ ခေတ်သစ်စနစ်သစ်နှင့် ကိုက်ညီခြင်းမရှိတော့သည့် ဥပဒေများကို လည်း ဖျက်သိမ်းပြီး ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးခေါင်းဆောင် များနှင့်လည်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ပြီး မတူညီသည်များကို ဘေးဖယ်၍ တူညီသည်များကို လက်တွဲလုပ်ကိုင်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့(၁၀)ဖွဲ့နှင့်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ KIO,KIA တို့နှင့်လည်း သဘောတူညီမှု ရရှိအောင် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၏ နည်းဗျူဟာ(၃)ဆင့် အနေဖြင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုအပြင် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် နှစ်ဦးနှစ်ဘက် အပြန်အလှန် ယုံကြည်မှုရှိလာစေရန် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ အေးချမ်းမှု မရှိသော နယ်မြေများ အတွင်း လူမှုစီးပွား ပြန်လည်ထူထောင် နိုင်ရေးအတွက် လက်နက်ကိုင် အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံရေးအရ တွေ့ဆုံမှုများ ပြုလုပ်ခြင်း၊ ထာဝရငြိမ်းချမ်းရေး အတွက် ဥပဒေများ ချမှတ်ကျင့်သုံးခြင်းနှင့် ပဋိပက္ခဖြစ်ပွားပြီး အခြေအနေအား ထိရောက်သော စီမံခန့်ခွဲမှု ပြုလုပ်ဆောင်ရွက် လျက်ရှိပါသည်။ အမျိုးသားတည်ဆောက်ခြင်း အနေဖြင့် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များ အကြား သယံဇာတနှင့် စွမ်းအင်ခွဲဝေဖြန့်ဖြူးမှုအား မျှတမှုရှိစေခြင်း၊ နိုင်ငံရေး အကျဉ်းသားများများကို လွှတ်ပေးခြင်းနှင့် ယခင်ပြည်ဝင်ခွင့်ပိတ်ထားသူများ (Black list)များအား ပြန်လည်ဝင်ရောက်ခွင့်ပေးခြင်းများအပြင် နိုင်ငံရေးအင်အားစုများအားလုံးကို တရားဝင်နိုင်ငံရေးအဖွဲ့ အစည်းများအဖြစ် စုစည်းပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ တိုင်းပြည်အတွက် အလွန်အရေးကြီးသည့် အလှည့်အပြောင်း တစ်ရပ်တွင် ပါတီနိုင်ငံရေးကို ကျော်လွန်သည့် state building နှင့် national building လုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်နေသည့် အချိန်လည်းဖြစ်ပါသည်။ မြန်မာ ပြည်သူလူထု၏ ထောက်ခံမှုအကျယ်ပြန့်ဆုံး ရရှိသည့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို မြန်မာ့မြေတွင် တည်ဆောက် ကြရမည်ဖြစ်ပါသည်။

၉။ **လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှု**။ဒုတိအဆင့်ပြုပြင်ပြောင်းလဲမှု အဖြစ် လူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ အသွင်ကူးပြောင်းရေးကာလ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်

လမ်းညွှန်အဖြစ် စီးပွားရေးနှင့် လူမှုရေး ပြုပြင် ပြောင်းလဲမှုအတွက် အခြေခံမူဘောင်ကို ရေးဆွဲခဲ့ပါသည်။ ယင်းမူဘောင် လုပ်ငန်းစဉ် (၁၀) ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဘဏ္ဍာရေးနှင့်အခွန်စနစ်ပြုပြင်ပြောင်းလဲမှုများ

(ခ) ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ

(ဂ) ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက်ဖြေလျှော့မှုများ ဆောင်ရွက် ခြင်း

(ဃ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

(င) ကျန်းမာရေးနှင့် ပညာရေး

(စ) စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

(ဆ) အစိုးရစနစ်နှင့်ပွင့်လင်းမြင်သာမှု

(ဇ) မိုဘိုင်းဖုန်းနှင့် အင်တာနက်

(ဈ) အခြေခံအဆောက်အဦ

(ည) ထိရောက်ထက်မြက်သည့် အစိုးရ

၁၀။ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်လုပ်ငန်းစဉ်များသည် ကာလတိုတွင် အလျင်အမြန် အောင်မြင်မှုများ (Quick-wins) ရရှိစေနိုင်မည့် အသွင်ကူးပြောင်းမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအတွက် လမ်းညွှန်ဖြစ်ပါသည်။ ယင်းမူဘောင်သည် ကာလရှည်တွင် ပြည်သူလူထုအကျိုးကို ရှေးရှုသည့် ဖွံ့ဖြိုးတိုးတက်မှု (People centered development) နှင့် ပြည်သူအားလုံး ပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးမှု (inclusive growth)တို့ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မူဝါဒများ၊ ကာလတို ကာလရှည်စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပေါင်းကူး ဆက်စပ်ပေးပါသည်။ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) **ဘဏ္ဍာရေးနှင့်အခွန်စနစ်ပြုပြင်ပြောင်းလဲမှုများ။** ပြုပြင် ပြောင်းလဲရေး အခြေခံ မူဘောင်များအတိုင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာရေး ပြောင်းလဲမှုများ၊ အခွန်စနစ် ပြောင်းလဲမှုများ၊ ငွေရေးကြေးရေး ပြောင်းလဲမှုများ၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများ စသည်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်စဉ် ရသုံးခန့်မှန်းခြေ ငွေစာရင်း(ဘတ်ဂျက်) ရေးဆွဲရာ၌ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်ကို တိုးမြှင့်သတ်မှတ် ခဲ့ပါသည်။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ (SEEs)၏ ဘတ်ဂျက် လျှော့ချနိုင်ရေးနှင့် စွမ်းဆောင်ရည် တိုးမြှင့်နိုင်ရေး တို့ကို

ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်ပပို့ကုန် အခွန်ပြင်ဆင် ကောက်ခံခြင်း၊ အခွန်အခြေခံကို ကျယ်ပြန့်စေခြင်းနှင့် မေခရီ စီးပွားရေး တည်ငြိမ်စေရေးအတွက် အခွန်စည်းကြပ်မှု နည်းလမ်းများ တိုးတက်လာအောင် ဆောင်ရွက်ခြင်း စသည် ပြုပြင်ပြောင်းလဲမှု များပြုလုပ် ခဲ့ပါ သည်။

(ခ) **ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ ။** မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို သီးခြား လွတ်လပ်၍ တာဝန်ခံ လုပ်ဆောင်နိုင်ခွင့် ပြုနိုင်မည့် သင့်လျော်သော ဥပဒေကြောင်း ဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု များဆောင်ရွက်ခြင်း၊ ငွေတိုက်စာချုပ်နှင့် ငွေချေး စာချုပ်များ(bonds and treasury) နည်းလမ်းကိုသုံး၍ ဝန်ကြီးဌာနများနှင့် အစိုးရပိုင် စီးပွားရေး လုပ်ငန်းများအပေါ်တွင် ငွေကြေးစည်းမျဉ်းများ ချမှတ် ဆောင်ရွက်နေခြင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ ဗဟိုဘဏ်၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း ပြည့်ဝမှုကို မြင့်တက်လာစေရန် ဆောင်ရွက်ခြင်း၊တို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ အတိုးနှုန်း ပြင်ဆင်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၁ ရက် နေ့မှစ၍ ဘဏ်အပ်ငွေများအတွက် အတိုးနှုန်းကို အပ်ငွေ အမျိုးအစားအလိုက် ၁၀ % ထက်မနည်းစေရန်နှင့် ဘဏ်ချေးငွေများ အတွက် အတိုးနှုန်းကို ချေးငွေအမျိုးအစားအလိုက် ၁၅% ထက်မများစေရန် လျှော့ချသတ်မှတ်ခဲ့ ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အတိုးနှုန်းကို ၁၂% မှ ၁၀% သို့ လျှော့ချသတ်မှတ်ခဲ့ပြီး ဘဏ်အပ်ငွေအပေါ် အတိုးနှုန်းကို ၈%ထက် မနည်းစေရန် နှင့် ဘဏ်ချေးငွေ အပေါ် အတိုးနှုန်းကို ၁၃%ထက် မများစေရန် ထပ်မံ၍ လျှော့ချ သတ်မှတ်ခဲ့ပါ သည်။ပြင်ပဈေးကွက်နှင့် တရားဝင်ဈေးကွက် ကွာခြားခြင်း မရှိသော နိုင်ငံခြား ငွေလဲ လှယ်နှုန်း ပေါင်းစည်းရေး လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက် နေ့မှစ၍ နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းကို ဈေးကွက်ပေါက်ဈေး အတိုင်း နှုန်းရှင်စနစ်ဖြင့် တရားဝင် ရောင်းဝယ်ခွင့် ပြုခဲ့ပါသည်။ အငြိမ်းစားဝန်ထမ်းများ၏ လစာငွေကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက် နေ့မှစ၍ တိုးမြှင့်ခံစားခွင့် ပြုခဲ့ခြင်း၊ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက် နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူ ဖြစ်စေရန်အတွက် လစဉ်အပို ထောက်ပံ့ကြေးငွေ ကျပ် ၃

သုံးသောင်းစီကို ခံစားခွင့်ပြုခဲ့ခြင်း၊ ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် လက်ရှိ လစဉ်ထုတ်ယူနေသော လစာနှင့် ညီမျှသည့်ငွေကို ဒေသစရိတ်အဖြစ် သတ်မှတ်၍ ထပ်ဆောင်းခံစားခွင့် ပြုခဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ဒေသစားစရိတ်ခံစားခွင့်ရှိသော မြို့နယ်များကိုလည်း ယခင်က ၈၇ မြို့နယ်သာ ရှိရာမှ ယခု ၁၀၉ မြို့နယ်သို့ တိုးချဲ့သတ်မှတ် ပေးခဲ့ပါသည်။

(ဂ) **ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက်ဖြေလျှော့မှုများဆောင်ရွက်ခြင်း** ။ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်၍ မော်တော်ယာဉ် တင်သွင်းခွင့်အပေါ် ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လိုင်စင်များအတွက် အီး-လိုင်စင် ထုတ်ပေးသည့်စနစ် ကျင့်သုံးခဲ့ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အကန့်အသတ်များ ဖယ်ရှား ပေးခဲ့ခြင်း၊ ဝန်ဆောင်မှု ကဏ္ဍတွင် တံခါးဖွင့် ဖြေလျှော့ပေးခြင်း၊ သွင်းကုန်ခွန် မဟုတ်သော အကန့်အသတ်များ (non-tariff barriers) ဖယ်ရှားပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)နှင့် ပူးပေါင်း၍ ကုန်သွယ်မှု အကန့်အသတ် များအားလုံးကို ဖယ်ရှားရန် အလေးထား ဆောင်ရွက် နိုင်ခဲ့ပါ သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တိုးတက် ဖိတ်ခေါ်နိုင်ရန် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်ရေးဆွဲပြီး မြန်မာနိုင်ငံနိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု ဥပဒေအသစ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေကို အကောင်အထည်ဖော်ရန် လိုအပ်သည့်နည်းဥပဒေများနှင့် အမိန့်ကြော်ငြာ စာများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

(ဃ) **လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု**။ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း များ စီမံခန့်ခွဲရေးဥပဒေတို့ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်း ခဲ့ပြီးဖြစ်၍ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် စတင်အာဏာတည်ကြောင်း ထုတ်ပြန် ကြေညာ ခဲ့ပါသည်။ အဆိုပါဥပဒေများ၏ လယ်ယာမြေနည်းဥပဒေများနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများကိုလည်း ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းထားပါသည်။ ထိုဥပဒေများအရတောင်သူ လယ်သမားများ သည်

ပိုင်ဆိုင်မှုရှိသည့်စနစ် (Proprietary Tenure) ဖြစ်သောလယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ကိုရရှိကြမည် ဖြစ်ပါသည်။ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူအနေဖြင့် ဥပဒေနှင့် အညီရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းအခွင့်အရေး များကို ရရှိမည် ဖြစ်ပါသည်။ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရန်နှင့် အလေအလွင့် နည်းပါးစေရန်အတွက် မြေပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့ရာတွင် စက်ကိရိယာများ ပိုမို သုံးစွဲခဲ့ရာ (၂) နှစ်အတွင်း စက်မှုလယ်ယာမြေဧက (၇၃၈၅) ကို ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးရှိ မြို့နယ်ပေါင်း (၃၁)ခုတွင် ဖော်ထုတ်နိုင်ခဲ့ပါသည်။ လယ်ယာမြေများအား စက်ကိရိယာများ အသုံးပြုနိုင်ရေးအတွက် နေပြည်တော် ကောင်စီနယ်မြေရှိ စံပြ မြို့နယ် (၆)ခုတွင် (၂) နှစ်အတွင်း အဆင့်မြင့် လယ်ယာမြေ (၆၂၉၅) ဧကကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ကုန်းမြင့်လယ်ယာများကို စက်ယန္တရားများဖြင့် (၂) နှစ်အတွင်း ပြည်နယ်/ တိုင်းဒေသကြီး (၂)ခုရှိ မြို့နယ် (၂၂)ခုတွင် (၂၈၁၉.၂၄) ဧက ဖော်ထုတ်နိုင်ခဲ့ပါသည်။စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်တမံ၊ မြစ်ရေတင်နှင့် မြေအောက်ရေ တူးဖော်/ တည် ဆောက်ခြင်း လုပ်ငန်းများနှင့် တည်ဆောက်ပြီး ဆည်တမံများ၏ ရေသောက်စနစ်များ ခေတ်မီခိုင်မာစေရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လုပ်ငန်းစီမံကိန်း (၄၈)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မြစ်ရေတင် စီမံကိန်း/ လုပ်ငန်းများမှ စိုက်ပျိုးမြေ (၈၉၆၇၀)ဧကကို ရေပေးဝေ ခဲ့ပါသည်။ မြစ်ရေတင် စီမံကိန်း/လုပ်ငန်းများမှ စိုက်ပျိုးရေ သာမကဘဲ ကျေးရွာလူထု သောက်သုံးရေ ရရှိရေးကိုပါ ဆောင်ရွက်ခဲ့ရာ မြစ်ရေတင် စီမံကိန်း/ လုပ်ငန်း (၅၁)ခုမှ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အကျိုးပြု လူဦးရေ (၁၃၆၄၅၇)ဦးအား သောက်သုံးရေ ပေးဝေနိုင်ခဲ့ပါသည်။ မြေအောက် ရေစက် ရေတွင်းများမှ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် (၁၀)တွင်းမှ ဧက(၁၀၀)အား တိုးတက် ရေပေးဝေ ခဲ့ပါသည်။ မြေအောက်ရေစက်ရေတွင်းများမှ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အကျိုးပြုလူဦးရေ (၁၆၆၀၀) ဦးအား သောက်သုံးရေ ပေးဝေနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးချခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မိုးစပါး၊ နွေစပါး စံပြစိုက်ခင်း (၈၀၈၉) ဧကနှင့် စံပြကွက် (၄၁၂၈၃)ဧက တိုးတက် စိုက်ပျိုးနိုင်ခဲ့ပါသည်။မြန်မာ့လယ်ယာ

ဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တောင်သူ လယ်သမား ပေါင်း(၂.၂၆)သန်း အတွက် စိုက်ပျိုးစရိတ် ချေးငွေပေါင်း ကျပ်(၅၅၇.၈၅) ဘီလီယံ ကို ထုတ်ချေးနိုင်ခဲ့ပါသည်။

(င) **မွေးမြူရေး** ။ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုလဲနဒီ အအေးပိုင်း ငါးမျိုးများ ကို ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီနှင့် ပုလဲနဒီ ကုမ္ပဏီတို့ အကျိုးတူ မွေးမြူခြင်းကို ဆောင်ရွက် နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်း အဖွဲ့ချုပ်မှလည်း အသားကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း တိုးတက်ရေး၊ မွေးမြူရေး အာမခံစနစ် တိုးတက်ရေး၊ ဇီဝလုံခြုံမှု တိုးတက် ရေး တို့အတွက် ပြည်ပနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၅၆(က) နှင့်(ခ)အရ ရေချိုငါး လုပ်ငန်း စီမံခန့်ခွဲမှုများကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့များသို့ လွှဲပြောင်းပေးပြီး ဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုင်ငံတော်မှ ချမှတ် ထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စု ငါးလုပ်ငန်းဥပဒေ (မူကြမ်း)ကို ရေးဆွဲပြုစုခဲ့ပြီး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့ညှိနှိုင်း ဆွေးနွေးလျက် ရှိပါသည်။ကုန်သေတ္တာ ( Container ) များဖြင့် ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် ယခင်က တစ်လုံးချင်းအလိုက် စစ်ဆေးပြီး၊ ယခုအခါ ဖြေလျော့ပေးသည့်အနေဖြင့် ကုန်သေတ္တာ တစ်လုံးချင်းအလိုက် စစ်ဆေးခြင်း မပြုတော့ဘဲ ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့် စက်ရုံ များတွင်သာ (၁)လ တစ်ကြိမ် စစ်ဆေးဆောင်ရွက်ပါသည်။Border Trade နှင့် Normal Trade တင်ပို့မှုများအတွက် နိုင်ငံတော်သို့ ပေးသွင်း ရမည့် စစ်ဆေးခများ ပေးသွင်းရာတွင် ငါးလုပ်ငန်းဦးစီးဌာန၊ ကြို့ကုန်းငါးလုပ်ငန်း စစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဌာနခွဲ FIQC ရုံးနှင့် သာကေတ ဓါတ်ခွဲခန်း တို့တွင်(၂)နေရာ ပေးသွင်းခဲ့ရာမှ ယခုအခါ လုပ်ငန်းရှင်များမှ ငါးလုပ်ငန်း ဦးစီးဌာန၊ ကြို့ကုန်း တစ်နေရာတည်းတွင် ပေးသွင်းနိုင်ရန် ဆောင်ရွက်ပေး လျက် ရှိပါသည်။ရေထွက်ပစ္စည်းများအား လေကြောင်းဖြင့် တင်ပို့ရာတွင်

FIQC ဌာနခွဲနှင့် မွေးမြူရေး ဌာနခွဲတို့မှ အဖွဲ့(၂)ဖွဲ့ဖြင့် စစ်ဆေးခဲ့သော်လည်း ယခုအခါ ဖြေလျှော့သည့် အနေဖြင့် လေကြောင်းဖြင့် ပြည်ပတင်ပို့သည့် ရေထွက်ပစ္စည်း (အရှင်)များကိုသာ မွေးမြူရေးဌာနမှ အဖွဲ့(၁)ဖွဲ့တည်းဖြင့် စစ်ဆေးပေးလျက်ရှိပါသည်။ ရေထွက်ပစ္စည်းများ ပြည်ပ သို့ တင်ပို့ရာတွင် Container တစ်လုံးချင်းအလိုက် တင်ပို့စဉ် FIQC အဖွဲ့များမှ သွားရောက်စစ်ဆေးခြင်းဖြင့် တင်ပို့မှု စာရင်းဇယားများ ရယူခဲ့သော်လည်း ယခုအခါ ဖြေလျှော့မှုအနေဖြင့် Container တစ်လုံးချင်း အလိုက် တင်ပို့စဉ် စစ်ဆေးခြင်း မပြုတော့ဘဲ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ တင်ပို့မည့် Container တစ်လုံးချင်းအလိုက် တင်ပို့မှုအား ငါးလုပ်ငန်းဦးစီဌာန၊ FIQC ကြို့ကုန်းတွင် တင်ပြစေခြင်းဖြင့် စာရင်းဇယားရရှိရန် ဆောင်ရွက်လျက် ရှိပါသည်။ Health Certificate ထုတ်ယူရန်အတွက် ဓါတ်ခွဲစမ်းသပ်သည့် ရလာဒ်များကို သာကေတဓါတ်ခွဲ ခန်းတွင် လုပ်ငန်းရှင်များမှ သွားရောက် ထုတ်ယူရပါသည်။ ယခုအခါ ဖြေလျှော့ပေးသည့်အနေဖြင့် FIQC ကြို့ကုန်းရုံး တစ်နေရာတည်းတွင် ဆောင်ရွက်ပေး လျက်ရှိပါသည်။

(စ) **သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** ။၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးစိုက်ခင်း (၁၃,၅၅၀) ဧက၊ ရေဝေ ရေလဲ စိုက်ခင်း (၈၅၀)ဧက၊ ကျေးရွာသုံးစိုက်ခင်း(၁,၀၀၀)ဧက၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်း (၁၈၁၃၆)ဧကနှင့် ပုဂ္ဂလိက သစ်မာ စိုက်ခင်း(၆၇၄၂)ဧက တို့ကို စိုက်ပျိုး တည်ထောင် နိုင်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ပိတ်ချင်းမြောင် သဘာဝ နယ်မြေ၊ ဧရိယာ (၆.၀၆) စတုရန်း ကီလိုမီတာ နှင့် ပဲခူးတိုင်းဒေသကြီး၊ မြောက်ဇာမရီ ဆင်ဘေားမဲ့တော၊ ဧရိယာ (၁၄၅၇.၇၇) စတုရန်း ကီလိုမီတာတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တော စိုက်ခင်း (၇,၄၀၀) ဧက၊ သဘာဝတောကျန် ထိန်းသိမ်းခြင်း (၈၀,၀၀၀) ဧက၊ ထင်းအစား အခြား လောင်စာ အသုံးချ ရေး စွမ်းအားမြင့် မီးဖို (၃၂,၂၇၃) လုံးနှင့် လောင်စာတုံး (၂,၅၉၉,၄၇၂)တုံး ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း (၂၀,၈၀၂)တန် သုံးစွဲရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ရေရရှိရေးအတွက် ရေကန်ငယ်(၂၁)ကန်၊ နန်းတားဆည်ငယ် (၁၂၂)ခု၊ မြေအောက်ရေ (၃)တွင်း နှင့် မိုးရေစုကန်(၃)ကန် တို့ကို အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု ကော်မတီအနေ နှင့် မြန်မာ နိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်သည့် သဘာဝတော တန်ဘိုးမြင့် စိုက်ခင်း (၁၂၁၆၉) ဧက၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့်သစ်ပင် (၂၄)သန်း ကျော်နှင့် ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းအတွက်သစ်ပင်(၇.၉)သန်းတို့ကို စိုက်ပျိုးခဲ့ပါသည်။ မြေဆီလွှာ ထိန်းသိမ်းခြင်း အတွက် သရုပ်ပြ စိုက်ပျိုးပညာပေးခြင်းကို ကွန်တိုဘောင် (၁၈၇၅၀)ပေနှင့် သဘာဝမြေသြဇာ ပြုလုပ်နည်းကို (၂၀၂)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၁)ခုတွင် ရေတွင်း (၁၃၅) တွင်း၊ ရေကန်(၁၆၇)ကန်နှင့် အခြားနည်းလမ်း ဖြင့် ရေရရှိရေးလုပ်ငန်း (၁၂၃၀)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။

(ဆ) **စွမ်းအင်ကဏ္ဍ** ။ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရေနံကုမ္ပဏီများ နှင့် ကုန်းပိုင်းလုပ်ကွက် များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် ကုမ္ပဏီ(၂၁) ခုမှ လုပ်ကွက်(၂၁) ခုတို့၌ ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံခြားရေနံကုမ္ပဏီများ နှင့် ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်မှု အပေါ် ခွဲဝေ ခံစားရေး စာချုပ်ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်း များကို တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီး တို့တွင် ကုမ္ပဏီ (၁၃) ခုမှ လုပ်ကွက်(၂၃)ခုတို့၌ ဆောင်ရွက်လျက် ရှိပါသည်။ ကုန်းပိုင်းလုပ်ကွက် တူရွှင်းတောင်(မြိုင်တောင်)ဒေသနှင့် (ငွေးချို-ငရှန်တောင်ဒေသ) တို့၌ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့် လည်းကောင်း ၊ကုန်းပိုင်းလုပ်ကွက် (ဟသ်ာတဒေသ)၌ အိန္ဒိယနိုင်ငံ၊ မြန်မာ တိုင်းရင်းသားပိုင်တို့နှင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ ကုန်းပိုင်းလုပ်ကွက် (တောင်တွင်းကြီးဒေသ) နှင့် (အောင်လံဒေသ) တို့၌ ထိုင်းနိုင်ငံ ၊ စင်ကာပူနိုင်ငံတို့နှင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကုန်းပိုင်း လုပ်ကွက်

(အင်ပင်-တဲကြီးကုန်း ဒေသ) ၌ စင်ကာပူနိုင်ငံ၊ မြန်မာတိုင်းရင်းသားပိုင်တို့နှင့်လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးရှိ ကုန်းပိုင်းလုပ်ကွက် (မြင်းခြံဒေသ) ၌ ဟောင်ကောင်နှင့် ထုတ်လုပ်မှု အပေါ်ခွဲဝေ ခံစားရေးစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပါသည်။မဒဲကျွန်း သဘာဝဓာတ်ငွေ့ရည်စက်ရုံ စီမံကိန်းနှင့် စပ်လျဥ်း၍ ပဏာမ သုတေသန ပြုမှု စတင်ခြင်းဆိုင်ရာ ကြိုတင်စီမံမှုများပြုလုပ်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန နှင့် တရုတ်နိုင်ငံ တို့အကြား MOU ရေးထိုးခဲ့ကြပါသည်။

(ဖ) **သတ္တုကဏ္ဍ**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သတ္တုကဏ္ဍအနေဖြင့် မန္တလေးတိုင်း ဒေသကြီး၊ သပိတ်ကျင်းမြို့နယ် နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် တကောင်းတောင် နီကယ်သတ္တုသိုက်မှ ဖယ်ရိုနီကယ် ထုတ်လုပ်မှု လုပ်ငန်းနှင့် ရခိုင်ပြည်နယ်၊ တောင်ကုတ် မြို့နယ်၊ နေပူတောင်ဒေသမှ မာဘယ်အလှဆင်ကျောက် ထုတ်လုပ်မှုလုပ်ငန်းတို့ကို နိုင်ငံတကာ ကုမ္ပဏီများနှင့် အကျိုးတူ စတင်ဆောင်ရွက် ခဲ့ပါသည်။ ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတ နိုင်ငံတို့နှင့် သုတေသနပြုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဘူမိမြေပုံပြုစု ရေးဆွဲခြင်း၊ နည်းပညာဆိုင်ရာ ပို့ချဖလှယ်ခြင်း တို့ဆိုင်ရာ သဘောတူညီချက်မူကြမ်းတို့ကို လက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့သည်။ ဓါတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိစေရေး၊ ဒေသခံပြည်သူများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် သတ္တုလုပ်ကွက်များ နှင့် သတ္တုသန့်စင် စက်ရုံများ၏ (IEE, EIA, HIA & SIA) ကွင်းဆင်း စစ်ဆေးခြင်းများကို ထိထိရောက်ရောက် ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

(ဗ) **စက်မှုကဏ္ဍ** ။ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ တည်ထောင်၍ ဆောင်ရွက်လျက်ရှိပါသည်။ အထူးစီးပွားရေး ဇုန်များမှာ ထားဝယ်အထူး စီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် များဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအဆင့်အတန်းနှင့် ကိုက်ညီအောင် တည်ထောင်ဆောင်ရွက် လျက် ရှိပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန်မှာ မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့၊ ထားဝယ်မြစ်ဝ အနီးတွင် တည်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ

ရန်ကုန်တိုင်း သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းကို တိုးချဲ့တည်ဆောက်မည့် စီမံကိန်းဖြစ်ပါသည်။ ကျောက်ဖြူ အထူး စီးပွားရေး ဇုန်မှာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် တည်ဆောက်မည့်စီမံကိန်းဖြစ်ပါသည်။စက်မှုဇုန်များမှာ တည်ထောင်ခဲ့ပြီးဖြစ်သော စက်မှုဇုန် (၁၈) ဇုန်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ဖွင့်လှစ်ခဲ့သည့် ဘားအံ စက်မှုဇုန် အပါအဝင် စက်မှု ဇုန်ပေါင်း (၁၉) ဇုန် ရှိပါသည်။ ထို့ပြင် ရတနာပုံစက်မှုဇုန်၊ ပုဏ္ဏားကျွန်းစက်မှုဇုန်၊ ဘုရားသုံးဆူ စက်မှုဇုန်၊ မြဝတီ စက်မှုဇုန်၊ နေပြည်တော် စက်မှုဇုန်နှင့် နမ့်အွန် စက်မှုဇုန်တို့ကို ထပ်မံတည်ဆောက်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စက်မှုဇုန်များ၌ မှတ်ပုံတင်ထားသော စက်မှု လုပ်ငန်း များမှာ အကြီးစား(၂၆၄၇) ခု၊ အလတ်စား(၂၅၅၇) ခု ၊ အငယ်စား(၃၉၂၆) ခု၊ စုစုပေါင်း (၉၁၃၀)ခုရှိပါသည်။အသေးစားနှင့် အလတ်စား လုပ်ငန်းများကို အကျိုးပြုနိုင်မည့် မူဝါဒနှင့် ဥပဒေများ ဘဏ္ဍာငွေ အရင်းအနှီး ၊နည်းပညာနှင့် သုတေသနလုပ်ငန်းများ၊ ဈေးကွက်နှင့် အလုပ်အကိုင် အခွင့် အလမ်းများ ၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု နည်းစနစ် များကို လိုအပ်သည့် ကဏ္ဍတိုင်း ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန်အတွက် နိုင်ငံတော် ဒုတိယသမ္မတ(၂) ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက် ၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ အတွင်းရေးမှူး အဖြစ် တာဝန်ယူသည့် အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ၊ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီ များကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၉ ရက် နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

(ည) **လျှပ်စစ်ကဏ္ဍ** ။ လျှပ်စစ်ဓါတ်အားပေးစက်ရုံများ တည်ဆောက်မှု အနေ ဖြင့် ၂၀၁၂ ခုနှစ် မတ်လ ကုန်တွင် အကြီးစား ရေအားလျှပ်စစ်ဓါတ်အားပေး စက်ရုံ ၁၈ ရုံ ၊ အသေးစားရေအားလျှပ်စစ် ဓါတ်အားပေး စက်ရုံ ၃၂ ရုံ၊ စုစုပေါင်း ၅၀ ရုံ ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် မတ်လကုန်တွင် အကြီးစားရေအား လျှပ်စစ်ဓါတ်အားပေးစက်ရုံ ၁၉ ရုံ၊ အသေးစား ရေအားလျှပ်စစ် ဓါတ်အားပေးစက်ရုံ ၃၂ ရုံ၊ စုစုပေါင်း ၅၁ ရုံ တည်ဆောက်ခဲ့သဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း အကြီးစားရေအားလျှပ်စစ် ဓါတ်အားပေး စက်ရုံတစ်ရုံ တိုးချဲ့တည်ဆောက် နိုင်ခဲ့ ပါသည်။တစ်နိုင်ငံလုံးသို့ ဓာတ်အား စနစ်နှင့် ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အတွက် မဟာဓာတ်အား

လိုင်းများတွင် **၂၃၀** ကေဗွီဓာတ်အားလိုင်း ၉ လိုင်းဖြစ်သော ရွှေစာရံ-မြောက်ပြင်(၁၆.၂၆)မိုင်၊ နေပြည်တော် ၂- ရွှေမြို့(၁၀.၈၄)မိုင်၊ ညောင်ပင်ကြီး-ချောင်းကူး (ပေါက်) (၆၅.၇၈) မိုင်၊ မိတ္ထီလာ-တောင်တွင်းကြီး (၉၃)မိုင်၊ လှိုင်သာယာ-အလုံ (၁၃.၈၇) မိုင်နှင့် ရွှေတောင်- ဥသျှစ်ပင်နှင့် စစ်တောင်းခွဲရုံ အဝင်အထွက် (၅.၂၇)မိုင်၊ သထုံ-မော်လမြိုင် (၅၀)မိုင်၊ ရွှေတောင်-မြောင်းတကာ ဓာတ်အား လိုင်းမှ မင်းလှခွဲရုံ အဝင် အထွက် (၀.၄)မိုင်၊ လှိုင်သာယာ (၁၃.၈၇)မိုင်၊ **၁၃၂** ကေဗွီ ကြီးအုံကြီး၀-မန်း ဓာတ်အားလိုင်း ၊ **၆၆** ကေဗွီ ဓာတ်အားလိုင်း စီမံကိန်းများဖြစ်သော ဝိုင်းမော်-မြစ်ကြီးနား(၁) (၂၀)မိုင်၊ ကလော-ပင်းတယ (၂၁.၇၃)မိုင်၊ လွိုင်လင်-မိုင်းကိုင် (၅၅)မိုင်၊ အောင်သပြေ-နောင်ကား (၁၆.၉၃) မိုင်၊ ကျော-ဂန့်ဂေါ (၃၀.၁၀)မိုင်၊ မိုးကောင်း-မြစ်ကြီးနား(၂)(၃၂)မိုင်၊ သိန္နီ-တာမိုးညဲ (၂၃.၁၀)မိုင်၊ ခိုလန်-ဝမ်ဆင်း- မိုင်းနောင် (၄၄.၅၆)မိုင်၊ ခပေါင်း- တောင်ငူ ဓာတ်အားလိုင်း၊ ချောင်းကူး (ပေါက်)-ကျော (၄၂.၀၄)မိုင်တို့ကို တည်ဆောက်ပြီးစီးခဲ့ပါသည်။ ဓာတ်အားလိုင်းမိုင်အနေဖြင့် ယခုနှစ်အတွင်း **၂၇၆၉** မိုင် တိုးချဲ့သွယ်တန်းခဲ့ပါသည်။ဓာတ်အားခွဲရုံစီမံကိန်းများအနေဖြင့် **၂၃၀** ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း (၇)ခု ဖြစ်သော သာစည်၊ ကမာနတ်၊ လှော်ကား၊ မြောင်းတကာ၊ ပျဉ်းမနား၊ သာယာကုန်း၊ သံလျင် ဓာတ်အားခွဲရုံများ၊ **၁၃၂** ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း (၃)ခုဖြစ်သော အောင်ချမ်းသာ၊ အောင်ပင်လယ်၊ ပြင်ဦးလွင် ဓာတ်အားခွဲရုံများ၊ **၆၆** ကေဗွီ ဓာတ်အားခွဲရုံ (၃)ခု ဖြစ်သော မိုးညှင်း၊ လင်းခေး၊ ပေါက် (ကပစ-၂၄) ဓာတ်အားခွဲရုံများ ပြီးစီးပြီဖြစ်ပါသည်။

(ဠ) **လမ်းပမ်းဆက်သွယ်ရေး ။** ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အတွင်းကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံ လမ်း၊ မြေလမ်း၊ လားလမ်းစသည့် လမ်းအမျိုးအစား (၆) မျိုးကို ၃၈၅မိုင် တိုးတက် ဖောက်လုပ်ခဲ့ပါသည်။ နိုင်ငံတကာဆက်သွယ်သည့် လမ်းမကြီး (၁၆)လမ်း နှင့် အတူ ဆောက်ရွက်ဆဲလမ်း (၄၈)လမ်းကို အကောင်အထည်ဖော် ဆက်လက်ဖောက်လုပ်ခဲ့ပါသည်။တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ လမ်းပေါင်း (၂၂)လမ်းနှင့် ပြည်ထောင်စု လမ်းမကြီးများ၊ လမ်းမကြီးများ (၉၈)လမ်းတို့အား အဆင့်မြှင့်တင်ခြင်း၊တိုးတက်ပြုပြင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်

ဆောင်ရွက် နိုင်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နိုင်ငံတကာ ဆက်သွယ်မှုလမ်းများ (Asean Highways, Asia Highways) ဆောင်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးများ၊ ဆောင်ရွက်ဆဲ လမ်းသစ်များ လမ်းမကြီးများပေါ်တွင် အမြဲတမ်းတံတား စုစုပေါင်း (၁၅၇၄)စင်း တည်ဆောက်ရန် လျာထားပြီး၊ အမြဲတမ်းတံတား (၁၉၈)စင်း တည်ဆောက်နိုင်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပေ ၁၈၀နှင့် အထက် တံတားများကို တိုင်းဒေသကြီး/ပြည်နယ်တို့တွင် စုစုပေါင်း(၁၂)စင်း တည်ဆောက် ခဲ့ပါသည်။ စည်ပင်သာယာရေးဦးစီးဌာနကို ၂၀၁၂ ခုနှစ် ဇွန်လမှ စ၍ ကျေးလက်ဒေသဖွံ့ဖြိုး ရေးဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကျေးလက် လမ်း ၆၃၀ မိုင် ၄.၇ဖာလုံနှင့် ကျေးလက်တံတား ၄၁၉ စင်းကိုလည်းကောင်း၊ ဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ကျေးလက်လမ်း ၉၆၇ မိုင် ၆ ဖာလုံနှင့် ကျေးလက် တံတား ၁၁၆၃၅ ပေတို့ကိုလည်းကောင်း၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးလက်လမ်း ၄၈ မိုင် ၂.၆ ဖာလုံနှင့် ကျေးလက်တံတား ၆၇၀ ပေ တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရထားပို့ဆောင်ရေးဝန်ကြီး ဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပေ ၁၈၀ နှင့်အထက် တံတားများဖြစ်သော ရခိုင်ပြည်နယ်တွင် ယိုးချောင်းတံတားနှင့် ပီကောက် ချောင်းတံတား၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပေါက်တိုင်းချောင်းတံတားနှင့် ရွှေဂူချောင်းတံတား၊ မကွေးတိုင်း ဒေသကြီးတွင် ယင်းချောင်းတံတား စုစုပေါင်း တံတား (၅)စင်း တည်ဆောက်ပြီး ဖြစ်ပါသည်။နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် လမ်းတံတား လုပ်ငန်းတွင် မြေလမ်း ၅၁ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၅၁ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၂ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၃၇၇ မိုင် ၂ ဖာလုံ တံတားငယ် ၃စင်း၊ ဆည် ၁ ခု၊ စစ်မှုထမ်းဟောင်းအိမ်ရာ ၅၄၄ လုံး၊ ဘုန်းကြီးကျောင်း ၃ ကျောင်း တို့ကိုဆောက်လုပ်နိုင်ခဲ့ပါသည်။

(ဌ) **ပို့ဆောင်ရေး**။ ပြည်တွင်းလေယာဉ်ကွင်း ၃၃ ကွင်းတွင် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို (Services Provider) များအားဖိတ်ခေါ်၍ J.V (သို့မဟုတ်) B.O.T စနစ်ဖြင့် လေဆိပ်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်

ခဲ့ပါသည်။ လေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းတွင် ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း၊ အဲမန္တလေး၊ ရန်ကုန် အဲဝေးစ်၊ အဲပုဂံ၊ အဲကမ္ဘောဇ၊ အေးရှားဝင်း၊ ရွှေမြန်မာ အများပိုင်လေကြောင်း လိုင်းတို့ဖြင့် ပြေးဆွဲခဲ့ပါသည်။

(ဍ) **ရေရရှိရေး**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနက ကျေးရွာ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရွာပေါင်း (၁၅၇၀) ရွာတွင် တွင်းတိမ် (၃၈၆ ) တွင်း၊ တွင်းနက် (၄၁၀) တွင်းနှင့် အခြား (၁၀၄၄) တွင်းတို့ကို ဖော်ထုတ် ဆောင်ရွက် ပေးခဲ့ပါသည်။

(ဎ) **ဆက်သွယ်ရေး**။ ဆက်သွယ်ရေးကဏ္ဍတွင် လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနကို ကော်ပိုရေးရှင်း အဖွဲ့ အစည်းအဖြစ် ပြောင်းလဲ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တယ်လီဖုန်းသုံးစွဲမှု ပမာဏ မြင့်တက်လာခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန် မိုဘိုင်းတယ်လီဖုန်း ဈေးနှုန်းများကို လျှော့ချခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ပြည်တွင်း အမြန်ချောပို့ လုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီ(၃)ခု သို့ လုပ်ကိုင်ခွင့် ပေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဖွန်လ ၁ ရက်နေ့ မှစတင်၍ ပထမတစ်နှစ်တာ ကာလအတွက် မှတ်ပုံတင်စနစ်ဖြင့် လုပ်ငန်း ခွင့်ပြု ဆောင်ရွက်ခ (နှစ်စဉ်ကြေး) ကုမ္ပဏီ တစ်ခုလျှင် ကျပ်သန်း(၅၀) နှုန်းဖြင့် အမြန်ချောပို့ လုပ်ငန်းများကို ဆောင်ရွက် ခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် နယ်သာလန် နိုင်ငံ DHL World Wide Express တို့ ပူးပေါင်း၍ ရန်ကုန်မြို့နှင့် ကမ္ဘာ့နိုင်ငံ(၂၂၇)နိုင်ငံကြား အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ လုပ်ငန်းကို ဆောင်ရွက်ပေး လျက်ရှိပါသည်။ ရတနာပုံ တယ်လီပို့ ကုမ္ပဏီလီမီတက်ကိုလည်း သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်း ပညာဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။တယ်လီဖုန်းလိုင်းများ တိုးချဲ့ခြင်း မိုဘိုင်းတယ်လီဖုန်းများကို ဈေးသက်သက် သာသာဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ခြင်း စီမံကိန်းအဖြစ် ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အထိ WCDMA (၂၅၈၅၂) လုံး၊ Mc Will (၄၅၄၄) လုံး၊ CDMA 450

(၆၁၅၈၆၉) လုံး၊ CDMA 800 Mobile (၁၉၉၉၀) လုံး၊ CDMA 800 WLL (၃၄၀၆၉၈) လုံးနှင့် GSM (၂၅၆၄၈၅၄) လုံး စသည့် မိုဘိုင်းတယ်လီဖုန်း အမျိုးအစားများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးချဲ့ တပ်ဆင် အသုံးပြုခဲ့ပါသည်။အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် အင်တာနက်ကြည့်ရှုခြင်း၊ အီးမေးလ် အပို့/ အယူ ပြုလုပ်ခြင်းတို့ကို တယ်လီဖုန်းလိုင်းကို အသုံးပြု၍ လည်းကောင်း၊ မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်တို့ကို အသုံးပြု၍လည်းကောင်း ဆောင်ရွက်နိုင်ရန် ဝန်ဆောင်မှုပေးခဲ့ပါသည်။ အင်တာနက်အသုံးပြုမှုအနေဖြင့် ဖိုင်ဘာလိုင်း၊ MPT Satellite Terminal လိုင်း၊ E1 လိုင်း၊ ADSL လိုင်း၊ Dial up လိုင်း နှင့် Mobile Telephone (EDGE, WCDMA, EVDO) စသည်ဖြင့် ဆက်သွယ်ရေးစနစ် အမျိုးမျိုးကို အသုံးပြု၍ အင်တာနက် ချိတ်ဆက်အသုံးပြု နိုင်ခဲ့ပါသည်။

(ဏ) **ဟိုတယ်နှင့်ခရီးသွားလာရေး။** မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးသည် ဦးရေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၈၆၆,၉၈၉ ဦး ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁,၁၃၇,၁၄၄ ဦး ဝင်ရောက်ခဲ့ခြင်း ကြောင့် ခရီးသည်ဦးရေ ၂၇၀,၁၅၅ ဦး တိုးတက်ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်ဟိုတယ်၊ နိုင်ငံခြားနှင့် ဖက်စပ်ဟိုတယ်၊ ပြည်တွင်းပုဂ္ဂလိကဟိုတယ်၊ စုစုပေါင်း ၇၄၀ ခု၊ အခန်းဦးရေ ၂၅,၃၅၈ ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဟိုတယ် စုစုပေါင်း ၈၀၆ ခု၊ အခန်းဦးရေ ၂၉,၀၈၉ ဖြစ်ရာ ဟိုတယ်ဦးရေ ၆၆ ခု နှင့် အခန်းဦးရေ ၃,၇၃၁ တိုးတက်ဖြစ်ပေါ် ခဲ့ပါသည်။ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း ခွင့်ပြု ပေးခဲ့သော လုပ်ငန်းလိုင်စင် ၄ မျိုးမှာ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် ၆၆ ခု၊ ခရီးလှည့်လည်ရေးကုမ္ပဏီလိုင်စင် ၂၃၉ ခု၊ ဧည့်လမ်းညွှန်လိုင်စင် ၃၅၉ ဦး၊ ပို့ဆောင်ရေး လုပ်ငန်းလိုင်စင် ၁၇ ခု တိုးတက်ခဲ့ပါသည်။ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားငွေရရှိမှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၃၅၆.၆၆၅ သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၂၁.၈၁၂ သန်း ဖြစ်၍ အမေရိကန်ဒေါ်လာ ၂၆၅.၁၄၇ သန်း တိုးတက်ရရှိခဲ့ပါသည်။

(တ) **ကျန်းမာရေး ။** ကျန်းမာရေးမူဝါဒနှင့် ဥပဒေများပြဋ္ဌာန်းရာတွင် ကျန်းမာရေး ဥပဒေများ ပြင်ဆင် ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဆိုင်ရာ စီမံချက်များကို ချမှတ် ဆောင်ရွက်လျက် ရှိရာတွင် မြို့နယ်အခြေပြု ကျန်းမာရေးစောင့်ရှောက်မှု အကာအကွယ်ပေးမှု အစီအစဉ်၊ ချို့တဲ့နွမ်းပါးသူများအတွက် ကျန်းမာရေး ကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ကျန်းမာရေးစနစ် ဖွံ့ဖြိုးရေး အစီအစဉ်၊ ကျန်းမာရေး နှင့် ညီညွတ်သော ကျောင်းပတ်ဝန်း ကျင် ဖန်တီးခြင်း နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးအကြောင်း ပညာပေးခြင်း အစီအစဉ်၊ အိမ်တိုင်ရာရောက် မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ဆယ်ကျော် သက် လူငယ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားမဟာ ဗျူဟာ စီမံချက်၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ အေအိုင်ဒီအက်စ် ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်း၊ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်၊ ပြည်သူ့ကျန်းမာရေး လုပ်ငန်း များ၊ ရောဂါကာကွယ် တိုက်ဖျက်ရေး လုပ်ငန်းများ၊ သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ထ) **ပညာရေး ။** ပညာရေးဝန်ကြီးဌာနအနေဖြင့် မသင်မနေရ မူလတန်း ပညာရေး ဥပဒေနှင့် လုပ်ထုံး လုပ်နည်းများ ရေးဆွဲပြုစုလျက်ရှိပြီး၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခမဲ့မသင်မနေရ မူလတန်း ပညာရေးစနစ်ကို ဦးတည်သည့် အစီအစဉ်အဖြစ် မူလတန်းဆင့်ကျောင်းသား ကျောင်းသူများ အား ကျောင်းသုံးစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်(၆)အုပ်စီ ကို နိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးခဲ့ပါသည်။ ဘက်စုံပညာ ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့် ပြုစုပျိုးထောင်ပေးနိုင်ရေး အတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းကျောင်းသား၊ ကျောင်းသူ ၅၁၀ ဦး အား စိစစ်ရွေးချယ်၍ ၂၀၁၃ ခုနှစ်၊ နွေရာသီတွင် ပုဂံ၊ အင်းလေးနှင့် ငွေဆောင် အပန်းဖြေ စခန်းများသို့ စေလွှတ်ပေးခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် Skynet ရုပ်သံတို့ ပူးပေါင်းပြီး ပညာရေး Channel တစ်ခုအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ အဝေးသင်ပညာရေး

အစီအစဉ်၊ ပညာရေး ပညာပေး အစီအစဉ်၊ တေးသရုပ်ဖော်၊ Top Show ဇာတ်လမ်းနှင့် Activity Program များ ထုတ်လွှင့်လျက်ရှိပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရေဒီယိုကဏ္ဍ)မှ နှစ်စဉ် ကျောင်းသင်ခန်းစာများ၊ ပညာရေး အကောင်အထည် ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ ကို ပုံမှန် ထုတ်လွှင့်လျက်ရှိပါသည်။ စာတတ်မြောက်ရေး လှုပ်ရှားမှုများကို ၂၀၁၃ ခုနှစ် မတ်လတွင် မွန်ပြည်နယ်နှင့် ကရင် ပြည်နယ်တို့၌ ပြုလုပ်ခဲ့ပါသည်။ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တွင် ကိုယ်ပိုင်ကျောင်း ၆၆ ကျောင်း ကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။အခြေခံပညာ ကျောင်းများတွင် သင်ကြားရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက် နိုင်ရေး အတွက် ခက်ခဲဒေသများ၊ ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းဖွင့်အမီ ဒေသခံများကို နေ့စား၊ လပေး ဆရာ၊ ဆရာမများ အဖြစ် ခန့်ထား နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

(ဒ) **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ။** ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ လမ်းပန်း ဆက်သွယ်ရေး လွယ်ကူ ချောမွေ့စေရန် ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခု နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့၌ ကျေးလက်လမ်း မိုင်ပေါင်း(၁၀၇၀/၃)မိုင်၊ ကျေးလက် တံတား (၉၁၅၇)ပေနှင့် ရေပြွန် (၄၆၉၂)ပေ တို့အားဖောက်လုပ်ခဲ့ပြီး၊ ကျေးရွာလျှပ်စစ်မီးရရှိရေး အတွက် ကျေးလက်မီးလင်း ရေးလုပ်ငန်းများကို ဆိုလာစနစ်ဖြင့် ပြည်နယ်/တိုင်း ဒေသကြီး (၁၄)ခုနှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၆)ခု၊ မြို့နယ်ပေါင်း (၇၇)မြို့၊ ကျေးရွာ (၁၈၈)ရွာ၊ အကျိုးပြုအိမ်ခြေ (၁၆၆၈၁)အိမ်ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်စံပြအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းကို ကချင်ပြည်နယ်တွင် (၂၀၃)လုံး၊ ချင်းပြည်နယ်တွင် (၂၀၀)လုံးနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (၆)ခုတို့တွင် (၂၀) လုံးစီနှင့်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းအနေဖြင့် ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာ(၂)ရွာနှင့် ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာ(၂)ရွာတို့တွင် ဆောင်ရွက်ပြီးစီးခဲ့ပါ သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက်မြေလမ်း၊ကျောက်လမ်း ၊ ကတ္တရာလမ်း (၆၅၆/၁.၅) မိုင်၊ ကွန်ကရစ်တံတား(၅၆)စင်း၊ ရေပြွန်(၄၁၂)ခုဆောင်ရွက်ခဲ့ ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိသည့် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း စီမံကိန်းကို မြို့နယ် (၂၂) မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်တွင် မြို့နယ် (၁၀)

မြို့နယ် ထပ်မံ တိုးချဲ့ခွင့်ရရှိ ခဲ့သဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် တွင် မြို့နယ် (၃၂) မြို့နယ် ဖြစ်လာပါသည်။

(ဓ) **ရခိုင်ပြည်နယ် ဆူပူအကြမ်းဖက်မှု နှင့် ပြန်လည် ထူထောင်မှု** ။ ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ် မေ လ (၁၂) ရက်နေ့ မှစတင်ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် သေဆုံးသူ ၂၀၀ ဦး၊ ဒဏ်ရာရရှိသူ ၂၇၀ ဦး၊ ဒုက္ခသည်ဦးရေ ၁၁၉၈၆၀ ဦး ရှိခဲ့ပါ သည်။ဆူပူ အကြမ်းဖက်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် ဒုက္ခသည် များအား အဆင့်(၃)ဆင့် သတ်မှတ်ပြီး အောက်ပါအတိုင်း နေရာချထား မည် ဖြစ်ပါသည်။ အဆင့် (၁)အနေဖြင့် ဒုက္ခသည်များ မူလနေထိုင်ခဲ့သည့် ကျေးရွာများ၊ မူလ နေထိုင်ခဲ့ခြင်း မရှိသော်လည်း အမြဲတမ်းနေရာချထားပေးရန် အခွင့်အလမ်းရှိသည့် နေရာများ တွင် နေရာချထားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အဆင့်(၂) အနေဖြင့် အဆင့်(၁) အစီအစဉ်ဖြင့် နေရာချထားပေးရန် အခြေအနေ မပေးသည့် ဒုက္ခသည်များအား လက်ရှိစခန်းနေရာများ တွင် ယာယီနေရာ ချထားပေးခြင်း၊ မူလနေထိုင်ခဲ့သည့် ကျေးရွာများသို့ ပြန်လည်ပို့ဆောင်ပြီး ယာယီနေရာ ချထားပေးခြင်းနှင့် အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အဆင့်(၃)အနေဖြင့် နှစ်ဘက်လူမှုအဖွဲ့ အစည်းများအား ပေါင်းစပ်ညှိနှိုင်း ပေးခြင်းဖြင့် ရေရှည်တွင် အဆင်ပြေပြီး အတူယှဉ်တွဲနေထိုင်ရန် စီစဉ်ခြင်း တို့ဆောင်ရွက်မည် ဖြစ်သည်။

(န) **သပိတ်ကျင်းငလျင်ဒဏ်နှင့်ပတ်သက်၍ဆောင်ရွက်ချက်**။ ၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက် ၇ တွင် ရွှေဘိုမြို့မြောက်ဘက် ၄၅ မိုင်ခန့်၊ သပိတ်ကျင်းမြို့မှ အနောက်တောင်ဘက် ၄ မိုင်ခန့်နှင့် သပိတ်ကျင်းမြို့မှ အနောက် တောင်ဘက် ၁၂ မိုင်ခန့် တို့ကို ဗဟိုပြု လှုပ်ရှားခဲ့သည့် ငလျင် (၃)ခု ကြောင့် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းမှ စစ်ကိုင်း၊ ရွှေဘို၊ ကျောက်မြောင်း၊ခင်ဦး၊ မန္တလေး၊အမရပူရ၊စဉ့်ကူး၊ ကျောက်ဆည်နှင့် သပိတ်ကျင်း မြို့နယ်တို့တွင်ပျက်စီးမှုအချို့နှင့် သေဆုံးမှု အချို့ရှိခဲ့ ပါသည်။ငလျင်ဒဏ်သင့်ခဲ့သော ဒေသများတွင် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အထူးကုဆရာဝန်ကြီးများ ဦးဆောင်သော အဖွဲ့များမှ ငလျင်ဒဏ်သင့် ဒေသများသို့ အဖွဲ့လိုက်ကွင်းဆင်းကုသရေးလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါ

သည်။ ထို့အပြင် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ အလှူငွေ ကျပ်သိန်းပေါင်း ၁၂၀၀၀ ကို ငလျင်ဒဏ်သင့် ဒေသရှိ ပြည်သူများအတွက် လှူဒါန်းခဲ့ ပါသည်။နိုင်ငံတော်နှင့်အလှူရှင်များ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုဖြင့် ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်သူများ ယာယီနေထိုင်ရေးနှင့် အမြဲတမ်း နေထိုင်နိုင်ရေးတို့အတွက် နေအိမ်အဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးခြင်း၊ ဘုန်းတော်ကြီး ကျောင်းနှင့် သာသနိက အဆောက်အအုံများ ပြန်လည် ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

(ပ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု** ။ သဘာဝဘေး အန္တရာယ် ကြောင့် ထိခိုက်နိုင်ခြေ လျှော့ချရေးလုပ်ငန်း အဖွဲ့(DRR Working Group) နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယား ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ပြည်မြို့တို့တွင် သင်တန်းသား/ သူပေါင်း(၃၈၀)ဦး တို့ဖြင့် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေမူကြမ်းကို ၂၀၁၁ ခုနှစ်၊ ဇွန်လ မှစတင်ရေးဆွဲခဲ့ရာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် နှင့် ပြည်ထောင်စုလွှတ်တော်တို့မှ အတည်ပြုပေးခဲ့ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းနိုင်ရေး အတွက် ဆောင်ရွက်လျက် ရှိပါသည်။ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် အာရှဒေသ သဘာဝ ဘေးကြိုတင်ပြင်ဆင်ရေးဌာန (ADPC)တို့ ပူးပေါင်း ရေးဆွဲထားသည့် " မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်း စီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR)" ကို နိုင်ငံတော်အဆင့်အတည်ပြုပြဋ္ဌာန်း နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး တစ်ရပ်ကို (၄-၄-၂၀၁၂)နေ့တွင် ကျင်းပခဲ့ပြီး၊ နိုင်ငံတော်သမ္မတရုံးမှ အဆိုပါ လုပ်ငန်းစီမံချက်အား ခွင့်ပြုခဲ့သောကြောင့် အတည်ပြု ထုတ်ဝေနိုင်ခဲ့ပါသည်။

(ဖ) **ရပ်ရွာအခြေပြု ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး** ။ မိဘရပ်ရွာအသိ ပညာပေး နည်းပြသင်တန်းများကို မန္တလေး၊ တောင်ကြီး၊ ဘားအံ နှင့်

မော်လမြိုင်တို့တွင် မိခင်ဝိုင်း ခေါင်းဆောင်နှင့် ပံ့ပိုးကူညီသူ (၁၀၀)ဦးဖြင့် ဆောင်ရွက်ခဲ့ရာ ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာများကို ရပ်ရွာလူထုသို့ မိခင်ဝိုင်း ခေါင်းဆောင်များမှ တဆင့် ဖြန့်ဝေနိုင်ခဲ့ပါသည်။ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ စောင့်ရှောက်ရေးနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းများတွင် တာဝန်ထမ်း ဆောင်နေသော စေတနာ့ဝန်ထမ်းဂေဟာမှူး၊ စေတနာ့ကျောင်းဆရာ၊ဆရာမများသို့ ထောက်ပံ့ပေးလျက်ရှိသော စရိတ်အား လက်ရှိကာလ နှင့် စီလျော်သော ကျပ်သန်းပေါင်း (၅၄၇)သန်းအား ထောက်ပံ့ခဲ့ပါသည်။

(ဗ) **ကျား/မတန်းတူညီမျှမှု**။ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့် လုပ်ငန်း အစီအစဉ် (National Plan of Action on Women Development) (၂၀၁၂-၂၀၁၃) မူကြမ်း အား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျား/မတန်းတူ ညီမျှမှု ဆိုင်ရာ သဘောတရားနှင့် အမျိုးသမီးအခွင့်အရေးများ အကြောင်း အသိပညာပေးမှု အစီအစဉ်များအား ပုသိမ်မြို့၊ စစ်ကိုင်းမြို့၊ မကွေးမြို့နှင့် လွိုင်ကော်မြို့တို့တွင် ဆောင်ရွက်ခဲ့ပါ သည်။ အကြမ်းဖက် ခံရသူ အမျိုးသမီး များအား ကာကွယ် စောင့်ရှောက်ရန် အတွက်လူမှုဝန်ထမ်းဦးစီးဌာနမှ Drop Centre နှင့် Shelter အမျိုးသမီးဂေဟာများ ဖွင့်လှစ်၍ ကာကွယ် စောင့်ရှောက်ထားပြီး အိမ်တွင်းမှု သင်တန်း၊ ဝင်ငွေရ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်း သင်ကြားပေးခြင်း၊ ဝင်ငွေရလုပ်ငန်း များလုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့မှုပေးခြင်း အကြမ်းဖက်မှု ထပ်မံမဖြစ်ပွားစေ ရန်များ Counselling Center ဖွင့်လှစ်၍နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း၊ ထိခိုက်ခံရသောသူ များကို ထပ်မံတရားစွဲဆို ခံရခြင်းမှ ကာကွယ်ပေးခြင်းများ ဆောင်ရွက်လျှက်ရှိ ပါသည်။

၁၁။ **အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲမှု**။ တတိယအဆင့် ပြုပြင်ပြောင်းလဲမှုဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသော အစိုးရ ဖြစ်စေရေး အတွက် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရေး အတွက် ရည်ရွယ်၍ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှု အတွက် အခြေခံ

မူဘောင်နှင့်အညီ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရန် လိုအပ်လာသဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ရေးအတွက် သွက်လက် ထိရောက်သော စီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်၊ဆောင်ရွက်ပုံယန္တရားလုပ်ငန်းပိုင်းဆိုင်ရာနှင့် ပတ်သက်သော ရုံးအဖွဲ့အစည်းများတွင် အောက်ခြေပိုင်းမှစ၍ ပြုပြင်ပြောင်းလဲမှု ဖြစ်စေရေး၊ ဖွဲ့စည်းမှု ဆိုင်ရာတိုးတက်မြင့်မားစေရေး၊ ဆောင်ရွက်မှုစွမ်းရည်ပြည့်ဝရေး၊ ခေတ်နောက်ကျပြီး ဖောင်းပွနေသော စည်းမျဉ်းစည်းကမ်းများ ပြုပြင်ရေးများ ဆွေးနွေးကြပါသည်။ ဆွေးနွေးပွဲ ရလဒ်နှင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ် များကို တတိယအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေးတွင် တင်ပြအတည် ပြုခဲ့ပါသည်။

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် အစိုးရဝန်ထမ်းများသည် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးယန္တရားတွင် အဓိကပါဝင်သူများ ဖြစ်သည့် အားလျော်စွာ အောက်ပါအချက်များကို အလေးထားဖော်ဆောင်ခဲ့ပါသည်။

(က) ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် စွမ်းရည်ပြည့် အကောင်အထည်ဖော်ခြင်း

(ခ) တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း

(ဂ) တရားဥပဒေစိုးမိုးခြင်း

(ဃ) ပွင့်လင်းမြင်သာမှုရှိခြင်း

(င) ကိစ္စရပ်များနှင့် ပြဿနာများကို မဆိုင်းမတွ အလိုက်သင့် တုန့်ပြန်ဖြေရှင်းခြင်း

(စ) အများပါဝင်ခြင်း၊ အများအား အသိပေးခြင်းနှင့် တုန့်ပြန်မှု ရယူခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်း

(ဆ) အများသဘော၊ အများဆန္ဒနှင့်အညီ တရားမျှတသော အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုရှိခြင်း

(ဇ) ဘက်လိုက်မှုနှင့် အဂတိလိုက်စားမှု ကင်းခြင်းတို့ ဖြစ်ပါသည်။

၁၃။ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် အောက်ပါလုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါသည်။

(က) ပေါ်လစီနှင့် ရည်မှန်းချက်များသတ်မှတ်ခြင်း

(ခ) ဥပဒေများရေးဆွဲခြင်း

(ဂ) လက်တွေ့ကျသည့် ပြောင်းလဲလာသည့် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း

(ဃ) စီမံကိန်းနှင့်အစီအစဉ်များရေးဆွဲခြင်း

(င) အုပ်ချုပ်မှုအလွှာများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ဌာနဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကြိုးနီစနစ် ဖြတ်တောက်ခြင်း

(စ) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း

(ဆ) တိကျသော လုပ်ပိုင်ခွင့်နှင့် တာဝန်ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ပြဿနာများ ဖြေရှင်းပိုင်ခွင့်သတ်မှတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေခြင်း

(ဇ) အစိုးရဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့်ပျိုးထောင်ခြင်း

(ဈ) ပေါင်းစပ်ညှိနှိုင်းခြင်း(အထက်မှအောက်၊ အောက်မှအထက်၊ ဘေးတိုက်)

(ည) ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း

၁၄။ စီမံကိန်းများကို ရေးဆွဲရာ၌ အထက်မှအောက်သို့ မူချပေးသော ပုံစံမှတော့ဘဲ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခဲ့၍ အောက်ခြေမှတင်ပြသည့်ပုံစံသို့ ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ ပြည်သူဗဟိုပြု၍ ပြည်သူအများ ပူးပေါင်းပါဝင်သော အောက်ခြေမှတင်ပြသည့် ဒေသန္တရ စီမံကိန်း များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၁၅။ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့ပြစီမံကိန်း၊ မြို့နယ်/ကျေးရွာ/ စီမံကိန်း၊ ဒေသန္တရ စီမံကိန်း များကို ထိရောက်စွာ ရေးဆွဲ အကောင်အထည် ဖော်ရေးအတွက် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၆။ **ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး။** စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အဖြစ် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်မှု(Private Sector Development Reform) လုပ်ငန်းစဉ်များကို နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေစဉ် တပြိုင်နက် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ မြန်မာနိုင်ငံစီးပွားရေးတွင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ၊ သမဝါယမ အဖွဲ့အစည်းကဏ္ဍနှင့် နိုင်ငံပိုင် အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားတွင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးမှာ ပုဂ္ဂလိကပိုင် ၉၁ ဒသမ ၇ ရာခိုင်နှုန်း၊ သမဝါယမအဖွဲ့အစည်း ၁ ဒသမ ၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင် ၇ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်သည်ကို တွေ့ရှိရသည်။

၁၈။ ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးတွင် အများဆုံး ပါဝင်နေသည့်အတွက် ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည် မြင့်မားလာစေရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။ ကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖန်တီးရေးနှင့် မေခရိုစီးပွားရေး တိုးတက်ကောင်းမွန်ရန်၊ ကုန်ပစ္စည်း ဈေးကွက်နှင့် ငွေကြေးအရင်းအနှီး ဈေးကွက်ကောင်းမွန်စွာ လည်ပတ်ရန် ဈေးကွက်ဖွံ့ဖြိုး တိုးတက်မှုကို အလေးထား စီမံဆောင်ရွက်လျက်ရှိပါသည်။

၁၉။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပုဂ္ဂလိက ထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန်တက်လာပြီး ဈေးကွက်ဖွံ့ဖြိုးမှု ရရှိစေရေးအတွက် ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ကြားအဆင့်ဆင့် ကုန်ကျမှု (Transaction Cost)များ လျော့ချရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၂၀။ ယခင်က စီးပွားရေးပိတ်ဆို့မှုများကြောင့် ထုတ်လုပ်တင်ပို့ရောင်းချခြင်းကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း ယခုအခါ စီးပွားရေးပိတ်ဆို့မှုများ ရုတ်သိမ်းပေးနေပြီ ဖြစ်သဖြင့် ထုတ်လုပ်မှု မြှင့်တင်ရေးနှင့် ချိတ်ဆက် တင်ပို့ရောင်း ချနိုင်မှုရှိရေး အရှိန်အဟုန်မြှင့်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၁။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ယူထားသော ဝန်ကြီးဌာနအသီးသီးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေး တာဝန်ယူထားသော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အသီးသီးက စီမံပံ့ပိုးရမည့် လုပ်ငန်းများ ရှိသကဲ့သို့ အစိုးရဌာနများနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ပါဝင်သည့်အတွက် အစိုးရဌာနများက ကမကထပြုပြီး ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက ညှိနှိုင်းဆွေးနွေးမှုများကိုဆောင်ရွက်ကြရန်နှင့် အမြန်ဆောင်ရွက် ကြရန်နှင့် အားပေးမြှင့်တင် ဆောင်ရွက်မည့် အစီအမံများရေးဆွဲ အကောင်အထည်ဖော် ရန်စီစဉ်လျက်ရှိပါသည်။

## အခန်း (၂)

## မက်ခရိုစီးပွားရေး အခြေအနေ

၂၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်အတွင်း မက်ခရိုစီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်ရေး၊ လွတ်လပ်သော ဈေးကွက်ဖော်ဆောင်မှုနှင့်အတူ ဈေးနှုန်းတည်ငြိမ်မှု ရရှိရေး ၊ ပြည်ပကုန်သွယ်မှုတွင် လုံခြုံချောမွေ့စေရေး ဆောင်ရွက်ခဲ့ပါသည်။

၂၂။ မက်ခရိုစီးပွားရေးတည်ငြိမ်စေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ၊ ငွေကြေးဆိုင်ရာ မူဝါဒ၊ ပြည်ပစီးပွားရေးဆိုင်ရာ မူဝါဒ၊ ဝင်ငွေဆိုင်ရာ မူဝါဒတို့ကို ကျင့်သုံး ဆောင်ရွက်ခဲ့ ပါသည်။

| ခုနှစ် | လ | အကြောင်းအရာ |
|---|---|---|
| ၂၀၁၂ | ဇန်နဝါရီ | – မြန်မာနိုင်ငံတော်ဗဟိုဘဏ် အတိုးနှုန်းကို ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချ သတ်မှတ်ခဲ့ခြင်းနှင့် ဘဏ်အပ်ငွေအပေါ် အတိုးနှုန်းကို ၈ ရာခိုင်နှုန်းအထက် မနည်းစေရန် နှင့်ဘဏ်ချေးငွေ အပေါ်အတိုးနှုန်းကို ၁၃ရာခိုင်နှုန်းထက်မများစေရန် သတ်မှတ်ခဲ့ခြင်း |
| | မတ် | – မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အတည်ပြု ပြဋ္ဌာန်းခဲ့ခြင်း |
| | ဧပြီ | – နိုင်ငံခြားငွေ လဲလှယ်ပေါင်းစည်းရေး လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စ၍ နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ဈေးကွက် ပေါက်ဈေးအတိုင်း နှုန်းရှင်စနစ်ဖြင့် တရားဝင်ရောင်းဝယ်ခွင့်ပြုခဲ့ခြင်း |
| | ဇူလိုင် | – နိုင်ငံတကာရှိဘဏ်များနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၁၁၉ ခု၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ ၁၃ ခု နှင့် နိုင်ငံခြား ငွေရေးကြေးရေး ကုမ္ပဏီ ကိုယ်စားလှယ် ရုံးခွဲ ၁ ခု တို့ကို ဖွင့်လှစ်ခြင်း |
| | ဩဂုတ်လ | –လယ်ယာမြေဥပဒေကို စတင်အာဏာတည်ကြောင်း ထုတ်ပြန်ကြေညာခြင်း<br>–လယ်ယာမြေနည်းဥပဒေများနှင့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများကို အတည်ပြု ထုတ်ပြန်ခြင်း |

| ခုနှစ် | လ | အကြောင်းအရာ |
|---|---|---|
| | စက်တင်ဘာ | – ATM နှင့် POS များတွင် Card အသုံးပြု၍ ငွေများ ထုတ်ယူသုံးစွဲနိုင်ပြီး နိုင်ငံတကာ ကဒ်များဖြစ်သည့် Visa Card, Master Card များအား သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့ တိုင်းဘဏ် နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်များတွင် အသုံးပြုနိုင်ခြင်း |
| | နိုဝင်ဘာ | – ဘဏ်မဟုတ်သော ကုမ္ပဏီ အဖွဲ့အစည်းများအား နိုင်ငံခြားငွေများကို ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်ရန်အတွက် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ၊ လဲလှယ်ပေးခွင့် လိုင်စင် ထုတ်ပေးခြင်း |
| ၂၀၁၃ | ဇန်နဝါရီ | – အာရှဖွံ့ဖြိုးရေးဘဏ်သို့ ကြွေးမြီလက်ကျန် အမေရိကန်ဒေါ်လာ ၄၇၉ သန်း ပေးချေခြင်း |
| | ,, | – ပထမအကြိမ် မြန်မာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(1st MDCF) ကျင်းပခြင်း |
| | ,, | – ကမ္ဘာဘဏ်သို့ ကြွေးမြီလက်ကျန် အမေရိကန်ဒေါ်လာ ၄၂၀ သန်း ပေးချေခြင်း |
| | ,, | – ဂျပန်နိုင်ငံသို့ ပေးဆပ်ရန် ရှိသည့် ကြွေးမြီလက်ကျန် ဂျပန်ယန်း ၁၉၈.၈၈၁ ဘီလီယံ ကို ဂျပန်ဘဏ် ၃ခုမှ ရယူ၍ ပေးချေခြင်း |
| | ,, | – နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်း ခြင်း |
| | ,, | – ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်မှ နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်( Normal Country Program) ကို ပြန်လည် စတင် အကောင်အထည်ဖော်ခြင်း |
| | မတ် | – ဗဟိုဘဏ်က နိုင်ငံခြားငွေ အစားထိုးသုံးနေသည့် နိုင်ငံခြားငွေလက်မှတ် FEC များကို ရပ်သိမ်းမည့် အစီအစဉ်ကို ထုတ်ပြန်ကြေငြာနိုင်ခဲ့ခြင်း |

၂၃။ မြန်မာနိုင်ငံတွင် မက်ခရိုစီးပွားရေးဆိုင်ရာကိစ္စရပ်များကို အထက်ပါအတိုင်း ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးနှင့် လူမှုရေး တိုးတက်ခဲ့ ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု နှင့်

ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ဘီလီယံ ၅၁၇၂၇ ရရှိခဲ့ပြီး တိုးတက်မှုနှုန်းအနေဖြင့် ၇.၆ ရာခိုင်နှုန်းရရှိခဲ့ပါသည်။ လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်း အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၈၄၈၃၂၅ ဖြစ်ပါသည်။ စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဍာန် အနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၃၀.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၂.၀ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၇.၅ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၃.၆ နှင့် ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၄.၂ ရှိခဲ့ပါသည်။ အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၃.၈ ရရှိခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လိုငွေရှိနေရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ဘတ်ဂျက်ပိုငွေ ဖြစ်ပေါ်ခဲ့ပြီး ဘတ်ဂျက်ပိုငွေ နှင့် ဂျီဒီပီအချိုးမှာ ၂.၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီ အချိုးအနေဖြင့် ၂၉.၆ ရာခိုင်နှုန်းရရှိခဲ့ပါသည်။

၂၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဈေးနှုန်းများကျဆင်းသကဲ့သို့ ငွေကြေးဖောင်းပွမှုနှုန်း အနေဖြင့် ၃.၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၈၉၇၇ ရှိခဲ့ပြီး သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၀၆၈.၉ ရရှိခဲ့ပါသည်။

၂၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့် ခရီးသည်မှာ ဦးရေ ၁၁.၃၇ သိန်းရှိခဲ့ပြီး ၎င်းတို့သုံးစွဲခဲ့သည့် နိုင်ငံခြားငွေမှာ အမေရိကန် ဒေါ်လာ သန်းပေါင်း ၆၂၀ ရှိခဲ့ပါသည်။ ပြည်သူတို့၏ စုဆောင်းငွေအနေဖြင့် ကျပ် ၇၅၁၅.၉ ဘီလီယံရှိခဲ့ပါ သည်။

၂၇။ အခြေခံအဆောက်အအုံများအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်တွင်းလျှပ်စစ် ဓါတ်အား သုံးစွဲမှုမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၁၀၇၂၅ သုံးစွဲနိုင်ခဲ့ပါသည်။ လူ(၁၀၀၀) လျှင် တယ်လီဖုန်းသုံးစွဲနိုင်မှုမှာ ၇၂ ဖြစ်ပါသည်။


## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်မှု


၂၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ် လက်ထက်တွင် နိုင်ငံတော်မှ စီးပွားရေး မူဝါဒ(၄)ရပ်ကို ချမှတ်ပြီး စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံ မူဘောင်များနှင့်အညီ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက် ခဲ့သဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံတော်၏ စီးပွားရေး တိုးတက် လာသည်ကို တွေ့ရှိရပါသည်။

၂၉။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၅၁၂၀၇.၆ ဘီလီယံ ရရှိရန် မျှော်မှန်းထားရှိခဲ့ရာ ကျပ် ၅၁၇၂၇.၅ ဘီလီယံ ရရှိခဲ့သဖြင့် ၁၀၁ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ဂျီဒီပီ တိုးတက်မှုနှုန်းအနေဖြင့် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းခဲ့ရာ ၇.၆ ရာခိုင်နှုန်း တိုးတက် ရရှိခဲ့ပါသည်။


၃၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စီးပွားရေး တိုးတက်မှုနှင့် လူမှုရေး အဆင့်အတန်း မြင့်မားလာမှုကို အောက်ပါဂရပ်များဖြင့် တင်ပြအပ်ပါသည်-

**တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**






တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် အစဉ်တစ်စိုက် တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ တိုးတက်ရခြင်းမှာ လယ်ယာစိုက်ပျိုးရေးတွင် ဒေသအချို့၌ စက်မှုလယ်ယာစနစ်ကို စတင်ကျင့်သုံးလာခြင်း၊ ခေတ်မီလယ်ယာသုံး ကိရိယာများ အသုံးပြုလာခြင်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ဆောင်ရွက်ခြင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ လမ်းတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက လေကြောင်းလိုင်းများကိုလည်း တိုးချဲ့ခွင့်ပြုပေးခြင်း၊ တယ်လီဖုန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးချဲ့အသုံးပြုနိုင်ခဲ့ခြင်း၊ ပို့ကုန်အမယ်သစ်များတင်ပို့နိုင်ရေး အားပေးဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုဖွံ့ဖြိုးတိုးတက်စေသည့် ကုန်ပစ္စည်းများကို ဦးစားပေးပိုမိုတင်သွင်းခြင်းတို့ကြောင့် ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဂျီဒီပီ တိုးတက်မှုနှုန်း ၆.၇ ရာခိုင်နှုန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၅.၆ ရာခိုင်နှုန်းရရှိခဲ့ပါသည်။၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၇.၆ ရာခိုင်နှုန်း ရရှိခဲ့သဖြင့် ယခင်နှစ်ထက် လည်းကောင်း၊ စီမံကိန်း ရည်မှန်းချက်ထက် လည်းကောင်း တိုးတက် ရရှိခဲ့ ပါသည်။




စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဍာန် အနေဖြင့်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထက် စက်မှုဖွံ့ဖြိုးမှု ပုံစံသို့ အနည်းငယ် ပိုမို၍ ရွေ့လျားပြောင်းလဲလာသည် ကိုတွေ့ရပါသည်။ သားငါးကဏ္ဍ၊ စက်မှုလက်မှု ကဏ္ဍ၊ ဆောက်လုပ်မှု ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍ တို့တွင် တိုးတက်လာခဲ့ပါသည်။






၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ တိုးတက် လာသည်နှင့်အမျှ လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်း အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုး တိုးတက်လာခဲ့ပါသည်။

## ဆင်းရဲမှုနှုန်းများ

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆင်းရဲမှုနှုန်း(%)





မြို့ပြ၊ ကျေးလက် အလိုက် ဆင်းရဲမှုနှုန်း(%)





ဆင်းရဲမှုနှုန်းအနေဖြင့် ၂၀၁၀ ခုနှစ်ကို ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး တွင် ကျဆင်းသော်လည်း ချင်းပြည်နယ် တွင် ၇၃% ဖြင့် ဆင်းရဲမှုနှုန်း လျော့ကျခြင်း မရှိ ကြောင်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်တွင် ၃၈% မှ ၄၄ % သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး တွင် ၂၉% မှ ၃၂% သို့ လည်းကောင်း ဆင်းရဲမှု ရာခိုင်နှုန်း တိုးမြင့်လာခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ဂီရိမုန်တိုင်းနှင့် ဧရာဝတီတိုင်း ဒေသကြီးတွင် နာဂစ် မုန်တိုင်း တို့ကြောင့် လူပေါင်းများစွာ သေကြေ ပျက်စီး ခြင်း၊ အိုးအိမ်မဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်ကို ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက မြို့ပြ၊ ကျေးလက်နှင့် ပြည်ထောင်စုတို့တွင် ဆင်းရဲမှုနှုန်းများ အသီးသီး ကျဆင်း လာကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ ကျဆင်းရခြင်းမှာ ၅နှစ်တာ ကာလအတွင်း သောက်သုံးရေ ပိုမို ဖူလုံလာခြင်း၊ အသေးစား ချေးငွေများ ထုတ်ပေးခြင်း တို့ကြောင့် ဖြစ်ပါသည်။


# အခြေခံ အဆောက်အအုံများ အခြေအနေ





လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနေဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ပြည်တွင်း၌ ကီလိုဝပ်နာရီ သန်းပေါင်း ၉,၉၂၉ သုံးစွဲနိုင်ပြီး၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၁၀,၇၂၅ သုံးစွဲနိုင်ခဲ့သဖြင့် ၈၀% တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက် ရခြင်းမှာ ကွန်းချောင်း ရေအား လျှပ်စစ် စက်ရုံ တစ်ရုံ ထပ်မံဖွင့်လှစ်ခဲ့ပြီး ပြည်တွင်း ပုဂ္ဂလိက ဒီဇယ် မီးပေးစက်များ၊ အသေးစား ရေအား လျှပ်စစ် ထုတ်လုပ်မှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ထုတ်လုပ်မှု၊ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ် ထုတ်လုပ်မှုများကြောင့် သုံးစွဲမှုများ တိုးတက်လာခဲ့ခြင်း ဖြစ်ပါ သည်။





လူ(၁၀၀၀) လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း အနေ ဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း လုံးရေ ၂၂၀၂၄၆၂ လုံး နှင့် လူဦးရေ ၆၀.၃၈၄ သန်း ရှိခဲ့ရာ လူ(၁၀၀၀)လျှင် သုံးစွဲနိုင် သည့် တယ်လီဖုန်းမှာ ၃၇ လုံး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ (မတ်လကုန်) ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း လုံးရေ ၄၃၇၅၄၀၅ လုံး နှင့် လူဦးရေ ၆၀.၉၇၆ သန်း ရှိခဲ့ရာ လူ(၁၀၀၀)လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာ ၇၂ လုံးထိ တိုးတက်လာခဲ့ပါသည်။ထိုသို့ တိုးတက် လာရခြင်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်း အော်တို တယ်လီဖုန်းများ၊ မိုဘိုင်း တယ်လီဖုန်းများ တိုးချဲ့ တပ်ဆင်ခဲ့ခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း မိုဘိုင်း တယ်လီ ဖုန်းများကို ပြည်သူများနှင့် ကျေးလက်နေ ပြည်သူများကို ဈေးနှုန်း လျှော့ချ တပ်ဆင် ပေးခဲ့သဖြင့် လူ(၁၀၀၀) လျှင် တယ်လီဖုန်း သုံးနိုင်မှု မှာလည်း သိသိ





၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ဒေသများအကြား ညီညွတ် မျှတ သည့်ဖွံ့ဖြိုးမှု ရရှိစေရေး အတွက် တိုင်းဒေသကြီး နှင့် ပြည်နယ် အသီးသီးတွင် လမ်းများ၊ မီးရထား လမ်းများ ဖောက်လုပ်ခြင်း၊ ဘူတာရုံ အသစ်များ တည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း များကို အလေးပေး ဆောင်ရွက်ခဲ့ခြင်း တို့ကြောင့် တိုးတက် လာရ ခြင်းဖြစ်ပါသည်။





၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ၍ ပြည်ပမှ အစားထိုးယာဉ်များ တင်သွင်းခြင်း တို့ကြောင့် တိုးတက်လာခြင်း ဖြစ်ပါသည်။




မြန်မာ့လေကြောင်း၏ စုစုပေါင်းလေယာဉ် စီးရေမှာ ပြောင်းလဲ ခြင်း မရှိသော်လည်း ယခင် လေယာဉ် ဟောင်းများ နေရာတွင် လေယာဉ်အမျိုးအစား အသစ်များဖြင့် အစားထိုး ဖြည့်ဆည်း ထားပါသည်။





နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် လေယာဉ်များ မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၃၈ စီး ရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၆ စီး အထိ တိုးတက်လာခဲ့ပါသည်။ ပုဂ္ဂလိကပိုင် လေယာဉ်များ တိုးလာခြင်းကြောင့် ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ရေယာဉ်ယောင်းများ မွမ်းမံ ပြင်ဆင်ခြင်းနှင့် ရေယာဉ်သစ်များ တည်ဆောက်ခြင်း တို့ကြောင့် တိုးတက်လာခြင်း ဖြစ်ပါသည်။

## ပြည်သူ့ဝန်ထမ်းအင်အား





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖန်တီးပေးနိုင်သောကြောင့် နိုင်ငံတော် အခန်း ကဏ္ဍတွင် ပြည်သူ့ ဝန်ထမ်း အဖြစ် အလုပ်လုပ်သူ ဦးရေ တိုးတက်လာရခြင်း ဖြစ်ပါသည်။


# ပညာရေး





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုးတက်ရခြင်းမှာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရန်အတွက် ပညာရေး အသုံးစရိတ်များ တိုးမြှင့်ချထားပေး သောကြောင့် စာသင်ကျောင်းများ တိုးချဲ့ ဆောက်လုပ်ခြင်း ဖြစ်ပါသည်။ ဘုန်းတော်ကြီးသင် ကျောင်း များ၊ ကျောင်းခွဲနှင့် တွဲဖက်ကျောင်းများ အပါအဝင် ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆရာကျောင်းသား အချိုးအရ ဆရာ၊ ဆရာမ အင်အား လိုလောက်မှု အားနည်းသော ဒေသများတွင် ဆရာ၊ ဆရာမများ ထပ်မံခန့်ထား သောကြောင့် တိုးတက်ရခြင်း ဖြစ်ပါသည်။ ဖော်ပြပါစာရင်းများသည် ပညာရေးဝန်ကြီးဌာန၏ ကျောင်းဆရာ အင်အားသာ ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အခြေခံ ပညာကဏ္ဍတွင် မူလတန်းပညာကို မသင် မနေရ မူလတန်း ပညာရေးစနစ်ကို ချမှတ် အကောင်အထည်ဖော်ခြင်း၊ အလယ်တန်း နှင့် အထက်တန်း အဆင့် ကျောင်းနေမြဲရေး လုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်ခြင်း တို့ကြောင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ဦးရေများ တိုးတက်လာခြင်း ဖြစ်ပါသည်။ ဘုန်းတော်ကြီး သင်ကျောင်းများမှ ကျောင်းသားများ အပါအဝင် ဖြစ်ပါသည်။




၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆရာ၊ ဆရာမများ တိုးချဲ့ ခန့်ထားခဲ့သော်လည်း ကျောင်းသား ဦးရေလည်း တိုးတက်လာသောကြောင့် ကျောင်းသား၊ ဆရာအချိုးမှာ သိသိသာသာ ပြောင်းလဲမှု မရှိခြင်း ဖြစ်ပါသည်။ ဖော်ပြပါစာရင်းများသည် ပညာရေးဝန်ကြီးဌာန၏ ဆရာ၊ ကျောင်းသား အချိုးသာ ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များ တိုးလာခြင်းမှာ စစ်ကိုင်း တက္ကသိုလ်၊ ရွှေဂုံကောလိပ်၊ မန္တလာကောလိပ်၊ လားရှိုးပညာရေး ကောလိပ်၊ တောင်ကုတ် ကောလိပ်များအသစ် ဖွင့်လှစ်ခြင်းနှင့် ကျောင်းသားများ လျော့နည်းရခြင်းမှာ အဝေးသင် ကျောင်းသားများ လျော့နည်း သောကြောင့် ဖြစ်ပါသည်။





စက်မှုလက်မှုနှင့် အခြား အသက်မွေးဝမ်းကျောင်းပညာ ကျောင်းသားများ လျော့နည်းရခြင်းမှာ အစိုးရနည်းပညာ အထက်တန်းကျောင်းအချို့တွင် သုတေသန လုပ်ငန်းများ ဆောင်ရွက် နေခြင်းကြောင့် ဖြစ်ပါသည်။


## ကျန်းမာရေး




၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း မြင့်တင်ရေးတွင် အဓိကနေရာမှ ပါဝင်လျက်ရှိသော အရည် အသွေး ပြည့်မီသည့် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက် နှင့်အညီ လေ့ကျင့် မွေးထုတ်ရန် အတွက် သူနာပြု ဦးရေ တိုးတက်ရခြင်း ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း မြင့်တင်ရေးတွင် အဓိကနေရာမှ ပါဝင်လျက်ရှိသော အရည် အသွေး ပြည့်မီသည့် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက် နှင့်အညီ လေ့ကျင့်မွေးထုတ်ရန် အတွက် ဆရာဝန် ဦးရေ တိုးတက်ရခြင်း ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုးတက်လာသည့် ဆေးရုံ၊တိုက်နယ်ဆေးရုံ၊ ကျေးလက်စသည်တို့တွင်တိုးမြင့်ခန့်ထားခြင်းကြောင့် တိုးတက်ရခြင်း ဖြစ်ပါသည်။

**သားဖွားမိခင်သေဆုံးနှုန်း(အရှင်မွေးကလေး ၁၀၀,၀၀၀ လျှင်)**





မိခင်နှင့်ကလေး အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု ပညာပေးခြင်း၊ သားဆက် ခြားပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက်နိုင် ခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် သားဖွား မိခင်သေဆုံးနှုန်း ကျဆင်းခြင်း ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာ နှင့် ပိုမိုပူးပေါင်း ဆောင်ရွက်ခြင်းသည်လည်း သားဖွားမိခင်သေဆုံးနှုန်း ကျဆင်းခြင်းကို အထောက်အကူ ဖြစ်စေပါသည်။

**တစ်နှစ်အောက်ကလေးသေဆုံးနှုန်း**
**(အရှင်မွေးကလေး ၁,၀၀၀ လျှင်)**





မိခင်နှင့် ကလေးအခြေခံ ကျန်းမာရေး စောင့်ရှောက်မှု ပညာပေးခြင်း တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းခြင်း ဖြစ်ပါ သည်။

**မွေးနှုန်းကြမ်း(လူဦးရေ ၁,၀၀၀ လျှင်)**





အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု ပညာပေးခြင်း၊ သားဆက်ခြားပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ၂၀၁၂ ခုနှစ်တွင် မွေးနှုန်းကြမ်း ကျဆင်းခြင်း ဖြစ်ပါသည်။




အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ရောဂါကာကွယ် ကုသပေးခြင်းများ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ ခေတ်မီ ဆေးဝါးနှင့် နည်းပညာများ တိုးတက်လာခြင်းတို့ကြောင့် ၂၀၁၂ခုနှစ်တွင် သေနှုန်းကြမ်း ကျဆင်းရခြင်း ဖြစ်ပါ သည်။


# ငွေရေးကြေးရေး

### ကြွေးမြီနှင့် ဂျီဒီပီအချိုး





ဂျပန်နိုင်ငံနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ညှိနှိုင်းပြီး Japan Bank for International Cooperation (JBIC) ထံမှ ပေါင်းကူး ချေးငွေရယူ၍ ၁၇-၁-၂၀၁၃ ရက်နေ့ နှင့် ၂၅-၁-၂၀၁၃ ရက်နေ့တွင် ကြွေးမြီများကို ရှင်းလင်း နိုင်ခဲ့ပါသည်။ Paris Club အဖွဲ့ဝင်နိုင်ငံများ အနက် ဦးစွာ ဂျပန်နိုင်ငံနှင့် ကြွေးမြီ ရှင်းလင်းရန် ကိစ္စကို သီးခြား ဆောင်ရွက်ခဲ့ပါသည်။ ဂျပန်နိုင်ငံ၊ ကူးသန်း ရောင်းဝယ် ရေး ဘဏ်များ ဖြစ်သော Bank of Tokyo Mitsubishi UFJ Ltd (BTMU)၊ Sumitomo Banking Corporation (SMBC) နှင့် Mizuho Corporation Bank Ltd (MIZUHO) တို့မှ ပေါင်းကူး ချေးငွေရယူ၍ ကြွေးဟောင်း မှ ကြွေးသစ် ပုံစံသို့ ပြောင်းလဲပြီး ၃၀-၁-၂၀၁၃ ရက်နေ့တွင် ရှင်းလင်း နိုင်ခဲ့ပါ သည်။ Paris Club ကျန်အဖွဲ့ဝင် နိုင်ငံ (၁၀) နိုင်ငံတို့နှင့် ကြွေးမြီရှင်းလင်းရေး ကိစ္စများကို Multilateral Agreement နှင့်အညီ နှစ်နိုင်ငံချင်း ညှိနှိုင်းပြီး ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။


### အခွန်ရငွေနှင့် ဂျီဒီပီအချိုး




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ် တာဝန် ယူချိန်မှစ၍ အခွန်ဝင်ငွေများ တိုးတက်ရရှိ လာသည်ကို တွေ့ရှိရပါသည်။ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ် တွင် ရရှိခဲ့သည့် အခွန်ငွေကို ပြည့်မီခြင်း မရှိသေး သော်လည်း အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ နှင့် ခေတ်နှင့်လျော်ညီသော အခွန်စနစ် တစ်ရပ် ဖြစ်ပေါ် စေရေးအတွက် အခွန်နှုန်း ထားများ လျှော့ချပေးပြီး အခွန်အခြေခံ ချဲ့ထွင်ခြင်း၊ တိုက်ရိုက် ခွန် ကောက်ခံ သည့် စနစ်မှ သွယ်ဝိုက်ခွန်များ ကောက်ခံသည့် စနစ်သို့ ကူးပြောင်း ဆောင်ရွက်ခြင်း၊ အခွန်ထမ်းများမှ ကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ်သို့ ကူပြောင်း ဆောင်ရွက် ခြင်း၊ အခွန်ဆိုင်ရာ ဆွဲဆောင်မှုများ အပေါ်ထားရှိသည့် အမြင်အား ပြန်လည်သုံးသပ်ခြင်းနှင့် ပြောင်းလဲ ကျင့်သုံး မည့် အခွန်စနစ် နှင့် လိုက်လျော ညီထွေဖြစ်စေရန်





၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ၃.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ပိုငွေနှင့် ဂျီဒီပီ အချိုး ၂.၂ ရာခိုင်နှုန်း ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ ဘဏ္ဍာငွေ အရင်းအမြစ်များ စနစ်တကျ သုံးစွဲနိုင်ခြင်းနှင့် ဦးစားပေး လုပ်ငန်းအလိုက် ခွဲဝေအသုံးချရေးကို ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှု အစီအစဉ်ဖြင့် ဆောင်ရွက် နိုင်သကဲ့သို့ ပြည်တွင်း ပြည်ပမှ အရင်း အမြစ်များကို ရရှိဆောင်ရွက် နိုင်ရေး ဦးတည် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပါသည်။





ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဖွံ့ဖြိုး တိုးတက်စေသည့် ကုန်ပစ္စည်းများကို ဦးစားပေး ပိုမိုတင်သွင်းခြင်း၊ အခွန်အကောက်နှင့်ကုန်သွယ်မှု အတားအဆီးများကို ဖြေလျော့ပေးခြင်းတို့မှ နှစ်စဉ် တစ်စထက်တစ်စ ပိုမို တိုးချဲ့ ရင်းနှီးမြှုပ်နှံနိုင်ခဲ့မှုကြောင့် ရင်းနှီးမြှုပ်နှံမှု နှင့် GDP အချိုး လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရခြင်း ဖြစ်ပါသည်။


## ရင်းနှီးမြှုပ်နှံမှု




နှစ်စဉ် တစ်စထက်တစ်စ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှု အပိုင်းတွင် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု၊ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်း ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုများ အပါအဝင် ပိုမို တိုးချဲ့ ရင်းနှီးမြှုပ်နှံနိုင်ခဲ့မှုများကြောင့် ပုဂ္ဂလိက ပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် တိုးတက်လာ ရခြင်း ဖြစ်ပါသည်။






ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေသည့် ကုန်ပစ္စည်းများ ကို ဦးစားပေး တင်သွင်းခြင်း၊ အခွန်အကောက်နှင့် ကုန်သွယ်မှု အတား အဆီးများကို ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက် ခဲ့ခြင်းကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုမှာ ယခင်နှစ်များ ထက်ပိုမိုခဲ့ပါသည်။






ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဖွံ့ဖြိုး တိုးတက်စေသည့် ကုန်ပစ္စည်းများကို ဦးစားပေး ပိုမို တင်သွင်းခြင်း၊ အခွန်အကောက် နှင့် ကုန်သွယ်မှု အတား အဆီးများကို ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်၊ မတ်လကုန်တွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံ မှာ ယခင်နှစ်က ထက် ပိုမိုခဲ့ပြီး၊ ဂျီဒီပီ တွင်ပါဝင်မှု ၂၀.၆ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

## ဈေးနှုန်းများနှင့် ငွေကြေးဖောင်းပွမှု








ဇာစ်မြစ်။ ။ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှ သတ်မှတ်ထား သော ငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာလျှင် ၅ ကျပ်နှင့် အထက် ရှိခဲ့သော်လည်း ပြင်ပပေါက်ဈေးမှာ ၁ ဒေါ်လာ လျှင် ကျပ် ၁၀၀၀ ဝန်းကျင် ရှိခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေလဲလှယ်နှုန်းကို ဈေးကွက်ပေါက်ဈေး အတိုင်း စီမံခန့်ခွဲမှုအောက်တွင်ရှိသော ငွေလဲနှုန်း အရှင် (Managed Float) စနစ်ဖြင့် တရားဝင် ရောင်းဝယ်ခွင့် ပြုခဲ့သောကြောင့် ဒေါ်လာဈေးနှုန်းမှာ ကျပ် ၈၀၀ မှ ၇၅၀ အထိ ကျဆင်းခဲ့ပါသည်။ ထို့ကြောင့် ငွေလဲလှယ်နှုန်း ကျဆင်းလာသည်နှင့်အမျှ ဆန်၊စပါး ဈေးနှုန်းများသည် ပြည်ပသို့ တင်ပို့ရန် ဈေးနှုန်း မကိုက်ညီပါသဖြင့် ပြည်တွင်းတွင် ရောင်းလိုအား များနေခြင်း၊ စားအုန်းဆီကို စနစ်တကျ စိစစ်ထိန်းသိမ်း တင်သွင်းသည့်အတွက် ဆီဈေးနှုန်းများ တည်ငြိမ်လာခြင်းတို့ကြောင့် ငွေကြေး ဖောင်းပွမှုနှုန်း ကျဆင်း လာခြင်း ဖြစ်ပါသည်။


## ပြည်ပကုန်သွယ်ရေးအခြေအနေ




ဇစ်မြစ်။ ။ ဗဟိုစာရင်းအင်းအဖွဲ့။


မြန်မာနိုင်ငံ၏ ပို့ကုန်များသည် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင်၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကာလများထက် လယ်ယာထွက်ကုန်ပစ္စည်းများတွင် ၁၁.၁ရာခိုင်နှုန်း၊ စက်မှုကုန်ချောတွင် ၉.၅ရာခိုင်နှုန်း တိုးတက် ဆောင်ရွက်ခဲ့ပါသည်။ ဆန်၊ဆန်ကွဲတို့တွင် ၆၅.၄ ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ သဘာဝဓါတ်ငွေ့တွင် ၄.၇ရာခိုင်နှုန်း၊ ချုပ်ပြီးအထည် ၃၉.၈ ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းတို့တွင် လျော့နည်းခဲ့ပါသည်။ အဓိကအားဖြင့် ကျောက်စိမ်းတွင် အမေရိကန်ဒေါ်လာ (၄၈၂.၄)သန်းဖိုး လျော့နည်းသွားခြင်း၊ ရေထွက်ပစ္စည်းပုစွန်တွင် အရေအတွက်အားဖြင့် ၃.၂ မက်ထရစ်တန် ထောင်ပေါင်း ပိုမိုသော်လည်း ပို့ကုန်ဈေးနှုန်းကျဆင်းမှုကြောင့် တန်ဖိုးတွင်ကျဆင်းခဲ့ခြင်း ဖြစ်ပါသည်။ တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုတွင် အအေးခဲအမဲသားအပါအဝင် ဝမ်းတွင်းသားများ၊ လေပြွန်စသည်များ တင်ပို့မှုကို ရပ်တန့်ထားခြင်းကြောင့် လျော့နည်းပါသည်။ သတ္တုကဏ္ဍတွင် ကျောက်မျက်လေလံပွဲများ ကျင်းပနိုင်ခြင်းမရှိခဲ့ခြင်းကြောင့် ကျောက်စိမ်း တင်ပို့မှုလျော့နည်းခြင်း ဖြစ်ပါသည်။ ဘင်္ဂလားနယ်စပ်တွင်နယ်မြေလုံခြုံရေးအခြေအနေအရ ကုန်သွယ်မှုပမာဏသည် ယခင်နှစ် ထက်လျော့နည်း ခဲ့ပါသည်။

## မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့် ခရီးသည်နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေ




နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု မူဝါဒများ၊ ပွင့်လင်းမြင်သာမှု၊ ဖြေလျှော့မှုများကြောင့် လည်းကောင်း၊ ခရီးစဉ်ဒေသများတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင် မှု များပေးခြင်း၊ နယ်စပ် ဝင်ပေါက်များမှ ဝင်ရောက် လာသည့် ကမ္ဘာလှည့် ခရီးသည်များ အဆင်ပြေ ချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ပြည်ဝင်ခွင့် ဗီဇာ နှင့် သက်တမ်းတိုးမြှင့်ပေးရေးအတွက် လွယ်ကူ အဆင်ပြေစေရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ခရီးသွား လုပ်ငန်း အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီး၊ အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း များကြောင့် လည်းကောင်း၊ ဆိုက်ရောက်ဗီဇာ (Visa on Arrival) ခွင့်ပြု ပေးခြင်းကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံသို့ ရင်းနှီး မြှုပ်နှံသူများပြားလာခြင်းကြောင့် လည်းကောင်း၊ ခရီးသွား ဦးရေများ တိုးတက်လာခြင်း ဖြစ်ပါသည်။

## ပြည်သူတို့၏ စုဆောင်းငွေ




စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် အများ ပြည်သူ အပ်နှံငွေ (Public Deposit) များ မှာလည်း ဘဏ်များသို့ နေ့စဉ် အမြောက်အများ ဝင်ရောက်လျက်ရှိ သောကြောင့် ဖြစ်ပါသည်။ ပုဂ္ဂလိက ဘဏ်ကဏ္ဍ တိုးတက်ဆောင်ရွက်လာနိုင်မှု၊ ဘဏ်ဝန်ဆောင်မှု တိုးတက် ကောင်းမွန်လာမှု တို့ကြောင့် ပြည်သူတို့၏ စုဆောင်းငွေ တိုးမြင့် လာခြင်းဖြစ်ပါသည်။

## သုံးသပ်ချက်

၃၁။ တစ်မျိုးသားလုံး၏စီးပွားရေးအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်လာရန် ရည်မှန်းခဲ့ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ် ပါ က ၇.၆ ရာခိုင်နှုန်း တိုးတက်အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

၃၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးပုံသဏ္ဍာန်ကို လေ့လာပါက လယ်ယာကဏ္ဍတွင် ၃၀.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၃၂.၀ ရာခိုင်နှုန်း နှင့် ဝန်ဆောင်မှု ကဏ္ဍတွင် ၃၇.၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါ က စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

၃၃။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၄၆၆၅.၂ ဘီလီယံ နှင့် သမဝါယမနှင့် ပုဂ္ဂလိကပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၁၀၆၄၀.၈ ဘီလီယံ ရှိပါသည်။ ပို့ကုန်သွင်းကုန် အခြေအနေကို ကြည့်ပါ က ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အထိ ပို့ကုန်သည် သွင်းကုန်ထက် များပြားခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သွင်းကုန်သည် ပို့ကုန်ထက် ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။

၃၄။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်း၊ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုများလာလောက်လုပ်ကိုင်ရန် အလားအလာ ကောင်းများ ရှိနေခြင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေး ပိုမို ကောင်းမွန်လာပြီး ကမ္ဘာ့အသိုင်းအဝိုင်း တွင် ပိုမို ဝင်ဆံ့လာသဖြင့် လာမည့် နှစ်များအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ယခုထက် ပိုမို၍ တိုးတက်ကောင်းမွန်လာနိုင်မည်ဟု သုံးသပ်ရရှိပါသည်။

## ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုမူဘောင်(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ)

၃၅။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ပါ ရည်မှန်းချက်များကို ရရှိရန် ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါသည်-

(က) စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စက်မှုလယ်ယာ စနစ်သို့ ပြောင်းလဲစိုက်ပျိုးပြီး တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်နိုင်သည် အထိ ဆောင်ရွက်ခြင်း၊

(ခ) ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် အထူး စီးပွားရေးဇုန်များ ထူထောင်ခြင်း၊ အခြေခံအဆောက်အအုံများ (Physical Infrastructure) တည်ဆောက်ခြင်း၊

(ဂ) စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ (Economic Infrastructure) တည်ဆောက်ရာတွင် စီးပွားရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လူမှုရေးကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကို အရည်အသွေးရှိသည့် ဝန်ဆောင်မှု များဖြစ်စေရန် တိုးမြှင့် ဆောင်ရွက်ခြင်း၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးမှု နှင့် ဆင်းရဲမှုနှုန်း လျှော့ချခြင်း၊

(စ) အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင်ဖန်တီးခြင်း၊

## အခန်း(၃)

## မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေ

၃၆။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအား စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Products-GDP) နှင့် ပြောင်းလဲပုံ အခြေအနေ၊ လုပ်သား အလုပ်အကိုင် ရရှိမှုနှင့် အခွင့်အလမ်း၊ ပြည်ပပို့ကုန် ထုတ်လုပ်မှု တန်ဖိုးများ ပြောင်းလဲမှု၊ အလုပ်လက်မဲ့နှုန်း (Unemployment) ၊ အမျိုးသားဝင်ငွေ၊ (National Income) ၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် (Gross Domestic Product)၊ ဂျီဒီပီတိုးတက်မှုနှုန်း (Rate of Growth)၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation)၊ ဈေးနှုန်းအဆင့်များ (Price levels) ဖြင့် အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၃၇။ **ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး။** ထုတ်လုပ်သူများ၏ ဈေးကွက်ဈေးနှုန်းအရ ၂၀၁၁-၁၂ ခုနှစ်တွင် ၄၆၃၄၄.၂ ကျပ် ဘီလီယံ ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၅၁၇၂၇.၅ ကျပ် ဘီလီယံ ရှိခဲ့ပါသည်။ အမေရိကန်ဒေါ်လာအားဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၅၇.၄ ဘီလီယံ ရှိပြီး ၂၀၁၂-၂၀၁၃ တွင် ၆၀.၇ ဘီလီယံ ရှိပါသည်။

၃၈။ **တစ်ဦးကျဂျီဒီပီ။** (ထုတ်လုပ်သူ၏ ဈေးကွက်ဈေးနှုန်းအရ) ကျပ်ငွေ စုစုပေါင်း ၇၆၇၄၉၂ ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျပ်ငွေ ၈၄၈၃၂၅ ရှိပြီး အမေရိကန်ဒေါ်လာအားဖြင့် တစ်ဦးကျ ဝင်ငွေမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၉၅၀ ဒေါ်လာ ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၉၉၆ ဒေါ်လာ ရှိပါသည်။ တစ်ဦးကျ ဂျီဒီပီမှာ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများအဆင့်တွင်သာ ရှိပါသည်။

၃၉။ **ငွေကြေးဖောင်းပွနှုန်း။** Inflation-GDP Implicit Price Deflator ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၅.၄ % ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃.၇% သို့ လျော့ကျခဲ့ပါသည်။ ငွေကြေးဖောင်းပွနှုန်း (နှစ်စဉ်ပျမ်းမျှ) မှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၂.၈၂% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၂.၈၅% ဖြစ်ပါသည်။ အစီရင်ခံတင်ပြသည့် ကာလအတွင်း ဈေးနှုန်းတည်ငြိမ်သည့် ကာလ ဖြစ်ခဲ့သည်။

၄၀။ **စီးပွားရေး ပုံသဏ္ဍာန်။** (Structure of Economy)အရ ဂျီဒီပီ တိုးတက်နှုန်းကို ဖော်ပြရလျှင် ၂၀၁၁-၂၀၁၂ တွင် ၅.၆% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ တွင် ၇.၆% သို့ တိုးတက်လာခဲ့ပါသည်။ လယ်ယာ ကဏ္ဍ၏ ဂျီဒီပီ ပါဝင်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၃၂.၅% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၀.၅% ဖြစ်ခြင်းကြောင့် ဂျီဒီပီတွင် လယ်ယာကဏ္ဍ၏ ပါဝင်မှု လျော့နည်းသွားခဲ့သည်။ စက်မှု ကဏ္ဍ၏ ဂျီဒီပီ ပါဝင်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်

တွင် ၃၁.၃% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၂% ဖြစ်ခြင်းကြောင့် အနည်းငယ် တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ဝန်ဆောင်မှုကဏ္ဍ၏ ဂျီဒီပီ ပါဝင်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၃၆.၂% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၇.၅% ဖြစ်ခြင်းကြောင့် အနည်းငယ်တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

၄၁။ **ကဏ္ဍများ၏ အခြေအနေ**။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၀.၇% လျော့ကျခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၂.၀% တိုးတက် ခဲ့သည်ကို တွေ့ရှိရပါသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၁၀.၂% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၈.၀% သို့ လျော့ကျခဲ့သည်။ ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၈.၆% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၁၂.၆% အထိ တိုးတက်လာခဲ့သည်။ လယ်ယာကဏ္ဍနှင့် ဝန်ဆောင်မှု ကဏ္ဍပိုမိုများပြားလာခဲ့ သော်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှုန်း အနည်းငယ် လျော့ကျခဲ့သည်။ အကြောင်းမှာ လျှပ်စစ်မီးလိုအပ်ချက်နှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေ အပြောင်းအလဲများအား စောင့်ဆိုင်းကြည့်ရှု နေကြခြင်းကြောင့် ဖြစ်ပါသည်။

၄၂။ **ပြည်ပကုန်သွယ်ရေးအနေဖြင့် ပို့ကုန်တန်ဖိုး။** ၂၀၁၁-၂၀၁၂ ခုနှစ်တွင် US$ ၈၄၈၈.၈ သန်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် US$ ၈၇၄၈.၉ သန်း ဖြစ်ပါသည်။ သွင်းကုန် တန်ဖိုးမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် US$ ၇၉၆၃.၉ သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် US$ ၇၈၁၃.၃ သန်း ဖြစ်ပါသည်။ ကုန်သွယ်မှု လက်ကျန်မှာ ၂၀၁၁-၂၀၁၂ခုနှစ်တွင် US$ ၅၂၄.၉သန်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် US$ ၉၃၅.၆၀သန်း ဖြစ်ပါသည်။

၄၃။ **သွင်းကုန် ကုန်သွယ်မှုပမာဏ။** ၂၀၁၁-၂၀၁၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇.၃၃၆ ဘီလီယံရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈.၂၅၁ ဘီလီယံ ရှိပါသည်။

၄၄။ **ပြည်သူ့ဘဏ္ဍာရေး။** ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အခွန်အကောက်မှ ရငွေ ကျပ်သန်းပေါင်း ၁၇၁၉၆၇၂ နှင့် အခွန်မဟုတ်သော ရငွေ ကျပ် ၄၇၆၃၃၄၉ ဖြစ်ပြီး စုစုပေါင်း သာမန်ရငွေမှာ ၆၄၈၃၂၃၀ ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ခုနှစ် တွင် အခွန်အကောက်မှ ရငွေ ကျပ်သန်းပေါင်း ၁၉၄၆၀၇၆ နှင့် အခွန်မဟုတ်သော ရငွေကျပ် ၉၅၄၁၅၆၁ဖြစ်ပြီး စုစုပေါင်း သာမန်ရငွေမှာ ကျပ်သန်းပေါင်း ၁၂၄၃၇၈၁၈ ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာအားဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အခွန်အကောက်မှရငွေ အမေရိကန် ဒေါ်လာသန်းပေါင်း ၂၁၄၉.၅၉ဖြစ်ပြီး အခွန်မဟုတ်သော ရငွေ အမေရိကန် ဒေါ်လာ သန်းပေါင်း ၅၉၅၄.၁၉ ဖြစ်ပြီး၊ စုစုပေါင်း သာမန်ရငွေမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၀၄.၀၄ ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အခွန်အကောက်မှ ရငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၁၆၂.၃၁နှင့် အခွန်မဟုတ်သော ရငွေ အမေရိကန် ဒေါ်လာသန်းပေါင်း ၁၀၆၀၁.၇၃ ဖြစ်ပြီး စုစုပေါင်း သာမန်ရငွေမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၃၈၁၉.၈၀ ဖြစ်ပါသည်။

၄၅။ **ငွေလုံးငွေရင်းရငွေ**။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၃၃၈၄၂၂ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၃၆၉၆၀၆ဖြစ်ပါသည်။ အမေရိကန် ဒေါ်လာအားဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၂၃.၀၃ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၄၃၀.၆၇ ဖြစ်ပါသည်။

၄၆။ **ပြည်ပအကူအညီအထောက်အပံ့**။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် (၈)ခုရှိပြီး အမေရိကန် ဒေါ်လာသန်းပေါင်း ၂၂၉.၈၄နှင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၆၇ခုရှိပြီး အမေရိကန် ဒေါ်လာသန်းပေါင်း ၇၄၀.၁၉၉ ဖြစ်ပါသည်။ ချေးငွေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် အမေရိကန် ဒေါ်လာသန်းပေါင်း ၃၁.၅၀၂၊ ယွမ်သန်းပေါင်း ၂၉၁.၂၃၄ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၈.၈၉၈၊ ယွမ်သန်းပေါင်း ၉၆၀.၈၄၆နှင့် ယူရိုသန်းပေါင်း ၅၁၀.၅၂၄ ဖြစ်ပါသည်။

၄၇။ **စုစုပေါင်းအသုံးစရိတ်**။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၈၆၁၇၉၅၄နှင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၂၃၆၀၁၈၀ ရှိပါသည်။

၄၈။ **သာမန်အသုံးစရိတ်**။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၅၅၆၁၄၅၃ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၇၅၅၆၂၅၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ် သန်းပေါင်း ၃၀၅၂၆၇၀ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျပ် သန်းပေါင်း ၄၆၆၅၂၅၁ ဖြစ်ပါသည်။

၄၉။ **ကြွေးမြီ အသုံးစရိတ်မှာ** ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကျပ်သန်းပေါင်း ၃၈၃၁ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၃၈၉၇၉.၂၉၆ ဖြစ်ပါသည်။ သာမန်ပိုငွေ/လိုငွေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၉၂၁၅၆၈ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၂၇၂၃၆၄၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ပိုငွေ/လိုငွေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အနှုတ်လက္ခဏာ ဆောင်ခဲ့ပြီး လိုငွေမှာ ကျပ်သန်းပေါင်း ၂၇၁၄၂၆၂ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် လိုငွေမှာ ကျပ်သန်းပေါင်း ၅၁၃၈၆၅၇ ဖြစ်ပါသည်။ ဘဏ္ဍာရေးပိုငွေ/လိုငွေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်လည်း အနှုတ် လက္ခဏာ ဆောင်ခဲ့ပြီး လိုငွေမှာ ကျပ်သန်းပေါင်း ၁၇၈၀၅၈၄ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် လိုငွေမှာ ၁၆၆၄၉၄၆ ဖြစ်ပါသည်။ ထို့ကြောင့် လိုငွေပြ ဘတ်ဂျက်ကို ဆက်တိုက် သုံးခဲ့သည်။

၅၀။ **ပြည်တွင်းဈေးငွေ။** ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၂၄၅၃ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၄၇၅၆ ဖြစ်ပါသည်။ သာမန်လိုငွေနှင့် ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အချိုးမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁.၉၈% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၅.၃၂% ဖြစ်ပါသည်။ ဘဏ္ဍာရေးလိုငွေနှင့် ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအချိုးမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် (-)၃.၈% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် (+)၂.၂% ဖြစ်ပါသည်။ စုစုပေါင်း အသုံးစရိတ်အနေဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာအားဖြင့် သန်းပေါင်း ၁၀၇၇၂.၄၄ ရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၇၃၃.၈၇ ရှိခဲ့သဖြင့် စုစုပေါင်းအသုံးစရိတ် တိုးတက်လာသည်ကို တွေ့ရှိရသည်။

၅၁။ **အလုပ်အကိုင် ဖန်တီးမှု အခြေအနေ။** အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ်တွင် ၄.၀၁ % ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၄.၀၂% ဖြစ်ပါသည်။ ပြင်ပ လက်တွေ့တွင် အလုပ်လက်မဲ့နှုန်းမှာ ပိုမိုများပြားနိုင်ပါသည်။ မြန်မာနိုင်ငံတွင် အစိုးရသစ် လက်ထက်၌ လိုအပ်ချက်အရ ဖွဲ့စည်းပုံ တိုးချဲ့ကာ အစိုးရ ဌာနများတွင်လည်း အလုပ်အကိုင်ဖန်တီးမှုများ ပေးနိုင်သကဲ့သို့ အခြေခံအဆောက်အအုံ ဆိုင်ရာ ဆောက်လုပ်ရေး လုပ်ငန်းများကြောင့်လည်း အလုပ်အကိုင်ရရှိမှု ပိုမိုများပြားလာခဲ့သည်။ Informal Sectorတွင် အလုပ်လုပ်ကိုင်သူ များပြားလာပါကြောင်း လေ့လာတွေ့ရှိ ရသည်။ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၆၆.၀၄ % ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆၆.၂၈% သို့ တိုးတက်လာခဲ့ပါသည်။

၅၂။ **အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု။** မြန်မာနိုင်ငံ အမျိုးသမီး လူဦးရေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၀.၅၃၇သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃၀.၈၃၇သန်း ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်သူ အမျိုးသမီးဦးရေမှာ ၂၀၁၁ ခုနှစ်တွင် ၁၁.၄၁ သန်း ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၁၁.၅၇ သန်း ဖြစ်ပါသည်။ အမျိုးသမီး လုပ်သားအင်အား ပါဝင်မှု ရာခိုင်နှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၅၀.၀၂ % ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၅၀.၂၃ % ဖြစ်ပါသည်။ အစိုးရ ဝန်ထမ်းအမျိုးသမီးဦးရေမှာ ၂၀၁၁ ခုနှစ်တွင် ၄၇၃၇၆၀ဦး ဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုတွင် ပါဝင်သော အမျိုးသမီးဦးရေမှာ ၂၀၁၁ ခုနှစ်တွင် ၄၇၃၇၆၀ ဖြစ်ပါသည်။ အလုပ်လက်မဲ့ အမျိုးသမီး ရာခိုင်နှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၄.၅၉% ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၄.၅၈ % ဖြစ်ပါသည်။

၅၃။ **ပြည်ပရောက် အလုပ်သမားများ၏ ငွေလွှဲပို့မှုအခြေအနေ။** ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၃၃၈၀.၀၇ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၈၃၄၂၇.၉ ကျပ်သန်းပေါင်း ဖြစ်ပါသည်။ အကူအညီအထောက်အပံ့များ မပါဝင်ဘဲ သာမန်စာရင်း လက်ကျန်မှာ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၆၆၀ထိ လိုငွေပြခဲ့ရာ လိုငွေပြမှု အခြေအနေ လျော့နည်း သက်သာလာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငွေပေးငွေယူရှင်းတမ်း (Balance of Payment)အနေဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၀၅.၁ သန်းရှိခဲ့ပြီး ၂၀၁၂ ဒီဇင်ဘာ လကုန်တွင် အမေရိကန်ဒေါ်လာ ၁၈၃.၆ သန်း ရှိခဲ့သည်။

၅၄။ **ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။** ရင်းနှီးမြှုပ်နှံမှုကဏ္ဍအား ဖော်ပြရလျှင် အစိုးရကဏ္ဍ၊ သမဝါယမပိုင်ကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍဟူ၍ ခွဲခြားတင်ပြအပ်ပါသည်။

၅၅။ **အစိုးရကဏ္ဍ။** ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၃၀၅၂.၇ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၄၆၆၅.၂သို့ တိုးတက် လာခဲ့ပါသည်။

၅၆။ **သမဝါယမပိုင်ကဏ္ဍ။** ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁.၆ ကျပ် ဘီလီယံရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁.၈ ကျပ်ဘီလီယံ ရှိခဲ့သည်။

၅၇။ **ပုဂ္ဂလိကကဏ္ဍ။** ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၁၀၄၆၁.၉၄ ကျပ်ဘီလီယံရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၀၆၃၉.၀၂ ကျပ်ဘီလီယံရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ စုစုပေါင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၁၃၅၁၆.၂ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၁၅၃၀၆.၀၀ ရှိခဲ့ပါသည်။ သို့ဖြစ်၍ အမေရိကန်ဒေါ်လာအားဖြင့် သန်းထောင်ပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၆.၇၃ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၈.၄၄ ဖြစ်ပါသည်။

၅၈။ **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု။** ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၃၇၄၉.၁ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၁၁၇၈.၆ ရှိခဲ့ပါသည်။ အမေရိကန် ဒေါ်လာအားဖြင့် သန်းထောင်ပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၄.၆၄ ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ် တွင် ၁.၄၂ ဖြစ်ပါသည်။

၅၉။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု။** ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၂၄၀.၂၃ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၁၁၀၄.၆၆ ရှိခဲ့ပါသည်။ အမေရိကန် ဒေါ်လာအားဖြင့် သန်းထောင်ပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၀.၃၀ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁.၃၃ ဖြစ်ပါသည်။

၆၀။ **ပြည်တွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု။** ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၆၄၆၇.၆ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံပေါင်း ၈၄၄၉.၇ ရှိခဲ့ပါသည်။ အမေရိကန် ဒေါ်လာအားဖြင့် သန်းထောင်ပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် ၈.၀၀ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၀.၁၈ ဖြစ်ပါသည်။

၆၁။ **စုစုပေါင်း အစိုးရကြွေးမြီ။** စုစုပေါင်းကြွေးမြီပေးဆပ်မှုနှင့် ဂျီဒီပီအချိုးမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၀.၃ % ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၄% ဖြစ်ပါသည်။ အစိုးရကြွေးမြီစုစုပေါင်းနှင့် ဂျီဒီပီအချိုးမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၁.၄% ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃၃.၆% ရှိခဲ့ပါသည်။ ပြည်တွင်းကြွေးမြီစုစုပေါင်းနှင့် ဂျီဒီပီအချိုးမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၇.၈ % ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၉.၄% ရှိခဲ့ပါသည်။ ပြည်ပကြွေးမြီစုစုပေါင်းနှင့် ဂျီဒီပီအချိုးမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၃.၆ % ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၄.၂% ရှိခဲ့ပါသည်။ စုစုပေါင်း ဝန်ဆောင်မှုကြွေးမြီ အမေရိကန်ဒေါ်လာအားဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၃.၁၀၄ သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၂.၀၅၄ သန်း ဖြစ်သည်။ ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာအားဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၄.၀၅၈သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅၇.၂၆၆သန်း ဖြစ်သည်။ အတိုးပမာဏမှာ အမေရိကန် ဒေါ်လာအားဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၉.၀၄၆သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၄.၇၈၈ သန်း ဖြစ်သည်။ စုစုပေါင်း ပြည်ပကြွေးမြီမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာသန်းပေါင်း ၇၉၁၈.၄၈၃ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၁၂.၇၂၀ ရှိပါသည်။ စုစုပေါင်း ပြည်တွင်း ကြွေးမြီကိုဖော်ပြရလျှင် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာသန်းပေါင်း ၁၀၃၄၉.၉၀ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၀၄၁.၃၀ ရှိပါသည်။

၆၂။ **တိုင်းဒေသကြီး/ပြည်နယ် ရသုံးစာရင်း။** ရငွေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၃၃၂၆၆၁ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်သန်း ပေါင်း ၉၀၈၃၉၄ ရှိပါသည်။ အခွန်မှရငွေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၃၆.၄၁ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄၈.၁၂ ရှိပါသည်။ အသုံးစရိတ်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄၀၅၄၇၆ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၉၀၈၃၉၄ ရှိပါသည်။

၆၃။ **ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု။** ငွေကြေးပမာဏမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာ တွင် ကျပ် သန်းပေါင်း ၆၇၂၂.၆၂၄ ရှိပါသည်။ စုစုပေါင်း ငွေကြေးပမာဏမှာ ကျပ်သန်းပေါင်း ၁၂၅၇၃.၄၉၂ ဖြစ်ပါသည်။ စုစုပေါင်း ငွေကြေးပမာဏမတိုးတက်မှုနှုန်း (M2) မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂၆.၂၇ % ရှိပါသည်။

၆၄။ **ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး။** ကူးသန်းရောင်းဝယ်ရေးဘဏ် အရေအတွက်မှာ ၂၀၁၁-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၉ခု ရှိပြီး ဘဏ်ခွဲများမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၆၆ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၄၈၅ ရှိပါသည်။ အလိုအလျောက် ငွေထုတ်စက်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ် အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၇ ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၂၂၅ ရှိပါသည်။ အာမခံကုမ္ပဏီအနေဖြင့် မှတ်ပုံတင်ထားသော ငွေရေး ကြေးရေးကုမ္ပဏီ အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် ၁ခု ရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃ ခု ရှိပါသည်။

၆၅။ **ငွေလဲလှယ်နှုန်း။** နှစ်စဉ်ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် (ကျပ်/ဒေါ်လာ) ၅.၃၉၉၀ ရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် (ကျပ်/ဒေါ်လာ) ၈၅၁.၅၇၈၃ ရှိခဲ့ပါသည်။ ၂၀၁၂ခုနှစ်အတွင်း တစ်ခုတည်းသော နိုင်ငံခြားငွေ လဲလှယ်မှုနှုန်း အားအောင်မြင်တည်ငြိမ်စွာပြောင်းလဲနိုင်ခဲ့သည်။

| မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေ | | | |
|---|---|---|---|
| **အကြောင်းအရာ** | **ရေတွက်ပုံ** | **၂၀၁၁-၁၂** | **၂၀၁၂-၁၃** |
| **ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး*** | | | |
| Gross Domestic Product (GDP) | | | |
| ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက် ထုတ်လုပ်သူများ၏ဈေးနှုန်း) | ကျပ်သန်း ထောင်ပေါင်း | ၄၆၃၄၄.၂ စီမံကိန်း (၄၄၇၃၃.၃) | ၅၁၇၂၇.၅ စီမံကိန်း (၅၁၂၀၇.၆) |
| | ဒေါ်လာသန်း ထောင်ပေါင်း | ၅၇.၄ စီမံကိန်း (၅၅.၉) | ၆၀.၇ စီမံကိန်း (၆၄.၀) |
| လူတစ်ဦးစီ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက် ထုတ်လုပ်သူ များ၏ဈေးနှုန်း) | ကျပ် | ၇၆၇၄၉၂ စီမံကိန်း (၇၄၀၈၁၄) | ၈၄၈၃၂၅ စီမံကိန်း (၈၃၉၅၅၁) |
| Per Capita GDP at Current Producers' Prices | ဒေါ်လာ | ၉၅၀ စီမံကိန်း (၉၂၆) | ၉၉၆ စီမံကိန်း (၁၀၄၉) |
| ငွေကြေးဖောင်းပွမှုနှုန်း-ဂျီဒီပီညှိနှိုင်းထားသည့် ဈေးနှုန်းတန်ဖိုးလျှော့ကိန်း | (%) | ၅.၄ | ၃.၇ |
| Inflation-GDP Implicit Price Deflator | | | |
| ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပျမ်းမျှ) | (%) | ၂.၈၂ | ၂.၈၅ |
| Inflation (Annual Average) | | | |
| ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက် ပြောင်းလဲမှု) | (%) | ၂.၇၆ | ၂.၈၃ |
| Inflation (Year on Year) | | | |

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ (စီမံကိန်း) တွင် အမေရိကန်တစ်ဒေါ်လာ = ၈၀၀ကျပ် ဖြင့် တွက်ချက်ထားခြင်း ဖြစ်ပါသည်။

* ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်တစ်ဒေါ်လာ = ၈၀၈ ကျပ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် အမေရိကန်တစ်ဒေါ်လာ = ၈၅၂ ကျပ်ဖြင့် ကျပ်မှဒေါ်လာသို့ ပြောင်းလဲတွက်ချက်

ငွေကြေးဖောင်းပွမှုနှုန်း(နှစ်အလိုက် ပျမ်းမျှ)သည် ယခုနှစ်၏ စားသုံးသူဈေးဆနှုန်းကို လွန်ခဲ့သောနှစ် အလားတူလချင်း နှိုင်းယှဉ်၍ ၁၂လပြောင်းလဲမှုကို ပျမ်းမျှတွက်ချက်ထားခြင်းဖြစ်ပြီး နှစ်အလိုက်ပြောင်းလဲမှုမှာ ယခုနှစ် စားသုံးသူဈေးဆနှုန်း ကို လွန်ခဲ့သောနှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်းနှင့် နှိုင်းယှဉ်၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| အလုပ်လက်မဲ့နှုန်း | (%) | ၄.၀၁ | ၄.၀၂ |
| Unemployment | | | |
| လုပ်သားအင်အားပါဝင်မှုနှုန်း | (%) | ၆၆.၀၄ | ၆၆.၂၈ |
| Labour Force Participation Rate | | | |
| **စီးပွားရေးဖွံ့စည်းမှု** | | | |
| ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း | | ၅.၆<br>စီမံကိန်း (၆.၀) | ၇.၆<br>စီမံကိန်း (၆.၇) |
| **ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး (နှစ်အလိုက်ထုတ်လုပ်သူများဈေးနှုန်း)** | | | |
| လယ်ယာ | (%) | ၃၂.၅<br>စီမံကိန်း (၃၄.၆) | ၃၀.၅<br>စီမံကိန်း (၃ ၂.၃) |
| စက်မှု | (%) | ၃၁.၃<br>စီမံကိန်း( ၂၇.၁) | ၃၂.၀<br>စီမံကိန်း(၃၀.၃) |
| ဝန်ဆောင်မှု | (%) | ၃၆.၂<br>စီမံကိန်း(၃၈.၃) | ၃၇.၅<br>စီမံကိန်း(၃၇.၄) |
| **ကဏ္ဍကြီးများအလိုက် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း** | | | |
| လယ်ယာ | (%) | (-)၀.၇<br>စီမံကိန်း(၁. ၂) | ၂.၀<br>စီမံကိန်း(၃.၀) |
| စက်မှု | (%) | ၁၀.၂<br>စီမံကိန်း(၁၀.၃) | ၈.၀<br>စီမံကိန်း(၉.၀) |
| ဝန်ဆောင်မှု | (%) | ၈.၆<br>စီမံကိန်း(၇.၆) | ၁၂.၆<br>စီမံကိန်း(၈.၁) |
| **ပြည်ပကုန်သွယ်ရေး (EXTERNAL TRADE)** | | | |
| ပို့ကုန် (Exports) | ဒေါ်လာသန်းပေါင်း | ၈၄၈၈.၈၀ | ၈၇၄၈.၉ |
| သွင်းကုန် (Imports) | ဒေါ်လာသန်းပေါင်း | -၇၉၆၃.၉ | -၇၈၁၃.၃ |
| ကုန်သွယ်မှုပိုငွေ/လိုငွေ (Trade Balance) | ဒေါ်လာသန်းပေါင်း | ၅၂၄.၉ | ၉၃၅.၆၀ |
| ပြည်ပအလုပ်သမားများမှလွှဲပြောင်းပေးပို့ငွေ (Worker Reminttances) | ကျပ်သန်းပေါင်း | ၁၃၃၈၀.၀၇ | ၈၃၄၂၇.၉ |
| သာမန်စာရင်းမှ ပိုငွေ/လိုငွေ (ထောက်ပံ့ငွေမပါဝင်ပါ) Current Account Balance (Excluding grants) | ဒေါ်လာသန်းပေါင်း | -၁၁၂၈.၃ | -၆၆၀.၀ |
| ပြည်ပငွေပေးငွေယူရှင်းတမ်း (Overall Balance of Payment) | ဒေါ်လာသန်းပေါင်း | ၁၁၀၅.၁ | ၁၈၃.၆<br>(၂၀၁၂၊ ဒီဇင်ဘာ) |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| **ပြည်သူ့ဘဏ္ဍာရေး **(GOVERNMENT FINANCE)** | | | |
| **စုစုပေါင်းရငွေ (Total Revenue )** | ကျပ်သန်းပေါင်း | ၆၈၃၇၃၇၀ | ၁၃၅၁၂၁၁၆ |
| | ဒေါ်လာသန်းပေါင် | ၈၅၄၆.၇၁ | ၁၅၀၁၃.၄၆ |
| **တိုင်းဒေသကြီးနှင့် ပြည်နယ် ရငွေ** | ကျပ်သန်းပေါင်း | ၃၃၂၆၆၁ | ၉၁၀၁၅၃ |
| **စုစုပေါင်းရငွေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်** | % | ၄.၈၇ | ၆.၇၄ |
| **သာမန်ရငွေ** | ကျပ်သန်းပေါင်း | ၆၄၈၃၂၃၀ | ၁၂၄၃၇၈၁၈ |
| | ဒေါ်လာသန်းပေါင် | ၈၁၀၄.၀၄ | ၁၃၈၁၉.၈၀ |
| **တိုင်းဒေသကြီးနှင့် ပြည်နယ် သာမန်ရငွေ** | ကျပ်သန်းပေါင်း | ၂၇၇၂၂၃.၁၇ | ၈၈၇၅၅၆.၄၁ |
| -ကချင်ပြည်နယ် | ကျပ်သန်းပေါင်း | ၈၈၅၁.၂၈ | ၃၉၃၅၉.၇၄၇ |
| -ကယားပြည်နယ် | ကျပ်သန်းပေါင်း | ၈၀၃.၂၉၂ | ၉၆၆၈.၈၄ |
| -ကရင်ပြည်နယ် | ကျပ်သန်းပေါင်း | ၃၆၂၀.၅၂၉ | ၂၁၆၂၈.၃၈၃ |
| -ချင်းပြည်နယ် | ကျပ်သန်းပေါင်း | ၂၆၃၈.၄၃၂ | ၁၆၉၇၂.၉၉၆ |
| -စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၃၄၅၁.၈၂၇ | ၇၇၈၃၆.၅၀၁ |
| -တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၆၂၁၃.၉၉ | ၃၆၁၁၅.၉၅၇ |
| -ပဲခူးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၁၆၀၁၇.၀၈ | ၃၇၁၈၂.၆၆၉ |
| -မကွေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၁၃၅၈၉.၁၀၂ | ၈၅၇၂၄.၃၀၃ |
| -မန္တလေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၅၈၁၇၃.၉၇၁ | ၇၁၇၇၃.၅၅၅ |
| -မွန်ပြည်နယ် | ကျပ်သန်းပေါင်း | ၁၂၄၂၉.၆၃၈ | ၂၆၂၇၅.၇၈၇ |
| -ရခိုင်ပြည်နယ် | ကျပ်သန်းပေါင်း | ၂၅၀၂၂.၃၈၉ | ၆၅၁၅၃.၇၇၆ |
| -ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၆၁၀၉၁.၁၄၃ | ၂၁၃၅၈၅.၅၉၃ |
| -ရှမ်းပြည်နယ် | ကျပ်သန်းပေါင်း | ၂၅၈၉၉.၇၂၅ | ၁၀၂၃၉၁.၉၄၈ |
| -ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၁၉၄၂၀.၇၆၇ | ၈၃၈၈၆.၃၅၆ |
| -ပြည်ထောင်စုမှထောက်ပံ့ငွေ | ကျပ်သန်းပေါင်း | | ၁၁၅၅၀၂၆၁.၁၉၃ |
| **ငွေလုံးငွေရင်းရငွေ (Capital** | ကျပ်သန်းပေါင်း | ၃၃၈၄၂၂ | ၃၆၉၆၀၆ |
| | ဒေါ်လာသန်းပေါင် | ၄၂၃.၀၃ | ၄၁၀.၆၇ |

** ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်တစ်ဒေါ်လာ = ၈၀၀ကျပ် နှင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၉၀၀ကျပ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| **တိုင်းဒေသကြီးပြည်နယ် ငွေလုံးငွေရင်းရငွေ** | ကျပ်သန်းပေါင်း | ၅၅၄၃၈.၂၇၈ | ၁၇၇၂၉.၁၀၈ |
| -ကချင်ပြည်နယ် | ကျပ်သန်းပေါင်း | | ၀.၆၉၅ |
| -ကယားပြည်နယ် | ကျပ်သန်းပေါင်း | ၀.၂၄၀ | |
| -ကရင်ပြည်နယ် | ကျပ်သန်းပေါင်း | ၀.၁၁၄ | ၁.၉၇၉ |
| -ချင်းပြည်နယ် | ကျပ်သန်းပေါင်း | ၀.၇၃၁ | |
| -စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၃.၇၀၆ | ၁၄.၉၄၃ |
| -တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၄.၇၈၆ | ၀.၀၃ |
| -ပဲခူးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | | ၂.၅၇၉ |
| -မကွေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၇၂၀၆.၀၆၀ | ၂.၉၉၃ |
| -မန္တလေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၁၇၅၇.၈၀၂ | ၉၈၁၃.၈၆၉ |
| -မွန်ပြည်နယ် | ကျပ်သန်းပေါင်း | ၅၃.၄၁၇ | ၄.၃၇၆ |
| -ရခိုင်ပြည်နယ် | ကျပ်သန်းပေါင်း | | ၀.၀၇၁ |
| -ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၆၃၀၁.၆၃၀ | ၇၈၅၇.၇၄၇ |
| -ရှမ်းပြည်နယ် | ကျပ်သန်းပေါင်း | ၆၉.၇၉၂ | ၂၅.၇၅၃ |
| -ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | | ၄.၀၇၃ |
| **ကြွေးမြီရငွေ (Financial Receipts)** | ကျပ်သန်းပေါင်း | ၁၅၇၁၈ | ၇၀၄၆၉၂ |
| | ဒေါ်လာသန်းပေါ | ၁၉.၆၅ | ၇၈၂.၉၉ |
| **တိုင်းဒေသကြီးနှင့်ပြည်နယ် ကြွေးမြီရငွေ** | ကျပ်သန်းပေါင်း | - | ၄၈၆၇.၂၅၃ |
| **စုစုပေါင်းအသုံးစရိတ် (Total** | ကျပ်သန်းပေါင်း | ၈၆၁၇၉၅၄ | ၁၂၃၆၀၁၈၀ |
| **တိုင်းဒေသကြီးနှင့် ပြည်နယ် အသုံးစရိတ်** | ကျပ်သန်းပေါင်း | ၄၀၅၄၇၆ | ၈၆၃၄၂၈ |
| **သာမန်အသုံးစရိတ်** | ကျပ်သန်းပေါင်း | ၅၅၆၁၄၅၃ | ၇၅၅၆၂၅၀ |
| **တိုင်းဒေသကြီးနှင့် ပြည်နယ်** | ကျပ်သန်းပေါင်း | ၃၁၄၃၆၆.၁၃၀ | ၅၈၅၃၀၁.၂၀၅ |
| -ကချင်ပြည်နယ် | ကျပ်သန်းပေါင်း | ၁၄၈၉၇.၁၂၂ | ၂၇၅၅၁.၇၅၈ |
| -ကယားပြည်နယ် | ကျပ်သန်းပေါင်း | ၃၇၅၈.၄၅၆ | ၇၃၃၇.၆၀၈ |
| -ကရင်ပြည်နယ် | ကျပ်သန်းပေါင်း | ၅၁၂၂.၉၀၆ | ၁၈၄၆၉.၃၇ |
| -ချင်းပြည်နယ် | ကျပ်သန်းပေါင်း | ၈၉၉၆.၃၆၆ | ၁၄၆၇၆.၀၃၄ |
| -စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၃၄၂၂၀.၇၇၉ | ၆၆၅၄၇.၅၀၃ |
| -တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၈၉၉၂.၆၁၇ | ၂၂၀၉၄.၈၉၁ |
| -ပဲခူးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၄၁၁၇.၇၀၂ | ၃၀၂၉၁.၆၇၂ |
| -မကွေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၁၆၉၃.၆၄၆ | ၄၉၀၁၆.၈၆ |
| -မန္တလေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၃၄၇၉၀.၀၂၃ | ၄၈၅၉၅.၇၂၇ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| -မွန်ပြည်နယ် | ကျပ်သန်းပေါင်း | ၉၅၇၉.၅၀၁ | ၁၉၃၂၆.၉၁၈ |
| -ရခိုင်ပြည်နယ် | ကျပ်သန်းပေါင်း | ၃၃၁၈၉.၃၃၄ | ၆၀၁၆၇.၁၅၆ |
| -ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၅၄၉၄၂.၂၅၉ | ၈၈၈၄၁.၈၆၇ |
| -ရှမ်းပြည်နယ် | ကျပ်သန်းပေါင်း | ၄၁၈၇၅.၂၄၇ | ၈၆၁၃၃.၆၃၈ |
| -ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၁၈၁၉၀.၁၇၂ | ၄၆၂၅၀.၂၀၃ |
| **ငွေလုံးငွေရင်းအသုံးစရိတ် (Capital expenditure)** | ကျပ်သန်းပေါင်း | ၃၀၅၂၆၇၀ | ၄၆၆၅၂၅၁ |
| **တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေလုံးငွေရင်း အသုံးစရိတ်** | ကျပ်သန်းပေါင်း | ၉၀၈၁၀.၂၉၇ | ၂၇၇၄၇၄.၅၃၅ |
| -ကချင်ပြည်နယ် | ကျပ်သန်းပေါင်း | ၂၆၈၂.၇၄၅ | ၉၃၁၄.၈၆၇ |
| -ကယားပြည်နယ် | ကျပ်သန်းပေါင်း | ၁၁၅၁.၃၂၆ | ၁၉၆၆.၂၀၄ |
| -ကရင်ပြည်နယ် | ကျပ်သန်းပေါင်း | ၉၆၅.၀၃၂ | ၁၄၃၇.၂ |
| -ချင်းပြည်နယ် | ကျပ်သန်းပေါင်း | ၃၅၈.၄၂၉ | ၂၆၆၅.၃၈၈ |
| -စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၃၇၅၉.၆၈၅ | ၇၃၂၃.၅၄၇ |
| -တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၁၇၁၀.၀၀၈ | ၁၂၃၉၅.၂၃၅ |
| -ပဲခူးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၅၃၂၄.၀၂၈ | ၄၃၃၁.၉၁၉ |
| -မကွေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၃၃၃၆.၂၃၁ | ၃၂၅၉၁.၈၄၄ |
| -မန္တလေးတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၃၂၉၃၀.၃၈၈ | ၃၃၄၈၃.၁၃၈ |
| -မွန်ပြည်နယ် | ကျပ်သန်းပေါင်း | ၂၇၃၆.၄၈၄ | ၅၁၄၆.၁၃၇ |
| -ရခိုင်ပြည်နယ် | ကျပ်သန်းပေါင်း | ၁၄၄၁.၃၄၉ | ၃၇၈၈.၁၀၂ |
| -ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၂၄၈၅၀.၈၁၆ | ၁၂၁၃၉၄.၁၈၈ |
| -ရှမ်းပြည်နယ် | ကျပ်သန်းပေါင်း | ၅၉၅၀.၈၂၅ | ၁၀၂၈၈.၃၈၉ |
| -ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်းပေါင်း | ၃၆၁၂.၉၅၁ | ၃၁၃၄၈.၃၇၇ |
| **ကြွေးမြီအသုံးစရိတ်(Financial expenditure)** | ကျပ်သန်းပေါင်း | ၃၈၃၁ | ၁၃၈၉၇၉.၂၉၆ |
| သာမန်ပိုငွေ/လိုငွေ (Current Surplus/deficit) | ကျပ်သန်းပေါင်း | ၉၂၁၅၆၈ | ၂၇၂၃၆၄၄ |
| ငွေလုံးငွေရင်းပိုငွေ/လိုငွေ (Capital account surplus/deficit) | ကျပ်သန်းပေါင်း | -၂၇၁၄၂၆၂ | -၅၁၃၈၆၅၇ |
| ဘဏ္ဍာရေးပိုငွေ/လိုငွေ (Overall budgetary surplus/deficit) | ကျပ်သန်းပေါင်း | -၁၇၈၀၅၈၄ | -၁၆၆၄၉၄၆ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| ပြည်တွင်းချေးငွေ (Domestic borrowing) | ကျပ်သန်းပေါင်း | ၁၂၄၅၃ | ၁၄၇၅၆ |
| သာမန်လိုငွေနှင့်ပြည်တွင်းအသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးအချိုး (Current Account Deficit/GDP ) | (%) | ၁.၉၈ | ၅.၃၂ |
| ဘက်ဂျက်ပိုငွေ/လိုငွေနှင့်ပြည်တွင်းအသားတင်ထုတ် လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအချိုး (Budget Deficit/GDP) | (%) | -၃.၈ | +၂.၂ |
| စုစုပေါင်း အသုံးစရိတ် | ဒေါ်လာသန်းပေါင်း | ၁၀၇၇၂.၄ | ၁၃၇၃၃.၈၇ |
| သာမန်အသုံးစရိတ် | ဒေါ်လာသန်းပေါင်း | ၆၉၅၁.၈၂ | ၈၃၉၅.၈၃ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ဒေါ်လာသန်းပေါင်း | ၃၈၁၅.၈၄ | ၅၁၈၃.၆၁ |
| ကြွေးမြီအသုံးစရိတ် | ဒေါ်လာသန်းပေါင်း | ၄.၇၉ | ၁၅၄.၄၂ |
| ဘက်ဂျက်ပိုငွေ/လိုငွေ (Budget Deficit) | ဒေါ်လာသန်းပေါင်း | -၂၂၂၅.၇၃ | ၁၂၇၉.၉၃ |
| **ပြည်ပအကူအညီအထောက်အပံ့# (Grant)** | ခုရေ | ၈ | ၆၇ |
| | ဒေါ်လာသန်းပေါင်း | ၂၂၉.၈၄ | ၇၄၀.၁၉၉ |
| **ချေးငွေ (Loan)** | ဒေါ်လာသန်းပေါင်း | ၃၁.၅၀၂ | ၉၈.၈၉၈ |
| | ယွမ်သန်းပေါင်း | ၂၉၁.၂၃၄ | ၉၆၀.၈၄၆ |
| | ယူရိုသန်းပေါင်း | | ၅၁၀.၅၂၄ |
| **ရင်းနှီးမြှုပ်နှံမှု*** (Investment)** | | | |
| စုစုပေါင်းပြည်တွင်းရင်းနှီးမြှုပ်နှံမှု (နိုင်ငံပိုင်+သမဝါယမ+ပုဂ္ဂလိက ) | ကျပ်သန်း ထောင်ပေါင်း | ၁၃၅၁၆.၂ | ၁၅၃၀၆.၀၀ |
| | ဒေါ်လာသန်း ထောင်ပေါင်း | ၁၆.၇၃ | ၁၈.၄၄ |
| နိုင်ငံပိုင် | ကျပ်သန်း ထောင်ပေါင်း | ၃၀၅၂.၇ | ၄၆၆၅.၂ |
| သမဝါယမ | ကျပ်သန်း ထောင်ပေါင်း | ၁.၆ | ၁.၈ |
| ပုဂ္ဂလိက | ကျပ်သန်း ထောင်ပေါင်း | ၁၀၄၆၁.၉၄ | ၁၀၆၃၉.၀၂ |
| | ဒေါ်လာသန်း ထောင်ပေါင်း | ၁၂.၉၅ | ၁၂.၈၂ |

# MOI, LOU, Agreement များအရလက်မှတ်ရေးထိုးထားသော တန်ဖိုးဖြစ်ပါသည်။

*** ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်တစ်ဒေါ်လာ = ၈၀၈ကျပ် နှင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် တွင် ၈၃၀ကျပ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ကျပ်သန်း ထောင်ပေါင်း | ၃၇၅၂.၇ | ၁၀၁၄.၇ |
| | ဒေါ်လာသန်း ထောင်ပေါင်း | ၄.၆၄ | ၁.၄၂ |
| မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု | ကျပ်သန်း ထောင်ပေါင်း | ၂၄၁.၆၀ | ၁၁၇၄.၆၀ |
| | ဒေါ်လာသန်း ထောင်ပေါင်း | ၀.၃၀ | ၁.၃၃ |
| ပြည်တွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု | ကျပ်သန်း ထောင်ပေါင်း | ၆၄၆၇.၆ | ၈၄၄၉.၇ |
| | ဒေါ်လာသန်း ထောင်ပေါင်း | ၈.၀၀ | ၁၀.၁၈ |
| **စုစုပေါင်းအစိုးရကြွေးမြီ** (TOTAL GOVERNMENT DEBT)** | | | |
| စုစုပေါင်းကြွေးမြီပေးဆပ်မှုနှင့် ဂျီဒီပီအချိုး [Total Debt Service(GDP%)] | အချိုး | ၀.၃ | ၀.၄ |
| အစိုးရကြွေးမြီစုစုပေါင်းနှင့် ဂျီဒီပီအချိုး [Total Government Debt(GDP%)] | အချိုး | ၃၁.၄ | ၃၃.၆ |
| ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုး [Domestic (GDP%)] | အချိုး | ၁၇.၈ | ၁၉.၄ |
| ပြည်ပကြွေးမြီနှင့် ဂျီဒီပီ အချိုး[ Foreign (GDP%)] | အချိုး | ၁၃.၆ | ၁၄.၂ |
| စုစုပေါင်းကြွေးမြီပေးဆပ်မှု (Total Debt | ဒေါ်လာသန်းပေါင်း | ၂၀၃.၁၀၄ | ၂၃၂.၀၅၄ |
| ချေးငွေပမာဏ ( Principal) | ဒေါ်လာသန်းပေါင်း | ၁၁၄.၀၅၈ | ၁၅၇.၂၆၆ |
| အတိုး (Interest) | ဒေါ်လာသန်းပေါင်း | ၈၉.၀၄၆ | ၇၄.၇၈၈ |
| စုစုပေါင်း ပြည်ပကြွေးမြီ (Total External | ဒေါ်လာသန်းပေါင်း | ၇၉၁၈.၄၈၃ | ၈၁၁၂.၇၂၁ |
| စုစုပေါင်း ပြည်တွင်း ကြွေးမြီ (Total Domestic Debt) | ကျပ်သန်းပေါင်း | ၈၂၇၉၉၂၂ | ၉၉၃၇၁၇၂ |
| | ဒေါ်လာသန်းပေါင်း | ၁၀၃၄၉.၉၀ | ၁၁၀၄၁.၃၀ |
| **ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး (ACCESS TO BANKING & FINANCE)** | | | |
| ကူးသန်းရောင်းဝယ်ရေးဘဏ် | ခုရေ | ၁၉ | ၁၉ |
| ဘဏ်ခွဲ | ခုရေ | ၃၆၆ | ၄၈၅ |

** ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်တစ်ဒေါ်လာ = ၈၀၀ကျပ်နှင့်၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၉၀၀ကျပ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| အလိုအလျောက်ငွေထုတ်စက် စနစ် | | | |
| ကူးသန်းရောင်းဝယ်ရေးဘဏ် | ခုရေ | ၃၇ | ၂၂၅ |
| အာမခံကုမ္ပဏီ | | | |
| မှတ်ပုံတင်ထားသော ငွေရေးကြေးရေး ကုမ္ပဏီ | ခုရေ | ၁ | ၃ |
| **ငွေလဲလှယ်နှုန်း** | | | |
| နှစ်စဉ်ပျမ်းမျှ | | | |
| ကျပ်/ဒေါ်လာ | | ၅.၃၉၉၀ | ၈၅၁.၅၇၈၃ |
| နှစ်ကုန်(ဇန်နဝါရီ-ဒီဇင်ဘာ) | | | |
| ကျပ်/ဒေါ်လာ | | ၅.၃၉၄၉ | ၆၃၈.၆၂၃၃ |

**ကုန်သွယ်မှုပမာဏ(ဒေါ်လာ)**
**TRADE VOLUME (USD)**

| **အကောက်ခွန်နှုန်း** | ၂၀၁၁-၁၂ | | ၂၀၁၂-၁၃ |
|---|---|---|---|
| အကောက်ခွန်ကင်းလွတ် | ၂,၃၁၄,၆၁၇,၀၃၇.၅၄ | | ၁,၉၆၇,၁၄၄,၇၁၇.၀၈ |
| ၂.၅% အောက် အကောက်ခွန် ကင်းလွတ် | ၃,၆၆၂,၉၀၉,၇၁၁.၃၇ | | ၄,၀၄၁,၈၁၈,၃၇၅.၅၂ |
| ၆% အောက် အကောက်ခွန် ကင်းလွတ် | ၉၈၄,၈၈၃,၁၉၄.၇၅ | | ၁,၃၁၂,၄၄၁,၅၆၀.၁၁ |
| ၁၅% အောက် အကောက်ခွန် ကင်းလွတ် | ၁၇၉,၁၃၃,၃၂၄.၄၄ | | ၂၈၇,၄၂၈,၈၅၉.၄၀ |
| ၂၈%အောက် အကောက်ခွန် ကင်းလွတ် | ၁၈,၆၃၂,၄၈၀.၄၉ | | ၃၃,၀၀၄,၅၁၁.၅၄ |
| ၅၀% အောက် အကောက်ခွန် ကင်းလွတ် | ၁၇၆,၃၇၈,၁၆၁.၂၁ | | ၆၀၉,၆၈၇,၄၆၅.၆၀ |
| **စုစုပေါင်း** | ၇၃၃၆၅၅၃၉၀၉.၈ | | ၈,၂၅၁,၅၂၅,၄၈၉.၂၅ |

| ဝင်ငွေခွန် (%)<br>Personal Income Tax (%) | | | |
|---|---|---|---|
| | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | |
| ၁ကျပ် မှ ၅,၀၀၀ ကျပ် | ၃ | ၁ကျပ် မှ ၅၀၀,၀၀၀ ကျပ် | ၁ |
| ၅၀၀၁ကျပ် မှ ၁၀,၀၀၀ ကျပ် | ၅ | ၅၀၀,၀၀၁ကျပ်မှ ၁,၀၀၀,၀၀၀ | ၂ |
| ၁၀,၀၀၁ကျပ် မှ ၂၀,၀၀၀ ကျပ် | ၇ | ၁,၀၀၀,၀၀၁ ကျပ် မှ ၁,၅၀၀,၀၀၀ | ၃ |
| ၂၀,၀၀၁ကျပ် မှ ၃၀,၀၀၀ကျပ် | ၁၀ | ၁,၅၀၀,၀၀၁ ကျပ် မှ ၂,၀၀၀,၀၀၀ | ၄ |
| ၃၀,၀၀၁ကျပ် မှ ၅၀,၀၀၀ကျပ် | ၁၂ | ၂,၀၀၀,၀၀၁ ကျပ် မှ ၃,၀၀၀,၀၀၀ | ၅ |
| ၅၀,၀၀၁ကျပ် မှ ၇၀,၀၀၀ ကျပ် | ၁၅ | ၃,၀၀၀,၀၀၁ကျပ်မှ ၄,၀၀၀,၀၀၀ | ၆ |
| ၇၀,၀၀၁ကျပ် မှ ၉၀,၀၀၀ | ၁၆ | ၄,၀၀၀,၀၀၁ ကျပ်မှ ၆,၀၀၀,၀၀၀ | ၇ |
| ၉၀,၀၀၁ကျပ် မှ ၁၁၀,၀၀၀ | ၁၇ | ၆,၀၀၀,၀၀၁ကျပ်မှ ၈,၀၀၀,၀၀၀ | ၉ |
| ၁၁၀,၀၀၁ကျပ် မှ ၁၅၀,၀၀၀ | ၁၈ | ၈,၀၀၀,၀၀၁ ကျပ်မှ ၁၀,၀၀၀,၀၀၀ | ၁၁ |
| ၁၅၀,၀၀၁ကျပ် မှ ၂၀၀,၀၀၀ | ၁၉ | ၁၀,၀၀၀,၀၀၁ ကျပ်မှ ၁၅,၀၀၀,၀၀၀ | ၁၃ |
| ၂၀၀,၀၀၁ကျပ် မှ ၃၀၀,၀၀၀ | ၂၀ | ၁၅,၀၀၀,၀၀၁ ကျပ်မှ ၂၀,၀၀၀,၀၀၀ | ၁၅ |
| ၃၀၀,၀၀၁ကျပ် မှ ၅,၀၀၀,၀၀၀ | ၂၂ | ၂၀,၀၀၀,၀၀၁ ကျပ်နှင့် အထက် | ၂၀ |
| ၅,၀၀၀,၀၀၁ကျပ်နှင့် အထက် | ၃၀ | | |

၆၆။ **လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ။** လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ဖော်ပြရလျှင် စုစုပေါင်းလူဦးရေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် ၆၀.၃၈၄ သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၆၀.၉၇၆ သန်း ဖြစ်ပါသည်။ ကျားဦးရေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂၉.၈၄၇ သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃၀.၁၃၉ သန်း ဖြစ်ပါသည်။ မ ဦးရေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၀.၅၃၇ သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃၀.၈၃၇ သန်း ဖြစ်ပါသည်။ လူဦးရေတိုးတက်မှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁.၀၁ %ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် တွင် ၀.၉၈ % ဖြစ်ပါသည်။

၆၇။ **လူဦးရေသိပ်သည်းမှု**။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် တစ်စတုရန်း ကီလိုမီတာလျှင် ၈၉ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၉၀ဖြစ်ပါသည်။ မြို့ပြနေ လူဦးရေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၈.၅၇၂ သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၈.၇၅၅သန်း သို့ တိုးတက်လာခဲ့ပါသည်။

၆၈။ **ကျေးလက်နေလူဦးရေ**။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၄၁.၈၁၂ သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၄၂.၂၂၁ သန်းထိ မြင့်တက်ခဲ့ပါသည်။ သက်ကြီး ၆၅နှစ်အထက်နှင့် သက်ငယ် ၁၄ နှစ်အောက် မှီခိုသူနှုန်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၅၃.၉၄% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၅၃.၅၆ % ဖြစ်ပါသည်။ သက်ကြီး ၆၀နှစ်အထက်နှင့် သက်ငယ် ၁၄ နှစ်အောက် မှီခိုသူနှုန်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၆၁.၂၆% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆၀.၈၆ % ဖြစ်ပါသည်။

၆၉။ **မျှော်မှန်းသက်တမ်း**။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၆၆.၈၅ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆၇.၁ ဖြစ်ပါသည်။ တစ်နှစ်အောက် ကလေး ၁၀၀၀တွင် သေဆုံးမှုနှုန်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၇.၀ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၂၆.၀သို့ လျော့ကျခဲ့ ပါသည်။ သားဖွားမိခင် သေဆုံးမှုအချိုးမှာ အရှင်မွေး၁၀၀,၀၀၀တွင် ၂၀၁၁-၂၀၁၂ဘဏ္ဍာ နှစ်၌ ၁၄၁ဦး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၁၁ ဦး ဖြစ်ပါသည်။ မွေးနှုန်းကြမ်းမှာ လူဦးရေ ၁၀၀၀လျှင် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၆.၈ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၆.၁ ဖြစ်ပါသည်။ သေနှုန်းကြမ်းမှာ လူဦးရေ ၁၀၀၀လျှင် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၅.၇ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၅.၆ ဖြစ်ပါသည်။

၇၀။ **မော်တော်ယာဉ်တင်သွင်းမှု**။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၄၀၄၀၃.၀၁ တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၂၁၀၄စီး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၃၆၂၅၅၅ တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၄၂၈၉ စီး ဖြစ်ပါသည်။ သုံးဘီးယာဉ်များ တင်သွင်းမှုမှာ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၄၂၄၀

တန်ဖိုးရှိ သုံးဘီးယာဉ် ၅၆ စီးဖြစ်ပါသည်။ ထွန်စက်တင်သွင်းမှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၉၃၃၉၅၂.၀၈ တန်ဖိုးရှိ ထွန်စက် ၄၄၉၂၁ ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၆၁၈၈၉၃.၅၅ တန်ဖိုးရှိ ထွန်စက် ၁၂၄၈၀ ဖြစ်ပါသည်။ ကုန်တင် ယာဉ် တင်သွင်းမှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄၆၀၃၉၂၆၄.၁၀ တန်ဖိုးရှိ ကုန်တင်ယာဉ် ၃၂၄၇ စီးရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၄၀၂၅၂၈၇၆.၃၈ တန်ဖိုးရှိ ကုန်တင်ယာဉ် ၃၁၉၄၇ စီး ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၂၄၄၉၇၆၆.၅၁ တန်ဖိုးရှိ ခရီးသည် တင်ယာဉ်နှင့် VAN ကားများ ၂၂၀၃ စီးရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၈၁၀၁၃၄၈၆.၂၁ တန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကားများ ၃၀၈၃ စီးဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၈၇၂၈၄၆၇.၁၅ တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၂၉၀၃၂ စီးရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် တွင် အမေရိကန်ဒေါ်လာ ၆၂၀၆၉၇၆၂၆.၆၂ တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၉၂၈၈၅ စီး ဖြစ်ပါသည်။ အထူးအတွက် အသုံးပြုသော မော်တော်ယာဉ် တင်သွင်းမှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂၂၂၀၁.၇၉ တန်ဖိုးရှိ မော်တော်ယာဉ် ၂၈ စီးရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာ နှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၀၈၈၂၄.၀၀ တန်ဖိုးရှိ မော်တော်ယာဉ် ၇၃ စီး ဖြစ်ပါသည်။

၇၁။ **အခြေခံအဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှု။** လူထု၏ အခြေခံအဆောက်အအုံ ဆိုင်ရာ အသုံးပြုနိုင်မှုသည် ပြည်သူသုံးကုန်စည် (Public Utilities) ဖြစ်ရာ ပြည်သူလူထု၏ လူနေမှု ဘဝအရည်အသွေး မြင့်မားရေးအားများစွာ အထောက်အကူပြုစေမည် ဖြစ်ပါသည်။ ထို့ပြင် စီးပွားရေး အဆောက်အုံတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက် အအုံဆိုင်ရာ တိုးတက်မှုမှာ မရှိမဖြစ် လိုအပ်ပါသည်။ သို့ပါ၍ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မှု၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှု ရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေးနှင့် ဆယ်လူလာ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှု၊ ရေရရှိနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှု၊ ခရီးသွား လုပ်ငန်း၊ သတင်းအချက်အလက် ရရှိနိုင်မှု စသည်တို့အား တင်ပြအပ်ပါသည်။

၇၂။ **လျှပ်စစ်ဓာတ်အား။** လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်သည့် ကျေးရွာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၇၀၇၃ရွာ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၈၀၄၇ရွာ ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအားကိုဖော်ပြရလျှင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာ နှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၆၈၀၅.၅၉ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၆၅၃၈.၉၅(ယာယီ) ဖြစ်ပါသည်။ ရေနွေးငွေ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်

နိုင်မှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၇၂၃.၈၂ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၇၇၀.၆၄ (ယာယီ) ဖြစ်ပါသည်။ အခြား (ဒီဇယ်+ဓာတ်ငွေ့) ထုတ်လုပ်နိုင်မှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၂၁၈၂.၁၅ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း၂၄၂၈.၀၁ (ယာယီ) ဖြစ်ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုမှာ အမေရိကန်စည် ထောင်ပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၇၁၂၅.၈၃ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၆၇၃၆.၉၇ ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ ကုဗပေ သန်းပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၄၄၈၂၃၉ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၄၄၆၁၀၉ ဖြစ်ပါသည်။

၇၃။ **ဆက်သွယ်ရေးနှင့် ဆယ်လူလာမိုဘိုင်းဖုန်း အသုံးပြုနိုင်မှု။** ဆက်သွယ်ရေးကို ဖော်ပြရလျှင် တပ်ဆင်ပြီး ကြိုးဖုန်းလိုင်းများမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် လိုင်းရေ ၅၂၄၂၂၅ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် လိုင်းရေ ၅၃၀၄၇၃ ဖြစ်ပါသည်။ ဆယ်လူလာမိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၆၃၇၆၃၇ လုံး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃၈၀၄၅၀၇ လုံး ဖြစ်ပါသည်။

၇၄။ **တယ်လီဖုန်းသုံးစွဲမှု။** လူဦးရေ ၁၀၀၀ လျှင် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၇လုံး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၇၂လုံး ဖြစ်ပါသည်။ အင်တာနက် အသုံးပြုမှုလိုင်းအရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၈၁၈၄ လိုင်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၈၅၈၂၄၇ လိုင်းဖြစ်ပါ သည်။ စာတိုက်လုပ်ငန်းတွင် အစိုးရစာတိုက်ပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၃၈၉ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၃၈၂ ရှိပါသည်။

၇၅။ **သယ်ယူပို့ဆောင်ရေး။** လမ်းဖောက်လုပ်မှုတွင် စုစုပေါင်း လမ်းအရှည်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၉၀၈၂ ကီလိုမီတာဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃၉၇၀၁ ကီလိုမီတာ ဖြစ်ပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၀.၀၅၇၇ ကီလိုမီတာဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၀၅၈၇ ကီလိုမီတာ ဖြစ်ပါသည်။ ပလက်ဖောင်းပါသောလမ်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၀၈၈၀ ကီလိုမီတာ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃၂၂၁၇ ကီလိုမီတာ ဖြစ်ပါသည်။ ယာဉ်အသုံးပြုမှုတွင် စုစုပေါင်း မှတ်ပုံတင်သောယာဉ်မှာ ၂၀၁၁ ခုနှစ်တွင် ၃၅၉၅၆၇စီးရေဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၄၂၆၈၇၃စီး ဖြစ်ပါသည်။ ကုန်တင်ယာဉ်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၀.၁၀သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၀၉သန်း ဖြစ်ပါသည်။ မီးရထား လမ်းအရှည်မှာ ၂၀၁၁-၂၀၁၃ ဘဏ္ဍာနှစ်တွင် သံလမ်းမိုင် ၄၈၁၈ မိုင် ဖြစ်ပါသည်။ ခရီးသည်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၆၄.၂သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၅၄.၃သန်း ဖြစ်ပါသည်။

ခရီးသည်(တစ်ကီလိုမီတာလျှင်) ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် သန်းပေါင်း ၅၂၈၂ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် သန်းပေါင်း ၃၉၂၁ ဖြစ်ပါသည်။ ကုန်တန်ချိန်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သန်းပေါင်း ၃.၆ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် သန်းပေါင်း ၃.၀ ဖြစ်ပါသည်။ မြို့ပြောင်းလေကြောင်းတွင် ပြည်တွင်းလေဆိပ်မှာ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၆၆ ရှိပါသည်။ ပြည်တွင်းခရီးသည်မှာ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၆၄ သန်းရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၀.၆၅ သန်းဖြစ်ပါသည်။ လေယာဉ်စီးရေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၈စီးရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၄၆စီး ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၃ခုရှိပါသည်။ ပြည်ပခရီးသည်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၀.၄၀သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၄၂သန်း ဖြစ်ပါသည်။ ပို့ကုန်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် ၁၀.၄သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၉.၆သန်း ဖြစ်ပါသည်။ သွင်းကုန်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် ၁၅.၃သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၈.၁သန်း ဖြစ်ပါသည်။ လေယာဉ် (ထွက်ခွာ)မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ခေါက်ရေ ၀.၀၀၇သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၀၀၉သန်း ဖြစ်ပါသည်။ လေယာဉ် (ဆိုက်ရောက်)မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် ၀.၀၀၇သန်းရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၀.၀၀၉သန်း ဖြစ်ပါသည်။

၇၆။ **ဆိပ်ကမ်း။** ဆိပ်ကမ်းအခြေအနေမှာ သင်္ဘောအဝင်စီးရေ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၃၇၆ စီးရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၄၁၀၁စီး ရှိပါသည်။ စုစုပေါင်းပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာ ပေါင်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၄၀၈၀၄၃ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၄၇၈၀၁၁ ဖြစ်ပါသည်။ ကုန်သေတ္တာအပါ စုစုပေါင်း ပို့ကုန်၊ သွင်းကုန်အားလုံးမှာ မက်ထရစ်တန်ပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂၅၆.၉၆သန်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၂၇၉.၃၇သန်း ဖြစ်ပါသည်။ ပြည်တွင်းဆိပ်ကမ်းမှာ ၂၀၁၁-၂၀၁၃ဘဏ္ဍာနှစ်တွင် ၉ခု ဖြစ်ပါသည်။ ပြည်တွင်းခရီးသည်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၀.၀၉သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၁၁သန်း ဖြစ်ပါသည်။ ပြည်တွင်းကုန်စည်ပမာဏမှာ တန်သန်းပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂.၄ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂.၈ ဖြစ်ပါသည်။ ပြည်ပဆိပ်ကမ်းမှာ ၂၀၁၁-၂၀၁၃ဘဏ္ဍာနှစ်တွင် ၉ခု ဖြစ်ပါသည်။ ပြည်ပခရီးသည်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၀.၀၀၅ သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၀၀၇သန်း ဖြစ်ပါသည်။ ပြည်ပကုန်စည်ပမာဏ တန်သန်းပေါင်းမှာ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၉.၁ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၂၅.၁

ဖြစ်ပါသည်။ ပြည်ပကုန်စည်ပမာဏ မှာ 000 TEU ဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၃၄၆.၆ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၄၇၈.၀ ဖြစ်ပါသည်။

၇၇။ **ရေရရှိနိုင်မှု။** ဆည်နှင့်ကန်ရေပေးဧရိယာစာရင်းကို ဖော်ပြရလျှင် ဆည်မြောင်း အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ဟက်တာ ၆သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာ နှစ်တွင် ဟက်တာ၅.၅၇သန်း ဖြစ်ပါသည်။ ကန်အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာ နှစ်တွင် ဟက်တာ ၇.၇၄သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ဟက်တာ ၇.၆၀သန်း ဖြစ်ပါသည်။ စုစုပေါင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ဟက်တာ ၁၃.၇၄သန်းရှိပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၃.၁၇သန်း ရှိပါသည်။

၇၈။ **ကျန်းမာရေးကဏ္ဍ။** အခြေခံလိုအပ်ချက်များသုံးစွဲမှုကို ဖော်ပြရလျှင် ကျန်းမာရေး ကဏ္ဍတွင် ပြည်သူ့ဆေးရုံ အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၉၂၄ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၀၁၀ ဖြစ်ပါသည်။ ပုဂ္ဂလိကဆေးရုံအရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၆၅ ဖြစ်ပါသည်။ ဆေးပေးခန်း အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာ နှစ်တွင် ၅၇၆ ဖြစ်ပါသည်။ အစိုးရကုတင် အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၄၁၈၀၄ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၅၅၃၀၅ ဖြစ်ပါသည်။ ဆရာဝန်ဦးရေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂၈၀၇၇ဦး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၂၉၈၃၂ဦး ဖြစ်ပါသည်။ ကျန်းမာရေး ကြီးကြပ် (အဆင့်-၁)မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂၆၉၂၈ဦး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၂၈၂၅၄ဦး ဖြစ်ပါသည်။ ကျန်းမာရေး ကြီးကြပ်(အဆင့်-၁) အရေအတွက်မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၆၀၄ဦး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၆၁၄ဦး ဖြစ်ပါသည်။ ကျွမ်းကျင်သူများနှင့် ကလေးမွေးမှုနှုန်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၆၇.၁၀ % ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၇၀.၈၈% ဖြစ်ပါသည်။ အသက်တစ်နှစ် ကလေးများ ဝက်သက်ကာကွယ်ဆေးထိုးနှုန်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် ၈၈% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၈၄% ဖြစ်ပါသည်။ ငှက်ဖျားရောဂါ ကာကွယ်မှုနှုန်းမှာ လူဦးရေ ၁၀၀၀လျှင် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၁၀.၉၁ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၉.၃၄ ဖြစ်ပါသည်။ တီဘီရောဂါ ကာကွယ်မှုနှုန်းမှာ လူဦးရေ တစ်သိန်းလျှင် ၂၀၁၁-၂၀၁၂ဘဏ္ဍာ နှစ်တွင် ၅၂၅ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၅၀၆ ဖြစ်ပါသည်။ အသက် ၁၅နှစ်နှင့် အထက် လူဦးရေအတွင်း အိပ်ချ်အိုင်ဗွီ ကာကွယ်မှုနှုန်း(၂၀၀၉ ခုနှစ်အပေါ် အခြေခံ)မှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၀.၆၁% ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၀.၀၃% ဖြစ်ပါသည်။

၇၉။ **ပညာရေး ကဏ္ဍ။** အခြေခံပညာရေးနှင့် စပ်လျဉ်း၍ အစိုးရကျောင်း အရေအတွက်မှာ၂၀၁၁ ခုနှစ်၊ မတ်လကုန် အထိ ၄၂၈၇၆ကျောင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ ကျောင်း အရေအတွက်မှာ ၄၃၉၆၄ ကျောင်း၊ ၂၀၁၁ ခုနှစ်၊ မတ်လကုန်အထိ ကျောင်းသား အရေ အတွက်မှာ ဦးရေထောင်ပေါင်း ၈၃၁၅ ဦးဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ ကျောင်းသား အရေအတွက်မှာ ဦးရေထောင်ပေါင်း ၈၅၈၇ ဦး၊ ၂၀၁၁ ခုနှစ်၊ မတ်လကုန်အထိ ဆရာအရေအတွက်မှာ ၂၇၆၉၀၀ ဦး ဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ ဆရာအရေ အတွက်မှာ ၂၈၆၈၉၄ ဦး ဖြစ်ပါသည်။ ပုဂ္ဂလိက ကျောင်းများမှာ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျောင်း အရေအတွက်မှာ ၆၆ ကျောင်း၊ ကျောင်းသား အရေအတွက်မှာ ၂၂၅၃ ဦး၊ ဆရာ အရေ အတွက်မှာ ၁၄၀၇ ဦးဖြစ်ပါသည်။ အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၁ ခုနှစ်၊ မတ်လကုန်အထိ ကျောင်းအရေအတွက်မှာ ၁၅၆ ကျောင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ မတ်လကုန်ထိ ကျောင်း အရေအတွက်မှာ ၁၆၁ကျောင်းဖြစ်ပါသည်။ ၂၀၁၁ခုနှစ်၊ မတ်လကုန်အထိ ကျောင်းသား အရေအတွက်မှာ ၅၅၃၁၆၀ဦး ဖြစ်ပြီး ၂၀၁၃ခုနှစ်၊ မတ်လကုန်ထိ ကျောင်းသားအရေ အတွက်မှာ ၄၈၁၇၁၃ဦး ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ မတ်လကုန်အထိ ဆရာအရေအတွက်မှာ ၂၃၄၆၈ဦး ဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ မတ်လကုန်ထိ ဆရာအရေအတွက်မှာ ၂၃၃၃၆ ဦး ဖြစ်ပါ သည်။

၈၀။ **စာတတ်မြောက်မှုနှုန်း။** စာတတ်မြောက်မှုနှုန်းအမျိုးသား/အမျိုးသမီး စုစုပေါင်း အနေဖြင့် ၂၀၁၁ ခုနှစ်တွင် ၉၅.၀၁% ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၉၅.၀၈% ဖြစ်ပါသည်။

၈၁။ **ခရီးသွားလုပ်ငန်း။** ပြည်ပခရီးသည်များမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၀၁၄၈၀၅ ဦး ဖြစ်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၁၃၇၈၆၉၂ ဦး ဖြစ်ပါသည်။

၈၂။ **ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။** ကြေးမုံသတင်းစာ ထုတ်ဝေမှုမှာ သိန်းပေါင်း ၂၀၁၁ ခုနှစ်တွင် ၄၉၀.၈၃ ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၅၄၄.၇၉ ဖြစ်ပါသည်။ မြန်မာ့အလင်းသတင်းစာ ထုတ်ဝေမှုမှာ သိန်းပေါင်း ၂၀၁၁ခုနှစ်တွင် ၄၆၃.၇၇ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၄၇၇.၇၈ဖြစ်ပါသည်။ နယူးလိုက်မြန်မာသတင်းစာ ထုတ်ဝေမှုမှာ သိန်းပေါင်း ၂၀၁၁ခုနှစ်တွင် ၄၃.၀၆ ဖြစ်ပြီး ၂၀၁၂ ခုနှစ် တွင် ၄၈.၂၁ ဖြစ်ပါသည်။ မြဝတီသတင်းစာ ထုတ်ဝေမှုအရေအတွက်မှာ စောင်ရေ ၂၀၁၁ ခုနှစ် တွင် ၅၅၃၈၀၁၃ ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၁၄၀၉၇၀၅၉ ဖြစ်ပါသည်။ မြို့တော်သတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၁ ခုနှစ်တွင် ၁၀၇၅၇၇၉ ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၁၀၆၁၁၂၄ ဖြစ်ပါသည်။ ရတနာပုံ သတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ စောင်ရေ ၂၀၁၁ ခုနှစ်တွင် ၂၀၄၀၆၈ ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ၃၄၃၈၁၈ ဖြစ်ပါသည်။

၈၃။ **အီလက်ထရောနစ်မီဒီယာ**။ ၂၀၁၁-၂၀၁၃ဘဏ္ဍာနှစ်တွင် အစိုးရပိုင် မြန်မာရုပ်သံလိုင်းမှာ ၂ လိုင်း ရှိပါသည်။ ဖက်စပ်လုပ်ငန်းတွင် မြန်မာရုပ်သံလိုင်း ၁ လိုင်းနှင့် အင်္ဂလိပ်ရုပ်သံလိုင်း ၁ လိုင်း ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် မြန်မာရုပ်သံလိုင်း ၂၀၁၁-၂၀၁၃ ခုနှစ်တွင် ၁ လိုင်းရှိပါသည်။ ရေဒီယိုလိုင်း ဝန်ဆောင်မှုလုပ်ငန်းမှာ ၂၀၁၁-၂၀၁၃ဘဏ္ဍာနှစ်တွင် အစိုးရပိုင် မြန်မာရေဒီယိုလိုင်း ၂ လိုင်းနှင့် အင်္ဂလိပ်လိုင်း ၁လိုင်း ရှိပြီး ပုဂ္ဂလိကပိုင် မြန်မာလိုင်း ၆ လိုင်းရှိပါသည်။

| မြန်မာနိုင်ငံ၏ လူမှုရေး အခြေအနေ | | | |
|---|---|---|---|
| **အကြောင်းအရာ** | **ရေတွက်ပုံ** | **၂၀၁၁-၁၂** | **၂၀၁၂-၁၃** |
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | |
| **လူဦးရေ** | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၆၀၃၈၄ | ၆၀၉၇၆ |
| ကျား | ထောင်ပေါင်း | ၂၉၈၄၇ | ၃၀၁၃၉ |
| မ | ထောင်ပေါင်း | ၃၀၅၃၇ | ၃၀၈၃၇ |
| လူဦးရေတိုးနှုန်း (Population Growth) | % | ၁.၀၁ | ၀.၉၈ |
| လူဦးရေသိပ်သည်းမှု (population Density) | တစ်စတုရန်းကီလိုမီတာ | ၈၉ | ၉၀ |
| မြို့မ လူဦးရေ | ထောင်ပေါင်း | ၁၈၅၇၂ | ၁၈၇၅၅ |
| ကျေးလက် လူဦးရေ | ထောင်ပေါင်း | ၄၁၈၁၂ | ၄၂၂၂၁ |
| မှီခိုမှုအချိုး (Dependency Ratio) (သက်ကြီး ၆၅+နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၅၃.၉၄ | ၅၃.၅၆ |
| မှီခိုမှုအချိုး (သက်ကြီး ၆၀+နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၆၁.၂၆ | ၆၀.၈၆ |
| လူ၏မျှော်မှန်းသက်တမ်း (Life Expectancy at Birth) | နှစ် | ၆၆.၈၅ | ၆၇.၁(ယာယီ) |
| တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း (Infant Mortality Rate)(အရှင်မွေး ၁၀၀၀ လျှင်) | နှုန်း | ၂၇.၀ | ၂၆.၀(ယာယီ) |
| သားဖွားမိခင်သေဆုံးမှုအချိုး (Maternal Mortality Ratio)(အရှင်မွေး ၁၀၀,၀၀၀လျှင်) | အချိုး | ၁၄၁ | ၁၁၁(ယာယီ) |
| မွေးနှုန်းကြမ်း (Crude Birth Rate) (လူဦးရေ ၁၀၀၀ လျှင်) | နှုန်း | ၁၆.၈ | ၁၆.၁(ယာယီ) |
| သေနှုန်းကြမ်း (Crude Death Rate) (လူဦးရေ ၁၀၀၀ လျှင်) | နှုန်း | ၅.၇ | ၅.၆(ယာယီ) |
| **မော်တော်ယာဉ်တင်သွင်းမှု** | | | |
| မော်တော်ဆိုင်ကယ် | စီးရေ | ၂၁၀၄ | ၄၂၈၉ |
| သုံးဘီးယာဉ်များ | စီးရေ | | ၅၆ |
| ထွန်စက် | စီးရေ | ၄၄၉၂၁ | ၁၂၄၈၀ |
| ကုန်တင်ယာဉ် | စီးရေ | ၃၂၄၇ | ၃၁၉၄၇ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | စီးရေ | ၂၂၀၃ | ၃၀၈၃ |
| မော်တော်ကား(ဆလွန်း) | စီးရေ | ၂၉၀၃၂ | ၉၂၈၈၅ |
| အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle) | စီးရေ | ၂၈ | ၇၃ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| **မော်တော်ယာဉ်တင်သွင်းမှု (တန်ဖိုး)** | | | |
| မော်တော်ဆိုင်ကယ် | ဒေါ်လာ | ၃၂၄၀၄၀၃.၀၁ | ၃၆၂၅၅၅၅.၀၂ |
| သုံးဘီးယာဉ်များ | ဒေါ်လာ | | ၁၁၄၂၄၀.၀၀ |
| ထွန်စက် | ဒေါ်လာ | ၇၉၃၃၉၅၂.၀၈ | ၁၂၆၁၈၈၉၃.၅၅ |
| ကုန်တင်ယာဉ် | ဒေါ်လာ | ၂၄၆၀၃၉၂၆၄.၁၀ | ၄၄၀၂၅၂၈၇၆.၃၈ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | ဒေါ်လာ | ၆၂၄၄၉၇၆၆.၅၁ | ၈၁၀၁၃၄၈၆.၂၁ |
| မော်တော်ကား(ဆလွန်း) | ဒေါ်လာ | ၁၉၈၇၂၈၄၆၇.၁၅ | ၆၂၀၆၉၇၆၂၆.၆၂ |
| အထူးကိစ္စအတွက်အသုံးပြုသော ယာဉ်များ | ဒေါ်လာ | ၇၂၂၂၀၁.၇၉ | ၁၁၀၈၈၂၄.၀၀ |
| **အခြေခံ အဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | |
| လျှပ်စစ်မီးရရှိသော ကျေးရွာ | ဦးရေ | ၁၇၀၇၃ | ၁၈၀၄၇ |
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်းရေ | ၅၂၄၂၂၅ | ၅၃၀၄၇၃ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်းရေ | ၁၆၃၇၆၃၇ | ၃၈၀၄၅၀၇ |
| လူဦးရေ၁၀၀၀လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း (Telephone Density) (per 1000 people) | လုံးရေ | ၃၇ | ၇၂ |
| အင်တာနက်/အီးမေးလ်လိုင်း | လိုင်းရေ | ၈၁၈၄ | ၈၅၈ ၂၄၇ |
| **စာတိုက်** | | | |
| အစိုးရစာတိုက် | ခုရေ | ၁၃၈၉ | ၁၃၈၂ |
| **လမ်း** | | | |
| စုစုပေါင်းလမ်းအရှည် | ကီလိုမီတာ | ၃၉၀၈၂ | ၃၉၇၀၁ |
| လမ်းသိပ်သည်းဆ (Road Density ) | ကီလိုမီတာ/စတုရန်းကီလိုမီတာ | ၀.၀၅၇၇ | ၀.၀၅၈၇ |
| **လမ်းစာရင်းများ** | | | |
| ပလက်ဖောင်းပါသောလမ်း | ကီလိုမီတာ | ၃၀၈၈၀ | ၃၂၂၁၇ |
| **ယာဉ်အသုံးပြုမှု** | | | |
| စုစုပေါင်းမှတ်ပုံတင်မော်တော်ယာဉ် | စီးရေ | ၃၅၉၅၆၇ | ၄၂၆၈၇၃ |
| ကုန်တင်ယာဉ် | သန်းပေါင်း | ၀.၁၀ | ၀.၀၉ |
| **မီးရထား** | | | |
| မီးရထားလမ်းအရှည် | သံလမ်းမိုင် | ၄၇၈၁ | ၄၈၁၈ |
| ခရီးသည် | သန်းပေါင်း | ၆၄.၂ | ၅၄.၃ |
| ခရီးသည် (တစ်ကီလိုမီတာလျှင်) | သန်းပေါင်း | ၅၂၈၂ | ၃၉၂၁ |
| ကုန်တန်ချိန် | သန်းပေါင်း | ၃.၆ | ၃.၀ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| **မြို့ပြလေကြောင်း** | | | |
| ပြည်တွင်းလေဆိပ် | ခုရေ | ၆၆ | ၆၆ |
| ပြည်တွင်းခရီးသည် | သန်းပေါင်း | ၀.၆၄ | ၀.၆၅ |
| လေယာဉ်စီးရေ | စီးရေ | ၃၈ | ၄၆ |
| အပြည်ပြည်ဆိုင်ရာလေဆိပ် | ခုရေ | ၃ | ၃ |
| ပြည်ပခရီးသည် | သန်းပေါင်း | ၀.၄၀ | ၀.၄၂ |
| ပို့ကုန် | မက်ထရစ်တန် သန်းပေါင်း | ၁၀.၄ | ၉.၆ |
| သွင်းကုန် | မက်ထရစ်တန် သန်းပေါင်း | ၁၅.၃ | ၁၈.၁ |
| လေယာဉ် (ထွက်ခွာ) | ခေါက်ရေ ထောင်ပေါင်း | ၇ | ၉ |
| လေယာဉ် (ဆိုက်ရောက်) | ထောင်ပေါင်း | ၇ | ၉ |
| **ဆိပ်ကမ်း** | | | |
| သင်္ဘောအဝင် | စီးရေ | ၃၃၇၆ | ၄၁၀၁ |
| စုစုပေါင်းပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာပေါင်း | 000 TEU | ၄၀၈၀၄၃ | ၄၇၈၀၁၁ |
| ကုန်သေတ္တာအပါ စုစုပေါင်းပို့ကုန်၊ သွင်းကုန် အားလုံး | မက်ထရစ်တန် ထောင်ပေါင်း | ၂၅၆၉၆ | ၂၇၉၃၇ |
| ပြည်တွင်းဆိပ်ကမ်း | ခုရေ | ၉ | ၉ |
| ပြည်တွင်းခရီးသည် | သန်းပေါင်း | ၀.၀၉ | ၀.၁၁ |
| ပြည်တွင်းကုန်စည်ပမာဏ | တန်(သန်းပေါင်း) | ၂.၄ | ၂.၈ |
| ပြည်ပဆိပ်ကမ်း | ခုရေ | ၉ | ၉ |
| ပြည်ပခရီးသည် | သန်းပေါင်း | ၀.၀၀၅ | ၀.၀၀၇ |
| ပြည်ပကုန်စည်ပမာဏ | တန်(သန်းပေါင်း) | ၁၉.၁ | ၂၅.၁ |
| ပြည်ပကုန်စည်ပမာဏ | 000 TEU | ၃၄၆.၆ | ၄၇၈.၀ |
| **ဆည်နှင့်ကန်ရေပေးဧရိယာစာရင်း** | | | |
| ဆည်မြောင်း | ဟက်တာထောင်ပေါင်း | ၆၀၀ | ၅၅၇ |
| ကန် | ဟက်တာထောင်ပေါင်း | ၇၇၄ | ၇၆၀ |
| စုစုပေါင်း | ဟက်တာထောင်ပေါင်း | ၁၃၇၄ | ၁၃၁၇ |

000 TEU = ၂၀ပေတူညီ ယူနစ်လုံးရေ (ထောင်ပေါင်း)

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| **ရေချိုရေငန်ငါးထုတ်လုပ်မှု** | | | |
| ရေငန်ငါးဖမ်းလုပ်ငန်း | မက်ထရစ်တန် | ၂၃၃၂၈၀၀ | ၂၄၈၃၉၀၀ |
| ရေချိုငါးဖမ်းလုပ်ငန်း | မက်ထရစ်တန် | ၂၁၄၅၄၀၀ | ၂၂၃၂၃၀၀ |
| **ခြံမွေးတိရစ္ဆာန်နှင့် ကြက်ဘဲဥ်းရေစာရင်း** | | | |
| ခြံမွေးတိရစ္ဆာန်ဦးရေစာရင်း | | | |
| နွား | ကောင်ရေ (ထောင်ပေါင်း) | ၁၄၅၁၀ | ၁၄၇၇၀ |
| ကျွဲ | ကောင်ရေ (ထောင်ပေါင်း) | ၃၂၁၀ | ၃၂၇၀ |
| ဝက် | ကောင်ရေ (ထောင်ပေါင်း) | ၁၁၄၇၀ | ၁၂၀၄၀ |
| သိုး/ဆိတ် | ကောင်ရေ (ထောင်ပေါင်း) | ၅၂၄၀ | ၅၆၀၀ |
| **ကြက်ဘဲဥ်းရေစာရင်း** | | | |
| ကြက် | ကောင်ရေ (ထောင်ပေါင်း) | ၁၉၄၃၆၀ | ၂၀၅၇၅၀ |
| ဘဲ | ကောင်ရေ (ထောင်ပေါင်း) | ၁၆၈၂၀ | ၁၇၅၉၀ |
| **အသားထုတ်လုပ်မှုစာရင်း** | | | |
| အမဲသား | မက်ထရစ်တန် ထောင်ပေါင်း | ၂၅၃.၈ | ၂၇၇.၇ |
| သိုးဆိတ်သား | မက်ထရစ်တန် ထောင်ပေါင်း | ၄၇.၅ | ၅၃ |
| ဝက်သား | မက်ထရစ်တန် ထောင်ပေါင်း | ၆၁၈.၅ | ၆၇၁.၅ |
| ကြက်သား | မက်ထရစ်တန် ထောင်ပေါင်း | ၁၀၅၂.၈ | ၁၁၅၈.၅ |
| **သီးနှံထုတ်လုပ်မှုစာရင်း** | | | |
| စပါး | မက်ထရစ်တန် | ၂၉၀၀၉၈၉၄ | ၂၈၈၅၇၅၉၇ |
| ဂျုံ | မက်ထရစ်တန် | ၁၇၂၅၇၁ | ၁၈၀၄၉၆ |
| ပြောင်း | မက်ထရစ်တန် | ၁၄၈၄၉၆၆ | ၁၅၂၅၆၇၁ |
| ပဲတီစိမ်း | မက်ထရစ်တန် | ၁၃၄၄၂၉၂ | ၁၃၈၆၉၃၉ |
| မတ်ပဲ | မက်ထရစ်တန် | ၁၃၇၄၇၈၆ | ၁၅၄၈၄၅၄ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| ဘိုကိတ်ပဲ | မက်ထရစ်တန် | ၁၇၂၈၃၆ | ၁၆၄၉၁၉ |
| ပဲပုတ် | မက်ထရစ်တန် | ၂၃၆၉၀၂ | ၂၃၇၉၁၄ |
| အာလူး | မက်ထရစ်တန် | ၅၆၄၅၈၄ | ၅၅၉၉၁၆ |
| ကြက်သွန်နီ | မက်ထရစ်တန် | ၁၁၄၃၁၆၃ | ၁၁၆၀၆၄၇ |
| ရေှတ် | မက်ထရစ်တန် | ၁၁၇၈၃၇ | ၁၁၉၃၈၈ |
| **အခြေခံလိုအပ်ချက်များ သုံးစွဲမှု** | | | |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၉၂၄ | ၁၀၁၀ |
| ပုဂ္ဂလိကဆေးရုံများ | ဦးရေ | - | ၁၆၅ |
| ဆေးပေးခန်းများ | ဦးရေ | ၅၇၆ | - |
| ခုတင်(အစိုးရ) | ဦးရေ | ၄၁၈၀၄ | ၅၅၃၀၅ |
| ဆရာဝန် | ဦးရေ | ၂၈၀၇၇ | ၂၉၈၃၂ |
| သူနာပြု | ဦးရေ | ၂၆၉၂၈ | ၂၈၂၅၄ |
| ကျန်းမာရေးကြီးကြပ်(အဆင့်-၁) | ဦးရေ | ၆၀၄ | ၆၁၄ |
| ကျွမ်းကျင်သူများနှင့် ကလေးမွေးဖွားမှု (Skilled birth attendents) | % | ၆၇.၁၀ | ၇၀.၈၈ |
| အသက်တစ်နှစ်ကလေးများ ဝက်သက်ကာကွယ်ဆေးထိုးမှု (Proportion of 1 yr children immunized against measles ) | % | ၈၈ | ၈၄ |
| ငှက်ဖျားရောဂါကာကွယ်မှုနှုန်း (Malaria Prevalance Rate)(လူဦးရေ ၁၀၀၀လျှင်) | | ၁၀.၉၁ | ၉.၃၄ |
| တီဘီရောဂါကာကွယ်မှုနှုန်း (TB Prevalance Rate (လူဦးရေ ၁၀၀,၀၀၀ လျှင်) | | ၅၂၅ | ၅၀၆ |
| အသက်၁၅နှစ်နှင့်အထက် လူဦးရေအတွင်း HIV ကာကွယ်မှုနှုန်း (၂၀၀၉ခုနှစ် အပေါ် အခြေခံ) (HIV Prevalance among Pop 15+) | % | ၀.၆၁ | ၀.၀၃ |
| **ပညာရေး(အခြေခံ)** | | | |
| **အစိုးရ** | (၂၀၁၁-၁၂မတ်လကုန်) | | (၂၀၁၃၊ ဖေဖော်ဝါရီလကု |
| ကျောင်း | ဦးရေ | ၄၂၈၇၆ | ၄၃၉၆၄ |
| ကျောင်းသား | ဦးရေ ထောင်ပေါင်း | ၈၃၁၅ | ၈၅၈၇ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| ဆရာ/ဆရာမ | ဦးရေ | ၂၇၆၉၀၀ | ၂၈၆၈၉၄ |
| **ပုဂ္ဂလိက** | | | |
| ကျောင်း | ဦးရေ | | ၆၆ |
| ကျောင်းသား | ဦးရေ | | ၂၂၂၅၃ |
| ဆရာ/ဆရာမ | ဦးရေ | | ၁၄၀၇ |
| **ပညာရေး(အဆင့်မြင့်)** | | | |
| **အစိုးရ** | | (၂၀၁၁-၂၀၁၂၊ မတ်လကုန်) | (၂၀၁၃၊ မတ်လကုန်) |
| ကျောင်း | ဦးရေ | ၁၅၆ | ၁၆၁ |
| ကျောင်းသား | ဦးရေ | ၅၅၃၁၆၀ | ၄၈၁၇၁၃ |
| ဆရာ/ဆရာမ | ဦးရေ | ၂၃၄၆၈ | ၂၃၃၃၆ |
| **စာတတ်မြောက်မှုနှုန်း** | | **၂၀၁၁** | **၂၀၁၂** |
| စုစုပေါင်း | (%) | ၉၅.၀၁ | ၉၅.၀၈ |
| ကျား | (%) | ၉၄.၆၇ | ၉၄.၇၅ |
| မ | (%) | ၉၅.၃၄ | ၉၅.၄ |
| အသားတင်ကျောင်းနေနှုန်း (Net Enrollment Ratio) | | | |
| (မူလတန်း) | (%) | ၈၄.၆၀ | ၈၆.၂၇ |
| (အလယ်တန်း) | (%) | ၄၇.၄၇ | ၆၃.၅၁ |
| (အထက်တန်း) | (%) | ၃၁.၉၀ | ၃၂.၀၄ |
| စုစုပေါင်းကျောင်းနေနှုန်းကြမ်း (Gross Enrollment Ratio) | | | |
| (မူလတန်း) | (%) | ၉၀.၀၀ | ၁၀၁.၄၉ |
| (အလယ်တန်း) | (%) | ၅၀.၅၀ | ၇၄.၇၀ |
| (အထက်တန်း) | (%) | ၃၃.၉၆ | ၃၇.၇၀ |
| **နိုင်ငံရပ်ခြားခရီးသည်များ** | ဦးရေ | **၁၀၁၄၈၀၅** | **၁၃၇၈၆၉၂** |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၈၆၆၉၈၉ | ၁၁၃၇၁၄၄ |
| အခြားခရီးသည်များ | ဦးရေ | ၁၄၇၈၁၆ | ၂၄၁၅၄၈ |

၂၀၁၂-၂၀၁၃ခုနှစ် အသားတင် နှင့် စုစုပေါင်းကျောင်းနေနှုန်းကြမ်းတို့သည် ပြည်နယ်တိုင်းပညာရေးမှူးရုံး များမှ ပေးပို့သော လူဦးရေဖြင့် တွက်ချက်ထားခြင်းဖြစ်သဖြင့် လူဦးရေ ပြောင်းလဲပါက ရာခိုင်နှုန်း ပြောင်းလဲ နိုင်ပါသည်။

အခြေခံပညာရေးတွင် ဘုန်းတော်ကြီးသင်ကျောင်းများ အပါအဝင်ဖြစ်ပါသည်။

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| **အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု** | | | |
| အမျိုးသမီးဦးရေ | ထောင်ပေါင်း | ၃၀၅၃၇ | ၃၀၈၃၇ |
| အလုပ်လုပ်သူ အမျိုးသမီးဦးရေ | သန်းပေါင်း | ၁၁.၄၁(၂၀၁၁) | ၁၁.၅၇(၂၀၁၂) |
| အမျိုးသမီးလုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်း (Women Participation in the Labour | (%) | ၅၀.၀၂(၂၀၁၁) | ၅၀.၂၃(၂၀၁၂) |
| အစိုးရဝန်ထမ်း အမျိုးသမီးများ | ဦးရေ | ၄၇၃၇၆၀ | |
| အလုပ်လက်မဲ့ အမျိုးသမီးများ | (%) | ၄.၅၉(၂၀၁၁) | ၄.၅၈(၂၀၁၂) |
| **ပုံနှိပ်မီဒီယာ (ပြက္ခဒိန်နှစ်)** | | | |
| ကြေးမုံသတင်းစာ | သိန်းပေါင်း | ၄၉၀.၈၃ | ၅၄၄.၇၉ |
| မြန်မာ့အလင်းသတင်းစာ | သိန်းပေါင်း | ၄၆၃.၇၇ | ၄၇၇.၇၈ |
| The New Light Of Myanmar | သိန်းပေါင်း | ၄၃.၀၆ | ၄၈.၂၁ |
| မြဝတီသတင်းစာ | စောင်ရေ | ၅၅၃၈၀၁၃ | ၁၄၀၉၇၀၅၉ |
| မြို့တော်သတင်းစာ | စောင်ရေ | ၁၀၇၅၇၇၉ | ၁၀၆၁၁၂၄ |
| ရတနာပုံသတင်းစာ | စောင်ရေ | ၂၀၄၀၆၈ | ၃၄၃၈၁၈ |
| **အီလက်ထရောနစ်မီဒီယာ** | | | |
| တယ်လီဗီးရှင်းလိုင်းများ | | | |
| **အစိုးရ** | | | |
| မြန်မာ (MRTV, MWD) | ခုရေ | ၂ | ၂ |
| **ဖက်စပ်** | | | |
| မြန်မာ (MRTV-4) | ခုရေ | ၁ | ၁ |
| အင်္ဂလိပ် (MI) | ခုရေ | ၁ | ၁ |
| **ပုဂ္ဂလိက** | | | |
| မြန်မာ (Skynet) | ခုရေ | ၁ | ၁ |
| **ရေဒီယိုလိုင်းများ** | | | |
| **အစိုးရ** | | | |
| မြန်မာ | ခုရေ | ၂ | ၂ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ |
|---|---|---|---|
| အင်္ဂလိပ် | ခုရေ | ၁ | ၁ |
| **ပုဂ္ဂလိက** | | | |
| မြန်မာ | ခုရေ | ၆ | ၆ |
| အင်္ဂလိပ် | ခုရေ | - | - |
| **ပြည်တွင်းလျှပ်စစ်ဓါတ်အားသုံးစွဲမှု** | ကီလိုဝပ်နာရီ သန်းပေါင်း | ၉၉၂၉ | ၁၀၇၂၅ |
| **ထုတ်လုပ်မှု** | | | |
| ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil) | အမေရိကန် စည်ထောင်ပေါင်း | ၇၁၂၅.၈၃ | ၆၇၃၆.၉၇ |
| သဘာဝဓါတ်ငွေ့ထုတ်လုပ်မှု (Production of Natural Gas) | ကုဗပေသန်းပေါင်း | ၄၄၈၂၃၉ | ၄၄၆၁၀၉ |

# အခန်း ( ၄ )

## ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း

၈၄။ နိုင်ငံတော်အစိုးရသည် ပြောင်းလဲလာသော နိုင်ငံရေးစနစ်နှင့်အညီ စီးပွားရေး မူဝါဒများ ချမှတ်လျက် နိုင်ငံ၏မေခရိစီးပွားရေးတည်ငြိမ်မှု၊ စဉ်ဆက်မပြတ် ရေရှည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (Sustainable Economic Development) ဖြစ်ပေါ်လာရန်အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂၉ နှင့်အညီ ၂၀၁၁ ခုနှစ် မတ်လ ၃၀ရက်နေ့တွင် ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းကာ နိုင်ငံတော်၏ ငွေကြေးမူဝါဒများ ချမှတ်ခဲ့ပါသည်။

၈၅။ ဘဏ္ဍာရေး ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ ( က ) မှ ( င ) အထိ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ် အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ ကြမ်းတို့ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြပြီး ပြည်ထောင်စု အစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ ဆောင်ရွက်လျက်ရှိပါသည်။

၈၆။ နိုင်ငံတော်အစိုးရသည် ငွေကြေးနှင့် ဘတ်ဂျက်ဆိုင်ရာ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု စွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်လျက် ရှိပါသည်-

(က) ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေး ဘဏ်တို့၏နည်းပညာ အကူအညီများရယူ၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို စီမံချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု လုပ်ငန်းအတွက် လိုအပ်သည့် ဌာနအဖွဲ့အစည်းများကို တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြေလျော့ ပေးမှုများကို တစ်နှစ် ထက်တစ်နှစ်တိုးတက် ဆောင်ရွက်လျက်ရှိခြင်း၊

(ဃ) ပြည်ထောင်စု၏ရငွေများကို အမျိုးအစားအလိုက် ဌာနအဖွဲ့အစည်းအလိုက် သုံးသပ်ပြီး ပိုမိုတိုးမြင့် ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စု၏ အသုံးစရိတ်များကို အမျိုးအစားအလိုက်၊ ဌာနအဖွဲ့အစည်း အလိုက် သုံးသပ်ပြီး မှန်ကန်ထိရောက်သော အသုံးစရိတ်များဖြစ်ရေး ကြိုးပမ်း ဆောင်ရွက်ခြင်း၊

**ငွေကြေးမူဝါဒ (Monetary Policy )**

၈၇။ စဉ်ဆက်မပြတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် ကောင်းမွန်သည့် ဘဏ်လုပ်ငန်း စနစ်ရှိရန်နှင့် စီးပွားရေး ရေရှည်တိုးတက်ခိုင်မာမှု၊ နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့် အလမ်းကောင်းမွန်ပြီး ငွေကြေးတည်ငြိမ်မှုကို အာမခံနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဘဏ်လုပ်ငန်း စနစ် ဖြစ်ပေါ်လာစေရန် လိုအပ်ပါသည်။

၈၈။ ၂၀၁၂ ခုနှစ်၊ ဇွန်လ (၁၉ ရက်နှင့် ၂၀ ရက်နေ့) တွင်ကျင်းပခဲ့သည့် စီမံကိန်းကော်မရှင် အစည်းအဝေးနှင့် နိုင်ငံတကာအကူအညီ အထောက်အပံ့များ၊ စီမံခန့်ခွဲမှု ဗဟိုကော်မတီ အစည်းအဝေးများ၌ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် လုပ်ငန်းစဉ်များ အကောင်အထည် ဖော်နိုင်ရန် မူဝါဒများချမှတ်ပြီး အောက်ပါပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက် ခဲ့ပါသည်-

(က) ငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ (Reform Strategy) အရ ဘဏ်လုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ နိုင်ငံခြားငွေလဲနှုန်း ပေါင်းစည်း ရေးအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အရင်းအနှီး ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနယ်ပယ်နှင့် ဦးစားပေးလုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ငွေကြေးအထောက်အကူပေးရာတွင် အဆင်ပြေစေရန်အတွက် ချေးငွေအာမခံအဖွဲ့ အစည်း၊ ချေးငွေဆိုင်ရာ သတင်းအချက်အလက် ဗဟိုဌာနကဲ့သို့သော အထောက် အကူပြု အဖွဲ့အစည်းများနှင့်(Stock Exchange) တည်ထောင်ရန် ရှေ့လုပ်ငန်း စဉ်များ ချမှတ်ခြင်း၊

(ဂ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ငွေရေးကြေးရေးကဏ္ဍအား ထိန်းကျောင်းကွပ်ကဲ သည့် ဥပဒေ များအား ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်း၊

(ဃ) ငွေရေးကြေးရေး အဖွဲ့အစည်းများအား ထိထိရောက်ရောက်ကြီးကြပ် ကွပ်ကဲ နိုင်ရန်အတွက် ကမ္ဘာ့ဘဏ် ကျွမ်းကျင်မှုအကူအညီပေးရေးအဖွဲ့၏ အကူအညီဖြင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေအသစ်နှင့်အညီ ပြင်ဆင်ရေးဆွဲ၍ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် အတွက် ဆောင်ရွက်ခြင်း၊

(င) ဘဏ်အတိုးနှုန်း ပြင်ဆင်ပြောင်းလဲခြင်း၊

(စ) အစိုးရငွေတိုက်စာချုပ်အပေါ် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဆ) စက်မှုဇုန်ဝင်ချေးငွေ၊ စီမံကိန်းဝင် စိုက်ပျိုးစရိတ်ချေးငွေနှင့် နိုင်ငံတော်မှ ထုခွဲရောင်းချသည့် မြေနှင့်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများကို ဝယ်ယူသည့် တိုင်းရင်းသား လုပ်ငန်းရှင်များအားချေးငွေ ထုတ်ချေးမှုအပေါ် တောင်းခံနိုင်သည့်အတိုးနှုန်းများအား ပြင်ဆင် သတ်မှတ်ခြင်း၊

(ဇ) ဘဏ်ချေးငွေပေါ် အာမခံ (Collateral) တိုးချဲ့ခွင့်ပြုပေးခြင်း၊

(ဈ) ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ် တိုးချဲ့ခွင့်ပြုပေးခြင်း၊

(ည) နိုင်ငံတကာဘဏ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခြင်း၊

(၁) နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊

(၂) နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့် လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊

(၃) ပြည်ပငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဋ) နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊

၈၉။ ဖော်ပြပါ မူဝါဒများအရ အောက်ပါအတိုင်း အတိုးနှုန်းများကို ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်-

(က) အတိုးနှုန်း ပြင်ဆင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ (၁.၉.၂၀၁၁)ရက်နေ့မှစ၍ ဘဏ်အပ် ငွေများ အတွက်အတိုးနှုန်းကို အပ်ငွေအမျိုးအစားအလိုက် ၁၀% ထက်မနည်း စေရန်နှင့် ဘဏ်ချေးငွေများ အတွက် အတိုးနှုန်းကို ချေးငွေအမျိုးအစား အလိုက် ၁၅% ထက်မများ စေရန် လျော့ချသတ်မှတ်ခဲ့ ပါသည်။ (၁.၁.၂၀၁၂) ရက်နေ့မှစ၍ မြန်မာ နိုင်ငံတော် ဗဟိုဘဏ်အတိုးနှုန်းကို ၁၂% မှ ၁၀%သို့ လျော့ချသတ်မှတ်ခဲ့ပြီး ဘဏ်အပ်ငွေအပေါ် အတိုးနှုန်းကို ၈% ထက်မနည်း စေရန်နှင့် ဘဏ်ချေးငွေအပေါ် အတိုး နှုန်းကို ၁၃%ထက် မများစေရန် ထပ်မံ၍ လျှော့ချ သတ်မှတ်ခဲ့ပါသည်။

(ခ) စီမံကိန်းဝင် စိုက်ပျိုးစရိတ်ချေးငွေများအား ပုဂ္ဂလိကဘဏ်များမှ ငွေထုတ်ချေးရာတွင် တစ်နှစ်လျှင် ၁၄ % ထက်မပိုသောအတိုးနှုန်းဖြင့်ထုတ်ချေးရန်အစား (၁.၁.၂၀၁၂) ရက်နေ့မှစ၍ ၁၂% ဖြင့်ထုတ်ချေးရန်၊ နိုင်ငံတော်မှထုခွဲရောင်းချသည့်

မြေနှင့် အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများကို ဝယ်ယူသည့် တိုင်းရင်းသား လုပ်ငန်းရှင်များအား ဈေးငွေ ထုတ်ချေးမှုအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်း အား တစ်နှစ်လျှင် ၁၄% ဖြင့် ထုတ်ချေးရန် အစား (၁.၁.၂၀၁၂) ရက်နေ့မှစ၍ ၁၂% ဖြင့် ထုတ်ချေးရန် ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ နိုင်ငံတော်အနေဖြင့် ဖြေလျော့မှုများ ပြုလုပ်ပေးလျက် ရှိရာဘဏ်မဟုတ်သည့် အဖွဲ့အစည်းများအား နိုင်ငံခြားငွေနှင့်ပြည်တွင်း ကျပ်ငွေ လဲလှယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ခွင့်ပြု ခဲ့ပါသည်။

**ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)**

၉၀။ ဘဏ္ဍာရေးမူဝါဒ (Fiscal Policy) ဆိုသည်မှာ မက်ခရိုစီးပွားရေး တည်ငြိမ်မှုနှင့် ရေရှည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် အခွန်အကောက်များ၊ အစိုးရအသုံးစရိတ်များနှင့် အစိုးရ၏ ပြည်တွင်း ပြည်ပချေးငွေ ရယူနိုင်စွမ်းတို့ကို လိုအပ်သလိုသတ်မှတ်၍ ဆောင်ရွက်ခြင်း ဖြစ်ပါ သည်။ ရေတိုဘဏ္ဍာရေး မူဝါဒမှာ အဓိကစီးပွားရေးအချက်အလက်များ( Economic Activities)၏ အနေအထားနှင့် ရေတိုပြောင်းလဲလှုပ်ရှားမှုများကို အလေးထားပါသည်။ ရေရှည် ဘဏ္ဍာရေးမူဝါဒမှာ စီးပွားရေးတိုးတက်မှု (Growth) သာမက ပြည်သူများအကြား ညီမျှမှု (Equity) ကိုပါရရှိရန်အတွက် ထုတ်လုပ်မှုပမာဏနှင့် အခြားစီးပွားရေး အချက်အလက် အမျိုးမျိုးတွင် တိုးတက်မှုများ ရရှိလာစေရန် အရင်းအမြစ်များကို လိုအပ်သလို အကောင်းဆုံး ဖြစ်စေရန် ခွဲဝေအသုံးချခြင်း ဖြစ်ပါသည်။ ဘဏ္ဍာရေးမူဝါဒများ ပြုပြင်ပြောင်းလဲရာတွင် ချမှတ်ဆောင်ရွက်သင့်သည့် ရည်မှန်းချက်များ-

(က) ရေတိုကာလတွင် စီးပွားရေးပြန်လည်နာလန်ထူစေရေး၊

(ခ) ရေရှည်ကာလတွင် စဉ်ဆက်မပြတ် စီးပွားရေး တိုးတက်မှုရရှိစေရေး၊

(ဂ) ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေး၊

(ဃ) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရေး၊

(င) အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိစေရေး၊

(စ) လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး၊

၉၁။ ဘဏ္ဍာရေးမူဝါဒ၏ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် အခွန်အကောက်နှင့် အသုံးစရိတ်များကို လိုအပ်သလို သတ်မှတ်လုပ်ဆောင်သည့် ဘဏ္ဍာရေးနည်းလမ်းများ အသုံးပြုရာ၌ ရသုံးခန့်မှန်းခြေ ငွေစာရင်း(Budget)ကို ရေးဆွဲဆောင်ရွက်ရပါသည်။ ပြုပြင် ပြောင်းလဲရေး အစီအစဉ်များတွင် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ထံသို့ ထောက်ခံတင်ပြပြီး ပြည်ထောင်စု အစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုလွှတ်တော်သို့

တင်ပြဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းများ၏ ငွေကြေးစီမံ ခန့်ခွဲမှု ထားရှိဆောင်ရွက်စေခြင်း၊ ပြည်ပကြွေးမြီဟောင်းများကို ရှင်းလင်းနိုင်ခြင်း၊ အခွန်စနစ်ပြုပြင်ပြောင်းလဲပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

၉၂။ ဖော်ပြပါမူဝါဒများအရ အောက်ပါအတိုင်း ပြုပြင်ပြောင်းလဲရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ပါသည်-

(က) ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်း ရေးဆွဲသည့်စနစ်နှင့် စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မတိုင်မီက နိုင်ငံတော်တစ်ရပ်လုံး၏အရ အသုံးခန့်မှန်းခြေ စာရင်းကို ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်မခွဲခြားဘဲ တစ်စုတစ်စည်းတည်း ရေးဆွဲခဲ့ပါသည်။၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒုတိယ(၆)လမှစ၍ ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကို ခွဲခြားရေးဆွဲခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၂၉ နှင့် အညီ ဘဏ္ဍာရေး ကော်မရှင်ကို ၃၀-၃-၂၀၁၁ ရက်နေ့တွင် ဖွဲ့စည်း ခဲ့ ပါသည်။

(ခ) ဘဏ္ဍာရေး ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ် အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြပြီး ပြည်ထောင်စုအစိုးရ အဖွဲ့မှတဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ ဆောင်ရွက် လျက်ရှိပါသည်။

(ဂ) နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ငွေကြေး စီမံခန့်ခွဲမှု အစီအစဉ်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မတိုင်မီက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ရငွေများအားလုံးကို ပေးသွင်းစေပြီး သုံးငွေများအားလုံးကို ထုတ်ယူသုံးစွဲစေခြင်းကို ဆောင်ရွက်သည့်ပုံစံမှ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအား စီးပွားရေး ဆန်ဆန်ဆောင်ရွက်နိုင်စေရန်နှင့် ကိုယ်ပိုင် ရန်ပုံငွေအပေါ်ရပ်တည်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှစ၍ လုပ်ငန်းသုံး

ရင်းနှီးငွေ (Working Capital) ထားရှိဆောင်ရွက်စေသည့် ပုံစံသို့ ပြောင်းလဲ ဆောင်ရွက် ခဲ့ပါသည်။

(ဃ) ၎င်းအစီအစဉ်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ကြမ်းဝယ်ယူမှု အသုံးစရိတ်၏ ၂၂% ကိုသာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ပြီး၊ ကျန် ၇၈% ကို ကိုယ်ပိုင်ရန်ပုံငွေဖြင့် စတင်ဆောင်ရွက်စေခဲ့ ပါသည်။ ဆက်လက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်က အမြတ်ရရှိသည့် အဖွဲ့အစည်းများကို ကုန်ကြမ်း ဝယ်ယူမှု အသုံးစရိတ် ၁၀၀%ကို ကိုယ်ပိုင်ရန်ပုံငွေဖြင့်သာကျခံသုံးစွဲစေရန်၊ အရှုံးပေါ်သည့် အဖွဲ့ အစည်းများကို ကုန်ကြမ်းဝယ် အသုံးစရိတ်၏ ၂၀% ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံပေးပြီး ၈၀% ကို ကိုယ်ပိုင်ရန်ပုံငွေဖြင့် ကျခံစေရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့လက်ထက်တွင် ၁-၇-၂၀၁၁ရက်နေ့မှစပြီး အငြိမ်းစားဝန်ထမ်းများ၏ လစာငွေများကို တိုးမြှင့်ခံစားခွင့်ပြုခဲ့ခြင်း၊ ၁-၄-၂၀၁၂ ရက်နေ့မှစ၍ နိုင်ငံ့ ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူဖြစ်စေရန်အတွက် လစဉ်အပိုထောက်ပံ့ကြေးငွေ ကျပ်သုံးသောင်းစီကို ခံစားခွင့်ပြုခဲ့ခြင်း၊ ဝေးလံ ခေါင်သီဒေသများတွင် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများအတွက် လက်ရှိ လစဉ်ထုတ်ယူနေသော လစာနှင့်ညီမျှသည့် ငွေကို ဒေသစရိတ်အဖြစ်သတ်မှတ်၍ ထပ်ဆောင်းခံစား ခွင့်ပြုခဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ်များကိုလည်း ယခင်က (၈၇)မြို့နယ်သာ ရှိရာမှ ယခု (၁၀၉) မြို့နယ်သို့ တိုးချဲ့သတ်မှတ်ပေးခဲ့ပါသည်။

(စ) ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ အရအသုံးလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခြေအနေများကို ဖလပတ် အလိုက်စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြဆောင်ရွက်လျှက် ရှိပါသည်။

၉၃။ ဘဏ္ဍာငွေခွဲဝေမှုကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များအား အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၂၉၆၁၈၆၀ သန်း ဖြစ်ပါသည်။ အဆိုပါ ငွေလုံးငွေရင်း အသုံးစရိတ်ကို ခွဲဝေသုံးစွဲရာတွင် ကာကွယ်ရေးဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် ၈၅၆၂၇၆ သန်း၊ ၂၈.၀၅ ရာခိုင်နှုန်းဖြစ်ပြီး ပမာဏအများဆုံး

သုံးစွဲခဲ့ပါ သည်။ ဗဟိုအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၇၃၀၂၀၇ သန်း၊ ၂၃.၉၂ ရာခိုင်နှုန်းသုံးစွဲခဲ့ပါသည်။ ဗဟိုအဖွဲ့အစည်းများနှင့် ကာကွယ်ရေး ဝန်ကြီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေး လုပ်ငန်း များ၊ လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းများအတွက် သုံးစွဲခဲ့သော ငွေလုံး ငွေရင်းအသုံးစရိတ်များ ပါဝင်ပါသည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ် ၅၁၉၈၄၅ သန်း ၁၇.၀၃ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ တံတားဆောက်လုပ်ခြင်းလုပ်ငန်း၊ လမ်းဖောက်ခြင်းလုပ်ငန်း၊ လမ်းတိုးတက် ပြုပြင်ခြင်း လုပ်ငန်း၊ ကွန်ယက်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းများအတွက် သုံးစွဲခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငွေလုံး ငွေရင်း အသုံးစရိတ်မှာ ကျပ် ၁၄၄၂၉၅ သန်း ၄.၇၃ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်သော ဆည်မြောင်း၊ တာတမံများတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ သည်။

(ဂ) ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၄၃၈၇၇၇၇ သန်း ဖြစ်ပါသည်။ အဆိုပါ ငွေလုံးငွေရင်း အသုံးစရိတ်ကို ခွဲဝေသုံးစွဲရာတွင် ကာကွယ်ရေး ဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် ၉၄၉၁၅၂ သန်း ၂၀.၃၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထက် လျော့နည်းခဲ့ပါသည်။ ဗဟို အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကျပ် ၄၈၇၁၁၈ သန်း ၁၀.၄၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းများအတွက် သုံးစွဲခဲ့သော ငွေလုံးငွေရင်း အသုံးစရိတ်များ ဖြစ်ပါသည်။ ယခင်နှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ် ပါကလျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ အခြေခံအဆောက်အအုံ များဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ငွေလုံးငွေရင်းအသုံးစရိတ်များ လျော့နည်း ကျဆင်းသွားခြင်း ဖြစ်ပါသည်။ **(နောက်ဆက်တွဲ -၁)**

(ဃ) စက်မှုဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်၆၁၃၃၃၆ သန်း ၁၃.၁၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး စက်နှင့် စက်ကိရိယာပစ္စည်း စက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် သုံးစွဲခြင်းဖြစ်ပါသည်။

(င) ယခင်နှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စက်မှုဝန်ကြီးဌာန၏ အသုံးစရိတ်မှာ စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်၏ ၂.၀၄ ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ စက်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များ ပိုမိုခွဲဝေခြင်း ဖြစ်ပါသည်။

(စ) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်၄၄၄၀၉၇ သန်း ၉.၅၂ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများ တည်ဆောက်ခြင်းအတွက် သုံးစွဲငွေများဖြစ်ပါသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ် ၄၁၆၁၈၅ သန်း ၈.၉၂ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ယခင်နှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၇.၀၃ ရာခိုင်နှုန်း သုံးစွဲခဲ့သော်လည်း ယခုနှစ်တွင် လျော့နည်းကျဆင်း သွားပါ သည်။ တံတားဆောက်လုပ်ခြင်းလုပ်ငန်း၊ လမ်းဖောက်ခြင်းလုပ်ငန်း၊ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်း၊ ကွန်ယက်လမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် သုံးစွဲ ခဲ့ပါသည်။ **(နောက်ဆက်တွဲ-၁)**

(ဆ) ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်တွင် တိုင်းဒေသကြီး/ ပြည်နယ် စုစုပေါင်း၌ ကယားပြည်နယ်သည် ကျပ် ၃၇၅၈ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်း ဒေသကြီးသည် ကျပ် ၅၄၉၄၂ သန်း ဖြင့်အများဆုံးဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ချင်းပြည်နယ် သည် ကျပ် ၃၅၈သန်းဖြင့် အနည်းဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးသည် ကျပ် ၃၂၉၃၀ သန်းဖြင့် အများဆုံး ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် နှစ်စမှစ၍ တိုင်းဒေသကြီး /ပြည်နယ် အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ခွဲဝေပေးခဲ့ပါသည်။ သာမန် အသုံးစရိတ်တွင် တိုင်း ဒေသကြီး/ ပြည်နယ် စုစုပေါင်း၌ ကယားပြည်နယ်သည် ကျပ် ၇၃၃၈ သန်းဖြင့် အနည်းဆုံး ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် ၈၈၈၄၂သန်းဖြင့် အများဆုံး ဖြစ်ပါသည်။ ငွေလုံး ငွေရင်းအသုံးစရိတ်တွင် ကရင်ပြည်နယ်သည် ကျပ်၁၄၃၇သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန် တိုင်းဒေသကြီးသည်ကျပ် ၁၂၁၃၉၄ သန်းဖြင့် အများဆုံး ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ် စုစုပေါင်းအသုံးစရိတ်မှာ စုစုပေါင်း အရအသုံး ခန့်မှန်းခြေ

ငွေစာရင်း၏ ၄.၇၁% ခွဲဝေနိုင်ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၆.၉၉% သို့ တိုးတက်ခွဲဝေနိုင်ခဲ့ပါသည်။

(ဓ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် စုစုပေါင်း အသုံးစရိတ်တွင် သာမန်အသုံးစရိတ်မှာ ၇၇.၅%၊ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ၂၂.၄% နှင့် ကြွေးမြီ ၀.၁% ပါဝင်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စုစုပေါင်းအသုံးစရိတ်တွင် သာမန် အသုံးစရိတ်မှာ ၆၇.၈% ပါဝင်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာ ၃၂.၁% နှင့် ကြွေးမြီ ၀.၁% ပါဝင်ပါသည်။

**(နောက်ဆက်တွဲ -၂)**

၉၄။ **ရသုံးမှန်းခြေငွေစာရင်း**။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်စုစုပေါင်းသည် ကျပ် ၅၅၆၁၄၅၃သန်း ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်စုစုပေါင်းမှာ ကျပ် ၃၀၅၂၆၇၀ သန်း ဖြစ်ပါသည်။ နိုင်ငံတော်၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်အချိုးမှာ ၆၅:၃၅ ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ သာမန်အသုံးစရိတ်စုစုပေါင်းသည် ကျပ် ၇၅၅၅၉၅၀ သန်း ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်းမှာ ၄၆၆၅၂၅၁ သန်း ဖြစ်ပါသည်။ နိုင်ငံတော်၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် အချိုးမှာ ၆၂:၃၈ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အချိုးကိုလေ့လာကြည့်လျှင် သာမန်အသုံးစရိတ်ခွဲဝေသုံးစွဲမှု များပြားနေသည်ကို တွေ့ရပါသည်။ နိုင်ငံတော်ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ရည်မျှော်မှန်းပြီး ငွေလုံးငွေရင်းအသုံးစရိတ် အချိုးကိုတိုးမြှင့် သတ်မှတ် ခွဲဝေ ပေးရန် လိုအပ်ပါသည်။

၉၅။ ဘဏ္ဍာငွေအရင်းအမြစ်များ စနစ်တကျ သုံးစွဲနိုင်ရေးနှင့် ဦးစားပေးလုပ်ငန်းအလိုက်ခွဲဝေအသုံးချရေးကို ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှု အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ငံသကဲ့သို့ ပြည်တွင်းပြည်ပမှ အရင်းအမြစ်များကို ရရှိဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ပါသဖြင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)စာရင်းတွင် ဘတ်ဂျက်ပိုငွေဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် ဘတ်ဂျတ်လိုငွေ ကျပ် ၁၆၆၄.၉ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) စာရင်းတွင် ဘတ်ဂျက်ပိုငွေ ကျပ် ၁၁၅၁.၉ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။

၉၆။ ထိုသို့ဘတ်ဂျက်ပိုငွေဖြစ်ပေါ်ရခြင်းမှာ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများတွင် လိုငွေပေါ်ပေါက်ခဲ့ပြီး စီးပွားရေးအဖွဲ့အစည်းများတွင် ပိုငွေဖြစ်ပေါ်ခဲ့ပါသည်။ စီးပွားရေးအဖွဲ့အစည်းများတွင် ပိုငွေဖြစ်ပေါ်ခဲ့ရခြင်းမှာ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးအတွက် သာမန်အသုံး

စရိတ်များမှ ကုန်ကြမ်းဝယ်ယူခြင်း၏ ၂၂ရာခိုင်နှုန်းကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ကျခံပြီး ၇၈ရာခိုင်နှုန်းကို မိမိကိုယ်ပိုင် ရန်ပုံငွေဖြင့် ကျခံသုံးစွဲသဖြင့် ပိုငွေ ပေါ်ပေါက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ဘတ်ဂျက်ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုးအား တစ်ဘက်ပါဇယားဖြင့်တင်ပြပါသည်-

**ဘတ်ဂျက်ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး**

**(ကျပ်ဘီလီယံ)**

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ (ရှေ့ပြေးအမှန်) | ၂၀၁၂-၂၀၁၃ မတ်လကုန်(ယာယီ) |
|---|---|---|
| ၁ | ၂ | ၃ |
| ဘတ်ဂျက်ပိုငွေ/လိုငွေ | (-)၁၇၈၀.၆ | (+)၁၁၅၁.၉ |
| ဂျီဒီပီ | ၄၆၃၄၄.၂ | ၅၁၇၂၇.၅ |
| ဘတ်ဂျက်ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး | (-)၃.၈ | (+)၂.၂ |

၉၇။ ရင်းနှီးမြုပ်နှံမှုနှင့် ဂျီဒီပီအချိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) စာရင်းတွင် ၂၉.၂ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (မတ်လကုန်) တွင် ၂၉.၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပါသည်။ တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှုကို အဓိကပြဋ္ဌာန်းသည့် ရင်းနှီးမြုပ်နှံမှုကို ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းခန့်မှ ၃၀ ရာခိုင်နှုန်းခန့်အထိ ရင်းနှီးမြုပ်နှံလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့နိုင်ငံအချို့မှ စီးပွားရေးပိတ်ဆို့ခဲ့မှုကို ဖယ်ရှားခဲ့သဖြင့် ပြည်ပနိုင်ငံမှ အကူအညီနှင့် အထောက် အပံ့များဖြင့်နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည် တို့တွင်ပိုမို ရင်းနှီးမြုပ်နှံခဲ့မှုကြောင့် ဖြစ်ပါသည်။ ရင်းနှီးမြုပ်နှံမှုနှင့်ဂျီဒီပီအချိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ရင်းနှီးမြုပ်နှံမှုနှင့်ဂျီဒီပီအချိုး**

( ကျပ်ဘီလီယံ )

| အကြောင်းအရာ | ၂၀၁၁ - ၂၀၁၂ ( ရှေ့ပြေးအမှန် ) | ၂၀၁၂ -၂၀၁၃ (မတ်လကုန် ) |
|---|---|---|
| စုစုပေါင်းရင်းနှီးမြုပ်နှံမှု | ၁၃၅၁၆.၂ | ၁၅၃၀၆.၀ |
| နိုင်ငံပိုင် | ၃၀၅၂.၇ | ၄၆၆၅.၂ |
| သမဝါယမပိုင် | ၁.၆ | ၁.၈ |
| ပုဂ္ဂလိကပိုင် | ၁၀၄၆၁.၉ | ၁၀၆၃၉.၀ |
| ရင်းနှီးမြုပ်နှံမှုနှင့်ဂျီဒီပီအချိုး | ၂၉.၂ | ၂၉.၆ |

၉၈။ နိုင်ငံပိုင်အခန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုကို အောက်ပါအတိုင်း ဆောင်ရွက် နိုင်ခဲ့ပါသည်-

(က) နိုင်ငံပိုင်အခန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြုပ်နှံမှု အစီအစဉ် (ငွေလုံးငွေရင်းအသုံးစရိတ်) ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းမှ ရင်းနှီးမြုပ်နှံမှု အသုံးစရိတ်မှာ ကျပ် ၃၂၀၃၃၃၃ သန်းရှိခဲ့ပါသည်။ စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်း အသုံးစရိတ်မှာ စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်၏ ၆၉.၅% ရှိပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံ အဆောက်အအုံများဖြစ်သော လမ်းပမ်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အထူးဖွံ့ဖြိုးရေး စီမံကိန်းနှင့် ရန်ကုန်မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တံတားဆောက်လုပ်ခြင်း လုပ်ငန်းများ အတွက် သုံးစွဲခဲ့သော ငွေလုံးငွေရင်း အသုံး စရိတ်များ ဖြစ်ပါ သည်။

(ခ) စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် တွင် ၆၉.၅% ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၅၅.၇% နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃၄.၈% အသီးသီးသုံးစွဲခဲ့ပါသည်။ လမ်းပမ်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာခြင်း အခြေခံအဆောက် အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်း အသုံးစရိတ်များကို တစ်နှစ်မှ တစ်နှစ် လျော့နည်းသုံးစွဲခဲ့ပါသည်။

(ဂ) အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်ဓာတ်အား ကဏ္ဍ အတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၅.၁%၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၇.၂% နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၉.၅% အသီးသီး သုံးစွဲခဲ့ပါသည်။

(ဃ) မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သောကြောင့် အခြေခံအဆောက်အအုံများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လမ်းဖောက်လုပ်ရေး၊ တံတားများ တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသောကြောင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မှုကဏ္ဍအတွက် ၉.၂%၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၇.၀ ရာခိုင်နှုန်းထိ တိုးတက်သုံးစွဲခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၈.၉% သို့လျော့နည်း သုံးစွဲခဲ့ပါသည်။

၉၉။ ပြည်ပကြွေးမြီဟောင်းများ ရှင်းလင်းနိုင်ခဲ့ခြင်းကို အောက်ပါအတိုင်း တင်ပြပါသည်-

(က) ၁၉၈၈ ခုနှစ် မတိုင်မီရယူခဲ့သော ချေးငွေများအနက် ADB ကြွေးမြီ အမေရိကန်ဒေါ်လာ ၆၆၄.၇၉၃ သန်းတွင် ၄၇၉.၁၈၉ သန်းမှာပေးဆပ်ရန်အချိန်စေ့ ရောက်သော်လည်း ပေးဆပ် နိုင်ခြင်းမရှိခဲ့ပါ။ World Bank ကြွေးမြီ အမေရိကန်ဒေါ်လာ ၈၈၂.၅၉၈ သန်းတွင် ၄၁၉.၆၀၄ သန်းမှာ ပေးဆပ်ရန် အချိန်စေ့ရောက်သော်လည်း ပေးဆပ်နိုင်ခြင်းမရှိခဲ့ပါ။ အထက်ပါကြွေးမြီများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဂျပန်နိုင်ငံတို့နှင့် ညှိနှိုင်းပြီး Japan Bank for International Cooperation (JBIC) ထံမှ ပေါင်းကူးချေးငွေရယူ၍ (၁၇-၁-၂၀၁၃) ရက်နေ့နှင့် (၂၅-၁-၂၀၁၃) ရက်နေ့တို့တွင် အောင်မြင်စွာ ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ ပါသည်။

(ခ) အလားတူ ၁၉၈၈ ခုနှစ်မတိုင်မီရယူခဲ့သော ချေးငွေများနှင့်စပ်လျဉ်း၍ Paris Club အဖွဲ့ဝင် မြီရှင်နိုင်ငံများဖြစ်သော ဂျပန်၊ ပြင်သစ်၊ ဂျာမဏီ၊ နော်ဝေ၊ ဩစတြီးယား၊ အင်္ဂလန်၊ ဒိန်းမတ်၊ နယ်သာလန်၊ ကနေဒါ၊ ဖင်လန်၊ အီတလီနိုင်ငံ စုစုပေါင်း (၁၁) နိုင်ငံတို့ထံမှ မြန်မာနိုင်ငံအပေါ်တင်ရှိနေသော ကြွေးမြီစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀,၃၂၇ သန်းတွင် ၉,၈၆၉သန်းမှာ ပေးချေရန် စေ့ရောက် နေသော်လည်း ပေးချေနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ အဆိုပါ ကြွေးမြီ ဟောင်းများကို ရှင်းလင်းနိုင်ရေးအတွက် အဆင့်ဆင့်ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီးနောက် (၂၅-၁-၂၀၁၃) ရက်နေ့တွင် Paris Club အဖွဲ့အစည်းနှင့် အများသဘောတူညီချက်(Multilateral Agreement)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

(ဂ) Paris Club အဖွဲ့ဝင်နိုင်ငံများအနက် ဦးစွာဂျပန်နိုင်ငံနှင့် ကြွေးမြီရှင်းလင်းရန်ကိစ္စကို သီးခြား ဆောင်ရွက်ခဲ့ပါသည်။ JICA ချေးငွေ စုစုပေါင်း ဂျပန်ယန်း ၅၀၂.၄ ဘီလီယံ အနက် ၆၀% ဖြစ်သော ဂျပန်ယန်း ၃၀၃.၅ ဘီလီယံအား ဂျပန်နိုင်ငံမှ ကြွေးလျော်ပေးပြီး ကျန် ၄၀% ဖြစ်သော ဂျပန်ယန်း ၁၉၈.၉ ဘီလီယံအား ဂျပန်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များဖြစ်သော Bank of Tokyo Mitsubishi UFJ Ltd (BTMU)၊ Sumitomo Banking Corporation (SMBC)နှင့် Mizuho Corporation Bank Ltd (MIZUHO) တို့မှ ပေါင်းကူးချေးငွေရယူ၍ ကြွေးဟောင်းမှ ကြွေးသစ် ပုံစံသို့ ပြောင်းလဲပြီး (၃၀-၁-၂၀၁၃) ရက်နေ့တွင် အောင်မြင်စွာ ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဃ) Paris Club အဖွဲ့ဝင်နိုင်ငံများအနက် ဂျပန်နိုင်ငံမှလွဲ၍ ကျန်အဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံတို့နှင့် ကြွေးမြီရှင်းလင်းရေး ကိစ္စများကို Multilateral Agreement နှင့်အညီ နှစ်နိုင်ငံချင်း ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်လျက်ရှိရာ နော်ဝေနိုင်ငံ

မှကြွေးမြီ အမေရိကန် ဒေါ်လာ ၅၃၄ သန်းအား လျှော်ပေးကြောင်း (၂၈-၁-၂၀၁၃) နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ အီတလီနိုင်ငံမှကြွေးမြီ အမေရိကန်ဒေါ်လာ ၆.၃၄၄ သန်း အနက် အမေရိကန်ဒေါ်လာ ၃.၁၇၄ သန်းအား လျှော်ပစ်ရန်နှင့် ကျန်အမေရိကန် ဒေါ်လာ ၃.၁၇၀ သန်းအား ချေးငွေသစ် ပြုလုပ်ရန်( ၆-၃-၂၀၁၃) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ ကြွေးမြီဟောင်းများ ရှင်းလင်းရေးအတွက် ကျန် Paris Club အဖွဲ့ဝင်(၈)နိုင်ငံနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

(င) မိမိတို့အစိုးရသစ်လက်ထက်တွင်ယခင်ကပေးဆပ်ရန် အချိန်စေ့ရောက်သော်လည်း ပေးဆပ် နိုင်ခဲ့ခြင်းမရှိသည့် ကြွေးမြီဟောင်းများကို ရှင်းလင်းနိုင်ခဲ့သည့်အတွက် နှစ်စဉ် တိုးတက်မြင့်မားလာသော ကြွေးမြီအရင်း၊ အတိုးများကို လျှော့ချနိုင်ခြင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှုကို ပြန်လည်ရရှိပြီး ချေးငွေနှင့် ထောက်ပံ့ငွေသစ်များ ရရှိလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိအောင် ဆောင်ရွက် ခဲ့ပါသည်။

၁၀၀။ အခွန်စနစ်ကို အောက်ဖော်ပြပါအတိုင်း ပြောင်းလဲနိုင်ခဲ့ပါသည်-

(က) နိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်စေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ်ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ တောင့်တင်းခိုင်မာရေးသည် အဓိကကျသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်ကောက်ခံမှု လုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဆောင်ရွက် လျက်ရှိရာ မြန်မာနိုင်ငံတွင် ဝင်ငွေခွန်၊ အမြတ်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ် ခေါင်းခွန် အောင်ဘာလေသိန်းဆုခွန်နှင့် အကောက်ခွန်တို့ကို ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနမှလည်းကောင်း၊ ယစ်မျိုးခွန်၊ မြေခွန်၊ ရေခွန်နှင့်တာတမံခွန်နှင့် ဓာတ်သတ္တု ခွန်တို့ကို ပြည်ထဲရေး ဝန်ကြီးဌာနမှလည်းကောင်း၊ သစ်တောခွန်နှင့် ကြက်ပေါင်စေးခွန် တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ လည်းကောင်း၊ အင်းအိုင်ခွန်ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှလည်းကောင်း၊ သယ်ယူပို့ဆောင်ရေးခွန်ကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ သွင်းကုန်အတွက် လိုင်စင်ခများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ လည်းကောင်း ကောက်ခံလျက်ရှိပါသည်။

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းပြီး အခြားအခွန်ဥပဒေအချို့ကို ပြန်လည်ပြင်ဆင် ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နိုင်ငံတော်၏အခွန်ရငွေတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့က ကောက်ခံသည့် အခွန်များ၏ ကောက်ခံရရှိမှုမှာ အခွန် ရငွေ စုစုပေါင်း၏ ၉၀% မှ ၉၇% အထိ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ကျန်အခွန် အကောက် ၉ မျိုးမှာ ၃% မှ ၁၀% အထိသာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ နှင့် ဇယား ၁ အရ လည်းကောင်း၊ ပုဒ်မ ၂၅၄ နှင့် ဇယား ၅ အရလည်းကောင်း အခွန်အခများကို ပြည်ထောင်စု အစိုးရနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများကခွဲခြားကောက်ခံသွားမည်ဖြစ်ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ကောက်ခံနေသည့် အခွန် ၆ မျိုးမှာ ပြည်ထောင်စု အစိုးရက ကောက်ခံသည့် အခွန်များအဖြစ် ဆက်လက် တည်ရှိနေမည် ဖြစ်ပါသည်။

(ဃ) ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်နှင့် ခေတ်နှင့်လျော်ညီသော အခွန်စနစ်တစ်ရပ် ဖြစ်ပေါ်စေရေး အတွက် အောက်တွင်ဖော်ပြပါ မဟာဗျူဟာ ရည်မှန်းချက်များအပေါ် အခြေခံ ဆောင်ရွက်လျက် ရှိပါသည် -

(၁) အခွန်နှုန်းထားများ လျှော့ချပေးပြီး အခွန်အခြေခံချဲ့ထွင်ရန်၊

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြေရေးဆိုင်ရာ အခွန်အမျိုးအစားများ သတ်မှတ် ပြဋ္ဌာန်းကောက်ခံရန်၊

(၃) တိုက်ရိုက်ခွန် ကောက်ခံသည့်စနစ်မှ သွယ်ဝိုက်ခွန်များ ကောက်ခံသည့်စနစ်သို့ ကူးပြောင်း ဆောင်ရွက်ရန်၊

(၄) အခွန်ထမ်းများမှ ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ကူးပြောင်း ဆောင်ရွက်ရန်၊

(၅) အခွန်ဆိုင်ရာ ဆွဲဆောင်မှုများအပေါ်ထားရှိသည့် အမြင်အား ပြန်လည်သုံးသပ်ရန်၊

(၆) ပြောင်းလဲကျင့်သုံးမည့် အခွန်စနစ်နှင့် လိုက်လျောညီထွေစွာ ပြည်တွင်းအခွန်များ ဦးစီးဌာနကို ပြင်ဆင် ဖွဲ့စည်းရန်၊

(င) ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များအတွင်း အခွန်ရငွေနှင့် GDP အချိုးတိုးတက် လာစေရေးနှင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာန အနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(၁) ပြင်ဆင်ထားသော အခွန်ဥပဒေများကိုပြည်သူများ သိရှိလိုက်နာနိုင် စေရန် ရှင်းလင်း ပညာပေးဆောင်ရွက်ခြင်း၊

(၂) အခွန်ပညာပေးလုပ်ငန်းများကို လက်ရှိအခွန်ထမ်းများသာမက မျိုးဆက်သစ်များအတွက် အခွန်စိတ်ဓာတ်တိုးမြင့်လာစေရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၃) အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံကိန်းအတွက် လမ်းပြမြေပုံရေးဆွဲခြင်း နှင့်အမြန်ဆုံးအောင်မြင်မှု ရရှိနိုင်မည့် နည်းလမ်းများကို နိုင်ငံတကာ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲ ချမှတ်ခြင်း၊

(၄) မြန်မာနိုင်ငံ၏ အခွန်အကောက် ဖွဲ့စည်းပုံတွင် ပါဝင်သင့်သော အခွန်အမျိုးအစားများ အတွက် ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် တစ်ဖက်မှ နိုင်ငံတော်အတွက် လျာထားချက် ကို ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိစေရေး ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှပြုပြင် ပြောင်းလဲမှုအတွက် လိုအပ်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အခွန်ထမ်းများ အနေဖြင့် အခွန်တာဝန်ကို နားလည်ခံယူလာပြီး အခွန်ဥပဒေများကို ကောင်းစွာသဘောပေါက် လိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း အခွန်များဦးစီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်သော အခွန်ရုံးမှ အခွန်စည်းကြပ်မှု စနစ် Official Assessment System မှ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်မှုစနစ် Self Assessment System သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

၁၀၁။ နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ မှာ ကျပ် ၉၀၂.၈၆၁ ဘီလီယံ ဖြစ်ပါသည်။ နိုင်ငံပိုင်အခန်းလုပ်ငန်း စီမံကိန်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန

လမ်းတံတား ဦးစီးဌာနမှ ကျပ် ၄၉၈.၂၆၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်း အသုံးစရိတ် စုစုပေါင်း၏ ၅၅.၁၉% အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး အတွက် လိုအပ်သော အခြေခံအဆောက်အဦ ဖွံ့ဖြိုး တိုးတက်လာစေရန် လမ်းတံတား တည်ဆောက်ခြင်း လုပ်ငန်းများအတွက် အကုန် အကျခံ သုံးစွဲခဲ့သောကြောင့် ဖြစ်ပါ သည်။

(ခ) အဆိုပါ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာနှစ် တွင် နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အသုံးစရိတ် ကျပ် ၉၀၂.၈၆၁ ဘီလီယံသည် စုစုပေါင်း နိုင်ငံပိုင်အခန်း ငွေလုံး ငွေရင်း အသုံးစရိတ် ကျပ် ၃၀၅၂.၆၇၀ ဘီလီယံ ၏၂၉.၅၈% ဆောင်ရွက်နိုင်ခဲ့ ပါသည်။

(ဂ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ် လကုန်အထိ နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အနေဖြင့် ကျပ် ၁၃၇၄.၂၂၈ ဘီလီယံသည် စုစုပေါင်း နိုင်ငံပိုင်အခန်း ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၄၆၆၅.၂၅၁ ဘီလီယံ၏ ၂၉.၄၆% အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ လုပ်ငန်းစီမံကိန်းများမှာ စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်း စက်နှင့်စက်ကရိယာပစ္စည်း စက်ရုံတည်ဆောက်ခြင်း လုပ်ငန်း အတွက် ကျပ် ၅၄၁.၀၇၈ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်း အသုံးစရိတ်စုစုပေါင်း၏ ၃၉.၃၇% အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းစီမံကိန်းမှာ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၊ အမှတ် (၂)သံမဏိစက်ရ(ပင်းပက်)၊ Heavy Diesel Manufacturing (သာဂရ)၊ Mould & Die Making Industry (မြိုင်)တို့ ဖြစ်ပါသည်။ လုပ်ငန်းများအတွက် မူလလျာထားခဲ့သည်ထက် စီမံကိန်းဝင် ပစ္စည်းများ ပိုမိုရောက်ရှိလာခဲ့သဖြင့် ထပ်မံရရှိခဲ့သည့် ဖြည့်စွက် ခွင့်ပြုငွေဖြင့် သုံးစွဲရခြင်းကြောင့် မူလ လျာထားချက်ထက် အကောင်အထည်ဖော်မှု ပိုမိုရခြင်း ဖြစ်ပါသည်။ **(နောက်ဆက်တွဲ-၄)**

(ဃ) ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အသီးတွင် သုံးစွဲခဲ့သော နိုင်ငံပိုင် အခန်းလုပ်ငန်း စီမံကိန်းများ၏ အသုံးစရိတ်သည် ပထမနှစ်တွင် ကျပ် ၉၀၂.၈၆၁ ဘီလီယံ နှင့် ဒုတိယနှစ်တွင် ကျပ် ၁၃၇၄.၂၂၈ ဘီလီယံဖြစ်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ကျပ် ၄၇၁.၃၆၇ ဘီလီယံ ပိုမိုသုံးစွဲ ဆောင်ရွက်နိုင် ခဲ့ပါသည်။ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး အတွက်လိုအပ်သော အခြေခံအဆောက်အဦ ခိုင်မာ လာစေရန် အတွက် လမ်းတံတားတည်ဆောက်လုပ်မှု လုပ်ငန်းများတွင် ပိုမိုကျခံသုံးစွဲ နိုင်ခဲ့၍ ဖြစ်ပါသည်။

(င) အလားတူ စုစုပေါင်း နိုင်ငံပိုင်အခန်း ငွေလုံးငွေရင်းအသုံးစရိတ်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၃၀၅၂.၆၇၀ ဘီလီယံမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၄၆၆၅.၂၅၁ ဘီလီယံ ဖြစ်ပေါ်လာသဖြင့် ကျပ် ၁၆၁၂.၅၈၁ ဘီလီယံပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော အခြေခံအဆောက်အဦ ခိုင်မာလာစေရန်အတွက် စက်မှုလက်မှုနှင့် လျှပ်စစ်ဓာတ်အားတည်ဆောက်မှု လုပ်ငန်း များတွင် ပိုမိုကျခံသုံးစွဲနိုင်ခဲ့၍ ဖြစ်ပါသည်။

(စ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တို့အတွက် ဝယ်ယူခဲ့ပါ သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ယာဉ်စီးရေ စုစုပေါင်း(၈၇၃)စီးရေကို ကျပ်သန်း (၂၄၆၆၇.၂၄) ဖြင့် ပုဂ္ဂလိကကုမ္ပဏီမှ (၂၂၀)စီး၊ စက်မှု ဝန်ကြီး ဌာနမှ(၆၅၃)စီး ဝယ်ယူခဲ့ရာ အထက်အဖွဲ့အစည်း (၂၆)စီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ (၉၇)စီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့(၄၀၃)စီး၊ဝန်ကြီးဌာနများ(၂၁၂)စီး၊ နိုင်ငံတော် ဧည့်သည်ဧည့်ကြိုယာဉ်(၇၅)စီးနှင့် အရန် လက်ကျန် အဖြစ်(၆၀)စီးတို့ အသီးသီး ထုတ်ပေးနိုင်ခဲ့ပါသည်။

(ဆ) အလားတူစွာ ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကကုမ္ပဏီမှ အစီး(၅၀)စီး၊ စက်မှုဝန်ကြီးဌာနမှ (၁၄၅)စီး အပါအဝင် စုစုပေါင်း (၁၉၅)စီးကို ကျပ်သန်း (၄၉၇၈.၀၆၈) ဖြင့် ဝယ်ယူခဲ့ပါသည်။ ဝယ်ယူခဲ့သော ယာဉ်များအား ပြည်ထောင်စုအစိုးရအဖွဲ့(၄)စီး၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ(၂၉)စီး၊ ဝန်ကြီးဌာနများ(၁၉)စီး၊ နိုင်ငံတော် ဧည့်ကြိုယာဉ် (၈၀) စီး နှင့် အရန်လက်ကျန်(၆၃)စီး ထုတ်ပေးနိုင်ခဲ့ပါသည်။

၁၀၂။ ဝန်ကြီးဌာနများမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအချင်းချင်း အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အောက်ပါအတိုင်း အကူအညီများ ရရှိခဲ့ပါသည်-

**ဝန်ကြီးဌာနများမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် နှင့်၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအချင်းချင်း အပြည်ပြည်ဆိုင်ရာနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများမှ ရရှိသည့်အကူအညီ ပမာဏနှိုင်းယှဉ်ချက်**

US$ သန်းပေါင်း

| စဉ် | ဝန်ကြီးဌာန | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | တိုး/ လျော့ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၁.၂၈၀ | ၂၂.၅၀၀ | ၂၁.၂၂ |
| ၂ | နယ်စပ်ရေးရာ ဝန်ကြီးဌာန | ၉.၁၂၀ | ၂၁.၃၆၀ | ၁၂.၂၄ |
| ၃ | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန | ၂.၀၀၀ | ၀.၂၅၅ | - ၁.၇၄၅ |
| ၄ | ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာ ဝန်ကြီးဌာန | ၀ | ၂၂.၁၁၀ | ၂၂.၁၁ |
| ၅ | ပညာရေး ဝန်ကြီးဌာန | ၃.၃၃၀ | ၃.၇၉၀ | ၀.၄၆ |
| ၆ | လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန | ၀ | ၃၀.၉၃၀ | ၃၀.၉၃ |
| ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာ ဝန်ကြီးဌာန | ၀.၁၀ | ၁.၀၅၀ | ၀.၉၅ |
| ၈ | ကျန်းမာရေး ဝန်ကြီးဌာန | ၄၇.၃၂၀ | ၄၄.၈၆၀ | -၂.၄၆ |
| ၉ | စက်မှု ဝန်ကြီးဌာန | ၀.၈၅၀ | ၃.၃၅၀ | ၂.၅ |
| ၁၀ | မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန | ၁.၅၀၀ | ၁.၅၀၀ | - |
| ၁၁ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန | ၁၃၉.၈၂၀ | ၉၇.၉၃၃ | - ၄၁.၈၈၇ |
| ၁၂ | ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန | ၀ | ၀.၂၂၅ | ၀.၂၂၅ |
| ၁၃ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ၀.၅၀၀ | ၀.၅၀၀ | - |
| ၁၄ | လူမှုဝန်ထမ်း ဝန်ကြီးဌာန | ၂၄.၀၂၀ | ၃၇.၁၅၀ | ၁၃.၁၃၀ |
| | စုစုပေါင်း | ၂၂၉.၈၄၀ | ၂၈၇.၄၈၃ | ၅၇.၆၄၃ |

၁၀၃။ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်များတွင် ဝန်ကြီးဌာနများမှ အောက်ပါအတိုင်း ချေးငွေများ ရရှိခဲ့ပါသည်-

**နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များတွင် ဝန်ကြီးဌာနများမှ ရရှိသည့်ချေးငွေပမာဏနှိုင်းယှဉ်ချက်**

သန်းပေါင်း

| စဉ် | ဝန်ကြီးဌာန | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | တိုး/ လျော့ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာန | Yuan (၂၉၁.၂၃၄) | - | Yuan (-)(၂၉၁.၂၃၄) |
| ၂ | လျှပ်စစ်စွမ်းအား | US$ (၂၈.၅၁၂) | US$ (၇၈.၉၀၀) | US$ (၅၀.၃၈၈) |
| ၃ | စက်မှုဝန်ကြီးဌာန | US$ (၂.၉၉၀) | Euro ( ၅၁၀.၅၂၄)<br>US$ ( ၁၉.၉၉၈)<br>Yuan ( ၉၆၀.၈၄၆) | Euro ( ၅၁၀.၅၂၄)<br>US$ (၁၇.၀၀၈)<br>Yuan ( ၉၆၀.၈၄၆) |
| | စုစုပေါင်း | US$ (၃၁.၅၀၂)<br>Yuan (၂၉၁.၂၃၄) | Euro ( ၅၁၀.၅၂၄)<br>US$ ( ၉၈.၈၉၈)<br>Yuan ( ၉၆၀.၈၄၆) | Euro ( ၅၁၀.၅၂၄)<br>US$ (၆၇.၃၉၆)<br>Yuan (၆၆၉.၆၁၂) |

၁၀၄။ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်းများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများမှ ရွေးကောက်တင်မြှောက် သော ပြည်ထောင်စုအစိုးရမှ ဘက်စုံ၊ ကဏ္ဍစုံ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက် ရှိပါသည်။ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် ဦးစားပေး နယ်ပယ်(၁၀)ခုတွင်ပါဝင်သည့် ဘဏ္ဍာရေးနှင့် အခွန်စနစ်ပြုပြင် ပြောင်းလဲ မှုများနှင့် ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာ၌ ဘတ်ဂျက်နှင့် ဘဏ်လုပ်ငန်းကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပြည်ပ ကြွေးမြီ ရှင်းလင်းရေးကိစ္စကို ဆောက်ရွက်ခြင်းဖြင့် နိုင်ငံတကာ အသိုက်အဝန်းမှ မြန်မာနိုင်ငံအား ပြန်လည် အသိအမှတ်ပြုလာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုး တိုးတက်ရေးတွင်လိုအပ်သော အကူအညီ၊ အထောက်အပံ့နှင့်ချေးငွေများ ပြန်လည်ရရှိ ခံစားရမည်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ပြုပြင် ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးရန် အလားအလာကောင်းများကြောင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ အောင်မြင်စွာပူးပေါင်းနိုင်လိမ့်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ-၁**

## ဝန်ကြီးဌာနအလိုက် သာမန်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီ

( ကျပ်သန်းပေါင်း )

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ( ရှေ့ပြေးအမှန် ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငွေလုံးငွေရင်း | ပါဝင်မှုအချိုး | သာမန် | ပါဝင်မှုအချိုး | ကြွေးမြီ | ပါဝင်မှုအချိုး | စုစုပေါင်း | ပါဝင်မှုအချိုး |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၇၃၀၂၀၇ | ၂၃.၉၂ | ၁၅၁၆၄ | ၀.၂၇ | | | ၇၄၅၃၇၁ | ၈.၆၅ |
| ၂ | နိုင်ငံခြားရေး | ၄၅၃ | ၀.၀၁ | ၁၃၄၈ | ၀.၀၂ | | | ၁၈၀၁ | ၀.၀၂ |
| ၃ | ကာကွယ်ရေး | ၈၅၆၂၇၆ | ၂၈.၀၅ | ၄၁၃၄၂၉ | ၇.၄၃ | | | ၁၂၆၉၇၀၅ | ၁၄.၇၃ |
| | -တပ်မြို့စည်ပင်သာယာရေး | ၃၉ | ၀.၀၀၁ | ၃၈၇ | ၀.၀၁ | | | ၄၂၆ | ၀.၀၀၅ |
| ၄ | တပ်မတော်ရေးရာ | | | | | | | | |
| ၅ | နယ်စပ်ရေးရာ | ၃၃၁၅၆ | ၁.၀၉ | ၁၃၂၂၅ | ၀.၂၄ | ၅ | ၀.၁၃ | ၄၆၃၈၆ | ၀.၅၄ |
| ၆ | ပြည်ထဲရေး | ၇၀၆၈၀ | ၂.၃၂ | ၆၀၈၆၅ | ၁.၀၉ | | | ၁၃၁၅၄၅ | ၁.၅၃ |
| ၇ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၃၅၉ | ၀.၀၁ | ၆၆၆၅ | ၀.၁၂ | | | ၇၀၂၄ | ၀.၀၈ |
| ၈ | သာသနာရေး | ၆၄၇ | ၀.၀၂ | ၄၅၆၀ | ၀.၀၈ | | | ၅၂၀၇ | ၀.၀၆ |
| ၉ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ | ၅၇၀၉ | ၀.၁၉ | ၆၈၇၄ | ၀.၁၂ | | | ၁၂၅၈၃ | ၀.၁၅ |
| ၁၀ | ချထားရေး | | | | | | | | |
| ၁၁ | ပြန်ကြားရေး | ၃၈၈၇ | ၀.၁၃ | ၂၇၀၀၀ | ၀.၄၉ | | | ၃၀၈၈၇ | ၀.၃၆ |
| ၁၂ | ယဉ်ကျေးမှု | ၂၀၂၂ | ၀.၀၇ | ၃၂၁၅ | ၀.၀၆ | | | ၅၂၃၇ | ၀.၀၆ |
| ၁၃ | ပညာရေး | ၃၅၁၇၀ | ၁.၁၅ | ၂၇၄၅၅၁ | ၄.၉၄ | | | ၃၀၉၇၂၁ | ၃.၅၉ |
| ၁၄ | ကျန်းမာရေး | ၂၃၈၆၅ | ၀.၇၈ | ၆၂၇၈၃ | ၁.၁၃ | | | ၈၆၆၄၈ | ၁.၀၁ |
| ၁၅ | အားကစား | ၂၄၁၅ | ၀.၀၈ | ၄၆၁၈ | ၀.၀၈ | | | ၇၀၃၃ | ၀.၀၈ |
| ၁၆ | အလုပ်သမား | ၃၁၅ | ၀.၀၁ | ၈၂၀၉ | ၀.၁၅ | | | ၈၅၂၄ | ၀.၁၀ |
| ၁၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၃၇၁၄ | ၀.၁၂ | ၁၃၇၃၂၈ | ၂.၄၇ | ၃ | ၀.၀၈ | ၁၄၁၀၄၅ | ၁.၆၄ |
| ၁၈ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၁၄၄၂၉၅ | ၄.၇၃ | ၁၇၈၅၂၈ | ၃.၂၁ | ၁၄ | ၀.၃၇ | ၃၂၂၈၃၇ | ၃.၇၅ |
| ၁၉ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၃၂၄၄ | ၀.၁၁ | ၁၉၄၂၄ | ၀.၃၅ | | | ၂၂၆၆၈ | ၀.၂၆ |
| ၂၀ | သတ္တုတွင်း | ၄၀၉ | ၀.၀၁ | ၈၇၁၅၈ | ၁.၅၇ | ၆ | ၀.၁၆ | ၈၇၅၇၃ | ၁.၀၂ |
| ၂၁ | စက်မှု | ၆၂၃၂၀ | ၂.၀၄ | ၂၂၅၉၁၅ | ၄.၀၆ | ၁၄၅၁ | ၃၇.၈၈ | ၂၈၉၆၈၆ | ၃.၃၆ |
| ၂၂ | မြန်မာ့စက်မှုဖွံ့ဖြိုးရေး | ၃၂၀၀၀ | ၁.၀၅ | ၁၅၀ | ၀.၀၀၃ | | | ၃၂၁၅၀ | ၀.၃၇ |
| ၂၃ | သိပ္ပံနှင့်နည်းပညာ | ၁၄၅၂၃ | ၀.၄၈ | ၂၂၉၅၆ | ၀.၄၁ | | | ၃၇၄၇၉ | ၀.၄၃ |
| ၂၄ | စွမ်းအင် | ၅၀၂၉ | ၀.၁၆ | ၉၄၆၉၃၃ | ၁၇.၀၃ | ၂၆၉ | ၇.၀၂ | ၉၅၂၂၃၁ | ၁၁.၀၅ |
| ၂၅ | အမှတ် ( ၁ ) လျှပ်စစ်စွမ်းအား | ၇၇၈၁၆ | ၂.၅၅ | ၁၄၃၈၄၃ | ၂.၅၉ | ၄၁ | ၁.၀၇ | ၂၂၁၇၀၀ | ၂.၅၇ |
| ၂၆ | အမှတ် ( ၂ ) လျှပ်စစ်စွမ်းအား | ၁၄၀၄၉၂ | ၄.၆၀ | ၄၅၄၂၅၉ | ၈.၁၇ | ၁၁ | ၀.၂၉ | ၅၉၄၇၆၂ | ၆.၉၀ |
| ၂၇ | ဆောက်လုပ်ရေး | ၅၁၉၈၄၅ | ၁၇.၀၃ | ၂၉၅၉၀၁ | ၅.၃၂ | ၁၄ | ၀.၃၇ | ၈၁၅၇၆၀ | ၉.၄၇ |
| ၂၈ | ပို့ဆောင်ရေး | ၂၆၄၂၃ | ၀.၈၇ | ၄၅၀၈၆ | ၀.၈၁ | ၃ | ၀.၀၈ | ၇၁၅၁၂ | ၀.၈၃ |
| ၂၉ | ရထားပို့ဆောင်ရေး | ၁၁၂၈၇၃ | ၃.၇၀ | ၇၇၇၂၅ | ၁.၄၀ | ၆၈ | ၁.၇၇ | ၁၉၀၆၆၆ | ၂.၂၁ |
| ၃၀ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | ၃၆၆၁၈ | ၁.၂၀ | ၄၄၃၄၅၇ | ၇.၉၇ | ၁၁၂ | ၂.၉၂ | ၄၈၀၁၈၇ | ၅.၅၇ |
| ၃၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၇၆ | ၀.၀၁ | ၆၇၆၄ | ၀.၁၂ | ၁၅၀၀ | ၃၉.၁၅ | ၈၄၄၀ | ၀.၁၀ |
| ၃၂ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၁၇ | ၀.၀၀၁ | ၄၅၀၇ | ၀.၀၈ | | | ၄၅၂၄ | ၀.၀၅ |
| ၃၃ | သမဝါယမ | ၁၅၄ | ၀.၀၁ | ၁၂၅၂ | ၀.၀၂ | | | ၁၄၀၆ | ၀.၀၂ |
| ၃၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက် | ၈၇၃၂ | ၀.၂၉ | ၇၃၆၆ | ၀.၁၃ | | | ၁၆၀၉၈ | ၀.၁၉ |
| ၃၅ | ဘဏ္ဍာရေးနှင့်အခွန် | ၆၉၅၇ | ၀.၂၃ | ၁၂၄၂၉၉၉ | ၂၂.၃၅ | ၃၄ | ၀.၈၉ | ၁၂၄၉၉၉၀ | ၁၄.၅၀ |
| ၃၆ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၀၂၃ | ၀.၀၃ | ၂၆၄၃ | ၀.၀၅ | | | ၃၆၆၆ | ၀.၀၄ |
| | **ပြည်ထောင်စုစုစုပေါင်း** | **၂၉၆၁၈၆၀** | **၉၇.၀၃** | **၅၂၄၇၀၈၇** | **၉၄.၃၅** | **၃၅၃၁** | **၉၂.၁၇** | **၈၂၁၂၄၇၈** | **၉၅.၂၉** |
| ၃၇ | **တိုင်းဒေသကြီး / ပြည်နယ်** | ၉၀၈၁၀ | ၂.၉၇ | ၃၁၄၃၆၆ | ၅.၆၅ | ၃၀၀ | ၇.၈၃ | ၄၀၅၄၇၆ | ၄.၇၁ |
| | **စုစုပေါင်း** | **၃၀၅၂၆၇၀** | **၁၀၀.၀၀** | **၅၅၆၁၄၅၃** | **၁၀၀.၀၀** | **၃၈၃၁** | **၁၀၀.၀၀** | **၈၆၁၇၉၅၄** | **၁၀၀.၀၀** |

# နောက်ဆက်တွဲ-၁

## ဝန်ကြီးဌာနအလိုက် သာမန်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီ

( ကျပ်သန်းပေါင်း )

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ( မတ်လကုန် ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငွေလုံးငွေရင်း | ပါဝင်မှုအချိုး | သာမန် | ပါဝင်မှုအချိုး | ကြွေးမြီ | ပါဝင်မှုအချိုး | စုစုပေါင်း | ပါဝင်မှုအချိုး |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၄၈၇၁၁၈ | ၁၀.၄၄ | ၂၀၄၅၃ | ၀.၂၇ | | | ၅၀၇၅၇၁ | ၄.၁၁ |
| ၂ | နိုင်ငံခြားရေး | ၃၀၇၆ | ၀.၀၇ | ၃၁၂၇၈ | ၀.၄၁ | | | ၃၄၃၅၄ | ၀.၂၈ |
| ၃ | ကာကွယ်ရေး | ၉၄၉၁၅၂ | ၂၀.၃၅ | ၈၄၀၄၀၈ | ၁၁.၁၂ | ၉၂ | | ၁၇၈၉၆၅၂ | ၁၄.၄၈ |
| | -တပ်မြို့စည်ပင်သာယာရေး | ၉၇ | ၀.၀၀ | ၆၇၇ | ၀.၀၁ | | | ၇၇၄ | ၀.၀၁ |
| ၄ | တပ်မတော်ရေးရာ | | | | | | | | |
| ၅ | နယ်စပ်ရေးရာ | ၁၁၅၂၁၁ | ၂.၄၇ | ၂၈၀၅၂ | ၀.၃၇ | ၆၉၈ | | ၁၄၃၉၆၁ | ၁.၁၆ |
| ၆ | ပြည်ထဲရေး | ၅၅၄၄၆ | ၁.၁၉ | ၉၈၆၀၅ | ၁.၃၀ | | | ၁၅၄၀၅၁ | ၁.၂၅ |
| ၇ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁၂၁၇ | ၀.၀၃ | ၁၀၀၇၇ | ၀.၁၃ | | | ၁၁၂၉၄ | ၀.၀၉ |
| ၈ | သာသနာရေး | ၄၂၇ | ၀.၀၁ | ၅၇၂၂ | ၀.၀၈ | | | ၆၁၄၉ | ၀.၀၅ |
| ၉ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရ | ၇၈၈၆ | ၀.၁၇ | ၁၂၅၈၆ | ၀.၁၇ | ၃၀ | | ၂၀၅၀၂ | ၀.၁၇ |
| ၁၀ | ချထားရေး | | | | | | | | |
| ၁၁ | ပြန်ကြားရေး | ၁၇၈၇၃ | ၀.၃၈ | ၂၅၂၁၅ | ၀.၃၃ | | | ၄၃၀၈၈ | ၀.၃၅ |
| ၁၂ | ယဉ်ကျေးမှု | ၂၇၄၁ | ၀.၀၆ | ၃၇၇၀ | ၀.၀၅ | | | ၆၅၁၁ | ၀.၀၅ |
| ၁၃ | ပညာရေး | ၂၁၅၇၁၅ | ၄.၆၂ | ၅၄၆၅၅၀ | ၇.၂၃ | | | ၇၆၂၂၆၅ | ၆.၁၇ |
| ၁၄ | ကျန်းမာရေး | ၂၁၃၆၀၆ | ၄.၅၈ | ၁၆၉၀၂၉ | ၂.၂၄ | | | ၃၈၂၆၃၅ | ၃.၁၀ |
| ၁၅ | အားကစား | ၃၂၄၄၃၆ | ၆.၉၅ | ၁၀၃၅၄ | ၀.၁၄ | | | ၃၃၄၇၉၀ | ၂.၇၁ |
| ၁၆ | အလုပ်သမား | ၄၂၅ | ၀.၀၁ | ၆၇၆၉ | ၀.၀၉ | | | ၇၁၉၄ | ၀.၀၆ |
| ၁၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေး | ၃၈၁၃ | ၀.၀၈ | ၂၆၉၅၉၇ | ၃.၅၇ | ၅၉၃ | ၀.၄၃ | ၂၇၄၀၀၃ | ၂.၂၂ |
| ၁၈ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၂၀၉၃၆၆ | ၄.၄၉ | ၁၉၃၈၁၆ | ၂.၅၇ | ၁၈၇၄ | | ၄၀၅၀၅၆ | ၃.၂၈ |
| ၁၉ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၅၄၈ | ၀.၀၁ | ၉၉၀၁ | ၀.၁၃ | | | ၁၀၄၄၉ | ၀.၀၈ |
| ၂၀ | သတ္တုတွင်း | ၆၅၄ | ၀.၀၁ | ၁၈၂၂၀၁ | ၂.၄၁ | | | ၁၈၂၈၅၅ | ၁.၄၈ |
| ၂၁ | စက်မှု | ၆၁၃၃၃၆ | ၁၃.၁၅ | ၁၂၂၄၇၁ | ၁.၆၂ | ၆၂၂၈ | ၄.၄၈ | ၇၄၂၀၃၅ | ၆.၀၀ |
| ၂၂ | မြန်မာ့စက်မှုဖွံ့ဖြိုးရေး | | | | | | | | |
| ၂၃ | သိပ္ပံနှင့်နည်းပညာ | ၈၆၃၂ | ၀.၁၉ | ၅၀၀၈ | ၀.၀၇ | | | ၁၃၆၄၀ | ၀.၁၁ |
| ၂၄ | စွမ်းအင် | ၆၆၇၅၆ | ၁.၄၃ | ၁၆၄၈၇၇၈ | ၂၁.၈၂ | ၃၉၅၈၁ | ၂၈.၄၈ | ၁၇၅၅၁၁၅ | ၁၄.၂၀ |
| ၂၅ | အမှတ် ( ၁ ) လျှပ်စစ်စွမ်းအား | ၄၄၄၀၉၇ | ၉.၅၂ | ၈၈၆၈၈ | ၁.၁၇ | ၄၈၈ | ၀.၃၅ | ၅၃၃၂၇၃ | ၄.၃၁ |
| ၂၆ | အမှတ် ( ၂ ) လျှပ်စစ်စွမ်းအား | | ၀.၀၀ | ၂၂၉၂၄၁ | ၃.၀၃ | ၇၁၉ | ၀.၅၂ | ၂၂၉၉၆၀ | ၁.၈၆ |
| ၂၇ | ဆောက်လုပ်ရေး | ၄၁၆၁၈၅ | ၈.၉၂ | ၂၃၅၆၇၅ | ၃.၁၂ | ၂၁၄၉ | ၁.၅၅ | ၆၅၄၀၀၉ | ၅.၂၉ |
| ၂၈ | ပို့ဆောင်ရေး | ၄၇၄၀၅ | ၁.၀၂ | ၆၇၃၀၅ | ၀.၈၉ | ၅၁၈ | ၀.၃၇ | ၁၁၅၂၂၈ | ၀.၉၃ |
| ၂၉ | ရထားပို့ဆောင်ရေး | ၁၂၀၀၂၇ | ၂.၅၇ | ၅၁၈၇၂ | ၀.၆၉ | ၉၇၅၄ | ၇.၀၂ | ၁၈၁၆၅၃ | ၁.၄၇ |
| ၃၀ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | ၁၉၀၁၃ | ၀.၄၁ | ၂၅၀၆၉၄ | ၃.၃၂ | ၁၇၇၂၄ | ၁၂.၇၅ | ၂၈၇၄၃၁ | ၂.၃၃ |
| ၃၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၉၁၈ | ၀.၀၂ | ၉၁၃၅ | ၀.၁၂ | ၂၄၂ | ၀.၁၇ | ၁၀၂၉၅ | ၀.၀၈ |
| ၃၂ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၅၄ | ၀.၀၀၁ | ၄၄၉၆ | ၀.၀၆ | | | ၄၅၅၀ | ၀.၀၄ |
| ၃၃ | သမဝါယမ | ၁၀၈ | ၀.၀၀၂ | ၁၄၅၁ | ၀.၀၂ | ၁၉၇၁ | | ၃၅၃၀ | ၀.၀၃ |
| ၃၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတ | ၉၂၉၀ | ၀.၂၀ | ၈၅၄၃ | ၀.၁၁ | ၃၄၅၂၀ | | ၅၂၃၅၃ | ၀.၄၂ |
| ၃၅ | ဘဏ္ဍာရေးနှင့်အခွန် | ၃၁၈၃၄ | ၀.၆၈ | ၁၇၇၁၅၃၃ | ၂၃.၄၅ | ၂၁၁၄၆ | | ၁၈၂၄၅၁၃ | ၁၄.၇၆ |
| ၃၆ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၃၁၅ | ၀.၀၃ | ၁၀၆၉၈ | ၀.၁၄ | | | ၁၂၀၁၃ | ၀.၁၀ |
| | **ပြည်ထောင်စုစုစုပေါင်း** | **၄၃၈၇၇၇၇** | **၉၄.၀၅** | **၆၉၇၀၆၄၈** | **၉၂.၂၅** | **၁၃၈၃၂၇** | **၉၉.၅၃** | **၁၁၄၉၆၇၅၂** | **၉၃.၀၁** |
| ၃၇ | **တိုင်းဒေသကြီး / ပြည်နယ်** | ၂၇၇၄၇၄ | ၅.၉၅ | ၅၈၅၃၀၂ | ၇.၇၅ | ၆၅၂ | ၀.၄၇ | ၈၆၃၄၂၈ | ၆.၉၉ |
| | **စုစုပေါင်း** | **၄၆၆၅၂၅၁** | **၁၀၀.၀၀** | **၇၅၅၅၉၅၀** | **၁၀၀.၀၀** | **၁၃၈၉၇၉** | **၁၀၀.၀၀** | **၁၂၃၆၀၁၈၀** | **၁၀၀.၀၀** |

နောက်ဆက်တွဲ-၂

## တိုင်းဒေသကြီး/ပြည်နယ်အလိုက်သာမန်အသုံးစရိတ်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်

(ကျပ်သန်း)

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် (အသုံးစရိတ်) | | | | | | | | ၂၀၁၂-၂၀၁၃ မတ်လကုန် (အသုံးစရိတ်) | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သာမန် | ပါဝင်မှု% | ငွေလုံးငွေရ | ပါဝင်မှု% | ကြွေးမြီ | ပါဝင်မှု% | စုစုပေါင်း | ပါဝင်မှု% | သာမန် | ပါဝင်မှု% | ငွေလုံးငွေရင်း | ပါဝင်မှု% | ကြွေးမြီ | ပါဝင်မှု% | စုစုပေါင်း | ပါဝင်မှု% |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၁ | ကချင်ပြည်နယ် | ၁၄၈၉၇ | ၄.၇ | ၂၆၈၃ | ၂.၉ | | | ၁၇၅၈၀ | ၄.၃ | ၂၇၅၅၂ | ၄.၇ | ၉၃၁၅ | ၃.၄ | | | ၃၆၈၆၇ | ၄.၃ |
| ၂ | ကယားပြည်နယ် | ၃၇၅၈ | ၁.၂ | ၁၁၅၁ | ၁.၃ | | | ၄၉၀၉ | ၁.၂ | ၇၃၃၈ | ၁.၂ | ၁၉၆၆ | ၀.၇ | | | ၉၃၀၄ | ၁.၁ |
| ၃ | ကရင်ပြည်နယ် | ၅၁၂၃ | ၁.၆ | ၉၆၅ | ၁.၀ | | | ၆၀၈၈ | ၁.၅ | ၁၈၄၇၀ | ၃.၁ | ၁၄၃၇ | ၀.၅ | | | ၁၉၉၀၇ | ၂.၃ |
| ၄ | ချင်းပြည်နယ် | ၈၉၉၆ | ၂.၈ | ၃၅၈ | ၀.၄ | | | ၉၃၅၄ | ၂.၃ | ၁၄၆၇၆ | ၂.၅ | ၂၆၆၅ | ၁.၀ | | | ၁၇၃၄၁ | ၂.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၄၂၂၁ | ၁၀.၉ | ၃၇၆၀ | ၄.၁ | | | ၃၇၉၈၁ | ၉.၄ | ၆၆၅၄၇ | ၁၁.၄ | ၇၃၂၄ | ၂.၆ | | | ၇၃၈၇၁ | ၈.၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၉၉၃ | ၂.၉ | ၁၇၁၀ | ၁.၉ | | | ၁၀၇၀၃ | ၂.၆ | ၂၂၀၉၅ | ၃.၈ | ၁၂၃၉၅ | ၄.၅ | | | ၃၄၄၉၀ | ၄.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၂၄၁၁၈ | ၇.၇ | ၅၃၂၄ | ၅.၉ | | | ၂၉၄၄၂ | ၇.၃ | ၃၀၂၉၁ | ၅.၂ | ၄၃၃၂ | ၁.၆ | | | ၃၄၆၂၃ | ၄.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၁၆၉၄ | ၆.၉ | ၃၃၃၆ | ၃.၇ | | | ၂၅၀၃၀ | ၆.၂ | ၄၉၀၁၇ | ၈.၄ | ၃၂၅၉၂ | ၁၁.၇ | | | ၈၁၆၀၉ | ၉.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃၄၇၉၀ | ၁၁.၁ | ၃၂၉၃၀ | ၃၆.၃ | | | ၆၇၇၂၀ | ၁၆.၇ | ၄၈၅၉၆ | ၈.၃ | ၃၃၄၈၃ | ၁၂.၁ | | | ၈၂၀၇၉ | ၉.၅ |
| ၁၀ | မွန်ပြည်နယ် | ၉၅၈၀ | ၃.၀ | ၂၇၃၇ | ၃.၀ | | | ၁၂၃၁၇ | ၃.၀ | ၁၉၃၂၇ | ၃.၃ | ၅၁၄၆ | ၁.၈ | | | ၂၄၄၇၃ | ၂.၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၃၃၁၈၉ | ၁၀.၆ | ၁၄၄၁ | ၁.၆ | | | ၃၄၆၃၀ | ၈.၆ | ၆၀၁၆၇ | ၁၀.၃ | ၃၇၈၈ | ၁.၄ | | | ၆၃၉၅၅ | ၇.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅၄၉၄၂ | ၁၇.၅ | ၂၄၈၅၁ | ၂၇.၄ | ၃၀၀ | ၁၀၀.၀ | ၈၀၀၉၃ | ၁၉.၇၀ | ၈၈၈၄၂ | ၁၅.၂ | ၁၂၁၃၉၄ | ၄၃.၇ | ၆၅၂ | ၁၀၀.၀ | ၂၁၀၈၈၈ | ၂၄.၄ |
| ၁၃ | ရှမ်းပြည်နယ် | ၄၁၈၇၅ | ၁၃.၃ | ၅၉၅၁ | ၆.၅ | | | ၄၇၈၂၆ | ၁၁.၈ | ၈၆၁၃၄ | ၁၄.၇ | ၁၀၂၈၈ | ၃.၇ | | | ၉၆၄၂၂ | ၁၁.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၁၉၀ | ၅.၈ | ၃၆၁၃ | ၄.၀ | | | ၂၁၈၀၃ | ၅.၄ | ၄၆၂၅၀ | ၇.၉ | ၃၁၃၄၉ | ၁၁.၃ | | | ၇၇၅၉၉ | ၉.၀ |
| | **စုစုပေါင်း** | **၃၁၄၃၆၆** | **၁၀၀.၀** | **၉၀၈၁၀** | **၁၀၀.၀** | **၃၀၀.၀** | **၁၀၀.၀** | **၄၀၅၄၇၆** | **၁၀၀.၀** | **၅၈၅၃၀၂** | **၁၀၀.၀** | **၂၇၇၄၇၄** | **၁၀၀.၀** | **၆၅၂** | **၁၀၀.၀** | **၈၆၃၄၂၈** | **၁၀၀.၀** |
| | **ပါဝင်မှုရာခိုင်နှုန်း** | | **၇၇.၅** | | **၂၂.၄** | | **၀.၁** | | **၁၀၀.၀** | | **၆၇.၈** | | **၃၂.၁** | | **၀.၁** | | **၁၀၀.၀** |

နောက်ဆက်တွဲ-၃

## ကဏ္ဍအလိုက် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

( ကျပ်သန်းပေါင်း )

| စဉ် | ကဏ္ဍအမည် | ၂၀၁၀-၂၀၁၁ | | ၂၀၁၁-၂၀၁၂ ( ရှေ့ပြေးအမှန် ) | | ၂၀၁၂-၂၀၁၃ ( မတ်လကုန် ) | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှု% | တန်ဖိုး | ပါဝင်မှု% | တန်ဖိုး | ပါဝင်မှု% |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | လယ်ယာ | ၁၀၉၁၇၉ | ၃.၄ | ၁၄၄၁၈၄ | ၄.၇ | ၂၀၉၃၆၆ | ၄.၅ |
| ၂ | သားငါး | ၄၁၃၁ | ၀.၁ | ၃၄၅၇ | ၀.၁ | ၆၆၆ | # |
| ၃ | သစ်တော | ၁၂၁၉၆ | ၀.၄ | ၂၇၂၆ | ၀.၁ | ၃၄၄၁ | ၀.၁ |
| ၄ | စွမ်းအင် | ၃၇၇၁ | ၀.၁ | ၄၂၁၀ | ၀.၁ | ၆၀၅၃၈ | ၁.၃ |
| ၅ | သတ္တု | ၁၁၄၂ | # | ၁၉၅ | # | ၅၃၆ | # |
| ၆ | စက်မှုလက်မှု | ၉၅၈၉၆ | ၃.၀ | ၉၉၃၃၁ | ၃.၃ | ၆၄၇၉၃၉ | ၁၃.၉ |
| ၇ | လျှပ်စစ်ဓါတ်အား | ၁၆၃၁၈၉ | ၅.၁ | ၂၁၈၃၀၈ | ၇.၂ | ၄၄၄၀၉၇ | ၉.၅ |
| ၈ | ဆောက်လုပ်မှု | ၂၉၄၃၃၈ | ၉.၂ | ၅၁၉၈၄၅ | ၁၇.၀ | ၄၁၆၁၈၅ | ၈.၉ |
| ၉ | ပို့ဆောင်ရေး | ၁၅၄၄၄၈ | ၄.၈ | ၁၃၉၂၉၆ | ၄.၆ | ၁၆၇၄၃၂ | ၃.၆ |
| ၁၀ | ဆက်သွယ်ရေး | ၄၃၃၅၉ | ၁.၄ | ၃၆၆၁၈ | ၁.၂ | ၁၉၀၁၃ | ၀.၄ |
| ၁၁ | ကုန်သွယ်ရေး | ၅၈၃ | # | ၅၅၈ | # | ၁၄၁၈ | # |
| ၁၂ | လူမှုရေး | ၈၈၆၆၁ | ၂.၈ | ၈၈၅၅၃ | ၂.၉ | ၇၉၁၇၄၁ | ၁၇.၀ |
| ၁၃ | ငွေရေးကြေးရေး | ၅၁၇၆ | ၀.၂ | ၂၃၈၃ | ၀.၁ | ၂၅၈၄ | ၀.၁ |
| ၁၄ | စီမံခန့်ခွဲရေးအဖွဲ့အစည်းများ* | ၂၂၂၇၂၆၄ | ၆၉.၅ | ၁၇၀၁၁၇၃ | ၅၅.၇ | ၁၆၂၁၅၀၆ | ၃၄.၈ |
| ၁၅ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | | | ၁၀၂၃ | # | ၁၃၁၅ | # |
| | ကဏ္ဍစုစုပေါင်း ** | ၃၂၀၃၃၃၃ | ၁၀၀.၀ | ၂၉၆၁၈၆၀ | ၉၇.၀ | ၄၃၈၇၇၇၇ | ၉၄.၁ |
| | တိုင်းဒေသကြီး / ပြည်နယ် | | | ၉၀,၈၁၀ | ၃.၀ | ၂၇၇၄၇၄ | ၅.၉ |
| | စုစုပေါင်း | ၃၂၀၃၃၃၃ | ၁၀၀.၀ | ၃၀၅၂၆၇၀ | ၁၀၀.၀ | ၄၆၆၅၂၅၁ | ၁၀၀.၀ |

*တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအပါအဝင်ဖြစ်ပါသည်။ ** ပြည်ထောင်စုအသုံးစရိတ်များသာ ဖြစ်ပါသည်။ # ၀.၀၅ % အောက်ဖြစ်ပါသည်။

**နောက်ဆက်တွဲ-၄**

**နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်ထိ အခြေအနေ)**

(ကျပ်သန်းပေါင်း)

| စဉ် | | | အကြောင်းအရာ | တန်ဖိုး | ပါဝင်မှု % |
|---|---|---|---|---|---|
| ၁ | | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | | |
| | ၁ | | **သစ်တောဦးစီးဌာန** | | |
| | | | - Integrated Mangrove Project | ၃၃ | * |
| ၂ | | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | | |
| | ၁ | | **ဆည်မြောင်းဦးစီးဌာန** | | |
| | | ၁ | ဆည်မြောင်းတာတမံတည်ဆောက်ခြင်း | ၁၂၈,၀၁၀ | ၁၄.၁၈ |
| | ၂ | | **ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန** | | |
| | | ၁ | မြစ်ရေတင်လုပ်ငန်းများ | ၆,၈၈၀ | ၀.၇၆ |
| ၃ | | | **စက်မှုဝန်ကြီးဌာန** | | |
| | ၁ | | **အကြီးစားစက်မှုစီမံကိန်းဦးစီးဌာန** | | |
| | | ၁ | စက်မှုသင်တန်းကျောင်း(မြင်းခြံ) | ၁,၈၁၆ | ၀.၂၀ |
| | ၂ | | **မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း** | | |
| | | ၁ | အုတ်စက်ရုံနှင့်မှန်စက်ရုံစီမံကိန်း | ၂,၈၈၁ | ၀.၃၂ |
| | ၃ | | **မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း** | | |
| | | ၁ | သတင်းစာစက္ကူစက်ရုံစီမံကိန်း(သာပေါင်း) | ၉၈၅ | ၀.၁၁ |
| | ၄ | | **အမှတ်(၁)အထွေထွေအကြီးစားစက်မှုလုပ်ငန်း** | | |
| | | ၁ | စက်ရုံနှင့်စက်ကိရိယာစက်ရုံတည်ဆောက်ခြင်းစီမံကိန်း | ၂၂,၉၅၁ | ၂.၅၄ |
| | ၅ | | **အမှတ်(၂)အထွေထွေအကြီးစားစက်မှုလုပ်ငန်း** | | |
| | | ၁ | အထွေထွေအကြီးစားစက်ရုံ(သာဂရ) | ၁,၀၈၃ | ၀.၁၂ |
| ၄ | | | **အမှတ် (၁) လျှပ်စစ်စွမ်းအား** | | |
| | ၁ | | **ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန** | | |
| | | ၁ | ရေအားလျှပ်စစ်စီမံကိန်းများ | ၇၆,၆၂၀ | ၈.၄၉ |
| ၅ | | | **အမှတ် (၂) လျှပ်စစ်စွမ်းအား** | | |
| | ၁ | | **မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း** | | |
| | | | ဓာတ်အားလိုင်းတည်ဆောက်ရေးစီမံကိန်းများ | ၆၆,၃၁၄ | ၇.၃၅ |
| ၆ | | | **ဆောက်လုပ်ရေး** | | |
| | ၁ | | **လမ်းတံတားဦးစီး** | | |
| | | ၁ | လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းများ | ၄၉၈,၂၆၉ | ၅၅.၁၉ |
| ၇ | | | **ပို့ဆောင်ရေး** | | |
| | ၁ | | **လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** | | |
| | | ၁ | နေပြည်တော်လေဆိပ်တိုးချဲ့တည်ဆောက်ရေးစီမံကိန်း | ၅၆၀ | ၀.၀၆ |
| ၈ | | | **ရထားပို့ဆောင်ရေး** | | |
| | ၁ | | **မြန်မာ့မီးရထား** | | |
| | | ၁ | ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းများ | ၇၉,၅၈၅ | ၈.၈၁ |
| ၉ | | | **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ** | | |
| | ၁ | | **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း** | | |
| | | ၁ | ဆက်သွယ်မှုလုပ်ငန်းစီမံကိန်းများ | ၁၆,၈၇၃ | ၁.၈၇ |
| | | | **စုစုပေါင်း** | **၉၀၂,၈၆၀** | |

* ၀.၀၅ % အောက်ဖြစ်ပါသည်။

နောက်ဆက်တွဲ-၄

**နိုင်ငံပိုင်အခန်းမလုပ်ငန်းစီမံကိန်းများ(၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မတ်လကုန်အထိအခြေအနေ)**

(ကျပ်သန်းပေါင်း)

| စဉ် | | | အကြောင်းအရာ | တန်ဖိုး | ပါဝင်မှု% |
|---|---|---|---|---|---|
| ၁ | | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | | |
| | ၁ | | သစ်တောဦးစီးဌာန | | |
| | | ၁ | Integrated Mangrove Project | ၆၈၁ | ၀.၀၅ % |
| ၂ | | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | | |
| | ၁ | | ဆည်မြောင်းဦးစီးဌာန | | |
| | | ၁ | ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း | ၁၇၄၂၇၀ | ၁၂.၆၈ % |
| | ၂ | | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | |
| | | ၁ | လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်း | ၉၀၀၅ | ၀.၆၆ % |
| ၃ | | | စက်မှုဝန်ကြီးဌာန | | |
| | ၁ | | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | | |
| | | ၁ | စက်နှင့်စက်ကိရိယာပစ္စည်းစက်ရုံ တည်ဆောက်ခြင်း | ၅၄၁၀၇၈ | ၃၉.၃၇ % |
| | ၂ | | အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | | |
| | | ၁ | မှန်စက်ရုံစီမံကိန်း | ၅၉၃ | ၀.၀၄ % |
| | ၃ | | စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း | | |
| | | ၁ | သတင်းစာစက္ကူစက်ရုံစီမံကိန်း | ၄၀၀ | ၀.၀၃ % |
| ၄ | | | ဆောက်လုပ်ရေးဝန်ကြီးဌာန | | |
| | ၁ | | လမ်းတံတားဦးစီးဌာန | | |
| | | ၁ | လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်း | ၂၇၄၁၂၈ | ၁၉.၉၅ % |
| ၅ | | | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | | |
| | ၁ | | ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန | | |
| | | ၁ | ရေအားလျှပ်စစ်စီမံကိန်းများ | ၁၆၉၈၅၄ | ၁၂.၃၆ % |
| | ၂ | | မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | | |
| | | ၁ | ဓာတ်အားလိုင်းတည်ဆောက်ရေးစီမံကိန်း | ၁၂၈၈၇၅ | ၉.၃၈ % |
| ၆ | | | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | | |
| | ၁ | | မြန်မာ့မီးရထား | | |
| | | ၁ | ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၇၂၉၀၅ | ၅.၃၀ % |
| ၇ | | | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန | | |
| | ၁ | | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | | |
| | | ၁ | ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း | ၂၄၃၉ | ၀.၁၈ % |
| | | | စုစုပေါင်း | ၁၃၇၄၂၂၈ | |

## အခန်း(၅)

## နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ

၁၀၅။ ယခင်က နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ခွဲခြားခဲ့ရာ ၁-၁၀-၂၀၁၂ မှစ၍ ပြည်ထောင်စု၏ ဘဏ္ဍာ ရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ စနစ်ကို စတင်ကျင့်သုံးခဲ့ပြီး ပြည်ထောင်စုအဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေတွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာ ရန်ပုံငွေတွင်လည်းကောင်း ပါဝင်ကြပါသည်။

### ပြည်ထောင်စုရှိ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ

၁၀၆။ ပြည်ထောင်စုအစိုးရတွင် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဖွဲ့စည်းရာ၌ အောက်ပါအတိုင်းဝန်ကြီးဌာန (၁၇) ခုတွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း (၄၄)ခု ရှိပါသည်-

| | ဝန်ကြီးဌာန | အဖွဲ့အစည်း |
|---|---|---|
| (က) | ပြန်ကြားရေးဝန်ကြီးဌာန | (၃)ခု၊ |
| (ခ) | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၁)ခု၊ |
| (ဂ) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | (၁)ခု၊ |
| (ဃ) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | (၇)ခု၊ |
| (င) | ဆောက်လုပ်ရေးဝန်ကြီးဌာန | (၁)ခု၊ |
| (စ) | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | (၁)ခု၊ |
| (ဆ) | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၁)ခု၊ |
| (ဇ) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊နည်းပညာဝန်ကြီးဌာန | (၁)ခု၊ |
| (ဈ) | အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | (၁)ခု၊ |
| (ည) | သတ္တုတွင်းဝန်ကြီးဌာန | (၆)ခု၊ |
| (ဋ) | သမဝါယမဝန်ကြီးဌာန | (၁)ခု၊ |
| (ဌ) | ပို့ဆောင်ရေးဝန်ကြီးဌာန | (၄)ခု၊ |

| | | |
|---|---|---|
| (ဍ) | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | (၁)ခု၊ |
| (ဎ) | စက်မှုဝန်ကြီးဌာန | (၆)ခု၊ |
| (ဏ) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | (၂)ခု၊ |
| (တ) | စွမ်းအင်ဝန်ကြီးဌာန | (၃)ခု၊ |
| (ထ) | လျှပ်စစ် စွမ်းအားဝန်ကြီးဌာန | (၄)ခု၊ |
| | **စုစုပေါင်း** | **(၄၄) ခု** |

**တိုင်းဒေသကြီး/ပြည်နယ်ရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၁၀၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အသီးသီးတို့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဖွဲ့စည်းရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်၌ ရုပ်ရှင်လုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန လက်အောက်၌ မြန်မာ့ဆားနှင့် အဏ္ဍာဝါဓါတုဗေဒပစ္စည်း ထုတ်လုပ်ရေး နှင့် ရောင်းဝယ်ရေး လုပ်ငန်းဟူ၍ ဖွဲ့စည်းထားပါသည်။

**တာဝန်ခံမှု**

၁၀၈။ ပြည်ထောင်စုအဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများက ပြည်ထောင်စု အစိုးရသို့ တာဝန်ခံရ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အသီးသီးတို့နှင့် မိမိတို့၏ မိခင်ဌာနချုပ်များသို့ တာဝန်ခံရပါသည်။

**ငွေကြေးသုံးစွဲမှု**

၁၀၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ရငွေများအားလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရပြီး သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် ကြွေးမြီ အသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ဘတ်ဂျက်လျာထားချက်အတိုင်း ကျခံသုံးစွဲရပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း များ၏ သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ကြွေးမြီအသုံးစရိတ်များ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ပိုလျှံငွေ ပေါ်ပေါက်ပါက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပြန်လည် အပ်နှံရမည်ဖြစ်ပါသည်။

၁၁၀။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှစ၍ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီးပွားရေး ဆန်ဆန်ဆောင်ရွက်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးအတွက် ကုန်ပစ္စည်း ထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်ကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြပါသည်။ ရငွေများ ရရှိလာပါက မိမိကိုယ်ပိုင် ရန်ပုံငွေသို့ လုပ်ငန်းသုံးရင်းနှီးငွေ (Working Capital)အဖြစ် ထည့်သွင်း၍ မိမိကိုယ်ပိုင် ရန်ပုံငွေဖြင့် ထုတ်ယူသုံးစွဲရန် ဖြစ်ပါသည်။ လုပ်ငန်းသုံး ရင်းနှီးငွေကို မိမိကိုယ်ပိုင် ရန်ပုံငွေဖြင့် မလုံလောက်ပါက နိုင်ငံတော်ဘဏ်များမှ အတိုးနှုန်း ၄ ရာခိုင်နှုန်းဖြင့် ချေးငွေများရယူ ဆောင်ရွက်နိုင်ပါသည်။အခြားသာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ကြွေးမြီအသုံး စရိတ်များ၊ နိုင်ငံတော်သို့ထည့်ဝင်ငွေနှင့် ဝင်ငွေခွန်တို့ကို ပြည်ထောင်စုရန်ပုံငွေမှ ကျခံပေးရန် ဖြစ်ပါသည်။

၁၁၁။ သာမန်အသုံးစရိတ်များမှ ကုန်ကြမ်းဝယ်ယူခြင်း၏ ၂၂ ရာခိုင်နှုန်းကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံပြီး ၇၈ ရာခိုင်နှုန်းကို မိမိကိုယ်ပိုင်ရန်ပုံငွေဖြင့်ကျခံသုံးစွဲရန် ဖြစ်ပါသည်။

၁၁၂။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် အသားတင်အမြတ်၏ ၂၀% ကို နိုင်ငံတော်သို့ထည့်ဝင်ငွေနှင့် ၂၅% ကို ဝင်ငွေခွန်အဖြစ်ပေးဆောင်ရန်နှင့် အသားတင်အမြတ်၏ ကျန် ၅၅ %ကို မိမိကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအဖြစ် ရွှေ့လာမည့် ဘဏ္ဍာရေးနှစ်သို့ ယူဆောင်သွားနိုင်ပါသည်။

၁၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း၊ လိုအပ်သည့် ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ ချေးယူနိုင်ရန် ပမာဏကို သတ်မှတ်ပေးနိုင်ပါသည်။

၁၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများသည်လည်း စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက် ကြပါသည်။ အဆိုပါ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအား သာမန်ရငွေ၊ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်း သုံးငွေများကို ခွင့်ပြုထားပါသည်။

## ပြောင်းလဲဖွဲ့စည်းမှု

၁၁၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်၌ စီးပွားရေးအဖွဲ့အစည်းများဖြစ်ခဲ့သော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့ စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ စက်မှုဝန်ကြီး ဌာန လက်အောက်ရှိ စက္ကူနှင့်ဓါတုဗေဒလုပ်ငန်းနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းများကို စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းဟူ၍ ပူးပေါင်းဖွဲ့စည်းခဲ့ပါသည်။ ယခင်ကြွေထည်မြေထည် လုပ်ငန်းကို အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းဟု အမည်ပြောင်းခဲ့ပါသည်။

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

၁၁၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်သော ပြည်ထောင်စု အဆင့်ဝန်ကြီးဌာန (၁၈)ခု အောက်ရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း စုစုပေါင်း (၄၄)ခု အနက်ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းများမှာ (၇) ခုရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန် ယာယီရငွေနှင့် အသုံးစရိတ်စာရင်းတွင် နိုင်ငံတော်၏ စုစုပေါင်းရငွေမှာ ၁၂၆၀၁၉၆၄ ကျပ်သန်း ဖြစ်ပြီး နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း များ၏ရငွေမှာ ၇၆၇၀၈၄၇ ကျပ်သန်းဖြစ်သဖြင့် စုစုပေါင်းရငွေတွင် ၆၀.၉ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ စုစုပေါင်း အသုံးစရိတ်မှာ ၁၁၄၉၆၇၅၂ ကျပ်သန်းရှိပြီး နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း များ၏ အသုံးစရိတ်မှာ ၄၇၆၉၂၁၃ ကျပ်သန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် အပေါ် ၄၁.၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

၁၁၇။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ ဧပြီလမှ မတ်လကုန် အထိ နှစ်ပတ်လည် ယာယီ ရငွေ၊ သုံးငွေ အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| | | (ကျပ်သန်းပေါင်း) |
|---|---|---|
| စုစုပေါင်းရငွေ | | ၇၆၇၀၈၄၇ |
| စုစုပေါင်းသုံးငွေ | | ၄၇၆၉၂၁၃ |
| စုစုပေါင်းပိုငွေ | (+) | ၂၉၀၁၆၃၄ |

**ပိုငွေပြ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၁၁၈။ ပြည်ထောင်စုဝန်ကြီးဌာနများလက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဧပြီလမှ မတ်လကုန်အထိ ယာယီပိုငွေ၊ လိုငွေ အခြေအနေအရ အောက်ပါဝန်ကြီးဌာန(၁၄)ခု မှာ ပိုငွေဖြင့် ဆောင်ရွက်နေပါသည်-

(က) **စွမ်းအင်ဝန်ကြီးဌာန။** စွမ်းအင်ဝန်ကြီးဌာနရှိ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း၊ မြန်မာ့ရေနံနှင့် သဘာဝ ဓါတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁)မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး | ၆၉၄၅၉၄ | ၁၈၂၄၂၃ | (+) ၅၁၂၁၇၁ |
| (၂)မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့ | ၂၁၇၈၄၉၁ | ၁၃၁၈၉၂၃ | (+) ၈၅၉၅၆၈ |
| (၃)မြန်မာ့ရေနံဓါတုဗေဒ | ၇၂၅၉၅၆ | ၂၅၃၄၇၀ | (+) ၄၇၂၄၈၆ |
| စုစုပေါင်း | ၃၅၉၉၀၄၁ | ၁၇၅၄၈၁၆ | (+) ၁၈၄၄၂၂၅ |

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန။** ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့သစ်လုပ်ငန်းသည် ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ်အတွင်းရငွေ ကျပ် ၆၅၆၉၃၈ သန်း၊ အသုံးစရိတ် ကျပ် ၂၆၂၂၁၉ သန်းနှင့် ပိုငွေကျပ် ၃၉၄၇၁၉ သန်းရရှိပါသည်။

(ဂ) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန။** ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရငွေကျပ် ၅၄၅၇၄၃ သန်း၊ အသုံးစရိတ် ကျပ် ၂၈၇၀၉၂ သန်းနှင့် ပိုငွေကျပ် ၂၅၈၆၅၁ သန်း ရှိပါသည်။

(ဃ) **ဆောက်လုပ်ရေးဝန်ကြီးဌာန။** ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရငွေ ကျပ် ၂၉၂၂၁၆ သန်း၊ အသုံးစရိတ်ကျပ် ၁၂၄၉၂၉ သန်း နှင့် ပိုငွေကျပ် ၁၆၇၂၈၇ သန်း ရှိပြီး ပိုငွေဖြင့် ဆောင်ရွက်နေသော ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။

(င) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။** လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့နှင့် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ ဖြစ်ပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁)မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း | ၃၇၄၆၂၉ | ၃၁၄၆၃၈ | (+) ၅၉၉၉၁ |
| (၂) ရန်ကုန်မြို့တော်လျှပ်စစ်ဓါတ်အား ပေးရေးအဖွဲ့ | ၂၁၅၈၃၂ | ၇၅၂၉၇ | (+) ၁၄၀၅၃၅ |
| (၃)လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်း | ၂၃၃၇၇၂ | ၉၂၉၃၁ | (+) ၁၄၀၈၄၁ |
| (၄)ရေအားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး လုပ်ငန်း | ၁၂၆၀၅၇ | ၈၂၅၉၀ | (+) ၄၃၄၆၇ |
| စုစုပေါင်း | ၉၅၀၂၉၀ | ၅၆၅၄၅၆ | (+) ၃၈၄၈၃၄ |

(စ) **ပြန်ကြားရေးဝန်ကြီးဌာန။** ပြန်ကြားရေးဝန်ကြီးဌာနတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့ရုပ်ရှင် လုပ်ငန်းတို့မှာ ပိုငွေဖြင့်ဆောင်ရွက်နေသော လုပ်ငန်းများ ဖြစ်ပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁)ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး | ၂၇၀၀၀ | ၈၉၈၉ | (+) ၁၈၀၁၁ |
| (၂) သတင်းနှင့်စာနယ်ဇင်း | ၁၄၁၆၅ | ၇၃၉၁ | (+) ၆၇၇၄ |
| (၃)မြန်မာ့ရုပ်ရှင် | ၁၆၄၆၈ | ၇၁၇ | (+) ၁၅၇၅၁ |
| စုစုပေါင်း | ၅၇၆၃၃ | ၁၇၀၉၇ | (+) ၄၀၅၃၆ |

(ဆ) **သတ္တုတွင်းဝန်ကြီးဌာန။** သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁)အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | ၁၁၀၃၄ | ၂၄၉၁ | (+) ၈၄၄၃ |
| (၂) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | ၃၀၈၂၈ | ၂၉၄၄၁ | (+) ၁၃၈၇ |
| (၃) အမှတ်(၃)သတ္တုတွင်းလုပ်ငန်း | ၅၅၅၆ | ၂၅၁၆ | (+) ၃၀၄၀ |
| (၄)မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး | ၂၂၁၂၉၉ | ၁၄၃၇၇၀ | (+) ၇၇၅၂၉ |
| (၅) မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒ | ၃၈၅၉ | ၂၀၈ | (+) ၃၆၅၁ |
| (၆)မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး | ၅၀၆၇ | ၂၁၄၈ | (+) ၂၉၁၉ |
| စုစုပေါင်း | ၂၇၇၆၄၃ | ၁၈၀၅၇၃ | (+) ၉၇၀၇၀ |

(ဇ) **ပို့ဆောင်ရေး ဝန်ကြီးဌာန။** ပို့ဆောင်ရေးဝန်ကြီးဌာနတွင် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း (၄)ခုဖြစ်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် မြန်မာ့လေကြောင်း အဖွဲ့အစည်း များမှာ ပိုငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁)ပြည်တွင်းရေကြောင်း | ၁၂၁၃၉ | ၈၂၃၇ | (+) ၃၉၀၂ |
| (၂) မြန်မာ့ဆိပ်ကမ်း | ၆၅၃၉၈ | ၂၃၆၉၅ | (+) ၄၁၇၀၃ |
| (၃) မြန်မာ့သင်္ဘောကျင်း | ၃၆၅၂ | ၂၆၅၉ | (+) ၉၉၃ |
| (၄)မြန်မာ့လေကြောင်း | ၃၈၁၀၂ | ၂၆၆၀၉ | (+) ၁၁၄၉၃ |
| စုစုပေါင်း | ၁၁၉၂၉၁ | ၆၁၂၀၀ | (+) ၅၈၀၉၁ |

(ဈ) **မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။** မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနတွင် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရငွေ ကျပ် ၂၇၀၇၉ သန်း၊ အသုံးစရိတ် ကျပ် ၆၃၇၂ သန်းနှင့် ပိုငွေကျပ် ၂၀၇၀၇ သန်း ရှိသဖြင့် ပိုငွေဖြင့်ဆောင်ရွက်နေပါသည်။

(ည) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။** ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် မြန်မာ့ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရငွေ ကျပ် ၁၅၀၇၂ သန်း၊ အသုံးစရိတ် ကျပ် ၄၀၄၅သန်းနှင့် ပိုငွေကျပ် ၁၁၀၂၇ သန်း ရှိသဖြင့် ပိုငွေဖြင့်ဆောင်ရွက်နေပါသည်။

(ဋ) **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။** လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရန် ချေးငွေများထုတ်ချေးနေသော ဖွံ့ဖြိုးရေးဘဏ်တစ်ခု ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း ရငွေ ကျပ် ၂၆၉၄၇ သန်း၊ အသုံးစရိတ် ကျပ် ၂၂၁၉၅ သန်းနှင့် ပိုငွေကျပ် ၄၇၅၂ သန်း ရှိသဖြင့် ပိုငွေဖြင့်ဆောင်ရွက် နေပါသည်။

(ဌ) **အလုပ်သမား၊အလုပ်အကိုင်ရှာ ဖွေရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန။** အလုပ်သမား၊ အလုပ်အကိုင်ရှာဖွေရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတွင် လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရငွေ ကျပ် ၇၉၉၉ သန်း၊ အသုံးစရိတ် ကျပ် ၄၇၇၁ သန်းနှင့် ပိုငွေကျပ် ၃၂၂၈ သန်း ရှိသဖြင့် ပိုငွေဖြင့် ဆောင်ရွက်နေပါသည်။

(ဍ) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနသည် ယခင်က နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနကို အမည်ပြောင်းလဲခဲ့ပြီး စီးပွားရေးလုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရငွေ ကျပ် ၇၁၇၆ သန်း၊ အသုံးစရိတ် ကျပ် ၅၆၇၃ သန်းနှင့် ပိုငွေကျပ် ၁၅၀၃ သန်း ရှိသဖြင့် ၎င်းသည် ပိုငွေဖြင့် ဆောင်ရွက်နေပါသည်။

(ဎ) **သမဝါယမဝန်ကြီးဌာန။** သမဝါယမဝန်ကြီးဌာနတွင် သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရငွေ ကျပ် ၃၁၅ သန်း၊ အသုံးစရိတ် ကျပ် ၂၈၁ သန်းနှင့် ပိုငွေကျပ် ၃၄ သန်း ရှိသဖြင့် ပိုငွေဖြင့် ဆောင်ရွက်နေပါသည်။

## လိုငွေဖြင့်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ

၁၁၉။ ပြည်ထောင်စုဝန်ကြီးဌာနများလက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ ဧပြီလမှမတ်လကုန်အထိ ယာယီပိုငွေ၊ လိုငွေ အခြေအနေအရ အောက်ပါဝန်ကြီးဌာန (၃)ခု မှာ လိုငွေဖြင့် ဆောင်ရွက် နေပါသည်-

(ကျပ်သန်းပေါင်း)

| ဝန်ကြီးဌာန | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁) စက်မှု | ၄၃၄၉၆၈ | ၇၃၈၁၄၃ | ( - ) ၃၀၃၁၇၅ |
| (၂) ရထားပို့ဆောင်ရေး | ၉၈၇၇၃ | ၁၇၆၇၇၁ | ( - ) ၇၇၉၉၈ |
| (၃)ဘဏ္ဍာရေးနှင့်အခွန် | ၅၅၃၇၂၂ | ၅၅၇၅၈၀ | ( - ) ၃၈၅၈ |

(က) **စက်မှုဝန်ကြီးဌာန။** စက်မှုဝန်ကြီးဌာနတွင် အမှတ်(၃) အကြီးစားစက်မှု လုပ်ငန်း၊ မြန်မာ့အထည်အလိပ် လုပ်ငန်းနှင့် မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန် လုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်နေပါသည်။ အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းနှင့် စက္ကူနှင့် အိမ်သုံး ပစ္စည်းလုပ်ငန်းတို့မှာ လိုငွေဖြင့် ဆောင်ရွက်နေပါသည်။ ဝန်ကြီးဌာနတစ်ခု လုံးအနေဖြင့် လိုငွေ ကျပ် ၃၀၃၁၇၅ သန်း ဖြစ်ပေါ်နေပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁)အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | ၂၅၉၁၀၅ | ၆၀၅၃၆၅ | (-) ၃၄၆၂၆၀ |
| (၂)အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း | ၁၀၉၀၉ | ၁၄၁၇၇ | (-) ၃၂၆၈ |
| (၃)အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ၄၄၁၀ | ၂၅၄၁၈ | (+) ၁၈၉၉၂ |
| (၄)မြန်မာ့အထည်အလိပ်လုပ်ငန်း | ၅၂၉၃ | ၂၅၅၄၇ | (+) ၉၇၄၆ |
| (၅)မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း | ၆၁၉၀၆ | ၁၇၁၃၃ | (+) ၄၄၇၇၃ |
| (၆)စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း | ၂၃၃၄၆ | ၅၀၅၀၃ | (-) ၂၇၁၅၇ |
| စုစုပေါင်း | ၄၃၄၉၆၈ | ၇၃၈၁၄၃ | (-) ၃၀၃၁၇၅ |

(ခ) **ရထားပို့ဆောင်ရေးဝန်ကြီးဌာန။** ရထားပို့ဆောင်ရေး ဝန်ကြီးဌာနတွင် ကုန်းလမ်း ပို့ဆောင်ရေးလုပ်ငန်းမှာ ပိုငွေဖြင့် ဆောင်ရွက်နေပြီး မြန်မာ့မီးရထားတွင် လိုငွေဖြင့်ဆောင်ရွက်နေသည်။ ဝန်ကြီးဌာနအနေဖြင့် လိုငွေ ကျပ် ၇၇၉၉၈ သန်း ဖြစ်ပေါ်နေပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁)မြန်မာ့မီးရထား | ၉၀၆၄၂ | ၁၇၁၂၀၁ | (-) ၈၀၅၅၉ |
| (၂)ကုန်းလမ်းပို့ဆောင်ရေး | ၈၁၃၁ | ၅၅၆၉ | (+) ၂၅၆၂ |
| စုစုပေါင်း | ၉၈၇၇၃ | ၁၇၆၇၇၁ | (-) ၇၇၉၉၈ |

(ဂ) **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက် နေပါသည်။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ် လုပ်ငန်းတို့မှာ လိုငွေဖြင့် ဆောင်ရွက်နေပါသည်။ ဝန်ကြီးဌာနတစ်ခုလုံး အနေဖြင့် လိုငွေ ကျပ် ၃၈၅၈ သန်း ဖြစ်ပေါ်နေပါသည်။

(ကျပ်သန်းပေါင်း)

| | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ |
|---|---|---|---|
| (၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၈၅၃၆၇ | ၂၅၅၁၈၇ | (+) ၃၀၁၈၀ |
| (၂) မြန်မာ့စီးပွားရေးဘဏ် | ၁၆၂၃၅၆ | ၁၇၉၂၄၀ | (-) ၁၆၈၈၄ |
| (၃)မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ် | ၁၀၄၃၉ | ၁၉၂၃၆ | (-) ၈၇၉၇ |
| (၄) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | (-)၆၀ | ၂၀၂၂ | (-) ၂၀၈၂ |
| (၅)မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး | ၃၁၉၄ | ၃၁၉၂ | (+) ၂ |
| (၆)မြန်မာ့အာမခံလုပ်ငန်း | ၃၉၇၇၈ | ၁၂၆၇၈ | (+) ၂၇၁၀၀ |
| (၇)လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ် လုပ်ငန်း | ၅၂၆၄၉ | ၈၆၀၂၅ | (-) ၃၃၃၇၆ |
| စုစုပေါင်း | ၅၅၃၇၂၂ | ၅၅၇၅၈၀ | (-) ၃၈၅၈ |

၁၂၀။ လိုငွေဖြစ်ပေါ်နေသော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရသဖြင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါသည်။ သို့ရာတွင် လုပ်ငန်းများကို အရှုံးပေါ်နေစေကာမူ အများပြည်သူအကျိုးရှိစေမည့် Public Utility လုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရေးဆွဲဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါသည်။

## အခန်း(၆)

## ကဏ္ဍ စီမံကိန်းများနှင့် ပြည်သူ့ဘဏ္ဍာရေး

၁၂၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက်စီမံကိန်းများနှင့် ပြည်သူ့ဘဏ္ဍာရေး သုံးစွဲမှုအခြေအနေကို ကဏ္ဍအလိုက်တင်ပြအပ်ပါသည်။

၁၂၂။ **လယ်ယာကဏ္ဍ**။ နိုင်ငံ့စီးပွားရေးတွင် အချက်အခြာကျသော လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုများ တိုးတက် ထိရောက်မှုရှိစေရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ချမှတ်ခဲ့သည့် မူဝါဒအပေါ် အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပြီး၊ ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြု နိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားမည်ဟူသည့် လုပ်ငန်းစဉ်အရ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကွင်း ပေါင်း (၃၀၀)ကွင်း၊ ဧက (၁.၇၅)သိန်း တိုင်းတာရန် လျာထားခဲ့ရာ ကွင်းပေါင်း (၄၀၉)ကွင်း၊ ဧက (၂.၇၈)သိန်းထိ တိုင်းတာခဲ့သည့် အတွက် လျာထားချက် ထက် ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) စပ်မျိုးစပါး မျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက် ဆောင်ရွက်သွားရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဧက(၁၀၀)စီ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြု ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီ ဆောင်ရွက်မည်ဆိုသည့် လုပ်ငန်းစဉ်အရ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ရန် မိုးစပါး နှင့် နွေစပါး ဧက(၁၉၄၃) လျာထားခဲ့ရာ မိုးစပါး ရာသီတွင် (၆၄၀)ဧက၊ နွေစပါးရာသီတွင် (၁၁၉၇)ဧက မျိုးထုတ်နိုင်ခဲ့ပါသည်။ ရေဆင်း(၁) စပ်မျိုးနေကြာ F1 ထုတ်လုပ်ခြင်းကို ၂၀၁၂-၂၀၁၃ခုနှစ် မိုးရာသီ၌ (၂၆၅)ဧက မျိုးထုတ် လုပ်နိုင်ခဲ့ပြီး၊ ထွက်ရှိလာသော စပ်မျိုးနေကြာ(မိုး) မျိုးစေ့ များကို ပြည်နယ်/တိုင်း ဒေသကြီး များတွင် (၁၈၄၈)ဧက၊ အိန္ဒိယ စပ်မျိုး နေကြာ ဧက(၄၇၂) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆောင်း

ရာသီ၌ နေပြည်တော်တွင် (၆၆၆)ဧကေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် (၁၁၉၃၁) ဧက နှင့် အိန္ဒိယ စပ်မျိုးနေကြာ (၅၃၁)ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

(ဂ) ဒေသနှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်စပါးမျိုးများ၊ စပ်မျိုး စပါးမျိုးများ စိုက်ပျိုး ထုတ်လုပ်ခြင်း ကိုဈေးကွက်နှင့် ဒေသလိုအပ်ချက်အပေါ် မူတည်၍ မြို့နယ် အဆင့် အထိ တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အရ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံနှင့် ပဲပုတ်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ဝါ ၊ ကြံ၊ ဂုန်လျှော်စသည့် စက်မှုသီးနှံ မျိုးသစ်များ ရရှိရေး အတွက် ပြည်တွင်းပြည်ပမျိုးများ စုဆောင်း လေ့လာခြင်း၊ မိဘမျိုးလိုင်းများ မွေးမြူရွေးချယ် ခြင်း၊ မျိုးကူးစက်ခြင်း၊ မျိုးလိုင်းများရွေးချယ်ခြင်း၊ အလားအလာကောင်း သောမျိုးများ စမ်းသပ်ရွေးချယ်ခြင်း၊ အထွက် အဆင့်ဆင့် ယှဉ်ပြိုင်ခြင်း၊ ဒေသ အလိုက် ကိုက်ညီမှုစမ်းသပ်ခြင်း၊ မျိုးစေ့ပွားများခြင်း စသည့်လုပ်ငန်းများကို သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။

(ဃ) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြား ခြင်းများ ဆက်လက် ဆောင်ရွက်သွားပါမည် ဟူသည့် လုပ်ငန်းစဉ်အရ သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး ဆိုင်ရာသင်တန်းများ၊ မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာ သင်တန်းများ၊ စိုက်ပျိုးရေစနစ်တကျ သုံးစွဲရေးသင် တန်းများ၊ စီးပွားဖြစ် ပန်းမန်လ်ထုတ်လုပ်နည်း သင်တန်း၊ လက်ဖက် စိုက်ပျိုး ထုတ်လုပ်မှု သင်တန်း၊ စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းမှု သင်တန်းများ ဖွင့်လှစ်၍ ၂၀၁၁-၁၂ ခုနှစ် တွင် သင်တန်း (၁၃၈) ကြိမ်နှင့် သင်တန်းသား (၅၈၃၂) ဦး၊ ၂၀၁၂-၁၃ တွင် သင်တန်း (၁၅၁) ကြိမ်နှင့် သင်တန်းသား (၆၄၇၅) ဦး လေ့ကျင့် သင်ကြား ပေးနိုင်ခဲ့ပါသည်။

(င) ဆည်တာတမံများ လုပ်ငန်း အနေဖြင့် ၂၀၁၂-၂၀၁၃ခုနှစ်အတွင်း ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း (၄၈)ခုကို ရန်ပုံငွေ ကျပ်(၁၆၀၂၅၅) သန်းဖြင့် ဆောင်ရွက် ခဲ့ရာ၊ ဆည်ရေသောက် ဧရိယာ (၆၄၀၇၅)ဧက အကျိုးပြုနိုင်ခဲ့ပါသည်။ ဆောင်ရွက်ဆဲ ဆည်ရေ သောက်(၂) ခု နှင့် စလူ၊ ကိုဒူကွဲ၊ ရွှေလောင်း၊ နတ်ကာ နှင့် ကင်မွန်းခြံ ရေထိန်းတံခါး အပါအဝင် ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်း(၇) ခုကိုအပြီး တည်ဆောက်နိုင်ခဲ့ပါသည်။ ဖြည့်စွက်စီမံကိန်းများကို ဆောင်ရွက်ခဲ့ပြီး မူလဆည် ရေသောက်ဧရိယာ(၁၆၃၄၃)ဧကကို ရေပိုမို သေချာစေမည် ဖြစ်ပြီး ရေဘေးကာကွယ် ဧရိယာ (၁၃၅၈၂)ဧက ကို အကျိုးပြုမည် ဖြစ်ပါသည်။

(စ) ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ စိုက်ပျိုးရေးဘွဲ့ရ ပညာရှင်(၅၀၀)ဦး၊ စိုက်ပျိုးရေး သိပ္ပံကျောင်းများမှ ဒီပလိုမာဘွဲ့ရ (၅၉၅)ဦး မွေးထုတ်သွားရန် လုပ်ငန်းစဉ်အရ ၂၀၁၂-၂၀၁၃ခုနှစ်ထိ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ (၁၀၂၇၁) ဦး၊ စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့ (၃၄၀)ဦး၊ ပါရဂူဘွဲ့(၂၅)ဦး၊ စိုက်ပျိုးရေး မဟာ ဒဿနဘွဲ့ (၁၇)ဦး၊ စိုက်ပျိုးရေး ဘွဲ့လွန် ဒီပလိုမာ (၂၁)ဦးနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး ဒီပလိုမာ(၅၆၅)ဦး မွေးထုတ်နိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးသိပ္ပံ (၇)ကျောင်းနှင့် သီးနှံအထူးပြု သင်တန်း ကျောင်း (၂)ကျောင်း ၌ စိုက်ပျိုးရေးသိပ္ပံ ဒီပလိုမာ သင်တန်း နောက်ဆုံးနှစ်တွင် ကျောင်းသူ/သား (၅၀၀)ဦး တက်ရောက်လျက်ရှိပြီး၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ တွင် သင်တန်းဆင်းကြမည် ဖြစ်ပါသည်။


(ဆ) စိုက်ပျိုးစရိတ်ငွေကြေး ကျပ်သန်း ပေါင်း(၄၀၇၇၉၂) ထုတ်ချေး ပေးသွားရန် လုပ်ငန်းစဉ်အရ တောင်သူများအတွက် သီးနှံထုတ်လုပ်မှု စိုက်ပျိုး စရိတ် ချေးငွေများကို စပါးသီးနှံ တစ်ဧကကို ၅၀၀၀ဝိ/ မှ ၈၀၀၀ဝိ တိုးမြှင့် ထုတ်ချေး ခဲ့ပြီး (၂၂-၄-၂၀၁၃)ရက်နေ့မှစ၍ စပါးကို ၁၀၀၀၀ဝိ/နှင့် အခြားသီးနှံ တစ်ဧကကို ၂၀၀၀ဝိ/-နှုန်းဖြင့် စတင် ထုတ်ချေး ခဲ့ပါသည်။ မိုး/ ဆောင်း/ မိုးကြို သီးနှံအလိုက် ချေးငွေ စုစုပေါင်း (၃၉၃၈၀၃.၆၉)ကျပ်သန်း ထုတ်ချေးပေးရန် လျာထားခဲ့ရာ (၅၅၇၈၄၆.၅၄)ကျပ်သန်း ထုတ်ချေးခဲ့သဖြင့် လျာထား ချက်၏ (၁၄၁.၇)ရာခိုင်နှုန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ နှစ်တို/နှစ်ရှည် ဖွံ့ဖြိုးရေး ချေးငွေကို (၆၀၈၇.၈၄)ကျပ်သန်း ထုတ်ချေးရန်လျာထားခဲ့ရာ (၁၃၂၀၆.၇၂) ကျပ်သန်း ထုတ်ချေး နိုင်ခဲ့သဖြင့် လျာထားချက်၏ (၂၁၆.၉) ရာခိုင်နှုန်း ထုတ်ချေးနိုင်ခဲ့ ပါသည်။

၁၂၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၂,၃၀၇,၁၃၉.၄ သန်း ဖြစ်ပေါ်ရန် ရည်မှန်း ထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှမတ်လ) အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁,၄၄၂,၇၂၉.၇ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၉၃.၀ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထက် ၀.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## လယ်ယာကဏ္ဍ၏အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အခြေအနေ

### (နှစ်အလိုက်ဈေးနှုန်း)

(ကျပ်သန်း)




(လယ်ယာကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အတွက် ဘဏ္ဍာငွေခွဲဝေချထားမှု၊ သုံးစွဲမှု(မတ်လကုန်)ကိုကြည့်ပါက ပိုမိုသုံးစွဲထားပါသည်။)

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု**

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု ( Plan ) | သုံးစွဲမှု ( မတ်လကုန် ) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၂ | | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **၁၅၇,၇၁၅.၂၈၀** | **၁၈၃,၂၇၄.၉၇၀** | **၁၁၆.၂** |
| | ၁ | | **ဆည်မြောင်းဦးစီးဌာန** | **၁၄၇,၅၇၀.၀၀၀** | **၁၇၄,၂၇၀.၀၀၀** | **၁၁၈.၁** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း( ၄၈ ) ခု | ၁၄၀,၄၅၀.၀၀၀ | ၁၅၉,၇၅၅.၀၀၀ | ၁၁၃.၇ |
| | | ၂ | ဖြည့်စွက်လုပ်ငန်းစီမံကိန်း( ၅ ) ခု | ၁,၅၀၀.၀၀၀ | ၁,၅၀၀.၀၀၀ | ၁၀၀.၀ |
| | | ၃ | လုပ်ငန်းစီမံကိန်းသစ် ( ၁၈ ) ခု | ၅,၆၂၀.၀၀၀ | ၁၃,၀၁၅.၀၀၀ | ၂၃၁.၆ |
| | ၂ | | **ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန** | **၁၀,၁၄၅.၂၈၀** | **၉,၀၀၄.၉၇၀** | **၈၈.၈** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း( ၉)ခု | ၁၀,၁၀၃.၇၂၅ | ၈,၉၆၃.၆၄၄ | ၈၈.၇ |
| | | ၂ | ဖြည့်စွက်လုပ်ငန်းစီမံကိန်း( ၂ ) ခု | ၄၁.၅၅၅ | ၄၁.၃၂၆ | ၉၉.၄ |

-
(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၏၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၏ မူလ လျာထားချက်အပေါ်တွင်ဖြည့်စွက်ရန်ပုံငွေထပ်မံရရှိသည့်အတွက် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း တိုးတက်ရခြင်း ဖြစ်ပါသည်။)

၁၂၄။ **သားငါးကဏ္ဍ။** သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြုပြင်ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ပါသည်-

၁၂၅။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆(က)နှင့်(ခ)အရ ရေချိုငါးလုပ်ငန်း စီမံခန့်ခွဲမှု များကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ် ခဲ့ပါသည်။ ပြည်ထောင်စု ငါးလုပ်ငန်းဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစုခဲ့ပြီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပါသည်။

၁၂၆။ ထို့အပြင် သားငါးကဏ္ဍတိုးတက်ရေးအတွက် ဖြေလျှော့မှုများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

(က) ကုန်သေတ္တာများဖြင့် ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် ယခင်က တစ်လုံးချင်း စစ်ဆေးခဲ့ပါသည်။ ယခုအခါ ကုန်သေတ္တာ တစ်လုံးချင်းအလိုက် စစ်ဆေးခြင်းမပြုတော့ဘဲ ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့် စက်ရုံများ တွင်သာ (၁)လတစ်ကြိမ် စစ်ဆေး ဆောင်ရွက်ပါသည်။

(ခ) Border Trade နှင့် Normal Trade တင်ပို့မှုများအတွက် နိုင်ငံတော်သို့ ပေးသွင်းရမည့် စစ်ဆေးခများ ပေးသွင်းရာတွင် ငါးလုပ်ငန်းဦးစီးဌာန၊ ကြို့ကုန်းငါးလုပ်ငန်း စစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲ FIQC ရုံးနှင့် သာကေတခါတ်ခွဲခန်း တို့တွင်(၂)နေရာပေးသွင်းခဲ့ရပါသည်။ ယခုအခါ ငါးလုပ်ငန်းဦးစီးဌာန၊ ကြို့ကုန်း တစ်နေရာတည်းတွင် ဆောင်ရွက် ပေးလျက် ရှိပါသည်။

(ဂ) ရေထွက်ပစ္စည်းများအား လေကြောင်းဖြင့်တင်ပို့ရာတွင် FIQC ဌာနခွဲနှင့် မွေးမြူရေး ဌာနခွဲတို့မှ အဖွဲ့(၂)ဖွဲ့ဖြင့် စစ်ဆေးပေးခဲ့ပါသည်။ ယခုအခါ လေကြောင်းဖြင့် ပြည်ပ တင်ပို့သည့် ရေထွက်ပစ္စည်း(အရှင်)များကိုသာ မွေးမြူရေးဌာနမှ အဖွဲ့(၁)ဖွဲ့တည်းဖြင့် စစ်ဆေး ပေးလျက်ရှိပါသည်။

(ဃ) ရေထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် Container တစ်လုံးချင်းအလိုက် တင်ပို့စဉ် FIQC အဖွဲ့များမှ သွားရောက်စစ်ဆေးခြင်းဖြင့် တင်ပို့မှု စာရင်း ဇယားများ ရရှိခဲ့ပါသည်။ ယခုအခါ Container တစ်လုံးချင်းအလိုက် တင်ပို့စဉ် စစ်ဆေးခြင်း မပြုတော့ သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ တင်ပို့မည့် Container တစ်လုံးချင်း အလိုက် တင်ပို့မှုအား ငါးလုပ်ငန်း ဦးစီဌာန၊ FIQC ကြို့ကုန်းတွင် တင်ပြစေခြင်းဖြင့် စာရင်းဇယား ရရှိရန် ဆောင်ရွက်လျက်

ရှိပါသည်။ (ပို့ကုန်စာရင်းဇယားများကို ကြိုတင်၍ Invoice ဖြင့် တင်ပြသော်လည်း အမှန်တင်ပို့ပြီးစီးမှု ED တင်ပြမှသာ မှန်ကန်တိကျသည့် စာရင်းဇယား များရရှိမည် ဖြစ်ပါသည်။)

(င) Health Certificate ထုတ်ယူရန်အတွက် ဓါတ်ခွဲစမ်းသပ်သည့် ရလာဒ် များကို သာကေတဓါတ်ခွဲခန်းတွင် လုပ်ငန်းရှင်များမှ သွားရောက် ထုတ်ယူရပါသည်။ ယခုအခါ ဖြေလျော့ပေးသည့်အနေဖြင့် FIQC ကြို့ကုန်းရုံး တစ်နေရာတည်းတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၂၇။ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ချမှတ်ထားသည့် မူဝါဒ (၈) ခုကို အောင်မြင်စေရန် လုပ်ငန်းစဉ် (၁၅)ချက် ချမှတ်၍ လုပ်ငန်းစဉ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူနိုင်ရေးအတွက် ငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် ထွန်းကားလာစေရန် Joint Venture အစီအစဉ်ဖြင့် မြန်မာ့အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်းဖက်စပ်လီမီတက်နှင့် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ အသားကဏ္ဍ အနေဖြင့် ပြည်တွင်းပြည်ပမှ အရင်းအနှီးနှင့်နည်းပညာများ ရယူနိုင်ရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်၍ ရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်ရန် စီစဉ် ဆောင်ရွက် လျက် ရှိပါသည်။

(ခ) မွေးမြူရေး၊ အစားအစာနှင့် နို့ထွက် ပစ္စည်း လုပ်ငန်း၏ လုပ်ငန်း ပမာဏ လျှော့ချခဲ့သဖြင့် အသားမျိုးစုံ ထုတ်လုပ်မှုတွင် ရည်မှန်းချက်၏ (၄၆.၈%) နှင့်ကြက်ဥ၊ ဘဲဥ ထုတ်လုပ်မှုတွင် ရည်မှန်းချက် ၏ (၄၅.၅၄%) သာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) မွေးမြူထုတ်လုပ်မှု လုပ်ငန်းအား နိုင်ငံတော်မှ ဆောင်ရွက်ခြင်းထက် ပုဂ္ဂလိကများမှ ပိုမိုဆောင် ရွက်လာနိုင်စေရန် ဌာနပိုင်မွေးမြူရေးခြံများနှင့် စက်ရုံများကို အကျိုးတူ ဖက်စပ်လုပ်ကိုင်ခြင်း၊ ငှါးရမ်းခြင်းများ ပြုလုပ်ရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။

(ဃ) ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ် လုပ်ပြီး၊ ပြည်တွင်း၊ ပြည်ပဈေးကွက် ပိုမိုတိုးချဲ့ရန်အတွက် ပျားရည် ကုန်ကြမ်း (၂၄၈၀.၂၃)MT ကိုထုတ်လုပ်ခဲ့ပြီး ပြည်ပသို့(၂၂၁၆.၄၈၈) MT တင်ပို့ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင်ဆေးဘက်ဝင် ပျားထွက်ပစ္စည်းတစ်မျိုး ဖြစ်သော နွယ်ချိုပျားရည်တန်(၄၀)အား ပြည်ပဈေးကွက် ဖြစ်သော ကိုရီးယားနိုင်ငံသို့ ယခုဘဏ္ဍာနှစ် အတွင်း တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ အစ္စရေးနိုင်ငံမှ ရရှိသော မိတ်အောင်မျိုးကောင်း

မျိုးသန့် ပျားဘုရင်မများ မွေးမြူထုတ်လုပ်ပြီး ပြည်နယ်/တိုင်းဒေသကြီး ပုဂ္ဂလိက မွေးမြူသူများသို့ မျိုးအောင် ပျားဘုရင်မ (၅၄၃)ကောင်ဖြန့်ဖြူး ပေးခဲ့ပါသည်။

(င) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ရန်အတွက် ပြည်ပသို့ ရေထွက်ပစ္စည်း စုစုပေါင်း တန်ချိန် ၃၇၆၈၄၅.၆၈၉ တင်ပို့နိုင်ခဲ့သဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၆၅၂.၈၄ ရရှိခဲ့ပါသည်။

(စ) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် (Closed Area နှင့် Closed Season) ငါးလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေများ ကြီးကြပ်ကွပ်ကဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငါး၊ ပုစွန် သယံဇာတ မျိုးမပြုန်းတီးရေးအတွက် ငါးရစ် ငါးသန် ရာသီကာလတွင် ငါးဖမ်းဆီးခြင်းမပြုရေးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် အင်းများ ရေရှည်တည်တံ့စေရေး၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေဘဲ တိုင်းရင်းငါးမျိုးများ ပြုန်းတီးမှုကို ကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဌာနအနေဖြင့် အဏုစိပ် ဓါတ်ခွဲခန်း ( Micro Lab )များကို နယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင်ရန်အတွက် ငါးပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများအတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဓါတ်ခွဲခန်း အဆောက်အဦပုံစံနှင့် အထောက်အပံ့ပစ္စည်းများ အသုံးပြုနိုင်ရေး နိုင်ငံခြားအထောက်အပံ့အဖွဲ့အစည်းများမှ အကူအညီများ ရယူဆောင်ရွက် လျက်ရှိပါသည်။

(ဇ) ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် သားငါးဆိုင်ရာ ခေတ်မီနည်းပညာသစ်များ သင်တန်းပို့ချပေးခြင်းဖြင့် ပေါင်းစည်းလယ်ယာစနစ် (Integrated Farming System) ပေါ်ထွက် လာစေရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကဘဏ်များမှတဆင့် အရင်းအနှီး ထုတ်ပေးခြင်းများဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးဆိုင်ရာ နည်းပညာ အကူအညီများကို ပံ့ပိုးပေးလျက် ရှိပါသည်။

(ဈ) ဌာနပိုင်မွေးမြူရေး ခြံများအား ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များသို့ ငှါးရမ်းခြင်း၊ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

(ည) နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့ မွေးမြူရေး ဇုန်အတွင်း၌ ခွာနာလျှာနာရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မကွေးတိုင်း ဒေသကြီး၊ မကွေးမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်များတွင် ကျွဲ၊ နွားကောင်ရေ (၁၀၀)စီအား ကာကွယ် ဆေးထိုးနှံခြင်းနှင့် သွေးရည်ကြည်ဆိုင်ရာ စမ်းသပ်စစ်ဆေး ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ FETPV သင်တန်းသားများအား ပံ့ပိုးပေး၍ မကွေးတိုင်း ဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် စလင်းမြို့နယ်များ၌ ကျွဲနွားပေါင်ပုပ် လက်ပုပ် ရောဂါ ဖြစ်ပွားမှု စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။


(ဋ) စံချိန်စံညွှန်းမှီ တိရစ္ဆာန်ကုသဆေးဝါးများ၊ တိရစ္ဆာန် အစားအစာများ ထုတ်လုပ်ခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်အတွက် သုတေသန ဓါတ်ခွဲခန်းများ စက်ရုံအလိုက် အသုံးပြု စစ်ဆေးလျက်ရှိပါသည်။

(ဌ) တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များကို ဒေသအလိုက် လိုအပ်ချက်နှင့် အညီ လုံလောက် စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် ငါးသားပေါက် ထုတ်လုပ်မှု ကောင်ရေ (၄၈၅၀)သိန်း လျာထားရာ (၇၈၈၆.၉၈)သိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် (၁၆၃%) အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ငါးသားပေါက် စိုက်ထည့်မှု ကောင်ရေ (၁၆၀၆.၉၉) သိန်းလျာထားရာ (၁၇၂၃.၅၄)သိန်း အကောင်အထည်ဖော် ဆောင်ရွက် နိုင်သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် (၁၀၇%) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ ပါသည်။ ငါးသားပေါက် ရောင်းချမှုကောင်ရေ (၃၂၄၃.၀၁)သိန်း လျာထားရာ (၆၁၆၃.၄၄)သိန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ်(၁၉၀%) အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၂၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ **အသားတင် ထုတ်လုပ်မှုတန်ဖိုး**ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄,၀၇၈,၉၇၈.၉ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှမတ်လ) အသား တင်ထုတ်လုပ်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄,၁၁၆,၁၅၂.၀ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၁၀၀.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၆.၁ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ် ခဲ့ပါသည်။

**သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ကျပ်သန်း)**

**(နှစ်အလိုက်ဈေးနှုန်း)**




၁၂၉။ **သစ်တောကဏ္ဍ။** ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံတွင် အတည်ပြုခဲ့သည့် သစ်တော အခြေခံမူများနှင့်အညီ ချမှတ်ခဲ့သည့် မြန်မာ့သစ်တော **မူဝါဒများ**မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း ကာကွယ် ရေး၊

(ခ) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း ဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူ ပြုစေရေး၊

(ဂ) ကျေးလက်နေပြည်သူတို့၏ အခြေခံ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်း ပေးရေး၊

(ဃ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများအုပ်ချုပ် လုပ်ကိုင်မှု တို့တွင် ပြည်သူ အများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(င) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူ သုံးစွဲနိုင်ရေး နှင့် ပြည်သူလူထုမှ နေအိမ်များ ဆောက်လုပ်ရာတွင် လိုအပ်လျက်ရှိသော သစ်များကို ဖြည့်ဆည်းရောင်းချပေးနိုင်ရေး၊

(စ) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့် နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ် ပေါက်လာစေရေး၊

(ဆ) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊

၁၃၀။ သစ်တောကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း **အကောင်အထည်ဖော်နိုင်မှုမှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သဘာဝတောများ ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ကျွန်းသင်းသတ်ခြင်း လုပ်ငန်းကို (၁၀၄၂၃၃)ပင်၊ သစ်မာပင်ထောင် ရိုက်မှတ်ခြင်း လုပ်ငန်းကို (၅၄၈၀၅၃)ပင်၊ ပဝတ္တိမျိုးဆက်ခြင်း လုပ်ငန်းကို (၁၅၄၀၀)ဧက၊ ဓမ္မတာ မျိုးဆက်ခြင်း လုပ်ငန်းကို (၄၁၁၇၀) ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်းလုပ်ငန်းကို (၁၄၅၂၆)ဧက၊ ပေါင်းသင်ရှင်းလင်း ခြင်းလုပ်ငန်းကို (၁၃၆၈၉၀)ဧက၊ နွယ်ဖြတ် ညောင်ပတ် လှဲခြင်းလုပ်ငန်းကို (၂၆၂၄၄၀)ဧက၊ ပင်ကြပ်နှုတ်ခြင်း လုပ်ငန်းကို (၉၆၁၁)ဧက၊ သစ်တောလမ်းပြင် ဆင်ခြင်းလုပ်ငန်းကို (၁၃၆၉) မိုင်၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်းလုပ်ငန်းကို (၁၂၈၇)မိုင်၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်းလုပ်ငန်းကို (၁၂၃၂)မိုင်၊ မီးကာကွယ်ခြင်း လုပ်ငန်းကို (၁၈၉၀၄၅)ဧက၊ ကြိုးဝိုင်း တိုးချဲ့ ဖွဲ့စည်းခြင်း (၃၉၄.၆၉) စတုရန်းမိုင်၊ သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်း (၁၂၁၅၉)ဧကတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝ နယ်မြေများ တိုးချဲ့ ဖွဲ့စည်းရာတွင် သစ်တောဦးစီးဌာနမှ ကြိုးဝိုင်းတိုးချဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းကို (၃၉၄.၆၉) စတုရန်းမိုင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) အပူပိုင်းဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး (၃)ခု၊ ခရိုင်(၁၂)ခုအတွင်းရှိ (၃၈)မြို့နယ်၌ သဘာဝတောကျန်ဧရိယာ (၈၀၀၀၀) ဧကကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။

(ဂ) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည် တည်တံ့စေရေးအတွက် သစ်တောဦးစီးဌာနမှ ဆည်၊ တာတမံ (၆)ခု၌ ရေဝေရေလဲ စိုက်ခင်း (၈၅၀)ဧကနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ ပဲခူးရိုးမရှိ သဘာဝတောဧရိယာ (၁၉၇၄၂၃)ဧကကို ထိန်းသိမ်းခဲ့ပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှလည်း ရေဝေရေလဲ စိုက်ခင်း (၁၆၀၀) ဧကကို စိုက်ပျိုး တည်ထောင်နိုင်ခဲ့ပါသည်။

(ဃ) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းမှုတွင် တိုင်းဒေသကြီး (၃)ခု၊ ခရိုင်(၁၂)ခုရှိ မြို့နယ်(၅၄)မြို့နယ်တွင် ကျေးရွာသုံး စိုက်ခင်း(၄၁၀၀)ဧက၊ ရေဝေရေလဲစိုက်ခင်း (၁၆၀၀)ဧက နှင့် အရိပ်ပင်စိုက်ခင်း(၁၇၀၀) ဧက၊ စုစုပေါင်း(၇၄၀၀)ဧက တို့ကို စိုက်ပျိုး တည်ထောင်

ခဲ့ပါသည်။ အပူပိုင်းဒေသ အတွင်းရှိ တောင်စဉ်တောင်တန်း ၁၇ခု စိမ်းလန်း စိုပြည် လာစေရေးအတွက် အပူပိုင်းဒေသအတွင်းရှိ တောင်စဉ် တောင်တန်း(၈)ခု၌ စိမ်းလန်း စိုပြည်ရေးအတွက် ဧရိယာ (၉၀၀)ဧကကို စိုက်ပျိုး တည်ထောင်ခဲ့ပါသည်။

(င) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး စိုက်ခင်းများ တည်ထောင်ရာတွင် သစ်တောဦးစီးဌာနမှ စီးပွားရေးစိုက်ခင်း (၁၃,၅၅၀)ဧက ကို တည်ထောင်ခဲ့ပြီး ပုဂ္ဂလိက ကျွန်းစိုက်ခင်း (၁၈,၁၃၆) ဧကနှင့် ပုဂ္ဂလိက သစ်မာ စိုက်ခင်း (၆,၇၄၂)ဧက တို့ကို စိုက်ပျိုး တည်ထောင် နိုင်ခဲ့ပါသည်။

(စ) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပူပိုင်း ဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး (၃)ခု၊ ခရိုင်(၁၂)ခု အတွင်းရှိမြို့နယ် (၅၄) မြို့နယ်တွင် ထင်းအစား အခြားလောင်စာ အသုံးချရန်အတွက် စွမ်းအားမြင့်မီးဖို (၃၂,၂၇၃)လုံးနှင့် လောင်စာတုံး (၂,၅၉၉,၄၇၂)တုံး ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေး စွန့်ပစ် ပစ္စည်း (၂၀,၈၀၂)တန် သုံးစွဲနိုင်ရေး တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဆ) ကျေးရွာသုံး သစ်တောစိုက်ခင်းများကို အပူပိုင်း ဒေသ စိမ်းလန်း စိုပြည်ရေး ဦးစီးဌာန အနေဖြင့် (၄၁၀၀)ဧကကို လည်းကောင်း၊ သစ်တော ဦးစီးဌာနမှ ဧက(၁၀၀၀)ကို လည်းကောင်း စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပါသည်။ ရေကန်ငယ် (၂၁)ကန်၊ နုန်းတား ဆည်ငယ် (၁၂၂)ခု၊ မြေအောက်ရေ(၃)တွင်းနှင့် မိုးရေစုကန်(၃) ကန်တို့ကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဇ) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် သစ်တောဦးစီးဌာနမှ ကျေးရွာသုံးစိုက်ခင်း (၁,၀၀၀)ဧက၊ ပြည်သူလူထု အစုအဖွဲ့(၁၇)ဖွဲ့မှ အဖွဲ့ဝင် (၈၈၅)ဦးဖြင့် ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း (၃၁၇၈)ဧကကိုလည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ကျေးရွာ သုံးစိုက်ခင်း (၄၁၀၀)ဧကကို လည်းကောင်း စိုက်ပျိုးတည် ထောင်ခဲ့ပါသည်။

(ဈ) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် မိုးရာသီအတွင်း ပျိုးပင်ပေါင်း(၁၉.၉)သန်းကို လည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မှပျိုးပင် (၂.၅)သိန်း ကိုလည်းကောင်း ဖြန့်ဝေ၍ စိုက်ပျိုးခဲ့ပါသည်။ ပြည်သူအများ ပူးပေါင်း ပါဝင် လာစေရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဂျာနယ် စောင်ရေ(၃၀၀၀၀) ထုတ်ဝေဖြန့်ဖြူးခဲ့ခြင်း၊ နေ့စဉ်ထုတ် သတင်းစာများ၌ အသိ ပညာပေး ဆောင်းပါး(၁၂)ပုဒ် ရေးသားခဲ့ခြင်း၊ သစ်တော ပြုစု ထိန်းသိမ်းခြင်းဆိုင်ရာ

လက်ကမ်းစာစောင်(၅)မျိုးအား စောင်ရေ(၃၆ဂဂဂ) ဖြန့်ဝေခဲ့ခြင်း၊ ပညာပေး ဟောပြောပွဲ (၂၇၇၆)ကြိမ် ကျင်းပခြင်း၊ ပြခန်းခင်းကျင်းပြသခြင်း(၂)ကြိမ် နှင့် သင်တန်းပို့ချခြင်း (၃)ကြိမ်တို့ကို ဆောင်ရွက်ခဲ့ပါ သည်။ အပူပိုင်းဒေသရှိမြို့နယ် (၅၄) မြို့နယ် တွင်လည်း လူထုပညာပေး ဟောပြောပွဲ (၁၃၁၈)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ည) ကျွန်းနှင့် သစ်မာများကို (၂ဂ၁၁-၂ဂ၁၂)ခုနှစ်တွင် ထုတ်လုပ်ခွင့်ပြုထားသည့် ပမာဏ အပေါ်အခြေခံ၍ နှစ်အလိုက်အချိုးကျ လျော့ချ ထုတ်လုပ်သွားမည်ဖြစ်ပြီး မြန်မာ့သစ် လုပ်ငန်းမှကျွန်းသစ်လုံး (၃ဂဂဂ၈၃)တန်နှင့် သစ်မာသစ်လုံး (၁၅၅၈၁ဂ၄)တန်နှင့် ကျွန်းပယ်သစ်(၃၄၃၂၄)တန်တို့ကို ထုတ်လုပ်ခဲ့ပါသည်။

(ဋ) သစ်မဟုတ်သည့် အခြားသစ်တောထွက် ပစ္စည်းများကို နိုင်ငံတော်စီးပွားရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးအတွက် နှစ်စဉ်ထွက်ရှိနိုင်သည့် ပမာဏကို သတ်မှတ်ပြီး သစ်နှင့် သစ်တောထွက် ပစ္စည်း(၂၉)မျိုးကို စီမံကိန်း ရည်မှန်းချက် ချမှတ်၍ ထုတ်ယူလျက်ရှိ ပါသည်။

(ဌ) သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး ခေတ်မီ စက်ယန္တရားဖြင့် သစ်ထုတ်ရေး အင်အား တိုးမြှင့်သွားရန်နှင့် ဆင်ဖြင့် သစ်ထုတ် နည်းစနစ်ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါ သည်။ ထို့အပြင် သစ်ထုတ်လမ်းဟောင်း(၇၁၃၅)မိုင်နှင့် သစ်ထုတ်လမ်း အသစ်(၄၉၅ဂ)မိုင် တို့ကို ဖောက်လုပ် ခဲ့ပါသည်။

(ဍ) သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်တွင်းရှိ သစ် အခြေခံ စက်ရုံများသို့ ကုန်ကြမ်းအဖြစ် ကျွန်းသစ်လုံး(၂၂၆ဂ၈)တန်၊ သစ်မာ သစ်လုံး (၆၁၅၈၇)တန်နှင့် ခွဲသား (၂၉၅)တန်ပေးပို့ခဲ့ပါသည်။ကျွန်း၊ သစ်မာခွဲ စိတ်စက်ရုံ (၈၃)ရုံသို့ သစ်လုံးကုန်ကြမ်း(၄ဂ၁၅၈၆)တန် ပေးပို့ခဲ့ပါသည်။ ထို့အပြင် ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံ စက်ရုံများအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်း (၂၄၅၈၆)တန် ရောင်းချပေးခဲ့ ပါသည်။

(ဎ) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမယ်သစ် အနေဖြင့် (Engineered Flooring)ခေါ် အလွှာထပ် ကြမ်းခင်းတုံးများ စမ်းသပ်ထုတ်လုပ်ပြီး ပြည်တွင်း ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချ ပေးခဲ့ပါသည်။ အထပ်သား စက်ရုံများတွင် သစ်ပါးလွှာနှင့် အထပ်သားများအပြင် ပရိဘောဂသုံး အထပ်သားများကို ကျွန်းသစ်


ပါးလွှာဖြင့်အလှဆင်၍ ရေစိမ်ခံ မယ်လမင်းကော် အသုံးပြု ထုတ်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

(ဏ) ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းခြင်း၊ အဆိုပါ ဥပဒေအရ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေကြမ်း နှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ် ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ မူကြမ်း ရေးဆွဲခြင်း အစရှိသည့်ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်ရေးအတွက် စိစစ်၍ သဘောထား ပေးပို့ခြင်းများကို ဆောင်ရွက်လျက်ရှိ ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်စွာ မပျောက်ပျက် တည်မြဲနေနိုင်သည့် အော်ဂဲနစ် ဒြပ်ပစ္စည်းဆိုင်ရာ စီမံကိန်း အဆိုပြုလွှာအတွက် ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ်၊ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးမှုအဖွဲ့တို့နှင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုံများ၊ စက်မှုဇုန် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး အတွက် (EIA ) (SIA) အစီရင်ခံစာများ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၁၃၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ **အသားတင် ထုတ်လုပ်မှု တန်ဖိုး**ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၆၅,၄၀၆.၂ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတ်လကုန် အထိ (ဧပြီလမှမတ်လ) အသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ နှစ်အလိုက် ဈေးနှုန်းအရကျပ် ၁၉၄၀၁၂.၅သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်း ချက်အပေါ် ၁၁၇.၃ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၈.၇ ရာခိုင်နှုန်း ပြောင်းလဲ တိုးတက် ဖြစ်ပေါ် ခဲ့ပါ သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျွန်း (၃၁၀,၈၂၉) ကုဗတန်နှင့် သစ်မာ (၂,၄၆၉,၈၆၄) ကုဗတန်ထုတ်လုပ် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သစ်အလုံးလိုက် တင်ပို့မှု ရပ်ဆိုင်းခြင်း အတွက်သစ်လုံးများ ကို ထုတ်လုပ်ဆဲအဆင့်မှ သဘော်တင်ပို့ နိုင်သည့် အဆင့်အထိ စာချုပ်ကြွေးကျန် ရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အတွက် ကျွန်းနှင့်သစ်မာထုတ်လုပ်မှုမှာ လျာထားချက်ထက် ကျော်လွန်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်းမှ လည်း ယခင်နှစ်ကထက် ကျွန်း ၇,၉၈၃ ကုဗတန်၊ သစ်မာ ၂၀,၆၀၄ ကုဗတန်တို့ကို ပိုမို ဖြန့်ဖြူး ရောင်းချခဲ့ပါသည်။

**သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ကျပ်သန်း)**

**( နှစ်အလိုက်ဈေးနှုန်း )**




၁၃၂။ သစ်တောကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများအတွက် **ဘဏ္ဍာငွေခွဲဝေချထားမှု၊ သုံးစွဲမှု** (မတ်လကုန်)ကိုကြည့်ပါက ပိုမိုသုံးစွဲထား ပါသည်။

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ၏**

**ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု**

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု ( Plan ) | သုံးစွဲမှု ( မတ်လကုန် ) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၁ | | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၆၂၄.၁၈၀ | ၆၈၁.၁၄၇ | ၁၀၉.၁ |
| | | | **သစ်တောဦးစီးဌာန** | ၆၂၄.၁၈၀ | ၆၈၁.၁၄၇ | ၁၀၉.၁ |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း ( ၁ )ခု | ၆၂၄.၁၈၀ | ၆၈၁.၁၄၇ | ၁၀၉.၁ |

၁၃၃။ နိုင်ငံတော် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုအရ သစ်တောရေးရာ ဦးစီးဌာန၏ ဆောင်ရွက်ဆဲ စီမံကိန်းတွင် ထောက်ပံ့ငွေ (နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့်) မတ်လကုန် သုံးစွဲမှုတွင် ငွေပမာဏပြောင်းလဲသွားခြင်းဖြစ်ပါသည်။

၁၃၄။ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်မှုတွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍများမှ အောက်ပါအတိုင်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်-

(က) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးစေရန်အတွက် နိုင်ငံတော်၏ အဓိက

သီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးရေး၊ အစိုးရပြည်သူ ပူးပေါင်း ဆောင်ရွက်မှု Public, Private Partnership ဖြင့် ဆောင်ရွက်ရေး၊ အရည် အသွေးမီ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေးမှသည် ဈေးကွက် ရောက်ရှိသည် အထိ (Quality seed to market) ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်နိုင်ရေး အတွက် မွေးမြူရေးနှင့် သားငါး ကုန်ထုတ်လုပ်မှု အထောက်အကူပြု ဖွဲ့စည်း ရေးကော်မတီမှ ပြည်နယ်/ တိုင်းဒေသကြီးများတွင် ပေါင်းစည်းလယ်ယာများကို စုစုပေါင်း(၃၄၄) ဖွဲ့၊ အသားကဏ္ဍ အစုအဖွဲ့(၂၇၀၆)ဖွဲ့နှင့် ငါးကဏ္ဍ အစုအဖွဲ့(၁၀၈၀)ဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။

(ဂ) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် လီမိတက်အနေဖြင့် အသေးစား မွေးမြူရေးချေးငွေ ထုတ်ချေးခြင်းအနေဖြင့် တိုင်းဒေသကြီး (၁၂)ခုနှင့် ပြည်နယ် (၉)ခုတွင် လူဦးရေ (၁၅၀၈) အတွက် ကျပ်သိန်းပေါင်း (၁၃၁၀၄၅.၇) ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် သား/ငါးကဏ္ဍဆိုင်ရာ အစုအဖွဲ့များမှ အသား ကဏ္ဍအတွက် တိုင်းဒေသကြီး/ပြည်နယ် (၅)ခုတွင် စုစုပေါင်း ကျပ်သိန်းပေါင်း ( ၂၅၈၇၁.၂၉ )နှင့် ငါးကဏ္ဍအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ( ၁၃ )ခုတွင် စုစုပေါင်းချေးငွေ (၁၀၅၇၂.၄) ကျပ်သိန်း ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

(င) သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် စိုက်ခင်းများ တည်ထောင်ခြင်း အပြင် သဘာဝတောတန်ဘိုးမြှင့် စိုက်ခင်း (၁၂၁၆၉)ဧက တည်ထောင်ခဲ့ပြီး၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင် စုစုပေါင်း (၂၄)သန်းကျော်နှင့်ကျေးလက် အိမ်ရာ သစ်တောစိုက်ခင်းအတွက် သစ်ပင် (၇.၉)သန်းတို့ကို စိုက်ပျိုးတည်ထောင်ခဲ့ ပါသည်။

(စ) မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းတွင် သရုပ်ပြ စိုက်ပျိုးပညာပေးခြင်း လုပ်ငန်း များအဖြစ် ကွန်တို ဘောင်(၁၈၇၅၀)ပေနှင့် သဘာဝမြေသြဇာ ပြုလုပ်နည်းကို (၂၀၂)ကြိမ် ဆောင်ရွက်ခဲ့ပြီး သီးနှံသစ်တော ရောနှောစိုက်ခင်း(၄၈၇၂)ဧကနှင့်

သစ်တောပင်(၁၃)သိန်း၊ နှစ်ရှည်သီးပင်(၂.၄)သိန်းနှင့် မြေပြိုနိုင်သော နေရာများတွင် စိုက်ပျိုးရန်အတွက် သစ်ပင် (၃၂၅၂)ပင်တို့ကိုစိုက်ပျိုးခဲ့ပါသည်။

(ဆ) ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေဖူလုံရေးတို့အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်းအပြင်ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၁)ခုတွင် ရေတွင်း (၁၃၅) တွင်း၊ ရေကန်(၁၆၇)ကန်တို့ကို ဆောင်ရွက်ခဲ့ပြီး အခြား နည်းလမ်းဖြင့် ရေရရှိရေး လုပ်ငန်း (၁၂၃၀)ခုကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါ သည်။

၁၃၅။ **စွမ်းအင်ကဏ္ဍ။** နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အောက်ပါအတိုင်း **မူဝါဒများ** ချမှတ်၍ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) စွမ်းအင်မှီခိုမှုကင်းသော အခြေအနေကို ထိန်းသိမ်းသွားမည်။

(ခ) ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်မည်။

(ဂ) စွမ်းအင်သုံးပြုနိုင်မှု စွမ်းရည် တိုးမြင့်လာစေရေးနှင့် စွမ်းအင်ခြိုးခြံ ချွေတာရေးတို့ကို မြှင့်တင်ဆောင်ရွက်မည်။

(ဃ) အိမ်သုံးစွမ်းအင်အဖြစ် အခြားအစားထိုး စွမ်းအင် အမျိုးအစားများကို အသုံးပြုနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်မည်။

(င) ရှာဖွေတွေ့ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူတစ်ရပ်လုံး အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံး ရရှိခံစားနိုင်မည့် သုံးစွဲ မှုဖြစ်စေရေး ဆောင်ရွက်သွားမည်။

(စ) ပုဂ္ဂလိ ကဏ္ဍမှ ပိုမိုပါဝင်ရေး မြှင့်တင်ဆောင်ရွက်မည်။

၁၃၆။ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်မူဝါဒများနှင့်အညီ အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ကုန်းတွင်းပိုင်းလုပ်ကွက် (၁၈) ကွက်အား ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ ရှာဖွေထုတ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါဖိတ်ခေါ်ခဲ့ပြီး လုပ်ကွက် ၁၈ ကွက်ကို နိုင်ငံခြား ကုမ္ပဏီ (၆) ခုအားလုပ်ကိုင်ခွင့် ချမှတ်ပေးခဲ့ပါသည်။ ကျန်ရှိသော

ကမ်းလွန် လုပ်ကွက်နှင့် ကုန်းတွင်းလုပ်ကွက်များအား အပြည်ပြည်ဆိုင်ရာ တင်ဒါဖိတ်ခေါ် ဆောင်ရွက် သွားရန် စီစဉ်ထား ပါသည်။

(ခ) ရေနံတွင်းဟောင်းများ၏ ထုတ်လုပ်မှုကို ပုံမှန်အားဖြင့် လျော့နည်းမှုနှုန်း (Normal Decline Rate) ၈ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်း အတွင်း ဖြစ်စေရေး ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါသည်။ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ တွင် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေ ထုတ်လုပ် ရေးအတွက် နိုင်ငံခြား ကုမ္ပဏီများ အား လုပ်ကိုင်ခွင့်ချမှတ် ပေးခဲ့ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု အလျော့နည်းဆုံးဖြစ်စေရေးအတွက် EIA/SIA လုပ်ငန်းများ ဦးစွာ ဆောင်ရွက် လုပ်ကိုင်ပြီးမှသာ ရှာဖွေတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်စေရန် စီစဉ် ခဲ့ပါသည်။

(ဂ) ပြည်နယ်/တိုင်းဒေသကြီးများတွင် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ် ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာ မီးလင်းရေး အတွက် ဇီဝလောင်စာဆီ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဆောင်ရွက်ပေးခဲ့ပါသည်။

(ဃ) စွမ်းအင်စီမံခန့်ခွဲမှု သင်တန်းများကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ပူးပေါင်း ဖွင့်လှစ်ခြင်း၊ အာဆီယံဒေသတွင်း စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးပြိုင်ပွဲများသို့ အစိုးရဌာနများနှင့် ပုဂ္ဂလိကများမှ ပါဝင်ယှဉ်ပြိုင် စေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(င) ရေနံချက်လုပ်ရာမှ ထွက်ရှိလာသော ရေနံမီးသွေးများကို ထင်းအစားထိုး လောင်စာအဖြစ် ရေနံမီးသွေးတောင့်များ ထုတ်လုပ်နိုင်ရေးအတွက် ဖြန့်ဖြူး ရောင်းချပေး လျက်ရှိပါသည်။ ရေနံဓာတ်ငွေ့ရည် (LPG) ဖြန့်ဖြူးရောင်းချ ခြင်း လုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍသို့ လွတ်လပ်စွာ တင်သွင်းရောင်းချ နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(စ) ကမ်းလွန်လုပ်ကွက် A1 နှင့် A3 ရွှေစီမံကိန်းမှ ပြည်တွင်းသုံးရန် ရရှိမည့် သဘာဝ ဓာတ်ငွေ့ ကုဗပေသန်း ၂၀ အား ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသအတွက် အသုံးပြုနိုင်ရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်ခဲ့ပါသည်။


(ဆ) စက်သုံးဆီဆိုင်သစ် ၇၀၀ ကျော် ဖွင့်လှစ်နိုင်ရေးအတွက် ခွင့်ပြုချက်များ ထုတ်ပေးခြင်း၊ ရေနံဓာတ်ငွေ့ရည် (LPG) လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချ နိုင်ရန် ကုမ္ပဏီ ၆ ခုအား ခွင့်ပြုချက်များ ထုတ်ပေးခြင်း၊ သန်လျင်ရေနံ ချက်စက်ရုံ Joint

Venture ဆောင်ရွက် နိုင်ရေးအတွက် ကုမ္ပဏီ ၁၉ ခုကို ပဏာမ စူးစမ်းလေ့လာမှု ဆောင်ရွက်ခွင့်ပြုခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးအတွက် နိုင်ငံတကာ ရေနံကုမ္ပဏီများ (IOC) နှင့် မြန်မာတိုင်းရင်းသားကုမ္ပဏီများ ပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် မူဝါဒ ချမှတ် အကောင်အထည်ဖော်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၁၃၇။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ **အသားတင် ထုတ်လုပ်မှုတန်ဖိုး** ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၈၀၀,၃၉၇.၈ သန်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ဧပြီလမှမတ်လ) အသား တင် ထုတ်လုပ်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၇၄၅,၈၂၇.၈ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၁၅၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၁.၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**စွမ်းအင် ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး(ကျပ်သန်း)**

(နှစ်အလိုက်ဈေးနှုန်းများအရ)




၁၃၈။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**။ သတ္တုနှင့် တွင်းထွက်ပစ္စည်း ကဏ္ဍတွင် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့် ပြုပြင် ပြောင်းလဲရေး မူဘောင်တို့နှင့်အညီ ချမှတ်ခဲ့သည့် မူဝါဒ(၆)ခု နှင့်အညီ သတ္တုနှင့် တွင်းထွက် ပစ္စည်းကဏ္ဍတွင် အောက်ပါ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) လုပ်ငန်းစဉ်(၁) "သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုး တိုးတက် စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့်သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့

ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း”အရ နိုင်ငံတော်ပိုင် သတ္တုတွင်းများနှင့် လုပ်ငန်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သတ္တုသိုက် အသစ်များအား ပြင်ပမှပညာရှင်များ ငှားရမ်း၍ စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် စမ်းသပ်ပါမစ် (Exploration Permit)များ အချိန်နှင့် တစ်ပြေးညီ ထုတ်ပေးခြင်း၊ ကျွမ်းကျင်မှု အကူအညီပေးခြင်းနှင့် နယ်မြေဒေသ အသီးသီးရှိ ဒေသအာဏာ ပိုင်များမှလည်း စောင့်ရှောက် ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။

(ခ) လုပ်ငန်းစဉ်(၂)“ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်ခြင်း” လုပ်ငန်းစဉ်အရ သန်လျင်ခဲမဖြူ သန့်စင်စက်ရုံတွင် ခဲမဖြူ သတ္တုရိုင်းမှ သန့်စင်ပြီး သတ္တု(Refined Tin)များအား (Up Grading) ပြုလုပ်ရာတွင် နိုင်ငံခြား အရင်းအနှီးဖြင့် လုပ်ကိုင်နိုင်ရန် ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံမှကုမ္ပဏီ (၁)ခု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ မလေးရှားနိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ ပြည်တွင်း ကုမ္ပဏီ (၄)ခုမှ ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ဆွေးနွေးခဲ့ပါ သည်။ ကနေဒါနိုင်ငံမှ ကုမ္ပဏီ (၁)ခု၊ ကိုရီးယားသမ္မတနိုင်ငံမှ ကုမ္ပဏီ(၃)ခု၊ ဂျပန်နိုင်ငံမှ ကုမ္ပဏီ (၂)ခု၊ စင်ကာပူနိုင်ငံမှ ကုမ္ပဏီ (၁)ခု၊ ဆွီဒင်နိုင်ငံမှ ကုမ္ပဏီ (၁)ခု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှကုမ္ပဏီ(၈)ခု၊ ထိုင်းနိုင်ငံမှ ကုမ္ပဏီ(၂)ခု၊ ပနားမားနိုင်ငံမှ ကုမ္ပဏီ (၁)ခု၊ ဘရူနိုင်းနိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ အမေရိကန်ပြည်ထောင်စု မှ ကုမ္ပဏီ (၅)ခု၊ အင်ဒိုနီးရှား နိုင်ငံမှ ကုမ္ပဏီ (၁)ခု၊ အိန္ဒိယနိုင်ငံမှ ကုမ္ပဏီ (၄)ခု၊ သြစတြေးလျ နိုင်ငံမှ ကုမ္ပဏီ(၂)ခု၊ စုစုပေါင်းနိုင်ငံပေါင်း(၁၄)ခုမှ ကုမ္ပဏီ ပေါင်း(၃၃)ခုတို့ဖြင့် အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ဆွေးနွေးခဲ့ပါ သည်။

(ဂ) တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Myanmar CNMC (Nickel) Co., Ltd. နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တကောင်းတောင်ဒေသတွင် နီကယ်သတ္တု ထုတ်လုပ်မှု လုပ်ငန်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ Myanmar SIMCO Song Da Joint Stock Co., Ltd.နှင့် ရခိုင်ပြည်နယ်၊ နေပူတောင်ဒေသတွင် မာဘယ် (အလှဆင်ကျောက်) ထုတ်လုပ်မှု လုပ်ငန်း၊ သြစတြေးလျ နိုင်ငံ၊ Cornerstone Resources (Myanmar) Ltd. နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လုံချိန်ဒေသတွင် သွပ်သတ္တု ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ရုရှားနိုင်ငံ Nobel Gold

Ltd. နှင့် စစ်ကိုင်း တိုင်းဒေသကြီး၊ ဗန်းမောက်ဒေသ ရွှေနှင့်ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာ ရေးလုပ်ငန်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ North Mining Investment Co., Ltd.နှင့် ချင်းပြည်နယ်၊ မြေတောင်ဒေသတွင် နီကယ်သတ္တု သိုက် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း၊ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ၊ De Rui Feng International Co., Ltd. တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့နယ်၊ ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက် နိုင်စွမ်း လေ့လာရေးလုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ပါ သည်။

(ဃ) လုပ်ငန်းစဉ် (၃) "မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက် ထုတ်လုပ် ပြီး အမျိုးသား ဝင်ငွေတိုးတက်စေရန်စီမံ ဆောင်ရွက်ခြင်း"၊ လုပ်ငန်းစဉ် (၅) "ခွင့်ပြုမိန့်ချမှတ် ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ခြင်း"၊ လုပ်ငန်းစဉ် (၆) "နိုင်ငံတော် အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးကျပ်ငွေများ တိုးတက်ရရှိစေရန် မြန်မာ့ ကျောက်မျက် ရတနာပြပွဲကို တစ်နှစ်လျှင် အနည်းဆုံး(၃)ကြိမ် ရောင်းချနိုင် ရေး ဆောင်ရွက်ခြင်း"အရ လအလိုက် သက်တမ်းကုန်ဆုံးမည့် ရတနာ နယ်မြေ အသီးသီးရှိ သတ်မှတ်၊ ဖော်ထုတ်လုပ်ကွက်နှင့် လစ်လပ်သတ်မှတ်၊ လစ်လပ် ဖော်ထုတ်၊ သတ်မှတ် (အသစ်) လုပ်ကွက်များကို ၂လ (၁)ကြိမ် အဆိုပြုလွှာ ကြော်ငြာ ခေါ်ယူ၍ ဦးစီးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအရ လုပ်ကိုင်ခွင့်များ ချထားပေး ခြင်းနှင့် အဆိုပြုငွေများ ကောက်ခံခြင်း၊ ရတနာမြေများရှိ တူးဖော်ရေး ဌာနများတွင် တန်ဖိုးဖြတ်အဖွဲ့များ ဖွဲ့စည်း၍ တူးဖော်ရရှိသော ကျောက်မျက် ရတနာများ၏ အရည်အသွေးအလိုက် တန်ဖိုး ဖြတ်ပြီး ရတနာခွန် (တွင်းဝခွန်) များ ကောက်ခံခြင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် (One Stop Service)များ ဖွင့်လှစ်၍ ကျောက်စိမ်းပုတီး၊ လက်ကောက်၊ လွှာချပ်၊ အချောထည်များကို အခွန်ပေးဆောင်ပြီး မူဆယ်သို့ တင်ပို့ ရောင်းချ ခွင့်ပြုပေးခြင်း၊ ကျောက်မျက် ရတနာ အချောထည်ဈေးကွက် ပြည်တွင်းတွင် ဖြစ်ပေါ်စေရန် ရွှေကြာပင်ရတနာ ဈေးကို ၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းများ ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် အဆင့်နိမ့် ကျောက်စိမ်း အသားကျောက် ရောင်းချပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံမှ လှူဒါန်းခဲ့သော ကျောက်မျက်အချောထည်စက်များဖြင့် သလင်းအုပ်စုဝင်ကျောက်

များ ပလွမ်၊ ကျောက်စိမ်း၊ Semi-Precious ကျောက်မျက်များကို လုံးချော (တာပလာ) သွေး၍ (One stop Service) စနစ်ဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

(င) လုပ်ငန်းစဉ် (၄) "အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများ အား သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲ ဆောင်ရွက်ခြင်း"အရ ပုဂ္ဂလိကပိုင်အခန်း ကဏ္ဍပါဝင်မှု ရာခိုင်နှုန်းမှာ ၉၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

(စ) လုပ်ငန်းစဉ်(၇) "ပုလဲအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန်လေ့ကျင့် ရေးနှင့် သုတေသန လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင် ဆောင်ရွက်ခြင်း" အရ တန်ဖိုးမြင့် ပုလဲထုတ်လုပ်ရေးအတွက် နည်းပညာပြောင်းလဲမှု အနေဖြင့် မုတ်ကောင်ရိုင်းမှ သားဖောက်မုတ်ကောင်သို့ ပြောင်းလဲမွေးမြူခြင်း၊ ပုလဲမွေးမြူသည့်စနစ် ပြောင်းလဲခြင်း၊ ဝတ်ဆံသွင်း သည့်စနစ်ကို ပြောင်းလဲကျင့်သုံးခြင်း၊ မုတ်ကောင်သားဖောက် မွေးမြူမှုတွင် One/One နည်းဖြင့် ရွှေရောင် မုတ်ကောင်အချင်းချင်း၊ ငွေရောင်မုတ်ကောင်အချင်းချင်း စမ်းသပ်သားဖောက် မွေးမြူစေခဲ့ပြီး ၎င်းမုတ်ကောင်များအား ဝတ်ဆံသွင်းလုပ်ငန်း ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။

(ဆ) လုပ်ငန်းစဉ်(၈) "အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆား ထုတ်လုပ်မှု တိုးတက် လာစေရန် ဦးတည်ဆောင်ရွက်ခြင်း" အရ အိုင်အိုဒင်း ပြည့်ဝစွာပါဝင်မှုမှာ ၅၄% သို့လည်းကောင်း၊ အိုင်အိုဒင်းဆားစားသုံးမှုမှာ ၈၅%သို့ တိုးတက် အကောင်အထည်ဖော် လုပ်ဆောင် နိုင်ခဲ့ပါသည်။ အရည်အသွေး ပြည့်ဝသော အိုင်အိုဒင်း ဆားထုတ်လုပ်မှု တိုးတက်လာစေရန် ပုဂ္ဂလိကဆားကြိတ်စက်များမှ ထုတ်လုပ်သော အိုင်အိုဒင်းဆားများတွင် စက်ရုံအဆင့်ပါဝင်စေရန်သတ်မှတ်ထားသော(၄၀- ၆၀) ppm အိုင်အိုဒင်းပါဝင်ရေးအတွက် မြန်မာ့ ဆားလုပ်ငန်း ပြည်နယ်/တိုင်း ဒေသကြီးများမှ ဝန်ထမ်းများအား Monitor အဖွဲ့များဖွဲ့၍ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ဆားကြိတ်စက်များသို့ ကြီးကြပ်စစ်ဆေးလျက်ရှိပါသည်။ စက်ရုံအဆင့်တွင် အိုင်အိုဒင်းဆား ပမာဏ ပါဝင်ခြင်း မရှိပါက အဆိုပါ ဆားများအား ပွဲရုံနှင့် လက္ကားဆိုင်များတွင် အိုင်အိုဒင်း ပြန်လည်ဖြည့်ခြင်း (Deionization)များ ပြုလုပ်လျက်ရှိပါသည်။

(ဇ) မူဝါဒ(၅) “ နိုင်ငံတော်၏ လုံခြုံရေးနှင့် စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာ မြောက် ဓါတ်သတ္တုများကို စနစ်တကျထုတ်လုပ် စုဆောင်းထားရှိသွားရန်” အရ ယူရေနီယမ်နှင့် ဆက်စပ်တွင်းထွက်များ ရှာဖွေစမ်းသပ်လုပ်ငန်းကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်ခြင်း၊ မြေရှားဒြပ်စင် (REE) တွင်းထွက် ရှာဖွေစမ်းသပ်လုပ်ငန်းကို ဂျပန်နိုင်ငံ JOGMEC နှင့်အတူ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီး တွင်လည်းကောင်း၊ တိုက်တေနီယမ် တွင်းထွက် ရှာဖွေစမ်းသပ် လုပ်ငန်းကို Boulle Mining Co., မှ ရခိုင် ပြည်နယ်တွင်လည်းကောင်း၊ Asia Mining Co., Ltd.မှ မွန်ပြည်နယ်တွင် လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်ရန်စီစဉ်ခဲ့ပါသည်။


(ဈ) မူဝါဒ(၆) “ဓါတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်း ကျင် ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေးနှင့် ဒေသခံပြည်သူများ ထိခိုက် နစ်နာမှု မရှိစေရန် အလေးထားဆောင်ရွက်ရန်”အရ ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရန် သတ္တုတွင်းများနှင့် သတ္တုသန့်စင် စက်ရုံများသို့ သွားရောက်စစ်ဆေးခြင်း၊ စွန့်ပစ်မြေစာများအား သတ်မှတ်နေရာများတွင် စွန့်ပစ်ရေး၊ ပျက်စီးသွားသည့် မြေမျက်နှာပြင်အား ပြန်လည်ပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ လုပ်ကွက်အတွင်းမှ ဖုန်မှုန့်များ ပတ်ဝန်းကျင်သို့ မပြန့်လွင့် စေရန် ရေဖြန်းစေခြင်း၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန်နှင့် ထိန်းသိမ်းနိုင်ရန် အတွက် လုပ်သားများအား သင်တန်းပို့ချခြင်းနှင့် Mediaမှ တစ်ဆင့် အသိပညာပေးခြင်း၊ ဓာတ်သတ္တု ထုတ်လုပ်သည့် စက်ရုံများနှင့် ပတ်သက်၍ စွန့်ပစ်အရည်များ၊ အနယ်ထိုင် ကန်အတွင်း အနယ်ထိုင်စေပြီးမှ စွန့်ပစ်ခြင်း၊ ဓာတုဗေဒ ဓာတ်ဆေးပါသော အရည်များ ပြင်ပသို့ မစွန့်ပစ်ဘဲ ရေပြန်စနစ်ဖြင့် အသုံးပြုစေခြင်း၊ စက်ရုံမှထွက်သော ဖုန်မှုန့်များအား ပြင်ပသို့ မပြန့်လွင့် စေရန် ဖုန်စုပ် ကိရိယာများ အသုံးပြုစေခြင်း၊ အဆိပ်ပါသော ဓာတ်ငွေ့များ လေထုအတွင်း မပြန့်စေရန် (Scrubbing Tower) ဖြတ်သန်း စေခြင်းဖြင့် ကာကွယ် စေခြင်း၊ ဒေသခံပြည်သူများ ထိခိုက် နစ်နာမှု မရှိစေရန်အတွက် ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ခွင့် စတင်လျှောက်ထားစဉ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Social Impact Assessment - SIA)၊

ကျန်းမာရေးထိခိုက်မှုဆန်းစစ်ခြင်း (Health Impact Assessment - HIA)များ ဆောင်ရွက်ခဲ့ပါသည်။

၁၃၉။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်တွင်**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏အသားတင်ထုတ်လုပ်မှုတန်ဖိုး**ကို နှစ်အလိုက်ဈေးနှုန်း ကျပ် ၅၄၄,၇၀၆.၉သန်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ မတ်လကုန် အထိ (ဧပြီလ မှ မတ်လ) အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄၁၂,၆၀၆.၅ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် (၇၅.၇)ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ (၇.၈) ရာခိုင်နှုန်း ပြောင်းလဲ လျော့နည်းဖြစ်ပေါ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး(ကျပ်သန်း)**

(နှစ်အလိုက်ဈေးနှုန်း)




၁၄၀။ **စက်မှုလက်မှုကဏ္ဍ။** စက်မှုလက်မှုကဏ္ဍ၏ မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာ အခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ၊ တန်ဖိုးမြင့် ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စေရေးနှင့် အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှု လုပ်ငန်းများ ဆက်လက် ထူထောင်ရေး၊

(ခ) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစား စက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(ဂ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး၊ နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပူးပေါင်း ဆောင်ရွက်ရေး တို့ဖြစ်ပါသည်။

(ဃ) ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက် အကျိုးရှိစွာ အသုံးပြုရန်နှင့် ပြည်တွင်းရှိ အခြေခံကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့်ထုတ်လုပ် ခြင်းကို တိုးမြှင့် ဆောင်ရွက်ရေး။

၁၄၁။ စက်မှုကဏ္ဍ၏ မူဝါဒများနှင့်အညီ အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်-

(က) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော် အဆင့်သို့ တက်လှမ်းရေး အတွက် လိုအပ်သည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို လယ်ယာ ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိပါသည်။ လယ်ယာ ထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်စေရေးနှင့် အသေးစား နှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဂျာမနီနိုင်ငံ၊ ဂျာမန် အပြည်ပြည်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၊ ဖရက်ဒရစ် နော်မန် ဖောင်ဒေးရှင်း၊ ကနေဒါနိုင်ငံ Building Market၊ မဲခေါင် Institute၊ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း တို့နှင့် ပူးပေါင်း၍ လုပ်ငန်းစဉ်ပါ အစီအစဉ်များနှင့်အညီ နည်းပညာပံ့ပိုးခြင်း၊ အကြံဉာဏ်ပေး ဆွေးနွေးညှိနှိုင်းခြင်း၊ လိုအပ် သည့် ဘဏ္ဍာငွေရရှိရေး ဆောင်ရွက် ပေးခြင်းတို့ကို ပြုလုပ် ပေးခဲ့ပါသည်။

(ခ) ထို့ပြင် လုပ်ငန်းစဉ်ပါ Labour Intensive ဖြစ်သည့် အထည်ချုပ်နှင့် စားသောက် ကုန်၊ ဖိနပ် စသည့် စက်ရုံများ တိုးချဲ့ပြန့်ပွားရေး ဆောင်ရွက်နေသလို အကြီးစား စက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေးအတွက် မြန်မာ့စီးပွားရေး ကော်ပိုရေး

ရှင်းမှ လွှဲပြောင်း ရယူထားသော သံမဏိစက်ရုံများ အကောင်အထည်ဖော်ရေး အတွက် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ပုဂ္ဂလိက အခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမို မြှင့်တင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှု အောက်ရှိ စက်ရုံ အလုပ်ရုံများတွင် ရင်းနှီးမြှုပ်နှံလိုသော နိုင်ငံသားများနှင့် ဆွေးနွေး ညှိနှိုင်း၍ ပုဂ္ဂလိကသို့ လွှဲပြောင်း ရောင်းချခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်း၊ အကျိုးအမြတ် ခွဲဝေခံစားခြင်း၊ ကာလတို ကာလရှည် ငှားရမ်းခြင်းတို့ကို လုပ်ငန်းစဉ်ပါ အစီအစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး ပြည်တွင်းရှိ အခြေခံ ကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့် ထုတ်လုပ်မှုအဖြစ် သံစိမ်း၊ ရော်ဘာ၊ ထုံးကျောက်၊ Marl၊ Gypsum၊ ကြွေကျောက် (Feldspar)၊ မြေဖြူစေး (Ball Clay)၊ မြေဖြူဖွယ် (China Clay)၊ သဲ၊ ဝါ ၊ ဝါး စသည်တို့ကို အခြေခံ၍ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရေးကို လုပ်ငန်းစဉ်ပါ အစီအစဉ်များ နှင့်အညီ ဆောင်ရွက် ခဲ့ပါသည်။

(ဃ) စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေး၊ ခြိုးခြံချွေတာရေးနှင့် ပြန်လည် ပြည့် ဖြိုးမြဲစွမ်းအင် အသုံးချရေးအတွက် အသိပညာဖလှယ်ခြင်း၊ Awareness ရရှိရေး ဆောင်ရွက် ပေးခြင်း၊ Solar နှင့် ဆက်စပ် ပစ္စည်းများ၊ ရေအား လျှပ်စစ်တာဘိုင်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း တို့ကို ဆောင်ရွက် ခဲ့ပါသည်။

၁၄၂။ တည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စက်မှုလုပ်ငန်းရှင်များ နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်၍ လိုအပ်သည်များကို ကူညီပံ့ပိုးခြင်း၊ အထက်ဌာနများသို့ တင်ပြ ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ နယ်စပ်ဒေသများတွင် စက်မှုဇုန်အသစ် (၇) ဇုန် ကို အကောင်အထည်ဖော်ရန် စီမံ ဆောင်ရွက်လျက် ရှိခြင်း၊ စီးပွားရေးအထူးဇုန်များ ဖွံ့ဖြိုး တိုးတက် စေရေးကို အလေးထား ဆောင်ရွက်ခြင်းနှင့် ဒေသန္တရစက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက် လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်း စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) အကြီးစားဒီဇယ်အင်ဂျင်စီမံကိန်း။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Shandong Puli Construction Engineering Co.,Ltd နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသော အကြီးစားဒီဇယ်အင်ဂျင်စီမံကိန်းအတွက် Assembly & Machine Shop နှင့် Foundry, Welding & Heat Treatment Shop တည်ဆောက် ရေး

လုပ်ငန်းစဉ်များ ၈၉ % ခန့် ပြီးစီးပြီဖြစ်ပါသည်။ စက်ပစ္စည်းတန်ဖိုး၏ ၉၄ % ရောက်ရှိပြီးဖြစ်၍ တပ်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ၁၀~၁၅ တန် ကုန်တင်ယာဉ် ထုတ်လုပ်မှုစီမံကိန်း။ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ EXIM Bank ချေးငွေဒေါ်လာသန်း (၂၀) ဖြင့် China National Heavy Duty Truck Co., Ltd နှင့်ပူးပေါင်းဆောင်ရွက်သော အမှတ်(၁၁) အကြီးစားစက်ရုံအား အဆင့်မြှင့်တင်၍ ၁၀~၁၅ တန် ကုန်တင်ယာဉ် ထုတ်လုပ်မှု စီမံကိန်း အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက် ရှိပါသည်။ Steel Structure နှင့်စက်ပစ္စည်းများ စတင်ရောက်ရှိနေပြီဖြစ်ပါသည်။

(ဂ) **ကုန်တင်ယာဉ်ဘီးဝင်ရိုးနှင့်မော်တော်ယာဉ်မိုလ်နှင့်ဒိုင်ထုတ်လုပ်မှုစီမံကိန်း။** တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China Development Bank ချေးငွေဒေါ်လာသန်း(၁၂၀)နှင့် ညီမျှသည့် Euro (၈၂.၄၉) သန်းဖြင့် CATIC Beijing Co.,Ltdနှင့် ပူးပေါင်း ဆောင်ရွက်သော ကုန်တင်ယာဉ်ဘီးဝင်ရိုးနှင့် မော်တော်ယာဉ်မိုလ်နှင့် ဒိုင်ထုတ်လုပ်မှု စီမံကိန်း အလုပ်ရုံများ တည်ဆောက်နေပြီဖြစ်ပါသည်။ စီမံကိန်းဝင်စက်ပစ္စည်းအချို့ ရောက်ရှိနေပြီဖြစ်ပါသည်။

(ဃ) **အမှတ် (၁)သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်း။** အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ကို ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်းသို့ ၁.၁၀.၂၀၁၂ရက်နေ့တွင် လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းကို နိုင်ငံတော်မတည်ငွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank (CDB) ချေးငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ထုတ်လုပ်မှု စတင်နေပြီ ဖြစ်ပါသည်။ သံချောင်းလုံးများနှင့် သံမဏိသံဘောင်များထုတ်လုပ်ရန်လိုအပ်သော Steel Billetနှင့် SteelSlabများ၊ Steel Sheetများ၊ Steel Coil များ၊ Steel Rail များ၊ Welded Pipe များစသည့် စက်မှုလုပ်ငန်း သုံးပစ္စည်းများ ထုတ်လုပ်ရန် ဖြစ်ပါသည်။


(င) **အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း။** အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)ကို မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှု လုပ်ငန်းသို့ ၁-၁၀-၂၀၁၂ ရက်နေ့တွင် လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ ပင်းပက် စီမံကိန်းကိုနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယူရို (၁၃၇.၅)သန်းဖြင့် ရုရှားနိုင်ငံ Tyazhpromexport (TPE) ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆို အကောင်

အထည်ဖော်လျက်ရှိရာ တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စက်ပစ္စည်း (၉၀ %) ခန့်ရောက်ရှိ၍ တပ်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်သည့် Pig Iron များထုတ်လုပ်ရန် ဖြစ်ပါသည်။

(စ) **တစ်နေ့တန်(၆၀)သတင်းစာ စက္ကူစက်ရုံစီမံကိန်း(သာပေါင်း)။** တစ်နေ့ တန် (၆၀) သတင်းစာ စက္ကူစက်ရုံစီမံကိန်း (သာပေါင်း)ကို တစ်နှစ်လျှင် သတင်းစာ စက္ကူ (၁၈,၀၀၀)တန် ထုတ်လုပ်ရန်အတွက် Tianjin Machinery Imp &Exp Corporation (China)နှင့် အမေရိကန်ဒေါ်လာ(၃၆.၅)သန်းဖြင့် ၁၂.၁၂.၂၀၀၁ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းများမှာ (၇၂%)၊ စက်တပ်ဆင်ရေး လုပ်ငန်းများမှာ (၃၈%) ပြီးစီးပြီးဖြစ်ပါသည်။

၁၄၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ **အသားတင် ထုတ်လုပ်မှုတန်ဖိုး**ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၀,၃၉၈,၈၁၃.၄ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှမတ်လ) အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၀,၃၀၁,၂၉၈.၄ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ၈.၄ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ်ခဲ့ ပါသည်။

## စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)




### ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏ မတ်လကုန်အထိ အကောင်အထည်ဖော်မှုအခြေအနေ

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု ( Plan ) | သုံးစွဲမှု ( မတ်လကုန် ) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၃ | | | **စက်မှု** | **၇၄,၃၉၇.၂၂၅** | **၅၄၂,၀၇၁.၂၅၈** | **၇၂၈.၆** |
| | ၁ | | **အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း** | **၇၀,၆၇၄.၂၅၂** | **၅၄၁,၀၇၈.၃၀၄** | **၇၆၅.၆** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း ( ၇ )ခု | ၇၀,၆၇၄.၂၅၂ | ၅၄၁,၀၇၈.၃၀၄ | ၇၆၅.၆ |
| | ၂ | | **အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း** | **၁,၈၆၂.၉၇၃** | **၅၉၂.၉၅၄** | **၃၁.၈** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း ( ၁ )ခု | ၁,၈၆၂.၉၇၃ | ၅၉၂.၉၅၄ | ၃၁.၈ |
| | ၃ | | **စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း** | **၁,၈၆၀.၀၀၀** | **၄၀၀.၀၀၀** | **၂၁.၅** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း ( ၁ )ခု | ၁,၈၆၀.၀၀၀ | ၄၀၀.၀၀၀ | ၂၁.၅ |

၁၄၄။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၏၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်လုပ်ငန်းစီမံကိန်းများ မူလရာထားချက်တွင်မပါရှိသော်လည်း မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ လွှဲပြောင်းပေးခဲ့ သည့် သံမဏိစက်ရုံ (မြင်းခြံ)နှင့် သံမဏိစက်ရုံ (ပင်းပက် ) တို့အတွက် သုံးစွဲခဲ့ခြင်း၊ Heavy Diesel Engine Manufacturing Project (သာဂရ) နှင့်China Development Bank (CDB) ချေးငွေဖြင့် Mould & Die making Industry (မြိုင်)တို့တွင် မူလလျာထားခဲ့သည်ထက် စီမံကိန်းဝင်ပစ္စည်းများပိုမိုရောက်ရှိလာသဖြင့် ထပ်မံရရှိသည့် ဖြည့်စွက် ခွင့်ပြုငွေဖြင့် သုံးစွဲခဲ့ ခြင်းကြောင့် အကောင်အထည်ဖော်မှု ရာခိုင်နှုန်းမြင့်မားနေရခြင်းဖြစ်ပါသည်။

၁၄၆။ **လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အားကဏ္ဍ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် အောက်ပါအတိုင်း မူဝါဒများချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်-

(က) သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများအား ကာလတိုအဖြစ် ရည်မှန်းဆောင်ရွက် လုပ်ကိုင်ရန်နှင့် ရေအားလျှပ်စစ်ကို အဓိက စွမ်းအင်အရင်း အမြစ်အဖြစ် မှီခိုအားထားဆောင်ရွက်သွားမည်။

(ခ) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေး ထုတ်လုပ် ဖြန့်ဖြူးမည်။

(ဂ) အနာဂတ်တွင်လျှပ်စစ်ဓာတ်အား လုံလောက်မှုရှိစေရန်အတွက် လျှပ်စစ်ဓာတ်အား လေလွင့်မှုများ လျှော့ချရန်နှင့် ထိန်းသိမ်းရန် ဆောင်ရွက်သွားမည်။

(ဃ) စွမ်းအင်အရင်းအမြစ် အသစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲ အရင်းအမြစ်များမှ တဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တိုးမြှင့်သွားမည်။

(င) မြန်မာနိုင်ငံတော် ဓာတ်အားစနစ်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကာလ အတွင်း တိုးတက် ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီး များနှင့် ပြည်နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် မဟာဓာတ်အားလိုင်းများနှင့် လက်ခံ ပို့လွှတ်ပေးမည့် ပင်မဓာတ်အား ခွဲရုံများ တည်ဆောက်ပြီး သုံးစွဲမည့် စက်မှု လုပ်ငန်းကြီးများနှင့်လုပ်သား ပြည်သူများအား ဖြန့်ဖြူးနိုင်ရေး စီမံချက်ဖြင့် ဆက်လက် ဆောင်ရွက်မည်။

(စ) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူ လူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာ ကဲ့သို့သော ပြန်လည် ပြည့်ဖြိုး မြဲစွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်း ဆိုင်ရာ အကူအညီများ ပံ့ပိုးပေးမည်။

(ဆ) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများ တွင် အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံများနှင့် ဒီဇယ် ဓာတ်အားပေး စက်များ ဖြင့်လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးမည်။

(ဇ) မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူး သုံးစွဲနေသော ဓာတ်အားစနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အား အဆင့်အတွင်း ဓာတ်အား ပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် မိမိတို့၏ ကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာ အကူအညီ ရယူကာ ဆက်လက် ဆောင်ရွက်သွားမည်။

(ဈ) မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ လေစွမ်းအင် သုံးဓာတ်အားပေး စက်ရုံများ၊ နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် တည်ဆောက်၍ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို အားဖြည့်ကူညီ ပံ့ပိုးပေးမည် ဖြစ်ပါသည်။

၁၄၇။ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ **အကောင်အထည်ဖော်နိုင်မှု**များမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း ကွန်းချောင်း ရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ B.O.T စနစ်ဖြင့် တည်ဆောက်ဆဲဖြစ်သော သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃)၊ အထက်ဘီလူး ချောင်း၊ ဘီးလင်း၊ ငုတ်ချောင်း ရေအားလျှပ်စစ်စီမံကိန်း (၅)ခုနှင့် ရန်ကုန်ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံစီမံကိန်း (၁)ခု တို့အနက် သောက်ရေခပ်(၂) ရေအား လျှပ်စစ် စီမံကိန်းသည် (၇-၂-၂၀၁၃)ရက်နေ့တွင် စီးပွားဖြစ်စတင် လည်ပတ်ခဲ့ပါသည်။ JV/B.O.T စနစ်ဖြင့် ဆောင်ရွက် လျက်ရှိသော လျှပ်စစ်စီမံကိန်း (၄၈)ခု ရှိပြီး စီမံကိန်းပြီးစီးမှု အခြေအနေမှာ အကြိုလုပ်ငန်း များဆောင်ရွက်ဆဲဖြစ်ပါသည်။


၁၄၈။ ထို့အပြင် ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်း (၁)လိုင်း(သပြေဝ(မိတ္ထီလာ)- တောင်ငူ) (၁၄၆) မိုင် တည်ဆောက်ရေး လုပ်ငန်းစဉ်မှာ survey တိုင်းတာခြင်းနှင့် ပစ္စည်းများမှာယူ တင်သွင်း ခြင်းအတွက် စာချုပ် ချုပ်ဆိုပြီးဖြစ်ပါသည်။ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း (၉)လိုင်း တည်ဆောက်ရေး လုပ်ငန်းစဉ်အရ အထက်ရဲရွာ-ရွှေစာရံ၊ ဘီလူးချောင်း (၂)- ရွှေမြို့၊ ဥသျှစ်ပင်- တောင်ကုတ်၊ သာကေတ- အရှေ့ဒဂုံ၊ အသုတ်-ပုသိမ် လုပ်ငန်းများ ပြီးစီး၍ ကျန်လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ၁၃၂ကေဗွီ ဘီလူးချောင်း (၂)မှ (၃)သို့ မဟာဓာတ်အားလိုင်း (၁)လိုင်း တည်ဆောက်ရေး လုပ်ငန်းစဉ်မှာ ဆောင်ရွက်ဆဲဖြစ်ပြီး ၆၆ကေဗွီ မဟာဓာတ်အားလိုင်း(၆)လိုင်း တည်ဆောက်ရေး လုပ်ငန်းစဉ်အရ အမ်း-မန်း၊ ခိုလန်- ကွန်ဟိန်း၊ တညောင်-ဆော (ကပစ) လုပ်ငန်းများ ပြီးစီး၍ ကျန်လုပ်ငန်းများ ဆောင်ရွက်ဆဲ

ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းစဉ်များအပြင် ၆၆ ကေဗွီ ဓာတ်အားလိုင်း (၁၄)လိုင်း၊ ၂၃၀ ကေဗွီဓာတ်အားလိုင်း (၁)လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၄၉။ ဓာတ်အားခွဲရုံ စီမံကိန်းများအနေဖြင့် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ (၁၅)ရုံ တည်ဆောက်ရေး လုပ်ငန်းစဉ်အရ လိုင်သာယာ၊ လှော်ကား၊ ကမာနတ်၊ ချောင်းကူးခွဲရုံများ ပြီးစီး၍ ကျန်လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါသည်။ Switch Bay(၉)ခု တိုးချဲ့ တည်ဆောက်ရေး လုပ်ငန်းစဉ်မှာ လိုင်သာယာ၊ ရွှေမြို့၊ ရွှေစာရံ၊ ဥသျှစ်ပင်ခွဲရုံတို့တွင် ပြီးစီး၍ ကျန်လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ (၁၁)ရုံတည်ဆောက်ရေး လုပ်ငန်းစဉ်မှာ ပေါက်ခွဲရုံ ပြီးစီး၍ ကျန်လုပ်ငန်းများ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းစဉ်များ အပြင် ဓာတ်အားခွဲရုံ (၃၇)ခုကို အသစ် တည်ဆောက်ခြင်း၊ (1)bay တိုးချဲ့ခြင်း၊ ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။

၁၅၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၆၂၂၂၈၀.၅ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှမတ်လ) အသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၆၁၁၀၆၀.၉သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက် အပေါ် ၉၈.၂ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများ အရ ၈.၂ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ် ခဲ့ပါသည်။

## လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး(ကျပ်သန်း)
## (နှစ်အလိုက်ဈေးနှုန်းများအရ)




**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏**
**မတ်လကုန်အထိ အကောင်အထည်ဖော်မှုအခြေအနေ**

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု ( Plan ) | သုံးစွဲမှု ( မတ်လကုန် ) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၄ | | | **လျှပ်စစ်စွမ်းအား** | ၃၆၀,၀၇၂.၃၄၃ | ၂၉၈,၇၂၈.၈၉၁ | ၈၃.၀ |
| | ၁ | | **ရေအားလျှပ်စစ်အကောင်အထည်ဖေါ်ရေး ဦးစီးဌာန** | ၁၈၃,၁၂၇.၁၇၈ | ၁၆၉,၈၅၃.၅၃၆ | ၉၂.၈ |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း ( ၁၅ )ခု | ၁၈၃,၁၂၇.၁၇၈ | ၁၆၉,၈၅၃.၅၃၆ | ၉၂.၈ |
| | ၂ | | **မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း** | **၁၇၆,၉၄၅.၁၆၅** | **၁၂၈,၈၇၅.၃၅၅** | **၇၂.၈** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း ( ၈၂ )ခု | ၁၇၆,၉၄၅.၁၆၅ | ၁၂၈,၈၇၅.၃၅၅ | ၇၂.၈ |

၁၅၁။ **ဆောက်လုပ်မှုကဏ္ဍ**။ ဆောက်လုပ်မှုကဏ္ဍ၏အဓိကကျသည့် မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရန်၊

(ခ) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်း အကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်း သံကူကွန်ကရစ် တံတားများအဖြစ် တည်ဆောက်ရန်၊

(ဂ) ပြည်သူလူထုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း အစီအစဉ်အရ နိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ဖောက်လုပ် ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း စနစ်ဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်းပညာပိုင်း ပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း၊ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ပေးသွားရန်၊

(ဃ) မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူများ၏ အခြေခံ လိုအပ်ချက် တစ်ရပ် ဖြစ်သော နေရေးအတွက် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများ၊ မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရေးတို့ ဖြစ်ပါသည်။

၁၅၂။ မူဝါဒများနှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) မြေလမ်းမှ အမာခံလမ်းအဆင့် (၃၇၉)မိုင် (၆)ဖာလုံ၊ မြေလမ်း/အမာခံလမ်းအဆင့်မှ (၁၂) ပေအကျယ် ကတ္တရာလမ်းအဆင့် (၁၅၁၀)မိုင် (၆)ဖာလုံ အဆင့်ဆင့် တိုးမြှင့် ဖောက်လုပ်ရန်၊

(ခ) နိုင်ငံတကာ ဆက်သွယ်မှု လမ်းပေါ်ရှိ တံတား (၁၇၀)စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးများ ပေါ်ရှိ တံတား (၉၈၈)စင်း၊ ဆောင်ရွက်ဆဲ လမ်းသစ်များပေါ်ရှိ တံတား (၂၇)စင်း၊ စုစုပေါင်း (၁၁၈၅)စင်းအား (၂၄)ပေ အကျယ်သံကူကွန်ကရစ် တံတားများအဖြစ် အဆင့် တိုးမြှင့် တည်ဆောက်ရန်၊

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ လိုအပ်လျှက်ရှိသည့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများကို အောက်ပါအတိုင်း ရေးဆွဲဆောင်ရွက်ပါမည်-

(၁) စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်ပြလာသည့် ကသာ၊ ကလေး၊ တမူးမြို့များ၏ မြို့ပြစီမံကိန်း ရေးဆွဲရေး လုပ်ငန်းများကို ဆောင်ရွက်သွားပါမည်။

(၂) ကချင်ပြည်နယ် အစိုးရအဖွဲ့မှ တင်ပြလာသည့် မြို့ပြ စီမံကိန်းရေး ဆွဲလိုသည့် ပြည်နယ် မြို့တော်နှင့် ခရိုင်မြို့များ၏ မြို့ပြစီမံကိန်း ရေးဆွဲရေး လုပ်ငန်းများကို ဆောင်ရွက်သွားပါမည်။

(၃) အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များက မြို့ပြစီမံကိန်း ရေးဆွဲရေးအတွက် တင်ပြလာပါက လိုအပ်သလို ကူညီဆောင်ရွက်သွားပါမည်။

(၄) ရန်ကုန်မြို့ရှိ ကျူးကျော် အိမ်ခြေ တစ်သိန်းခန့် ရှိသည့်အနက် ၂၀၁၂-၂၀၁၃ နှစ်ကုန်တွင် အိမ်ထောင်စု (၁၀၀၀၀)ကို သင့်တော်သည့် အိမ်ရာများတွင် ပြန်လည် နေရာချထားပေးရေး လုပ်ငန်းများကို စီမံ ဆောင်ရွက်သွားပါမည်။

၁၅၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှုများမှာ-

(က) (၂၀၁၀-၂၀၁၁) ဘဏ္ဍာနှစ်မှ (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ် အထိတွင် မြေလမ်းအဆင့်မှ အမာခံလမ်းအဆင့် (၁၉၈)မိုင် (၂)ဖာလုံ၊ မြေလမ်း၊ အမာခံလမ်း၊ ကျောက်လမ်းအဆင့်မှ ကတ္တရာလမ်း အဆင့်(၈၅၁) မိုင် (၅)ဖာလုံ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် လမ်းမိုင်ပေါင်း (၂၂၃၀၆-၅) မိုင်မှ ၂၀၁၂ခုနှစ်တွင် (၂၄၂၈၄-၇)မိုင်၊ ၂၀၁၃ခုနှစ်တွင်(၂၄၆၆၉-၇)မိုင် တိုးတက်ဆောင်ရွက်ခဲ့သဖြင့် ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် ပေ ၅၀ အောက် တံတား (၃၆၁၀)စင်း၊ ပေ(၅၀)နှင့် အထက် ပေ(၁၀၀) အောက် တံတား (၁၆၀) စင်း၊ ပေ(၁၀၀)နှင့် အထက် ပေ (၁၈၀) အောက် တံတား(၆၂)စင်း၊ ပေ (၁၈၀) အထက် တံတား(၄၁)စင်း၊ စုစုပေါင်း တံတား (၃၈၇၃) စင်း တိုးတက် တည်ဆောက်ပြီး ဖြစ်ပါသည်။


(ဂ) ပုသိမ်မြို့၊ ရွှေဘိုမြို့၊ ပဲခူးမြို့၊ ပြည်မြို့များ၏ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ ရှမ်းပြည်နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်နှင့် ဟိုပုံးမြို့ မြို့ပြစီမံကိန်းရေးဆွဲ

ခြင်း၊ မင်းဘူးခရိုင် စလင်းမြို့နှင့် အနီးဝန်းကျင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဖွံ့ဖြိုးရေးစီမံကိန်းအပိုင်း(၁) ဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့ ပတ်ဝန်းကျင် ကျေးရွာများ ပြန်လည် နေရာချထားရေး စီမံကိန်းရေးဆွဲခြင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်၊ သထုံ၊ မုဒုံ မြို့ပြစီမံကိန်း ရေးဆွဲခြင်း၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်၊ ဝက်လက်မြို့နယ်၊ ဟံလင်းမြို့ဟောင်းနှင့် ခရိုင်ချင်းဆက် လမ်းတလျှောက် ဖွံ့ဖြိုးမှု ဆိုင်ရာ စီမံကိန်းတွင် ပေါင်းစပ်ပါဝင် ရေးဆွဲခြင်းများဆောင်ရွက်ခဲ့ပါသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျူးကျော် အိမ်ရာများ ပြန်လည်နေရာ ချထားခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိပါ။ အိမ်ရာစီမံကိန်း စုစုပေါင်း (၃၅)ခုနှင့် လျှပ်စစ် ဓါတ်အားရရှိရေး စီမံကိန်း(၂၅) ခုတို့ကို (၁၀၀%) အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၅၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ **အသားတင် ဆောက်လုပ်မှုတန်ဖိုး**ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၁၂၉,၃၁၆.၉ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှမတ်လ) အသားတင် ဆောက်လုပ်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၅၁၅,၈၀၈.၁ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၁၁၈.၂ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ၉.၃ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်းများအရ)**



**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏**
**မတ်လကုန်အထိ အကောင်အထည်ဖော်မှုအခြေအနေ**

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု ( Plan ) | သုံးစွဲမှု ( မတ်လကုန် ) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၅ | | | **ဆောက်လုပ်ရေး** | ၂၁၇,၂၉၇.၃၂၄ | ၂၇၄,၁၂၇.၇၆၀ | ၁၂၆.၂ |
| | ၁ | | **လမ်းတံတားဦးစီး** | ၂၁၇,၂၉၇.၃၂၄ | ၂၇၄,၁၂၇.၇၆၀ | ၁၂၆.၂ |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း ( ၇၈ )ခု | ၂၀၀,၁၄၆.၃၂၈ | ၂၆၅,၂၂၂.၇၆၀ | ၁၃၂.၅ |
| | | ၂ | လုပ်ငန်းစီမံကိန်းသစ် ( ၃၂ )ခု | ၁၇,၁၅၀.၉၉၆ | ၈,၉၀၅.၀၀၀ | ၅၁.၉ |

၁၅၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ ၂၁၇,၂၉၇.၃၂၄ သန်း ခွဲဝေရရှိပါသည်။ ဖြည့်စွက်ငွေလုံးငွေရင်းရန်ပုံငွေတွင် လမ်းတိုးတက်ပြုပြင်ရန် ၁၃၂ လမ်း၊ တံတားတည်ဆောက်ရန် ၁၅၉ စင်း ဆောင်ရွက်ရန် ထပ်မံ၍ ကျပ် ၁၇၅၉၈၁.၂၀၆ သန်း ခွဲဝေရရှိသည့်အတွက် မူလလျာထားချက်ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

၁၅၆။ **ပို့ဆောင်ရေးကဏ္ဍ။** မြန်မာနိုင်ငံ ပြည်တွင်းပြည်ပ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေးနှင့် စီးပွားရေးစနစ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေကြောင်း အဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ်တို့၏ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန် ဟူသည့် မူဝါဒချမှတ်ခဲ့ပါသည်။

၁၅၇။ ပြည်တွင်းရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်လေဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းကဏ္ဍ ကြီးကြပ်ထိန်းသိမ်းမှုများအား အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းများနှင့် အညီဖြစ်စေရေး၊ လေကြောင်း အတတ်ပညာ သင်တန်းကျောင်းများကို အပြည်ပြည်ဆိုင်ရာ အဆင့်အတန်းနှင့်အညီ ဖြစ်စေရေးနှင့် လေဆိပ်နှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်သွားပါမည်ဟူသော လုပ်ငန်းစဉ်အရ အပြည်ပြည်ဆိုင်ရာ လေကြောင်း အဖွဲ့ချုပ် ICAO၏ လမ်းညွှန်ချက်နှင့် အညီစွမ်းဆောင်မှု၊ အခြေခံလေကြောင်း လမ်းညွှန်စနစ် Performance Based Navigation (PBN)အား အကောင်အထည် ဖော်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလမ်း(International Airway) (၁၀)ခုအား သတ်မှတ်အကွာအဝေးစံနှုန်း လျှော့ချ ပျံသန်းစေခြင်း၊ ရန်ကုန်/မန္တလေး/နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များအား စနစ်တကျ ဝင်/ထွက် ပျံသန်းနိုင်မည့်လမ်းကြောင်း SID- Standard

Instrument Departure , STAR-Standard Instrument Arrival route များသတ်မှတ်နိုင်ရန်ဆောင်ရွက်ခြင်း၊ ဂြိုလ်တု အခြေခံ လေကြောင်းထိန်းသိမ်းရေး ရေဒါ ADS-B ကို၂၀၁၂ ခုနှစ်တွင် (၂)ခုဝယ်ယူပြီးဖြစ်၍ စစ်တွေလေဆိပ်နှင့် ကိုကိုးကျွန်းတို့တွင် တပ်ဆင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ လေကြောင်းသတင်း ပြန်ကြားရေးဌာနခွဲ၊ AIS- Aeronautical Information Services အား ICAO လမ်းညွှန်ချက်နှင့်အညီ ISO Certification ရရှိရန် ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်(၃)ခုဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့အား အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ် တည်ဆောက်ခြင်းလုပ်ငန်းများအား ပုဂ္ဂလိက အခန်းပါဝင်မှုဖြင့် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ပါဝင် ဆောင်ရွက်နိုင်စေရေး အတွက် အကြိုအရည် အချင်းဆန်းစစ်ခြင်း (Prequalification)လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါ၍တင်ဒါ စိစစ်ရွေးချယ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၁၅၈။ ရေကြောင်းကဏ္ဍဆိုင်ရာ ပြဋ္ဌာန်းထားသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဖြစ်စေရေး စိစစ် ကြီးကြပ်ခြင်း၊ ရေကြောင်း သွားလာမှု အတတ်ပညာများ ပိုမိုတိုးတက် မြင့်မားရေး၊ ပင်လယ်ရေကြောင်း သင်္ဘောသားများ၏ အရည်အသွေး မြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားပါမည် ဟူသောလုပ်ငန်းစဉ်အရ ရေယာဉ်များ ဆိပ်ကမ်းမှ မထွက်ခွာမီ အန္တရာယ်လုံခြုံမှုဆိုင်ရာလက်မှတ်များ စစ်ဆေးပြီး ရေယာဉ် ထွက်ခွာခွင့်လက်မှတ်များကို ထုတ်ပေးရာတွင် နိုင်ငံခြားကုမ္ပဏီပိုင် သင်္ဘောများ (၁၈၄၉)စီး၊ ကြယ်ငါးပွင့်ပိုင် နိုင်ငံခြားသွား သင်္ဘောများ(၁၂၂)စီး၊ ကြယ်ငါးပွင့် ပိုင် ကမ်းရိုးတန်းသွား သင်္ဘောများ (၅၇)စီး၊ ဌာနဆိုင်ရာ သင်္ဘောများ(၄၂)စီး၊ ကမ်းရိုးတန်း သွားကုန်တင် (သံခွံ)သင်္ဘောများ (၈၅၀)စီး၊ ပုဂ္ဂလိက စက်လှေများ(၄၁၀၃)စီး၊ စုစုပေါင်း (၇၀၂၃)စီးတို့ကို ထုတ်ပေးခဲ့ခြင်း၊ သင်္ဘောသားနှင့် သင်္ဘောအရာရှိ (၁၇၄၅၄)ဦးအတွက် IMO မွမ်းမံ သင်တန်းဆင်း လက်မှတ်များ ထုတ်ပေးခဲ့ခြင်း၊ COC CERTIFICATEများကို ရေယာဉ်မှူး(နိုင်ငံခြားသွား) (၁၇၂)ဦး၊ ရေယာဉ်မှူးအိမ်နီးချင်း (၆)ဦး၊ ပထမအရာရှိ နိုင်ငံခြားသွား (၂၃၀)ဦး၊ ဒုတိယအရာရှိ (နိုင်ငံခြားသွား)(၉၈၁)ဦး၊ ပထမအရာရှိ (အိမ်နီးချင်းသွား)(၃၈)ဦး တို့အား ထုတ်ပေးခဲ့ခြင်း၊ နိုင်ငံခြားသွားသင်္ဘောများတွင် လုပ်ကိုင်နိုင်ရန် သင်္ဘောအရာရှိနှင့် သင်္ဘောသား (၁၀၅၈၈)ဦးအတွက် စီဒီစီ ထုတ်ပေးခဲ့ခြင်း တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၅၉။ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများ အပါအဝင် မြစ်ချောင်းများ၏ ရေလမ်းကြောင်း ကောင်းမွန် ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများ၊ ကမ်းပြို ကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူး

တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်း ခြင်းလုပ်ငန်း၊ မြစ်ရေတင်စက်များ ရေရရှိရေး လုပ်ငန်း၊ ရေလွှဲမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးအတွက် မြစ်ပြုပြင်ခြင်း လုပ်ငန်းများအား နည်းပညာနှင့် ခေတ်မီရေယာဉ်နှင့် အထောက်အကူပစ္စည်းများ ပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက နိုင်ငံတကာ အကူအညီ ရယူဆောင်ရွက်သွားပါမည် ဟူသော လုပ်ငန်းစဉ်အရ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကျပ် (၂၃၃၅.၄၀၇)သန်း၊ စီမံကိန်း ဝင်မြစ်ကူးတံတားများအတွက် ကျပ်(၄.၄၀၁) သန်း၊ မြစ်ရေတင်စက်များ ရေရရှိ ရေးလုပ်ငန်းများကို ကျပ် (၁၁၉.၆၉၈) သန်းဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

၁၆၀။ မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒ လုပ်ငန်းများအတွက် အခြေခံ တိုင်းထွာရေးစခန်းများ၊ မုန်တိုင်းပြရေဒါစခန်း၊ ဂြိုလ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ် ခြင်းများကိုနှစ်အလိုက် ဆောင်ရွက်သွားပါမည် ဟူသောလုပ်ငန်းစဉ်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာ နှစ်တွင် မုန်တိုင်းပြရေဒါစခန်းကို ဂျပန်နိုင်ငံ၏(Grant Aid) အကူအညီဖြင့် ကွင်းဆင်း လေ့လာခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင် ရွက်ခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အထူးတိုင်းထွာရေးအနေဖြင့် ညောင်ဦး၊ မင်းကင်းနှင့် မြင်းမူမြို့ များတွင် အထူးရေတိုင်းလုပ်ငန်းများကို အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ပါသည်။

၁၆၁။ ကမ္ဘာ့အဆင့်မီရေကြောင်းဆိုင်ရာ ကောလိပ်နှင့် တက္ကသိုလ်များ ပေါ်ထွန်းလာရေး အတွက် နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု ပစ္စည်းများကို ထိရောက်စွာ အသုံးပြု သင်ကြားနိုင်ရေး၊ အရည်အချင်း ပြည့်ဝသော ရေကြောင်းအရာရှိ လောင်းများ မွေးထုတ်ပေးနိုင်ရေးတို့အား ဆောင်ရွက်သွားပါမည် ဟူသော လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူဦးရေ (၂၀၁၂)ဦး၊ ဘွဲ့လွန်ဒီပလိုမာ ကျောင်းသား၊ ကျောင်းသူဦးရေ (၁၉၉)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိခြင်း၊နိုင်ငံတကာအဆင့်မီ သင်ကြား၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ ထိရောက်စွာ အသုံးပြုသင်ကြားနိုင်ရေးအတွက် ရေကြောင်းဘက် ဆိုင်ရာနှင့် အင်ဂျင်နီယာဘက်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ တပ်ဆင်အသုံးပြု၍ လေ့ကျင့် သင်ကြား ပေးလျက်ရှိပြီး ထပ်မံ၍ အဆင့်မြှင့်သင်ထောက်ကူပစ္စည်းများ တပ်ဆင်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ အရည်အချင်းပြည့်ဝသည့် ရေကြောင်း အရာရှိလောင်းများမွေးထုတ်ပေး နိုင်ရေးအတွက်ဆရာ/ဆရာမများအား ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များတွင် ရေကြောင်းနှင့် အင်ဂျင်နီယာ ဘာသာရပ် ဆိုင်ရာ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဘာသာရပ်ဆိုင်ရာဘွဲ့များနှင့် အလုပ်ရုံ ဆွေးနွေး ပွဲများ၊ သင်တန်းများသို့ တက်ရောက် သင်ကြားစေပြီး ပြန်လည်ပို့ချ စေနိုင်ရေး

ဆောင်ရွက်လျှက်ရှိသည့်အပြင် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ ရေကြောင်းဘက်ဆိုင်ရာ တက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုး၍ သင်ကြားရေးကိစ္စရပ်များတွင် တိုးမြှင့်ဆောင်ရွက်ပေးလျှက်ရှိခြင်း၊ ဆွီဒင်နိုင်ငံကမ္ဘာ့ရေကြောင်းတက္ကသိုလ်နှင့်ပူးပေါင်း၍ အဝေးရောက်သင်ယူ လေ့လာမှုနှင့် Electronic ဆိုင်ရာ တိုက်ရိုက်သင်ယူမှုစနစ်ဖြင့် ကမ္ဘာ့နိုင်ငံများမှ ရေကြောင်းတက္ကသိုလ်များနှင့် ကျောင်းသားများ၊ ဆရာ/ဆရာမများ အနေဖြင့် တိုက်ရိုက်ဆက်သွယ် သင်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာနိုင်ငံ ကုန်သွယ် ရေကြောင်းကောလိပ်အနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အရာရှိလောင်း ဒီပလိုမာ သင်တန်းသား (၁၄၆)ဦး၊ပင်လယ်ရေကြောင်းကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ သင်တန်းသား (၁၀၃၉)ဦး၊ ရေဒီယိုဆက်သွယ်ရေးတာဝန်ထမ်းဆောင်သူ သင်တန်းသား(၃၁၇)ဦး၊ ရေယာဉ် အမျိုးအစားအလိုက် တာဝန်ထမ်းဆောင်မည့်သူများအတွက် သင်တန်းသားဦးရေ (၅၉၅၄)ဦး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အသက်အန္တရာယ်လုံခြုံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းသား (၆၇၄၁)ဦး၊ အခြားသင်တန်းသား(၁၈၅၄)ဦး၊ စုစုပေါင်း သင်တန်းသား (၁၆၀၅၁)ဦးတို့အား မွေးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၁၆၂။ ဈေးကွက် လိုအပ်ချက်နှင့်အညီ လေကြောင်း ခရီးဖြင့် ခရီးသည်နှင့် ကုန်စည်များပို့ဆောင်နိုင်ရေးအတွက်ပြည်တွင်း၊ ပြည်ပခရီးလမ်းကြောင်း ကွန်ယက်တည်ဆောက်ခြင်း၊ လက်ရှိ လေကြောင်းလိုင်းအား ဖက်စပ် လေကြောင်းလိုင်းအဖြစ်ထူထောင်ဆောင်ရွက်ခြင်း၊ ဆက်စပ်လေကြောင်း လုပ်ငန်းများတိုးချဲ့ အကောင်အထည်ဖော်ခြင်းနှင့် ခရီးသည်နှင့် ကုန်စည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမည်ဟူသော လုပ်ငန်းစဉ်အရ မြန်မာ့လေကြောင်းအနေဖြင့် ပြည်တွင်းလေဆိပ်ပေါင်း (၂၆)မြို့သို့ ပျံသန်းပြေးဆွဲလျှက်ရှိခြင်း၊ နယ်စပ်ဒေသ Remote Area များသို့ ပျံသန်း ပြေးဆွဲနိုင်ရေးအတွက် Cessna Grand Caravan အမျိုး အစားလေယာဉ်(၂)စီး ဝယ်ယူ၍ ဖြည့်ဆည်းပေးခြင်း၊ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်း၊(၁၀၀%) နိုင်ငံတော်ပိုင်လေကြောင်းလိုင်းမှတဆင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် Corporation ပုံစံဖြင့်ပြောင်းလဲ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ ၎င်းမှ တဆင့် ဖက်စပ်လေကြောင်းလိုင်းပုံစံ ပြောင်းလဲရန်အတွက် ဖြစ်နိုင်ချေကို စိစစ်လေ့လာ လျှက်ရှိခြင်း၊ Corporation ပုံစံပြောင်းလဲ နိုင် ရန်အတွက် မြန်မာ့လေကြောင်း ဥပဒေ မူကြမ်းအား ရှေ့နေချုပ်ရုံးသို့ (၂၁-၁-၂၀၁၃)ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာနမှတဆင့် တင်ပြဆောင်ရွက်ထားခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရအဖွဲ့၏ (၅-၁၀-၂၀၁၂)ရက်စွဲဖြင့် ထုတ်ပြန်ထားသည့်

အမိန့်ကြော်ငြာစာ အမှတ်(၆၈/၂၀၁၂)အရ နောက်ဆက်တွဲ(က)တွင် ပါဝင်သည့် ဆက်စပ် လေကြောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အပြင် ညောင်ဦးနှင့် ဟဲဟိုးလေဆိပ်တို့တွင် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်လျှက်ရှိခြင်း၊ အခြား ဆက်စပ် လုပ်ငန်းများကိုလည်း မြန်မာ့လေကြောင်း၏ ကိုယ်ပိုင်ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံနိုင်မှု အပေါ် မူတည်၍ ဆက်လက် ဆောင်ရွက်ခြင်း၊ ICAO၏ သတ်မှတ်ချက်များနှင့်အညီ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လိုအပ်ချက်များအရ ခရီးသည်နှင့် ကုန်စည် များလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့ပါသည်။

၁၆၃။ ပြည်တွင်းရေကြောင်း ရေယာဉ်များ ပြေးဆွဲလျှက်ရှိသော မြစ်ကြီးများ တစ်လျှောက် ရှိ မြို့ကြီးများအကြား လူနှင့်ကုန်စည်များ ပို့ဆောင်ရေးအတွက် ကွန်ယက်စနစ် တည်ဆောက်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေယာဉ်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားပါမည်ဟူသော လုပ်ငန်းစဉ်အရ ပြည်တွင်း ရေကြောင်းရေယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်ကြီးများ တစ်လျှောက်ရှိ မြို့ကြီးများအကြား ခရီးသည် (၁၅၀.၂၀) သိန်းနှင့်ကုန်တန်ချိန် (၂၁.၁၇)သိန်း၊ ခရီးသည်မိုင်(၂၁၀၀.၉၉)သိန်း၊ ကုန်တန်မိုင် (၃၃၂၀.၀၄)သိန်း သယ်ယူပို့ဆောင်ခဲ့ခြင်း၊ ကွန်ယက် အနေဖြင့် ပုသိမ်မြို့မှ ငပုတောနှင့် ဟိုင်းကြီး၊ ပြည်မြို့မှ ရခိုင်ပြည်နယ်တောင်ကုတ်နှင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သို့လည်းကောင်း၊ မန္တလေးမြို့မှ အရှေ့ဘက်သို့ ရှမ်းပြည်နယ်၊ အနောက်ဘက်သို့ စစ်ကိုင်းတိုင်း၊ ဗန်းမော်မြို့မှ အရှေ့ဘက်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အနောက်ဘက်သို့ စစ်ကိုင်းတိုင်း၊ ပခုက္ကူမြို့မှ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်၊ မုံရွာမြို့မှ အနောက်ဘက်သို့ ချင်းပြည်နယ်နှင့် အိန္ဒိယ နိုင်ငံ၊ မော်လမြိုင်မြို့မှ အရှေ့ဘက်သို့ မွန်ပြည်နယ်၊ မြောက်ဘက်သို့ ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ စစ်တွေမှ ရခိုင် ပြည်နယ်တောင်ပိုင်း ကျောက်ဖြူ၊ မာန်အောင်၊ အရှေ့ဘက်သို့ မကွေးတိုင်း၊ ပဲခူးတိုင်း၊ မြောက်ဘက်သို့ ပလက်ဝမှတဆင့် အိန္ဒိယနိုင်ငံ၊ ဘူးသီးတောင်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကွန်ယက်များ ချိတ်ဆက်၍ သွားလာနိုင်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတွင် မြစ်ဝကျွန်းပေါ်ဌာနခွဲ အနေဖြင့် FMI ကုမ္ပဏီမှ တံလျှပ်ရေယာဉ်ငှားရမ်း၍ လှိုင်သာယာ-စဉ့်အိုးတန်း ခရီးလမ်း၊ ဧရာဝတီဌာနခွဲတွင် အင်မိုင်ခ ရေ ကြောင်းပို့ဆောင်ရေးမှ ရွှေကိန္နရီ(၁) (၂) (၃) ရေယာဉ်များငှားရမ်း ၍ မန္တလေး-ပုဂံ၊ မန္တလေး-ဗန်းမော် ခရီးလမ်းနှင့် ပန်းတော်ရေယာဉ် အား Interconnection Travels & Tours Co, Ltd မှ ငှားရမ်း ၍ မန္တလေး-ညောင်ဦး-ပုဂံ-ကျောက်မြောင်း ခရီးလမ်း၊ ချင်းတွင်း ဌာနခွဲတွင် အင်မိုင်ခရေကြောင်းပို့ဆောင်ရေးမှ သလ္လာဝတီ(၁)နှင့် သလ္လာဝတီ (၄)ရေယာဉ်များ ငှားရမ်း၍ မန္တလေး-ကသာ-ဗန်းမော် ခရီးလမ်း၊ ရခိုင်ဌာနခွဲတွင် ဦးကျော်ဝင်း ကုန်ပို့လုပ်ငန်းမှ အလောင်းဘုရားရေယာဉ် ငှားရမ်း၍

တောင်ကုတ်-မာန်အောင်ခရီးလမ်း၊ ကုန်ပို့ဆောင်ရေးဌာနခွဲတွင် Thein Oo Services Co, Ltd ၊United KMK Co,Ltd၊ Myint Oo Constrution and Trading Co, Ltd အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ ရေယာဉ်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ခြင်းလုပ်ငန်းတို့အတွက် နယ်ဌာနခွဲများ အပါ အဝင် ရေယာဉ်မှူး/ ရေယာဉ်အုပ်နှင့် တက်မကိုင်များ မွမ်းမံသင်တန်း (၃)ကြိမ်ဖွင့်လှစ်၍ သင်တန်းသား ဦးရေ(၁၀၉)ဦးတက်ရောက် စေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၁၆၄။ ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေနက် ဆိပ်ကမ်း များ တိုးချဲ့ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ဆိပ်ကမ်း ဆက်သွယ်မှု ကွန်ယက် တိုးချဲ့ တည်ဆောက်ခြင်း၊ ပြည်ပ သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်း သို့ လွယ်ကူချောမွေ့စွာ ဝင်/ထွက် သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း တိုးချဲ့ ထိန်းသိမ်းခြင်း၊ ဆိပ်ကမ်း နယ်မြေ သာယာ လှပရေးနှင့် ကမ္ဘာ့အဆင့်အတန်းမီဆိပ်ကမ်းများအဖြစ်သို့ ရောက်ရှိရေးတို့ကို ဆောင်ရွက်သွား ပါမည် ဟူသောလုပ်ငန်းစဉ်အရ ဗိုလ်တထောင်ဆိပ်ကမ်းရှိ ကမ်းပါးထိန်း ရေကာတံတိုင်းအား မြစ်ဘက်သို့ ပေ ၁၀၀ခန့် တိုးချဲ့တည်ဆောက်၍ မြေဖို့ခြင်း၊ ၎င်းမြေပေါ်တွင် အပန်းဖြေအနား ယူနိုင်ရန် အဆောက်အဦးတည်ဆောက်ခြင်း လုပ်ငန်းကို Pearl Land Co,Ltd မှ ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်၍ အစိုးရအဖွဲ့ရုံးသို့ ဆက်လက် တင်ပြခြင်း၊ဆူးလေဆိပ်ခံတံတားအမှတ် (၁)(၂)(၃)(၄)တို့အား ကုန်သေတ္တာနှင့် အထွေထွေ ကုန်စည်တင် ဆိပ်ကမ်းအဖြစ် အဆင့်မြှင့်ပြုပြင်တည် ဆောက်ခြင်းလုပ်ငန်းနှင့် နန်းသီတာ ပန်းဆိုးတန်းဆိပ်ခံတံတားတို့အား အဆင့်မြှင့်ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူစိစစ်ပြီး ဖြစ်ပါ၍ ခွင့်ပြုမိန့်ရရှိရေးအတွက် တင်ပြ ဆောင်ရွက်ခြင်း၊ သီလဝါဆိပ်ကမ်းတွင် ရေနံတင်ဆိပ်ခံတံတားများ တည်ဆောက် လျက်ရှိရာ Green Luck Co,Ltd နှင့် Apex Gas & Oil Public Co,Ltd တို့မှ ၁၀၀% နှင့် မြတ်မေတ္တာမွန် ဝန်ဆောင်မှုကုမ္ပဏီလီမီ တက်မှ ၅၀% ဆောင်ရွက် ပြီးစီးခြင်း၊ ထားဝယ် ရေနက် ဆိပ်ကမ်းတွင် ၁၀၀ m x 25m ဆိပ် ခံတံတားငယ်မှ ၈၈% ပြီးစီးခြင်း၊ ရန်ကုန်ဆိပ်ကမ်းသို့ အဝင်ရေလမ်းကြောင်း တိုးချဲ့ထိန်းသိမ်းခြင်း လုပ်ငန်းတွင်အတွင်း စည်းခုံသောင်တူးခြင်း ကုဗမီတာ(၁.၅၁)သန်းနှင့် ကျားပါးစပ်သောင်တူးခြင်း ကုဗမီတာ (၀.၃၄)သန်း တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၁၆၅။ ဈေးကွက် လိုအပ်ချက်နှင့်လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များတည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် သင်္ဘောတည်ဆောက်သည့်လုပ်ငန်းများအားပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း များဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားပါမည် ဟူသော လုပ်ငန်းစဉ်အရ ရေယာဉ်(၁၉)စီး အသစ်တည်ဆောက်ခြင်း၊ ရေယာဉ်(၄၁)စီး ပြုပြင်ခြင်း၊

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ် နိုင်ငံ Dong A Ship Building Industry JSC ကုမ္ပဏီနှင့် ဆွေးနွေးပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြနိုင်ရေးတို့ကို အကောင်အထည်ဖေါ်ဆောင်ရွက် ခဲ့ပါသည်။

၁၆၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၆၄၂၂၆၅၅.၇ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှ မတ်လ)အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာနှစ်အလိုက်ဈေးနှုန်းအရကျပ် ၆၀၈၁၁၉၅.၀သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၉၄.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၇.၆ရာခိုင်နှုန်းပြောင်းလဲ တိုးတက်ဖြစ်ပေါ် ခဲ့ပါသည်။

၁၆၇။ ထို့အပြင် ပို့ဆောင်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ဝန်ဆောင်မှု ကဏ္ဍနှင့် စက်မှုကဏ္ဍတို့၌ တိုးတက်ရန်ဟူသည့် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

၁၆၈။ အကောင်အထည်ဖော်နိုင်မှု အနေဖြင့် ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့် တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ် ဇလီဖားများ၊ ကွန်ကရစ် တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်း များတွင် အဆောက်အဦနှင့်အခြား လိုအပ်ချက်များ ဖြည့်တင်း ဆောင်ရွက်မည်ဟူသော လုပ်ငန်းစဉ်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ တစ်ဝှမ်း၌ ကျပ် ၉၅၈၅.၃၉၂ သန်း အကုန်အကျခံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၆၉။ ထို့အပြင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ နှင့် ထပ်မံတည်ဆောက်မည့် ကွန်ကရစ် ဇလီဖား စက်ရုံ (၁၁)ရုံမှ ကွန်ကရစ် ဇလီဖါးများ ထုတ်လုပ်ပြီး တစ်နိုင်ငံလုံးရှိ ရထားလမ်း ဟောင်းများနှင့် အသစ်ဖောက်လုပ်မည့် ရထားလမ်းသစ်များတွင် အသုံးပြုမည်ဟူသော လုပ်ငန်းစဉ်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီး ကွန်ကရစ်ဇလီဖား စက်ရုံ (၈) ရုံမှ ကွန်ကရစ်ဇလီဖားများ ကျပ် ၁၂၀၃၁.၇၀၁ သန်း တန်ဖိုးရှိ ကွန်ကရစ် ဇလီဖား ၇၃၁၃၇၈ တုံး ထုတ်လုပ်ပြီး တစ်နိုင်ငံလုံးရှိ ရထားလမ်း ဟောင်းများနှင့် အသစ်ဖောက်လုပ်ပြီး ရထားလမ်းသစ်များတွင် အသုံးပြုလျက် ရထားလမ်းများပိုမို တောင့်တင်းစေရန် ဆောင်ရွက် နိုင်ခဲ့ပါသည်။

၁၇၀။ နတ်မောက်-ကံပြား ရထားလမ်း ပိုင်း ၂၉.၄၅ မိုင်အနက်မှ ၂၅ မိုင်၊ ရှမ်းစု-လှိုင်သာယာ ရထားလမ်းပိုင်းမှ ၁၄ မိုင်တို့ကို သံလမ်းခင်းပြီး၊ စစ်တွေ -ကျောက်တော် လမ်းပိုင်းရှိ

မတည်ဆောက်ရသေးသော တံတားများကို ပြီးစီးအောင် ဖောက်လုပ်တည်ဆောက် ဖွင့်လှစ်မည်ဟူသော လုပ်ငန်းစဉ်အရ မကွေး-နတ်မောက် ကားလမ်းမှာ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်သဖြင့် ကံပြား-နတ်မောက် ရထားလမ်းဖောက်လုပ်ခြင်းကို ခေတ္တဆိုင်းငံထားပါသည်။ ညောင်တုန်း-လှိုင်သာယာ ၂၇.၄ဖမိုင် ဆောင်ရွက်ရန်အနက် ၁၂မိုင်ကို သံလမ်းအကြမ်းခင်းပြီး ဖြစ်ပါသည်။ ဆောင်ရွက်ဆဲဖြစ်သော ကျောက်တော်-မြောက်ဦး လမ်းပိုင်းရှိ တံတား ( ၇၅ ) စင်း အနက် ( ဖ၀ ) စင်းကို ပြီးစီး အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၇၁။ စက်ခေါင်းသစ် တည်ဆောက်ရေး စက်ရုံနှင့်လူစီးတွဲသစ် တည်ဆောက်ရေး စက်ရုံတို့ကို တည်ဆောက်ပြီး လိုအပ်သော စက်ခေါင်းသစ် နှင့် လူစီးတွဲသစ်များ တည်ဆောက်မည် ဟူသော လုပ်ငန်းစဉ်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ(၂)ရုံ တည်ဆောက်ရန်အတွက် ပစ္စည်းများ စာချုပ်ချုပ်ဆိုဝယ်ယူခွင့်ပြုရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။

၁၇၂။ ကချင်ပြည်နယ်မိုးညှင်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးကို ဖွင့်လှစ်ဆောင်ရွက်မည်ဟူသော လုပ်ငန်းစဉ်အရ ခရိုင်ရုံး(မိုးညှင်း)အား (၂၁.၂.၂၀၁၃) ရက်နေ့တွင် စတင်ဖွင့်လှစ်၍ လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါ သည်။


၁၇၃။ တိုင်းဒေသကြီး/ပြည်နယ်ရုံး များ နှင့်ခရိုင်ရုံး(၁၈)ရုံးတို့တွင် ယာဉ်မောင်း လိုင်စင်ထုတ်ပေးရန်၊ Retransfer Printer နှင့် ယာဉ်မှတ်ပုံတင်စာအုပ် ထုတ်ပေးရန်၊ Pass Book Printer ၊ Computer နှင့် ဆက်စပ်ပစ္စည်းများအား တပ်ဆင် ဆောင်ရွက်မည်ဟူသော လုပ်ငန်းစဉ်အရ ၎င်းစက်ကိရိယာများဖြင့် ယာဉ်မောင်းလိုင်စင် လုပ်ငန်းအား(၉.၁၀.၂၀၁၂) ရက်နေ့တွင်လည်းကောင်း၊ ယာဉ်မှတ်ပုံတင်လုပ်အား ( ဖ.၅.၂၀၁၃ ) ရက်နေ့တွင် လည်းကောင်း အသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။

၁၇၄။ မြန်မာ့မီးရထားစီးနင်းခနှင့် ကုန်စည် တန်ဆာခနှုန်းများကို တိုးမြှင့် ကောက်ခံမှု အပေါ် ပြည်သူမှ ယုံကြည် အားကိုးမှု အပြည့်အဝ ရရှိစေရန် အကောင်းဆုံး ဝန်ဆောင်မှုများ ဖြင့် ဖြည့်ဆည်း ဆောင်ရွက်မည်ဟူသော လုပ်ငန်းစဉ်အရ ရထားအချိန်စာရင်းအတိုင်း ပြေးဆွဲပေးခြင်း၊ ရထားများ၏ တွဲသန့်ရှင်းမှု၊ရေ၊မီးရရှိမှု၊အိမ်သာသန့်ရှင်းမှု၊ ခုံနှင့်ပစ္စည်းတင် စင်များ ပျက်စီးမှုစသည်တို့အား ရထားမထွက်မီ ကြိုတင် စစ်ဆေးပြင်ဆင်ပေးခြင်း၊ ကုန်တင်ပို့သူများ အဖွဲ့ဖွဲ့စည်းစေ၍ အလှည့်ကျတန်းစီ ဇယားအတိုင်း ကုန်တင်ပို့ ခွင့် ဆောင်ရွက်ပေးခြင်း၊ မတော်တဆမှုမဖြစ်စေရေး၊ ရထား စီးနင်းညက်ညောစေရေး၊ တွဲနှင့်စက်ခေါင်းများ အစဉ်အမြဲ သန့်ရှင်းသပ်ရပ် တောက်ပြောင် ရေး၊ ဘူတာရုံများ၊ အဆောက်အဦနှင့် ဘူတာယာဒ်ဝင်းများ ရုပ်အသွင်အပြင် တိုးတက်ရေးနှင့်သန့်ရှင်းရေးအတွက် ဆောင်ရွက်ပေးခြင်း၊ သက်တမ်းလွန်

ကုန်တွဲများအား လူစီးတွဲသစ်၊ ကုန်တွဲသစ်များဖြင့် အစားထိုး ဖြည့်ဆည်းပေးခြင်း စသည်တို့ကို ဆောင်ရွက် ပေးခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုး(ကျပ်သန်း)**

**(နှစ်အလိုက်ဈေးနှုန်း)**




**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏**
**မတ်လကုန်အထိ အကောင်အထည်ဖော်မှုအခြေအနေ**

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု ( Plan ) | သုံးစွဲမှု ( မတ်လကုန် ) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၆ | | | **ရထားပို့ဆောင်ရေး** | **၁၅၈,၈၇၄.၆၃၂** | **၇၂,၉၀၅.၂၂၄** | **၄၅.၉** |
| | | | **မြန်မာ့မီးရထား** | **၁၅၈,၈၇၄.၆၃၂** | **၇၂,၉၀၅.၂၂၄** | **၄၅.၉** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း( ၁၅ )ခု | ၁၅၈,၇၂၄.၆၃၂ | ၇၂,၈၆၅.၇၃၁ | ၄၅.၉ |
| | | ၂ | လုပ်ငန်းစီမံကိန်းသစ် ( ၁ )ခု | ၁၅၀.၀၀၀ | ၃၉.၄၉၃ | ၂၆.၃ |

၁၇၅။ **ဆက်သွယ်ရေး။** ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၏ **မူဝါဒ(၅)ခု** ရှိပြီး စီမံကိန်း လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိုဘိုင်းတိုးချဲ့ရေး စီမံကိန်း ပထမနှစ် လိုင်း(၄)သန်း စီမံကိန်းကို ပြီးစီးအောင် ဆောင်ရွက်ပြီး ဒုတိယနှစ် လိုင်း(၅)သန်း စီမံကိန်းကိုတစ်ဆက်တစ်စပ်တည်း

ဆက်လက် ဆောင်ရွက်မည် ဟူသည့် လုပ်ငန်းစဉ်အရ GSM/UMTS မိုဘိုင်း တယ်လီဖုန်း တိုးချဲ့ရေးစီမံကိန်း ပထမနှစ်လိုင်း (၄)သန်း စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၃၁.၃.၂၀၁၃ ရက်နေ့အထိ တပ်ဆင်နိုင်သည့် အင်အား (Capacity) အရလိုင်း (၄.၉) သန်း ဆောင်ရွက် ထားရှိခဲ့ပြီး၊ ယင်းနေ့ရက် အထိ တယ်လီဖုန်းသုံးစွဲသူများအား တပ်ဆင်အသုံးပြုနိုင်မှုမှာ လိုင်း(၂.၂၄၆) သန်း ဖြစ်ပါသည်။

(ခ) ကွန်ပျူတာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် နည်းပညာ ပြန့်ပွားရေးဌာနများ ဖွင့်လှစ်ဆောင်ရွက်မည် ဟူသည့် လုပ်ငန်းစဉ်အရ နိုင်ငံတော်သမ္မတရုံး Web Portal လွှင့်တင်ထားရှိ နိုင်ခဲ့ခြင်း၊ နေပြည်တော် ဗဟိုစာတိုက်ကြီး တွင် Information Access Center (IAC) ကို ကိုရီးယားနိုင်ငံနှင့် ပူးတွဲ၍ ပြည်သူများ အသိပညာ ဗဟုသုတ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အင်တာနက် အခမဲ့သုံးစွဲခွင့် ပြုနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။ e-Library Web Site လွှင့်တင်ရန် ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ On Line မှ တစ်ဆင့် ဝင်ရောက် ဖတ်ရှုနိုင်ပါ သည်။

(ဂ) အော်တိုတယ်လီဖုန်း စနစ်အနေဖြင့် ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း အိတ်ချိန်းများအား အဆင့်မြင့်စနစ်သုံး အိုင်ပီအိတ်ချိန်းများဖြင့် အစားထိုး လဲလှယ် တပ်ဆင်ခြင်း၊ အော်တိုတယ်လီဖုန်း အခွန်ငွေ ကြိုတင်ငွေပေး စနစ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘက်စုံသတင်းအချက်အလက်ဝန်ဆောင်မှု အသုံးပြုနိုင်သော အိမ်အရောက် ဖိုင်ဘာကြိုး ဆက်သွယ် ရေး ဝန်ဆောင်မှုစနစ်အား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်း ဆောင်ရွက်မည် ဟူသည့် လုပ်ငန်းစဉ်အရ အော်တိုတယ်လီဖုန်းစနစ် အနေဖြင့် ဒစ်ဂျစ်တယ် အော်တို အိတ်ချိန်းများအား အဆင့်မြင့် စနစ်သုံး အိုင်ပီအိတ်ချိန်းများ အဖြစ် ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် Softswitch Exchane များ လဲလှယ် တပ်ဆင်ခဲ့ပါသည်။ နေပြည်တော်တွင်လည်း Softswitch Exchane သစ်တစ်လုံး တပ်ဆင်အသုံးပြုလျက် ရှိပါသည်။ ဘက်စုံ သတင်းအချက်အလက် ဝန်ဆောင်မှု အသုံးပြုနိုင်သော အိမ်အရောက် ဖိုင်ဘာကြိုး ဆက်သွယ်ရေး ဝန်ဆောင်မှုစနစ်ကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) မိုဘိုင်း တယ်လီဖုန်းများ တိုးချဲ့သည် နှင့်အမျှ ပြည်ပတယ်လီဖုန်း ခေါ်ဆိုမှုတွင် လွယ်ကူ ချောမွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်ထွက်ပေါက် အိတ်ချိန်းများ

တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်မည်ဟူသည့် လုပ်ငန်းစဉ်အရ ပြည်ပခေါ်ဆိုမှုများ လွယ်ကူချောမွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်/ထွက်ပေါက် အိတ်ချိန်းများတိုးချဲ့ခြင်းကို ဆောင်ရွက်ရန် Sea -Me -We-5 ရေအောက်ကေဘယ်လ်စနစ် ဆက်ကြောင်းသစ်တစ်ခု တည်ဆောက်ရန် GMS ချေးငွေဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

(င) တိုးချဲ့ပြီးသော မိုဘိုင်းတယ်လီဖုန်းများမှ မြန်နှုန်းမြင့် အင်တာနက် ဝန်ဆောင်မှု သုံးစွဲနိုင်ရေးအတွက် အင်တာနက် ပင်မဆက်ကြောင်းများ တိုးချဲ့ခြင်းနှင့် အင်တာနက် ဝန်ဆောင်မှုဌာန အသစ်တစ်ခု တပ်ဆင် ဆောင်ရွက်ပါမည်ဟူသည့် လုပ်ငန်းစဉ်အရ Mobile Data Pop ကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် တို့တွင် အသစ်တပ်ဆင် တည်ဆောက်ခြင်းဖြင့် အင်တာနက် သုံးစွဲမှုများ ပိုမိုကောင်းမွန်လာစေရန် စက်နှင့် စက်ပစ္စည်းများ ရောက်ရှိ တပ်ဆင်လျက်ရှိပါသည်။

(စ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ မဟာစီမံချက်နှင့် ပတ်သက်၍ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပ၍ အကောင်အထည်ဖော်မည်ဟူသည့် လုပ်ငန်းစဉ် ပညာရပ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် စုစုပေါင်း (၆) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ၎င်းဆွေးနွေးပွဲ ရလဒ်များကို အကောင်အထည် ဖော်လျက်ရှိပါသည်။

(ဆ) အင်တာနက် သုံးစွဲမှုတွင် လက်ရှိအသုံး ပြုနေသော အိုင်ပီအဆင့်(၄) စနစ်အား အိုင်ပီ အဆင့်(၆) စနစ်သို့ ပြောင်းလဲ သုံးစွဲနိုင်ရေး ရေးဆွဲဆောင်ရွက်မည် ဟူသည့် လုပ်ငန်းစဉ် အရ JICA ၏ အကူအညီရယူဆောင်ရွက်ရန် စီစဉ် လျက်ရှိပါသည်။

(ဇ) နယ်စပ် ဖြတ်ကျော် ဆက်သွယ်မှု ဆက်ကြောင်း ပမာဏ တိုးချဲ့ခြင်းနှင့် ကိုယ်ပိုင် ဖိုင်ဘာ ဆက်ကြောင်း တည်ဆောက်ရန်အတွက် မူဆယ်-မန္တလေး-ရန်ကုန်-ပုသိမ်-ချောင်းသာ အဆင့်မြင့် နည်းပညာသုံး ဖိုင်ဘာဆက်ကြောင်း တည်ဆောက်မည် ဟူသည့် လုပ်ငန်းစဉ်များအရ နယ်စပ်ဖြတ်ကျော် ဆက်သွယ်မှု ဆက်ကြောင်း ပမာဏ တိုးချဲ့ခြင်းနှင့် ကိုယ်ပိုင်ဖိုင်ဘာ ဆက်ကြောင်းတည်ဆောက်ရန်အတွက် ဆောင်ရွက်လျက် ရှိပါသည်။

(ဈ) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှု ပမာဏတိုးချဲ့ရန်နှင့် အရန်လမ်းကြောင်းအဖြစ် အာရှ-ဥရောပ ရေအောက်ကေဘယ်ဆက်ကြောင်း အမှတ်(၅)နှင့် ချိတ်ဆက်

ဆောင်ရွက်မည်ဟူသည့် လုပ်ငန်းစဉ်များအရ အာရှ-ဥရောပ ရေအောက်ကေဘယ်လ် အမှတ်(၅)စနစ် ဆက်ကြောင်းသစ်တစ်ခု တည်ဆောက်ရန် GMS ချေးငွေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ပြီးပါက၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်ထွက်ပေါက် အိတ်ချိန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက် နိုင်ပါမည်။

(ည) တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်များအရောက် ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော လိုင်းနှုန်းခွင် ပမာဏ ရရှိရေး ဆောင်ရွက်မည့်အပြင်အရန် ဆက်ကြောင်းအဖြစ် မြန်နှုန်းမြင့် အိုင်ပီ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများ တည်ဆောက်မည်ဟူသည့် လုပ်ငန်းစဉ်များအရ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်များအရောက် ဖိုင်ဘာကေ ဘယ်လ်ဆက်ကြောင်းများနှင့်မြန်နှုန်းမြင့် အိုင်ပီမိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများကို နိုင်ငံအနှံ့အပြားတွင် လိုင်းနှုန်းခွင်ပမာဏ လွှမ်းခြုံနိုင်ရန်အတွက် တည်ဆောက်ခြင်းလုပ်ငန်းများကို စဉ် ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

(ဋ) စာပို့တိုက် လုပ်ငန်းတွင် ပြည်တွင်း အီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အား ပြည်နယ်/တိုင်းဒေသကြီးများရှိ စာတိုက်ရုံး(၂၀)တွင် စတင်ဆောင်ရွက်မည်ဟူသည့် လုပ်ငန်းစဉ်များအရ စာပို့တိုက်လုပ်ငန်းတွင် အမြန်ငွေပို့လွှာလုပ်ငန်းကို မြို့ပေါင်း၃၀၅မြို့တွင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း မြို့ပေါင်း ၉ မြို့ကို တိုးချဲ့ ဖွင့်လှစ်ခဲ့ ပါသည်။


(ဌ) စာပို့တိုက် လုပ်ငန်း၏ ပြည်တွင်းပြည်ပချော ပို့ဆောင်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရပုဂ္ဂလိက အကျိုးတူ လုပ်ငန်းပူးပေါင်း ဆောင်ရွက်ခြင်းပုံစံဖြင့် ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များ ခွင့်ပြုပြီး ပူးပေါင်း ဆောင်ရွက်မည် ဟူသည့် လုပ်ငန်းစဉ်များအရ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း (EMS International)သည် Gateway အဖြစ် Singapore နိုင်ငံကို အသုံးပြု၍ ချောပစ္စည်းများ (Outband Items)အား ကမ္ဘာ့ (၁၀၂) နိုင်ငံထိ တိုးချဲ့၍ ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝပေးလျက် လုံခြုံလျှင်မြန်စွာဖြင့် အပြန်အလှန်ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ DHL World Wide Express သည် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် နယ်သာလန်နိုင်ငံတို့၏ ဖက်စပ် လုပ်ငန်းဖြစ်ပါသည်။ ရန်ကုန်မြို့နှင့် ကမ္ဘာ့နိုင်ငံ (၂၂၇)နိုင်ငံကြား အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဍ) သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှု စနစ်ကို အရန်အဖြစ် ရေဒီယိုကြေးနန်း စနစ်ကို အဆင့်မြှင့် တင်ခြင်း၊ ကြေးနန်းရုံး အသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ် ကြေးနန်းနှင့် ကွန်ပျူတာ ကြေးနန်း၊ အီလက် ထရောနစ်သုံး ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်မည်မည်ဟူသည့် လုပ်ငန်းစဉ်များအရ သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်နိုင်ရန် အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရေဒီယို ကြေးနန်းရုံးမှ ကြေးနန်းရုံးအဖြစ် အဆင့်မြှင့်တင်ခြင်း (၆)ရုံး၊ ကြေးနန်းရုံးအသစ် ဖွင့်လှစ်ခြင်း (၃)ရုံး ထပ်မံအဆင့်မြှင့်တင်ခြင်း (၃)ရုံးတို့ကို ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ ကွန်ပျူတာဖြင့် ကြေးနန်းပို့ခြင်း လုပ်ငန်းကို ရုံးပေါင်း (၁၉၄)ရုံးနှင့် ပြည်တွင်းဖက်စ် လုပ်ငန်းကို ရုံးပေါင်း (၄၁၀)ရုံးတွင် ဆောင်ရွက်လျက်ရှိပါသည်။

(ဎ) ကျွမ်းကျင်ဝန်ထမ်းများလေ့ကျင့်မွေးထုတ် နိုင်ရေးအတွက် ကြေးနန်း ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် သင်တန်းအမျိုးအစား ပေါင်း (၉၁)ခု၊ သင်တန်းပေါင်း(၁၃၂)ကြိမ်၊ သင်တန်းသားပေါင်း (၂၁၄၃)ဦး လေ့ကျင့်သင်ကြားရေးအစီအစဉ်ရေးဆွဲ ဆောင်ရွက်မည်ဟူသည့် လုပ်ငန်းစဉ်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ကြေးနန်း ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် သင်တန်းအမျိုးအစား (၁၃၉)မျိုး သင်ကြား ပို့ချပေးခဲ့ပါသည်။

၁၇၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင်ဆက်သွယ်ရေးကဏ္ဍ၏အသားတင်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၆၄,၇၀၂.၀ သန်း ဖြစ်ပေါ်ရန်ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှ မတ်လ) အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၈၀၆,၃၃၀.၉ သန်း ဖြစ်ပေါ်ခဲ့၍ရည်မှန်းချက်အပေါ် ၁၀၅.၄ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၂၁၈.၇ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ်ခဲ့ပါသည်။

## ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး(ကျပ်သန်း)
## (နှစ်အလိုက်ဈေးနှုန်း)




**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏**
**မတ်လကုန်အထိ အကောင်အထည်ဖော်မှုအခြေအနေ**

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု ( Plan ) | သုံးစွဲမှု ( မတ်လကုန် ) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၇ | | | **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာ** | ၃,၁၈၅.၁၃၃ | ၂,၄၃၉.၂၃၉ | ၇၆.၆ |
| | ၁ | | **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း** | ၃,၁၈၅.၁၃၃ | ၂,၄၃၉.၂၃၉ | ၇၆.၆ |
| | | ၁ | လုပ်ငန်းစီမံကိန်းသစ်( ၁ )ခု | ၃,၁၈၅.၁၃၃ | ၂,၄၃၉.၂၃၉ | ၇၆.၆ |

၁၇၇။ **ငွေရေးကြေးရေး။** နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် ရှင်းလင်းလွယ်ကူ ထိရောက် သော အခွန်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ တကာနှင့် ရင်ဘောင်တန်း နိုင်သည့် ခေတ်မီနိုင်ငံတော် ဖြစ်စေရန် မူဝါဒချမှတ်ခဲ့ပါသည်။

၁၇၈။ ချမှတ်ထားသည့် မူဝါဒများအရ ငွေရေးကြေးရေးကဏ္ဍကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ငွေရေးကြေးရေး ကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှုပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံ ရေးဆွဲခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်သွားမည်ဟူသည့် လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ခေတ်နှင့် လျော်ညီစေရန် ပြန်လည် ရေးဆွဲ၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလအတွင်း ပြုလုပ်ခဲ့သည့် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းခဲ့ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေ ပြဋ္ဌာန်းပြီးနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နည်းဥပဒေအား (၃)လ အတွင်း ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေပါသည်။

(ခ) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားမည်ဟူသည့် လုပ်ငန်းစဉ်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကဘဏ်ခွဲပေါင်း (၁၁၉) ခုဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း ပုဂ္ဂလိကဘဏ်ခွဲ (၄၈၅) ခုထိတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ (၁၃)ခု ဖွင့်လှစ်နိုင်ခဲ့သဖြင့်ကိုယ်စားလှယ်ရုံး စုစုပေါင်း (၂၉)ခု တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး နိုင်ငံခြား ငွေရေးကြေးရေး ကုမ္ပဏီ ကိုယ်စားလှယ် ရုံးခွဲ (၁) ခုဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။

(ဂ) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားမည်ဟူသည့် လုပ်ငန်းစဉ်အရ Card အသုံးပြု၍ (၁၄.၉.၂၀၁၂) ရက်နေ့မှစ၍ ATM နှင့် POSများတွင် ငွေများထုတ်ယူသုံးစွဲနိုင်ပြီး နိုင်ငံတကာကဒ်များ ဖြစ်သည့် Visa Card, Master Card များအား သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်နှင့် မြန်မာ့ရှေ့ဆောင် ဘဏ်တို့၏ ATM နှင့် POS များတွင် ထုတ်ယူ သုံးစွဲနိုင်ပြီဖြစ်ပါသည်။ (၃၁.၃.၂၀၁၃) ရက်နေ့ထိ ATM စက်အရေ အတွက် စုစုပေါင်း (၂၂၉) လုံး၊ POS စုစုပေါင်း (၃၇၉)လုံး တပ်ဆင်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိပြီးဖြစ်ပါသည်။

(ဃ) အီလက်ထရောနစ် ဘဏ်လုပ်ငန်းစနစ် အကောင်ထည်ဖော် နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟူသည့် လုပ်ငန်းစဉ်အရ နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ်အတွက် ရှေ့ပြေး အကောင်အထည်ဖော်မှုဖြင့် အီး-အကောက်ခွန် ပို့ကုန်စနစ်နှင့် အီး-အကောက်ခွန် သွင်းကုန်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ E-Pension စနစ်ဖြင့် ဘဏ်ခွဲပေါင်း (၂၉၇)ဘဏ်၌ အကောင်အထည်ဖော် ဆောင်ရွက် သွားနိုင်ခဲ့ပါသည်။

(င) နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟူသည့် လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ နိုင်ငံခြားငွေလဲလှယ်နှုန်း စနစ်အားအထူး ထုတ်ယူခွင့် တစ်ယူနစ်လျှင် ၈.၅၀၈၄၇ ကျပ်ဖြင့် ချိတ်ဆက် သတ်မှတ်ခဲ့သည့်စနစ်မှ ထိန်းကျောင်းမှုရှိသည့် ငွေလဲလှယ်နှုန်းစနစ်သို့(၁.၄.၂၀၁၂)ရက်နေ့မှ စတင်ပြောင်းလဲ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ် ရည်ညွှန်း နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ (၂၁.၁၂.၂၀၁၂)ရက်နေ့မှစ၍ ဘဏ်မဟုတ်သော ကုမ္ပဏီ အဖွဲ့အစည်းများအား နိုင်ငံခြားငွေများကို ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်ရန်အတွက် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့် လိုင်စင်ထုတ်ပေးလျက်ရှိပါသည်။

(စ) ပြည်တွင်း/ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်း ရှာဖွေဆောင်ရွက်ရန်နှင့် ငွေကြေး စီးဆင်းမှု၊ လွယ်ကူ ချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းသွားပါမည်ဟူသည့် လုပ်ငန်းစဉ်အရ (၂၄.၄.၂၀၁၂) ရက်နေ့တွင် နိုင်ငံပိုင်ဘဏ်များရှိ မည်သည့်နိုင်ငံခြားငွေ စာရင်းများမှ လက်ကျန်များကိုမဆို သွင်းကုန်တင်သွင်းခွင့် အပါအဝင် လွတ်လပ်စွာ သုံးစွဲခွင့်ပြုခြင်းနှင့်၊ (၁.၅.၂၀၁၂)ရက်နေ့မှစ၍ ပြည်တွင်းအခွန်များ ဦးစီးဌာန အတွက် အခွန်အခများ ဖြတ်တောက်ခြင်းကိုလည်း ရပ်ဆိုင်းခဲ့ပါသည်။ (၂၄.၄.၂၀၁၂)ရက်နေ့တွင် နိုင်ငံပိုင်ဘဏ်များ၌ ငွေစာရင်း ဖွင့်လှစ်ထားသည့် NGO များ၊ INGOများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိက တစ်ဦးချင်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့၏ နိုင်ငံခြားငွေစာရင်းမှ ငွေသား ထုတ်ယူလိုသည့်အခါ အမေရိကန်ဒေါ်လာ တစ်သောင်း (သို့မဟုတ်) ၎င်းနှင့် ညီမျှသည့်နိုင်ငံခြားငွေ ယူရို၊ စင်္ကာပူဒေါ်လာနှင့် FECsကို ဘဏ်စာရင်း

ဖွင့်လှစ်ထားသည့်ဘဏ်၌ ထုတ်ယူခွင့်ပြုခြင်းနှင့်ငွေးပမာဏ ထက်ကျော်လွန်ပြီး ထုတ်ယူလိုပါက စာရင်းပြောင်းနည်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆ) နိုင်ငံတော်အတွက် အကျိုးရှိစွာ သုံးစွဲနိုင်မည့် ဘဏ္ဍာငွေများအား ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖြစ်စေရေး စိစစ်ဆောင်ရွက်သွားပါမည်ဟူသည့် လုပ်ငန်းစဉ်အရ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်း ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအတွင်း ရငွေမှာ ကျပ်သန်းပေါင်း ၁၂၇၇၄၅၂၀နှင့် သုံးငွေမှာ ကျပ်သန်းပေါင်း ၁၄၄၃၉၄၆၆ ဖြစ်ပြီးလိုငွေ ကျပ်သန်းပေါင်း ၁၆၆၄၉၄၆ ဖြစ်၍ လိုငွေနှင့် ဂျီဒီပီအချိုးကို ၃.၂၅%ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတိုင်မီက နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ ရငွေများအားလုံးကို ပေးသွင်းစေပြီး သုံးငွေများအားလုံးကို ထုတ်ယူ သုံးစွဲစေခြင်းကို ဆောင်ရွက်သည့်ပုံစံမှ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအား စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်စေရန်နှင့် ကိုယ်ပိုင်ရန်ပုံငွေအပေါ် ရပ်တည်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့်၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းသုံး ရင်းနှီးငွေ ထားရှိဆောင်ရွက်စေသည့်ပုံစံသို့ ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။

(ဇ) ၁-၄-၂၀၁၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူ ဖြစ်စေရန်အတွက် လစဉ်အပို ထောက်ပံ့ကြေးငွေ ကျပ်သုံးသောင်းစီကို ခံစားခွင့်ပြုခဲ့ခြင်း၊ ဝေးလံ ခေါင်သီဒေသများတွင် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများအတွက် လက်ရှိလစဉ်ထုတ်ယူနေသော လစာနှင့်ညီမျှသည့်ငွေကို ဒေသစရိတ် အဖြစ်သတ်မှတ်၍ ထပ်ဆောင်းခံစားခွင့် ပြုခဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။


(ဈ) မြန်မာနိုင်ငံအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီ ရယူခဲ့သော ချေးငွေများနှင့် စပ်လျဉ်း၍ ADB၊ World Bank စသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဂျပန်နိုင်ငံတို့နှင့်ညှိနှိုင်းပြီး Japan Bank for International Cooperation(JBIC) ထံမှ ပေါင်းကူးချေးငွေရယူ၍ ရှင်းလင်း နိုင်ခဲ့ပါ သည်။ Paris Club အဖွဲ့ဝင်မြီရှင်နိုင်ငံ စုစုပေါင်း(၁၁) နိုင်ငံထံမှ တင်ရှိ နေသော ကြွေးမြီစုစုပေါင်းကို ရှင်းလင်းနိုင်ရေးအတွက် ဦးစွာဂျပန်နိုင်ငံနှင့် ကြွေးမြီ ရှင်းလင်းရန် JICA ချေးငွေ စုစုပေါင်း၏ ၆၀%အား ဂျပန်နိုင်ငံမှ ကြွေးလျော်ပေးပြီး ကျန် ၄၀% အတွက် ဂျပန်နိုင်ငံ၊ ကူးသန်း ရောင်းဝယ်ရေး ဘဏ်များမှ

ပေါင်းကူးချေးငွေရယူ၍ ကြွေးဟောင်းမှ ကြွေးသစ်ပုံစံသို့ ပြောင်းလဲပြီး ၃၀-၁-၂၀၁၃ ရက်နေ့တွင် ရှင်းလင်းနိုင်ခဲ့ပါသည်။ ကျန် Paris Club အဖွဲ့ဝင်နိုင်ငံများမှ ကြွေးမြီ ရှင်းလင်းရေး ကိစ္စများကို Multilateral Agreement နှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိရာ နော်ဝေနိုင်ငံနှင့် အီတလီနိုင်ငံ မှကြွေးမြီများအား လျော်ပေးကြောင်း လက်မှတ်ရေးထိုး ခဲ့ပြီးဖြစ်ပါသည်။

(ည) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် အသေးစား ငွေရေးကြေးရေးဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါ ဥပဒေနှင့် စပ်လျဉ်းသည့် လုပ်ထုံး လုပ်နည်းများ ညွှန်ကြားချက်များ ထုတ်ပြန် နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ် တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့်ထိုအဖွဲ့အစည်း များအား စနစ်တကျ ကြီးကြပ် ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊နေပြည်တော်ကောင်စီ နယ်မြေတို့တွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို စနစ် တကျ ဖွဲ့စည်းကာ ကြပ်မတ် ဆောင်ရွက်သွားမည်ဟူသည့် လုပ်ငန်းစဉ်အရ အသေးစား ချေးငွေ လုပ်ကိုင်ခွင့် လိုင်စင်များအား ထုတ်ပေး လျက်ရှိရာ INGO (၆) ဖွဲ့၊ NGO (၁၂) ဖွဲ့၊ သမဝါ ယမ (၆၈) ဖွဲ့၊ ပြည်ပ ကုမ္ပဏီ(၂)ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ (၅၄)ဖွဲ့၊ စုစုပေါင်း (၁၄၂)ဖွဲ့အားလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးခဲ့ပါသည်။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း (၁၄၂) ဖွဲ့မှ မြို့နယ်ပေါင်း (၁၆၅) မြို့နယ်၊ ရပ်ကွက်ပေါင်း (၁၄၂၉)ရပ်ကွက်၊ ကျေးရွာ အုပ်စု (၂၂၅၉) အုပ်စု၊ ကျေးရွာ ပေါင်း (၆၁၄၀) ရွာ တွင် ငွေချေးသူ ဦးရေ ပေါင်း (၅၇၄၀၅၈) ဦးအား ချေးငွေပေါင်း ကျပ်သန်း ၆၃၁၈၀.၆၃ တို့အား ထုတ်ချေးပေးခဲ့ပါသည်။

၁၇၉။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ **အသားတင် ဝန်ဆောင်မှုတန်ဖိုး** ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်၄၈,၇၁၂.၈ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ ( ဧပြီလမှ မတ်လ) အသားတင် ဝန်ဆောင်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၈၄,၆၁၀.၅ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၁၇၃.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁

ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၄၇.၁ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ်ခဲ့ပါသည်။
(ကျပ်သန်း)




၁၈၀။ **ကုန်သွယ်ရေး။** ကုန်သွယ်မှု အခြေခံမူဝါဒမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) အသားတင်ထုတ်လုပ်မှုတန်ဖိုးတွက်ချက်ရာတွင် ကုန်သွယ်မှုကဏ္ဍမှ ပါဝင်မှု အချိုးအစား မြှင့်တင်ရန်၊

(ခ) ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်၊

(ဂ) ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ခိုင်မာသည့် ကုန်သွယ်မှုဆိုင်ရာ မူဝါဒများကို စနစ်တကျချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုး ကူညီဆောင်ရွက်ရန်၊

(င) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရန်၊

(စ) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ် တင်ပို့ ရောင်းချ ရန်၊

(ဆ) ပြည်တွင်းထုတ်လုပ်မှု၊စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ်မူတည်၍ပို့ကုန်၊ သွင်းကုန် များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး အတွက် ထိန်းကြောင်းပေးရန်၊

၁၈၁။ ကုန်သွယ်ရေးမူဝါဒများ အကောင်အထည်ဖော်ဆောင်ရာတွင် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ပြည်တွင်းကုန်သွယ်မှုတွင် လွတ်လပ်စွာယှဉ်ပြိုင် ကူးသန်းရောင်းဝယ်မှုကို ဖြစ်ပေါ်စေရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး အစီအမံများ ချမှတ်ကျင့် သုံးဆောင်ရွက်မည်။


(ခ) ပုဂ္ဂလိကကုန်သွယ်မှု ဖွံ့ဖြိုးလာရေးအတွက်နည်းပညာနှင့် အခြားလိုအပ်ချက် များ ပံ့ပိုးနိုင်ရန် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မည်။

(ဂ) ပို့ကုန်ဈေးကွက်ခိုင်မာရေး နှင့်ဈေးကွက်တိုးချဲ့နိုင်ရေး တို့အတွက် ဈေးကွက် အခြေအနေများကို အမြဲလေ့လာပြီး နည်းပညာနှင့်သတင်းအချက်အလက် ဖြန့်ဖြူးပေးမည်။

(ဃ) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများကို လွယ်ကူစွာတိုးချဲ့ တင်ပို့နိုင်ရေး အတွက် အားပေးကူညီဆောင်ရွက်မည်။

(င) ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ တိုးတက်ရရှိရေးအားပေးဆောင်ရွက်မည်။

၁၈၂။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်(မတ်လကုန်)တွင် လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ(၂၆၃၇)သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ(၄၁)သန်း၊ ရေထွက်ပစ္စည်းများအမေရိကန်ဒေါ်လာ(၆၂၄)သန်း၊သတ္တုနှင့် တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ(၄၀၆၀)သန်း၊သစ်တောထွက်ပစ္စည်းများအမေရိကန်ဒေါ်လာ(၅၉၆)သန်း၊ စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ(၇၁၈)သန်းနှင့် အခြားပစ္စည်းများအမေရိကန် ဒေါ်လာ (၃၀၁)သန်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ(၈၉၇၇)သန်း ပြည်ပသို့တင်ပို့နိုင်ခဲ့ပါသည်။ တန်ဖိုးအများဆုံး တင်ပို့ခဲ့သည့် အဓိကပို့ကုန်ပစ္စည်းများမှာ သဘာဝဓါတ်ငွေ့၊ ပဲအမျိုးမျိုး၊ ချုပ်ပြီးအထည်၊ သစ်လုံး၊ ဆန် တို့ဖြစ် ပါသည်။




## ကုန်ပစ္စည်းအုပ်စုအလိုက်ပြည်ပပို့ကုန်တင်ပို့မှု

(USD-Million)

| စဉ် | | ပို့ကုန် | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ |
|---|---|---|---|---|
| ၁ | | လယ်ယာထွက်ကုန်ပစ္စည်းများ | ၂၃၇၃ | ၂၆၃၇ |
| ၂ | | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၉၃ | ၄၁ |
| ၃ | | ရေထွက်ပစ္စည်းများ | ၇၀၆ | ၆၂၄ |
| ၄ | | သတ္တုတွင်းထွက်ပစ္စည်းများ | ၄၄၀၀ | ၄၀၆၀ |
| ၅ | | သစ်တောထွက်ပစ္စည်းများ | ၆၄၄ | ၅၉၆ |
| ၆ | | စက်မှုကုန်ချောပစ္စည်းများ | ၄၉၈ | ၇၁၈ |
| ၇ | | အခြားပစ္စည်းများ | ၄၂၂ | ၃၀၁ |
| | | **ပို့ကုန်စုစုပေါင်း** | **၉၁၃၆** | **၈၉၇၇** |

၁၈၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (မတ်လကုန်)တွင် တန်ဖိုးအများဆုံးတင်သွင်းခဲ့သည့် အဓိက ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့်ယာဉ်အပိုပစ္စည်းများ၊ အခြားစက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်း များ၊ စားအုန်းဆီ၊ သဘော်နှင့်သဘော်ဆက်စပ်ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများဖြစ်ကြပါသည်။

၁၈၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပြည်ပပို့ကုန်ကိုနှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၉၂၁၁၀၄၃.၀ သန်းရရှိရန် ရည်မှန်းထားရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန် အထိ ပြည်ပပို့ကုန်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၆၄၄၆၄၅.၆ သန်းရရှိခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပြည်ပသွင်းကုန်ကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၆၅၈၂၈၀၀.၀ သန်းရရှိရန် ရည်မှန်းထားရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန် အထိ ပြည်ပသွင်းကုန်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၇၂၂၉၀၄.၉ သန်း ရရှိခဲ့ပါသည်။

၁၈၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းကုန်သွယ်မှုပမာဏကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၅၇၉၃၉၄၃.၀ သန်းရရှိရန် ရည်မှန်းထားရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မတ်လကုန်အထိ စုစုပေါင်းကုန်သွယ်မှုပမာဏကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၅၃၆၇၅၅၀.၅ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၉၇.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၃.၈ ရာခိုင်နှုန်း ပြောင်းလဲတိုးတက်ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်ပကုန်သွယ်မှုအခြေအနေကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## ပြည်ပကုန်သွယ်မှုတန်ဖိုး

ကျပ်သန်း

| စဉ် | | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| ၁ | | **ပို့ကုန် (နှစ်အလိုက်ဈေးနှုန်း)** | | |
| | ၁ | ရည်မှန်းချက် | ၈၄၅၁၃၁၃.၀ | ၉၂၁၁၁၄၃.၀ |
| | ၂ | အကောင်အထည်ဖော်နိုင်မှု | ၇၃၈၁၅၆၄.၈ | ၇၆၄၄၆၄၅.၆ |
| ၂ | | **သွင်းကုန်(နှစ်အလိုက်ဈေးနှုန်း)** | | |
| | ၁ | ရည်မှန်းချက် | ၅၈၀၆၈၈၀.၀ | ၆၅၈၂၈၀၀.၀ |
| | ၂ | အကောင်အထည်ဖော်နိုင်မှု | ၇၃၀၀၃၂၈.၅ | ၇၇၂၂၉၀၄.၉ |
| ၃ | | **ကုန်သွယ်မှုပမာဏ(နှစ်အလိုက်ဈေးနှုန်း)** | | |
| | ၁ | ရည်မှန်းချက် | ၁၄၂၅၈၁၉၃.၀ | ၁၅၇၉၃၉၄၃.၀ |
| | ၂ | အကောင်အထည်ဖော်နိုင်မှု | ၁၄၆၈၁၈၉၃.၃ | ၁၅၃၆၇၅၅၀.၅ |
| | | **(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ပုံမှန်ဈေးနှုန်း)** | | |
| | ၁ | ရည်မှန်းချက် | ၁၂၆၂၂၁၈၈.၇ | ၁၃၂၀၇၆၉၄.၃ |
| | ၂ | အကောင်အထည်ဖော်နိုင်မှု | ၁၃၀၂၄၁၁၀.၆ | ၁၃၅၂၄၈၃၂.၈ |
| | ၃ | တိုးတက်မှုနှုန်း | -၈.၉ | ၃.၈ |

၁၈၆။ **အသားတင်ကုန်သွယ်မှုတန်ဖိုး။** ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် ကုန်သွယ်ရေးကဏ္ဍ၏ အသားတင် ကုန်သွယ်မှုတန်ဖိုးကိုနှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၀၀၂၆၂၁.၆သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မတ်လကုန်အထိ အသားတင်ကုန်သွယ်မှု တန်ဖိုး မှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၀၁၀၀၃၇.၇ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက် အပေါ် ၁၀၀.၁ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် အပေါ် ၅.၀ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ်ခဲ့ပါသည်။ ကုန်သွယ် ရေးကဏ္ဍ၏ အသားတင်ကုန်သွယ်မှုတန်ဖိုး အခြေအနေကိုအောက်ပါဇယားတွင်ဖော်ပြ ထားပါသည်-

## အသားတင်ကုန်သွယ်မှုတန်ဖိုး

ကျပ်သန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (မတ်လကုန်) |
|---|---|---|---|
| ၁ | **နှစ်အလိုက်ဈေးနှုန်းများအရ** | | |
| ၁ | ရည်မှန်းချက် | ၉၀၇၉၀၂၄.၂ | ၁၀၀၀၂၆၂၁.၆ |
| ၂ | အကောင်အထည်ဖော်နိုင်မှု | ၈၉၂၉၀၉၅.၂ | ၁၀၀၁၀၀၃၇.၇ |
| ၂ | **၂၀၁၀-၂၀၁၁ပုံမှန်ဈေးနှုန်းများအရ** | | |
| ၁ | ရည်မှန်းချက် | ၈၆၀၂၅၁၄.၀ | ၈၉၅၇၀၄၉.၃ |
| ၂ | အကောင်အထည်ဖော်နိုင်မှု | ၈၃၄၁၁၈၇.၅ | ၈၇၅၄၉၁၇.၂ |
| ၃ | တိုးတက်မှုနှုန်း | ၄.၆ | ၅.၀ |

၁၈၇။ ကုန်သွယ်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းရပ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) ၁၉၄၇ခုနှစ်၊ ပို့ကုန်သွင်းကုန် ယာယီအက်ဥပဒေကိုဖျက်သိမ်း၍ ၂၀၁၂ခုနှစ် စက်တင်ဘာ လ(၇)ရက် နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၁၇ ဖြင့် ပို့ကုန်သွင်းကုန် ဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။ နည်းဥပဒေအား ဆက်လက် ရေးဆွဲလျက် ရှိပါသည်။

(ခ) မြန်မာနိုင်ငံကုန် အမှတ်အသားအက်ဥပဒေနှင့် တင်းတောင်းပမာဏ စံသတ် မှတ်ရေး အက်ဥပဒေတို့ကို ခေတ်နှင့်လျော်ညီသောဒဏ်ငွေများ အဖြစ် ပြောင်းလဲ ပြင်ဆင်နိုင်ရန် အတွက် ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေမူကြမ်းကို ပြည်ထောင်စု အစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်၍ လွှတ်တော်သို့တင်ပြရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယှဉ်ပြိုင်မှု ဥပဒေမူကြမ်း အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထား တောင်းခံ ဆောင်ရွက်လျက်ရှိပါသည်။လွတ်လပ်မျှတစွာ ယှဉ်ပြိုင်နိုင်မည့် ကုန်သွယ်မှု ပတ်ဝန်းကျင် ကောင်းဖန်တီးတည်ဆောက်ပေးရန် မူဝါဒချမှတ် အကောင်အထည် ဖော်လျက်ရှိရာယှဉ်ပြိုင်မှု ဥပဒေပေါ်ပေါက်ရေး၊ တရားမဝင် ကုန်သွယ်မှု လုပ်ငန်း များအား တရားဝင်ကုန်သွယ်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရေးဌာန ဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် ခြင်း၊ ဈေးကွက်စီးပွားရေး စနစ်နှင့်အညီပုဂ္ဂလိက အခန်းကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အားပေးမြှင့်တင်ခြင်း များ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်စည် ဒိုင် (၅)ဒိုင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း ကုန်စည် ဒိုင် (၄၅) ဒိုင် ဖွင့်လှစ်ခဲ့ပါသည်။

(ဂ) သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ သီးနှံအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းအတွက် အာမခံ လက်မှတ်ထုတ်ပေးခြင်း ကို ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကုန်သွယ်မှုမြှင့်တင်ရေး ဆိုင်ရာ သတင်းပြန်ကြားရေးဌာန များ ဖွင့်လှစ်၍ သီးနှံတိုးချဲ့ စိုက်ပျိုးထုတ်လုပ်ရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာ ဖြန့်ဝေမှု လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း (မူဆယ်) တို့ရှိကုန်စည်ဒိုင်များတွင် ဈေးနှုန်းသတင်း အလိုအလျောက်ဖြေကြားချက်စနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူများ သိရှိနိုင်ရေး အတွက် Commerce Website၊ Myanmar Tradenet Website၊Commerce Journal Websiteများ ဆောင်ရွက်ထားရှိပါသည်။

(င) ပြည်တွင်း ကုန်စည်ပြပွဲများ(၂၁)ကြိမ်၊ ပြည်ပကုန်စည်ပြပွဲ(၂၇)ကြိမ် ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများထံမှ နည်းပညာနှင့် အထောက်အပံ့ရရှိရေး အတွက် FAO၊JICA MISSION၊ ADB၊ UNIDO၊ Buhler(Thailand)၊ UNCTAD အဖွဲ့အစည်း များ နှင့် တွေ့ဆုံ ဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာစံနှုန်းမှီသည့် ဖွံ့ဖြိုး တိုးတက် သောလက္ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုး တိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ အဌမအကြိမ်ကို၃-၂-၂၀၁၃ နေ့တွင် ရန်ကုန်မြို့၌ ကျင်းပဆောင်ရွက် ပေးခဲ့ပါသည်။

(စ) ကုန်သွယ်မှုလုပ်ငန်းများ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဌာနခွဲမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်ကုမ္ပဏီများ၊ အဖွဲ့အစည်း များနှင့် ပုဂ္ဂလိကကဏ္ဍမှ သင်တန်းသား (၂၁၀)ဦး၊ ကုန်သွယ်ရေးသင်တန်းကျောင်းမှ ပုဂ္ဂလိကကဏ္ဍ သင်တန်းသား(၁၅၀)ကျော်ကို ကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်များသင်ကြားပို့ချခဲ့ပြီးဖြစ်ပါသည်။

(ဆ) Market Information & Research Team ဖွဲ့စည်းထားရှိကာ ဈေးကွက်သုတေသန လုပ်ငန်းများ ထားရှိပြီး တွေ့ရှိချက်များကို စီးပွားကူးသန်းဂျာနယ်၊ ကုန်သွယ်မှုသတင်း စာစောင်အား commerce.gov.mm နှင့်

Myanmartradenet.com.mm Website တို့မှ သတင်းဖြန့်ဝေပေး လျက်ရှိပါသည်။

(ဇ) နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ထွက်ကုန်များ ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

(ဈ) မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီများ (Joint Trade Committee)ကို ဗီယက်နမ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတို့နှင့် လက်မှတ်ရေးထိုး အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး၊ အခြားနိုင်ငံများနှင့်လည်းတိုးချဲ့ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးလျက် ရှိပါသည်။

(ည) မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)အဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည်နှင့် အညီ မြန်မာနိုင်ငံ၏ပထမအကြိမ်ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းကို ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ဆောင်ရွက်လျက် ရှိပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများသို့ ကုန်သွယ်မှု ဆိုင်ရာ အကူအညီများ ပေးသည့် EIF အစီအစဉ်ကို ပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(ဋ) လယ်ယာထွက်ကုန် ပို့ကုန်သီးနှံများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိပြီးဖြစ်၍ ဆန်စပါးတိုးမြှင့်ထုတ်လုပ်ရေးနှင့် ပြည်ပဆန် တိုးမြှင့် တင်ပို့ရေးအတွက် မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့် စက်ကိရိယာများ ပြပွဲပြုလုပ်ခဲ့ပါသည်။

(ဌ) မြန်မာ့ပို့ကုန်များ အရည်အသွေးမြင့်မားရေးအတွက် အာဆီယံ-ဂျပန် စင်တာနှင့် ပူးပေါင်း၍ ကုန်သည်ကြီးများအသင်းတွင် ဓါတ်ခွဲခန်း တစ်ခု တည်ထောင်ထားရှိကာ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ကုန်ချောပစ္စည်းများ တိုးချဲ့တင်ပို့နိုင်ရေးလုပ်ငန်းများအတွက် ဆောင်ရွက် ပေးလျက်ရှိပါသည်။ နိုင်ငံတကာ စံချိန်စံညွှန်း အရောင်းအဝယ် စာချုပ်ပါစံချိန် စံညွှန်းများနှင့် ညီညွတ်မှုရှိစေရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

(ဍ) သီးနှံစိုက်ပျိုးထုတ်လုပ်သူများ ပြည်ပပို့ကုန်လုပ်ငန်းရှင်များမ ှပေးပို့သော သီးနှံနမူနာများ၏ ရူပဓါတုအရည်အသွေး ပိုးသတ်ဆေးကြွင်းပါရှိမှု မှိုဆိပ်ပါရှိသော ဓါတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက် အာမခံလက်မှတ် များထုတ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ သီးနှံအမျိုး အစား

(၁၃၅)မျိုး၊ နမူနာ(၇၁၀)ခုဖြင့် ဓါတ်ခွဲစမ်းသပ်မှု (၁၃၅၇)ခု ဓါတ်ခွဲစမ်းသပ် ခဲ့ပြီး၊ ဓါတ်ခွဲ စမ်းသပ်ခဝင်ငွေ (၁၆၁.၅၅)ကျပ်သိန်းရရှိခဲ့ပါသည်။

၁၈၈။ **သမဝါယမကဏ္ဍ**။ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိရာ အဓိကမူဝါဒများမှာ ခေတ်မီနည်းပညာနှင့် အတတ်ပညာတတ်မြောက်အသုံးပြုနိုင်သည့်

သမဝါ ယမအသင်းများ၊အသင်းသားများဖြစ်စေရေးအားပေးဆောင်ရွက်ရန်၊ အရည်အသွေး မြင့်ထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေရေးအတွက်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အောက်ပါ မူဝါဒကိုချမှတ်ခဲ့ပါသည်-

(က) သမဝါယမအတွေးအခေါ်၊ကျင့်ဝတ်နှင့် အခြေခံမူများကို လိုက်နာဆောင် ရွက်ရန်၊

(ခ) ခေတ်မီ နည်းပညာများနှင့် အတတ်ပညာ တတ်မြောက်အသုံးပြုနိုင်သည့် သမဝါယမအသင်းများ၊ အသင်းသားများ ဖြစ်စေရေး အားပေး ဆောင်ရွက်ရန်၊

(ဂ) အရည်အသွေးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့် နိုင်ရေးဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သမဝါယမနည်းလမ်းများ အရတစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်၊

(င) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေရေးအတွက် သမဝါယမလုပ်ငန်းများအား စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၁၈၉။ ထိုမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကိုချမှတ်ခဲ့ပြီး၊ ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှုများမှာ–

(က) လူတန်းစား အလွှာပေါင်းစုံ ဆောင်ရွက် စေနိုင်မည့် သမဝါယမအသင်းစု (၄) သင်းနှင့် အခြေခံသမဝါယမအသင်း (၉၄၅၉) သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး (၃၁-၃-၂၀၁၃) နေ့အထိ သမဝါယမအသင်း စုစုပေါင်း (၂၀၆၂၈) သင်းကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

(ခ) လိုအပ်သော ငွေကြေး အရင်းအနှီး ရရှိစေရန်နှင့် ဘဏ္ဍာရေးခိုင်မာမှု ရှိစေရန် အစုတစ်စုတန်ဖိုးကို (၅၀၀) ကျပ်မှ အနည်းဆုံး (၅၀၀၀)ကျပ်သို့ အစု

တန်ဖိုးတိုးမြှင့်ပြီး ထပ်မံထည့်ဝင်ခြင်း၊ အကျိုးငွေဖြင့် ဖြည့်သွင်းခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပါဝင်လုပ်ဆောင် နိုင်ရန် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် ငွေစု ငွေချေးနှင့် အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်သော သမဝါယမအသင်း ပေါင်း (၂၀၇) သင်းမှ အသင်းသား (၄၁၀၃၅၄) ဦးသို့ ချေးငွေကျပ် (၁၀၉၉၈၂.၈) သန်း၊ထုတ်ချေး ပေးနိုင်ခဲ့ပါသည်။စက်မှုလက်မှု ကုန်ထုတ်အစုအဖွဲ့ (၂၃၂) ဖွဲ့စည်းနိုင်ခဲ့ပြီး အသင်း သား (၁၀၉၀၆)ဦးသို့ ငွေကျပ် (၉၃၀.၈၅) သန်း၊ပံ့ပိုးထုတ်ချေး ပေးနိုင် ခဲ့ပါသည်။ အခြေခံ စားကုန်ဆိုင်များ ဖွင့်လှစ် ရောင်းချနိုင်ရန် မြို့နယ် (၆၆) မြို့နယ်ရှိ အသင်းဆိုင် (၁၉၉) ဆိုင် အတွက် ချေးငွေကျပ် (၃၃၈.၆) သန်း ထုတ်ချေး ပေးခဲ့ပါသည်။

(ဃ) သားငါးကဏ္ဍဖွံ့ဖြိုးရေး အတွက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော သမဝါ ယမ အသင်း(၃၃၄)သင်း၏ ငွေစုငွေချေး လုပ်ငန်းခွဲများမှ အသင်းသား (၂၄၃၁၇) ဦးသို့ ကျပ်သန်း (၁၅၀၂.၁၄၀) ကို ထုတ်ချေး ပေးနိုင် ခဲ့ပါသည်။

(င) ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိသည့် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း စီမံကိန်းကို မြို့နယ်(၂၂)မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိ ရာမှ ၂၀၁၁ ခုနှစ်တွင် မြို့နယ် (၁၀) မြို့နယ် ထပ်မံတိုးချဲ့ခွင့် ရရှိခဲ့သဖြင့် ၂၀၁၂-၂၀၁၃ခုနှစ်တွင် မြို့နယ် (၃၂) မြို့နယ် ဖြစ်လာပြီး (၂၈) မြို့နယ် မှ လုပ်ငန်း အကောင်အထည်ဖော် ဆောင် ရွက်နိုင်ခဲ့ပါသည်။

(စ) အသက်မွေးလုပ်ငန်း နည်းပညာများ ဖြန့်ဖြူးရာတွင် နေ့စဉ် စားသောက်မှု အတွက် လိုသောဝင်ငွေကို မထိခိုက် စေသည့် ကျောင်းပြင်ပ ပညာရေးမျိုး ကို အထောက်အကူပြုစေရန် MobileTeam အဖွဲ့ (၉)ဖွဲ့ ဖွဲ့စည်းပြီး Biogas Technology သင်တန်း၊ သစ်အခြေခံ လက်သမားသင်တန်း၊ အခြေခံ သံဂဟေဆက်သင်တန်း၊ အခြေခံလျှပ်စစ်သင်တန်း၊ အမွေးတိုင်လုပ်ငန်း နည်းပညာသင်တန်း၊ ခြင်ဆေးတိုင်ထုတ် လုပ်နည်းသင်တန်း၊ အုန်းသီးခွံမှ လက်မှုထည်ထုတ်လုပ်နည်းသင်တန်း၊ သစ်သီးဝလံ အခြေခံ စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း၊ လူသုံးကုန်နှင့်အလှကုန် ထုတ်လုပ်နည်း သင်တန်း များကို ကွင်းဆင်းဖွင့်လှစ်ပို့ချရန် စီစဉ် ဆောင်ရွက် လျက်ရှိပါသည်။

(ဆ) သမဝါယမလယ်ယာကဏ္ဍတွင် အထွက်တိုးရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် ခေတ်မီစက်ကိရိယာများကို ဝယ်ယူတင်သွင်း ရောင်းချပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်သည့် စိုက်ပျိုး ထုတ်လုပ် ရေးသမဝါယမအသင်းများရှိ အသင်းသား (၃၂၇၃၅၃) ဦးသို့ ကျပ် (၃၂၉၀၃.၉၅၄)သန်း ထုတ်ချေးပေးနိုင် ခဲ့ပါသည်။

(ဇ) ပို့ကုန်ပစ္စည်းများ ပိုမို ဈေးကွက် ရရှိ လာစေရန်နှင့် ပို့ကုန် လုပ်ငန်း ဖွံ့ဖြိုး လာစေရန် အတွက် (၆-၆-၂၀၁၂) မှ (၁၀-၆-၂၀၁၂) ရက်နေ့ အထိ ကျင်းပ သော (၁၉) ကြိမ်မြောက် ကူမင်း ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲ၊ (၂၁-၉-၂၀၁၂) မှ(၂၅-၉-၂၀၁၂) ရက်နေ့ အထိ ကျင်းပသော (၉) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ၊(၃၀-၁၁-၂၀၁၂)ရက်နေ့တွင် ကျင်းပသော ၂၀၁၂ ကူမင်း Pan-Asia ကုန်စည် ပြပွဲ၊ (၉-၁၂-၂၀၁၂) မှ (၁၁-၁၂-၂၀၁၂) ရက်နေ့အထိ ကျင်းပသော (၁၂)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေး ကုန်စည်ပြပွဲ၊(၁၃-၃-၂၀၁၃) မှ (၁၇-၃- ၂၀၁၃) ရက်နေ့အထိ ကျင်းပ သည့် "Thailand International Furniture Fair 2013 (TIFF)" ပြပွဲများသို့ သမဝါယမအသင်းများမှ ကျောက်မျက်ရတနာ၊ သစ် အချော ထည်၊ ပန်းပုရုပ်မျိုးစုံ၊ ကြိမ်ထည်ပစ္စည်း၊ စားသောက်ကုန် ပစ္စည်းများအား သွားရောက်ပြသခဲ့ပါသည်။

(ဈ) သမဝါယမလုပ်ငန်းများနှင့် ပို့ကုန် သွင်းကုန်လုပ်ငန်းများတွင် ကျွမ်းကျင် ဝန်ထမ်းများ လေ့ကျင့်မွေးထုတ် ပေးနိုင်ရန် သမဝါ ယမ တက္ကသိုလ် (၂)ခု နှင့် သမဝါယမကောလိပ် (၂)ခု တို့တွင် ကျောင်းသား (၃၇၂၇)ဦး တက်ရောက် သင်ကြားလျက် ရှိပြီး သမဝါ ယမ သင်တန်းကျောင်း (၄)ကျောင်း နှင့် သမဝါ ယမ ကူးသန်းရောင်းဝယ်ရေးသင်တန်း ကျောင်း (၃) ကျောင်းတွင် လက်မှတ်ရ စာရင်းရေး၊စာရင်းကိုင်သင်တန်း၊ ကွန်ပြူတာ သင်တန်း၊ လက်နှိပ်စက်သင်တန်း၊ အရာရှိများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့် လှစ်ပေးလျက် ရှိသည်။

၁၉၀။ **ငွားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ အနေဖြင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေး ကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးစသည့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အကျုံးဝင်ခြင်း မရှိသေးသည့် အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် ငှားရမ်းမှုလုပ်ငန်းတို့၏ ဝန်ဆောင်မှုတန်ဖိုးကို စုစည်း၊ ခန့်မှန်း ဖော်ပြလျက်ရှိပါသည်။

၁၉၁။ ပုဂ္ဂလိကပိုင်အခန်းသည် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉၆% ကျော်ပါဝင်နေပြီး ပြောင်းလဲလာသော ခေတ်စံနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဝန်ဆောင်မှုလိုအပ်ချက်များအရ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်း လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင်ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဆိုင်၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Toll Gate တို့အပါအဝင် ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်ဖြစ် ထွန်းလာပါသည်။

၁၉၂။ **ပညာရေး။** ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဟူသောနိုင်ငံတော်သမ္မတ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်၊ ထူးချွန်ထက်မြက်သည့်လူစွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပညာရေးဝန်ဆောင်မှုအနေဖြင့် ၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပုဂ္ဂလိက ပညာသင်ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။ ၂၀၁၂–၂၀၁၃ ခုနှစ်အထိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှ ပုဂ္ဂလိက ကျောင်း (၅၆)ခု၊ ဘော်ဒါဆောင်လုပ်ငန်း(၄၈၁၉)ခု၊ နေ့ကလေး ထိန်းလုပ်ငန်း (၂၃၁၁)ခုအထိ ဖြစ်ပေါ်တိုးတက်ခဲ့ပြီး ပညာရေးဝန်ဆောင်မှုလုပ်ငန်း များကိုဆောင်ရွက်ခဲ့ပါသည်။

၁၉၃။ **ကျန်းမာရေး။** အဆင့်အတန်းမြင့်မားပြီး ခေတ်မီဖွံ့ဖြိုးသော ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ပေါ် ထွန်းလာစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကိုလည်း ၂၀၀၇ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဥပဒေနှင့်အညီခွင့်ပြု၍ ဆောင်ရွက်စေခဲ့ပါသည်။ ၂၀၁၂–၂၀၁၃ ခုနှစ် အထိ တိုင်းဒေသ ကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှ ပုဂ္ဂလိကဆေးရုံ(၁၅၆)ခု၊ ဆေးကုသခန်း (၅၅၁၀)ခု၊ တိုင်းရင်းဆေးကုသခန်း (၈၃၆)ခုအထိ ဖြစ်ပေါ်တိုးတက်ခဲ့ပြီး ပညာရေး ဝန်ဆောင်မှု လုပ်ငန်း များကိုဆောင်ရွက်ခဲ့ပါသည်။

၁၉၄။ **ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း။** ခရီးသွားလုပ်ငန်း အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုး တိုးတက်မှုကို ဖန်တီးနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေမည့် ခရီးသွား လုပ်ငန်းအဖြစ် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွက် အောက်ပါ**မူဝါဒ**များကို ချမှတ်ခဲ့ပါသည်-

(က) ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးသည့် အရေးကြီး သော စီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး၊

(ခ) တိုင်းရင်းသား အားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်း စောင့်ရှောက်ပြီး

ရေရှည်တည်တံ့ခိုင်မြဲစေသည့် ခရီးသွားလုပ်ငန်းအဖြစ် စနစ်တကျ အဆင့်ဆင့် အကောင် အထည်ဖော် ဆောင်ရွက်ရေး၊

(ဂ) ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရန်လိုအပ်သည့် ကူညီမှုများပေးရေး၊

(ဃ) ခရီးသည် ဝင်/ထွက် မှုစနစ်တကျ လွယ်ကူအဆင်ပြေစေရေး၊

(င) ခရီးသည်များ သွားလာရာတွင် လွယ်ကူအဆင်ပြေ စေရေးအတွက် ခရီးသွား ဆိုင်ရာ သယ်ယူ ပို့ဆောင်ရေးယာဉ် များ စနစ်တကျဖြစ်စေရေး၊

(စ) ဟိုတယ်နှင့်စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားစေရေး၊

(ဆ) ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးနှင့်ရေရှည် တည်တံ့ခိုင်မြဲ အောင် ထိန်းသိမ်းရေး၊

(ဇ) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ နှင့်ညီညွတ်မျှတစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဈ) ခရီးသွားလုပ်ငန်းသည် ဒေသတွင်းနှင့် နိုင်ငံတကာ ကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်ရေးတွင် သော့ချက်ကျသော အခန်းကဏ္ဍမှ ပါဝင်စေရေး၊

(ည) ခရီးသွားလုပ်ငန်းဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရည်မှန်း ချက်များဖြစ်သော ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ ကျား/မ တန်းတူ အခွင့် အရေး ရရှိရေး၊ အမျိုးသမီးများအား ထောက်ပံ့ ကူညီရေးနှင့်ရေရှည် တည်တံ့ သော ဖွံ့ဖြိုးတိုးတက်ရေးများကို ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်နိုင် ရေး အတွက် အထောက် အပံ့ပြုစေရေး၊

(ဋ) အာဆီယံစီးပွားရေး အသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီ ရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှု ဆိုင်ရာ ပညာ အရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံ အဆောက်အဦများ ဖွံ့ဖြိုး တိုးတက်ရေး၊ အပြန်အလှန် ကူးလူးဆက်နွယ်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပုဂ္ဂလိကကဏ္ဍ ပိုမို ပူးပေါင်း ပါဝင်ရေး တို့ကို ခရီးသွားလုပ်ငန်းဖြင့်အထောက်အကူပြု စေရေး၊

(ဌ) အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ပြီး၊ အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရန် စာချုပ်များ ချုပ်ဆို၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

၁၉၅။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း မူဝါဒများ အကောင်အထည်ဖော်ဆောင် ရာတွင် အောက်ပါ လုပ်ငန်းစဉ် များကို ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း ဆောင်ရွက်မည်၊

(ခ) အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မည်၊

(ဂ) ဂျီအမ်အက်စ်နှင့် ပူးပေါင်းဆောင်ရွက်မည်၊

(ဃ) ဘင်းစတက်တွင် ပါဝင်ဆောင်ရွက်မည်၊

(င) ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးတွင် ပါဝင် ဆောင်ရွက် မည်၊

(စ) ပစိဖိတ်၊ အာရှခရီးသွားလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်၊

(ဆ) နယ်စပ် ဝင်ပေါက်များနှင့် အထူးစီးပွားရေးဇုန်များတွင် ရုံးခွဲများ တိုးချဲ့ ဖွင့်လှစ်၍ ခရီးသွား လုပ်ငန်းမှ ဂင်ငွေတိုးတက်ရရှိရေး ဆောင်ရွက်မည်၊

(ဇ) အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ၊ ခရီးသွားအေဂျင်စီများနှင့် ဆက်သွယ် ၍ ဝင်ငွေ တိုးတက်ရေး ဆောင်ရွက်မည်၊

(ဈ) နယ်စပ် ဂင်/ထွက် ပေါက်များတွင်ခရီးသည်များ ဂင်/ထွက်မှု လွယ်ကူ အဆင် ပြေစွာ သွားလာနိုင်ရန် ဝန်ဆောင်မှု အပြည့်အဂ ပေးခြင်းဖြင့် ဂင်ငွေ ပိုမို တိုးတက် ရရှိရေး ဆောင်ရွက်မည်၊

(ည) အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၌ ပြည်ပဧည့်သည်များအတွက် သတင်း နှင့် ပြန်ကြားရေး ကောင်တာများ ဖွင့်လှစ်ဆောင်ရွက်မည်၊

(ဋ) ပြည်ပဧည့်သည်များ တည်းခိုမှု အဆင်ပြေစေရန် နှင့် ဒေသခံများ အလုပ် အကိုင် အခွင့်အလမ်းများ ရရှိ၍ ကျေးလက်လူမှု စီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ သဘာဝ ပတ်ဂန်းကျင် ထိန်းသိမ်းရေးစသည့် လုပ်ငန်းများအတွက် အကျိုး ပြုစေရန် မြန်မာနိုင်ငံ အတွင်း အောက်ပါ တိုင်းဒေသကြီး/ ပြည်နယ် များတွင် ဟိုတယ် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင် ရွက်ပါမည်-

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး။ | တိုင်းဒေသကြီးအတွင်း၊ |
| (၂) | မန္တလေးတိုင်းဒေသကြီး။ | တိုင်းဒေသကြီးအတွင်း၊ |
| (၃) | တနင်္သာရီတိုင်းဒေသကြီး။ | မြိတ်၊ ကော့သောင်းဒေသ၊ |
| (၄) | ဧရာဝတီတိုင်းဒေသကြီး။ | ငွေဆောင်၊ ချောင်းသာဒေသ၊ |
| (၅) | ရှမ်းပြည်နယ်(အရှေ့)။ | ကျိုင်းတုံ၊တာချီလိတ်ဒေသ၊ |

(၆) ရှမ်းပြည်နယ်(တောင်)။ တောင်ကြီး၊အင်းလေးဒေသ၊
(၇) ရှမ်းပြည်နယ်(မြောက်)။ မူဆယ်ဒေသ၊
(၈) မွန်ပြည်နယ်။ ကျိုက်ထီးရိုး၊မော်လမြိုင်ဒေသ၊
(၉) ကရင်ပြည်နယ်။ ဘားအံ၊ မြဝတီဒေသ၊
(၁၀) ရခိုင်ပြည်နယ်။ ငပလီ၊မြောက်ဦးဒေသ၊

၁၉၆။ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာ အစီအစဉ်(ATSP 2011-2015) တွင် ပါရှိသော လုပ်ငန်းစဉ်များအား အာဆီယံ အဖွဲ့ဝင်နိုင်ငံများ နှင့်အတူ ဆောင်ရွက်ခြင်း၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သော အာဆီယံ ခရီးသွား လုပ်ငန်းဖိုရမ် (ATF- 2013) တွင် မြန်မာနိုင်ငံမှ ပြခန်းပါဝင် ပြသပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား မြှင့်တင် ကြော်ငြာခြင်း၊ (၁၇.၅.၂၀၁၃) မှ (၂၂.၅.၂၀၁၃) ရက်နေ့ အထိ လာအိုနိုင်ငံ ပါဆေးမြို့တွင် ကျင်းပခဲ့သော အာဆီယံ ခရီးသွား လုပ်ငန်းအဖွဲ့များနှင့် ကော်မတီ အစည်းအဝေး များတွင်အာဆီယံ ခရီးသွားလုပ်ငန်း ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌရာထူး ကို လက်ခံရယူ ဆောင်ရွက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၉၇။ GMS Tourism Website အား နောက်ဆုံး အခြေအနေ နှင့်ကိုက်ညီ အောင် ပြုစု၍ ASEAN Tourism Website နှင့်ချိတ်ဆက်၍ ခရီးစဉ် ဒေသ၊ ယဉ်ကျေးမှု အမွေအနှစ်များ နှင့် ရိုးရာ ပွဲတော်များကို မြှင့်တင် ကြော်ငြာ နိုင်ခဲ့ပါသည်။

၁၉၈။ ဘင်းစတက်တွင်ပါဝင်ဆောင်ရွက်မှုအနေဖြင့် တတိယအကြိမ် ဧရာဝတီ- ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ နိုင်ငံများ၏ ခရီးသွား လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ယဉ်ကျေးမှုနှင့် အမွေအနှစ်ဆိုင်ရာ ခရီးစဉ် ဒေသ များကို ပူးတွဲ မြှင့်တင်ရန် ပူးတွဲ ချစ်ကြည်ရေး ခရီးစဉ်တစ်ရပ်ကို မြန်မာနိုင်ငံမှ ညှိနှိုင်းရေး နိုင်ငံအဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၉၉။ ဆဋ္ဌမအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(CLMV) ထိပ်သီး အစည်း အဝေးကို လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌(၁၂.၃.၂၀၁၃) ရက်နေ့ တွင် ကျင်းပခဲ့ပြီး၊ အချက်(၆)ချက်ပါ ဗီယင်းကျန်းကြေငြာချက်ကို ထုတ်ပြန် ခဲ့ပြီး ဦးစားပေး ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ ၎င်းတို့မှာ သတင်းအချက် အလက် နှင့် အတွေ့အကြုံဖလှယ်ရေး၊ ပူးတွဲ ခရီးသွားလုပ်ငန်း ဆွဲဆောင်မှုများ မှ တစ်ဆင့် အပြန်အလှန် ကူးလူး ဆက်သွယ်မှုများ မြှင့်တင်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှု အရည်အသွေး မြှင့်တင်ရေး၊ စံနှုန်းသတ်မှတ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင် ရေး၊

ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊" လေးနိုင်ငံခရီးစဉ် ဒေသတစ်ခု " လှုပ်ရှားမှုအတွက် ပူးပေါင်း မြှင့်တင်ရေးတို့ဖြစ်ပါသည်။

၂၀၀။ မြန်မာ့ခရီးသွားလုပ်ငန်းမှ နယ်စပ် ဝင်ပေါက်များဖြစ်သော မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မူဆယ်၊ မြစ်ကြီးနား နှင့် ဇန်းမော်မြို့များတွင် ခရီး သွားလုပ်ငန်းရုံးခွဲများကို ဖွင့်လှစ်ထားရှိ ပြီး ကမ္ဘာလှည့်ခရီးသည်များကို သတင်း အချက်အလက်များ ဖြန့်ဝေခြင်း၊ ခရီးစဉ်ရောင်းချပေးခြင်း၊ ခရီးစဉ် မြေပုံများနှင့် လက်ကမ်းစာစောင်များ အခမဲ့ပေးခြင်း နှင့်အတူ ဝင်ကြေးငွေများ ကောက်ခံခြင်းနှင့် ဧည့်သည် အဝင်/ အထွက် စာရင်းများ ပြုစုခြင်းနှင့် ခရီးသည်အသစ် ရှာဖွေဖော် ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။


၂၀၁။ မြန်မာ့ခရီးသွားလုပ်ငန်းအနေဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည် ဆိုင်ရာ လေဆိပ်များ အပါအဝင် အလားအလာရှိသော နေရာများတွင် သတင်းပြန်ကြားရေးကောင်တာ (၁၉)ခု ဖွင့်လှစ်ထားရှိပြီး၊ နိုင်ငံခြားသား ဧည့်သည်များအား ဟိုတယ် အခန်း ကြိုတင်စီစဉ်ပေးခြင်း၊ လေယာဉ်လက်မှတ် ရောင်းချပေးခြင်း၊ မော်တော်ယာဉ် ငှားရမ်းခြင်း နှင့် ဧည့်လမ်းညွှန်ဝန်ဆောင်မှုပေးခြင်း၊ ခရီးစဉ်ရောင်းချခြင်းတို့ဖြင့် ဝင်ငွေ တိုးတက်ရရှိ ရေး ဆောင်ရွက်ခဲ့ပါသည်။

၂၀၂။ မြန်မာ့ခရီးသွားလုပ်ငန်းမှ အပြည်ပြည် ဆိုင်ရာလေကြောင်းလိုင်းများနှင့် ချိတ်ဆက် ၍ Inbound/ Outbound Tour Package Tour ခရီးစဉ်များ စီစဉ်ဆောင်ရွက်လျက်ရှိ ပါသည်။ ၎င်းအပြင် Website မှတဆင့် နိုင်ငံတကာခရီးသွား အေဂျင်စီများနှင့် ချိတ်ဆက် ၍ ခရီးစဉ်များ စီစဉ်ခြင်း၊ ရောင်းချခြင်းများဖြင့် ဌာနဝင်ငွေ တိုးတက် ရေး စီမံဆောင်ရွက် ခဲ့ပါသည်။

၂၀၃။ ဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ အင်းလေးဒေသ ညောင်ရွှေမြို့နယ် အင်ကြင်းကုန်း ကျေးရွာအနီး အင်းလေး အရှေ့ကြိုးဝိုင်းမှ မြေ (၃၂၈.၅၂) ဧကအပေါ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီး ဖော်ထုတ်၍ ဟိုတယ်စီမံကိန်း တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ ၎င်းအပြင် မန္တလေးတိုင်း ဒေသကြီးရှိ မန္တလေးမြို့ အနီးတဝိုက် နှင့် ပုဂံဒေသတို့တွင်လည်း ဟိုတယ်ဇုန်များ ဖော်ထုတ်ရန် တိုင်းဒေသကြီး အစိုးရ အဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါ သည်။

၂၀၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ဧပြီလမှမတ်လ) တစ်မျိုးသား လုံး၏ ပြည်တွင်းအသားတင် ဝန်ဆောင်မှုတန်ဖိုးတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၇၈၅၄၄.၅ သန်း

ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းထားသည့် တန်ဖိုးကျပ် ၁၀၂၆၇၇၃.၃ သန်းအပေါ် ၁၀၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ၂၀၁၀– ၂၀၁၁ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ယခင်နှစ် အပေါ် ၁၄.၉ ရာခိုင်နှုန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ်ခဲ့ပါသည်။




**လူမှုရေးနှင့်စီမံခန့်ခွဲရေး**

၂၀၅။ **ပြည်ထဲရေးဝန်ကြီးဌာန**။ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရန် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ကာကွယ် စောင့်ရှောက်ရေး အပါအဝင် မူဝါဒ(၄)ချက်ကို ချမှတ်လျက် ရှိပါသည်။

၂၀၆။ အထက် မူဝါဒကို လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး၊ ဖွဲ့စည်းမှုဆိုင်ရာ နှင့် အုပ်ချုပ်မှုစနစ် မှန်ကန်ရေးတို့ အပါအဝင် လုပ်ငန်းစဉ်(၄၅)ချက်ကို ချမှတ်ခဲ့ပြီး၊ ထိုလုပ်ငန်းစဉ်များကို အောက်ပါ အတိုင်း အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ဥပဒေပုဒ်မ ၅(က) အရ “လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဗဟို အဖွဲ့”ကို ပြင်ဆင် ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေအရ အရေး ယူခဲ့သော အမှုပေါင်း(၉၅)မှုရှိပြီး၊ လူကုန်ကူး ခံရသူ (၂၅၆)ဦး၊ တရားမဝင် ရွှေ့ပြောင်း သွားလာသူ (၁၁၈၆) ဦး တို့ကို (၂၀၁)ကြိမ် အသိပညာ ပေး၍ နေရပ်သို့ ပြန်လည် စေလွှတ်နိုင်ခဲ့ပါ သည်။

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့သည်၊ ဘိန်းခင်း ၃၀၁၅၉.၄၇ ဧကကို ဖျက်စီး ခြင်း၊ မူးယစ် ဆေးဝါး (၃၈)မျိုး၊ အမှုပေါင်း ၃၉၈၈ မှု တွင် တရားခံစုစုပေါင်း (၅၆၅၀)ဦး ဖမ်းဆီး ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့သည် နိုင်ငံကူးလက်မှတ် လျှောက်ထား သူများကို အခြားအာဆီယံနိုင်ငံများ နည်းတူ နိုင်ငံကူး လက်မှတ် အမျိုးအစား အားလုံးကို သက်တမ်း(၅)နှစ် ထုတ်ပေးလျက် ရှိပါသည်။ မြန်မာ နိုင်ငံကူး လက်မှတ် လျှောက်ထားရာတွင် လျှောက်လွှာ ပုံစံများ ဖြည့်သွင်းရေး လုပ်ငန်း အဆင့်များကို လျော့ချ ပေးခဲ့ပါသည်။

(ဃ) နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး၊ နယ်မြေဒေသ အလိုက်နှင့် ကဏ္ဍအလိုက် စွမ်းဆောင်ရည်များ ရွေးချယ်တင်ပြ ပေးနိုင် ရေးအတွက် မြို့ပြ၊ ကျေးရွာအဆင့် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ဆုချီး မြှင့်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ယင်းအဖွဲ့မှ အမှတ်ပေး စည်းမျဉ်းများရေးဆွဲရေးကို လည်းကောင်း၊ မြို့ပြ၊ ကျေးရွာ အဆင့် ဖွံ့ဖြိုး တိုးတက်မှု အကောင်းဆုံးနှင့် စိုက်ပျိုး၊ မွေးမြူရေး ဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်း ကော်မတီ များအနေဖြင့် တာဝန်ယူပြီး အစည်း အဝေးများ ပြုလုပ် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။

(င) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သောင်းကျန်း သူ လှုပ်ရှားမှု တွင် (၅၂၉)ကြိမ် လှုပ်ရှားမှုရှိခဲ့ပြီး ၊ ထူးခြား လှုပ်ရှားမှု များ အနေဖြင့် မိုင်းထောင် ဖောက်ခွဲမှု (၁၉၄)ကြိမ်၊ ပစ်ခတ်သတ်ဖြတ်မှု (၁၉၅)ကြိမ်၊ မီးရှို့ ဖျက်ဆီးမှု (၁၇)ကြိမ်၊ မိုင်းနင်းမိမှု (၉၈)ကြိမ်၊ မိုင်း တွေ့ရှိမှု (၂၅)ကြိမ် ဖြစ်ပွားခဲ့ပြီး မိုင်း (၂၇)လုံး ရရှိခဲ့ ပါသည်။

(စ) ဆင်ဆာမဲ့ဗွီဒီယို ဖမ်းဆီးရမိမှုများအနေဖြင့် ဖမ်းဆီးအရေးယူမှု ပေါင်း (၁၃၉၃) မှု၊ တရားခံ (၁၃၅၆)ဦး၊ ဆင်ဆာမဲ့အခွေ (၁၆၅၁၂၄၁) ချပ်၊ တန်ဘိုး ကျပ် (၄၉၅.၄) သန်း ဖမ်းဆီး အရေးယူခဲ့ပါသည်။

(ဆ) အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ(မူကြမ်း) ရေးဆွဲရေး ကော်မတီကို သက်ဆိုင်ရာ ဌာနများ ပါဝင်သောအဖွဲ့ဝင်(၂၁)ဦးဖြင့် ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါ သည်။

(ဇ) ဖွဲ့စည်းခြင်းဆိုင်ရာတွင် ရေကြောင်းရဲတပ်ဖွဲ့အသစ်၊ လေကြောင်း ရဲတပ်ဖွဲ့ အသစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများ ပြင်ဆင်တိုးချဲ့ခြင်း၊ ခရိုင်အဆင့် ရဲတပ်ဖွဲ့မှူးရုံးများ အသစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်(၃)ခု နှင့်နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်းတွင် ရဲစခန်းများ အသစ်တိုးချဲ့အဆင့် တိုးမြှင့်ခြင်း၊ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးများ ပြင်ဆင်ပြောင်းလဲခြင်း၊ အမြန်လမ်းမကြီး ကွပ်ကဲမှုရုံး နှင့် ရဲစခန်းများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရထားရဲတပ်ဖွဲ့ တိုးချဲ့ ဖွဲ့စည်းခြင်း၊ ယာဉ်ထိန်းရဲ တပ်ဖွဲ့ ပြင်ဆင် တိုးချဲ့ခြင်း၊ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေး တပ်ဖွဲ့အသစ် တိုးချဲ့ခြင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ လုံခြုံရေးရဲတပ်ဖွဲ့အသစ် တိုးချဲ့ဖွဲ့စည်း ခြင်း၊ မှုခင်းရဲတပ်ဖွဲ့ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခြင်း၊ သတင်းရဲ တပ်ဖွဲ့အင်အား တိုးချဲ့ဖွဲ့စည်းခြင်း၊လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အသစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ရဲတပ်ရင်းအသစ် တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို ဖွဲ့စည်းမိန့် ထုတ်ပြန် ဆောင်ရွက်ခဲ့ ပါသည်။

(ဈ) အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် မှုခင်းဆိုင်ရာတွင် အမှု စုစုပေါင်း (၉၁)မှု ရှိပြီး၊ (၈၁)မှု ပြီးပြတ်ခဲ့သဖြင့် ပြီးပြတ်သည့် အမှု ရာခိုင်နှုန်းမှာ (၈၉.၀၁%) ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာရရှိမှုတွင် စုံစမ်းမှုမှ သိမ်းဆည်း ရမိသည့်တန်ဖိုးမှာ ကျပ်(၁၄.၄) သန်းကျော်ဖြစ်ပြီး ၊ တရားရုံး မှ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းသည့် တန်ဖိုးမှာ ကျပ် (၅၀၃.၁) သန်းကျော်နှင့် တရားရုံးမှ တပ်ရိုက်သည့်ဒဏ်ငွေမှာ ကျပ် (၁.၄) သန်း ဖြစ်ပါသည်။

(ည) အကျဉ်းဦးစီးဌာနအနေဖြင့် ၂၀၁၂ခုနှစ်၊ အကျဉ်းထောင်များ ဥပဒေ (မူကြမ်း)ကို အပြီးသတ်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ကျင့်ထုံး ၄၀၁(၁)အရ နိုင်ငံသား အကျဉ်းသား (၈၀၆၀)ဦး နှင့် နိုင်ငံခြားသား အကျဉ်းသား (၄၉၅)ဦး လွတ်မြောက် ခဲ့ပါသည်။

(ဋ) မီးသတ်ဦးစီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားခဲ့သော မီး လောင်မှု အမျိုးအစား (၆)မျိုးတွင် မီးလောင်မှုပေါင်း (၁၄၄၇)ကြိမ် ဖြစ်ပွား ခဲ့ပြီး၊ ဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် (၇၃၉.၂၆) သန်းခန့် ဖြစ်ပါသည်။ မီးဘေး ကာကွယ်တားဆီး ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းမှုမှာ တိုင်းဒေသကြီး/ပြည်နယ် အဆင့် (၁၄)ဖွဲ့၊ ခရိုင် အဆင့်(၅၉)ဖွဲ့၊ မြို့နယ် အဆင့်(၁၁၇)ဖွဲ့၊ ရပ်ကွက် အဆင့် (၂၂၆၂)ဖွဲ့၊ ကျေးရွာ အဆင့် (၅၇၃၀)ဖွဲ့၊ စုစုပေါင်း (၈၃၈၂)ဖွဲ့ ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၂၀၇။ **ကာကွယ်ရေးဝန်ကြီးဌာန**။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို ကာကွယ်စောင့်ရှောက် ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်နှင့်အညီ ထိုတာဝန်များကို ထမ်းဆောင်နိုင်သည့် တပ်မတော်ဖြစ်ရန် အပါအဝင် မူဝါဒ(၂)ရပ် ကိုချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၈။ အထက်ပါမူဝါဒကို ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံထားသော တပ်မတော်စက်ရုံ ၊ အလုပ်ရုံများတွင် လည်ပတ်သုံးစွဲလျက်ရှိသော သာမန်အသုံးစရိတ်( Current Budget) သည်လည်း စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်သလောက် နိုင်ငံခြားမှ နှစ်စဉ်ဝယ်ယူသုံးစွဲ နေရသည့်စစ်ပစ္စည်းများ၏ ကုန်ကျစရိတ်ကို လျော့ချနိုင်ပြီး ကာကွယ်ရေး အသုံးစရိတ်ကိုလည်း လျော့ချသုံးစွဲနိုင်မည် အပါအဝင် လုပ်ငန်းစဉ်(၄)ခုကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုလုပ်ငန်းစဉ်များကိုအောက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) ကာကွယ်ရေးဌာန၏ ရငွေတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွက် ကျပ် (၇၉,၀၈၄.၈၁၆) သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် အကောင်အထည်ဖော်မှု ရာခိုင်နှုန်း (၁၀၄.၅၈%) ရရှိခဲ့ပါသည်။ ပစ္စည်းများရောင်းရငွေ၊ တပ်မတော်ပုံနှိပ် လုပ်ငန်းမှရငွေ၊ မြဝတီရုပ်/သံတွင် ကြော်ငြာခရရှိခဲ့မှုနှင့် တပ်မတော်စက်ရုံ/ အလုပ်ရုံ များ မှ ထုတ်ကုန်ပစ္စည်းများ ပြင်ပသို့တိုးမြှင့်ရောင်းချနိုင်ခဲ့ ခြင်းဖြစ်ပါသည်။

(ခ) ၂၀၁၂- ၂၀၁၃ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးဌာန၏ တပ်မတော်(ကြည်း၊ရေ၊ လေ) တစ်ရပ်လုံးရှိ လိုအပ်သော အုပ်ချုပ်မှု၊ အဆောက်အဦဆောက်လုပ်ရေး၊ လမ်းတံတားများ တည်ဆောက်ရေးတွင် ကျပ်(၄၉၉,၉၀၁.၈၀၅) သန်းဖိုး အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ အကောင်အထည်ဖော်မှု ရာခိုင်နှုန်း (၁၄၉.၁၂%) ရရှိခဲ့ပါသည်။

(ဂ) တပ်မတော်စက်ရုံများ အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် (၆၁,၆၇၉.၃၉၃) သန်းဖိုး ထုတ်လုပ်နိုင်ခဲ့သဖြင့် (၇၇.၆၁%) အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

၂၀၉။ **နယ်စပ်ရေးရာဝန်ကြီးဌာန**။ မူဝါဒများချမှတ် ဆောင်ရွက်ရာ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲနွမ်းပါးမှုလျော့ ချရေးလုပ်ငန်းစဉ်(၈)ရပ်နှင့်အညီကျေးလက် လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ပေးရန် အပါအဝင် မူဝါဒ(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၁၀။ အထက်ပါမူဝါဒများကို ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး

ဗဟိုကော်မတီမှ အတည်ပြုချမှတ်ပေးထားသော နှစ်တိုနှစ်ရှည်စီမံကိန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း အပါ အဝင်(၁၆)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၁၁။ ထိုလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း (၆၅၆/၁.၅)မိုင်၊ ကွန်ကရစ်တံတား (၅၆)စင်း၊ ရေပြွန်(၄၁၂)ခု အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ နယ်စပ်ဒေသ များတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (၂၉) ကျောင်း ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိပါသည်။ လူငယ်သင်တန်းကျောင်းများမှ အထက်တန်း အောင်မြင်သော ကျောင်းသားများအား ဒီဂရီကောလိပ်များသို့ တက်ရောက်နိုင်ရေး ဆောင်ရွက်၍ အဆင့်မြင့် ပညာရပ်များ သင်ကြားပေးလျက်ရှိပါသည်။ နယ်စပ်ဒေသ များတွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (၃၆)ကျောင်း ဖွင့်လှစ်၍ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများ ထူထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် နယ်စပ်ဒေသများတွင် နယ်စပ်ဒေသတိုင်းရင်း သားလူငယ်များ စက်မှုလက်မှုသင်တန်း ကျောင်း (၂)ကျောင်းဖွင့်လှစ်၍ ဒေသတွင်း ကျွမ်းကျင်လုပ်သားများ ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ပေး ခဲ့ပါသည်။

၂၁၂။ **နိုင်ငံခြားရေးဝန်ကြီးဌာန။** အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရန် နယ်နိမိတ် သတ်မှတ်ခြင်းများအား ဆောင်ရွက်ရေးနှင့် မိမိနိုင်ငံတော်၏ အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ် စောင့်ရှောက်ရေးအပါအဝင် မူဝါဒ(၂)ရပ် ချမှတ်ဆောင်ရွက် လျက်ရှိပါသည်။

၂၁၃။ အထက်ပါမူဝါဒများအရလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာတွင် အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ နှင့်သော်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သော အာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ် စသော အဖွဲ့အစည်းဝင် နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ဈေးကွက် အခွင့် အလမ်း ပို၍ရရှိစေခြင်း အပါအဝင် လုပ်ငန်းစဉ်(၄)ရပ်ကို ချမှတ် ဆောင်ရွက်လျှက် ရှိပါသည်။

၂၁၄။ အစ္စလာမာဘတ်မြို့၊ မြန်မာသံရုံးအဆောက်အဦ၊ သံအမတ်ကြီးနေအိမ်၊ စစ်သံမှူး နေအိမ်နှင့် သံရုံးနှင့်စစ်သံရုံးရှိ ဝန်ထမ်းနေအိမ် ဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း၊ ပါရီမြို့၊ မြန်မာသံရုံးမှ နိုင်ငံတော်ပိုင် သံအမတ်ကြီးနေအိမ်ခေါင်မိုး အကြီးစားပြင်ဆင် မွမ်းမံ ခြင်း၊ တိုကျိုမြို့၊ မြန်မာသံရုံး အမိုးလှေခါးနံရံများ၊ မြေညီထပ် မျက်နှာကျက်၊ မီးသတိပေး စနစ်မွမ်းမံခြင်း၊ နယူးယောက်မြို့၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး အကြီးအကဲ နေအိမ်မွမ်းမံခြင်း၊ လန်ဒန်မြို့၊ မြန်မာသံရုံး အကြီးအကဲနေအိမ်၊ ဝန်ထမ်းနေအိမ်များ မွမ်းမံ ခြင်း လုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၁၅။ **ပြန်ကြားရေးဝန်ကြီးဌာန**။ ပြည်တွင်း၊ပြည်ပသတင်းများနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပြည်သူများသို့ မှန်မှန်ကန်ကန် ပြန်ကြား အသိပေး ရန် အပါအဝင် မူဝါဒ(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၁၆။ အထက်ပါမူဝါဒများကိုအကောင်အထည်ဖော်ရာတွင် မြန်မာ့မီဒီယာလောကကို အမျိုးသား အကျိုးစီးပွားအပေါ် အခြေခံသည့်စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာရေး မြှင့်တင် ကြိုးပမ်း ဆောင်ရွက်ရန်အပါအဝင်လုပ်ငန်းစဉ်(၁၉)ခုကိုချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုလုပ်ငန်းစဉ် များကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါသည်-

(က) မီဒီယာဥပဒေများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ နှင့်အညီ အသစ်ရေးဆွဲ/ ပြင်ဆင်/ ဖြည့်စွက်/ ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံချက်များကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) နိုင်ငံတော်၏မူဝါဒနှင့်အညီမြန်မာစာပေမြှင့်တင်ရေး လုပ်ငန်းနှင့်စာပေ လောကနှင့် စာပေလောကသားများ ဘဝတိုးတက်မြှင့်မားရေးအတွက် လိုအပ်သော( Media Law ) ကို ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေကြီး/ပြည်နယ်များရှိ လူစည်ကားရာနေရာများတွင် စာပေရေချမ်းစင် Book Corner များ ဖွင့်လှစ်ခြင်း၊ အင်တာနက် အသုံးပြုနိုင်ရန် Sky Net များတပ်ဆင် ပေးခြင်းနှင့် Sky Net များမှတဆင့် တိုင်းဒေကြီး/ပြည်နယ်ရုံး များ နှင့်တွဲလျက် ရှိသည့် ခရိုင်ရုံးများ၌ ပြည်သူ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက် နိုင်ရန် အတွက် Router များ တပ်ဆင်ပေးခြင်းကို ဆောင်ရွက် လျက်ရှိပါသည်။

(င) ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ (၅)ချက်နှင့်အညီ ရေရှည် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက် ခြင်း၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် စာအုပ်ငှားရမ်း ခြင်း၊ နံရံကပ်စာစောင်များ ပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နိုင်ငံ တော်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများပြသခြင်း၊ ဟောပြောပွဲ များ ပြုလုပ်ခြင်းတို့အပြင် ပညာပေး ဓာတ်လမ်းများ၊ ဖျော်ဖြေရေး ဓာတ်ကားများ ပြသခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်များတွင် e-Library များ ဖွင့်လှစ်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(စ) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ **"စာပေစိစစ်နှင့် မှတ်ပုံတင် ဌာနခွဲ"** ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် **"မူပိုင်ခွင့်နှင့်**

**မှတ်ပုံတင်ဌာနခွဲ"**အဖြစ် ၁-၄-၂၀၁၃ ရက်နေ့မှစ၍ ပြောင်းလဲ ဖွဲ့စည်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြို့နယ်ရုံးများ၌ ပုံနှိပ်စက် များ မှတ်ပုံတင်ခြင်း၊ ထုတ်ဝေခွင့်လိုင်စင်များ ပေးအပ်ခြင်း လုပ်ငန်း များကို ဆောင်ရွက် လျက်ရှိပါသည်။

(ဆ) နေ့စဉ်ထုတ်သတင်းစာများ အသွင်သဏ္ဌာန်၊ အနှစ်သာရအမြဲ တိုးတက် ရှင်သန်နေရေး၊ ရောင်စုံသတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီး သတင်း တင်ဆက်မှု ပုံစံများကို အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါသည်။

၂၁၇။ **သာသနာရေးဝန်ကြီးဌာန**။ နိုင်ငံအတွင်း နေထိုင်သော ဘာသာဝင်အသီးသီး တို့၏ ညီညွတ်ရေး ကိစ္စရပ်များ၊ ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကို ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့အောင် ဆောင်ရွက်ရေးကိစ္စများ၊ ပရိယတ္တိနှင့် ပဋိပတ္တိ သာသနာတော် စည်ပင်ထွန်းကား ပြန့်ပွားရေး ကိစ္စများ တို့ကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

(က) ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့် ဘာသာရေး အသင်းအဖွဲ့များနှင့် အနည်းဆုံး တစ်နှစ်လျှင် (၃)ကြိမ် တွေ့ဆုံခဲ့ပြီး ဘာသာရေးဆိုင်ရာ ကိစ္စများ ဆွေးနွေးခဲ့ပါသည်။

(ခ) ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကို ကမ္ဘာတစ်ဝှမ်းလုံးမှ ကြည့်ရှုလေ့လာနိုင်အောင် Website များလွှင့်တင်ခြင်း၊ e-Library အနေဖြင့် ဘာသာရေးဆိုင်ရာ စာအုပ်များ ကို အင်္ဂလိပ် မြန်မာကတ်တလောက်များ ပြုလုပ်၍ ကွန်ပျူတာဖြင့် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး Barcode ဖြင့် ဘာသာရေး ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ပိဋကတ်တော် ပါဠိကျမ်းစာများ ပုံနှိပ်ထုတ်ဝေခြင်း၊ မြန်မာဘာသာပြန်စာ မူများကို တည်းဖြတ်၍ စာမူချောပြုစုခြင်း၊ စာစီခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ သံဃအဖွဲ့ အစည်းဆိုင်ရာ စာအုပ်စာတမ်းများ ပုံနှိပ်ဆောင်ရွက်ခြင်း၊ တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုစု ပုံနှိပ်ခြင်းနှင့် အင်္ဂလိပ်ဘာသာပြန်ဆို ပုံနှိပ် ထုတ်ဝေခြင်း၊ ရှေးဟောင်းပေ၊ ပုရပိုက်၊ မင်ကူးကျောက်စာ၊ ကမ္မဝါစာချွန်တော် များ စုဆောင်းထိန်းသိမ်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၁၈။ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**။ နိုင်ငံတော် တည်တံ့ရေး၊ အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လူမျိုးမပျောက်စေရေးအတွက် နိုင်ငံသား လုပ်ငန်း၊ လူဝင်မှု ကြီးကြပ်ရေးနှင့် နိုင်ငံခြားသား ထိန်းသိမ်းရေး လုပ်ငန်းများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေတ်မီစနစ်ကျသည့် ကွန်ပျူတာ စနစ်အသုံးပြုကာ စွမ်းရည်

ထက်မြက်အောင် လူ့စွမ်းအား အရင်းအမြစ်များအား အသုံးချရန် အပါအဝင် (၂)ချက်ကို မူဝါဒချမှတ်ပါသည်။

၂၁၉။ အထက်မူဝါဒများကို အကောင်အထည်ဖော်ရန် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်း၊ နိုင်ငံ သား စိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးမှု လုပ်ငန်းအား မိုးပွင့်အဆင့် စီမံချက် ဆောင်ရွက်ခြင်းနှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း အတွက် ကြိုတင်ပြင်ဆင်ရေး အပါအဝင် လုပ်ငန်းစဉ် (၁၁)ချက်ကို ချမှတ်ထားပြီး ထို လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းသည် ရေဆိပ်စစ်ဆေးရေးအဖွဲ့မှ ဝင်ရောက် သင်္ဘော (၁၆၉၈)စီး၊ ထွက်ခွာ ၁၅၀၂ စီးကို စစ်ဆေးခဲ့ပြီး၊ ကမ္ဘာလှည့် သင်္ဘော (၉)စီး ဝင်ရောက်/ထွက်ခွာခဲ့ပြီး၊ ကမ်းဆင်းခွင့်ပြုခဲ့သော သင်္ဘောသား ၃၀၄၂၄ ဦး ရှိပါသည်။ လေဆိပ်စစ်ဆေးရေးအဖွဲ့များမှ နိုင်ငံခြားသားအဝင် ၆၄၄၅၇၆ ဦး၊ အထွက် ၆၃၃၅၂၁ ဦး၊ မြန်မာနိုင်ငံသားအဝင် ၄၂၂၀၀၉ ဦး၊ အထွက် ၄၄၀၇၄၈ ဦး ဖြစ်ပါသည်။ ON ARRIVAL VISA ထုတ်ပေးသူ ၄၉၆၅၄ ဦး၊ ကောက်ခံရရှိငွေ အမေရိကန်ဒေါ်လာ ၁.၈၈၃၄၄၄ သန်း၊ OVER STAY ဖြစ်သူ ၁၄၂၇၃ ဦး၊ ကောက်ခံရရှိငွေ အမေရိကန် ဒေါ်လာ ၀.၄၆၈၃၆၉ သန်းရရှိခဲ့ပါသည်။ နယ်စပ်နှင့် ကုန်းလမ်းမှ နိုင်ငံခြားသား ၁၄၁၁၉၄၀ ဦး ဝင်ရောက်ခဲ့ပြီး၊ မြန်မာနိုင်ငံသား ၂၈၇၅၇၂၃ ဦး ထွက်ခွာခဲ့ပါသည်။

(ခ) ပြည်ပြန်ဝင်ခွင့်ဗီဇာ ထုတ်ပေးပြီးသူ ၄၄၁၂ ဦး၊ အခွန်အခ ကင်းလွတ်ခွင့်ပြုသူ ၈၃၇ ဦး နှင့် ဆက်လက်နေထိုင်ခွင့်ပြုသည့် နိုင်ငံခြားသား ၃၃၆၆၇ဦး၊ အခွန် အခ ကင်းလွတ်ခွင့်ပြုထားသူ ၂၀၉၆ ဦး တို့ဖြစ်ပါသည်။

(ဂ) တည်ဆဲမြန်မာနိုင်ငံသား ဥပဒေအရ ဧည့်နိုင်ငံသား လက်မှတ်နှင့် ဧည့်နိုင်ငံ သား စိစစ်ရေးကဒ်ပြား စုစုပေါင်း (၇၀၈) ဦး ၊ နိုင်ငံသားပြုခွင့် လက်မှတ်နှင့် နိုင်ငံသား ပြုခွင့် စိစစ်ရေးကဒ်ပြား စုစုပေါင်း ၃၀၀၀ ဦးတို့အား ထုတ်ပေး ခဲ့ပါသည်။ နိုင်ငံခြားသား မှတ်ပုံတင် လုပ်ငန်းအနေဖြင့် အသက်(၁၈)နှစ် ပြည့်၍ နိုင်ငံခြားသား အဖြစ် မှတ်ပုံတင်ပေးခဲ့သူ ၁၀၇ ဦးရှိသဖြင့် စုစုပေါင်း မှတ်ပုံတင်ထားသူ ၁၈၁၆၇၉ ဦးရှိပါသည်။ အသက်(၁၂) နှစ်အထက် ၊ အသက် (၁၈)နှစ် မပြည့်သေးသည့် ပုံစံ (ကက) ကိုင်ဆောင်ပြီး လက်ရှိနေထိုင်သူ ၆၄၅၈ ဦး၊ စုစုပေါင်း ၄၅၀၈၂ ဦး မှတ်ပုံတင်ခဲ့ပါသည်။ အသက်(၁၂)နှစ် အောက် နိုင်ငံခြားသား ကလေး စုစုပေါင်း ၁၇၀၁၈ ဦးရှိပါသည်။ပြည်ပြန်ဝင် ခွင့်ဗီဇာဖြင့် ပြန်လည်

ဝင်ရောက်လာပြီး ပဏာမ မှတ်ပုံတင် ပြုလုပ် ပေးသူ ၅ ဦးရှိပါသည်။ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကဒ်ပြား ထုတ်ပေးရေးလုပ်ငန်း အား မိုးပွင့်စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း ဆောင်ရွက်ပေးနိုင်မှုမှာ ၄၁၅၁၅၇ ခု ဖြစ်ပြီး ဥပဒေနှင့်အညီ အသက်အရွယ် အလိုက် ကိုင်ဆောင်သည့် ကဒ်ပြား တစ်မျိုးမျိုး ထုတ်ပေးနိုင်မှုမှာ ၂၄၉၃၆၁၃ ဦး ဖြစ်ပါသည်။

(ဃ) ၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၂ ၊ ၄၃ ၊ ၄၅ နှင့် အကျုံးဝင်သူ ၆၂၇ ဦး ကို မြန်မာနိုင်ငံသား ဗဟိုအဖွဲ့ စုံညီအစည်းအဝေး (၂/၂၀၁၂) ဆုံး ဖြတ်ချက်အရ နိုင်ငံသား ပြုခွင့်ရသူလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ ပါသည်။

(င) ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည့်မြို့နယ်(၂၀)မှ လူဝင်မှုကြီးကြပ်ရေး နှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးများ၊ဆရာ/ဆရာမ နှင့် အဖွဲ့အစည်း များမှစာရင်းကောက် များအား သင်တန်းပို့ချခြင်း၊ လုပ်ငန်းသင်္ကေတစာရင်း များ ပြုစုခြင်းလုပ်ငန်း၊ ကောင်းကင် မြေပုံများ ရရှိရန် Google Earth Software မြေပုံသင်တန်း ပို့ချခြင်းကို ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းနှင့်ပတ်သက်၍ Tabulation Plan(မူကြမ်း)ရေးဆွဲလျက်ရှိပါသည်။ ၂၀၁၄ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ ပါသန်းခေါင်စာရင်းကောက် ယူခြင်း လုပ်ငန်းအတွက် စာရင်းစစ်၊စာရင်းကောက် ညွှန်ကြားချက်လက်စွဲစာစောင်အချော‌ပြုစုပါသည်။

၂၂၀။ **အားကစားဝန်ကြီးဌာန**။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရေးအတွက် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင် လာစေရန် အမျိုးသား အားကစားလှုပ်ရှားမှုများကို အဆင့်ဆင့် နှစ်အလိုက် တိုးမြှင့် ဆောင်ရွက်သွားရေး အပါအဝင် မူဝါဒ(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၂၁။ အထက်မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်မှု အထူးလိုအပ်သော အားကစားနည်းများအတွက် သက်တမ်းလိုက် အားကစားပြိုင်ပွဲများကို မြို့နယ်၊ ခရိုင်၊ တိုင်း ဒေသကြီးနှင့်ပြည်နယ်၊ဗဟိုအဆင့်များပြုလုပ်ပြီး လူငယ်သွေးသစ်၊ မျိုးဆက်သစ်အားကစား သမားများကို ရွေးချယ်ခြင်း အပါအဝင် လုပ်ငန်းစဉ်(၇) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါ သည်။

၂၂၂။ ထိုလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိ ရာတွင် ပြည်တွင်းအားကစားပြိုင်ပွဲများ အဖြစ်၂၀၁၃ ခုနှစ်၊ မတ်လကုန်အထိပြိုင်ပွဲ အရပ်ရပ်

စုစုပေါင်း (၈၅)ပွဲ ကျင်းပခဲ့ပါသည်။ ဒုတိယအကြိမ် Champion Challenge Cup 2012 ပြိုင်ပွဲများအဖြစ် စုစုပေါင်း ပြိုင်ပွဲ (၂၉) ပွဲကျင်းပ ပြုလုပ်ပြီး မျိုးဆက်သစ်အားကစားသမား (၄၅၃)ဦး ရွေးချယ်နိုင်ခဲ့ပါသည်။ နိုင်ငံ တကာ အားကစားပြိုင်ပွဲ(၄၅)ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့ပါသည်။အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲ (၁၀)ပွဲကျင်းပခဲ့ပါသည်။ ပြည်ပနိုင်ငံများသို့လည်း ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် အားကစားသမား စုစုပေါင်း (၂၀၄)ဦး စေလွှတ်ခဲ့ပါသည်။ နိုင်ငံခြားနည်းပြဆရာ(၆၉)ဦးကိုလည်း ငှားရမ်းပြီး လေ့ကျင့်စေလျက် ရှိပါသည်။ တရုတ်နိုင်ငံမှ နှစ်နိုင်ငံနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ နည်းပြ (၂၈)ဦးမှလည်း အားကစားနည်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ နိုင်ငံတကာ ပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများအတွက် နေပြည်တော်တွင် အုပ်ချုပ်/ နည်းပြ၊ အားကစားသမားစုစုပေါင်း(၉၄၄)ဦးနှင့် ရန်ကုန်မြို့တွင် အုပ်ချုပ်/ နည်းပြ၊ အားကစားသမား စုစုပေါင်း (၆၂၆)ဦးကို စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပါသည်။ ၂၀၁၃ခုနှစ် အရှေ့ တောင် အာရှ ဆီးဂိမ်း အားကစား ပြိုင်ပွဲကြီးကိုလည်း အိမ်ရှင်အဖြစ် အားကစားနည်း (၃၃) နည်းအားရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ငွေဆောင်ကမ်းခြေတို့တွင်(၄)နေရာ ဖြန့်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပါသည်။ အိမ်ရှင်နိုင်ငံအဖြစ် အဆင့်အတန်းမီ စွာကျင်းပနိုင်ရေး နှင့် ဆုတံဆိပ်များ ဆွတ်ခူးပြီး အောင်မြင်မှုရစေရေးအတွက် ခေတ်မီအားကစားကွင်း /ရုံများ ကို တည်ဆောက်ခြင်း၊ ခေတ်မီလေ့ကျင့်ရေး ပစ္စည်းများ ၊ပြိုင်ပွဲသုံး ပစ္စည်းများ ဖြည့်တင်းခြင်း ၊ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ် လေ့ကျင့်ခြင်း၊ နိုင်ငံခြားသား နည်းပြများကို ငှားရမ်းလေ့ကျင့်ပေးခြင်း၊ ပြည်တွင်း/ ပြည်ပဖိတ်ခေါ် ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပြည်ပနိုင်ငံများ သို့သွားရောက် ပူးတွဲလေ့ကျင့် စေခြင်း၊ အတွေ့အကြုံ ရရှိစေရန် ဆီးဂိမ်း အကြိုဆန်းစစ်ပြိုင်ပွဲများအဖြစ် ပြည်ပနိုင်ငံများကိုဖိတ်ခေါ်ပြီး ပြိုင်ပွဲများ ကျင်းပပေးခြင်းတို့ အပြင်အားကစားသမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုပါ အပြည့်အဝဆောင်ရွက် ပေးလျက် ရှိပါသည်။

၂၂၃။ **ပညာရေးဝန်ကြီးဌာန**။ မူဝါဒများချမှတ်ဆောင်ရွက်ရာ **အခြေခံပညာရေး**တွင် ကျောင်းနေအရွယ် လူငယ်အားလုံးပညာသင်ယူခွင့်ရရှိစေရန်အပါအဝင် မူဝါဒ(၁၂)ရပ် နှင့် **အဆင့်မြင့်ပညာရေး**တွင် နိုင်ငံတော်အားအေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်နေသည့် နိုင်ငံ တော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်း ရှိသည့် ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည်မြင့်မားသည့် လူစွမ်းအား အရင်းအမြစ်ကို ဖန်တီးနိုင်ရန်အပါအဝင် မူဝါဒ(၆)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၂၄။ အထက်ပါမူဝါဒများကိုဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက် ရာ **အခြေခံပညာရေး**တွင် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုနှင့်အညီ အခြေခံပညာရေးဖွဲ့စည်း မှု နှင့်

စီမံခန့်ခွဲမှုပုံစံများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရန်အပါအဝင် လုပ်ငန်း စဉ်(၁၄)ရပ်နှင့် **အဆင့်မြင့်ပညာရေး**တွင် ပညာရပ်နှင့် ပညာ ပတ်ဝန်းကျင်ကောင်းများကို လည်းကောင်း၊ သက်ဆိုင်ရာ အရင်းအမြစ်များကိုလည်းကောင်း၊ အသုံးပြု၍ လူ့အဖွဲ့အစည်းများကတောင်းဆိုသည့် ပညာရပ်များကို ပို့ချနိုင်မည့် အစီအစဉ်များ တိုးချဲ့ဆောင်ရွက်ရန်နှင့် တည်တံ့ခိုင်မြဲ တိုးတက်နေစေရန် အပါအဝင် လုပ်ငန်းစဉ်(၉)ရပ် ကိုချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

၂၂၅။ ထိုလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာ၌ **အခြေခံပညာရေး**တွင် အခြေခံပညာအဆင့်အလိုက် ကျောင်းသား၊ ကျောင်းသူများ လွယ်ကူအဆင်ပြေစွာ ပညာသင်ယူခွင့် ပိုမိုရရှိလာစေရေးအတွက် အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ သဖြင့် ၄၂၃၈၅ ကျောင်း အထိဖွင့်လှစ်နိုင်ခဲ့ပါသည်။ နယ်စပ်ဒေသများရှိ ဒေသခံ တိုင်းရင်း သားလူငယ်များ အား အခြေခံပညာအဆင့်အလိုက် ပြီးမြောက်စေရေးအတွက် ပညာသင်နှစ် အလိုက် အခြေခံပညာကျောင်းများ ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့် ပေးခဲ့သဖြင့် ၁၁၂၆ ကျောင်း အထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မသင်မနေရမူလတန်းပညာရေး လုပ်ငန်းများကို အစပျိုးဆောင်ရွက် ခဲ့ရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် ငွေကျပ် ၇၄၅၇.၄၄ သန်းတန်ဖိုးရှိကျောင်းသုံးဖတ်စာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ် ၆ အုပ်စီအခမဲ့ ဖြန့်ဝေပေးခဲ့ပါသည်။ ၂၀၁၃-၁၄ ပညာသင်နှစ်တွင် ကျောင်းသုံးဖတ် စာအုပ် အပြည့်အစုံ နှင့် လေ့ကျင့်ခန်းစာအုပ် ၆ အုပ်စီအပြင် စာရေးကိရိယာဖိုးအတွက် ငွေ ကျပ် ၁၀၀၀ စီအခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ပါသည်။ ကျောင်းနေလာသည့် ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေး လုပ်ငန်းများကို မိဘပြည်သူများ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ပညာသင်ဆုများချီးမြှင့်ရေး အစီအစဉ်အရ အထက်တန်း ပညာသင်ဆုကို၂၀၀၀၀ ကျပ်နှုန်း ဖြင့် ၄၁၂ ဆု၊ အလယ်တန်း ပညာသင်ဆုကို ၁၀၀၀၀ကျပ် နှုန်းဖြင့် ၄၁၂ ဆုချီးမြှင့်ပေးခဲ့ပါ သည်။ ၂၀၁၃-၁၄ ပညာသင်နှစ် တွင် အထက်တန်းပညာ သင်ဆုကို ၃၀၀၀၀ ကျပ်နှုန်း၊ အလယ်တန်းပညာသင်ဆုကို ၂၀၀၀၀ ကျပ်နှုန်းဖြင့် တိုးမြှင့်သတ်မှတ်ပြီး အထက်တန်း ပညာသင်ဆု ၄၁၄ ဆု၊ အလယ်တန်း ပညာသင်ဆု ၁၀၀၂ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

၂၂၆။ ကျောင်းနေရန် အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဆက်လက် တက်ရောက်နိုင်ရေးအတွက် ပညာသင်ထောက်ပံ့ ကြေးများချီးမြှင့်ရေး အစီအစဉ်အရ မူလတန်းအဆင့်တွင် ၅၀၀၀ ကျပ်နှုန်း၊ အလယ်တန်း အဆင့်တွင် ၆၀၀၀ ကျပ်နှုန်း နှင့် အထက်တန်းအဆင့်တွင် တစ်ဦးလျှင် ၈၀၀၀ ကျပ်နှုန်းဖြင့် ၁၁၀၀၀ ဦးကို ချီးမြှင့်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်၏ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်

ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်တွင် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် ဧပြီလ ၃၀ ရက် တွင် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နည်းဥပဒေများကို ထုတ်ပြန်၍ တိုင်းဒေသကြီး/ပြည်နယ် ၉ ခုတို့တွင် ကိုယ်ပိုင် ကျောင်း ၆၆ ကျောင်းဖွင့်လှစ်ခဲ့ပါသည်။ ကလေးများ၏သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားစေရေးအတွက် နိုင်ငံတော်၏အစီအစဉ်ဖြင့် ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် လေ့ကျင့် သင်ကြားရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ဆရာ၊ ဆရာမများ ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေး အတွက် ပညာရေးကောလိပ်များ တွင် သင်တန်းသားဦးရေကို တိုးမြှင့်လေ့ကျင့် သင်ကြားပေးနိုင်ရန် အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ပညာရေးကောလိပ် အသစ် တစ်ကျောင်း ကို ၂၀၁၃-၁၄ ပညာ သင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ခက်ခဲဒေသများ၊ ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများ တွင် ၂၀၁၃-၁၄ ပညာသင်နှစ် ကျောင်းဖွင့်အမီ ဒေသခံများ ကိုနေ့စား၊လပေးဆရာ၊ဆရာမများ အဖြစ်ခန့်ထားနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ စာတတ်မြောက်ရေး လုပ်ငန်းများတွင် ဒေသခံ ဆရာ၊ ဆရာမများအပြင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကဘားအံ၊ မုဒုံ၊ ကျိုက်ထို၊ တီးတိန်၊ ချောင်းဦး၊ ရေဦး၊ တမူး၊ ရေစကြိုနှင့် ငဖဲမြို့နယ်များတွင် ပါဝင်လုပ်အားပေး ဆောင်ရွက်ခဲ့ပါသည်။ အခြေခံ ပညာရေး ဖွဲ့စည်းမှုပုံစံ ၅-၄-၂ စနစ်ကို အာဆီယံဒေသနိုင်ငံများ နှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ဖွဲ့စည်းမှု ပုံစံများနှင့် ကိုက်ညီ ပညာသင်နှစ်တစ်နှစ် တိုးချဲ့၍ လည်းကောင်း၊ ပြောင်းလဲသည့် ဖွဲ့စည်းမှုပုံစံနှင့်အညီ သင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာများ ပြန်လည်ပြုပြင် ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာန နှင့် Skynet ရုပ်သံ တို့ ပူးပေါင်းပြီး ပညာရေး Channel ၊ အဝေးသင်ပညာရေးအစီအစဉ်၊ ပညာရေး ပညာပေးအစီအစဉ်၊ တေးသရုပ်ဖော်များထုတ်လွှင့်လျက်ရှိပါသည်။မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရေဒီယိုကဏ္ဍ) မှ လည်း ကျောင်းသင်ခန်းစာများ၊ ပညာရေး အကောင်အထည် ဖော်မှုဆိုင်ရာ လမ်းညွှန်ချက် များ ကို ပုံမှန်ထုတ်လွှင့်လျက်ရှိပါသည်။

၂၂၇။ ဆက်လက်၍ လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာ၌ **အဆင့်မြင့်ပညာရေး**တွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနများရှိ တက္ကသိုလ်များသည် နိုင်ငံတကာ တက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများက အသိအမှတ်ပြုသည့် တက္ကသိုလ်ဖြစ် ရေး၊ တက္ကသိုလ်များက ချီးမြှင့်သော ဘွဲ့၊ ဒီပလိုမာ လက်မှတ်များသည် နိုင်ငံတကာ တက္ကသိုလ်များ နှင့် ပညာရေး ဆိုင်ရာအဖွဲ့အစည်းများက အသိအမှတ်ပြုသည့် ဘွဲ့၊ ဒီပလိုမာ လက်မှတ်များ ဖြစ်ရေး နှင့် တက္ကသိုလ်များက မွေးထုတ်သော ဘွဲ့ရများသည် လက်တွေ့ နယ်ပယ်ကဏ္ဍစုံ တွင် အသုံးချနိုင်သော နိုင်ငံ့အကျိုးပြု ပညာရပ်များ တတ်မြောက်သည့်

ဘွဲ့ရများဖြစ်ရေး ဦးတည်လျက် ပညာရေးပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက် လျက်ရှိပါသည်။

၂၂၈။ ပညာရေးပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ဦးစီးဌာနအဆင့်၊ ဝန်ကြီးဌာနအဆင့်၊ ဒေသန္တရအဆင့်နှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများကို ကျင်းပပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်မည့် အမျိုးသားပညာရည်ဖွံ့ဖြိုး တိုးတက်မှု နှစ်ရှည်စီမံကိန်း(အဆင့်မြင့်ပညာကဏ္ဍ)ကို ရေးဆွဲချမှတ်ကာ ဆွေးနွေးပွဲအဆင့်ဆင့်တွင် ပါဝင်ခဲ့ကြသည့်တာဝန်ရှိသူများ၊ အငြိမ်းစားပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဖွံ့ဖြိုးရေး အထောက်အကူပြု မိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်အရပ်ရပ်မှ လွှတ်တော် ကိုယ်စားလှယ်များစသည်ဖြင့် လူထုလူတန်းစား အလွှာအသီးသီးတို့၏ တစ်ညီတစ်ညွတ်တည်း ဆွေးနွေး ညှိနှိုင်းမှုဖြင့် ရှေ့လုပ်ငန်းစဉ်(၁၃) ရပ် ကို ချမှတ်နိုင်ခဲ့ပါသည်။

၂၂၉။ ပညာရေးဝန်ကြီးဌာနတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်(၄)ခုကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး တက္ကသိုလ်ဘွဲ့တန်းများ၏ ပညာသင်ကာလကို(၃)နှစ် မှ (၄) နှစ်သို့ တိုးမြှင့်ခဲ့ပါသည်။ စာသင်ကြားမှု ထိရောက်ရေးအတွက် စာသင်ခန်း တစ်ခန်းလျှင် ကျောင်းသား (၅၀) ဦးနှုန်းဖြင့် သင်ကြားနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြောင်းလဲလာ သည့် လူမှုစီးပွားရေး စနစ်များ၏ လိုအပ်ချက်နှင့်အညီ Tourism ဘာသာရပ် ဘွဲ့ သင်တန်း၊ Journalism အရည်အချင်းစစ် သင်တန်းများကို ဖွင့်လှစ်ခဲ့ပါသည်။ တိုးတက် လာသော ကျောင်းသားဦးရေနှင့်အညီ ပိုမိုလိုအပ်လာသည့် စာသင်ဆောင်များ တိုးမြှင့် တည်ဆောက်နိုင်ခဲ့ပါသည်။သုတေသနသုံးပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်း နှင့် စာကြည့်တိုက် စာအုပ်စာတမ်းများ ဝယ်ယူရေးအတွက်ဘဏ္ဍာရန်ပုံငွေတိုးမြှင့်သုံးစွဲနိုင်ခဲ့ပါသည်။

၂၃၀။ နိုင်ငံတကာအဆင့်မီတက္ကသိုလ်များဖြစ်ရေးအတွက် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ အရည်အသွေး ပြည့်မီစေရန် ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ နိုင်ငံခြားပညာတော်သင်များ၊ Joint Research, Faculty Exchange, Student Exchange စသည်များကို တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် တက္ကသိုလ်များ၌ Center of Excellence များဖွင့်လှစ်နိုင်ရေး နှင့် Joint Programme များဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ ဧည့်ပါမောက္ခများ လာရောက်ပို့ချခြင်းစသည်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အဆင့်မြင့်ပညာကဏ္ဍ၌ ပုဂ္ဂလိကအပိုင်းမှ ပါဝင်ဆောင်ရွက်နိုင်ရေး ထည့်သွင်းလျက် တက္ကသိုလ်ပညာရေး ဥပဒေကို ရေးဆွဲကာ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြထားပါသည်။ ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင် များ၊

တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည့် “ တက္ကသိုလ်ဥပဒေ ရေးဆွဲရေး ကော်မတီ” နှင့် “ ရန်ကုန်တက္ကသိုလ်အဆင့်မြင့်တင်ရေးကော်မတီ” တို့ကို လည်းဖွဲ့စည်းဆောင်ရွက် လျက်ရှိပါသည်။

၂၃၁။ **ကျန်းမာရေးဝန်ကြီးဌာန**။ ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှု ရှိသော လူမှုရေး၊ စီးပွားရေး နှင့်ပတ်ဝန်းကျင် တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက် ကောင်းမွန် ဖြစ်ပေါ်စေရေး အပါအဝင် မူဝါဒ(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ ပါသည်။

၁၁၀။ အထက်ပါမူဝါဒများကို ဆောင်ရွက်ရန် အတွက် လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ရာ မိခင်ကလေး၊ မွေးကင်းစကလေးနှင့် ဘဝသက်တမ်း တစ်လျှောက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် လုပ်ငန်းစဉ်(၂၃)ရပ်ကိုချမှတ် ဆောင်ရွက်လျက် ရှိပါသည်။ ထိုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက် လျက် ရှိပါသည်-

(က) ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူတို့၏ ကျန်းမာရေး အဆင့်အတန်း တိုးတက် မြင့်မားလာစေရေးအတွက် ရောဂါကြိုတင် ကာကွယ်ရေး၊ ကျန်းမာ ရေး အဆင့်အတန်း မြင့်တင်ရေး ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါ သည်။

(ခ) ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုတိုးတက် ကောင်းမွန်စေရေး နှင့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတစ်ဝှမ်းလုံး တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံ (၂၃)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန (၇၀)နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၈၂)ခု တို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

(ဂ) ကုသမှုအရည်အသွေး မြင့်တင်ပေးနိုင်ရန် အတွက် ပြည်သူ့ဆေးရုံ (၁၈)၏ ဖွဲ့စည်းပုံများ ပြင်ဆင်ဆောင်ရွက်ခြင်း နှင့် ဆေးရုံအဆင့်မြင့်တင်ခြင်း တွင် (၁၆) ခုတင်မှ (၂၅)ခုတင်သို့ (၁)ရုံ၊ (၂၅) ခုတင်မှ ခုတင် (၅၀)သို့ (၅)ရုံ၊ ခုတင် (၅၀)မှ ခုတင် (၁၀၀)သို့ (၄)ရုံနှင့် ခုတင် (၁၀၀)မှ ခုတင် (၂၀၀)သို့ (၁)ရုံ၊ အဆင့်မြင့်တင် ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် အခြေခံကျန်းမာရေးဝန်ထမ်းများ ကို နိုင်ငံတစ်ဝှမ်းလုံးတွင် တိုးချဲ့ခန့်ထားခဲ့ရာ ကျန်းမာရေးမှူးအဆင့်-၁(၈၀)ဦး၊ လက်ထောက်ကျန်းမာရေးမှူး (၁၄၉)ဦး၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ် (၁)(၃၇)ဦး၊ ဘက်စုံကျန်းမာရေးဝန်ထမ်း (၅၅၉)ဦး၊ တိုးချဲ့ ခန့်ထားခဲ့ပါသည်။ RHC Kit (၉၀၀)ပုံး၊ HA Kit (၁၄၅၉)ပုံးနှင့် PHS II Kit (၃၀၅)ပုံး ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ချို့တဲ့နွမ်းပါးသော ကိုယ်ဝန်ဆောင် များအတွက်

ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံမှုပိုမိုကောင်းမွန်စေရန် ဆင်းရဲနွမ်းပါး မိခင်ကလေး ညွှန်းပို့ကုသ ရန်ပုံငွေစနစ်ကို ၂၀၁၂ ခုနှစ်မှစ၍ မြို့နယ် (၂၀)တွင် အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၃ ခုနှစ်တွင် မြို့နယ် (၄၀)တွင် တိုးချဲ့ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

(ဃ) ရောဂါနှိမ်နင်းရေးလုပ်ငန်းများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄)ခု ရှိဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများတွင် ငှက်ဖျားရောဂါ ဖြစ်ပွားသည့် ပြင်ပနှင့် အတွင်းလူနာစုစုပေါင်း (၄၇၄၉၉၉)ဦး၊ နှင့် သွေး စစ်ဆေးပေးသူ လူနာပေါင်း (၁၁၁၁၆၂၁)ဦး အနက်မှ ရောဂါပိုးတွေ့ရှိသူ (၄၄၆၇၃)ဦးတို့အားဆေးကုသပေးနိုင်ခဲ့ပါသည်။ ငှက်ဖျားရောဂါကာကွယ်ရေး အတွက် ဆေးစိမ်ခြင်ထောင်ပေါင်း (၁၂၅၀၀၀၀) တို့ကို ဖြန့်ဝေပေးခဲ့ပါသည်။ တီဘီရောဂါတိုက်ဖျက်ရေးကို မြို့နယ် (၃၃၀)၌ လွှမ်းခြုံမှုပေးပြီး တီဘီ လူနာ (၁၅၀၀၀၀)ဦး: အား ရှာဖွေကုသပေးခဲ့ပါသည်။ ခုခံအား/ကာလသားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းအနေဖြင့် ဦး:တည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံး အသုံးပြုရေး စီမံချက်လုပ်ငန်း မိမိဆန္ဒ အလျောက် နှစ်သိမ့်ဆွေးနွေးမှု ခံယူခြင်းနှင့် သွေးစစ်ခြင်းလုပ်ငန်း မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှု ကာကွယ်ခြင်းလုပ်ငန်း၊ HIV ပိုးရှိ လူနာများအား ART ဆေးကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းများ အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းအစီအစဉ် Pentavalent ကာကွယ် ဆေး အသစ်ကို စတင်ထိုးနှံပေးလျက်ရှိပါသည်။

(င) ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်(၄)ခုတွင် ကျောင်းသား/ သူ စုစုပေါင်း (၁၂၆၆၉) ဦး၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (၂)တွင် ကျောင်းသား/သူ စုစုပေါင်း (၁၇၅၇)ဦး၊ ဆေးဝါးတက္ကသိုလ်(၂)ခု တွင် ကျောင်းသား/ သူစုစုပေါင်း(၉၆၅)ဦး၊ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (၂)ခုတွင် ကျောင်းသား / သူ စုစုပေါင်း(၁၀၁၀)ဦး၊သူနာပြု တက္ကသိုလ် (၂)ခု တွင် ကျောင်းသား/သူစုစုပေါင်း (၁၄၉၂)ဦး၊ အခြေခံကျန်းမာရေးတက္ကသိုလ် တွင် ကျောင်းသား/သူစုစုပေါင်း (၉၁၉)ဦး၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် တွင် ကျောင်းသား/သူ စုစုပေါင်း (၁၁၀)ဦး၊ သူနာပြုသင်တန်းကျောင်း (၂၃)ကျောင်း တွင် ကျောင်းသား/သူစုစုပေါင်း (၁၉၈၅)ဦးတို့ တက်ရောက် ပညာသင်ကြားလျက် ရှိပါသည်။ ထို့အပြင် ဆေးလက်တွေ့အခြေခံ ပါရဂူဘွဲ့ (၉)ဦး၊ ဆေးလက်တွေ့

ပါရဂူဘွဲ့ (၃၉)ဦး၊ သွားဘက်ဆိုင်ရာဆေး လက်တွေ့ ပါရဂူဘွဲ့ (၃)ဦး၊ ဒီပလိုမာ (၉၂)ဦး၊ ဆေးပညာမဟာသိပ္ပံ (၁၈၃)ဦး၊ လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပညာရည်မြင့်မားတိုးတက်ရေးအတွက်သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲခြင်း၊ ပြည်ပနိုင်ငံများသို့ ပညာသင် သင်တန်း များစေလွှတ်နိုင်ခဲ့ပါသည်။

(စ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအနေဖြင့် ဟားခါးမြို့ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်လှစ်နိုင်ရေးနှင့် မြစ်ကြီးနားမြို့နှင့် မကွေးမြို့ရှိ (၁၆)ခုတင်ဆံ့ တိုင်းရင်း ဆေးရုံများအား ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံများ အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းဆေးရုံ များ မှ ပြင်ပလူနာ (၁၅၇၃၂၈)ဦး၊ အတွင်းလူနာ (၉၆၃၂)ဦး၊ မြို့နယ်တိုင်းရင်း ဆေးကုဌာနများမှ ပြင်ပလူနာ (၇၀၇၄၁၁)ဦး တို့အားလည်းကောင်း၊ လူနာ (၂၈၉၂၀၂)ဦးတို့အား ကွင်းဆင်း ကုသပေးခြင်းဖြင့် လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက် ပေးနိုင်ခဲ့ပါသည်။

(ဆ) သုတေသနလုပ်ငန်းအနေဖြင့် ဦးစားပေးရောဂါများနှင့် သက်ဆိုင်သည့် သုတေသန နည်းပညာဖွံ့ဖြိုးမှု ဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ် သုတေသန၊ သိပ္ပံဆိုင်ရာအချက်အလက် များရှာဖွေဖော်ထုတ်ရန် လိုအပ်သော ကျန်းမာရေး ပြဿနာများ ဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂၃၂။ **ယဉ်ကျေးမှုဝန်ကြီးဌာန။** မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း နိုင်သည်နှင့်အမျှ ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် တစ်ဆက် တစ်စပ် တည်းသော ခိုင်မာသည့် မြန်မာ့သမိုင်းစဉ် ဖော်ထုတ်ရေးအတွက် အထောက်အကူ ဖြစ်စေရန် အပါအဝင် မူဝါဒ(၁၆)ရပ်ကိုချမှတ်ထားရှိပါသည်။ အထက်ပါမူဝါဒများကို ဆောင်ရွက်ရန် အတွက် ရှေးဟောင်း သုတေသနဆိုင်ရာ ကွင်းဆင်းသုတေသနပြုရန်၊ မြို့ဟောင်းများ တူးဖော်သုတေသနပြုရန်နှင့် ရှေးဟောင်း အဆောက်အအုံ၊ စေတီ၊ ဂူဘုရား နန်းတော်များ ထိန်းသိမ်းရန် အပါအဝင် လုပ်ငန်းစဉ်(၃၂)ခု ကိုချမှတ် ဆောင်ရွက်လျက် ရှိပါသည်။ ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အောက်ပါအတိုင်းဆောင်ရွက် လျက်ရှိပါသည်-

(က) နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေရန် ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်း၊ အဆောက်အဦများဖြင့် ကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်နိုင်ရန် ဆောင်ရွက်ရန်အတွက် Archaeological Park, Historical Park များ တည်ဆောက်ရန် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်း လျက်ရှိပါ သည်။

(ခ) ဘွဲ့လွန်ပန်းတိမ်ပညာဒီပလိုမာသင်တန်းကို ဖွင့်လှစ် နိုင်ခဲ့ခြင်း၊

(ဂ) အာဆီယံနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၏ ရိုးရာအက၊ အဆို၊ အတီးများ သုတေသနပြုခြင်း၊

(ဃ) ထိတွေ့ကိုင်တွေ့၍ရသော ယဉ်ကျေးမှုအမွေ အနှစ် များနှင့် ထိတွေ့ကိုင်တွယ်၍ မရသော ယဉ်ကျေးမှု အမွေအနှစ်များ စာရင်းကောက်ယူခြင်း၊

(င) ၂၀၁၃ ခုနှစ်၊ နိုင်ဝင်ဘာလတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစား ပြိုင်ပွဲ၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင် ဖျော်ဖြေ တင်ဆက်ရန် အတွက် လေ့ကျင့်ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌ မဟာတန်း ဖွင့်လှစ် နိုင်ရေးအတွက် သင်ရိုး ညွှန်းတမ်းရေးဆွဲခြင်း၊

(ဆ) မြန်မာ့ယွန်း၊ရွှေပန်းတိမ်၊ငွေပန်းတိမ်စာအုပ် ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) ကြေးခေတ်၊ သံခေတ်၊ ကျောက်ခေတ် အထောက်ထားများကို ကွင်းဆင်း သုတေသနပြုခြင်း၊ ပျူမြို့ဟောင်းများ တူးဖော်ထိန်း သိမ်းခြင်း၊ အင်းဝ၊ ပုဂံ၊ စလေ၊ စစ်ကိုင်း၊မြောက်ဦးဒေသနှင့်ကရင်ပြည်နယ်ရှိ ရှေးဟောင်း အဆောက် အအုံ များအား ထိန်းသိမ်းခြင်း၊

၂၃၃။ **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။** နိုင်ငံတော်တွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရန် အကူအညီ၊ အထောက်အပံ့ နှင့် ကျွမ်းကျင်မှု အကူအညီများ စုစည်းရရှိရေးအတွက် ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက် ရန်နှင့် ဒေသတွင်းအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် အပါအဝင် မူဝါဒ(၉) ရပ်ကိုချမှတ်ဆောင်ရွက်လျက်ရှိပါသည်။အထက်ပါ မူဝါဒများကို လုပ်ငန်းစဉ် (၁၅)ခု ချမှတ် ၍ အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်း ပြုစု တင်သွင်းခြင်း၊

(ခ) ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် နှင့် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများ အား စီမံကိန်း၊ လုပ်ငန်း စီမံကိန်း (၁၉၃) ခု၏ စီးပွားရေး တွက်ခြေကိုက်မှု အခြေအနေများကို စိစစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံအစိုးရနှင့် ကိုရီးယား သမ္မတနိုင်ငံ အစိုးရတို့ အကြား အကူအညီ ပေးရေး ဆိုင်ရာ မူဘောင် သဘောတူစာချုပ်ကို (၉-၁၀-၂၀၁၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခြင်း၊

(ဃ) သီလဝါအထူးစီးပွားရေးဇုန် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဂျပန်နိုင်ငံ၏အကူအညီ(Grant)ဖြင့် စီမံကိန်း(၁၁)ခု၊ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ် ဓာတ်အားလိုင်းစီမံကိန်းတို့အတွက် လက်မှတ်ရေး ထိုးခြင်း

(င) တစ်နိုင်ငံလုံး၏ စားသုံးသူ ဈေးဆနှုန်း နှင့် ငွေကြေးဖောင်းပွမှုနှုန်းကို လစဉ် တွက်ချက် တင်ပြခြင်း၊

(စ) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား (၂၇-၈-၂၀၁၂) ရက်နေ့မှစ၍မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ကျောက်ဖြူ အထူး စီးပွားရေးဇုန် Master Plan (Draft ) ကို အချိန်မီရေးဆွဲ နိုင်ရေးအတွက် ဝန်ကြီးဌာန အသီးသီး၏ ကျောက်ဖြူဒေသတွင် ဆောင်ရွက် မည့်စီမံကိန်း ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးသည့် အချက်အလက်များအား ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံသို့ ဆက်လက် ပေးပို့ခြင်း တို့ကို ဆောင်ရွက် ခဲ့ပါသည်။

၂၃၄။ **အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**။ ပြည်တွင်းပြည်ပ အလုပ် အကိုင် နေရာချထားရေးနှင့် အလုပ်သမား ရပိုင်ခွင့်များ ဆောင်ကြဉ်းပေးရေး အပါ အဝင် မူဝါဒ(၉)ရပ် ကိုချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ အထက်ပါ မူဝါဒများကို ဆောင်ရွက်ရန် အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအား ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရေး၊ အလုပ်သမား အဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေ တို့နှင့်အညီ အလုပ်သမား အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး အပါအဝင် လုပ်ငန်းစဉ်(၄၉)ခုကို ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ ထိုလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါသည်-

(က) ၁၉၅၄ ခုနှစ်၊လူမှုဖူလုံရေးအက်ဥပဒေကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်သော ဥပဒေဖြစ်စေရန် လည်းကောင်း၊ ASEAN Charter နှင့် သဟဇာတဖြစ်စေရန် လည်းကောင်း၊ ILO Conventions များ၊ အပြည်ပြည် ဆိုင်ရာ စံနှုန်းများနှင့် ညီညွတ်စေရန် လည်းကောင်း ပြင်ဆင်ရေးဆွဲခဲ့ပြီး ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအဖြစ် နိုင်ငံတော်သမ္မတ မှ (၃၁.၈.၂၀၁၂) ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) နိုင်ငံခြားသား အလုပ်သမားဆိုင်ရာ ဥပဒေအသစ် ရေးဆွဲခြင်း၊ အလုပ် အကိုင် နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊အနည်းဆုံး အခကြေးငွေ ဥပဒေများကို ပြင်ဆင် ရေးဆွဲခြင်း နှင့် အလုပ်သမားရေးရာ အငြင်းပွားမှု

ဖြေရှင်းရေးနည်းဥပဒေကို( ၂၆.၄.၂၀၁၂ ) ရက်နေ့တွင် အတည်ပြုခဲ့ပြီး နိုင်ငံတကာစံများနှင့်အညီ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ မူဝါဒများ ရေးဆွဲခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) ပြည်ပအလုပ်အကိုင်လုပ်ငန်း ယာယီအကျိုးဆောင် လိုင်စင်(၂၅)ခု ကို ထုတ်ပေးခဲ့ပါသည်။ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန်သင်တန်း ( ကိုးရီးယား) နှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများ (အခြား) ဖွင့်လှစ်ပေးခဲ့ပါသည်။

(ဃ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ ကုမ္ပဏီ (၁၄၁)ခုမှ မလေးရှားနိုင်ငံသို့ (၂၈၈၇၉)ဦး၊ စင်္ကာပူနိုင်ငံသို့ (၆၂၈)ဦး၊ အာရပ်ဆော်ဘွားများ သမ္မတနိုင်ငံသို့ (၃၉)ဦး၊ ဂျပန်နိုင်ငံသို့ (၈)ဦး၊ ကိုးရီးယားနိုင်ငံသို့ (၂၉၃၁)ဦး၊ စုစုပေါင်းအလုပ်သမား (၃၂၄၈၅) ဦး စေလွှတ်နိုင်ခဲ့ပြီး ပြည်တွင်း၌ အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသား အလုပ်သမား(၁၆၅) ဦး၊ မှတ်ပုံတင်ပေးခဲ့ပါသည်။

(င) ယာယီမြန်မာနိုင်ငံကူးလက်မှတ်များကို ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာ အလုပ်သမားများအား (၁၅.၂.၂၀၁၃)ရက်နေ့တွင် ထိုင်းနိုင်ငံအတွင်း လုပ်ငန်းအဖွဲ့(၁၁)ဖွဲ့ဖြင့် လည်းကောင်း၊ (၂.၃.၂၀၁၃)ရက် နေ့တွင် လုပ်ငန်း အဖွဲ့(၆)ဖွဲ့ဖြင့်လည်းကောင်း ထုတ်ပေးခဲ့ပါသည်။ ယာယီမြန်မာနိုင်ငံကူး လက်မှတ်များကို စုစုပေါင်း(၅၃၆၅၈၆) ဦး ထုတ်ပေးခဲ့ပါသည်။ MOU စနစ်ဖြင့်လည်း ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများ စုစုပေါင်း (၄၃၀၉၉) ဦးအား စေလွှတ်ခဲ့ပါသည်။ထိုင်းနိုင်ငံသို့အလုပ်သမားများ စေလွှတ်ရန် လျှောက်ထားသော ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရ ကုမ္ပဏီ(၆၄) ခု အား (၈.၁၀.၂၀၁၂) ရက်နေ့မှစ၍ လိုင်စင်များ ထုတ်ပေး ထားခဲ့ပါသည်။

(စ) ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် ကလေးများ ပညာသင်ကြားနိုင်ရေး အတွက် ပြည်ပအလုပ်လုပ်ကိုင်မှု ကြီးကြပ်မှုကော်မတီ မှ ထိုင်းနိုင်ငံ အတွင်းရှိ မြန်မာဘုန်းတော်ကြီးပညာသင်ကျောင်းများနှင့် ညှိနှိုင်း၍ ရွှေ့ပြောင်းလုပ်သားများ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံကျန်းမာရေး ဝန်ကြီးဌာနတို့ ညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ မိသားစု လွှဲပို့ငွေများ လုံခြုံစိတ်ချစွာ အမြန် လွှဲပို့နိုင်ရေးအတွက် ထိုင်းနိုင်ငံဗဟိုဘဏ်နှင့်

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေဖြင့် ညှိနှိုင်း ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂၃၅။ **လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။** လူမှုရေးပြဿနာများကို ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်း၊ တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတွင် လူမှုရေးချို့တဲ့သူများ ပါဝင်စွမ်းဆောင် နိုင်စေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်ဆုံးရှုံးမှုများလျော့ပါးရေး အတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးစသည့် မူဝါဒများချမှတ်ထားပါသည်။

၂၃၆။ မူကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်းဆိုင်ရာ ဆွေးနွေးပွဲများ၊ မိဘအသိပညာပေး နည်းပြသင်တန်းများ၊ ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ကျား/မတန်းတူညီမျှမှုနှင့် အမျိုးသမီးအခွင့်အရေးများအကြောင်းအသိပညာပေးမှုအစီအစဉ်များ၊ မသန်စွမ်းသူများစောင့်ရှောက်ရေးနှင့်သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ်(၂၀၁၂-၂၀၁၃)ရေးဆွဲခြင်း၊သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ စီမံဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲမှုသင်တန်းများဖွင့်လှစ်ခြင်း၊ လိုအပ်သည့်ဝန်ထမ်းများခန့်အပ်ခြင်း၊မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်ရေးဆွဲ၍ ပြည်ထောင်စုအစိုးရ၏ အတည်ပြုချက်ရယူရေးဆောင်ရွက်ရန် စသည့်လုပ်ငန်း စဉ်များချမှတ်ထားပါသည်။

၂၃၇။ မူကြိုအရွယ်ကလေးငယ်များဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်းဆိုင်ရာဆွေးနွေးပွဲများ မိခင်ဝိုင်းခေါင်းဆောင်နှင့်ပံ့ပိုးကူညီသူများအတွက်မိဘရပ်ရွာအသိပညာပေးနည်းပြသင်တန်းများကျင်းပခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်း အစီအစဉ်(၂၀၁၂-၂၀၁၃)မူကြမ်းအားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်းရေးဆွဲခြင်း၊ကျား/မတန်းတူညီမျှမှုဆိုင်ရာ သဘောတရားနှင့်အမျိုးသမီးအခွင့်အရေးများအကြောင်း အသိပညာပေးမှုအစီအစဉ်များဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန နှင့် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန(ADPC)တို့ ပူးပေါင်းရေးဆွဲထားသည့် "မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက်"ကို နိုင်ငံတော်သမ္မတရုံး၏ခွင့်ပြုချက်ဖြင့် အတည်ပြုထုတ်ဝေခြင်း၊ ပြည်သူများသဘာဝဘေးအန္တရာယ်နှင့် ပတ်သက် ၍ ဆောင်ရန်၊ရှောင်ရန်များကိုသိရှိစေရန် Action Aid နှင့် ပူးပေါင်း၍ မီးဘေး၊ရေဘေး၊ လေဘေး၊ငလျင်ဘေး၊ ဆူနာမီဘေး၊မြေပြိုဘေးနှင့် မိုးခေါင်ဘေးများ ပါဝင်သော နံရံကပ်

ပိုစတာများ၊ လက်ကမ်းစာစောင်များ ထုတ်လုပ်ဖြန့်ချိခြင်းစသည်ဖြင့် အကောင်အထည် ဖော်ခဲ့ပါသည်။

၂၃၈။ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**။ မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် အရည် အချင်း ပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန် အပါအဝင် မူဝါဒ(၄)ရပ် ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

၁၁၈။ အထက်ပါမူဝါဒများကိုဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက် ရာတွင် ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ အချင်းချင်း ဆက်သွယ် အသုံးပြုနိုင်သည့်ကွန်ယက်စနစ်အချက်အလက်များပေးပို့ခြင်း၊ ဆရာဖြစ်သင်တန်းများတိုးချဲ့ ဖွင့်လှစ်၍ အသစ်ခန့်ထားမည့် ဆရာ/ဆရာမများအား ပိုမိုအရည်အချင်း ပြည့်ဝစေရေးကို ဆောင်ရွက်ရန် နှင့် စက်ပစ္စည်းကိရိယာများ ဖြည့်တင်းပေးခြင်း၊ ကွန်ပျူတာဖြင့် ချိတ်ဆက် ကြည့်ရှုနိုင်သော စာကြည့်တိုက်များကို ချိတ်ဆက် အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း နှင့် သင်ရိုးညွှန်းတမ်းစာအုပ်များ နိုင်ငံတကာ အဆင့်မီစေရေး လိုအပ်သလို ပြင်ဆင် ရိုက်နှိပ် ထုတ်ဝေခြင်းများကိုဆောင်ရွက်ရန် လုပ်ငန်းစဉ်များကိုချမှတ်ထားပါသည်။

၂၃၉။ ထိုလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာ၌ ဆရာ၊ဆရာမများ၏စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန်အတွက် စက်မှုနည်းပညာမြှင့်တင်ရေး သင်တန်းဌာန (ဘယ်လင်း)တွင် စက်မှု ဆရာဖြစ်သင်တန်းကျောင်းဖွင့်လှစ်နိုင်ရေးအတွက်စတင်ဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်း အမြစ် မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့်ပူးပေါင်း၍ ကာလတိုသင်တန်းများ ဖွင့်လှစ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၌ လိုအပ်လျက်ရှိသော စာသင်ဆောင် များ၊ ဆရာ/ဆရာမအဆောင်များ၊ဓာတ်ခွဲခန်းများ၊ သုတေသနအဆောင်များ၊ အလုပ်ရုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်း သုံးပစ္စည်းများကို ဖြည့်ဆည်း ဆောင်ရွက် ခြင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်၍ (Myanmar Institute of Information Technology - MIIT) ဖွင့်လှစ်နိုင်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအကြား နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး၍ တက္ကသိုလ် တည်ဆောက်ရေးနှင့်သင်တန်းများဖွင့်လှစ်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများအတွက် Online Digital Library ကို ချိတ်ဆက် အသုံးပြုခြင်း၊ သင်ရိုးညွှန်းတမ်းများနှင့် နည်းပညာဆိုင်ရာ စာတမ်းများကို နိုင်ငံတကာ အဆင့်မီစေရေး အတွက် လိုအပ်သလို Technical Books များ ပြင်ဆင် ရိုက်နှိပ် ထုတ်ဝေ ခြင်း၊ A.G.T.I သင်တန်းများအတွက် နိုင်ငံတကာအဆင့်မီ သင်ရိုး ညွှန်းတမ်းများ ပြုပြင် ရေးဆွဲခြင်း၊ သင်ကြားမှုစနစ်များ နှင့် စာမေးပွဲစစ်ဆေးသည့် ပုံစံများကို ခေတ်ကာလ နှင့် အညီ ပြုပြင်ခြင်း၊ National Language Processing(NLP) သုတေသနများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ သုတေသနပြုခြင်း၊ အဆင့်မြင့်တက္ကသိုလ်များ အတွက် အရည် အသွေးမြင့် သုတေသနသုံး ကိရိယာများ ပံ့ပိုးပေးခြင်းကို ဂျပန်အစိုးရနှင့် ဩစတေးလျနိုင်ငံ တို့မှ ထောက်ပံ့ခဲ့ပါသည်။

**ကဏ္ဍများနှင့်ပြည်သူ့ဘဏ္ဍာရေး**

၂၄၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄၀၅၀၄၄၄ သန်း လျာထားသတ်မှတ် ပေးခဲ့ပါသည်။ မတ်လကုန် ယာယီ စာရင်း များအရ ကျပ် ၄၃၈၇၇၇၇ သန်း သုံးစွဲခဲ့ပြီးဖြစ်သဖြင့် လျာထားသတ်မှတ်ချက်အပေါ် ၁၀၈.၃ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းအရ ပြည်သူ့ဘဏ္ဍာ ခွဲဝေချထားမှုနှင့် သုံးစွဲမှုတွင် စီမံခန့်ခွဲရေး အစည်းများကဏ္ဍ မှာ အများဆုံးဖြစ်ပြီး၊ ဒုတိယအများဆုံး ကဏ္ဍမှာ အခြေခံအဆောက်အအုံ ကဏ္ဍများ ဖြစ်ပါသည်။ တတိယအား ဖြင့် လူမှုရေးကဏ္ဍဖြစ်ပြီး ထုတ်လုပ်မှု ကဏ္ဍများ၊ ငွေရေးကြေးရေး ကဏ္ဍ၊ ကုန်သွယ်ရေး ကဏ္ဍ အသီးသီးခွဲဝေ သတ်မှတ် ပေးခဲ့ပါသည်။

၂၄၁။ စီမံခန့်ခွဲရေးအဖွဲ့အစည်းများကဏ္ဍ အတွက် စုစုပေါင်း လျာထားချက်၏ ၄၁.၈၅ ရာခိုင်နှုန်းဖြင့် အများဆုံးခွဲဝေချထားပေးခဲ့ပါသည်။ မတ်လကုန် ယာယီ စာရင်းများအရ လျာထားချက်၏ ၉၅.၇ ရာခိုင်နှုန်းသုံးစွဲခဲ့ ပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။

၂၄၂။ လျှပ်စစ်ဓါတ်အားကဏ္ဍ၊ ဆောက်လုပ်မှု ကဏ္ဍ၊ ပို့ဆောင်ရေး ကဏ္ဍ၊ ဆက်သွယ်ရေး ကဏ္ဍ စသည့် အခြေခံအဆောက်အအုံများအတွက် ခွဲဝေလျာထားပေးသော ငွေလုံးငွေရင်း အသုံးစရိတ်မှာ စုစုပေါင်း လျာထားချက် ၏ ၂၅.၉၄ ရာခိုင်နှုန်းရှိပါသည်။ မတ်လကုန် ယာယီ စာရင်းများအရ လျာထားချက်၏ ၉၉.၅၉ ရာခိုင်နှုန်းသုံးစွဲခဲ့ ပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။

၂၄၃။ လူမှုရေးကဏ္ဍတွင်ပါ ဝင်သော ပညာရေး၊ ကျန်းမာရေးစသည့် ဝန်ကြီး ဌာနများမှ အခြေခံလူမှု စီးပွားအခြေအနေ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ခွဲဝေလျာထားပေးသော ငွေလုံးငွေရင်း အသုံးစရိတ်မှာ စုစုပေါင်းခွဲဝေ လျာထားချက်၏ ၁၉.၁၈ ရာခိုင်နှုန်း လျာထား သတ်မှတ်ခဲ့ပါသည်။ မတ်လကုန် ယာယီ စာရင်းများအရ လျာထားချက်၏ ၁၀၁.၉ ရာခိုင်နှုန်းတိုးတက် သုံးစွဲခဲ့သည်ကိုတွေ့ရှိရပါသည်။

၂၄၄။ ထုတ်လုပ်မှု ကဏ္ဍများဖြစ်သော လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍများအတွက် ခွဲဝေလျာထားပေးသော ငွေလုံး ငွေရင်း အသုံးစရိတ်မှာ စုစုပေါင်းခွဲဝေလျာထားချက်၏ ၁၂.၉၁ ရာခိုင်နှုန်းရှိပါသည်။ မတ်လကုန် ယာယီ စာရင်းများအရ လျာထားချက်၏ ၁၇၆.၅၉ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်သည်ကို တွေ့ရှိရ ပါ သည်။

၂၄၅။ ငွေရေးကြေးရေးကဏ္ဍ အတွက် ခွဲဝေလျာထားပေးသော ငွေလုံးငွေရင်း အသုံးစရိတ် မှာ စုစုပေါင်းခွဲဝေလျာထားချက်၏ ၀.၀၇ ရာခိုင်နှုန်း ရှိခဲ့ရာ မတ်လကုန် ယာယီ စာရင်းများ အရ လျာထားချက်၏ ၈၅.၃ ရာခိုင်နှုန်းသုံးစွဲခဲ့ ပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။

၂၄၆။ ကုန်သွယ်ရေးကဏ္ဍ အတွက် ခွဲဝေလျာထားပေးသော ငွေလုံးငွေရင်း အသုံးစရိတ်မှာ စုစုပေါင်းခွဲဝေလျာထားချက်၏ ၀.၀၅ ရာခိုင်နှုန်း ရှိခဲ့ရာ မတ်လကုန် ယာယီ စာရင်းများအရ လျာထားချက်၏ ၇၀.၁ ရာခိုင်နှုန်းသုံးစွဲခဲ့ ပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။

၂၄၇။ ကဏ္ဍများအလိုက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းအရ ပြည်သူ့ဘဏ္ဍာ ခွဲဝေချထားမှုနှင့် သုံးစွဲမှုကိုအောက်ပါ ဇယားဖြင့်တင်ပြအပ်ပါသည်။

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းဘဏ္ဍာငွေခွဲဝေချထားမှုနှင့် သုံးစွဲမှု**

( ကျပ်သန်းပေါင်း )


| အမှတ်စဉ် | ကဏ္ဍအမည် | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု (BE) | ပါဝင်မှုအချိုး % | သုံးစွဲမှု ( မတ်လကုန် ) | ပါဝင်မှုအချိုး % | B E အပေါ် သုံးစွဲမှု % |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၁၉၃,၉၁၈ | ၄.၇၉ | ၂၀၉,၃၆၆ | ၄.၇၇ | ၁၀၈.၀ |
| ၂ | သားငါး | ၇၁၂ | ၀.၀၂ | ၆၆၆ | ၀.၀၂ | ၉၃.၅ |
| ၃ | သစ်တော | ၃,၄၄၆ | ၀.၀၉ | ၃,၄၄၁ | ၀.၀၈ | ၉၉.၉ |
| ၄ | စွမ်းအင် | ၁၁၇,၀၇၁ | ၂.၈၉ | ၆၀,၅၃၈ | ၁.၃၈ | ၅၁.၇ |
| ၅ | သတ္တု | ၇၂၈ | ၀.၀၂ | ၅၃၆ | ၀.၀၁ | ၇၃.၆ |
| ၆ | စက်မှုလက်မှု | ၂၀၆,၅၀၅ | ၅.၁၀ | ၆၄၇,၉၃၉ | ၁၄.၇၇ | ၃၁၃.၈ |
| ၇ | လျှပ်စစ်ဓါတ်အား | ၅၂၁,၄၂၉ | ၁၂.၈၇ | ၄၄၄,၀၉၇ | ၁၀.၁၂ | ၈၅.၂ |
| ၈ | ဆောက်လုပ်မှု | ၂၄၅.၉၉၂ | ၆.၀၇ | ၄၁၆,၁၈၅ | ၉.၄၈ | ၁၆၉.၂ |
| ၉ | ပို့ဆောင်ရေး | ၂၅၂,၁၂၁ | ၆.၂၂ | ၁၆၇,၄၃၂ | ၃.၈၂ | ၆၆.၄ |
| ၁၀ | ဆက်သွယ်ရေး | ၃၁,၅၄၀ | ၀.၇၈ | ၁၉,၀၁၃ | ၀.၄၃ | ၆၀.၃ |
| ၁၁ | ကုန်သွယ်ရေး | ၂,၀၂၄ | ၀.၀၅ | ၁,၄၁၈ | ၀.၀၃ | ၇၀.၁ |
| ၁၂ | လူမှုရေး | ၇၇၆,၉၁၆ | ၁၉.၁၈ | ၇၉၁,၇၄၁ | ၁၈.၀၄ | ၁၀၁.၉ |
| ၁၃ | ငွေရေးကြေးရေး | ၃,၀၃၁ | ၀.၀၇ | ၂,၅၈၄ | ၀.၀၆ | ၈၅.၃ |
| ၁၄ | စီမံခန့်ခွဲရေးအဖွဲ့အစည်းများ* | ၁,၆၉၃,၆၉၆ | ၄၁.၈၂ | ၁,၆၂၁,၅၀၆ | ၃၆.၉၆ | ၉၅.၇ |
| ၁၅ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁,၃၁၅ | ၀.၀၃ | ၁,၃၁၅ | ၀.၀၃ | ၁၀၀.၀ |
| | | | | | | |
| | **ကဏ္ဍစုစုပေါင်း ( ပြည်ထောင်စု )** | **၄,၀၅၀,၄၄၄** | **၁၀၀.၀၀** | **၄,၃၈၇.၇၇၇** | **၁၀၀.၀၀** | **၁၀၈.၃၃** |

## အခန်း (၇)

## ဒေသန္တရစီမံကိန်းများနှင့်ပြည်သူ့ဘဏ္ဍာရေး

၂၄၈။ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ မိမိတို့၏ ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ် ဒေသန္တရ အချက်အလက်များနှင့် စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ဘဏ္ဍာရေးအခြေအနေများ ဆောင်ရွက်အကောင်အထည်ဖော်မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်တင်ပြအပ်ပါသည်။

### ကချင်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်-၂၃ဒီဂရီ ၃၈ မိနစ်မှ ၂၈ ဒီဂရီ ၁၅ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ်-၉၅ဒီဂရီ ၄၅မိနစ်မှ ၉၈ဒီဂရီ ၄၅မိနစ်အတွင်း |
| အကျယ်အဝန်း | = | (၃၄၃၇၉.၂၂)စတုရန်းမိုင် (၂၂၀၀၂၇၀၃၈ဧက) |
| လူဦးရေ | = | ဦး ရေ - ၁၆၁၆ (ထောင်ပေါင်း) |
| မြို့တော် | = | မြစ်ကြီးနား |
| ထူးခြားသည့် အမှတ်အသား | = | မြစ်ဆုံအပန်းဖြေစခန်း |
| ခရိုင် | = | (၄)ခရိုင် |
| မြို့နယ် | = | (၁၈)မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = | လယ်ယာ၊ သတ္တု၊ ကုန်သွယ်မှု |
| ထူးခြားနေရာများ | = | တန်(၃၀၀၀) ကျောက်စိမ်း ပြတိုက် (ဖားကန့်) အင်းတော်ကြီး ရွှေမဥ္ဇူ ဘုရား(မိုးညှင်း)၊ လန်းန ရေတံခွန် (ဝိုင်းမော်)၊ လွယ်ဂျယ် နယ်စပ် ကုန်သွယ်ရေးဂိတ်(ဗန်းမော်)၊ရေခဲတောင်များ၊ခါကာဘိုရာဇီတောင်၊ ကန်လန်ရာဇီတောင်(ပူတာအို) |
| ဆက်စပ်ဒေသများ | = | အရှေ့- ရှမ်းပြည်နယ်၊ တရုတ်နိုင်ငံ အနောက်-အိန္ဒိယနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး |

၂၄၉။ ကချင်ပြည်နယ်အနေဖြင့် နယ်မြေလုံခြုံရေးအခြေအနေအရ ကျေးလက်နေ ပြည်သူများ မြို့ပေါ်သို့တိမ်းရှောင် နေရခြင်းကြောင့် ပုံမှန်လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုနိုင်သောကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ထုတ်လုပ်မှု ကျဆင်းပါ သည်။ ငြိမ်းချမ်းရေးရရှိရန် လဂျားယန်၌ (၃)ကြိမ်၊ တရုတ်နိုင်ငံရွှေလီ၌ (၆)ကြိမ်၊ ထိုင်းနိုင်ငံ၌ (၃)ကြိမ်၊ မိုင်ဂျာယန်၌(၂)ကြိမ် နှင့်၂၈.၅.၂၀၁၃ နေ့တွင်မြစ်ကြီးနားမြို့၊ ကချင်မနောကွင်း၌ KIA၊ KIOနှင့် အစိုးရတို့ ဆွေးနွေးခဲ့ပါသည်။

၂၅၀။ **မြေအသုံးချမှုအခြေအနေ**။ အသားတင်စိုက်ပျိုးနိုင်သည့်မြေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် (၈၄၀၄၁၅) ဧက ရှိရာမှ နယ်မြေလုံခြုံရေးအခြေအနေအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် (၇၅၅၃၅၃)ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပလပ်မြေမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာတွင် (၆၉၅၃၁)ဧကမှ ၂၀၁၂-၂၀၁၃ဘဏ္ဍာတွင် (၁၂၇၈၃၉)ဧကထိများပြားလာရခြင်းမှာ ၂၀၁၁ ခုနှစ် ဇွန်လ စိုက်ပျိုးချိန်မှစ၍ နယ်မြေမတည် ငြိမ်မှုများစတင်ဖြစ်ပေါ်ခဲ့ရာ တောင်သူအချို့ မြို့ပေါ်သို့ ပြောင်းရွှေ့နေရခြင်း၊ လုပ်ငန်းခွင်သို့ သွားရောက် မစိုက်ပျိုးနိုင်ခြင်း၊ လယ်ယာလုပ်သား ရှားပါးခြင်းတို့ကြောင့်ဖြစ်ရာ နယ်မြေအေးချမ်း သည့်အခါ ပြန်လည် စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

၂၅၁။ **လယ်ယာကဏ္ဍ**။ ပြည်နယ်၏ အချို့ဒေသများ၌ နယ်မြေအခြေအနေအရ စိုက်ပျိုး ထုတ်လုပ်မှု လျော့နည်းခြင်း ဖြစ်ပေါ်ခဲ့ပါသည်။ မြေလွတ်မြေရိုင်းများအား ကုမ္ပဏီ(၂၆)ခု၊ လုပ်ငန်းရှင် (၄၈၃)ဦး ဖြင့်ဖော်ထုတ် ဆောင်ရွက်ခဲ့ရာ ၂၀၁၃ခုနှစ် မတ်လကုန်တွင် စပါး (၇၉၂၄)ဧက၊ ကြက်ပေါင်စေး (၄၈၈၂၈)ဧက၊ အခြားသီးပင်(၉၇၆၅၇)ဧက စိုက်ပျိုးပြီးစီး ခဲ့ပါသည်။ စပါးစိုက်ဧကမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက (၉၆၆၂၄)ဧက လျော့နည်းပြီး အထွက်တွင်လည်း တင်းထောင်ပေါင်း (၆၄၉၂) လျော့နည်းခဲ့ပါသည်။ ဂျုံတွင် စိုက်ဧက (၇၈) ဧက လျော့နည်းပြီး အထွက် တင်း (၁၀၀၀)၊ အစေ့ထုတ်ပြောင်းတွင် စိုက်ဧက (၅၁၇၁) ဧက လျော့နည်းပြီး အထွက်တင်း ထောင်ပေါင်း(၆၂၁)တင်းလျော့နည်းခဲ့ပါသည်။ ကြက်ပေါင်စေးတွင် စိုက်ဧက ၂၀၂၅ ဧက တိုးတက်ခဲ့သော်လည်း အထွက်တွင် ပေါင် (၁၇၀၀၀ )လျော့နည်းခဲ့ပါသည်။

၂၅၂။ ကချင်ပြည်နယ် အနေဖြင့် လယ်ယာအခြေခံ စက်မှုဖွံ့ဖြိုး တိုးတက်ရေးကို အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာသုံး စက်ကိရိယာ ကိုင်တွယ် အသုံးပြုမှု သင်တန်းနှင့် ကျေးရွာ လူထု ထည့်ဝင်ငွေဖြင့် ကျေးလက် ဆည်ငယ်များ ကြံ့ခိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ရာ ဆောင်ရွက်သည့် ဒေသတွင် စပါးအထွက်တိုးခဲ့ပါသည်။ ပုလဲသွယ် စပ်မျိုးစပါးကိုလည်း ဧက(၅၀၀၀)ခန့် စိုက်ပျိုးခဲ့ပါသည်။ ဝိုင်းမော်မြို့နယ်၊ ဝါရှောင်ဆည်ရေသောက်ဧရိယာတွင်

လယ်မြေဧက (၁၀၀) မိုးကောင်း မြို့နယ် ကုလားကုန်းဆည်ရေသောက်ဧရိယာတွင် လယ်မြေဧက(၁၀၀)၊ ဟိုပင်မြို့နယ်ခွဲမြို့သစ်ကလေး ဆည်ရေသောက် ဧရိယာတွင် လယ်မြေဧက (၁၀၀) တို့က ဆောင်ရွက်ပြီး ဖြစ်ပါသည်။

၂၅၃။ **သားငါးကဏ္ဍ**။ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေး နည်းစနစ်သင်တန်းများပေးခြင်း (၄၆) ကြိမ်၊ အစုအဖွဲ့များဖွဲ့စည်းခြင်း(၅၀) ဖွဲ့ တိရိစ္ဆာန် ကာကွယ်ဆေးထိုးခြင်း/ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဦးချန်လောဟောင်ဇယ် ပိုင်ဆိုင်သော ပေါင်းစည်းလယ်ယာတွင် နို့စားနွားကောင်ရေ(၆၀) မွေးမြူခဲ့ပြီး ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်သည့် ပေါင်းစည်း လယ်ယာစနစ်ကို(၁၄)မြို့နယ်တွင် (၁၇)ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်၊ အသားကဏ္ဍ အစုအဖွဲ့များကိုလည်း (၁၂)မြို့နယ်တွင် လုပ်ငန်း(၁၀)ခု အစုအဖွဲ့(၁၃)ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၂၅၄။ **သစ်တောကဏ္ဍ**။ ယခင်နှစ်ကထက် ထုတ်လုပ်မှုပိုခဲ့ပါသည်။ သစ်တောထွက် ပစ္စည်းများကို အလွန်အကျွံ ထုတ်ယူရာမှ သစ်တောပြုန်းတီးမှု မရှိစေရန် လူမှုအဖွဲ့အစည်း များဖြစ်သည့် (FREDA, ECODEX, BANCA, KBC, SWISAID, KUMRM ( kachin Urban Rural Mission) ငြိမ်းဖောင်ဒေးရှင်းတို့နှင့်အတူ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်သစ်တောဦးစီးဌာနမှ စီးပွားရေးစိုက်ခင်း(၁၃၇၄၅)ဧက၊ ကျေးရွာသုံး စိုက်ခင်း(၃၂၇၀)ဧက၊ ရေဝေရေလဲစိုက်ခင်း(၆၁၁၁)ဧက တည်ထောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၅၅။ **သတ္တုကဏ္ဍ**။ ဖားကန့်မြို့နယ်တွင် ရွှေနှင့်ကျောက်စိမ်း၊ တနိုင်း၊ မိုးညှင်း၊ ဝိုင်းမော်၊ ချီဖွေ၊ အင်ဂျန်းယန်တို့တွင် ရွှေတူးဖော် ထုတ်လုပ်ပါသည်။ ကချင်ပြည်နယ်တွင် ၂၀၁၀-၂၀၁၁ခုနှစ်မှ စ၍ နယ်မြေဒေသလုံခြုံရေးအရ သတ္တုတူးဖေါ်မှုများ နှောင့်နှေးပြီး ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရပါသည်။

၂၅၆။ **စက်မှုလက်မှုကဏ္ဍ**။ စက်မှုဇုံတည်ထောင် နိုင်ခြင်းမရှိသေးသော်လည်း မိုးညှင်း မြို့နယ်နှင့် မိုးမောက်မြို့နယ်များတွင်လည်း သစ်အခြေခံကုန်ချောပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများ ရှိပြီး ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ်များတွင် ပီလောပီနံ ကော်မှုန့်စက်ရုံနှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် ပြည်နယ်စက်မှုကြီးကြပ်ရေး မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှာ အကြီးစား (၄၀)ဦး၊ အလတ်စား(၉၂)ဦး၊ အငယ်စား (၁၀၁၅)ဦး၊ စုစုပေါင်း(၁၁၄၇)ဦးနှင့် အခြားမှတ်ပုံ မတင်ထားသော လုပ်ငန်း (၃၆၉၇)ဦးရှိပါသည်။

၂၅၇။ **လျှပ်စစ်ဓါတ်အားကဏ္ဍ**။ ပုဂ္ဂလိကပိုင် ဇန်းမော်ခရိုင် တာပိန်(၁) ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ပြည်ပသို့ ဓာတ်အားတင်ပို့ ဖြန့်ဖြူးမှု၊ ရပ်ဆိုင်းထားခြင်း ကြောင့် ဓာတ်အားထုတ်လုပ်မှု လျော့ကျခဲ့ပါသည်။ ချီဖွေငယ် ရေအားလျှပ်စစ် လုပ်ငန်းမှာလည်း ရပ်ဆိုင်းထားဆဲ ဖြစ်ပါသည်။ လက်ရှိတွင် KIO တည်ထောင်သည့် ရေအားလျှပ်စစ်မှ လျှပ်စစ်ဓါတ်အားကို ဘူးခါးကုမ္ပဏီမှစီစဉ်၍ ဖြန့်ဖြူးလျှက်ရှိရာ လုံလောက်မှု မရှိသေးကြောင်း တွေ့ရှိပါသည်။

၂၅၈။ **ဆောက်လုပ်မှုကဏ္ဍ**။ နိုင်ငံပိုင် လမ်း၊ တံတားများ ဖောက်လုပ်ခြင်း၊ ရထားပို့ဆောင်ရေးမှ ကသာ-ဗန်းမော်လမ်း ဖောက်လုပ်ခြင်း၊ ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ဧရာဝတီ တံတား(စင်းခန်း) တည်ဆောက်ခြင်း၊ နည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား ပညာရေး ကောလိပ်၊ မြစ်ကြီးနား တက္ကသိုလ်၊ ရဲတပ်ဖွဲ့၊ လေဆိပ်အဆောက်အဦးများ ပြင်ဆင်မွမ်းမံခြင်းနှင့် ပုဂ္ဂလိက ပိုင်အခန်း တွင် လူနေအိမ်များ အသစ်ဆောက်လုပ်ခြင်းများဆောင်ရွက်ခဲ့ပါသည်။

၂၅၉။ **ပို့ဆောင်ရေးကဏ္ဍ**။ အဓိကအားဖြင့် မီးရထားကိုသာ အများဆုံး အသုံးပြုသွားလာ နေရပါသဖြင့် ရထားလမ်း ပိုမိုကောင်းမွန်ရေးအတွက် ကွန်ကရစ်ဇာလီဖာတုံးများ အပြည့် ထည့်ပေးခြင်း၊ လမ်းခင်းကျောက်များ ဖြည့်ပေးခြင်း၊ လူစီးတွဲ ကုန်တွဲများ ဖြည့်ပေးခြင်း လုပ်ငန်းများ၊ ယခင်က တွဲဆိုင်းတစ်ဆိုင်းဖြင့် တစ်ပတ်(၃)ရက်ပြေးဆွဲရာမှ တွဲဆိုင်း ၂ ဆိုင်းဖြင့် နေ့စဉ် ပြေးဆွဲလာခြင်း၊ ကချင်ပြည်နယ် ပူတာအိုမြို့တွင် ပူတာအိုလေဆိပ် ဖွံ့ဖြိုးရေး လုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ မြစ်ကြီးနား-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ဖားကန့်လမ်း၊ မြစ်ကြီးနား-တနိုင်းလမ်းများ၊ မြစ်ကြီးနား-ဆဒုံ-ကန်ပိုက်တီးလမ်းများ ပြန်လည်ဖွင့်လှစ် နိုင်ခဲ့ခြင်းကြောင့် ပုဂ္ဂလိကမော်တော်ယဉ်များ လိုင်းအသီးသီး ပြေးဆွဲခဲ့ကြရာ ယာဉ် စီးရေပေါင်း( ၅၀ )ခန့် ခရီးသည်( ၅၀၀ )နှင့်( ၇၀၀ )ကြား နေ့စဉ် သွားလာလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြပြီး ကုန်စည်များလည်း ပုံမှန်ပို့ဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၆၀။ **ဆက်သွယ်ရေးကဏ္ဍ**။ တယ်လီဖုန်းကွန်ယက်များ ချဲ့ထွင်ပေးခြင်း၊ တယ်လီဖုန်း (၃၉၁၃၇)လုံးအား အသစ်တပ်ဆင်ပေးခြင်း၊ သက်တမ်းကြာမြင့်သည့် မြေအောက်ကြိုးများနှင့် ကောင်းကင်ကြိုးများအား လဲလှယ်ပေးနိုင်ခဲ့ပါသည်။

၂၆၁။ **ငွေရေးကြေးရေးကဏ္ဍ**။ နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံ လုပ်ငန်းတို့၏ ဝင်ငွေများတိုးလာခြင်း၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် အာရှ စိမ်းလန်းဖွံ့ဖြိုးရေး ဘဏ်ခွဲနှင့် ဧရာဝတီဘဏ်ခွဲတို့ ဖွင့်လှစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၆၂။ **ပညာရေးကဏ္ဍ**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတော် ဘတ်ဂျက်ဖြင့် ကျောင်းဆောင်သစ် (၄၃)ကျောင်း၊ ပြုပြင်မွမ်းမံ(၄၉)ကျောင်း၊ စုစုပေါင်း (၉၂)ကျောင်း ဆောက်လုပ်ခဲ့ပါသည်။ မြို့နယ်(၁၀)ခု၊ ကျောင်းပေါင်း(၁၄၇)ကျောင်းတွင် ECD လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကချင်ပြည်နယ်တွင် တက္ကသိုလ်(၂)ခု၊ နည်းပညာ တက္ကသိုလ်(၂)ခု၊ ကွန်ပျူတာ တက္ကသိုလ်(၂)ခု၊ ကောလိပ်(၃)ခု၊ အထက်တန်း ကျောင်း(၉၅) ကျောင်း၊ အလယ်တန်းကျောင်း (၁၄၀)ကျောင်း၊ မူလတန်းကျောင်း(၉၆၉) ကျောင်းနှင့် မူလတန်းလွန်(၁၉၅) ကျောင်းတို့ဖြင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် လျက်ရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရသည် ပညာရေး ဝန်ကြီး၊ ပညာရေးမှူးတို့နှင့် အထူးကြပ်မတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် (၆)ဘာသာဂုဏ်ထူးရှင်(၁၂)ဦး၊ (၅)ဘာသာဂုဏ်ထူး(၅၇)ဦး ထိပြည်နယ်ကိုယ်စားပြု အောင်မြင် ခဲ့ပါသည်။

၂၆၃။ **ကျန်းမာရေးကဏ္ဍ**။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ တွင် တိုက်နယ်ဆေးရုံတစ်ရုံ အားလည်းကောင်း၊ ဖားကန့်နှင့်မံစီမြို့နယ်တွင် ကျေးလက် ကျန်းမာရေး ဌာန(၂)ခု တိုးချဲ့ဖွင့်လှစ်ခြင်း၊ မြစ်ကြီးနား၊ တနိုင်း၊ မိုးညှင်း၊ ရွှေကူမြို့များတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ(၄)ခု တိုးချဲ့ဖွင့်လှစ်ခြင်း၊ မိုးညှင်းမြို့နယ်တွင် တိုင်းရင်း ဆေးခန်းတစ်ခုဖွင့်လှစ်ခြင်းတို့ဆောင်ရွက် နိုင်ခဲ့ပါသည်။

၂၆၄။ **သောက်သုံးရေရရှိရေး**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ်တွင် ကျပ်(၉၁.၅၁၈)သန်း တန်ဖိုးရှိ လုပ်ငန်းပေါင်း (၄၀)ခုကို ကျေးရွာ(၁၄)ရွာတွင် စည်ပင် သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်လည်းကောင်း၊ လုပ်ငန်းပေါင်း (၃၀)ခုကို ကျေးရွာ (၃၀)ရွာတွင် ကျေးလက် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် (၂၆၈.၃)သန်း ဖြင့် လည်းကောင်း၊ လုပ်ငန်းပေါင်း (၅)ခုကို ကျေးရွာ(၅)ရွာတွင် UNICEF ထောက်ပံ့ငွေ ကျပ်(၂၀) သန်းဖြင့် ငွေကျပ် (၃၇၉.၈၁၈) သန်းဖြင့် စုစုပေါင်း လုပ်ငန်း (၇၅) ခု ကို ကျေးရွာ (၄၉) ရွာတွင် ဆောင်ရွက်ခဲ့ ပါသည်။


၂၆၅။ **ကျေးလက်မီးလင်းရေးလုပ်ငန်း**။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး မြို့နယ် (၁) မြို့နယ်၊ ကျေးရွာ (၂)ရွာတွင် အိမ်ခြေပေါင်း (၂၀၀)အိမ်အတွက် ဆိုလာမီး တပ်ဆင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။ မဟာဓာတ်အားလိုင်းစနစ်နှင့် အလှမ်းကွာဝေးပြီး ရေအားအရင်းအမြစ် မရှိသော မြို့များနှင့် ကျေးရွာအချို့တွင် ဌာနပိုင် ဒီဇယ်စက်များဖြင့် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးလျက်ရှိပါသည်။

၂၆၆။ **လမ်းပန်းဆက်သွယ်ရေး။** ၂၀၁၂-၂၀၁၃ခုဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ် အတွင်း ကျေးရွာချင်းဆက်လမ်း၊ ကတ္တရာလမ်း (၁၀/၀)မိုင်၊ ကျောက်ချောလမ်း (၁၃/၀)မိုင်၊ မြေသားလမ်း (၂၆/၀)မိုင်၊ သစ်သား တံတား (၁၄၀)ပေ၊ ရေပြွန်(၃၅)ပေတို့အား ကုန်ကျငွေ ကျပ်(၁၈၄၀.၆၀)သန်းဖြင့် လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်းပိုင်းတွင် ကတ္တရာလမ်း (၁၅/၄)မိုင်၊ ကျောက်ချောလမ်း (၁၅/၀)မိုင်၊ မြေသားလမ်း (၂၅/၄)မိုင်၊ ကွန်ကရစ်တံတား (၁၅၀၀)ပေ၊ ကုန်ကျငွေ ကျပ် ( ၃၄၁၀.၀၉) သန်းဖြင့်လည်းကောင်း ဖောက်လုပ်ခဲ့ပါသည်။ကချင်ပြည်နယ်အတွင်း ခရိုင်(၄)ခု ရှိသည့် အနက် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော် ခရိုင်များတွင် ငြိမ်းချမ်းရေးနှင့် အပစ်အခတ် ရပ်စဲရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။ ပူတာအို ခရိုင်၏ တစ်ခုတည်းသော ဆက်သွယ်ရေးလမ်း (မြစ်ကြီးနား-မြစ်ဆုံ-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း)သည် နယ်မြေအခြေအနေအရ သွားလာရေးတွင် ခက်ခဲနေဆဲ ဖြစ်ပါသည်။ မြစ်ကြီးနားမှ ပူတာအိုသို့ လေယာဉ်/ကားလမ်း၊ ပူတာအို-မချမ်းဘောလမ်းမှာ ထော်လာဂျီလမ်း၊ မချမ်းဘော- နောင်မွန်းလမ်းမှာ ဆိုင်ကယ်လမ်း၊ နောင်မွန်း- ခေါင်လန်ဖူးလမ်း မှာ တောင်ကြောလမ်းဖြစ်၍ (၆) ရက်ကြာ ခြေလျင်ခရီးသာ သွားနိုင်ပါ သည်။

၂၆၇။ **နယ်စပ်ကုန်သွယ်ရေး**။ ကချင်ပြည်နယ်သည် ဆန်ပိုလျှံမှုရှိသဖြင့် ဆဒုံးမြို့နယ်၊ ကန်ပိုက်တီး မြို့နယ်၊ ပန်ဝါမြို့နယ်များမှတဆင့် ပြည်ပ(တရုတ်)နိုင်ငံသို့ တင်ပို့ပါသည်။ လွယ်ဂျယ်၊ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှု လျှင်မြန် ချောမွေ့ စေရေးအတွက် အတားအဆီးဖြစ်နေသော စာရွက်စာတမ်း ကိစ္စများအနည်းဆုံး ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ယခင်က ကုမ္ပဏီလိုင်စင်ဖြင့်သာ ကုန်ပစ္စည်း တင်ပို့ခြင်း/တင်သွင်းခြင်း ခွင့်ပြုခဲ့သော်လည်း ယခုအခါ ITC (Individual Trading Card)များ ထုတ်ပေးပြီး တစ်ဦးချင်း ကုန်သွယ်ခွင့် ပြုခဲ့ပါသည်။ ယခင်က နယ်စပ်တင်ပို့တင်သွင်းခွင့် မပြုသော ကုန်ပစ္စည်းများ၊ စားသုံးသူများအန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများမှအပ အခြားကုန် ပစ္စည်းများကို တင်သွင်း ခွင့်ပြုလျက် ရှိပါသည်။

၂၆၈။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်း ချက်အရ ကချင်ပြည်နယ်၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၁၃၈၃၅၈၂.၃** သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ (ဧပြီလမှမတ်လ) စာရင်းများအရ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် **၁၀၃၁၁၀၀.၅** သန်း ဖြစ်သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် **၇၄.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ **၇.၂** ရာခိုင်နှုန်း

လျော့နည်း ပါသည်။ ခြုံငုံသုံးသပ်ပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်၌ ငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်နေရသဖြင့် စီးပွားရေးတိုးတက်မှု နှေးကွေးလျက်ရှိပါသည်။





၂၆၉။ ကချင်ပြည်နယ်၏ပြည်နယ်ဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၈၈၅၁.၂၈၀ | ၃၉၃၆၀.၄၄၂ |
| သာမန် | ၈၈၅၁.၂၈၀ | ၃၉၃၅၉.၇၄၇ |
| ငွေလုံးငွေရင်း | | ၀.၆၉၅ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၁၇၅၇၉.၈၆၇ | ၃၆၈၆၆.၆၂၅ |
| သာမန် | ၁၄၈၉၇.၁၂၂ | ၂၇၅၅၁.၇၈၅ |
| ငွေလုံးငွေရင်း | ၂၆၈၂.၇၄၅ | ၉၃၁၄.၈၆၇ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၈၇၂၈.၅၈၇ | (+)၂၄၉၃.၈၁၇ |

ကယားပြည်နယ်




| | | |
|---|---|---|
| **တည်နေရာ** | = | မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၉မိနစ်မှ ၁၉ ဒီဂရီ ၅၇ မိနစ် အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ၅၆ မိနစ်မှ ၉၇ ဒီဂရီ ၅၃ မိနစ် အတွင်း |
| **အကျယ်အဝန်း** | = | (၄၅၂၉.၅၆) စတုရန်းမိုင်၊ (၁၁၇၃၀.၇) စတုရန်းကီလိုမီတာ၊ (၂၈၉၈၉၂၁) ဧက |
| **လူဦးရေ** | = | ဦးရေ - ၃၆၅(ထောင်ပေါင်း) |
| **မြို့တော်** | = | လွိုင်ကော်မြို့နယ် |
| **ထူးခြားအမှတ်အသား** | = | တောင်ကွဲစေတီ |
| **ခရိုင်** | = | လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင် |
| **မြို့နယ်** | = | ( ၇ ) မြို့နယ် |
| **အဓိကစီးပွားရေးကဏ္ဍ** | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ လျှပ်စစ်ဓာတ်အားကဏ္ဍ |
| **ဆက်စပ်ဒေသများ** | = | မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက်တွင် ကရင်ပြည်နယ် |

၂၇၀။ **မြေအသုံးချမှုအခြေအနေ**။ အသားတင်စိုက်ပျိုးနိုင်သည့်မြေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၇၀၈၄၈ ဧက ရှိရာမှ ၂၀၁၂–၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၇၁၂၅၈ ဧကသို့ တိုးချဲ့စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးနိုင်သော မြေရိုင်းမှာ လျော့နည်းသွားပါသည်။

၂၇၁။ **လယ်ယာကဏ္ဍ**။ မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်ရေးအနေဖြင့် ကွင်းပေါင်း (၃၄၆)ကွင်း၊ ဧက(၁၁၁၆၃၀) တိုင်းတာရန် လျာထားခဲ့ရာ နယ်မြေအခြေအနေအရ ကွင်းပေါင်း (၃၂၀)၊ ဧက (၉၇၄၁၉)သာ တိုင်းတာနိုင်ခဲ့ပါသည်။ ကယားပြည်နယ်တွင် အဓိကအားထားရသော သီးနှံများမှာ မိုးစပါး၊ ပဲပုတ်၊ ပဲစဉ်းငုံ၊ မိုးမြေပဲ၊ မိုးနှမ်း၊ ပန်းနှမ်းနှင့် အစေ့ထုတ်ပြောင်းတို့ဖြစ်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မိုးစပါး ၉၈၇၇၉ ဧက ၊ ပဲပုတ် ၁၀၈၆၅ ဧက ၊ မိုးမြေပဲ ၁၄၁၄၇ ဧက၊ မိုးနှမ်း ၁၈၁၃၁ ဧက နှင့် ပန်းနှမ်း ၁၀၉၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ မိုးစပါး ၆၃၆၉၀၀၀ တင်း၊ ပဲပုတ် ၁၄၃၀၀၀ တင်း၊ မိုးမြေပဲ ၆၃၈၀၀၀တင်း၊ မိုးနှမ်း ၁၇၇၀၀၀တင်း နှင့် ပန်းနှမ်း ၉၅၀၀၀ တင်း ထွက်ရှိခဲ့ပါသည်။ အထွက်နှုန်းကောင်းသော

ပုလဲသွယ်၊ ရွှေရင်အေး၊ သီးထပ်ရင်စပါးမျိုး ပြောင်းလဲစိုက်ပျိုးခဲ့ပြီး ဘောလခဲခရိုင် ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ဝမ်ဟော် ရေလွှဲဆည် တည်ဆောက်ခြင်းဖြင့် စိုက်ပျိုးရေ ရရှိခဲ့ပါသည်။

၂၇၂။ **သားငါးကဏ္ဍ**။ ပုဂ္ဂလိကပိုင်အခန်းတွင် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် ဆောင်ရွက်သည့် အစုအဖွဲ့များဖြစ်သော ပေါင်းစည်းလယ်ယာ ၆ ဖွဲ့၊ အသားကဏ္ဍအစုအဖွဲ့ ၁၁၆ ဖွဲ့၊ ငါးကဏ္ဍအစုအဖွဲ့ ၄ ဖွဲ့တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ နို့စားနွား မွေးမြူရေးအစုအဖွဲ့ ၆ ဖွဲ့မှ နို့စားနွားကောင်ရေ ၃၂၄ ကောင်အား မွေးမြူနိုင်ခဲ့ပါသည်။ အသား၊ ငါးနှင့် ဥထုတ်လုပ်မှုတို့တွင် ယခင်နှစ်ကထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

၂၇၃။ **သစ်တောကဏ္ဍ**။ နိုင်ငံပိုင်အခန်းထုတ်လုပ်မှု၌ ယခင်နှစ်ကထက် နယ်မြေလုံခြုံမှုရှိလာခြင်း၊ သမဝါ ယမပိုင်အခန်းတွင် လင်းနို့ချေး ထုတ်လုပ်မှု တိုးတက်လာခြင်းနှင့် ပုဂ္ဂလိပိုင်အခန်းတွင် ကျွန်း၊ သစ်မာ အစရှိသည့် သစ်တောထွက် ပစ္စည်းများအားထုတ်လုပ်သူများမှ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

၂၇၄။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**။ ခနောက်စိမ်းထုတ်လုပ်မှုတွင် သူရကံချွန် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊ သိန်းမျက်လုံးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊ တော်ဝင်ဒဏ္ဍာရီ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့မှ နယ်မြေ အခြေအနေတိုးတက် ကောင်းမွန်လာခြင်းကြောင့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ကယားရွှေတံခါးကုမ္ပဏီလီမိတက်သည်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့ပါသည်။

၂၇၅။ **လျှပ်စစ်ဓါတ်အားကဏ္ဍ**။ ဘီလူးချောင်း အမှတ်(၁)နှင့် (၂) ရေအား လျှပ်စစ်စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်မောင်းနှင် နိုင်ခဲ့သည့်အတွက် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ မီးလင်းပြီးကျေးရွာ (၇၈)ရွာ ရှိခဲ့ရာမှ လောပိတ အမှတ် (၁)နှင့် အမှတ်(၂) ဘီလူးချောင်း စက်ရုံတို့မှ 33KV ဓာတ်အား လိုင်းမှတဆင့် ခွဲရုံတည်ဆောက်၍ ဖြန့်ဖြူးသောကြောင့် ရွာ(၁၈)ရွာကို ထပ်မံတိုးချဲ့ ပေးနိုင်ခဲ့ပါသည်။ ကျေးလက်ဒေသမီးလင်းရေး အစီအစဉ်အရ အသေးစားရေအားလျှပ်စစ်ဖြင့် (၁၅)ရွာ၊ ဇီဝလောင်စာဖြင့် (၂)ရွာ၊ စပါးခွံဖြင့် (၁)ရွာနှင့် ဒီဇယ်ဖြင့် (၂၆)ရွာ စုစုပေါင်း ရွာ(၄၄)ရွာမီးပေးနိုင်ခဲ့သဖြင့်ရွာစုစုပေါင်း၏ ၂၄.၅% မီးလင်း ပြီး ဖြစ်ပါသည်။

၂၇၆။ **ဆောက်လုပ်မှုကဏ္ဍ**။ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဓာတ်အားပေးလိုင်း ဓာတ်တိုင်များ လဲလှယ်ခဲ့ပြီး ပုဂ္ဂလိကပိုင်ဖြစ်သော High Tech Concrete Technology Co. Ltd ဘီလူးချောင်း ရေအားလျှပ်စစ် အမှတ်(၃)စီမံကိန်းကို ဆောက်လုပ်ခဲ့ပါသည်။

၂၇၇။ **ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး။** နေ့စဉ်အမှတ်(၁၄၇)အဆန်၊ (၁၄၈)အစုန် နေပြည်တော်-လွိုင်ကော်ကို ပြေးဆွဲလျက်ရှိပါသည်။ ကယားပြည်နယ် လွိုင်ကော်မှ ထွက်ခွာသည့် အမှတ်(၁၄၈) အစုန်ရထားသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသ၊ မန္တလေးတိုင်းဒေသကြီး တို့ကို ဖြတ်သန်းပြေးဆွဲသောကြောင့် ဒေသခံပြည်သူများ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုကို ဖြည့်ဆည်းပေးခဲ့ပါသည်။ ကားလမ်းများ ပိုမိုကောင်းမွန်လာပြီး ခေတ်မီ (Express) ကားများ၊ ကုန်တင်ကားကြီးများ၊ ခရီးသည်ပို့ဆောင်ရေး (မော်တော်ယာဉ်) ၁၂၈စီးနှင့် ကုန်စည် ပို့ဆောင်ရေး (မော်တော်ယာဉ်) ၂၄၆ စီးတို့ဖြင့် ပြေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။

၂၇၈။ **ငွေရေးကြေးရေးကဏ္ဍ။** ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သော ကမ္ဘောဇဘဏ်နှင့် အင်းဝ ဘဏ်တို့တွင် ကူးသန်း ရောင်းဝယ်ရေးကုန်သည်များ၏ (ကုန်ဖိုးချေ) အဓိက လုပ်ငန်း များကြောင့် ငွေလွှဲခရငွေများ ပိုမိုရရှိသည့်အပြင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပထမ ပုဂ္ဂလိကဘဏ်ခွဲကို စတင် ဖွင့်လှစ်နိုင်ခဲ့ပြီး သမဝါယမအသင်း ၇၇ သင်းဖြင့် ငွေချေး ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၂၇၉။ **ပညာရေးကဏ္ဍ။** လွိုင်ကော်မြို့နယ်တွင် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ ယက်ကန်း သင်တန်းကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိ၍ အထက်တန်း ကျောင်း ၁၉ ကျောင်း၊ အလယ်တန်းကျောင်း ၃၄ ကျောင်းနှင့် မူလွန်၊ မူလတန်းကျောင်း ၃၅၄ ကျောင်းတို့ ဖွင့်လှစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။


၂၈၀။ **ကျန်းမာရေးကဏ္ဍ။** ကုတင်( ၂၀၀ )ဆံ့ဆေးရုံ (၁ )ရုံ၊ ကုတင် (၅၀)ဆံ့ ဆေးရုံ (၁) ရုံ၊ (၂၅)ကုတင်ဆံ့ဆေးရုံ ၅ ရုံ၊ (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံ( ၉) ရုံ၊ ရောဂါ တိုက်ဖျက်ရေး စီမံကိန်းဌာန (၄) ခု၊ ဒေသန္တရဆေးပေးခန်း (၁) ခု၊ ကျောင်းကျန်းမာရေး ဆေးပေး ခန်း (၁) ခန်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ဆေးပေးခန်း (၆) ခန်း၊ ကျေးလက် ကျန်းမာရေး ဌာန(၂၇) ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ (၁၁၂) ခု၊ တိုင်းရင်း ဆေးရုံ (၁) ရုံ၊ မြို့နယ် တိုင်းရင်းဆေးခန်း (၄) ခန်း ၊ စုစုပေါင်း ကျန်းမာရေးစောင့်ရှောက်သော ဌာနပေါင်း (၁၇၂) ခု ဖြင့် ဒေသတွင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်မှု ပေးခဲ့ပါသည်။

၂၈၁။ **သောက်သုံးရေရရှိရေး။** နိုင်ငံတော်ဘတ်ဂျက်၊ ဒေသဝင်ငွေနှင့် INGO အဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ UNICEF ပံ့ပိုးမှု၊ အခြား NGO အဖွဲ့များ၏ ပေါင်းစပ်

ညှိနှိုင်းမှုဖြင့် ၂၀၁၂–၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ(၇၀) သောက်သုံးရေ ရရှိရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၈၂။ **ကုန်သွယ်ရေးကဏ္ဍ**။ ကယားပြည်နယ်၏ ဘောလခဲခရိုင်အတွင်းရှိ မယ်စဲ့မြို့နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန် လျာထားပြီး အဓိက ဝင်ထွက်ပေါက် ဖြစ်သည့် ထိုင်းနှင့်မြန်မာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း (BP-13)ကို တည်ဆောက်မည်ဖြစ်၍ မယ်စဲ့မြို့အဝင် တံတားနေရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်း မြေနေရာ ဧက (၃၀) လျာထားပြီး၊ ပြည်နယ်အတွင်း ဒေသခံများ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး၊ မြို့ပြ ဖွံ့ဖြိုးရေးကို ရည်ရွယ်၍ နယ်စပ်ဝင်ပေါက်မြို့ ဖြစ်လာမည့် မယ်စဲ့မြို့နယ်၌ နယ်စပ်ကုန်သွယ်ရေး ယာဉ်ရပ်နားစခန်း ဖွင့်လှစ် ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။

၂၈၃။ **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၁၇၇၀၇၀.၁** သန်း ဖြစ်သဖြင့် ရည်မှန်းချက် တန်ဖိုး **၁၇၇၂၁၈.၃** သန်း အပေါ် စီမံကိန်း **၉၉.၉** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ်အလားတူ ကာလ အပေါ် **၇.၂** ရာခိုင်နှုန်း တိုးတက်ပါသည်။ ခြုံငုံသုံးသပ်ပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်အနေဖြင့် အထွက်ကောင်းစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့ခြင်း၊ ပို့ဆောင်ရေးကဏ္ဍတိုးတက်လာခြင်း၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ ရှိလာခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အခြေအနေထက် ပိုမိုကောင်းမွန်ခဲ့ပါသည်။



၂၈၄။ ကယားပြည်နယ်၏ပြည်နယ်ဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင် အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၈၀၃.၅၃၂ | ၉၆၆၈.၈၄၀ |
| သာမန် | ၈၀၃.၂၉၂ | ၉၆၆၈.၈၄၀ |
| ငွေလုံးငွေရင်း | ၀.၂၄၀ | |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၄၉၀၉.၇၈၂ | ၉၃၀၃.၈၁၂ |
| သာမန် | ၃၇၅၈.၄၅၆ | ၇၃၃၇.၆၀၈ |
| ငွေလုံးငွေရင်း | ၁၁၅၁.၃၂၆ | ၁၉၆၆.၂၀၄ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၄၁၀၆.၂၅၀ | (+)၃၆၅.၀၂၈ |

## ကရင်ပြည်နယ်




| | | |
|---|---|---|
| **တည်နေရာ** | = | အရှေ့လောင်ဂျီတွဒ်- ၉၆ဒီဂရီ ၁၀ မိနစ်မှ ၉၈ ဒီဂရီ ၅၅ မိနစ် မြောက်လတ္တီတွဒ်- ၁၅ ဒီဂရီ ၁၉ မိနစ်မှ ၁၉ ဒီဂရီ ၂၅ မိနစ်အကြား |
| **အကျယ်အဝန်း** | | (၁၁၇၃၀.၈၅၁၂)စတုရန်းမိုင်၊ (၇၅၀၇၇၃၃) ဧက |
| **လူဦးရေ** | = | ဦးရေ - ၁၈၅၅ (ထောင်ပေါင်း) |
| **မြို့တော်** | = | ဘားအံမြို့ |
| **ထူးခြားသည့် အမှတ်အသား** | = | ဇွဲကပင်တောင် |
| **ခရိုင်** | = | (၄)ခရိုင်(ဘားအံ၊ မြဝတီ၊ ဖာပွန်၊ ကော့ကရိတ်) |
| **မြို့နယ်** | = | (၇)မြို့နယ် |
| **အဓိကစီးပွားရေး ကဏ္ဍ** | = | လယ်ယာ၊သားငါး၊စက်မှု လက်မှု |
| **ဆက်စပ်ဒေသများ** | = | အရှေ့ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင်ပဲခူးတိုင်းနှင့်မွန်ပြည်နယ်၊ တောင် ဘက် တွင် မွန်ပြည်နယ်၊ မြောက်ဘက် တွင် ရှမ်းပြည်နယ်၊ ကယားပြည် နယ်။ |

၂၈၅။ **မြေအသုံးချမှု အခြေအနေ**။ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်တွင် စိုက်ပျိုး နိုင်သော မြေရိုင်းကျဆင်းသွားပြီး အသားတင် စိုက်ပျိုးနိုင် သည့်မြေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထက် (၁၀၀၀၄၃) ဧက တိုးတက်လာပါသည်။

၂၈၆။ **လယ်ယာကဏ္ဍ**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်တွင် စုစုပေါင်း စိုက်ပျိုးနိုင်သော ဧရိယာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထက် (၅၃၉၄၁) ဧကတိုးတက် လာခဲ့ပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၃.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကရင်ပြည်နယ်၏ ဒေသရေမြေသဘာဝနှင့်ကိုက်ညီသော စက်မှုကုန်ကြမ်း သီးနှံရာဘာတွင် ကုမ္ပဏီများမှတောင်သူများအား နည်းပညာပေးခြင်းကြောင့် စိုက်ဧက ပိုမိုလာပြီး၊ အစေးလျှီးဧက ပိုမိုလာခဲ့ပါသည်။ ထို့အပြင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိလာသော နယ်မြေများ၌ အစေးလျှီးနိုင်သောဧကများ ပိုမိုဖော်ထုတ်နိုင်ခဲ့သည့်အတွက် အစေးလျှီး ဧကများ တိုးတက်ခဲ့ပြီး အထွက်တိုးခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အဓိကအား ဖြင့်မိုးစပါး၊ နွေစပါး၊

ရာဘာ၊ အစေ့ထုတ် ပြောင်း၊ပဲတီစိမ်း၊ လက်ဖက်(ရွက်စိမ်း)နှင့် ကော်ဖီ တို့ကိုစိုက်ပျိုးပါသည်။ လက်ရှိအနေအထားအရ ငြိမ်းချမ်းရေးရရှိလာသော နယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာမြေလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ ရေဘုတ်ရေလှောင်တမံ ဆည်ရေသောက် ဧရိယာတွင် နိုင်ငံတော် အစီအစဉ်ဖြင့်ဧက(၁၀၀)၊ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဧက (၁၀၀) စုစုပေါင်း (၂၀၀) ဧကအား ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။ (နောင်ထမံ၊ ကံခရဲ၊ ကမ်းနီ၊ကျုံထော်၊ ကွမ်ဘီ၊ဖဲကဒါ၊ နတ်ကျွန်းကျေးရွာအနီး နောင်ပတုပ်အင်း) ရေတံခါး တည်ဆောက်ခြင်း၊ နုံးသွင်းမြောင်း ပြန်လည်တူးဖော်ခြင်း၊ ရေသွင်းမြောင်းတူးဖော်ခြင်းလုပ်ငန်း အတွက် နိုင်ငံတော်ဘတ်ဂျက် ကျပ်သန်း ၁၂၈.၁၉၄ သုံးစွဲခဲ့ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန မှဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေးလုပ်ငန်း (မြိုင်ကြီးငူ)အတွက် နိုင်ငံတော်ဘတ်ဂျက် ကျပ်သန်း ၇၇၇.၀၈၇ သုံးစွဲခဲ့ပါသည်။

၂၈၇။ **သားငါးကဏ္ဍ**။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၌ သားငါးပိုမိုထုတ်လုပ်နိုင်ရေးအတွက် UNDP (CDRT) Projectမှ ဘားအံမြို့နယ်ရှိ ရွာ (၅) ရွာအတွက် ဝက်မွေးမြူရန် ကျပ်(၇၀)သိန်း၊ ကြက်မွေးမြူရေး တွင်ကျပ် (၄၈) သိန်း၊ ဆိတ်မွေးမြူရေးတွင်ကျပ် (၆၀) သိန်း၊ ရွှေသံလွင် ကုမ္ပဏီမှကျပ် (၉၉.၃) သိန်း၊ ပြည်နယ် သမအသင်းစုချုပ်မှ (၉၀၂.၇၅) သိန်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မှအစုအဖွဲ့အတွက် (၂၂.၂) သိန်း၊ မွေးမြူရေး နှင့် ရေလုပ်ငန်း ဝန်ကြီးဌာနမှ ကျပ်သိန်း (၄၀၀၀) မွေးမြူရေးစရိတ်အဖြစ် ထုတ်ချေးခဲ့ပါသည်။

၂၈၈။ **သစ်တောကဏ္ဍ**။ ကျွန်း၊ သစ်မာ၊ ဖာလာစေ့နှင့် ကိုင်းဖျားကိုင်းနားစသည့် သစ်တောထွက် ပစ္စည်းထုတ်လုပ်မှု များမှာယခင်နှစ်ထက်လျော့နည်းခဲ့ပါသည်။

၂၈၉။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**။ ပုဂ္ဂလိကပိုင် အခန်းတွင် အမှတ်(၁)သတ္တုတွင်းမှ ခနောက်စိမ်းနှင့်ရောရာသတ္တုရိုင်း၊ ခနောက်စိမ်းသတ္တုသန့်စင်နှင့် အမှတ်(၃)သတ္တုတွင်းမှ မာဘယ်ကျောက်၊ ဂေါ်တန်ကျောက်(ဒေသ)ထုတ်လုပ်မှုများ ယခင်နှစ်ထက် တိုးတက်ခဲ့ပါ သည်။

၂၉၀။ **စက်မှုလက်မှုကဏ္ဍ**။ ဖွံ့ဖြိုးတိုးတက်အောင် ဘားအံစက်မှုဇုန်နှင့် မြဝတီ ကုန်သွယ်မှုဇုန် တို့ကိုဖော်ထုတ်ဆောင်ရွက်ခဲ့ပါသည်။ ဘားအံစက်မှုဇုန်တွင် ချစ်လင်းမြိုင် ကုမ္ပဏီ (အထည်ချုပ် စက်ရုံ)၊ ရွှေသံလွင်ကုမ္ပဏီ (စီးကရက်စက်ရုံ)၊ ဝင်းဝင်းကုမ္ပဏီ (ဖယောင်းတိုင် လုပ်ငန်း)နှင့် ဦးဆန်နီသိန်းကုမ္ပဏီ(ဓါတ်သတ္တုပစ္စည်းလုပ်ငန်း ကုန်ချောထုတ်လုပ်ရေး)စက်ရုံများ ရာနှုန်းပြည့် မပြီးစီးသေးသော်လည်း UMH ကုမ္ပဏီ (အထည်ချုပ်စက်ရုံ) လည်ပတ်လျက်ရှိရာ ယင်းမှ တဆင့် လုပ်သားအင်အား (၅၀၀)ဦးအထိ တိုးချဲ့ခဲ့ပါသည်။ မြငွေးကြွယ်လင်းကုမ္ပဏီ

(သစ်အချောထည်စက်ရုံ)နှင့်(စက်ဘီး ပြုပြင် တပ်ဆင်စက်ရုံ)မှာ လုပ်သား(၂၀)ဦးဖြင့် စတင် လည်ပတ်ပြီး လုပ်သား (၅၀)ဦးထိ တိုးချဲ့ ခဲ့ပါသည်။

၂၉၁။ **လျှပ်စစ်ဓာတ်အားကဏ္ဍ**။ ရင်ပြည်နယ်၌ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှု၊ သုံးစွဲမှု ဖွံ့ဖြိုး တိုးတက်စေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ မြို့နယ်များတွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက် လိုပါက ကုမ္ပဏီများအနေဖြင့် လည်းကောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ အနေဖြင့်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ပါသည်။ ထို့ပြင် ၅၀ မဂ္ဂါဝပ်အောက် ဓါတ်အားထုတ်လုပ်နိုင်သော စက်ရုံများဖြင့် ဒေသတွင်း Regional Grid လုပ်ငန်းဆောင်ရွက်လိုပါက ကုမ္ပဏီများ အနေဖြင့်လည်းကောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ အနေဖြင့်လည်းကောင်း ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် လုပ်ကိုင်နိုင်ရန် ဖြေလျော့ လုပ်ဆောင်ပေးခဲ့ပါသည်။

၂၉၂။ **ဆောက်လုပ်မှုကဏ္ဍ**။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ ဖာပွန်-ကမမောင်းလမ်း၊ ဝါးဘိုးတော-ကမမောင်းလမ်းနှင့် ထီးလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်း အတွက် ကျပ်သန်း ၂၈၆၄.၂၇၇၊ ခရိုင်(၄) ခရိုင် (ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်)တွင် လမ်းနှင့် တံတားတည်ဆောက် ပြုပြင်ခြင်းအတွက် ကျပ်သန်း ၁၂၇၈၃.၇၆၅၊ ပြည်နယ်ရဲတပ်ဖွဲ့ အဆောက်အအုံတည်ဆောက်ခြင်း ကျပ်သန်း ၈၉၀.၆၅၊ ဘားအံတက္ကသိုလ် ဆောက်လုပ်ရေး လုပ်ငန်း ကျပ်သန်း ၁၇၁၄.၉၄၄၊ ကျန်းမာရေးဌာန အဆောက်အဦး ဆောက်လုပ်မှုများ ကျပ်သန်း ၁၁၄၅.၂၅၃၊ မြို့နယ်(၇)မြို့နယ်တွင် ဓါတ်အားလိုင်း သွယ်တန်းခြင်းနှင့် ခွဲရုံ တည်ဆောက်ခြင်း ကျပ်သန်း ၃၉၉.၃၇၈၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သည့် လမ်းတံတားလုပ်ငန်း ကျပ်သန်း ၉၉၅၈.၄၇၁၊ အိမ်ယာဆောက်လုပ်ခြင်း ကျပ်သန်း ၃၆၈၉.၂၇၄၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (သံကူ ကွန်ကရစ်ရေစင်၊ စတီးရေတိုင်ကီ(၈)လုံး၊ မြေအောက်ကွန်ကရစ် ရေစင်/ရေကန်၊ သင်တန်းသူအိပ်ဆောင် အထပ်သားခန်းဆီးနှင့် ဆိုင်ကယ်ရုံတည်ဆောက်ခြင်း) ကျပ်သန်း (၂၀)၊ အမကကျောင်း စုစုပေါင်း(၄၄)ကျောင်း ( ဘားအံ၆၊ ကော့ကရိတ်၆၊ မြဝတီ၃၊ ကြာအင်းဆိပ်ကြီး၅၊ လှိုင်းဘွဲ့၇၊ သံတောင်ကြီး၈၊ ဖာပွန်၉ )တည်ဆောက်ခြင်း ကျပ်သန်း ၁၀၈၇.၂ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အသီးသီးသုံးစွဲခဲ့ပါသည်။

၂၉၃။ **ပို့ဆောင်ရေးကဏ္ဍ**။ ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကပိုင်ယာဉ်လိုင်းများ ယခင်နှစ်ထက် ပိုမိုတိုးချဲ့ ပြေးဆွဲလာခဲ့ပါသည်။

၂၉၄။ **ဆက်သွယ်ရေးကဏ္ဍ**။ CDMA450၊ CDMA-800 WILL၊ WCDMA-800 နှင့် GSM (Mobile) တယ်လီဖုန်း အသစ်တပ်ဆင်မှုများ ယခင်နှစ်ထက် (၄၄၀၉၄)လုံး တိုး၍ တပ်ဆင်ခဲ့ပါသည်။

၂၉၅။ **ငွေရေးကြေးရေးကဏ္ဍ**။ အသေးစားနှင့် အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေး ဘဏ်ခွဲနှင့် သမဝါ ယမ ဘဏ်ခွဲများအသစ်ဖွင့်လှစ်ခဲ့ပါသည်။

၂၉၆။ **လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**။ နိုင်ငံတော်မှ ဝန်ထမ်းများအား ထောက်ပံ့ကြေး ၃၀၀၀၀ကျပ် အပါအဝင် ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ အတွက် ဒေသစရိတ် ချီးမြှင့် ငွေများ ထုတ်ပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၉၇။ **ပညာရေးကဏ္ဍ**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ ကရင်ပြည်နယ်၏ ကျောင်းဆရာနှင့် ကျောင်းသား အချိုးမှာ မူလတန်း၁:၃၃၊ အလယ်တန်းအဆင့်တွင် ၁:၄၂၊ အထက်တန်း အဆင့်တွင် ၁:၂၁ ဖြစ်ပါသည်။ ယခင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ပညာသင်နှစ်တွင် အခြေခံ ပညာ ကျောင်းသားကျောင်းသူ ပေါင်း(၂၂၉၀၄၃) ဦး ပညာသင်ကြားနိုင်ခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ဦးရေ(၂၅၂၃၄၉) တက်ရောက် သင်ကြားနေသဖြင့် (၂၃၃၀၆)ဦးတိုးတက် ပညာသင်ကြားခွင့် ရရှိခဲ့ပါသည်။ ပညာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် မြို့နယ်(၇)မြို့နယ်တွင် တစ်မြို့နယ်လျှင် ဥပဓိရုပ် မကောင်းသော အခြေခံပညာ ကျောင်း(၁၀) ကျောင်း၏ ကျောင်းဆောင် အဟောင်းများကို ဖျက်သိမ်းပြီး ကျောင်းဆောင် အသစ်ဆောက်လုပ်ရေး ဆောင်ရွက်ခဲ့ပါသည်။


၂၉၈။ **သောက်သုံးရေရရှိရေး**။ ကျေးရွာပေါင်း (၂၀၆၃) ရွာရှိပါသည်။ (၂၀၁၂-၂၀၁၃) ခုနှစ် အထိ ကျေးရွာပေါင်း (၅၆၃)ရွာတွင် သောက်သုံးရေဖူလုံရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ ပါသည်။

၂၉၉။ **ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ**။ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအဆောက် အဦများ ဖြစ်သောစားသောက်ဆိုင်လုပ်ငန်းများ လုပ်ငန်းဦးရေနှင့် ဝင်ငွေ တိုးတက်လာခြင်း၊ ဟိုတယ်တည်းခိုခန်းများ၏ ဝင်ငွေတိုးတက်လာခြင်း၊ တိုးတက်လာသော လူဦးရေနှင့်အညီ ဆံသလုပ်ငန်းများ၊ အိမ်ငှားလုပ်ငန်းများ၊ ကျူရှင်လုပ်ငန်းများ တိုးတက်လာခဲ့ပါသည်။

၃၀၀။ **နယ်စပ်ကုန်သွယ်ရေး**။ ဖြေလျှော့မှုများမှာ မြဝတီကုန်သွယ်ရေးဇုန် အနေဖြင့် နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိရေး၊ ကုန်သွယ်မှု လျှာထားချက် ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ရေး၊ တရားမဝင် ကုန်သွယ်မှုလျော့နည်း ပပျောက် စေရေးတို့အတွက် လုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲ

များအား လုပ်ထုံးလုပ်နည်းများနှင့် အညီဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် လုပ်သာကိုင်သာ ရှိစေရန်နှင့် ထိုက်သင့်သော အကျိုးအမြတ်များရရှိပြီး တရားဝင် ကုန်သွယ်မှု လမ်းကြောင်းပေါ်မှ နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ကုန်သွယ်မှု ပြုနိုင်ရေးဆောင်ရွက် ပေးနေသကဲ့သို့ ကုန်သွယ်ရေးဇုန်အတွင်း စစ်ဆေးခံထွက်သော ယာဉ်စာရင်းနှင့် တရားမဝင်ရှောင်ကွင်းလမ်းမှ သွားလာနေသောယာဉ်စာရင်း ကွာခြားနေမှုများအား နေ့စဉ်စာရင်းရယူစိစစ်ကာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန(ရုံးချုပ်)နှင့် ကရင်ပြည်နယ် အစိုးရသို့ တင်ပြဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ (One Stop Service) OSS အဖွဲ့ဝင်ဌာနများ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းညှိနှိုင်း အသိပေးစိစစ် တားမြစ်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၃၀၁။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** ကရင်ပြည်နယ်၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၉၄၃၄၁၃.၀ သန်းဖြစ်ပေါ်ခဲ့သဖြင့်၊ ရည်မှန်းချက်တန်ဖိုးကျပ် ၈၆၂၀၂၉.၉ သန်းအပေါ် ၁၀၉.၄ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် အလားတူကာလအပေါ် ၂၀.၁ ရာခိုင်နှုန်း တိုးတက်ပါသည်။





၃၀၂။ ကရင်ပြည်နယ်၏ပြည်နယ်ဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေ နှင့် လုပ်ငန်းအကောင် အထည်ဖော်နိုင်မှု အခြေအနေမှာ တစ်ဖက်ပါ အတိုင်းဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၃၆၂၀.၆၄၃ | ၂၁၇၇၆.၄၈၂ |
| သာမန် | ၃၆၂၀.၅၂၉ | ၂၁၆၂၈.၃၈၃ |
| ငွေလုံးငွေရင်း | ၀.၁၁၄ | ၁.၉၇၉ |
| ကြွေးမြီ | | ၁၄၆.၁၂၀ |
| (ခ)သုံးငွေ | ၆၀၈၇.၉၃၈ | ၁၉၉၀၆.၅၇၀ |
| သာမန် | ၅၁၂၂.၉၀၆ | ၁၈၄၆၉.၃၇၀ |
| ငွေလုံးငွေရင်း | ၉၆၅.၀၃၂ | ၁၄၃၇.၂၀၀ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၂၄၆၇.၂၉၅ | (+)၁၈၆၉.၉၁၂ |

# ချင်းပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - (၂၀)ဒီဂရီ(၄၀)မိနစ်နှင့် (၂၄) ဒီဂရီ ၀၉ မိနစ် အကြား၊ အရှေ့လောင်ဂျီတွဒ်- (၉၂)ဒီဂရီ(၃၆)မိနစ် နှင့် (၉၄)ဒီဂရီ (၀၈) မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၃၉၀၆.၉၇ - စတုရန်းမိုင်ပေါင်း ၈၉၀၀၄၅၉ - ဧက |
| လူဦးရေ | = | ဦးရေ - ၅၇၁ (ထောင်ပေါင်း) |
| မြို့တော် | = | ဟားခါးမြို့ |
| ထူးခြားအမှတ်သားနေရာ | = | ရိဒ်ရေကန်(ဖလမ်းမြို့နယ်၊ ရိခေါဒါရ်( မြို့နယ်ခွဲ) |
| ခရိုင် | = | ( ၃ ) ခရိုင်(ဟားခါး၊ ဖလမ်း၊ မင်းတပ်) |
| မြို့နယ် | = | ( ၉ ) မြို့နယ် |
| မြို့နယ်ခွဲ | = | (၄)မြို့နယ်ခွဲ |
| အဓိကစီးပွားရေးကဏ္ဍ | = | စိုက်ပျိုးမွေးမြူခြင်း |
| ဆက်စပ်ဒေသ | = | အရှေ့ဘက် - စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး<br>အနောက်ဘက်- အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်<br>တောင်ဘက် - ရခိုင်ပြည်နယ်<br>မြောက်ဘက် - အိန္ဒိယနိုင်ငံ |

၃၀၃။ **မြေယာအသုံးချမှု။** ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတ်လကုန်တွင် အသားတင်စိုက်ပျိုးနိုင်သည့်မြေ (၂၂၀၄၉၁) ဧကရှိပြီး ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် (၂၂၁၁၄၇)ဧကနှင့် နှိုင်းယှဉ်ပါက( ၆၅၆ ) ဧကလျော့နည်းခဲ့ပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် အသားတင်စိုက်ဧက လျော့နည်းရခြင်းဖြစ် ပါသည်။

၃၀၄။ **လယ်ယာကဏ္ဍ။** လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာ(လှေခါးထစ်လယ်) (၁၀၀)ဧက ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။ INGO အဖွဲ့အစည်းများ

ဖြစ်သော CAD၊ ADRA၊ GRET၊ KMSS၊ UNDP အဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် လေ့ခါးထစ်လယ် (၄၂၆.၀၈)ဧကေ ဖော်ထုတ်နိုင်ခဲ့ပါသည်။ စိုက်ပျိုးရေရရှိရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ထောက်ပံ့လှူဒါန်းငွေကျပ်(၂၆၆)သိန်းဖြင့် ကျေးရွာ (၄)ရွာတွင် လယ်ရေသွယ်မြောင်းများ ဖောက်လုပ်ခြင်း၊ ပြည်ထောင်စုအစိုးရ၏ ကျေးလက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သန်း (၁၅၀)ဖြင့် ကျေးရွာပေါင်း(၃၇)ရွာတွင် အကျိုးပြုဧကေ (၂၃၈၁) အတွက် လယ်ရေသွယ်မြောင်းများ ဖောက်လုပ်ခြင်း၊ ပြည်ထောင်စုအစိုးရ၏ လူမှုဖွံ့ဖြိုးရေးထောက်ပံ့ငွေမှ ကျပ်သန်း(၁၀၀)ဖြင့် ကျေးရွာ (၁၀)ရွာတွင် ရေလွှဲဆည်(၂)ခု၊ လယ်ရေသွယ်မြောင်း(၂)ခုနှင့် ရေသွယ်ပိုက်များ တပ်ဆင်ပေးခြင်း၊ INGO,NGOအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ ကျပ် (၇.၃၉၅)သန်းဖြင့် မြို့နယ်(၃)မြို့နယ်တွင် အကျိုးပြု ဧက (၃၇)ဧကအတွက် ရေသွယ်မြောင်း (၃)မြောင်း ဖောက်လုပ်ခြင်းတို့ဆောင်ရွက်ပေးခဲ့ပါ သည်။

၃၀၅။ ရေမြေသဘာဝနှင့် ကိုက်ညီသော အထူးအထွက်တိုး စပါးမျိုးကောင်း မျိုးသန့်များဖြစ်သော ပုလဲသွယ်စပ်မျိုး (၁၀၂)ဧက၊ မနောသုခ (၁၂၃၈၆)ဧက၊ ရွှေရင်အေး(၃၆၁၆)ဧက၊ ညော့မထ(၈၉၁၇)ဧက၊ ဘူပီး(၂၄၈)ဧကနှင့် အခြားအထွက် ကောင်းမျိုး(၅၇၅)ဧက၊ စုစုပေါင်း (၂၅၈၄၄)ဧက စိုက်ပျိုးခဲ့ပါသည်။

၃၀၆။ **သားငါးကဏ္ဍ။** နွားနောက်မွေးမြူရေးအစုအဖွဲ့(၆၇)ဖွဲ့၊ နွားမွေးမြူရေး အစုအဖွဲ့(၅)ဖွဲ့၊ ဝက်မွေးမြူရေးအစုအဖွဲ့(၃၆)ဖွဲ့၊ ဆိတ်မွေးမြူရေးအစုအဖွဲ့ (၁၂)ဖွဲ့နှင့် ငါးမွေးမြူရေးအစုအဖွဲ့ (၂)ဖွဲ့ တို့ကို ဖွဲ့စည်းခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ မွေးမြူရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေကျပ် သိန်း (၂၀၀၀၀)ကို ကျွဲမွေးမြူ ရေးတွင် (၂၅၂၆) သိန်း၊ နွား မွေးမြူရေးတွင်(၅၂၅၁) သိန်း၊ မြင်း/လားမွေးမြူရေးတွင် (၁၃၇၀) သိန်း၊ ဆိတ် မွေးမြူရေး တွင် (၁၉၃၃.၁)သိန်း၊ဝက်မွေးမြူရေးတွင် (၄၃၃၁.၅)သိန်း၊ ကြက် မွေးမြူရေးတွင် (၅၇၂.၉) သိန်း၊ ငါးမွေးမြူရေးတွင် (၉၆၅.၅)သိန်းနှင့် ဟားခါးမြို့ပေါ်ရှိ မွေးမြူရေးလုပ်ငန်းရှင်များ အတွက် (၃၀၅၀)သိန်းခွဲဝေ ထုတ်ချေးနိုင်ခဲ့ပါသည်။

၃၀၇။ **စက်မှုလက်မှုကဏ္ဍ။** စက်မှုကုန်ထုတ်အသင်း(၈)သင်းအား ဖွဲ့စည်းထားရှိပြီး ထန်တလန်မြို့နယ်၌ စပျစ်ရည်ကုန်ထုတ် အစုအဖွဲ့(၁)ဖွဲ့အား ဖွဲ့စည်းမှတ်ပုံတင် ထုတ်ပေးပြီးဖြစ်ပါသည်။ ဖလမ်း အထက်တန်း ရက်ကန်းကျောင်းနှင့် မင်းတပ် ရက်ကန်းကျောင်းတို့အတွက် လိုအပ်သော စက်ကိရိယာများ အဆင့်မြှင့်တင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၃၀၈။ **လျှပ်စစ်ဓာတ်အားကဏ္ဍ**။ အသေးစားရေအား လျှပ်စစ်ဖြင့် (၃၂၁) ရွာ၊ ဒီဇယ် မီးဖြင့် (၃) ရွာ ၊စုစုပေါင်း(၃၂၄)ရွာ မီးလင်းပြီး ဖြစ်သဖြင့် ကျေးရွာ စုစုပေါင်း (၁၃၈၉) ရွာ၏ ၂၃.၃ ရာခိုင်နှုန်း မီးလင်းအောင် ဆောင်ရွက်ခဲ့ပါသည်။

၃၀၉။ **ဆောက်လုပ်မှုကဏ္ဍ**။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ထောက်ပံ့ငွေ ကျပ် (၄၂၅)သိန်းဖြင့် ကျေးလက် လမ်း (၁) လမ်းပြုပြင်ခြင်းနှင့် ကျေးလက်ချောင်းကူးတံတား (၈)စင်း တည်ဆောက်ခြင်း၊ UNDP မှ ငွေကျပ် (၂၄)သိန်းဖြင့် ဖလမ်းမြို့နယ်ရှိ ကျေးရွာ (၃)ရွာတွင် လမ်းဖောက်လုပ်ခြင်း၊ ချင်းပြည်နယ်အစိုးအဖွဲ့၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ငွေကျပ် (၁၂၀.၂)သန်းဖြင့် လက်ရှိ လူသွားလမ်း (၆) လမ်းနှင့် ဆိုင်ကယ်လမ်း (၄)လမ်းကို ဂျစ်ကားသွားနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

၃၁၀။ ချင်းပြည်နယ်အစိုးအဖွဲ့၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးထောက်ပံ့ငွေ ကျပ် (၁၇၅) သန်းဖြင့် ကျေးလက်လူကူး ကြိုးတံတား (၂၉)စင်း တည်ဆောက်ခြင်း၊ ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေမှ ကျပ်သန်း (၁၂၀)ဖြင့် ကျေးလက်တံတား (၁၆)စင်း တည်ဆောက်ခြင်း၊ INGO များ၏ ထောက်ပံ့ငွေ ကျပ် (၁၈.၂၄)သန်းဖြင့် ကျေးရွာ(၁၄) ရွာတွင် ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ခြင်း၊ ကျေးရွာ (၁၂)ရွာတွင် ဈေးသွား လမ်းဖောက်လုပ်ခြင်းနှင့် ကျေးရွာ(၉)ရွာတွင် လမ်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ် (၃၇.၁၃၅)သန်းဖြင့် လမ်း(၈)လမ်း တာချဲ့ခြင်း၊ လမ်းသစ် (၃)လမ်းဖောက်လုပ်ခြင်းနှင့် လမ်း(၁)လမ်း ကျောက်ချောခင်းခြင်း၊ ချင်းပြည်နယ် စည်ပင်သာယာရေး အဖွဲ့ရန်ပုံငွေ ကျပ်(၇.၆၃၆)သန်းဖြင့် ရေပြွန်(၁)ခုနှင့် တံတား (၂) စင်း ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။


၃၁၁။ **လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**။ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း အထက (၁၃)ကျောင်း၊ အထကခွဲ (၄)ကျောင်း၊ အလက(၈)ကျောင်း၊ အလက ခွဲ (၈)ကျောင်း အမက (၄၄)ကျောင်းနှင့် မူလတန်းလွန်ကျောင်း(၃၁)ကျောင်း ဆောက်လုပ်ခြင်း၊ ကျောင်း ဆောင် ဟောင်းများ ပြုပြင်မှုတွင် အထက (၁၀)ကျောင်း၊အထက ခွဲ(၃)ကျောင်း၊ အလက (၁၁)ကျောင်း၊ အလကခွဲ (၉)ကျောင်း၊ အမက (၆၄)ကျောင်းနှင့် မူလတန်းလွန်ကျောင်း (၃၉)ကျောင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောက်ရွက်ခဲ့ပါသည်။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေ ကျပ်(၁၀၄၀.၆)သန်းဖြင့် ဝန်ထမ်းအိမ်ယာ အသစ်(၁)လုံး ဆောက်လုပ်ခြင်း၊ ဝန်ထမ်း အိမ်ယာ (၄)လုံး ပြုပြင်ခြင်း၊ သားဖွားခန်း(၂)ခု ဆောက်လုပ်ခြင်း၊ ကျေးလက်

ကျန်းမာရေးဌာန(၄)ခု ဆောက်လုပ်ခြင်းနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ(၄)ခု ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ အများပြည်သူ စုပေါင်းထည့်ဝင်ငွေဖြင့် မြို့နယ်ဆေးရုံများ၌ (၃၆၀၅၇၈၀)ကျပ်နှင့် တိုက်နယ် ဆေးရုံများ၌ (၂၈၆၀၉၈၀၀)ကျပ်ကို ဆေးပဒေသာပင်စိုက်ထူခဲ့ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ကျေးရွာစာကြည့် တိုက်(၄၁)ခုအတွက် LCD (၂၁) လက်မရုပ်မြင်သံကြားစက် (၄၁)လုံး ထောက်ပံ့လှူဒါန်း ခဲ့ပါသည်။

၃၁၂။ **သောက်သုံးရေးရရှိရေး။** သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ခြင်းတွင် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ်(၉.၈၃၆) သန်းဖြင့် ကျေးရွာ(၄)ရွာ၊ စည်ပင်သာယာရေးဘဏ် လီမီတက်မှ လှူဒါန်းငွေကျပ်(၁၃၀.၇၁) သန်းဖြင့် ကျေးရွာ (၇၂) ရွာ၊ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်(၄၈) သန်းဖြင့် ကျေးရွာ (၄)ရွာ၊ ပြည်ထောင်စုအစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ရန်ပုံငွေ ကျပ် (၁၇၅)သန်းဖြင့် ကျေးရွာ (၈၃)ရွာတွင် ရေထွက်မှ PVC pipe သွယ်တန်း၍ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

၃၁၃။ **ကုန်သွယ်မှုကဏ္ဍ။** ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသတွင်းကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ်လျက် ရှိသော်လည်း မိုးရာသီ သွားလာရေး ခက်ခဲသဖြင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှု ကြန့်ကြာပြီးများစွာ ဖွံ့ဖြိုးမှုမရှိကြောင်း တွေ့ရှိရပါသည်။

၃၁၄။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** ချင်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁၆၉၃၁၇.၀သန်း ဖြစ်ပေါ်ခဲ့သဖြင့်၊ ရည်မှန်းချက်တန်ဖိုးကျပ် ၁၇၁၃၇၁.၃သန်းအပေါ် ၉၈.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀ - ၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် အလားတူကာလအပေါ် ၁၄.၈ ရာခိုင်နှုန်း တိုးတက်ပါသည်။





၁၁၅။ ချင်းပြည်နယ်၏ ပြည်နယ်ဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊သုံးငွေနှင့် လုပ်ငန်း အကောင် အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၂၆၃၉.၁၆၃ | ၁၇၆၃၅.၉၉၆ |
| သာမန် | ၂၆၃၈.၄၃၂ | ၁၆၉၇၂.၉၉၆ |
| ငွေလုံးငွေရင်း | ၀.၇၃၁ | |
| ကြွေးမြီ | | ၆၆၃.၀၀၀ |
| (ခ)သုံးငွေ | ၉၃၅၄.၇၉၅ | ၁၇၃၄၁.၄၂၂ |
| သာမန် | ၈၉၉၆.၃၆၆ | ၁၄၆၇၆.၀၃၄ |
| ငွေလုံးငွေရင်း | ၃၅၈.၄၂၉ | ၂၆၆၅.၃၈၈ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၆၇၁၅.၆၃၂ | (+)၂၉၄.၅၇၄ |

## စစ်ကိုင်းတိုင်းဒေသကြီး




စစ်ကိုင်းတိုင်းဒေသကြီးမြေပုံ

| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၂၁ဒီဂရီ ၃၅မိနစ် မှ ၂၇ဒီဂရီ ၂၂မိနစ်၊ အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၀ မိနစ် မှ ၉၇ဒီဂရီ ၀၈မိနစ်၊ |
| အကျယ်အဝန်း | = | ၃၆၁၇၈.၇၂ စတုရန်းမိုင် ၂၃၁၅၄၃၈၂ဧက |
| လူဦးရေ | = | ဦး ရေ – ၆၆၅၄ (ထောင်ပေါင်း) |
| မြို့တော် | = | မုံရွာမြို့ |
| ထူးခြားမှတ်သား | = | ကောင်းမှုတော်စေတီ |
| ခရိုင် | = | (၈) ခရိုင် |
| မြို့နယ် | = | (၃၇) မြို့နယ် |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | = | (၁) ခု (နာဂဒေသ) |
| မြို့နယ်ခွဲ | = | (၇) ခု |
| ကျေးရွာအုပ်စု | = | (၁၇၆၁) အုပ်စု |
| ကျေးရွာ | = | (၆၀၀၄) ရွာ |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ရှမ်းပြည်နယ်မြောက်ပိုင်း၊အရှေ့တောင်ဘက်တွင်မန္တလေးတိုင်းဒေသကြီး ၊ အရှေ့မြောက်ဘက်တွင်ကချင်ပြည်နယ်၊တောင်ဘက်တွင်မကွေးတိုင်းဒေသကြီး၊ အနောက်ဘက် တွင် ချင်းပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ |

၃၁၆။ **လယ်ယာကဏ္ဍ**။ သီးနှံစုစိုက်ဧရိယာ ၉၈.၀သိန်းဧက စိုက်ပျိုးရန် ရည်မှန်းခဲ့ရာ ၉၄.၃ ဧကသိန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် ရည်မှန်းချက်ထက် ၃.၇ဧကသိန်း လျော့နည်းခဲ့ပါ သည်။ယင်းသို့ လျော့နည်းခဲ့ရာတွင် မိုးစပါး (၁၇၆၃၈၆) ဧက၊ ပဲစဉ်းငုံ (၂၁၀၆၆)ဧက၊ နှမ်း(၂၅၁၈) ဧက၊ ဝါ (၆၃၆၇၀) ဧက၊ ကြက်ဆူ (၁၀၂၄၀၂) ဧက လျော့နည်းခဲ့ပါသည်။ မိုးစပါးစိုက်ဧက

လျော့နည်းရခြင်းမှာ မိုးရွာသွန်းမှုလျော့နည်းမှုကြောင့် စစ်ကိုင်း၊ မုံရွာနှင့် ရွှေဘိုခရိုင် အတွင်းရှိ မိုးကောင်းသောက်လယ်များတွင် မိုးစပါးစိုက်ပျိုးနိုင်ခဲ့ခြင်း မရှိသောကြောင့်ဖြစ်ပါသည်။ အသား တင်စိုက်ပျိုးနိုင်သည့်မြေမှာ (၄၅၇၆၆၇၆)ဧက ရှိ၍ သီးနှံစုစုစိုက်ဧရိယာမှာ (၉၄၃၁၈၀၅) ဧက ဖြစ်သဖြင့် သီးထပ်စွမ်းအားအနေဖြင့် (၂၀၆.၁) ရာခိုင်နှုန်း စိုက်ပျိုးခဲ့ပါ သည်။

၃၁၇။ သီးနှံထွက်ရှိမှုတွင် မိုးစပါးရည်မှန်းချက် တင်း(၁၆၅၇.၄)သိန်းအပေါ်တင်း(၁၄၀၀.၅) သိန်း၊မတ်ပဲတွင် ရည်မှန်းချက်တင်း(၃၂.၄)သိန်းအပေါ် တင်း(၃၅.၂)သိန်း၊ပဲတီစိမ်း ရည်မှန်း ချက် တင်း(၉၃.၆)သိန်း အပေါ် တင်း (၈၂.၅)သိန်း၊ ပဲစဉ်းငုံရည်မှန်းချက် တင်း (၁၀၆.၁) သိန်း အပေါ် တင်း (၉၇.၁)သိန်း၊ မြေပဲ ရည်မှန်းချက် တင်း (၄၀၂.၆) သိန်းအပေါ် တင်း (၄၂၉.၇) သိန်း၊ နှမ်းရည်မှန်းချက် တင်း (၁၁၁.၅) သိန်းအပေါ် တင်း (၁၀၇.၅)သိန်း၊ ဝါ ရည်မှန်းချက် ပိဿာ (၉၀၈.၅)သိန်းအပေါ် ပိဿာ (၄၀၁.၃) သိန်း၊ ကြံထုတ်လုပ်မှုတွင် ရည်မှန်းချက် တန် (၃၄.၆၁) သိန်းအပေါ် တန် (၄၀.၇) သိန်း ထုတ်လုပ်ခဲ့ပါသည်။

၃၁၈။ စပါးမျိုးကွဲလျှော့ချရေးအတွက် ဇုန်အလိုက်သတ်မှတ် စိုက်ပျိုးရေး ဆောင်ရွက်ခြင်း၊ စစ်ကိုင်း၊ မုံရွာခရိုင် တို့တွင် ဝမ်းစာဖူလုံမှုမရှိသည့်ဧရိယာ ဖြစ်သဖြင့် အထူးအထွက်တိုး စပ်မျိုးစေ့ ထုတ်လုပ် ခြင်းမှ ရရှိမည့် F1 မျိုးစေ့များ စိုက်ပျိုးခြင်းဖြင့် တစ်ဧက အထွက်နှုန်း တိုးတက်လာစေခြင်း၊ ရွှေဘိုခရိုင်တွင် အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သည့် ရွှေဘို ပေါ်ဆန်းစပါးမျိုးများ တိုးတက် စိုက်ပျိုးခဲ့ပါသည်။

၃၁၉။ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်လယ်ယာ စံပြကွက် များ စိုက်ပျိုးခဲ့ရာ မိုးစပါး(၅၀၀၀)ဧက၊ မြေပဲ (၉၅၀)ဧက၊ နေကြာ (၆၇၅)ဧက၊ နှမ်း (၂၀၀) ဧက၊ ပဲတီစိမ်း (၇၀၀)ဧက၊ ပဲစင်းငုံ (၉၀၀)ဧက၊ ဝါ (၅၃၈)ဧက နှင့် ကုလားပဲ(၈၀၀) ဧက စုစုပေါင်း (၉၇၆၃)ဧက စိုက်ပျိုးခဲ့ပါသည်။

၃၂၀။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**။ ကြေးနီသတ္တု ထုတ်လုပ်မှုတွင် ရည်မှန်းချက် မက်ထရစ်တန်(၂၅၀၀၀)အပေါ် (၁၀၂၈၂)မက်ထရစ်တန်ကိုင်း၊ ရွှေထုတ်လုပ်မှုတွင် ရည်မှန်း ချက် ထရိုင်အောင်စ (၂၁၆၅၀)အပေါ် (၁၁၃၂၇) ထရိုင်အောင်စကိုင်း၊ ကျောက်စိမ်း ထုတ်လုပ်မှု တွင် ရည်မှန်းချက် ကီလိုထောင်ပေါင်း (၁၁၅)အပေါ် ကီလိုထောင်ပေါင်း (၂၁၉)ကိုင်း၊ ကျောက်မီးသွေး ထုတ်လုပ်မှုတွင် ရည်မှန်းချက် တန်ရှည် (၁၂၅၀၀၀)အပေါ် တန်ရှည် (၇၈၀၁၁) ထုတ်လုပ်နိုင်ခဲ့ပါသည်။ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ကျောက်မီးသွေးကို ကလေးဝ ဧရိယာအတွင်း ကုမ္ပဏီ(၅)ခု၊ မော်လိုက် ဧရိယာအတွင်း ကုမ္ပဏီ(၆)ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး

ရွှေထုတ်လုပ်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကသာ၊ မော်လိုက်၊ ခန္တီးခရိုင်များ အတွင်း ထုတ်လုပ်ခဲ့ပါသည်။

၃၂၁။ **စက်မှုလက်မှုကဏ္ဍ**။ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာစက်မှုဇုန်(စစ်ကိုင်း၊ ရွှေဘို ဇုန်ခွဲ)၊ ကလေးစက်မှုဇုန် တည်ထောင်ထားပြီး မုံရွာစက်မှုဇုန်မှ စားဆီ၊ ခေါက်ဆွဲ၊ ကြာဇံ၊ ပဲကြော်စုံ၊ သစ်ခွဲသား၊ သစ်အချောထည်၊ တိုင်းရင်းဆေးဝါးများကိုင်ငင်း၊ ကလေးစက်မှုဇုန်တွင် အထွေထွေ စက်မှုလုပ်ငန်း၌ ရေတုံကင်နှင့် ရေနံတွင်းတူးကိရိယာများကိုင်ငင်း၊ စစ်ကိုင်း(ဇုန်ခွဲ)တွင် ပီဗွီစီပိုက်၊ သစ်ပါးလွှာ၊ ဝါယာကြိုး၊ ရွှေဘို(ဇုန်ခွဲ)တွင် ဆန်ကိုင်ငင်း ထုတ်လုပ် ဆောင်ရွက်ခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်းရှိ အမှတ်(၃) ဆေးဝါးစက်ရုံ(စစ်ကိုင်း)ကို ပုဂ္ဂလိကသို့ လွှဲပြောင်း ပေးခဲ့ပါသည်။

၃၂၂။ **ငွေရေးကြေးရေးကဏ္ဍ**။ ပုဂ္ဂလိကပိုင်အခန်း၌ သမဝါယမဘဏ်ခွဲနှင့် ယူနိုက်တက် အမရဘဏ်ခွဲများ အသစ် ဖွင့်လှစ်ခဲ့ပါသည်။

၃၂၃။ **ပညာရေးကဏ္ဍ**။ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း စစ်ကိုင်းမြို့နယ်တွင် စစ်ကိုင်း ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်၊ အခြေခံပညာ အထက်တန်းကျောင်း (၁၂၇) ကျောင်း၊ အလယ်တန်းကျောင်း (၂၂၀)၊ မူလတန်းကျောင်း (၃၉၄၆) ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မှ မုံရွာ တက္ကသိုလ် ၂ထပ် စာကြည့်တိုက်ဆောက်လုပ်ခြင်း ကျပ် (၂၁၁.၂)သန်း၊ ကလေးတက္ကသိုလ် စာသင်ဆောင်နှင့် စာကြည့်တိုက်ဆောက်လုပ်ခြင်း ကျပ် (၇၆၉.၀) သန်း၊ စစ်ကိုင်းပညာရေး တက္ကသိုလ် ၂ ထပ် စာသင်ဆောင် တစ်လုံးဆောက်လုပ်ခြင်း ကျပ် (၆၁၂.၀)သန်း၊ မုံရွာ တက္ကသိုလ် စာသင်ဆောင်၊ ရေသန့် စက်အဆောက်အအုံ၊ တက္ကသိုလ်ဆေးရုံ လျှပ်စစ်မီး၊ ရေသန့်စက်၊ ကွန်ကရစ်လမ်း ခင်းခြင်း လုပ်ငန်းများ ကျပ်(၄၁၅၇.၆)သန်း စုစုပေါင်းကျပ် (၅၇၄၉.၈)သန်း ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။

၃၂၄။ **ကျန်းမာရေးကဏ္ဍ**။ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်နယ်ဆေးရုံ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဒေသန္တရကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ခြင်း၊ သူနာပြု သင်တန်းကျောင်းဆောက်လုပ်ခြင်းစသည့် လုပ်ငန်းများအတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကျပ်သန်းပေါင်း (၄၀၇.၅) သန်း ကျခံသုံးစွဲ၍ဆောင်ရွက်ခဲ့ပါသည်။

၃၂၅။ **ကျေးလက်ဒေသမီးလင်းရေး**။ ဖြည့်စွက် ငွေလုံးငွေရင်းဖြင့် နယ်စပ်ရေးရာဝန်ကြီး ဌာနမှ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို မြို့နယ်(၆)မြို့နယ်၊ ကျေးရွာ (၆)ရွာတွင် အိမ်ခြေ

ပေါင်း(၁၄၁)အိမ်အတွက် ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေ ကျပ်(၁၂၀.၀)သန်းဖြင့်ဆောင်ရွက်ခြင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်မီးလင်းရေး လုပ်ငန်းများကို မြို့နယ် (၃)မြို့နယ်၊ ကျေးရွာ(၈)ရွာတွင် အိမ်ခြေပေါင်း (၆၀၀) အိမ်အတွက် ဆိုလာမီး တပ်ဆင်ခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံ ငွေကျပ်(၁၂၀.၀)သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ မီးလင်းပြီးသော ကျေးရွာများမှာ ဓာတ်အား စနစ်ဖြင့် (၇၀၂)ရွာ၊ အသေးစားရေအားဖြင့် (၂၂၃)ရွာ၊ စပါးခွံ လောင်စာ ဖြင့်(၂၆၃)ရွာ၊ ဒီဇယ်ဖြင့် (၂၁၆၉)ရွာ၊ နေရောင်ခြည်ဖြင့် (၉၀)ရွာ၊ လေအားဖြင့် (၁)ရွာနှင့် ဇီဝ(၂၂)ရွာ၊ စုစုပေါင်း ကျေးရွာပေါင်း (၃၄၇၀)ရွာ၊ ရာခိုင်နှုန်းအားဖြင့် (၅၇.၉) ရာခိုင်နှုန်း မီးလင်းရေး ဆောင်ရွက်ခဲ့ပါသည်။ မီးလင်းရန် ကျန်ရှိသော ကျေးရွာမှာ (၂၅၂၆)ရွာ၊ ရာခိုင်နှုန်းအားဖြင့် (၄၂.၁)ရာခိုင်နှုန်း ဖြစ်ပါသည်။

၃၂၆။ **သောက်သုံးရေရရှိရေး။** ကိုယ်အားကိုယ်ကိုး ဆောင်ရွက်မှုဖြင့် တွင်းတိမ်(၁၇)တွင်း၊ တွင်းနက်(၂၅)တွင်း၊ ရေကန်(၁၁)တွင်း၊ လက်တူးတွင်း (၁၈)တွင်း၊ စိမ့်စမ်း(၁၂) တွင်းနှင့် အခြား(၂၇)တွင်း၊ စုစုပေါင်း(၁၁၀)ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး (၈၇)ရွာ၊ UNICF (၁၅)ရွာအတွက် ရေရရှိရေးကို ဆောင်ရွက်နိုင်ခဲ့ပါသည်။


၃၂၇။ **အိန္ဒိယနိုင်ငံနှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများ။** ကလေးဝ-ကျီးကုန်း-တမူးလမ်း (၉၃/၀)မိုင်အား ကတ္တရာကွန်ကရစ်လမ်း မြှင့်တင်ခဲ့ပါသည်။ ယာကြီး-ကလေးဝ လမ်းအပိုင်း (၇၅/၅)မိုင်အား လမ်းမိုင် အဆင့်မြှင့်တင်ရန် MOU ရေးထိုးရေး ဆောင်ရွက်ခဲ့ပါသည်။

၃၂၈။ **အထူးစီမံကိန်းများ။** ဧရာဝတီတံတား(ရတနာသိင်္ခ)၊ ထမံသီ ရေအားလျှပ်စစ် စီမံကိန်း၊ မဏိပူရရေအားလျှပ်စစ်စီမံကိန်း၊ မင်းမြင်ရေလှောင်တမံစီမံကိန်း၊ သိမ်ရင်ရေလှောင် တမံစီမံကိန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဆည်မြောင်းဦးစီးဌာ၊ တည်ဆောက် ရေး(၄)မှ ဆောင်ရွက်လျက်ရှိသော ရာဇဂြိုလ်၊ ထမံသီ၊ မြောက်ယမားတိုးချဲ့၊ မြောက်ယမားရေကူ၊ လင်ပန်းဆည်၊ သိမ်ရင်၊ မင်းမြင်ဆည်၊ စောမဲဆည်များအတွက် ကျပ် (၁၉၈၀၉.၇)သန်း သုံးစွဲခဲ့ပါသည်။ ဆောင်ရွက်ဆဲ စီမံကိန်းများတွင် ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ကျပ်(၇၀၀.၀)သန်း၊ လမ်းများ တိုးတက်ပြုပြင်ခြင်းတွင် ရေဦး-ကလေးဝလမ်း ကျပ် (၅၂၆.၅)သန်း၊ ကလေး-ဂန့်ဂေါလမ်း ကျပ် ( ၃၃၀၇.၀)သန်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း ကျပ် (၂၇၅၈.၀)သန်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်း ကျပ်(၅၀၀.၀)သန်း၊ လုပ်ငန်းစီမံကိန်းသစ်များ လမ်းဖောက်ခြင်းတွင် ကောလင်း-တောင်မော်လမ်း ကျပ် ( ၄၁၈.၀)သန်း သုံးစွဲခဲ့ပါသည်။

၃၂၉။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ဖောင်းကတာ၊ ရွာရှည်၊ လက်ပံတောင်း၊ တုံ၊ တောင်ပလူ၊ မိုးကြိုးပြင် ကျေးရွာအုပ်စု အတွင်းရှိ လက်ပံတောင်း တောင် ကြေးနီစီမံကိန်းသည် ဧရိယာအနေဖြင့် ၆၉၆၅.၅၄ ကျယ်ဝန်းပြီး၊ မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်နှင့် ဝမ်ဘောင်မိုင်းနင်း (ဟောင်ကောင်)၊ ကြေးနီ လီမိတက် (တရုတ်) တို့ ဆောင် ရွက်သည့် ဖက်စပ်လုပ်ငန်းဖြစ်ပြီး၊ ကြေးနီစင် ထုတ်လုပ် ရောင်းချရန် ဆောင်ရွက်သည့် စီမံကိန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ သန်းပေါင်း ၅၉၈၂.၀ သန်းနှင့် အမေရိကန် ဒေါ်လာ ၉၉၇.၀ သန်း ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းများ စတင်လုပ်ကိုင်ရန်အတွက် ဖောင်းတကာ၊ ရွာရှည်၊ လက်ပံတောင်း၊ တုံ၊ တောင်ပလူ၊ မိုးကြိုးပြင် ကျေးရွာအုပ်စုများအတွင်း မြေယာ သိမ်းဆည်းပြီး လျော်ကြေးငွေ ပေးအပ်ရာ၊ ဝက်မွေး၊ ဆည်တည်း၊ ဇီးတော၊ ကန်ကုန်းရွာများ ပြောင်းရွှေ့ခြင်းအတွက် မြေသိမ်းခံ တောင်သူများ၊ ရွာရွှေ့ ပြောင်းရသူများနှင့် ပြေလည်မှု မရရှိခဲ့သဖြင့် (၃.၆.၂၀၁၂)ရက်မှ စတင်ပြီး အရေးအခင်း ဖြစ်ပွားခဲ့ပြီးနောက် လက်ပံတောင်း တောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ သုံးသပ်ချက်၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၃၃၀။ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁၁.၁၁.၂၀၁၂) ရက်နေ့တွင် စစ်ကိုင်းနှင့် ရွှေဘိုခရိုင်တို့တွင် ဖြစ်ပေါ်ခဲ့သည့် မြေငလျင်ဘေးအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ရွှေဘိုခရိုင်တွင် ကန့်ဘလူမြို့နယ်၊ မလည်ကျေးရွာ၊ ခင်ဦးမြို့နယ် ကဘွက်ကျေးရွာ၊ ဝက်လက်မြို့နယ် သစ်ဆိမ့် ကျေးရွာတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဖြစ်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ သာသနိက အဆောက်အဦနှင့် လူနေအိမ် ပျက်စီးမှုများကို ပြန်လည်တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ သဘာဝဘေး ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လုပ်ငန်းစီမံချက်များကို လည်း ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၃၃၁။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** စစ်ကိုင်းတိုင်းဒေသကြီး၏ အသား တင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၅၇၆၇၀၀၈.၇ သန်း ဖြစ်ပေါ်ခဲ့သဖြင့်၊ ရည်မှန်းချက် တန်ဖိုး ကျပ် ၅၇၁၉၅၀၃.၇ သန်း အပေါ် ၁၀၀.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် အလားတူကာလအပေါ် ၈.၃ ရာခိုင်နှုန်း တိုးတက်ပါသည်။





၃၃၂။ စစ်ကိုင်းတိုင်းဒေသကြီး၏ တိုင်းဒေသကြီးဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၂၃၄၇၅.၅၃၃ | ၇၇၈၅၁.၄၄၄ |
| သာမန် | ၂၃၄၅၁.၈၂၇ | ၇၇၈၃၆.၅၀၁ |
| ငွေလုံးငွေရင်း | ၂၃.၇၀၆ | ၁၄.၉၄၃ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၃၇၉၈၀.၄၆၄ | ၇၃၈၇၁.၀၅၀ |
| သာမန် | ၃၄၂၂၀.၇၇၉ | ၆၆၅၄၇.၅၀၃ |
| ငွေလုံးငွေရင်း | ၃၇၅၉.၆၈၅ | ၇၃၂၃.၅၄၇ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၁၄၅၀၄.၉၃၁ | (+)၃၉၈၀.၃၉၄ |

## တနင်္သာရီတိုင်းဒေသကြီး




| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် - ၉ ဒီဂရီ ၅၈ မိနစ် နှင့် ၁၅ ဒီဂရီ ၆၀ မိနစ် အတွင်း အရှေ့လောင်ဂျီတွဒ် - ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ် အတွင်း |
| အကျယ်အဝန်း | = ဧရိယာ- ၁၆၇၃၅.၅၆ (စတုရန်းမိုင်) ၁၀၇၁၀၇၅၇ ( ဧက) |
| မြို့တော် | = ထားဝယ်မြို့ |
| ထူးခြားသော ဒေသ | = ထားဝယ် အထူးစီးပွားရေးဇုန်၊ မောင်းမကန် |
| လူဦးရေ | = ဦးရေ - ၁၇၅၅ (ထောင်ပေါင်း) |
| ခရိုင် | = (၃)ခရိုင်(ထားဝယ်၊ မြိတ်၊ ကော့သောင်း) |
| မြို့နယ် | = (၁၀)မြို့နယ် |
| အဓိက စီးပွားရေးကဏ္ဍ | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ |
| ဆက်စပ်ဒေသများ | = အရှေ့ဘက်နှင့်တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ် |

၃၃၃။ **မြေအသုံးပြုမှုအခြေအနေ**။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုး နိုင်သည့် မြေဧက ၁၀၂၈၂၃၀ ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၀၃၃၅၈၈ ဧက၊ စိုက်ပျိုးနိုင်သော မြေရိုင်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၆၄၅၉၆၅ ဧကရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆၅၁၇၀၂ ဧကရှိခဲ့ပါသည်။ အသားတင် စိုက်ပျိုးမြေ၊ ပလပ်မြေနှင့် စိုက်ပျိုး နိုင်သောမြေရိုင်းတိုးတက်လာပြီး သစ်တောကြိုးဝိုင်း၊ အခြားမြေတို့တွင် လျော့နည်းခဲ့ပါသည်။

၃၃၄။ **လယ်ယာကဏ္ဍ**။ မိုးစပါးစိုက်ဧက ၃၄၇၀၉၉ ဧက စိုက်ပျိုးရန် ရည်မှန်းထားပြီး ၃၀၆၇၇၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ နွေစပါးစိုက်ဧက ၁၅၆၃၈ ဧက စိုက်ပျိုးရန် ရည်မှန်း ထားပြီး ၁၂၈၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ အဓိကအားဖြင့် မိုးစပါးထွက်ရှိမှု လျော့နည်းခဲ့ ပါသည်။ ယခုနှစ် မိုးစပါး စိုက်ပျိုးရာတွင် မိုးဦးစောခြင်း၊ မိုးရွာသွန်းမှု များပြားခြင်းတို့ကြောင့် စိုက်ဧကများ လျော့နည်းခြင်း၊ လယ်မြေများ ရေနစ် မြုပ်ခြင်း၊ စိုက်ပျိုးချိန် နောက်ကျခြင်း

ကြောင့် ရိတ်သိမ်းချိန် နောက်ကျပြီး၊ ရိတ်သိမ်းဧကေ လျော့နည်းပြီး အထွက် လျော့နည်းခဲ့ပါသည်။

၃၃၅။ တနင်္သာရီတိုင်းဒေသကြီးသည် ဆီအုန်းနှင့် ရော်ဘာ စိုက်ပျိုးရန် သင့်လျော်သည့် ရေမြေရာသီဥတုရှိသည့် ဒေသဖြစ်ပါသည်။ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်အတွင်းတွင် ဆီအုန်း ဧက **၃.၅** သိန်း ရှိပြီး ရော်ဘာကို ဧက **၂.၉၈** သိန်း စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆီအုန်းထွက်ရှိမှုမှာ သီးခိုင်ပိဿာပေါင်း ၂၉၂၇၈ ရှိပြီး ရော်ဘာထွက်ရှိမှုမှာ ၅၈၆.၉ သိန်း ရှိခဲ့ပါသည်။ စက်မှု သီးနှံ ရော်ဘာ တိုးချဲ့ စိုက်ပျိုးရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှု သင်တန်းများပို့ချခြင်း၊ ရည်မှန်း ထားသည်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ခြင်း တို့ကြောင့် ရော်ဘာ ထုတ်လုပ်မှု သိသာစွာ တိုးတက်ခဲ့ပါသည်။

၃၃၆။ တနင်္သာရီတိုင်း ဒေသကြီးအနေဖြင့် လယ်ယာလုပ်သားရှားပါးမှုကြောင့် ကောက်စိုက်စက်၊ ရိတ်သိမ်း ချွေလှေ့စက်၊ NewHolland ထွန်စက်ကြီး၊ သံမဏိ ကျွဲခေါ်မြေညှိစက်ပါ ထွန်စက်ကြီးများနှင့် လက်တွန်းထွန်စက်များဖြင့် လယ်ယာလုပ်ငန်း ဆောင်ရွက်လျှက်ရှိပါသည်။ စက်မှုလယ်ယာ ကူးပြောင်းနိုင်ရန် လောင်းလုံမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့တွင် ဧကကွက်များ ဖော်ထုတ် လုပ်ကိုင်ခဲ့ပါသည်။ သိပ္ပံ နည်းကျ စိုက်ပျိုးနည်းစနစ်ကို (၅၅၀)ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

၃၃၇။ **သားငါးကဏ္ဍ**။ ရေချိုငါး၊ ပုစွန် ထုတ်လုပ်မှုတွင် ၂၃၂၂၇ ပိဿာ(ထောင်ပေါင်း) ထုတ်လုပ်ရန် ရည်မှန်းထားပြီး ၂၄၁၇၉ ပိဿာ(ထောင်ပေါင်း) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ယင်းသို့ထုတ်လုပ်နိုင်ခြင်းမှာ ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ရေငန်သုတေသနဌာနတွင် ကကတစ်သားပေါက်များ အောင်မြင်စွာဖောက်နိုင်ခဲ့ပြီး လောင်းလုံမြို့နယ် ဝေဒီခြံနှင့် ရေဖြူမြို့နယ် ကျခတ္တပင်ရွာတို့တွင် တီလား ပီးယားငါးမျိုးများ စိုက်ထည့်ပေးခြင်းနှင့် အထူးမွေးမြူရေးဇုန်အဖြစ် မြိတ်ခရိုင် ကျွန်းစုမြို့နယ်နှင့် မြိတ်မြို့နယ်တို့အတွင်း ဂဏန်းပျော့ မွေးမြူရေးလုပ်ငန်း၊ ကော့သောင်း မြို့နယ်တွင် ရေငန်ပုစွန် မွေးမြူရေး လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ် စီးရေ (၇၉) စီးတိုးချဲ့နိုင်ခဲ့သဖြင့် ငါး၊ ပုစွန် ထုတ်လုပ်မှု များစွာ တိုးတက်ခဲ့ပါသည်။ သားပေါက် မှတ်ကောင်များ ပိုမိုမွေးမြူနိုင်ပြီး အရွယ်ရောက် မှတ်ကောင်များ သေနှုန်း နည်းပါးသောကြောင့် ပုလဲနှင့် မှတ်ခွံများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

၃၃၈။ **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး။** ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့တွင် ပြုန်းတီး ဒီရေတောများ အပင်(၁၃၄၀၀)ပင် အစားထိုး စိုက်ပျိုးခဲ့ပြီး လုပ်ငန်းရှင်(၄)ဦးမှ ပုဂ္ဂလိက ဒီရေတော (၁၂၉၅)ဧကကို တည်ထောင်စိုက်ပျိုးခဲ့ပါသည်။

၃၃၉။ **စွမ်းအင်ကဏ္ဍ။** ရဲတံခွန် သဘာဝဓါတ်ငွေ့မြေ၏ ရေနံတွင်း (၁၂)တွင်းမှ နေ့စဉ် သဘာဝဓါတ်ငွေ့ ကုဗပေသန်း ၄၀၀ခန့် လေဆီ ၁၁,၀၀၀စည်ခန့် ပုံမှန်ထုတ်လုပ်ပြီး ထိုင်းနိုင်ငံသို့ သဘာဝဓါတ်ငွေ့ ရောင်းချလျက်ရှိပါသည်။ ထုတ်လုပ်မှုပမာဏ သတ်မှတ်ချက်အတိုင်း နှစ်(၃၀)ခန့် ဆက်လက်ထုတ်လုပ် ရယူနိုင်ရေးအတွက် Booster Compressor ဖြင့် တွင်းထိပ်ဖိအားလျှော့ချရန် ဆောင်ရွက်ရသည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

၃၄၀။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ကျောက်မီးသွေးသုံး ဓါတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ခြင်းကြောင့် ကျောက်မီးသွေးကို ပိုမိုထုတ်လုပ်ခဲ့ပါသည်။ ဒေသအစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတွင် လုပ်ကွက်လျှောက်ထား လုပ်ကိုင်သော အသေးစားရွှေလုပ်ကွက်များကို စီးပွားဖြစ် လုပ်ကိုင်နိုင်ခြင်းမရှိပဲ ပြန်လည်အပ်နှံခဲ့မှုကြောင့် ရွှေထုတ်လုပ်မှုများစွာ လျော့နည်းခဲ့ပါသည်။

၃၄၁။ **စက်မှုလက်မှုကဏ္ဍ။** ပုဂ္ဂလိကစက်မှု လုပ်ငန်းအနေဖြင့် လုပ်ငန်းကြီး (၁၃၃)၊ လုပ်ငန်းလတ်(၉၄)၊ လုပ်ငန်းငယ် (၁၁၁၀) စုစုပေါင်း (၁၃၃၇)ခု ကိုစက်မှုလက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်လျက် ဆောင်ရွက်ခဲ့ပါသည်။

၃၄၂။ **လျှပ်စစ်ဓါတ်အားကဏ္ဍ။** ၂၀၁၂ ခုနှစ်အတွင်း မြိတ်မြို့နယ်တွင် MOU ထိုးပြီး မြေနေရာ အတည်ပြုပြီးဖြစ်သော ကျောက်မီးသွေး သုံးဓါတ်အားပေးစက်ရုံ (၅၀)မဂ္ဂါဝပ် တည်ဆောက်ခြင်း၊ ထားဝယ်မြို့နယ်တွင် သဘာဝဓါတ်ငွေ့သုံး ဓါတ်အားပေးစက်ရုံ (၃၀)မဂ္ဂါဝပ်၊ (၂၀)မဂ္ဂါဝပ် MOU ထိုးပြီး အကြိုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အညာဖျားရေအား လျှပ်စစ်စီမံကိန်း (၆)မဂ္ဂါဝပ် (၄)လုံး၊ လေအားလျှပ်စစ်တာဝါတိုင် စီမံကိန်း (၁၀-၅၀) မဂ္ဂါဝပ် တည်ဆောက်ခြင်း၊ တနင်္သာရီမြို့နယ်တွင် ထိုင်းနိုင်ငံမှ ဓါတ်အား ဝယ်ယူခြင်း (၁၀-၅၀ မဂ္ဂါဝပ်) မောတောင်ဒေသတွင် ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်းကို စတင်ဆောင်ရွက် နိုင်ခဲ့ပါသည်။ ကော့သောင်းမြို့နယ် ရွှေပြည်သာ စက်မှုဇုန်ရှိ (၈)မဂ္ဂါဝပ် ကျောက်မီးသွေး ဓါတ်အားပေး စက်ရုံမှ ကော့သောင်းမြို့ နှင့် ခမောက်ကြီး မြို့နယ်ခွဲများသို့ ဓါတ်အားဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။ တနင်္သာရီတိုင်း ဒေသကြီးတွင် ပြည်သူ့ဗဟိုပြု ဆောင်ရွက်မှုတွင် မီးရရှိမှုများမှာ အသေးစား

ရေအားဖြင့် (၁၆) ရွာ၊ ဒီဇယ်ဖြင့် (၆၅၉)ရွာ၊ ဒီဇယ်နှင့် ရေအားဖြင့် (၁၁)ရွာ၊ စုစုပေါင်း (၆၈၆)ရွာ၊ (၅၅.၈%) မီးရရှိပြီးဖြစ်ပါသည်။

၃၄၃။ **ဆောက်လုပ်မှုကဏ္ဍ**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာ ဆက်သွယ်မှု လမ်းမကြီးများဖြစ်သည့် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းနှင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ တနင်္သာရီ-ညောင်ပင်ကွင်း-သဲဖြူ-မောတောင်လမ်း အသစ်ဖောက်လုပ်ခြင်း၊ ပေါက်တိုင်းချောင်း တံတားနှင့် ရွှေကူချောင်း တံတား တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လမ်း၊ တံတားအဆောက်အဦးများ ဆောက်လုပ်ရေးအတွက် ထားဝယ် ခရိုင်တွင် ကျပ် ၅၈၀၀ သန်း၊ မြိတ်ခရိုင်တွင် သန်း(၆၀၀၀)နှင့် ကော့သောင်း ခရိုင်တွင် သန်း(၃၂၀)ခန့် ကျခံသုံးစွဲ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်း၊ တံတား၊ အဆောက်အဦးများအတွက် ကျပ် ၃၇၄၆၉.၃၆၆ သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ မြို့ပြလမ်း စုစုပေါင်း ၁၇ မိုင် ၂.၃၆ ဖာလုံ အတွက် ငွေကျပ် ၆၅၄.၁၈ သန်း၊ မြို့ပြတံတား ၅၈ စင်း အတွက် ငွေကျပ် ၁၄၅.၂၁ သန်း၊ ကျေးလက်လမ်းအနေဖြင့် ကျောက်လမ်း ၄ မိုင် ၇.၆ ဖာလုံအတွက် ငွေကျပ် ၁၈၉.၈၂ သန်း၊ ကျေးလက်တံတား ၁၉ စင်းအတွက် ငွေကျပ် ၁၀၀.၇ သန်းဖြင့် ဆောင်ရွက် ပေးခဲ့ပါသည်။

၃၄၄။ **ဆက်သွယ်ရေးကဏ္ဍ**။ တနင်္သာရီတိုင်းဒေသကြီးအတွင်း GSM မိုဘိုင်း ဖုန်း ၂၃၃၁၇ လုံး၊ CDMA-450 မိုဘိုင်းဖုန်း ၅၂၀လုံး၊ WCDMA မိုဘိုင်းဖုန်း ၄၀၄၄လုံးတို့ကို တိုးချဲ့တပ်ဆင်ခဲ့ပါသည်။ ထားဝယ်ဒေသတွင် ရွှေသံလွင်ကုမ္ပဏီမှ 96/48 Core Fibre ဆက်ကြောင်းကို တည်ဆောက်ခြင်းဖြင့် မြန်နှုန်းမြင့် မိုဘိုင်းတယ်လီဖုန်းများ သုံးစွဲနိုင်ရေး၊ ADSL Internet လိုင်းများ မြန်နှုန်းမြှင့်တင်ရေးနှင့် အော်တိုအိတ်ချိန်းများကို အစားထိုး လဲလှယ်ရန် ဆောင်ရွက်ခဲ့ပါသည်။

၃၄၅။ **ပညာရေး။** ဖွံ့ဖြိုးတိုးတက်မှုတွင် နည်းပညာတက္ကသိုလ်(၂)ခု၊ ကွန်ပျူတာ တက္ကသိုလ်(၂)ခု၊တက္ကသိုလ်(၂)ခု၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်း(၁)ခုစီ ဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခဲ့ပါသည်။ ကျောင်း (၃၄)ကျောင်းကို ကျပ် ၁၁.၆၃ သန်းဖြင့် အသစ်တည်ဆောက်ပေးခဲ့ပြီး ဥပဓိရုပ်မကောင်းသော ကျောင်း (၇၁) ကျောင်းကို ကျပ် ၃၀.၇၈ သန်း ဖြင့်ပြုပြင်ခဲ့ပါသည်။

၃၄၆။ **ကျန်းမာရေး**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စာရင်းများအရ တနင်္သာရီတိုင်း ဒေသကြီးတွင်ဆေးရုံစုစုပေါင်း (၃၁) ရုံရှိပြီး ကျေးလက်ကျန်းမာရေးဌာန (၄၈)ခု၊ တိုင်းရင်း ဆေးခန်း (၇)ခု တို့မှ ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့ပါသည်။

၃၄၇။ **သောက်သုံးရေရရှိရေး**။ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးမှ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အတွင်း ရေပေးရေးလုပ်ငန်းများကို ကျေးလက်တွင် အဝီစိရေတွင်း တူးဖော်ခြင်း (၄)ခု၊ စိမ့်စမ်းရေ သွယ်(၃)ခုတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။


၃၄၈။ **ဟိုတယ်၊ တည်းခိုခန်းနှင့်အခြားဝန်ဆောင်မှုကဏ္ဍ**။ တိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အခြားဝန်ဆောင်မှု လုပ်ငန်းများလည်း တိုးတက်လာခဲ့ပါသည်။ ကော့သောင်းနယ်စပ်မှ မြိတ်မြို့နှင့် ထားဝယ်မြို့ များသို့ လည်ပတ်လိုသည့် နိုင်ငံခြားသားများအတွက် ဆိုက်ရောက်ဗီဇာ ခွင့်ပြုပေးခြင်းနှင့် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။

၃၄၉။ **နယ်စပ်ကုန်သွယ်ရေး**။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် မြိတ်ခရိုင် မြိတ်မြို့မှ မိုင် ၁၂၀ ကျော် ကွာဝေးသည့် ထိုင်းနိုင်ငံနယ်စပ် (ပရာကျွတ်ကရီခန်)အနီး တနင်္သာရီမြို့နယ်အတွင်းရှိ မောတောင်ရွာ၊ ထားဝယ်မြို့မှ ၉၉ မိုင်ခန့်ကွာဝေးသည့် ထိုင်းနိုင်ငံနယ်စပ် (ပူနာကွန်)အနီးနှင့် ထားဝယ်မြို့နယ် မေတ္တာမြို့နယ်ခွဲရှိ ထီးခီးရွာတို့တွင် နယ်စပ်ကုန်သွယ်ရေး စခန်းများ ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပါသည်။

၃၅၀။ **ထားဝယ်အထူးစီးပွားရေးဇုန်**။ ထိုင်းနိုင်ငံ၏ ဘန်ကောက်မြို့ အရှေ့ပိုင်း စီးပွား ရေးဇုန် (East Borne)နှင့် ဆက်စပ်ကာ ပေါ်ပေါက်လာမည့် အနောက်ပိုင်း စီးပွားရေးဇုန် (West Borne)အဖြစ် ရောက်ရှိလာမည့် ပထမဆုံး အထူးစီးပွားရေးဇုန် ဖြစ်ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန်ကို(၁၀-၄-၂၀၁၁)မှစတင်၍လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း လမ်းဖောက်လုပ်ခြင်း၊ ရေနက်ဆိပ်ကမ်း ဖောက်လုပ်ခြင်း၊ ကလုံးတာဆည်တည် ဆောက်ခြင်း၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံ တည်ဆောက်ခြင်း၊ ဆက်သွယ်ရေး ကွန်ယက်တည် ဆောက်ခြင်း၊ ပုဂေါ့ခွန်း ဆီအုန်းခြံအတွင်း မြို့သစ်တည်ဆောက်ခြင်း၊ ဘဝါကျေးရွာတွင် မြို့သစ် တည်ဆောက်ခြင်း၊ Small Port တည်ဆောက်ခြင်း လုပ်ငန်းများကိုစတင် ဆောင်ရွက်ခဲ့ပါသည်။

၃၅၁။ **ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု လုပ်ငန်း(၂၄)ခုကို တန်ဖိုးကျပ် (၂၈၉၂၅)သန်း ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်း(၃)ခုမှ ရင်းနှီးမြှုပ်နှံမှု ကျပ် (၆၈၆၉)သန်းဖိုး စီးဝင်ခဲ့ပါသည်။

၃၅၂။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်းဖိုး။** တနင်္သာရီတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၃,၀၃၇,၀၆၁.၉** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်တန်ဖိုး **၂,၅၈၀,၄၇၂.၈** ကျပ်သန်း အပေါ် **၁၁၇.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ်အပေါ် **၇.၈** ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ခဲ့ပါသည်။





၃၅၃။ တနင်္သာရီတိုင်းဒေသကြီး၏ တိုင်းဒေသကြီးဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၆၂၃၈.၇၇၆ | ၃၆၁၁၅.၉၈၇ |
| သာမန် | ၆၂၁၃.၉၉၀ | ၃၆၁၁၅.၉၅၇ |
| ငွေလုံးငွေရင်း | ၂၄.၇၈၆ | ၀.၀၃၀ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၁၀၇၀၂.၆၂၅ | ၃၄၄၉၀.၁၂၆ |
| သာမန် | ၈၉၉၂.၆၁၇ | ၂၂၀၉၄.၈၉၁ |
| ငွေလုံးငွေရင်း | ၁၇၁၀.၀၀၈ | ၁၂၃၉၅.၂၃၅ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၄၄၆၃.၈၄၉ | (+)၁၆၂၅.၈၆၁ |

## ပဲခူးတိုင်းဒေသကြီး




| | |
|---|---|
| **တည်နေရာ** | မြောက်လတ္တီတွဒ် - ၁၆ ဒီဂရီ ၅၈ မိနစ် မှ ၁၈ ဒီဂရီ ၂၀ မိနစ် အတွင်း<br>အရှေ့လောင်ဂျီတွဒ်-၉၅ ဒီဂရီ ၅၈ မိနစ် မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း |
| **အကျယ်အဝန်း** | ၁၅၂၁၄.၁၃ - စတုရန်းမိုင်<br>၉၇၃၇၀၄၃ - ဧက |
| **လူဦးရေ** | ၆၁၂၅ (လူဦးရေထောင်ပေါင်း) |
| **မြို့တော်** | ပဲခူးမြို့ |
| **ထူးခြားအမှတ်အသား** | ကမ္ဗောဇသာဒီနန်းတော်ရာ<br>မိုးယွင်းကြီးအင်းဘေးမဲ့တော |
| **ခရိုင်** | ပဲခူးခရိုင်၊တောင်ငူခရိုင်၊<br>ပြည်ခရိုင်၊သာယာဝတီခရိုင် |
| **မြို့နယ်** | (၂၈)မြို့နယ် |
| **အဓိကစီးပွားရေးကဏ္ဍ** | လယ်ယာ၊သားငါး၊စက်မှု၊ပို့ဆောင်ရေး |
| **ဆက်စပ်ဒေသများ** | အရှေ့ဘက်–ကရင်ပြည်နယ်<br>အနောက်–ဧရာဝတီတိုင်း၊မကွေးတိုင်း<br>တောင်ဘက်–ရန်ကုန်တိုင်း၊မွန်ပြည်နယ်<br>မြောက်ဘက်–မကွေးတိုင်း၊မန္တလေးတိုင်း |

၃၅၄။ **လယ်ယာကဏ္ဍ**။ မိုးစပါးရေကြီး နစ်မြုပ်မှုရှိသော်လည်း တစ်ဧကအထွက်နှုန်း၊ ပဲအမျိုးမျိုးတွင် စိုက်ဧကနှင့် အထွက်၊ ဆောင်းမြေပဲနှင့် ကြက်ပေါင်စေးတို့၏ စိုက်ဧကနှင့် အထွက်တိုးခဲ့ပါသည်။ ပုလဲသွယ်စပ်မျိုးစပါးကို မိုးစပါးတွင် (၂၅၄၈) ဧက၊ နွေစပါးတွင် သိပ္ပံနည်းကျစနစ်ဖြင့် (၅၃၀၁)ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ နွေစပါးကို ဆည်ရေဖြင့် (၁၅၇၈၃၆)ဧက၊ ရေတံခါးမှရေဖြင့် (၆၀၃၄)ဧက၊ လျှပ်စစ်မြစ်ရေတင်ဖြင့် (၃၁၄၂)ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍတွင် ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း၊ ထိန်းသိမ်း ပြုပြင်ခြင်း၊ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးတို့အတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဒိုက်ဦး၊ ဘိုင်းဒါး ရေလှောင်တမံစီမံကိန်း၊ ကျောက်တံခါး၊ ရဲနွယ် ရေလှောင်တမံ (ရေလွှဲဆည်)၊ ကိုဒူကွဲ ရေလွှဲဆည်၊ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ ကွန်းချောင်းရေလွှဲဆည်နှင့် ရေသောက်စနစ်၊

တောင်နဝင်းတူးမြောင်း ခေတ်မီပြန်လည်မွမ်းမံခြင်း၊ ခပေါင်းရေလှောင်တမံစီမံကိန်း (ရေလွှဲဆည်)၊ မုက္ခာရေလှောင်တမံစီမံကိန်း(ရေသောက်စနစ်)၊ စစ်တောင်းမြစ်ဝှမ်း ပြွန်တန်ဆာလွင်ပြင်နှင့် ပဲခူး၊ သနပ္ပင်၊ ကဝနှစ်စဉ်ရေလွှမ်းမိုးမှုမှ ကာကွယ်ခြင်းနှင့် စလူရေလှောင်တမံစီမံကိန်း တာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်းတို့ကို ခွင့်ပြုငွေ ကျပ်သန်း (၂၉၉၀၀) ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၃၅၅။ **သားငါးကဏ္ဍ။** (၆.၈) ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အသားထုတ်လုပ်မှု၊ ငါးထုတ်လုပ်မှု၊ ဥထုတ်လုပ်မှုတို့ တိုးတက်ခဲ့ပြီး ကြက်သားထုတ်လုပ်မှုတွင် ယခင်နှစ် အသားစားကြက်ခြံမှာ(၄၅၀)မှ (၄၆၈) ခြံတိုးချဲ့မွေးမြူခြင်း၊ ဥထုတ်လုပ်မှုတွင် ဥစားကြက်ခြံ (၃၈၀)မှ (၄၉၀)ခြံထိ တိုးတက်ခဲ့သောကြောင့် ဥထုတ်လုပ်မှု များတိုးတက်ခဲ့ပါ သည်။

၃၅၆။ **စွမ်းအင်ကဏ္ဍ။** ကာလကြာ မြင့်စွာထုတ်ယူမှုပြုခဲ့သဖြင့် ရေနံတွင်းများ၏ အထွက်နှုန်းများ ကျဆင်းလာခြင်း၊ တူးဖော်နေသော တွင်းသစ်များမှာလည်း စီးပွားဖြစ် ထုတ်ယူမှု မရရှိခဲ့ခြင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးရန် ရည်ရွယ်၍ ပြည်ရေနံမြေမှ ကုန်းတွင်းသဘာဝဓာတ်ငွေ့တွင်းအမှတ် PSC (2)အားဝန်ကြီးဌာန အမိန့်ဖြင့် ခေတ္တတွင်း ပိတ်ထားခဲ့ခြင်း၊ သဘာဝဓာတ်ငွေ့များစွာ ရရှိရန်တူးဖော်ပြီးခဲ့သော တွင်းသစ်အမှတ် (၁၆၆)တွင်းမှ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခဲ့သော်လည်း ကျဆင်းနှုန်း မြန်ဆန်ခြင်းကြောင့် ထုတ်လုပ်မှု ကျဆင်းခဲ့ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ပြည်ရေနံ မြေအတွက် စက်ပစ္စည်းဝယ်ယူရန် ငွေကျပ် (၂၈၅၂.၃၃၅)သန်း ခွင့်ပြုခဲ့ပါသည်။

၃၅၇။ **စက်မှုလက်မှုကဏ္ဍ။** စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာန၌ ပုဂ္ဂလိက မှတ်ပုံတင်စက်မှုလုပ်ငန်းပေါင်း(၄၆၆၃)ခုတို့ကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအားဖြင့် ကျပ်သန်း ၁၆၀၀.၁၆နှင့် US$ ၇.၆၆၉ သန်းဖြင့် ပဲခူးမြို့တွင် မြန်စတား၊ ယန်စီကျန်၊ ရှင်ဆောင်းကုမ္ပဏီများမှ အထည်ချုပ်လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ စက်မှုဝန်ကြီးဌာန၏ မော်တော်ယာဉ်အမျိုးမျိုး ထုတ်လုပ်မှု ကျဆင်းခဲ့သော်လည်း ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ ဖေယျာဝတီ သကြားစက်ရုံ၊ ဒိုက်ဦးကော်မှုန့်စက်ရုံတို့ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ပါသည်။

၃၅၈။ စက်မှုဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (သာဂရ)၊ ပုဂံနှင့် ကြွေပြားစက်ရုံ (သာယာဝတီ)၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံ(ရေနီ)နှင့် Heavy Disel Engine Manufacturing Project (သာဂရ)၊ Foundry Plant (သာဂရ)၊ 90 HP Engine Project (သာဂရ) တို့အတွက် ပြည်ထောင်စုဘတ်ဂျက်မှ ကျပ်သန်း (၆၂၁၇၉.၆၈၃)ခွင့်ပြုခဲ့ပါသည်။

၃၅၉။ **လျှပ်စစ်ဓာတ်အားကဏ္ဍ**။ နိုင်ငံပိုင်လျှပ်စစ်ဓာတ်အား အသုံးပြုမှုမှာ(၇၄၃၆) ယူနစ်နှင့် ပုဂ္ဂလိကပိုင် အသုံးပြုမှုမှာ(၁၈၅၂၄)ယူနစ် ပိုမိုအသုံးပြုနိုင်ပြီး ရေအားလျှပ်စစ် စက်ရုံများ ပြီးစီးမှုအပေါ် အလှည့်ကျမီးပေးစနစ်မှ အချိန်ပြည့်မီးပေး စနစ်ကြောင့် အသုံးပြု ယူနစ်များ တိုးတက်လာခဲ့ပါသည်။ ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သော ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်း၊ ဆောက်လုပ်မှုလုပ်ငန်းနှင့် စက်ကိရိယာဝယ်ယူတပ်ဆင်ခြင်း၊ ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်း ဆောက်လုပ်မှုလုပ်ငန်းနှင့် စက်ကိရိယာ ဝယ်ယူ တပ်ဆင်ခြင်း၊ ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်း ဆောက်လုပ်မှုလုပ်ငန်းနှင့် စက်ကိရိယာ ဝယ်ယူတပ်ဆင်ခြင်း၊ ဘောကထ ရေအားလျှပ်စစ်စီမံကိန်း ဆောက်လုပ်မှုလုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျပ်သန်း (၁၁၆၁၁.၄၂၃)ကိုလည်းကောင်း၊ ခပေါင်း-တောင်ငူ၊ ရဲနွယ်-သာယာကုန်းနှင့် ဖောင်းတူ-ကမာနက်(၆၆ကေဗွီ)ဓာတ်အားလိုင်းများ၊ (၅၅၀ ကေဗွီ)သပြေဝ-တောင်ငူ-ကမာနက် ဓာတ်အားလိုင်း၊ ဥသျှစ်ပင်-တောင်ကုတ်(၂၃၀) ကေဗွီဓာတ်အားလိုင်းတို့အတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် (၂၂၈၀.၈၁၄)သန်း ခွင့်ပြုခဲ့ ပါသည်။

၃၆၀။ **ဆောက်လုပ်မှုကဏ္ဍ**။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတိုးတက် ပြုပြင်ခြင်းအတွက် တောင်ငူ-လိပ်သို-ရာဒို-လွိုင်ကော်-ဟိုပုန်းလမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း၊ သာဂရ-ကိုးပင်လမ်း၊ နတ်သံကွင်းတံတား၊ မဒေါက်တံတားနှင့် ကျွဲခြံ ရေကျော်တံတားတို့အတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ငွေကျပ် (၆၁၂၈၀.၀၅၈)သန်း ခွင့်ပြုခဲ့ပါသည်။ ထို့ပြင် ဘူးရိုးချောင်းတံတား၊ ထန်းပင်ကုန်းတံတား၊ ကျောက်ကြီးမြို့လယ် တံတားများ တည်ဆောက် ခဲ့ပါသည်။ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း၊ လက်ပံတန်း-တော်လသ-ထိန်တောလမ်း၊ ရွာတော-အင်းပုတ်ကုန်း-မိုးညိုလမ်းတို့ကို တည် ဆောက်ခဲ့ပါသည်။

၃၆၁။ **ပို့ဆောင်ရေးကဏ္ဍ**။ ဒေသတွင်းခရီးသည် တင်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲစေခြင်း၊ TAXI ယာဉ်များ ပြေးဆွဲစေခြင်း၊ မြို့တွင်းသွား BUS လိုင်းများ ပြေးဆွဲစေခြင်း အခြား ပြည်နယ်/တိုင်းများနှင့် ပို့ဆောင်ရေး ကွန်ယက် ပြေးဆွဲစေခြင်း၊ အဆင့်မြင့် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲစေခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၃၆၂။ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**။ ဥပဒေအရ ခွင့်ပြုခဲ့သည့်လုပ်ငန်း(၁၄)ခုတွင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း(၁)ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း(၁)ခု၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း(၁)ခု၊ စက်မှုလုပ်ငန်း(၁၀)ခု၊ စွမ်းအင်လုပ်ငန်း(၁)ခု တို့ပါဝင်ပြီး၊ မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု ဥပဒေအရခွင့်ပြုခဲ့သည့် လုပ်ငန်း(၁၉)ခုတွင် ဆောက်လုပ်ရေး BOT စနစ်ဖြင့်

ဆောင်ရွက်မည့်လုပ်ငန်း(၆)ခု၊ BOT စနစ်ဖြင့် သောက်ရေခပ်(၂)ရေအား လျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓါတ်အားထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ CMP လုပ်ငန်း (၂)ခု၊ သစ်အချော ထည်လုပ်ငန်း(၆)ခု၊ မော်တော်ယာဉ် တပ်ဆင် ထုတ်လုပ်ခြင်းလုပ်ငန်း အခြားစက်မှု လုပ်ငန်း(၄)ခုအပါအဝင် စက်မှုလုပ်ငန်း (၁၂)ခု ဆောင်ရွက်ခဲ့ပါသည်။

၃၆၃။ **ပညာရေးကဏ္ဍ။** ပြည်ထောင်စု ဘတ်ဂျက်ဖြင့်ကျောင်းပေါင်း (၈၈)ကျောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ပဲခူးတက္ကသိုလ် စုဝေးခန်းမ၊ ပဲခူးတက္ကသိုလ် သုံးထပ်စာသင်ကျောင်းဆောင် (၃)လုံး၊ တောင်ငူတက္ကသိုလ် သုံးထပ်စာသင် ကျောင်းဆောင် (၂)လုံး၊ ပြည်တက္ကသိုလ် သုံးထပ်စာသင်ကျောင်းဆောင် (၃)လုံး၊ တောင်ငူပညာရေး ကောလိပ်ဆောက်လုပ်ခြင်း တို့အတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျပ်သန်း (၂၂၃၉၉.၄၄၀) ခွင့်ပြုဆောက်လုပ်ခဲ့ပါသည်။

၃၆၄။ **ကျန်းမာရေးကဏ္ဍ။** ဆောင်ရွက်မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးရုံး၊ ပေါင်းတည်မြို့နယ် ကြာနီကန် တိုက်နယ်ဆေးရုံ၊ သဲကုန်းမြို့နယ် ဆင်မြီးဆွဲ တိုက်နယ်ဆေးရုံ၊ ရွှေကျင်မြို့နယ် ကုတင်(၁၀၀)ဆံ့ ဆေးရုံ မွမ်းမံခြင်း၊ ရွှေတောင်မြို့နယ် ကွေ့မတိုက်နယ်ဆေးရုံ၊ ပဲခူးဆေးရုံ၊ ပေါက်ခေါင်းမြို့နယ်ဆေးရုံ၊ ညောင်လေးပင် မြို့နယ်ဆေးရုံ၊ ဝေါမြို့ (၂၅)ကုတင်ဆံ့ဆေးရုံ တိုးချဲ့ခြင်း၊ ပေါက်ခေါင်းမြို့နယ် (၂၅)ကုတင်ဆံ့ ဆေးရုံတိုးချဲ့ခြင်း၊ ရွှေတောင်မြို့နယ်ဆေးရုံ၊ ပန်းတောင်းမြို့နယ် ထုံးဘိုတိုက်နယ်ဆေးရုံ၊ ပြည်ဝက်ထီးကန် တိုက်နယ်ဆေးရုံ၊ မင်းလှမြို့နယ်ဆေးရုံများ၏ ဝန်ထမ်းအိမ်ယာများ မင်းလှမြို့နယ် လက်ဆက် ကျန်းမာရေးဌာန၊ မိုးညိုမြို့နယ် ပတ္တာတိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ(၁၂)ခု တည်ဆောက်ခြင်း၊ တောင်ငူမြို့နယ်နှင့် ပြည်မြို့နယ် သူနာပြု၊ သားဖွား သင်တန်းကျောင်း၊ ပဲခူးသားဖွားသင်တန်းကျောင်းတို့၏ အကြီးစားမွမ်းမံပြင်ဆင်ခြင်းနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန ဆောက်လုပ်မှု လုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျပ် (၃၁၆၉.၂၈၄)သန်း ခွင့်ပြုဆောင်ရွက်ခဲ့ပါသည်။


၃၆၅။ **သောက်သုံးရေရရှိမှု။** တွင်းတိမ်တူးဖော်ခြင်း (၉၅)ခု၊ တွင်းနက် တူးဖော်ခြင်း လုပ်ငန်း (၃၉)ခု၊ လက်တွင်းတူးဖော်ခြင်းလုပ်ငန်း (၅) ခု၊ ရေကန်အဆင့်မြှင့်ခြင်း လုပ်ငန်း(၇)ခု အခြားလုပ်ငန်း အပါအဝင် စုစုပေါင်းလုပ်ငန်း (၁၄၇)ခု ဆောင်ရွက်ခဲ့ပါသည်။

၃၆၆။ **ကျေးရွာမီးလင်းရေး။** ပဲခူးတိုင်းဒေသကြီးအတွင်း မြို့(၆၂)မြို့နှင့် ကျေးရွာ (၅၉၈)ရွာတို့တွင် လျှပ်စစ်ဓာတ်အား တပ်ဆင်ပြီးဖြစ်ပြီး၊ စပါးခွံသုံးလောင်စာဖြင့် ကျေးရွာ (၇၇)ရွာ၊ ဒီဇယ်ဖြင့်ကျေးရွာ(၅၃)ရွာ၊ နေရောင်ခြည်ဖြင့် ကျေးရွာ(၃) ရွာတို့တွင် မီးလင်းရေး ဆောင်ရွက်ခဲ့ပါ သည်။

၃၆၇။ **ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း။** မိုးယွင်းကြီးအင်းငှက်ကြည့်စခန်း၊ မြောက်ဇာမရီ ဆင်ဘေးမဲ့တော၊ ဖိုးကျားဆင်စခန်းနှင့်၊ ကမ္ဘောဇသာဒီနန်းတော်ရာနှင့် သရေခေတ္တရာ မြို့ဟောင်းများတည်ရှိပြီး ပဲခူးကမ္ဘောဇသာဒီနန်းတော်ရာသို့ နိုင်ငံခြားသား ဦးရေ (၈၁၇၄၃)ဦး၊ တိုင်းရင်းသားဦးရေ (၉၃၄၀၂)ဦးလာရောက်လည်ပတ်ခဲ့ပြီး US $(၈၁၇၈၄၅ )နှင့် မြန်မာကျပ်ငွေ (၁၇.၅၂ သန်း) ဝင်ငွေရရှိခဲ့ပါသည်။

၃၆၈။ **သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကာကွယ်ရေး။** ပဲခူးမြို့တွင် ကိုဒူကွဲ ရေလှောင်တမံ၊ စလူရေလှောင်တမံနှင့် ရွှေလောင်းရေလှောင်တမံတို့ တည်ဆောက်ခဲ့ပြီး ဖြစ်သည့်အပြင် ပဲခူးမြစ် အတွင်း ရေစီးရေလာ အဟန့်အတားဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊ မိုးယွင်းကြီး ရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်း၊ ဇောင်းတူ-စွမ်ပိ ရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်းနှင့် ဇောင်းတူ-ကျိုက်လှ ရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်းတို့ကို လည်းကောင်း ဆောင်ရွက်ခဲ့ ပါသည်။

၃၆၉။ **အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန် အထိ(ဧပြီလမှမတ်လ)နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၄၁၆၆၇၃၈.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်တန်ဖိုးကျပ် **၄၂၅၁၉၂၀.၄** သန်း အပေါ် **၉၈.၀** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါ သည်။ ၂၀၁၀-၂၀၁၁ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် အလားတူကာလအပေါ် **၈.၄** ရာခိုင်နှုန်းတိုးတက်ပါသည်။



၃၇၀။ ပဲခူးတိုင်းဒေသကြီး၏ တိုင်းဒေသကြီးဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊သုံးငွေနှင့် လုပ်ငန်း အကောင် အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၁၆၀၁၇.၀၈၀ | ၃၇၄၉၅.၇၈၉ |
| သာမန် | ၁၆၀၁၇.၀၈၀ | ၃၇၁၈၂.၆၆၉ |
| ငွေလုံးငွေရင်း | | ၂.၅၇၉ |
| ကြွေးမြီ | | ၃၁၀.၅၄၁ |
| (ခ)သုံးငွေ | ၂၉၄၄၁.၇၃၀ | ၃၄၆၂၃.၅၉၁ |
| သာမန် | ၂၄၁၁၇.၇၀၂ | ၃၀၂၉၁.၆၇၂ |
| ငွေလုံးငွေရင်း | ၅၃၂၄.၀၂၈ | ၄၃၃၁.၉၁၉ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၁၃၄၂၄.၆၅၀ | (+)၂၈၇၂.၁၉၈ |

# မကွေးတိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် - ၉၃ ဒီဂရီ ၅၂ မိနစ် နှင့်၉၅ ဒီဂရီ ၅၁ မိနစ် အတွင်း<br>မြောက်လတ္တီတွဒ် - ၁၈ ဒီဂရီ ၅၂ မိနစ်နှင့်၂၂ ဒီဂရီ ၄၃ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ဧရိယာ (၁၇၃၀၅.၃၂) စတုရန်းမိုင် (၁၁၀၇၅၄၀၅) ဧက |
| မြို့တော် | = | မကွေးမြို့ |
| လူဦးရေ | = | ဦးရေ -၅၇၃၀ (ထောင်ပေါင်း) |
| ထူးခြားမှတ်သား | = | မင်းဘူးရွှေစက်တော်ဘုရား |
| ခရိုင် | = | ၅ ခု |
| မြို့နယ် | = | ၂၅ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊<br>စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်မန္တလေးတိုင်း၊<br>အနောက်ဘက်တွင်ချင်းပြည်နယ်၊<br>ရခိုင်ပြည်နယ်<br>မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊<br>တောင်ဘက်တွင် ပဲခူးတိုင်း |

၃၇၁။ **လယ်ယာကဏ္ဍ။** လယ်ယာကဏ္ဍကြီးသည် မကွေးတိုင်းဒေသကြီး၏ **စီးပွားရေး** အခြေအနေတွင်ပါဝင်မှု အများဆုံးကဏ္ဍဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး၏မြေအသုံးချမှု အခြေအနေတွင် စိုက်ပျိုးနိုင်သည့် မြေရိုင်းများ ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်ခြင်းကြောင့် မြေရိုင်း ဧရိယာများ လျော့နည်းပြီး အသားတင်စိုက်ပျိုးမြေ ဧရိယာတိုးမြင့်ခဲ့ပါသည်။ လယ်ယာကဏ္ဍတွင် (၅)ဧက စံပြကွက် များကို တစ်မြို့နယ်လျှင် တစ်ကွက် နှုန်းဖြင့် တိုင်း/ခရိုင်/ မြို့နယ် စံပြကွက် ဟူ၍ စုစုပေါင်း(၂၆)ကွက်(၁၃၀)ဧက စိုက်ပျိုး ထားပြီးဖြစ်ပါသည်။ ရွှေတောင်(၈)ဝါ မျိုးကိုလည်း နတ်မောက်၊ စလင်း၊ အောင်လံ မြို့နယ်များတွင် စမ်းသပ်စိုက်ပျိုးခဲ့ပါသည်။ ကြံသီးနှံအနေဖြင့် စံပြကွက်များကို တောင်တွင်းကြီး မြို့နယ်တွင် (၈)ဧကစိုက်ပျိုးထားနိုင်ခဲ့ပါသည်။ နှစ်ရှည် သီးနှံဖြစ်သော သီဟိုဠ်သရက် လျာထားဧက (၁၀၀)ကို မင်းဘူးခရိုင် စေတုတ္တရာ မြို့နယ်နှင့် သရက်ခရိုင် မင်းတုန်းမြို့ များတွင် (၉၈)ဧက စိုက်ပျိုးခဲ့ ပါသည်။

၃၇၂။ ပုလဲသွယ်(၂၁၀၄)ကေ၊ ရေဆင်းလုံးသွယ်(၂၂၉၃)ကေ၊ ရွှေသွယ် ရင်(၃၈၁၆၉)ကေ၊ ဆင်းသွယ်လတ်(၁၈၆၁၁)ကေ၊ မနောသုခ(၃၇၇၆၈၃)ကေ၊ သီးထပ်ရင်(၄၈၄၅၂)ကေ၊ ရတနာအောင်(၅၃၃)ကေ၊ ရွှေမြန်မာ(၄၄၉၅၉)ကေ၊ ဆင်းနွယ်ရင်(၁၉၇၅၅)ကေ ဆင်းသုခ (၈၅၃၈၇) ကေ၊ ပခန်းရွှေဝါ(၁၂၂၁၉)ကေ၊ ရတနာတိုး(၈၀၀၀၆)ကေ၊ ရက်-၉၀ (၂၉၇၃)ကေ၊ နေပြည်တော်(၁)(၄၃၉၁)ကေ၊ ရွှေပြည်ငွေ(၁၅၈၂)ကေ စသည့်စပါးမျိုးများ စိုက်ပျိုးခဲ့ပါသည်။

၃၇၃။ **သားငါးကဏ္ဍ**။ အဓိကအားဖြင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု၊ ကျွဲနို့နွားနို့၊ ကျွဲနွားထွက်ပစ္စည်းများထုတ်လုပ်မှု၊ မွေးမြူရေးငါးနှင့် ရေချိုငါးထုတ်လုပ်မှု တိုးတက်ခြင်းကြောင့် ဖြစ်ပါသည်။

၃၇၄။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**။ အဓိကအားဖြင့် နိုင်ငံပိုင်အခန်းမှ သံကျောက်နှင့် ပုဂ္ဂလိကပိုင် အခန်းမှကျောက်မီးသွေး၊ အခြားကျောက်နှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

၃၇၅။ **စက်မှုလက်မှုကဏ္ဍ**။ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများမှာ ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင် ခွင့်ပြုထားသည့်အတွက် လုပ်ခ(နဝလီ)သာရရှိ၍ နိုင်ငံပိုင်အခန်း လျော့နည်းကျဆင်းလာသော်လည်း၊ ပုဂ္ဂလိက ပိုင်အခန်းမှ ပိုမို ထုတ်လုပ်နိုင်ခဲ့ခြင်း၊ မြို့နယ်တိုင်းတွင် သောက်ရေသန့်စက်ရုံများ တည်ထောင်လာခြင်း၊ နည်းပညာအဆင့်မြင့် အထွေထွေ စက်မှုလုပ်ငန်းများ တိုးတက် ဆောင်ရွက်လာနိုင်ခဲ့ခြင်း၊ ပခုက္ကူစက်မှုဇုန် နှင့်ရေနံချောင်း စက်မှုဇုန်တို့တွင် မော်တော်ကား၊ ရိုးမရာဇာဆိုင်ကယ် ထုတ်လုပ်မှုများသည် ဈေးကွက်နှင့် မကိုက်ညီ၍ ရပ်ဆိုင်းခဲ့ခြင်းများ ရှိသော်လည်း ပခုက္ကူစက်မှုဇုန်တွင် အမဲသားအသားပေါင်း အခြောက်လှန်းလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်း ဈေးကွက် ရရှိခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ မကွေး အချိုရည်နှင့်ရေခဲစက်ရုံ၊ ဆပ်ပြာစက်ရုံ(မကွေး)တို့ကို ပုဂ္ဂလိကသို့ လွှဲပြောင်း လုပ်ကိုင်ခွင့် ပေးခဲ့ပါသည်။ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၌ လုပ်ငန်းကြီး(၁၃၂)ခု၊ လုပ်ငန်းလတ်(၂၇၇)ခု၊ လုပ်ငန်းငယ်(၂၂၂၅)ခု စက်မှု လုပ်ငန်းပေါင်း(၂၆၃၄)ခု မှတ်ပုံတင်လျှက် လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။

၃၇၆။ **လျှပ်စစ်ဓါတ်အားကဏ္ဍ**။ မကွေးတိုင်းဒေသအတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် အတွက် မုန်းချောင်းနှင့်ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်စက်ရုံနှင့် ဒီဇယ်ဓာတ်အားပေး စက်ရုံ(၇)ရုံတို့မှ လျှပ်စစ် ဓာတ်အားများ ကိုဖြန့်ဖြူး ပေးခဲ့ပါသည်။

၃၇၇။ **ဆောက်လုပ်မှုကဏ္ဍ**။ နိုင်ငံပိုင်အခန်းမှ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ဧရာဝတီ တံတား(မလွန်)တည်ဆောက်ရေးလုပ်ငန်း၊ ပုသိမ်-မုံရွာလမ်း၊ ပျဉ်းမနား-တောင်ညိုလမ်း၊ စွန်ချောင်းတံတား၊ လမ်းအထူး(၁၁)ပေါင်းတံတား၊ လွှာချောင်း တံတား၊ မင်းတုန်းတံတား၊ ဝက်ခုတ်တံတား၊ ရွှေချောင်းတံတား၊ ဂန့်ဂေါ–ကလေးလမ်း၊ မြစ်သာ ရေလှောင် တမံစီမံကိန်း၊ ဗူးရွာရေလှောင်တမံ စီမံကိန်း၊ မဒေးရေလှောင်တမံ ဆောက်လုပ်မှု၊ မဲဇလီ၊ လင်းဇင်း၊ အိုင်းမ ဆည်ရေသောက် ရေပိုလွှဲ ဆောက်လုပ်ခြင်းနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတွင် နေအိမ်များ တည်ဆောက် ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၃၇၈။ မြစ်သာ ရေလှောင်တမံစီမံကိန်းကို ဂန့်ဂေါမြို့နယ်တွင် ၂၀၀၂-၂၀၀၃ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ ဧပြီလကုန်အထိ အသုံးစရိတ် စုစုပေါင်းကျပ်(၁၀၀၉၀၄.၂၉၂)သန်းနှင့် (၃၇၇၆၀၀)ဧကပေ ရေသိုလှောင်၍ ဂန့်ဂေါမြို့နယ် အတွင်းရှိ မြေဧရိယာ(၁၂၀၀၀)ဧကကို ဆည်ရေပေးရန်နှင့် သီးထပ်သီးညှပ် စိုက်ပျိုးလျက် ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်စေရန်အပြင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား(၄၀)မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန်နှင့် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်စွမ်းအား (၁၇၀) ကီလိုဝပ်နာရီသန်းပေါင်းကို ထုတ်လုပ်ပေးသွားရန် ရည်ရွယ် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အတွင်း စလင်းမြို့နယ်အတွင်း၌ လင်းဇင်းဆည် ပြန်လည် ပြုပြင်ခြင်း လုပ်ငန်းအား အိန္ဒိယချေးငွေ ကျပ် (၁၉၉၃၃၃.၇၉၂၃) သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး အကျိုးပြုဧက (၄၂၁၁၂)ရှိပါသည်။

၃၇၉။ မကွေးမြို့နယ် ရွာ(၂)ရွာတွင် ရေတွင်းပြင်၊တူးဖော်ခြင်း၊ BAJ (အထောက်အပံ့) ကျပ်သန်း(၈၀)၊ ရေနံချောင်းမြို့နယ်ရွာ(၆)ရွာတွင် မြေသားအုတ်ကန်၊ Maefahluang (အထောက်အပံ့)ကျပ်သန်း(၆၁.၂)၊ ရေနံချောင်းမြို့နယ်ရွာ(၂)ရွာတွင် ဓာတ်ငွေ့ပိုက်လိုင်း CNPC (အထောက်အပံ့)ကျပ်သန်း(၆၇.၂)၊ ချောက်မြို့နယ်ရွာ (၆)ရွာတွင် သောက်သုံးရေကန် တူးခြင်း၊ JICA(အထောက်အပံ့)ကျပ်သန်း(၁၀၀၈)၊ ချောက်မြို့နယ်ရွာ(၁)ရွာတွင်သောက်သုံး ရေကန် တူးခြင်း BAJ (အထောက်အပံ့) ကျပ် သန်း(၃၀၀)၊ မင်းလှမြို့နယ်ရွာ (၁၀)ရွာတွင် ဆိတ်မွေးမြူခြင်း MNGပေါင်းစုလုပ်အားအကူအညီ ပေးရေးအဖွဲ့ ကျပ် သန်း(၈၈.၆) ဖြင့် ဆောင်ရွက် ခဲ့ပါသည်။

၃၈၀။ ကျပ် (၂၁၆.၆၄၃) သန်း တန်ဖိုးရှိ လုပ်ငန်းပေါင်း (၅၅)ခုကို ကျေးရွာ (၃၇)ရွာတွင် စည်ပင်သာယာရေး အဖွဲ့ ရန်ပုံငွေဖြင့် လည်းကောင်း၊ လုပ်ငန်းပေါင်း (၃၁)ခုကို ကျေးရွာ (၃၁)ရွာ တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် (၄၉၂.၉၅)သန်း ဖြင့် လည်းကောင်း၊

လုပ်ငန်းပေါင်း(၂)ခုကို ကျေးရွာ(၂)ရွာတွင် UNICEF ထောက်ပံ့ ငွေကျပ်(၈) သန်းဖြင့် လည်းကောင်း၊ အပူပိုင်းဇုံရေပေးရေးစီမံကိန်း (JICA၊ BAJ)မှ လုပ်ငန်း (၁၃)ခုကို ကျေးရွာ (၁၃)ရွာတွင် ငွေကျပ်(၁၁၄.၀၃)သန်းဖြင့် လည်းကောင်း စုစုပေါင်း ငွေကျပ် (၈၃၁.၆၂၃) သန်း ဖြင့် လုပ်ငန်းပေါင်း(၁၀၁)ခုကို ဆောင်ရွက်ခဲ့ပါသည်။

၃၈၁။ **ဆက်သွယ်ရေးကဏ္ဍ**။WCDMA (၇၅၇၇)လုံး၊ CDMA (၁၅၆၂)လုံးနှင့် GSM မိုဘိုင်း တယ်လီဖုန်း (၁၅၉၅၀၈) လုံးတပ်ဆင်မှုတို့ ကြောင့် နှစ်စဉ်ကြေး နှင့် ခေါ်ဆိုခများပိုမို ရရှိခဲ့ ပါသည်။

၃၈၂။ **ပညာရေးကဏ္ဍ။** မကွေးတိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာဦးစီးဌာန အောက်၌ တက္ကသိုလ်ကောလိပ် (၅)ခု၊ ကျန်းမာရေးဝန်ကြီး ဌာနရှိ တက္ကသိုလ်(၂)ခု၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီး ဌာနရှိ တက္ကသိုလ် (၄)ခု၊ အခြေခံပညာ အထက်တန်းကျောင်း ( ၂၁၀ ) ကျောင်း၊ အလယ်တန်းကျောင်း(၃၄၈) ကျောင်း၊ မူလတန်း ကျောင်း(၂၆၅၆)ကျောင်းတို့ဖြင့် လူ့စွမ်းအား အရင်းအမြစ်တိုးတက်ရေးဆောင်ရွက်ခဲ့ပါသည်။


၃၈၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မကွေးခရိုင်၊ နတ်မောက်မြို့နယ်(၂)ရွာတွင် အ.လ.က(ခွဲ)ကုလားရှင်၊ ဦးဉတ္တမသာရ(မန္တလေး) အထောက်အပံ့ (၄၁)သန်း၊ နတ်မောက် မြို့နယ်(၂)ရွာတွင် အ.လ.က(ခွဲ)ညောင်ကျပွင်၊ CNPC အထောက်အပံ့ (၃၄.၅)သန်း၊ နတ်မောက် မြို့နယ်(၂၀)ရွာတွင် အ.ထ.က(နတ်မောက်)၊ သီတဂူဒေါက်တာ ရှင်ဉာဏိဿရ အထောက်အပံ့ (၁၀၀)သန်း၊ နတ်မောက်မြို့နယ်(၅)ရွာတွင် အ.လ.က(လဲဘူး)၊ဦးတင်စိုး (လဲဘူး) အထောက်အပံ့ (၂၇.၂)သန်း၊ ဘော်အိုင်ရွာ(စာကြည့်တိုက်) နတ်မောက် မြို့နယ် (၁)ရွာတွင်နတ်မောက်ထွန်းရှိန် အထောက်အပံ့ (၁.၅)သန်းတို့ ဖြင့်ကျောင်းဆောက် လုပ် လျှက်ရှိပါသည်။

၃၈၄။ **ကျန်းမာရေးကဏ္ဍ**။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ နှစ်ကုန်တွင် ဆေးရုံ (၇၆) ရုံ၊ ကျေးလက် ကျန်းမာရေးဌာန (၁၇၀)၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန (၂၈)နှင့်ဆရာဝန် (၄၀၀)ဦးတို့ဖြင့်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ပါ သည်။

၃၈၅။ **သောက်သုံးရေရရှိရေး**။ မြို့ရေပေးရေး ဆောင်ရွက်နိုင်မှုအခြေအနေမှာ မကွေး၊ ချောက်၊ တောင်တွင်းကြီး၊ နတ်မောက် ၊ စလင်း ၊ ငဖဲ ၊ သရက် ၊ အောင်လံ၊ ကံမ၊ ရေစကြို ၊ မြိုင်၊ ပေါက်၊ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထုမြို့တို့မှာ ရာခိုင်နှုန်းပြည့် ရေရရှိသော မြို့များ ဖြစ်ပြီး ဆောမြို့နယ် ရေရရှိသည့် ရာခိုင်နှုန်းမှာ ၄၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကျေးလက်ရေပေးရေး ဆောင်ရွက်နိုင်မှု အခြေအနေအရ မင်းဘူး ၊ စလင်း ၊ ပွင့်ဖြူ ငဖဲ ၊ စေတုတ္တရာ ၊ ကံမ ၊ ပခုက္ကူ ၊ ကျောက်ထုမြို့တို့မှာ ရာနှုန်းပြည့် ကျေးလက်ရေပေးရေး ရေရရှသောမြို့များဖြစ်ပြီး ဆင်ပေါင်ဝဲ မြို့နယ်၌ ရေရရှိမှု ၇၄ ရာခိုင်နှုန်း ဖြစ်ပါသည်။

၃၈၆။ **ကျေးလက်မီးလင်းရေး။** မကွေးတိုင်းဒေသကြီးအတွင်း ဒီဇယ်သုံး(၂၀၃၄)၊ အသေးစားရေအား(၈၃)၊ ဇီဝလောင်စာသုံး(၄)၊ စပါးခွံမီးစက်(၇၉)၊ နေရောင်ခြည် စွမ်းအင် သုံး(၇၈)၊ လျှပ်စစ်ဓာတ်အား (၃၈၄) စသည့်နည်းလမ်းများဖြင့် ကျေးရွာ (၂၆၆၂)ရွာ မီးလင်းခဲ့ပြီးကျေးရွာစုစုပေါင်း၏၅၅.၄% မီးလင်းပြီး ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ရေကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများ၊ ကမ်းပြိုကမ်းထိန်းလုပ်ငန်းများ၊ မြေထိန်းနံရံတည် ဆောက်၍ မြစ်ရေတင်ရေ ရရှိရေး ဆောင်ရွက်ခဲ့သည်။ ပခုက္ကူခရိုင်၊ အလျား၂၀၀ ပေ မြေထိန်းနံရံ ကမ်းပြို ကာကွယ်ရေးကို ဘဏ္ဍာငွေကျပ် ၇၇၂.၀၉၄ သိန်းဖြင့်လည်းကောင်း၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ် မုန်းချောင်း၀ အလျား ၅၇၀ မီတာ ဘဏ္ဍာငွေကျပ် ၃၆၅.၈ သိန်းဖြင့် လည်းကောင်း မင်းဘူးခရိုင်၊ စကုမြို့နယ် ကမ်းရေကျွန်း ရေလမ်းကောင်းမွန်ရေး အလျား ၆၀၀ ပေ ဘဏ္ဍာငွေ ကျပ် ၃၈၄.၂ သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။


၃၈၇။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** မကွေးတိုင်းဒေသကြီး၏၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင်အသား တင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို၊ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄၇၇၅၈၄၆.၀ သန်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ (ဧပြီလမှမတ်) စာရင်းများအရ အသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၄၉၂၄၇၉၃.၁ သန်း ဖြစ်သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၁၀၃.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင် ပြီး၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် အပေါ် ၈.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။



၃၈၈။ မကွေးတိုင်းဒေသကြီး၏ တိုင်းဒေသကြီးဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေ နှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂<br>ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃<br>မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၄၀၇၉၅.၁၆၂ | ၈၅၇၂၇.၂၉၆ |
| သာမန် | ၁၃၅၈၉.၁၀၂ | ၈၅၇၂၄.၃၀၃ |
| ငွေလုံးငွေရင်း | ၂၇၂၀၆.၀၆၀ | ၂.၉၉၃ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၂၅၀၂၉.၈၇၇ | ၈၁၆၀၈.၇၀၄ |
| သာမန် | ၂၁၆၉၃.၆၄၆ | ၄၉၀၁၆.၈၆၀ |
| ငွေလုံးငွေရင်း | ၃၃၃၆.၂၃၁ | ၃၂၅၉၁.၈၄၄ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (+)၁၅၇၆၅.၂၈၅ | (+)၄၁၁၈.၅၉၂ |

## မန္တလေးတိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၉ ဒီဂရီ၃၀မိနစ်နှင့် ၂၃ ဒီဂရီ ၄၅ မိနစ် ကြား အရှေ့လောင်ဂျီတွဒ်- ၉၄ ဒီဂရီ ၅၀မိနစ်နှင့် ၉၆ ဒီဂရီ ၅၀ မိနစ်ကြား |
| အကျယ်အဝန်း | = | ၁၁၉၂၅.၉၅ - စတုရန်းမိုင် ၇၆၃၂၆၁၂ - ဧက |
| လူဦးရေ | = | ဦးရေ - ၇၄၂၃ (ထောင်ပေါင်း) |
| မြို့တော် | = | မန္တလေး |
| ထူးခြားအမှတ်အသား | = | နန်းတော် ၊ ကျုံး |
| ခရိုင် | = | ၇ ခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာ၊သားငါး၊စက်မှု၊ခရီးသွားလုပ်ငန်း |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်-ရှမ်းပြည်နယ်၊ တောင်ဘက်-နေပြည်တော်၊ အနောက်တောင်-မကွေးတိုင်းဒေသကြီး၊ အနောက်မြောက်နှင့်အနောက်-စစ်ကိုင်းတိုင်းဒေသကြီး |

၃၈၉။ **မြေအသုံးချမှုအခြေအနေ။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အတွင်း အသားတင်စိုက်ပျိုးနိုင်သည့်မြေနှင့် စိုက်ပျိုးနိုင်သောမြေရိုင်းမှာ လျော့နည်းခဲ့ပြီး ပလပ်ထားသည့် မြေ (၃၉၃၉၇) ဧက တိုးလာခဲ့ပါသည်။သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအရ သစ်တောနှင့်သစ်ပင်များ တိုးချဲ့စိုက်ပျိုးခဲ့သည့်အတွက် အခြားသစ်တောမြေများ လျော့နည်းကာ သစ်တောကြိုးဝိုင်းမြေ(၁၀၁၁၇) ဧကတိုးလာပါသည်။

၃၉၀။ **လယ်ယာကဏ္ဍ။** မိုးခေါင်ခြင်းကြောင့် ဆည်ရေကန်ရေမှ ရေပေးဝေနိုင်မှုနှင့် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းမှရေပေးဝေနိုင်မှု လျော့နည်းခြင်း၊ ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် မြေငလျင်လှုပ်ခြင်းကြောင့်သီးနှံစိုက်ပျိုးမှုတွင် ရည်မှန်းချက် ပြည့်မီအောင် မစိုက်ပျိုးနိုင်ခဲ့ဘဲ မိုးသီးနှံတွင်သီးနှံ အလိုက် စိုက်ပျိုးနိုင်မှုမှာ စပါးစိုက် ဧက ၁၉၄၄၀၁၊ ပဲအမျိုးမျိုးမှာ ၁၂၅၈၃၄ ဧက၊ ဆီထွက်သီးနှံတွင် ၂၀၇၁၇၈ ဧက၊ ဝါ ၆၇၃၁၉ ဧက လျော့နည်းခဲ့ပါသည်။ တိုင်းဒေသကြီးအနေဖြင့်ဆောင်ရွက်ခဲ့သည့် အစီအမံများမှာ မိုးစပါးတွင်ပုလဲသွယ် အထူးအထွက်တိုးမျိုးကို

၁၅၀၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီးအထွက်နှုန်း ၁၁၁.၆၉ တင်း ရရှိကာ ၁၆၈၂၁၁ တင်း၊ ရေဆင်းလုံးသွယ် အထွက်ကောင်းမျိုးကို ၂၃၉၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်း ၉၈.၈၃ ရရှိကာ ၂၃၆၆၀၈ တင်းနှင့် ရွှေသွယ်ရင် အထွက်ကောင်းမျိုးကို ၄၄၄၆၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်း ၉၄.၇၅ ရရှိကာ ၄၂၁၂၅၉၄ တင်းထွက်ရှိခဲ့ပါသည်။

၃၉၁။ ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများမှာ ရမည်းသင်းခရိုင်တွင် နက်ကာ ရေလှောင်တမံ(၂၀၀၀)ကျပ်သန်း၊ မြင်းခြံခရိုင်တွင်ကျောက်တလုံး-ငါန်းဇွန် ဧရာဝတီကမ်း ပတ်တာ (၉၀.၀၀) ကျပ်သန်း၊ ရမည်းသင်းခရိုင်၊ သစ်ဆုံရေလှောင်တမံ၊ ရေပေးမြောင်းများ ပြုပြင်ခြင်းနှင့်ရေပေး အဆောက်အအုံများ ပြုပြင်ခြင်း(၃၇) ကျပ်သန်း ဆောင်ရွက်ခဲ့ပြီး ဖြည့်စွက်လုပ်ငန်းစီမံကိန်းများမှာ မြင်းခြံခရိုင် မြနန္ဒာ(ဆားခါး)ဆည် ပြန်လည်ပြုပြင်ခြင်း(၆၂)ကျပ်သန်း၊ ပျော်ဘွယ်မြို့နယ်အတွင်း ဆည်/ကန်ငယ်(၅)ခု ပြုပြင်ခြင်း (၁၂၁) ကျပ်သန်း၊ ရမည်းသင်းမြို့နယ်အတွင်း ဆည်/ကန်ငယ် (၉)ခု ပြန်လည် ပြုပြင်ခြင်း(၂၅၇) ကျပ်သန်းနှင့် လုပ်ငန်းစီမံကိန်း အသစ်များအနေဖြင့် ကျောက်ဆည်ခရိုင်ပန်းလောင်မြစ်ဖြတ် စမာရေလွှဲဆည် သဲထုတ် ရေတံခါး တပ်ဆင်ခြင်း (၆၃၂.၄၇၄)ကျပ်သန်း၊ မြင်းခြံခရိုင် ဆင်တဲဝ(သမက္ကူ) ရေတင်လုပ်ငန်း(၇၀) ကျပ်သန်း၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ပုဂ္ဂလိက ကန်(၈)ခုနှင့်ဆည်မြောင်းကန်(၃)ခုပြုပြင်ခြင်း(၂၀၀)ကျပ်သန်း ဆောင်ရွက်နိုင်ခဲ့ ပါသည်။

၃၉၂။ **သားငါးကဏ္ဍ။** ယခင်နှစ် အသားထုတ်လုပ်မှုထက် ပိဿာထောင်ပေါင်း ၇၉၈၂၊ ဥထုတ် လုပ်မှုတွင် လုံးထောင်ပေါင်း ၅၅၆၈၉၊ ငါးပုဇွန်ထုတ်လုပ်မှုတွင် ပိဿာထောင်ပေါင်း ၃၉၇ တိုးတက် ထုတ်လုပ်ခဲ့ပါသည်။ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှု ဖွံ့ဖြိုးရေး အနေဖြင့် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံကို ညောင်ဦး မြို့နယ်တွင် ထူထောင်၍ တိုင်းရင်း ကြက်၊ ဥစားကြက်၊ အသားစား ကြက်များ အားတိုးချဲ့မွေးမြူနိုင်ခြင်း ကြောင့် လည်းကောင်း၊ အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု၊ ကျွဲနို့၊ နွားနို့ နှင့် ကျွဲနွားထွက် ပစ္စည်းများ ထုတ်လုပ်မှုနှင့် ငါး ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ အမဲသားထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြည်တွင်းရှိ ဒေသနွားမျိုးများမှ ကြီးထွားနှုန်းကောင်းသော အသားစားနွားများအား ရွေးချယ်မွေးမြူစေခြင်း၊ ပြည်တွင်း၌ ရှိပြီးသော နိုင်ငံခြားနို့စားနွားမျိုးများမှ ပေါက်ဖွားလာသော နွားများကို အသားတိုးနွားအဖြစ် မွေးမြူ စေခြင်း၊ ဆိတ်မွေးမြူရေး ဖြစ်ထွန်းသည့် ကျေးရွာများကို တိုင်းဒေသကြီးအစိုးရ အဖွဲ့အစီအစဉ်ဖြင့် တိုးချဲ့မွေးမြူပြီး အသားထုတ်လုပ်မှုကိုလည်း တိုးတက်ထုတ်လုပ် ခဲ့ပါသည်။

၃၉၃။ **စက်မှုလက်မှုကဏ္ဍ**။ မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာစသည့် စက်မှုဇုန် (၃)ခုနှင့် ဇုန်ပြင်ပရှိ စက်မှု လုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းငယ် စသည်ဖြင့် လုပ်ငန်းစုစုပေါင်း ၇၃၀၀ရှိပါသည်။ ပြင်ဦးလွင်မြို့နယ်ရတနာပုံမြို့သစ်စီမံကိန်းတွင် CMP စနစ်ဖြင့်ကင်မရာ ဆက်စပ်ပစ္စည်း ထုတ်လုပ်ခြင်း၊ ခဲတံအမျိုးမျိုးနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ချည်ကတ္တီပါနှင့် နိုင်ငံတကာအဆင့်မီ စက္ကူအိတ်ချိုး၊ စက္ကူကြိုးအား ပန်းချိုး ပုံဖော်ခြင်း လုပ်ငန်း၊ ဆက်သွယ် ရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများဖြစ်သော မန္တလေးခရိုင် အောင်မြေသာဇံမြို့နယ်ရှိ ဆပ်ပြာစက်ရုံ အမှတ်(၂)၊ ချမ်းအေးသာဇံ မြို့နယ်ရှိ ဆပ်ပြာ စက်ရုံအမှတ်(၃)၊ ပြင်ဦးလွင် ခရိုင်ရှိ ပိုးချည်စက်ရုံ၊ ကျောက်ပြားစက်ရုံ၊ ချောကလက် စက်ရုံ၊ စက်ဘီးစက်ရုံ၊ ပလိပ် ချည်မျှင် နှင့်အထည်စက်ရုံ၊ မန္တလေးဘီယာစက်ရုံ၊ အရက်ချက် စက်ရုံ များကို ပုဂ္ဂလိကပိုင် အဖြစ် လွှဲပြောင်းခြင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ဆောင်ရွက်နေဆဲဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် လက်အောက်ရှိ ဗီဂါပလတ်စတစ် စက်ရုံ၊ ဥဿာ LED စက်ရုံ၊ တော်ဝင် ပလတ်စတစ်စက်ရုံ၊ ဆေးဝါး လုပ်ငန်း စက်ရုံတို့မှ ထုတ်လုပ်မှု တိုးတက်လာခြင်းတို့ကြောင့် ပုဂ္ဂလိကပိုင်အခန်း ထုတ်လုပ်မှုတိုးတက် လာခဲ့ပါသည်။

၃၉၄။ မန္တလေးတိုင်း မြင်းခြံ ခရိုင် မြင်းခြံမြို့နယ်တွင် ဧရာဝတီမြစ် ဆီမီးခုံဆိပ်ကမ်း ကို Royal Hi-Tech Group ကုမ္ပဏီမှ ၂၃-၈-၂၀၁၂ ရက်နေ့တွင်မှတ်ပုံတင်ပြီး မတည်ရင်းနှီး ငွေ US$ 31.10 သန်းအပါအဝင်စုစုပေါင်း ကျပ်သန်း ၄၈၄၀၀ တိတိဖြင့် ဆောင်ရွက် လျှက်ရှိပါ သည်။ မြင်းခြံ သံမဏိစက်ရုံမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ ပုဂ္ဂလိကပိုင် အဖြစ်ထုတ်လုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ စက်ရုံကို နိုင်ငံပိုင်အဖြစ် စက်မှုဝန်ကြီး ဌာနသို့ လွှဲပြောင်းခဲ့ကာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ မက်ထရစ်တန် ၁၇၆၁၆.၆၁ တန် ထုတ်လုပ်ခဲ့ပါသည်။

၃၉၅။ **ငွေရေးကြေးရေးကဏ္ဍ**။ ကမ္ဘောဇဘဏ်ခွဲ၊သမဝါ ယမဘဏ်ခွဲနှင့် အာရှ စိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်ခွဲတို့ အသစ် ဖွင့်လှစ်နိုင်ခြင်းနှင့် ငွေကြေးကိုင်တွယ်သုံးစွဲမှု လျှော့ချရေး အတွက် ချက်လက်မှတ်များ အသုံးပြုငွေ ပေးချေခြင်း နှင့် ငွေပေးချေကဒ်များ Myanmar Payment Union Card သုံးစွဲမှုကို ပုဂ္ဂလိကဘဏ် (၇) ဘဏ်မှ ၁၄-၉-၂၀၁၂ ရက်နေ့တွင် စတင်ခဲ့ပြီး ATM နှင့် POS များတွင် ငွေများထုတ်ယူ သုံးစွဲနိုင်ပြီဖြစ်ပါသည်။ တိုင်းဒေသ ကြီးအတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် မှတ်ပုံတင် ထားသော ပုဂ္ဂလိက ဘဏ်များနှင့် ဘဏ်ခွဲ (၈၉)ခု တို့ဖြင့် ငွေကြေးဝန်ဆောင်မှု ပေးခဲ့ပါသည်။

၃၉၆။ ခရီးသွားလာရေးလုပ်ငန်းတွင် မန္တလေးမြို့တော်သည် မော်တော်ကားလမ်းများဆုံရာ အချက်အချာကျသည့် မြို့တော်ဖြစ်ခြင်း၊ ကမ္ဘာ့အကြီးဆုံး နိုင်ငံဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် နီးကပ်လျှက်ရှိပြီး နယ်စပ် ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ယူနန်ပြည်မှမူဆယ်-လာရှိုး- မန္တလေးလမ်း၊ မန္တလေး-ကျောက်ဖြူ-ပြည် ကုန်းလမ်း၊ ပြည်-မန္တလေး-ဗန်းမော် ရေလမ်း၊ ဗန်းမော်မှယူနန်ပြည်နယ်သို့ ကုန်းလမ်း၊ ထိုင်းနိုင်ငံနယ်စပ်မှတာချီလိတ်-တောင်ကြီး-မန္တလေးကုန်းလမ်း၊ အာဆီယံ လမ်းကြောင်း ဖြတ်ခြင်း၊ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိခြင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာ ပုဂံရှေးဟောင်း မြို့တော်တည်ရှိခြင်းနှင့် ပုဂံ-ညောင်ဦးဟိုတယ်ဇုန် တည်ရှိသည့် အတွက် ခရီးသွားလုပ်ငန်းဖြင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ ပါသည်။

၃၉၇။ **ပညာရေး။** ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်(၄)ခု၊ မန္တလေး နိုင်ငံခြား ဘာသာ တက္ကသိုလ်(၁)ခု ၊အဝေးသင်တက္ကသိုလ် (၁)ခု၊စီးပွားရေး တက္ကသိုလ်(၁)ခု၊ ဒီဂရီ ကောလိပ်(၁)ခု၊ပညာရေးကောလိပ် (၂)ခု၊ မန္တလာ ကောလိပ်(၁)ခု၊ ကျန်းမာရေးဝန်ကြီး ဌာနအောက်တွင်ဆေးတက္ကသိုလ်(၆)ခု၊ ကာကွယ်ရေး ဝန်ကြီးဌာနအောက်တွင် တက္ကသိုလ် (၂)ခု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအောက်တွင် နည်းပညာ တက္ကသိုလ်(၅)ခု၊ ကွန်ပျူတာ တက္ကသိုလ် (၄)ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ် (၁)ခု၊ အစိုးရ နည်းပညာ ကောလိပ်(၁)ခု၊ မန္တလေး သမဝါယမ ကောလိပ်နှင့် မြန်မာ့ယွန်းပညာ ကောလိပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ အခြေခံပညာရေး ဌာနအောက်တွင် မူလတန်း (၂၈၂၉) ကျောင်း၊ မူလတန်းလွန်(၅၉၇) ကျောင်း၊ အလယ်တန်း (၃၄၄) ကျောင်း၊ အထက်တန်း (၂၄၉) ကျောင်း ၊ Multimedia Class Room (၂၁၇) ခုနှင့် e-learning centre (၈ဝ) ခုတို့ဖြင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်ဆောင် ရွက်နိုင်ခဲ့ ပါသည်။

၃၉၈။ **ကျန်းမာရေး။** အထူးကု ဆေးရုံ (၁၄)ရုံ၊ သင်ကြားရေးဆေးရုံ (၁) ရုံ၊ ကုတင် ၃ဝဝ ဆံ့ဆေးရုံ (၂)ရုံ၊ ကုတင် ၂ဝဝ ဆံ့ဆေးရုံ(၃) ရုံ၊ ကုတင် ၁ဝဝ ဆံ့ဆေးရုံ( ၆) ရုံ၊ ၊ကုတင် ၅ဝ ဆံ့ဆေးရုံ (၁ဝ)ရုံ၊ ကုတင် ၂၅ ကုတင်ဆံ့ဆေးရုံ(၁၂)ရုံ၊ တိုက်နယ်ဆေးရုံ (၄၆) ရုံ၊ အမှတ် (၁)တပ်မတော် ဆေးရုံ ကုတင် ၇ဝဝ ပြင်ဦးလွင် (၁)ရုံ ၊ အမှတ် (၁) တပ်မတော် ဆေးရုံ ကုတင် ၅ဝဝ မိတ္ထီလာ (၁)ရုံ၊ အမှတ် (၂ဝ) တပ်မတော်ဆေးရုံ ကုတင် ၁ဝဝ သပိတ်ကျင်း (၁)ရုံ၊ မန္တလေးအကျဉ်းထောင် ကုတင် ၅ဝ ဆံ့ဆေးရုံ (၁) ရုံ စသည်ဖြင့် စုစုပေါင်း (၁၁၈) ရုံ၊ တိုင်းရင်းဆေးရုံ (၁)ရုံ ၊ တိုင်းရင်းဆေး ကုဌာန (၃၁) ဌာန၊ ဆရာဝန် စုစုပေါင်း(၂၄၇၉)

ဦးတို့ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံ (၃၅) ရုံဖြင့် လည်းကောင်း ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ခဲ့ ပါသည်။

၃၉၉။ ဒေသအလိုက် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မန္တလေး- တစ်ကောင်း- ဗန်းမော် မဟာဗျူဟာလမ်း၊ တွင်းငယ်- မိုးမိတ် လမ်း(သပိတ်ကျဉ်း)၊ ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်(ကျောက်ဆည်) လမ်းများ ဖောက်လုပ်ခြင်း၊ မန္တလေး-မိုးကုတ်လမ်း၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရှာငံ-အောင်ပန်း လမ်း၊ ဧရာဝတီတံတား (ရတနာပုံ) မန္တလေးဘက်ကမ်း အဆင်းလမ်းများ တိုးတက်ပြုပြင် ခြင်း၊ ပုလင်းချောင်းတံတား၊ စွန်ချောင်းတံတား၊ ထန်းတပင် ချောင်းတံတား၊ ကျောက်အိုး တံတား၊ ကင်းချောင်းတံတား၊ ကြပ်ပြာတံတား၊ ကိုးလပ်တံတား၊ ရုံးပင်တံတားများ တည်ဆောက် ခဲ့ပါသည်။

၄၀၀။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန် ချမ်းမြသာစည် မြို့နယ်တွင် နိုင်ငံတကာအားကစားကွင်းသစ်ကြီး (Myanmar Sport Centre Project)ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ မှစတင်၍ Max Myanmar Co.,Ltd မှ တာဝန်ယူတည်ဆောက်ပြီး ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် အပြီးတည်ဆောက်ရန် ဖြစ်ပါသည်။ မင်္ဂလာမန္တလေး စီမံကိန်းအားလည်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပချိန်အမီ ပြီးစီးအောင်တည်ဆောက်လျှက်ရှိရာ ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးခဲ့ပါသည်။


၄၀၁။ **သောက်သုံးရေရရှိရေး**။ မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အချင်း(၁၂) လက်မ စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေလှောင်ကန်များတည်ဆောက်ခြင်း၊ Disinfection များ ထည့်သွင်း အသုံးပြုခြင်း၊ ရေစဉ်များ တည်ဆောက်၍ ရေဖြန့်ဝေခြင်း၊ ရေပိုက်လိုင်းများ တိုးချဲ့ချထားခြင်း၊ ရေဆိုး ဝင်ရောက်မှုကာကွယ်နိုင်ရန် ပိုက်လိုင်းများ အသစ်လဲလှယ် ချထားခြင်း၊ ဧရာဝတီ မြစ်ရေတင် စီမံကိန်းမှ တစ်နေ့လျှင် ရေဂါလံ (၁၀) သန်း စတင် ဖြန့်ဝေခြင်း၊ အမရပူရမြို့ တို့ချဲ့ရေပေးရေးစနစ်အား မြေအောက်ရေ အသုံးပြု၍ Pipe Water Supply System ဖြင့် ဖြန့်ဝေမှု ဆောင်ရွက်ခြင်းကျုံးရေအား ပိုမိုသန့်စင် စေရန် လက်ရှိရေစစ်ကန်အား ပြုပြင်တည်ဆောက်၍ သန့်စင်သည့်စနစ်အား အကောင် အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတပ်ဆင်ပြီး ရေမီတာ (၈၄၂၄၈)လုံး၊ လက်ရှိသွယ်တန်းထားသော ရေပိုက် လိုင်း (၂၃၁၅၉)မိုင်၊ ပိုက်လိုင်းစနစ်၊ အဝီစိတွင်းများနှင့် ပုဂ္ဂလိကတွင်း (၂၄၀၀၀)တွင်း၊ Gravity Flowဖြင့် ဖြန့်ဝေသော ကျုံးရေပေးရေးစနစ်တို့ဖြင့် သောက်သုံးရေရရှိရေးကို ဆောင်ရွက်ခဲ့ပါ သည်။ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များ၏

မြို့ပြရေပေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုမှာ ၃၄ ရာခိုင်နှုန်း ဖြစ်ပြီး၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ ၏အကောင်အထည်ဖော်ပြီးစီးမှုမှာ ၅၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

၄၀၂။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ သပိတ်ကျင်းမြို့၌ အင်အားပြင်း ငလျင်ဒဏ် ကြောင့် ပျက်စီးမှုအချို့နှင့် ထိခိုက်သေဆုံးမှု အချို့ရှိခဲ့ပါသည်။အဆိုပါ ငလျင်ဒဏ်ကြောင့် လူနေအိမ်၊ ဌာနဆိုင်ရာအဆောက်အဦ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ဘုရားစေတီ ဘုန်းတော်ကြီးကျောင်း တို့၏ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် **၂၁၆၅၅.၆၂** သိန်းဖြစ်ပါသည်။

၄၀၃။ သပိတ်ကျင်းမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့်ပြိုကျ၊ ပျက်စီးခဲ့သော အဆောက် အအုံများ ပြုပြင် ဆောင်ရွက် ပြီးစီးမှုအခြေအနေ မှာလူနေအိမ်ပြိုကျပျက်စီးလုံးရေ (၉၃၆) အိမ်ကို၊ (၈၆၇)အိမ်ပြုပြင်ပြီး၊ ဌာနဆိုင်ရာ ပြိုကျ/ပျက်စီး အဆောက်အဦး(၆၉)လုံးမှ (၁၄)လုံး ပြုပြင်ပြီး (၃၉)လုံးမှာ ပြုပြင်ဆဲ၊ စာသင်ကျောင်း ပြိုကျပျက်စီးမှု မှာ (၆၇)လုံးရှိပြီး ပြုပြင်ပြီး(၁၀)လုံး၊ ပြုပြင်ဆဲ(၃၀)လုံး၊ ဆေးရုံ၊ ဆေးပေးခန်း ပြိုကျပျက်စီး(၁၂)လုံးမှာ ပြုပြင်ပြီး (၇)လုံး၊ ပြုပြင်ဆဲ (၂)လုံး၊ သာသနိက အဆောက်အဦး ပြိုကျပျက်စီးမှု (၁၈၂) လုံးမှ ပြုပြင် ပြီး(၂၇)လုံး၊ ပြုပြင်ဆဲ(၁၂)လုံး၊ ဘုရားစေတီပြိုကျ ပျက်စီးအဆူ (၁၀၀)မှ ပြုပြင်ပြီး (၁၆)ဆူ နှင့် ပြုပြင်ဆဲ(၁၇)ဆူ အသီးသီးဆောင်ရွက်ခဲ့ပါသည်။ ဒေသတွင်း ထူးခြားချက်အနေဖြင့် နိုင်ငံတော် အကြီးအကဲ လမ်းညွှန်မှုဖြင့် စမွါယ်နကို ကျေးရွာတွင် (၁၄-၂-၂၀၁၃) နေ့မှစ၍ ဆိုလာစနစ် နှင့် ကျေးရွာအတွင်းသို့ မီးများဖြန့်ဝေ သုံးစွဲခဲ့ပါသည်။ ၂၀၁၃ခုနှစ် မတ်လ(၂၀)ရက်နေ့၌ မိတ္ထီလာမြို့နယ် တွင် စတင် ဖြစ်ပွားခဲ့သော ဆူပူမှု ဖြစ်စဉ်တွင် ဆုံးရှုံးမှု တန်ဖိုးမှာ ကျပ်သိန်း(၉၇၄၅၁) ဖြစ်ခဲ့ပြီး အိမ်ထောင်စုပေါင်း ၁၅၉၄ ပျက်စီး ဆုံးရှုံးခဲ့ပါသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီသို့ နေအိမ် များ ဆောက်လုပ်ရန်အတွက်အဖွဲ့အစည်းများနှင့် အလှူရှင်များမှ ကျပ်သိန်း ၇၉၀ ကျော် လှူဒါန်းခဲ့ပြီး ဖြစ်ပါ သည်။

၄၀၄။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အရ မန္တလေးတိုင်းဒေသကြီး၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၅၅၉၇၃၄၀.၀** သန်း ရည်မှန်း ထားပါသည်။၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ဧပြီလ မှ မတ်လ) စာရင်းများအရ အသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် **၅၃၁၅၄၇၀.၅** သန်းဖြစ်သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် **၉၅.၀** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ပြီး၂၀၁၀-၂၀၁၁ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ်အပေါ် **၅.၅**ရာခိုင်နှုန်းတိုးတက်ပါသည်။




၄၀၅။ မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၇၉၉၃၁.၇၇၃ | ၈၅၃၃၅.၀၁၆ |
| သာမန် | ၅၈၁၇၃.၉၇၁ | ၇၁၇၇၃.၅၅၅ |
| ငွေလုံးငွေရင်း | ၂၁၇၅၇.၈၀၂ | ၉၈၁၃.၈၆၉ |
| ကြွေးမြီ | | ၃၇၄၇.၅၉၂ |
| (ခ)သုံးငွေ | ၆၇၇၂၀.၄၁၁ | ၈၂၀၇၈.၈၆၅ |
| သာမန် | ၃၄၇၉၀.၀၂၃ | ၄၈၅၉၅.၇၂၇ |
| ငွေလုံးငွေရင်း | ၃၂၉၃၀.၃၈၈ | ၃၃၄၈၃.၁၃၈ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (+)၁၂၂၁၁.၃၆၂ | (+)၃၂၅၆.၁၅၁ |

## မွန်ပြည်နယ်




တည်နေရာ = မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ် နှင့်၁၇ဒီဂရီ၃၄ မိနစ်
အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ်
အကျယ်အဝန်း = ၄၇၄၇.၈-စတုရန်းမိုင်ပေါင်း ၃၀၃၈၅၆၄- ဧက
လူဦးရေ = ဦး ရေ - ၃၁၉၃(ထောင်ပေါင်း)
မြို့တော် = မော်လမြိုင်
ထူးခြားမှတ်သား = ကျိုက်ထီးရိုး
ခရိုင် = ၂ ခရိုင် (မော်လမြိုင်၊ သထုံ)
မြို့နယ် = ၁၀ မြို့နယ်
မြို့နယ်ခွဲ = ၂ ခု (ခေါဇာ၊ လမိုင်း)
အဓိကစီးပွားရေး= ကဏ္ဍများ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ
ဆက်စပ်ဒေသများ= အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊
အနောက်ဘက် တွင် မုတ္တမပင်လယ်ကွေ့၊
တောင်ဘက်တွင် တနင်္သာရီတိုင်း၊
မြောက်ဘက်တွင် ပဲခူးတိုင်း

၄၀၆။ **မြေအသုံးချမှုအခြေအနေ**။ အသားတင် စိုက်ပျိုးနိုင်သည့် မြေမှာ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၅၄၅၆၀၉ ဧက ရှိခဲ့ရာမှ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၅၃၅၇၄၆ ဧက ရှိခဲ့ပါသည်။ အသားတင် စိုက်ပျိုးနိုင်သည့်မြေ ၊ စိုက်ပျိုးနိုင်သောမြေရိုင်းများ လျော့နည်းခဲ့ပါသည်။

၄၀၇။ **လယ်ယာကဏ္ဍ**။ အဓိက ဦးဆောင်သောကဏ္ဍဖြစ်၍ ပါဝင်မှု အချိုးအစား အများဆုံး ဖြစ်ပါသည်။ မိုးစပါး စိုက်ဧက ( ၈၄၀၅၃၀ ) စိုက်ပျိုးရန် ရည်မှန်းထားပြီး ( ၇၈၄၈၅၆ ) ဧက စိုက်ပျိုးခဲ့ပါသည်။ မနောသုခ ၊ ပေါ်ဆန်းဘေးကြား ၊ ဆင်းသွယ်လတ် စပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက စုစုပေါင်း စိုက်ဧက၏ ၁၁.၀% တိုးတက်မှု ရှိသော်လည်း သီးနှံထွက်ရှိမှုမှာ လျော့နည်း ခဲ့ပါသည်။ အဓိကသီးနှံဖြစ်သော မိုးစပါးစိုက်ပျိုးချိန်တွင် ဆစ်ပိုး ကျရောက်ခြင်း၊ မြစ်ရေဝင် ဒေသများ ၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ကြောင့် အထွက်နှုန်း လျော့နည်းခဲ့ပါသည်။

၄၀၈။ ပြည်ပပို့ကုန်အတွက် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြက်ပေါင်စေး စိုက်ဧက သည် စုစုပေါင်းစိုက်ဧက၏ ၂၅.၃ ရာခိုင်နှုန်း ပါဝင်လျက်ရှိပြီး ရာဘာထုတ်လုပ်မှု တန်ဖိုးအနေဖြင့် လယ်ယာကဏ္ဍ၏ အသားတင်တန်ဖိုးပေါ်တွင် ၃၂.၁ ရာခိုင်နှုန်း၊ မွန်ပြည်နယ်၏စီးပွားရေးတွင် ၈.၆ ရာခိုင်နှုန်း ပါဝင်နေခြင်းကြောင့် ကြက်ပေါင်စေးသည် မွန်ပြည်နယ်၏ အဓိကသီးနှံအဖြစ် ရပ်တည် လျှက် ရှိပါသည်။ ရာဘာစိုက်ပျိုး ဧက ( ၄၇၀၀၆၆ ) ဧကအနက် အစေးလှီးနိုင်သည့် ဧကသည် ( ၂၉၃၄၂၃ )ဧက ဖြစ်သည့်အတွက် အစေးလှီး လုပ်သားပေါင်း ၁၅၀၀၀၀ ဦးခန့်ကို အလုပ် အကိုင် ဖန်တီး ပေးခဲ့ပါသည်။ ရာဘာစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်းများအပြင် စိုက်ပျိုးထားသော ရာဘာ စိုက်ဧကများ တွင် ရာသီဥတုဒဏ်၊ ပိုးမွှားရောဂါဒဏ် စသောအကြောင်းများကြောင့် ပျက်စီးသွားသော အပင်များနေရာ၌ ပြန်လည် အစားထိုး၊ ဖာထေး၊ စိုက်ပျိုးသွားခြင်း၊ ယခင် အထွက်ညံ့ မျိုးဟောင်းများကို ယခုလက်ရှိ အထွက်ကောင်း အဖူးကူး အပင်မျိုးများ ဖြစ်သော BPM-24၊ RRIC-100၊ PB-235၊ RRIM-717 တို့ဖြင့် ပြောင်းလဲစိုက်ပျိုးခဲ့ပါသည်။

၄၀၉။ လယ်ယာကဏ္ဍ သွင်းအားစုများအနေဖြင့် အိန္ဒိယအစိုးရအဖွဲ့မှ ထောက်ပံ့သော လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် ထွန်စက်ကြီး (၃၀)စီး၊ လက်တွန်းထွန်စက် (၂၀) စီး၊ ကောက်စိုက်စက် (၅) စီး ၊ ရိတ်သိမ်း ချွေလှေ့စက် (၂၀)စီး ၊ ကောက်ရိတ်စက် ( ၂၀ ) စီး၊ ခြွေစက် ( ၅ ) စီး၊ အခြောက်ခံစက် ( ၁ ) စီးတို့ကို စက်မှု လယ်ယာ ဦးစီးဌာနတွင် အပ်နှံထားပြီး ငှင်းမှတဆင့် တောင်သူများထံ ငှားရမ်း လုပ်ကိုင်စေခြင်းဖြင့် စက်စွမ်းအား ပြည့်ဆောင် ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ဓါတ်မြေသြဇာကို ပြည်နယ်အစိုးရအဖွဲ့မှ ကျပ်သိန်း (၅၀၀၀)ဖြင့် စိုက်ထုတ်ဝယ်ယူပြီး တောင်သူလယ်သမားများအား စိုက်ပျိုးချိန်အမီ ဖြန့်ဖြူး ရောင်းချပေးကာ သီးနှံပေါ်ချိန်ဖြစ်သော ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ တို့တွင် ပြန်လည်ပေးသွင်းစေခဲ့ပါ သည်။

၄၁၀။ **သားငါးကဏ္ဍ**။ ငါး၊ ပုဇွန် ထုတ်လုပ်မှုတွင် ပိဿာထောင်ပေါင်း ( ၁၆၆၀၄၇ ) ထုတ်လုပ်ရန် ရည်မှန်းထားပြီး ( ၁၇၂၉၈၈ ) ပိဿာ ထုတ်လုပ်ခဲ့ပါသည် ။ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက မွေးမြူရေးလုပ်ငန်းရှင်များ တွက်ခြေကိုက်မှု မရှိ၍ မွေးမြူမှု လျှော့နည်းပြီး ထုတ်လုပ်မှု လျှော့နည်းခဲ့ပါသည်။ ယခုနှစ်အတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလှေများ လုပ်ငန်းဆောင်ရွက်မှု လျော့နည်းလာသဖြင့် ငါးအထိအမိ လျော့နည်းခဲ့ ပါသည်။

၄၁၁။ **သစ်တောကဏ္ဍ**။ နိုင်ငံပိုင်အခန်းမှာ သစ်မာ ထုတ်လုပ်မှု တိုးတက်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင် အခန်းတွင် ပုံစံ (၈) သစ်များ လေလံတင်ရောင်းချခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင် များမှ

ကိုယ်ပိုင်ခြံတွင် သက်တမ်းရင့် ရာဘာပင်အိုများ ခုတ်လှဲမှုကြောင့် ရရှိလာသော ကိုင်းဖျား ကိုင်းနား ပိုမိုထွက်ရှိလာခြင်းနှင့် မီးသွေးနှင့် ဝါး ထုတ်လုပ်မှုများ ပိုမိုထွက်ရှိခဲ့ ခြင်း တို့ကြောင့် သစ်တောကဏ္ဍတွင် တိုးတက်ခဲ့ပါသည်။ ကြိုးဝိုင်းတော၊ ကြိုးပြင်တောတို့တွင် ရာဘာကျူးကျော် စိုက်ပျိုးသူ(၆၉၀၆)ဦး၊ ကျူးကျော် စိုက်ဧက (၄၆၄၁၂.၂၇) ဧကအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ကျူးစိုက်တောင်သူ (၁၈၅၀)ဦးအား တစ်ဦးလျှင် ကျပ် (၅၀၀၀) နှုန်းဒဏ်ကြေးဆောင်စေခဲ့ပြီး (၉၇၂၇.၆၇) ဧကစိုက်ပျိုးလုပ်ကိုင်ခွင့် ပေးခဲ့ပါ သည်။

၄၁၂။ **စက်မှုလက်မှုကဏ္ဍ။** နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကသို့ စနစ်တကျ လွှဲပြောင်း ပေးခြင်း နည်းလမ်းကို ကျင့်သုံး၍ နိုင်ငံပိုင်စက်ရုံ(၉)ခု ရှိသည့်အနက် ဘီလင်းအရက်ပျံစက်၊ စစ်တောင်း စက္ကူစက်နှင့် ဘီးလင်းသကြားစက်ရုံတို့ကို ပုဂ္ဂလိကသို့ လွှဲပြောင်း လုပ်ကိုင်ခဲ့ပါသည် ။ ကွန်ကရစ် ဇလီဖာတုံးစက်ရုံ၊ ရေကြောင်းပို့ဆောင်ရေးယာဉ် တည်ဆောက် ပြုပြင်ခြင်း လုပ်ငန်းများနှင့် အခြားအသေးစား ပုဂ္ဂလိက ထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုထုတ်လုပ်ခဲ့ပါသည်။ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ် ကျေးရွာအုပ်စု မော်လမြိုင် ဇာသပြင် ကားလမ်းဘေးတွင် မော်လမြိုင်စက်မှုဇုန်အား ဧရိယာ (၁၇၁.၀၄) ဧကတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စက်မှုဇုန် အပါအဝင် စက်မှုလက်မှု လုပ်ငန်းများ စာရင်းအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လုပ်မှု လုပ်ငန်းအုပ်စု (၁၀)မျိုး၊ လုပ်ငန်းကြီး(၁၂၁)ခု၊အလတ် (၂၂၉)ခုနှင့် လုပ်ငန်းငယ် (၁၈၂၁)ခု၊ စုစုပေါင်း(၂၁၇၁)ခုဖြင့် ဆောင်ရွက်ခဲ့ရာမှ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းကြီး ( ၁၂၇ ) ခု၊ အလတ် ( ၂၃၁) ခု နှင့် လုပ်ငန်းငယ် ( ၁၈၃၃ ) ခု၊ စုစုပေါင်း ( ၂၁၉၁ ) ခုဖြင့် ဆောင်ရွက်ခဲ့ပါသည် ။

၄၁၃။ **ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်း လမ်းနှင့် တံတားတည်ဆောက်ခြင်းတွင် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်း ပြုပြင်ခြင်း လုပ်ငန်းများ၊ မော်လမြိုင် မြို့ပတ်လမ်း ကတ္တရာလမ်း တိုးချဲ့ခြင်း၊ လမ်းတာဘောင်ဖို့ခြင်း၊ ကွန်ကရစ် တံတားများ တည်ဆောက်ခြင်း၊ မုဒုံ-မြဝတီလမ်းပေါ်ရှိ တံတားများ၊ သံကူ ကွန်ကရစ် တံတားများ အပြီးသတ် ဆောက်လုပ်ခြင်း အစရှိသော ဆောင်ရွက်ဆဲ လုပ်ငန်း ( ၁၇ ) ခုအတွက် ကျပ် ( ၅၃၄၁.၄ ) သန်းနှင့် မော်လမြိုင် တက္ကသိုလ်မှ အဆောက်အဦများ ဖြည့်စွက်ပြင်ဆင်ခြင်း လုပ်ငန်းကို ကျပ် ( ၅၁၃ ) သန်း တိုးချဲ့ ဆောက်လုပ်ပြုပြင်ခဲ့ပါသည်။

၄၁၄။ **ပို့ဆောင်ရေးကဏ္ဍ**။ ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကားလမ်းနှင့် တံတားများတိုးတက် ကောင်းမွန်လာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမို အားကောင်းလာပြီး ခရီးသည်နှင့် ကုန်စည်တင်ယာဉ်များ တိုးတက်ခဲ့ပါသည် ။ ပုဂ္ဂလိက ပို့ဆောင်ရေးတွင် မော်လမြိုင်မြို့နယ် အခြေပြု၍ ပြည်နယ်ကျော် မှန်လုံနှင့် ဟိုင်းလတ် (၄၀) လိုင်း၊ ပြည်နယ်တွင်း (၂၃) လိုင်း၊ မြို့တွင်း (၈)လိုင်းတို့ဖြင့် သယ်ယူပို့ဆောင် ပေးခဲ့ပါသည်။

၄၁၅။ **ငွေရေးကြေးရေးကဏ္ဍ**။ မော်လမြိုင်မြို့နှင့် မုဒုံမြို့တို့တွင် ပုဂ္ဂလိက မွှောဇဘဏ်ခွဲ (၂) ခု ထပ်မံ ဖွင့်လှစ်ခဲ့ပါသည်။

၄၁၆။ **ပညာရေး။** အထက်တန်းကျောင်း (၂) ကျောင်း၊ အထက်တန်းကျောင်းခွဲ (၁)ကျောင်း၊ အလယ်တန်းကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်းခွဲ (၂)ကျောင်း၊ မူလတန်း ကျောင်း (၃)ကျောင်း၊ မူလတန်းကျောင်းခွဲ (၂)ကျောင်း၊ စာကြည့်တိုက် (၉)ခု၊ မူလတန်း(၇) ကျောင်း၊ အလယ်တန်း (၁)ကျောင်း တိုးမြှင့် ဖွင့်လှစ်ခဲ့ပါသည်။ အခြေခံပညာကျောင်း (၂၈) ကျောင်း အား ပုဂ္ဂလိက ကုမ္ပဏီ များအား ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။ ထို့အပြင် ပြည်နယ် အစိုးရ အဖွဲ့က တာဝန်ယူပြီး အခြေခံပညာ ကျောင်း(၄၄)ကျောင်းကို ဘီလင်းမြို့နယ်တွင် (၅) ကျောင်း၊ မော်လမြိုင် မြို့နယ်တွင် (၇) ကျောင်း၊ မုဒုံမြို့နယ်တွင် (၄) ကျောင်း၊ ချောင်းဆုံ မြို့နယ်တွင် (၆) ကျောင်း၊ သထုံမြို့နယ်တွင် (၈) ကျောင်း၊ ပေါင်မြို့နယ်တွင် (၅) ကျောင်း၊ ကျိုက်မရောမြို့နယ်တွင် (၄) ကျောင်း၊ ရေးမြို့နယ်တွင် (၅) ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။ အဆင်မြင့် ပညာကဏ္ဍ အနေဖြင့် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် ( ၁ ) ကျောင်း၊ နည်းပညာ တက္ကသိုလ် (၁) ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် (၁) ကျောင်း၊ စိုက်ပျိုးရေး သိပ္ပံသင်တန်း ကျောင်း (၁) ကျောင်း ဖွင့်လှစ်ကာ ပညာသင်ကြားပေးခဲ့ပါသည် ။

၄၁၇။ **ကျန်းမာရေး။** တိုက်နယ်ဆေးရုံ (၂၂) ခု၊ ဒေသန္တရ ကျန်းမာရေးဌာန (၃) ခု၊ ကျေးလက် ကျန်းမာရေးဌာန (၆၄) ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန (၁၅)ခု၊ ကျောင်း ကျန်းမာရေးဌာန (၄)ခု၊ ပုဂ္ဂလိကဆေးရုံ (၈) ခုတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ပါသည်။ ကျန်းမာရေးဦးစီးဌာနမှ ချောင်းဆုံမြို့နယ် တိုင်းရင်းဆေးကု ခန်းနှင့် ပြည်နယ်ကျန်းမာရေးမှူးရုံး ပြုပြင်ရန်အတွက် ကျပ်( ၆.၀ ) သန်းကို ကျခံဆောင်ရွက်ခဲ့ပါသည်။


၄၁၈။ **ခရီးသွားကဏ္ဍ။** ပြည်တွင်း ပုဂ္ဂလိကပိုင် ဟိုတယ်(၁၇) လုံး၊ ဧည့်ရိပ်သာ (၂)လုံး၊ တည်းခိုရိပ်သာ (၁၀၆)လုံး၊ အခန်းဦးရေ (၅၁၉) ခန်းရှိပြီး နှစ်စဉ် နိုင်ငံခြားသား ခရီးသည်ဦးရေ (၆၀၀၀၀) ခန့် လာရောက် လည်ပတ်လျက် ရှိပါသည်။

၄၁၉။ **ကျေးရွာမီးလင်းရေး။** မွန်ပြည်နယ်တွင် ကျေးရွာပေါင်း ( ၁၂၃၃) ရွာရှိသည့် အနက် ဓါတ်အားစနစ်နှင့် ကျေးရွာပေါင်း ( ၆၇၈ ) ရွာ၊ အသေးစား၊ ဒီဇယ်၊ ဆိုလာ စသည့် နည်းဖြင့် ကျေးရွာပေါင်း ( ၂၉၀) ရွာ မီးလင်းခဲ့ပါသည်။ မီးလင်းပြီး ရာခိုင်နှုန်းမှာ (၇၈.၆) ရာခိုင်နှုန်း ဖြစ်ပါသည်။

၄၂၀။ **သောက်သုံးရေရရှိရေး။** ကျေးလက်ရေပေးရေးလုပ်ငန်း အနေဖြင့် မွန်ပြည်နယ် အတွင်းရှိ ကျေးရွာပေါင်း (၁၃)ရွာ၊ အိမ်ခြေ (၈၅၁၀)၊ လူဦးရေ (၄၆၇၄၄) ကို အကျိုးပြုသော တွင်းနက်(၁)တွင်း၊ ရေကန် (၄) ကန်၊ လက်တူးတွင်းအဆင့်မြှင့်တင်ခြင်း (၅)တွင်း၊ အခြား (၄)တွင်း၊ စုစုပေါင်း (၁၄) တွင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄၂၁။ **အမျိုးသား ပြန်လည်ပေါင်းစည်းညီညွတ်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ကာကွယ်ရေး။** မွန်ပြည်နယ်အတွင်း အမျိုးသားပြန်လည် ပေါင်းစည်းညီညွတ်ရေးအတွက် မွန်ပြည် သစ်ပါတီ၊ ဟောင်သရော ငြိမ်းချမ်းရေးပါတီနှင့် ငြိမ်းချမ်းရေးအဖွဲ့တို့မှ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြပြီး မော်လမြိုင်၊ ကျိုက်မရော၊ သံဖြူဇရပ်နှင့် ရေးမြို့နယ် များ တွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့နှင့် လက်တွဲပြီး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သထုံခရိုင် အတွင်းရှိ ကရင်ပြည်နယ်နယ်စပ်များနှင့် တပ်မဟာ(၁)နှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် သထုံမြို့နယ်၊ နောင်ဘိုကျေးရွာတွင် ဆက်ဆံရေးရုံးကို ဖွင့်လှစ်ပြီး နယ်မြေတည်ငြိမ် အေးချမ်းရေး၊ ဒေသခံ ပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ အဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ ပါသည်။

၄၂၂။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** မွန်ပြည်နယ်၏ အသားတင် ထုတ် လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၂၁၄၀၃၂၂.၉** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်တန်ဖိုး **၂၁၁၂၆၉၆.၆ သန်း** အပေါ် **၁၀၁.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ ပါသည်။ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ်အပေါ် **၆.၉** ရာခိုင်နှုန်း တိုးတက် ဖြစ်ပေါ်ခဲ့ပါသည်။




၄၂၃။ မွန်ပြည်နယ်၏ ပြည်နယ်ဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေ နှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၁၂၄၈၃.၀၅၅ | ၂၆၂၈၀.၁၆၃ |
| သာမန် | ၁၂၄၂၉.၆၃၈ | ၂၆၂၇၅.၇၈၇ |
| ငွေလုံးငွေရင်း | ၅၃.၄၁၇ | ၄.၃၇၆ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၁၂၃၁၅.၉၈၅ | ၂၄၄၇၃.၀၅၅ |
| သာမန် | ၉၅၇၉.၅၀၁ | ၁၉၃၂၆.၉၁၈ |
| ငွေလုံးငွေရင်း | ၂၇၃၆.၄၈၄ | ၅၁၄၆.၁၃၇ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (+)၁၆၇.၀၇၀ | (+)၁၈၀၇.၁၀၈ |

## ရခိုင်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၀ မိနစ်မှ ၁၇ဒီဂရီ ၃၀ မိနစ်အတွင်း အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်မှ ၉၃ ဒီဂရီ ၅၀ မိနစ် အတွင်းတည်ရှိ ပါသည်။ |
| အကျယ်အဝန်း | = | ၁၄၂၀၀.၀၈စတုရန်းကီလို မီတာ |
| လူဦးရေ | = | ဦးရေ(ထောင်ပေါင်း) ၃၃၇၀ |
| မြို့တော် | = | စစ်တွေ |
| ထူးခြားသောဒေသ | = | ငပလီကမ်းခြေ၊ ကျောက်တော် မဟာမြတ်မုနိဘုရား၊ မြောက်ဦးရှေးဟောင်းယဉ် ကျေးမှုနယ်မြေ |
| ခရိုင် | = | ( ၅ ) ခရိုင် |
| မြို့နယ် | = | ( ၁၇ ) |
| အဓိကစီးပွားရေး ကဏ္ဍ | = | လယ်ယာ၊သားငါး၊ ပို့ဆောင်ရေး |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ပဲခူးတိုင်း၊ မကွေးတိုင်း၊ တောင်ဘက်တွင် ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ချင်း ပြည်နယ် |

၄၂၄။ **မြေအသုံးချမှုအခြေအနေ။** ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အသားတင် စိုက်ပျိုးနိုင်သည့် မြေ ၁၂၅၁၂၂၇ ဧက ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၁၂၂၇၃၇၁ ဧကသာ စိုက်ပျိုးနိုင်ခဲ့ ပါသည်။ ပလပ်ထားသည့် မြေမှာ ၅၆၂၂၉ ဧကရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၆၉၆၅၉ ဧက ရှိခဲ့ပါသည်။ စိုက်ပျိုးနိုင်သော မြေရိုင်းမှာ ၂၆၂၆၅၉ ဧကရှိပါသည်။

၄၂၅။ **လယ်ယာကဏ္ဍ။** စပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများမှာ ပြည်နယ်၏ အဓိကသီးနှံများ ဖြစ်ပြီး မိုးစပါး ၁၁၂၅၈၉၃ ဧက စိုက်ပျိုးရန် ရည်မှန်းထားခဲ့ရာ ၁၁၁၆၀၁၈ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၉၈၇၅ ဧက လျော့နည်းခဲ့ပါသည်။ ပဲအမျိုးမျိုး ၁၆၀၈၉၉ ဧက စိုက်ပျိုးရန် ရည်မှန်းခဲ့ရာ ၁၁၆၀၁၀ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် စိုက်ဧက ၄၄၈၈၉ လျော့နည်း ခဲ့ပါသည်။ ဆီထွက်သီးနှံ ၁၉၃၉၁၃ ဧက စိုက်ပျိုးရန် ရည်မှန်းထားခဲ့ရာ ၁၅၇၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၃၆၅၄၉ ဧက လျော့နည်းခဲ့ပါသည်။ လယ်ယာကဏ္ဍအနေဖြင့် ထိုသို့ စိုက်ဧကများ လျော့နည်းရာတွင် ၂၀၁၂ ခုနှစ်၊ ဇွန်လနှင့်အောက်တိုဘာ လတို့တွင် ဖြစ်ပွား ခဲ့သော ဆူပူအကြမ်းဖက်မှုများကြောင့် မောင်တောခရိုင်နှင့် စစ်တွေခရိုင်များတွင် မိုးစပါး ၉၉၃၀ ဧကနှင့် ဆောင်းသီးနှံ ၇၇၇၈ ဧကများပါဝင်ပါသည်။ စုစုပေါင်း သီးနှံစိုက်ဧက ၁၉၇၄၂၁၁ စိုက်ပျိုးရန်ရည်မှန်းခဲ့ရာ အမှန်စိုက်ဧက ၁၇၅၅၉၉၄ ရှိခဲ့သဖြင့် ရည်မှန်းချက် အပေါ်တွင် ၈၈.၉ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ သီးနှံအလိုက် အထွက် ကောင်းမျိုးများပြောင်းလဲ စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်စေ့များ ထုတ်လုပ် ဖြန့်ဖြူးခြင်း၊ သွင်းအားစုများ ပံ့ပိုးပေး ခြင်းများ ပြုလုပ်ခဲ့သော်လည်း စိုက်ဧကများလျော့နည်းမှုကြောင့် သီးနှံအထွက်များ လျော့နည်း ခဲ့ပါသည်။

၄၂၆။ **သားငါးကဏ္ဍ။** အသားထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်း မျိုးသန့် များဖြန့်ဖြူးပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ကုသပေးခြင်း၊ ငါးပုစွန် ထုတ်လုပ်မှုတွင် နည်းပညာများ ကူညီပံ့ပိုးပေးခြင်း၊ သားပေါက်များ ဖြန့်ဖြူးပေးခြင်း များကြောင့် အသားထုတ်လုပ်မှု အနေဖြင့် ပိဿာ(ထောင်ပေါင်း) ၅၉၉၇၆ ရည်မှန်းခဲ့ရာ ရည်မှန်းချက် အပေါ် ၁၀၀.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဥထုတ်လုပ်မှု အနေဖြင့် လုံးရေ (ထောင်ပေါင်း) ၃၄၉၇၃၅ ထုတ်လုပ်ရန် ရည်မှန်းခဲ့ရာ ရည်မှန်းချက်အပေါ် ၁၀၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ငါးပုစွန်ထုတ်လုပ်မှုတွင် စုစုပေါင်း ပိဿာ ၁၆၀၄၈၀ ထုတ်လုပ်ရန် ရည်မှန်းခဲ့ရာ ရည်မှန်းချက်အပေါ် ၁၀၁.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် သားငါးကဏ္ဍအနေဖြင့် ရည်မှန်းချက်ပြည့်မီ ကျော်လွန် အောင် ဆောင်ရွက်ခဲ့ပါသည်။

၄၂၇။ **စက်မှုလက်မှုကဏ္ဍ။** နိုင်ငံပိုင်စက်မှုလုပ်ငန်းအနေဖြင့် သစ်စက်(၃)ခု၊ သစ်ပါး လွှာစက် (၁)ခု၊ ငါးစည်သွပ်စက်ရုံ (၁) ခုသာရှိပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် စက်မှုကြီး ကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသော စားသောက်ကုန်၊ အိမ်သုံးကုန်၊ အထွေထွေ စက်မှု လက်မှုလုပ်ငန်းများ အစရှိသည်ဖြင့် စက်မှုလုပ်ငန်းများ ဖြစ်သော

အကြီးစားစက်မှု လုပ်ငန်း (၅၉၆)ခု၊ အလတ်စား စက်မှုလုပ်ငန်း (၇၁၄) ခုနှင့် အသေးစား စက်မှုလုပ်ငန်း(၆၃၅၆) ခု၊ စုစုပေါင်း (၇၆၆၆) ခုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄၂၈။ **လျှပ်စစ်ဓါတ်အားကဏ္ဍ။** ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းချောင်းရေအားလျှပ်စစ် စီမံကိန်းများဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကျောက်ဖြူ အထူးစီးပွားရေးဇုန် Master Plan နှင့်ပတ်သက်၍ ဥသျှစ်ပင်-တောင်ကုတ်-ကျောက်ဖြူ ၂၃ဝ ကေဗွီ ဓါတ်အားလိုင်း (၁၄၆) မိုင် တည်ဆောက် ခဲ့ပါသည်။ ကျေးလက်မီးလင်းရေး လုပ်ငန်းစဉ်များအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်မီးလင်းရေး လုပ်ငန်းများကို မြို့နယ် (၂) မြို့နယ်၊ ကျေးရွာ ( ၄ ) ရွာတွင် အိမ်ခြေ ပေါင်း (၉၆၈) အိမ်အတွက် ဆိုလာမီးတပ်ဆင်ခြင်း လုပ်ငန်းအား ခွင့်ပြုရန်ပုံငွေ ကျပ် (၁၉၃.၆) သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄၂၉။ **ပို့ဆောင်ရေးကဏ္ဍ။** ရခိုင်ပြည်နယ်တွင် ကုန်းလမ်းပို့ဆောင်ရေး၊ ရေလမ်း ပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးများ ရှိပါသည်။ နိုင်ငံပိုင်ပို့ဆောင်ရေးကဏ္ဍအနေဖြင့် မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာ့လေကြောင်း ပို့ဆောင်ရေး လုပ်ငန်းများသည် ၂၀၁၂ ခုနှစ်၊ ဒေသတွင်းဆူပူအကြမ်းဖက်မှု များကြောင့် ရည်မှန်းချက် အပေါ် အနည်းငယ်လျော့နည်းအကောင် အထည်ဖေါ်နိုင်ခဲ့သော်လည်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် ရည်မှန်းချက် အပေါ် များစွာကျော်လွန် အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍ ပို့ဆောင်ရေးအနေဖြင့် လေကြောင်းတွင် Air Bagan, Air Mandalay, Air KBZ တို့မှဒေသတွင်းပြေးဆွဲလျှက်ရှိခြင်း၊ ရေကြောင်းတွင် ကမ်းရိုးတန်းသွားအမြန်ယာဉ်များဖြစ်သည့် မလိခ၊ ရွှေပြည်တန်၊ ရွှေနဒီ စသည့် ရေယာဉ်များမှ ဒေသတွင်း ခရီးစဉ်များ တိုးချဲ့ ပြေးဆွဲလာခြင်း၊ ကုန်းလမ်းခရီးစဉ်တွင်လည်း စစ်တွေ-ရန်ကုန်၊ စစ်တွေ-မန္တလေး၊ တောင်ကုတ်-မန္တလေး၊ တောင်ကုတ်-ပြည်၊ တောင်ကုတ်-ရန်ကုန် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲလာခြင်း၊ ခေတ်မီယာဉ်သစ်များဖြင့် အစားထိုးပြေးဆွဲလာခြင်း၊ အဓိက ဆက်သွယ်ရေးလမ်းများ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့်ပုဂ္ဂလိက ကဏ္ဍသည် ရည်မှန်းချက်အပေါ် ရာခိုင်နှုန်းပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄၃၀။ **ပညာရေးကဏ္ဍ။** ရခိုင်ပြည်နယ်တွင် စစ်တွေတက္ကသိုလ် (၁)ခု၊ နည်းပညာတက္ကသိုလ် (စစ်တွေ) (၁)ခု၊ကွန်ပျူတာတက္ကသိုလ် (၁)ခု၊ ကျောက်ဖြူပညာရေး ကောလိပ်၊ တောင်ကုတ် ကောလိပ် တို့ဖွင့်လှစ်ထားရှိပြီး အခြေခံပညာအဆင့်တွင် မူလတန်းကျောင်း (၂၄၇၆)ကျောင်း၊

ဘုန်းတော်ကြီးသင် မူလတန်းကျောင်း (၆၃) ကျောင်း၊ အလယ်တန်းကျောင်း (၁၄၁)ကျောင်း၊ အထက်တန်းကျောင်း (၁၄၂) ကျောင်းတို့ကို ဖွင့်လှစ် ထားရှိပြီး ပညာသင်ကြားလျက်ရှိပါသည်။

၄၃၁။ **ကျန်းမာရေးကဏ္ဍ။** ရခိုင်ပြည်နယ်တွင် ဆေးရုံ (၄၉)ရုံ၊ အမှတ် (၂) တပ်မတော် စစ်ဆေးရုံ(အမ်း)၊ အမှတ် (၁၇) တပ်မတော်စစ်ဆေးရုံ (စစ်တွေ)၊ တိုင်းရင်း ဆေးရုံ (၁)ရုံ၊ တိုက်နယ် ဆေးရုံ (၃၂) ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၁၀၄)၊ ကျေးလက် ကျန်းမာရေးဌာနခွဲ (၄၆၄) ဒေသန္တရ ကျန်းမာရေးဌာနနှင့် ပုဂ္ဂလိကဆေးရုံ (၂) ရုံတို့ ဖွင့်လှစ် ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်ပေးလျက် ရှိနေပါသည်။

၄၃၂။ **ရခိုင်ကမ်းလွန်ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ကွက်။** ထွက်ရှိသော ရေနံနှင့် သဘာဝ ဓါတ်ငွေ့များကို ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ကူမင်းမြို့အထိ ပိုက်လိုင်း သွယ်တန်းရေးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ တည်ဆောက်ခဲ့ရာ Gas ပိုက်လိုင်း သည် ၂၀၁၃ ခုနှစ်၊ ဧပြီလတွင် ပြီးစီးခဲ့ပါသည်။


၄၃၃။ **ကျောက်ဖြူရေနက်ဆိပ်ကမ်း။** ရေနက်ဆိပ်ကမ်းကို ကျောက်ဖြူမြို့မဒဲကျွန်းတွင် တည်ဆောက်လျက်ရှိပါသည်။ ယင်းစီမံကိန်းတွင်ပါဝင်သည့် Work-boat Whart နှင့် ဆက်စပ် အဆောက်အအုံများ တည်ဆောက်ခြင်းအား ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ South East Asia Pipeline Companyနှင့်CNPC မှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ Work-boat Whart နှင့် ဆက်စပ် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ပါသည်။

၄၃၄။ **ကျောက်ဖြူအထူးစီးပွားရေးဇုန်။** "Special Economic Zone" တည်ဆောက်ရေး အတွက် လုံလောက်သောအကျယ်အဝန်းရှိသည့် လေယာဉ်ကွင်းတစ်ခု တည်ဆောက်နိုင်မည့် အနေအထား၊ Coast Tourism လုပ်နိုင်မည့်အနေအထား၊SIA / EIA / HIA အနေအထား တို့ကို ဂျပန်နိုင်ငံ၊ Nippon Koei ကုမ္ပဏီနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ပကတိမြေပြင် အနေအထားကို ကွင်းဆင်းကြည့်ရှု လေ့လာခဲ့ပါသည်။

၄၃၅။ **ရခိုင်ပြည်နယ်တွင်** ၂၀၁၂ ခုနှစ်၊ ဇွန်လနှင့် အောက်တိုဘာလ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု၊ ဘာသာရေးအဆောက်အအုံများ ပျက်စီး ဆုံးရှုံးမှု၊ နိုင်ငံပိုင်အဆောက် အအုံများပျက်စီးဆုံးရှုံးမှုများနှင့် ဘေးအန္တရာယ် ကျရောက် ခံစားခဲ့ရသည့် ဒုက္ခသည်များရှိခဲ့ပါသည်။ ဒုက္ခသည်များအား ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင် ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ရာတွင် ရွက်ဖျင်တဲ လိုအပ်ချက်များ အား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် UNHCR မှ လည်းကောင်း၊ စားနပ်ရိက္ခာလိုအပ်ချက်များအား နိုင်ငံတော်အစိုးရ၊ WFP နှင့်အလှူရှင်များမှလည်းကောင်း၊

အစားအစာမပဟုတ်သော ကယ်ဆယ်ရေးပစ္စည်းများအား UNHCR နှင့်အလှူရှင် များမှလည်းကောင်း၊ ယာယီတဲတန်းလျားများအား နိုင်ငံတော်အစိုးရ INGOsနှင့် အလှူရှင်များမှလည်းကောင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန၊ UNICEF, MRCS, MSF, AZG အဖွဲ့များမှ လည်းကောင်း၊ ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာနနှင့် CDN, Solidairty အဖွဲ့များမှလည်းကောင်း တာဝန်ယူဆောင်ရွက်ပေးခဲ့ပါသည်။

၄၃၆။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** ရခိုင်ပြည်နယ်၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ဧပြီလ မှ မတ်လ) နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၈၆၄၄၈၄.၇ သန်း ဖြစ်ပေါ်ခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်တန်ဖိုး ကျပ် ၁၉၁၁၂၆၃.၇ သန်း အပေါ် ၉၇.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများ အရ ယခင်နှစ်အပေါ် ၃.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။



၄၃၇။ ရခိုင်ပြည်နယ်၏ဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊သုံးငွေနှင့် လုပ်ငန်း အကောင် အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂<br>ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃<br>မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၂၅၀၂၂.၃၈၉ | ၆၅၁၅၃.၈၄၇ |
| သာမန် | ၂၅၀၂၂.၃၈၉ | ၆၅၁၅၃.၇၇၆ |
| ငွေလုံးငွေရင်း | | ၀.၀၇၁ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၃၄၆၃၀.၆၈၃ | ၆၃၉၅၅.၂၅၈ |
| သာမန် | ၃၃၁၈၉.၃၃၄ | ၆၀၁၆၇.၁၅၆ |
| ငွေလုံးငွေရင်း | ၁၄၄၁.၃၄၉ | ၃၇၈၈.၁၀၂ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၉၆၀၈.၂၉၄ | (+)၁၁၉၈.၅၈၉ |

## ရန်ကုန်တိုင်းဒေသကြီး




တည်နေရာ = မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၅မိနစ်မှ၁၇ဒီဂရီ၅၀မိနစ်ကြား၊ အရှေ့လောင် ဂျီတွဒ် ၉၅ ဒီဂရီ ၄၂မိနစ်မှ၉၆ဒီဂရီ၄၆ မိနစ်ကြား။

အကျယ်အဝန်း = ၃၉၆၇.၈၆ စတုရန်းမိုင်

လူဦးရေ = ဦးရေ - ၇၁၇၀(ထောင်ပေါင်း)

မြို့တော် = ရန်ကုန်မြို့

ထူးခြားအမှတ်အသား = ရွှေတိဂုံဘုရား

ခရိုင် = (၄)ခရိုင် (အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊တောင်ပိုင်းခရိုင်၊ မြောက်ပိုင်း ခရိုင်)

မြို့နယ် = (၄၅) မြို့နယ်

အဓိကစီးပွားရေးကဏ္ဍ = သားငါး၊ စက်မှု လက်မှု၊ ပို့ဆောင်ရေး

ဆက်စပ်သောဒေသများ = အရှေ့ဘက်နှင့်မြောက်ဘက် - ပဲခူးတိုင်း ဒေသကြီး အနောက်ဘက်-ဧရာဝတီတိုင်း ဒေသကြီး တောင်ဘက်- မုတ္တမပင်လယ်ကွေ့

၄၃၈။ **မြေအသုံးချမှု**။စိုက်ပျိုးနိုင်သော မြေရိုင်းများ ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် (၇၉) ဧကလျော့နည်းသွားပြီး အသားတင် စိုက်ပျိုးနိုင်သည့်မြေမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် (၃၅၅) ဧက တိုးလာပါသည်။

၄၃၉။ **လယ်ယာကဏ္ဍ**။ မိုးစပါး ၁၁၉၈၇၃၉ ဧက နှင့် နွေစပါး ၁၈၆၂၃၁ ဧက စိုက်ပျိုးရန် ရည်မှန်းထားရာ စီမံကိန်းကာလအတွင်း မိုးစပါး ၁၁၉၈၇၄၁ ဧကနှင့် နွေစပါး ၁၈၆၃၁၁ ဧကစိုက်ပျိုးနိုင်ခဲ့သော်လည်း အမှန်ရိတ်သိမ်းနိုင်သည့်ဧကမှာ မိုးစပါး ၁၁၉၃၄၂၃ ဧကနှင့် နွေစပါး ၁၇၆၅၈၃ ဧက ရှိပြီး မိုးစပါး ၅၃၁၈ ဧကနှင့် နွေစပါး ၉၇၂၈ ဧက ပျက်စီးခဲ့ပါသည်။ စိုက်ပျိုးရာသီအတွင်း ရွာသွန်းခဲ့သည့်မိုးကြောင့် မိုးစပါး စိုက်ဧကများ ရေကြီး နစ်မြုပ်ခဲ့ခြင်း၊

ရေကျပြီးချိန်မှ မိုးစပါးများ ပြန်လည်စိုက်ပျိုးခဲ့ရခြင်း၊ မိုးစပါး အထွက်များ လျော့နည်းခြင်းနှင့် နွေစပါး စိုက်ပျိုးချိန် နောက်ကျခဲ့သဖြင့် ဧက အနည်းငယ် သာ ရိတ်သိမ်းနိုင်ခဲ့ခြင်း တို့ကြောင့် နွေစပါး အထွက်များလည်း လျော့နည်း ခဲ့ပါသည်။ မတ်ပဲနှင့် ပဲတီစိမ်းတွင် ၄၈၈၅၃ ဧကနှင့် ၃၆၀၇၇၅ ဧက ရည်မှန်းထားရာ မတ်ပဲတွင် ၄၉၉၈၉ ဧက၊ ပဲတီစိမ်းတွင် ၃၆၃၀၄၇ ဧက တိုး၍ စိုက်ပျိုးနိုင်ခဲ့ပါသည်။ လက်မှု လယ်ယာ စနစ်မှ စက်မှုလယ်ယာ စနစ်သို့ ကူးပြောင်းနိုင်ရေး အတွက် ဒဂုံမြို့သစ်မြို့နယ် စက်မှု လယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်ရှိ လယ်မြေများ ကျောက်တန်း၊ သုံးခွမြို့နယ် လယ်ယာ မြေများတွင် ဆောင်ရွက်ခဲ့ပါသည်။ ဒဂုံမြို့သစ် မြို့နယ် ခေတ်မီ စက်မှုလယ်ယာ စံပြ စိုက်ပျိုးရေး အထူးဇုန်တွင် ကုမ္ပဏီ အဖွဲ့အစည်းများမှ လည်းကောင်း၊ ပုလဲသွယ် စပ်မျိုးစပါး စိုက်ပျိုးရာတွင် မြင့်ဇေယျာ ကုမ္ပဏီနှင့် ပင်လယ် ကိုးသွယ် ကုမ္ပဏီတို့မှ လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၄၄၀။ **သားငါးကဏ္ဍ။** အသားထုတ်လုပ်မှု ပိဿာသန်းပေါင်း ၁၃၃. ၁၆၈ ရည်မှန်းထားရာ ပိဿာသန်းပေါင်း ၁၃၂.၈၄၁ သာ ထွက်ရှိခဲ့ပြီး ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ထုတ်လုပ်မှုတွင် လုံးရေ သန်းပေါင်း ၁၁၂၃.၉၃၂ ရည်မှန်းထားရာ ၁၁၁၃.၆၆၆ သာ ထွက်ရှိခဲ့ပါသည်။ ငါးပုစွန် ထုတ်လုပ်မှုတွင် ရေချိုငါး ထုတ်လုပ်မှု ပိဿာ၂၁၃.၁၄ သန်း ရည်မှန်းထားရာ ပိဿာ ၂၁၆.၁၁၅ သန်း ထွက်ရှိခဲ့ပါသည်။ မွေးမြူရေးငါး ထုတ်လုပ်မှု ပိဿာ ၁၆၆.၂၃၂ သန်း ရည်မှန်းထားရာ ၁၆၈.၃၄၅ ထွက်ရှိခဲ့ပါသည်။ မွေးမြူရေးပုစွန် ထုတ်လုပ်မှု ပိဿာ ၁၀.၀၈၃ သန်း ရည်မှန်းထားရာ ပိဿာ ၁၀.၂ သန်း ထွက်ရှိခဲ့ပါသည်။ ရေငန်ငါး ထုတ်လုပ်မှု ပိဿာ ၄၀.၇၃၅ သန်း ရည်မှန်းထားရာ ပိဿာ ၄၁.၃ သန်း ထွက်ရှိခဲ့ပါသည်။ ရေငန်ပုစွန် ထုတ်လုပ်မှု ပိဿာ ၇.၈၆၂ သန်း ရည်မှန်းထားရာ ပိဿာ ၇.၉၉၉ သန်း ထွက်ရှိခဲ့ပါသည်။ မရမ်းခွဲဘာ ပုစွန်တိုးချဲ့ မွေးမြူထုတ်လုပ်ရေး၊ လှည်းကူး၊ တိုက်ကြီး၊ ကော့မှူး မြို့နယ် များတွင် နို့စားနွား မွေးမြူရေး လုပ်ငန်းနှင့် ဝက်မွေးမြူရေး လုပ်ငန်း၊ မှော်ဘီမြို့နယ် တွင် ဥစားကြက်မွေးမြူရေးလုပ်ငန်း၊ သန်လျင်၊ ခရမ်း၊ တွံတေး မြို့နယ်တွင် အသားစား ကြက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၄၄၁။ **စွမ်းအင်ကဏ္ဍ။** မူလစီမံကိန်း ရည်မှန်းချက်၌ မပါဝင်သော်လည်း အဖျောက် သဘာဝဓါတ်ငွေ့ တွင်းသစ်များမှ သဘာဝ ဓါတ်ငွေ့ ကုဗပေ (၀.၂၀၈) သန်း နှင့် ဖူးသွင်း သဘာဝဓါတ်ငွေ့ ကုဗပေ (၅၁)သန်း ထွက်ရှိခဲ့ပါသည်။

၄၄၂။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** မြေနီမြေနက် ၄၈,၄၀၀ ကျင်း ထုတ်လုပ်ရန် လျာထားရာ ၈၂၇၀ ကျင်းသာ ထွက်ရှိခဲ့ပါသည်။ သမဝါယမပိုင်အခန်းတွင် ဂရက်နိုက် အလှဆင်ကျောက်အုတ် ၂၆ တန် ထုတ်ရန် ရည်မှန်းထားရာ ထုတ်လုပ်နိုင်ခြင်း မရှိဘဲ ပုဂ္ဂလိကပိုင်အခန်းမှ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ သံမဏိတုံး ၁၆၀၀၀ မက်ထရစ်တန် ထုတ်လုပ်ရန် လျာထားခဲ့ရာ ၈၈၆၅.၃ တန်သာ ထွက်ရှိခဲ့ပါသည်။

၄၄၃။ **စက်မှုလက်မှုကဏ္ဍ**။ မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း၌ ၁၇၂၅ စီး ရည်မှန်းထားရာ ၁၁၆၅ စီးသာ ထုတ်လုပ်နိုင်ခဲ့သည်။ အမှတ် (၂) အသေးစား စက်မှုလက်မှု လုပ်ငန်း၌ LED မီးလုံး ထုတ်လုပ်မှုကို လုံးရေ ၁.၉ သန်းထုတ်လုပ်ရန် ရည်မှန်းခဲ့ရာ ၀.၆ သန်းသာ ထုတ်လုပ်နိုင်ခဲ့သည်။ သို့ရာတွင် အမိုးပြား၊ အချိုရည်ဆိုဒါ၊ ပီဗွီစီ ပိုက်အမာ၊ သောက်ရေသန့်၊ ကျွန်းခွဲသား၊ သစ်မာခွဲသား၊ သစ်ပါးလွှာ၊ ကြမ်းခင်းတုံးလတ်၊ သဘော်ဆေး အမျိုးမျိုး၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အဆက်တလင်း ဓာတ်ငွေ့ တို့တွင် ယခင်ထက် ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ သီလဝါ အထူး စီးပွားရေး ဇုန်(SEZ) တွင် လုပ်ငန်းများစတင် ဆောင်ရွက်ခဲ့ပါသည်။

၄၄၄။ **လျှပ်စစ်ဓာတ်အားကဏ္ဍ**။ သာကေတ ဓာတ်အား ပေးစက်ရုံ၊ ၂၃၀/၆၆/၁၁ကေဗွီ၊ ၁၀၀ အမ်ဗွီအေ အရှေ့ဒဂုံ ဓာတ်အားခွဲရုံ၊ လှော်ကားဓာတ်အားခွဲရုံ၊ သန်လျင် ဓာတ်အားခွဲရုံ၊ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မြောင်းတကာ ဓာတ်အားခွဲရုံ၊ ၂၃၀ကေဗွီ မြောင်းတကာ-လှော်ကား ဓာတ်အားလိုင်း၊ လှိုင်သာယာ ဓာတ်အား ခွဲရုံတိုးချဲ့ခြင်း၊ အလုံ ဓာတ်အားခွဲရုံ၊ ၂၃၀ ကေဗွီ သာကေတ (သန်လျင်) - အရှေ့ဒဂုံ လိုင်း (၁၀) မိုင် နှင့် ခွဲရုံ များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတ တို့တွင် သဘာဝဓာတ်ငွေ့အား၊ ရေနွေးငွေ့အား တို့ဖြင့် ပုဂ္ဂလိက ကုမ္ပဏီများမှ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျှက် ရှိပါသည်။ စုစုပေါင်း ကျေးရွာ(၂၁၂၈)ရွာ ရှိသည့်အနက် ရွာ(၄၅၀)ကျော်ခန့် မီးလင်းပြီးဖြစ်သဖြင့် ကျေးရွာ အလိုက် (၂၁.၅%) မီးလင်းပြီးဖြစ်ပါသည်။ Electronic Digital Meter မီတာများတပ်ဆင်ခြင်းလုပ်ငန်းကိုပထမအဆင့်နေဖြင့် ဝန်အားအသုံးများသည့် ရေခဲစက်နှင့် အအေးခန်း စက်ရုံများရှိ လှိုင်နှင့် လှိုင်သာယာ မြို့နယ် များတွင် စတင် ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းပြီး လှော်ကား၊ ရွာမ၊ သာတောက၊ အလုံမြို့နယ် များတွင် Gas Engine, Gas Turbine Combine Cycle များ တပ်ဆင်ဆောင်ရွက်ခဲ့ပါသည်။

၄၄၅။ **ဆောက်လုပ်ရေးကဏ္ဍ**။ လမ်းတံတား ဆောက်လုပ်ခြင်းတွင် ၁၂၂၆၃.၁ သန်း ရည်မှန်းခဲ့ရာ ၂၀၂၁၅.၆ သန်း အကောင်အထည်ဖော် နိုင်ခဲ့ပြီး လှည်းတန်း ခုံးကျော်တံတား တည်ဆောက်ပြီးစီးခဲ့ပါသည်။ ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းတွင် ၁၆၉၁.၂ သန်း ရည်မှန်းထားရာ ၄၈၀၄.၈ သန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ကင်မွန်းချုံ ရေလှောင်တမံ၊ တွံတေးတူးမြောင်း (၂၁) မိုင် ကမ်းပြို ကာကွယ်ရေး လုပ်ငန်း၊ ဆာပါချောင်- ကျောင်းစု ရပ်ကွက် ကမ်းထိန်းလုပ်ငန်း၊ ထန်းတပင် ကျွန်းငူရပ်ကွက် ကမ်းပြို ကာကွယ်ရေးလုပ်ငန်း၊

ဘုရင့်နောင်တံတားတိုင်းတာရေး လုပ်ငန်း၊ အောင်ဇေယျတံတား တိုင်းတာရေးလုပ်ငန်း တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ဓာတ်အားပေးလိုင်းများနှင့် ဓာတ်အားလိုင်းများ တည် ဆောက်ခြင်းတွင် ကျပ်သန်း ၁၇၄၃ ရည်မှန်းထားရာ ၃၆၇၇.၉ သန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ရွှေဂုံတိုင် တံတား၊ ဘုရင့်နောင် တံတားတို့ကို ဆက်လက် တည်ဆောက်နေပါသည်။ သင်္ကန်းကျွန်းအဆင့်မြင့်ဈေး တည်ဆောက်ခြင်း၊ သုခချမ်းသာ ကွန်ဒိုစီမံကိန်း၊ ရန်ကင်း အဆင့်မြင့်အိမ်ရာစီမံကိန်းများ အပါအဝင် တန်ဖိုးနည်း အိမ်ရာ စီမံကိန်းများနှင့် လမ်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ကိုဆောင်ရွက်ခဲ့ပါသည်။

၄၄၆။ **ပို့ဆောင်ရေးကဏ္ဍ။** လမ်းမတော်နယ်မြေ၊ ဗိုလ်တထောင်နယ်မြေနှင့် ပန်းဆိုးတန်း နယ်မြေတို့တွင် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများ၊ ဆူးလေဆိပ်ခံ တံတား အမှတ်(၁)၊ (၂)၊ (၃)နှင့်(၄)တို့အား အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာနှင့် အထွေထွေ ကုန်စည်တင် ဆိပ်ခံ တံတားအဖြစ် အဆင့်မြှင့် ပြုပြင်ခြင်း၊ မြစ်ကြောင်း ပြုပြင်ရေး အစီအမံ များအား စီမံချက်ချမှတ် ဆောင်ရွက်နေခဲ့ပါသည်။ ရန်ကုန် အပြည်ပြည် ဆိုင်ရာလေဆိပ်နှင့် ကိုကိုးကျွန်းလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်မြို့ပတ်အမြန်ရထားလမ်း ဖောက် လုပ်ရန် သရက်ပင်ချောင်း-ထောက်ကြံ့-မှော်ဘီလမ်းပိုင်း၊ မှော်ဘီ-ထန်းတပင်-လှိုင်သာယာလမ်း ပိုင်း၊ လှိုင်သာယာ-ချောင်းဦး-သီလဝါလမ်းပိုင်း၊ သီလဝါ-ဒေးဇက်-သရက်ပင်ချောင်း လမ်းပိုင်း များအလိုက် လမ်းကြောင်း ရွေးချယ် ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မှ  ဆောင်ရွက်ခဲ့ပါသည်။

၄၄၇။ **ဆက်သွယ်ရေးကဏ္ဍ။** ကျပ်သန်း**၂၇၆,၃၁၅.၈**သန်း ရည်မှန်းထားရာ ကျပ် **၅၀၀,၀၁၈.၂** သန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ CDMA WLL Mobile, WCDMA Mobile နှင့် GSM Mobile တယ်လီဖုန်းလုံးရေ (၅၆၆,၁၇၉) လုံး တိုးချဲ့ တပ်ဆင်နိုင်ခဲ့ပါ သည်။

၄၄၈။ **ငွေရေးကြေးရေးကဏ္ဍ။** ကျပ် ၁၂၇၄၅.၆ သန်းရည်မှန်းထားရာ ကျပ် ၄၈၁၃၀.၅ သန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်း၌ မြဝတီဘဏ်ခွဲ၊ ထွန်းဖောင်ဒေးရှင်း ဘဏ်ခွဲ၊ ကမ္ဘောဇဘဏ်ခွဲ၊ သမဝါယမဘဏ်ခွဲ၊ ဧရာဝတီ ဘဏ်ခွဲ၊ အာရှ စိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်ခွဲ၊ အမရာဘဏ်နှင့် မြန်မာ့ ရှေ့ဆောင်ဘဏ်ခွဲ အသစ်များ ဖွင့်လှစ်ခဲ့ပါသည်။

၄၄၉။ **ပညာရေး ဆောင်ရွက်မှု။** စီမံချက်(၂၅)မြို့နယ်ရှိ CFS ကျောင်းများမှ မူလတန်း အဆင့်သင်ဆရာ၊ ဆရာမများအတွက် သင်ကြားမှု စွမ်းရည်မြင့်မားရေးဆိုင်ရာ လုပ်ငန်း ဆွေးနွေးပွဲများ ဖွင့်လှစ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကျောင်းများကို ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဥပဒေ  ပြဋ္ဌာန်း၍ ဖွင့်လှစ် ခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် ပုဂ္ဂလိက ကိုယ်ပိုင် ကျောင်းများ

အောင်မြင်စွာဖွင့် လှစ်ခဲ့သည့်အပြင် ဥပဓိရုပ်မကောင်းသည့် ကျောင်း ၇၁ ကျောင်းကို မွမ်းမံပြင်ဆင်နိုင်ခဲ့ပါသည်။

၄၅၀။ **ကျန်းမာရေးစောင့်ရှောက်မှု။** ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် တိုက်နယ်ဆေးရုံ (၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၂)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၂)ခု တို့ကို အဆင့်မြှင့် တင်နိုင်ခဲ့ပါသည်။

၄၅၁။ **သောက်သုံးရေရရှိမှု**။ ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့်အတွက် အကြို အနယ်ထိုင်ကန် (မြေသား) တူးဖော်ခြင်း ပြီးစီးမှု ၁၀၀ %၊ LIP တွင် MS Walk Way Hand Raid နှင့် Aprom Drain ပြုလုပ်ခြင်း ပြီးစီးမှု ၁၀၀ %၊ ကျောက်ဖျော်ရည် (ACH) သိုလှောင်ထားရှိရန် Structure (၂)ခု တည်ဆောက်ပြီးစီးမှု ၈၀%၊ စီမံကိန်း ၂ ရေလွှဲမြောင်း ပြီးစီးမှု ၁၀၀%၊ ရေတွန်း စက်တည်ဆောက်ခြင်း ၁၀၀%၊ ရေတွန်းစက်ရုံ အတွက် ပိုက်လိုင်းတိန်းတုံး အိတ်သား တည် ဆောက်ခြင်း ၇၅%၊ ၄၈ လက်မပိုက် ဆက်သွယ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။


၄၅၂။ **လမ်းပန်းဆက်သွယ်ရေး။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရာ တွင် ကတ္တရာလမ်း (၁၀/၀)မိုင်၊ ကျောက်ချောလမ်း (၁၂/၂)မိုင်၊ မြေသား လမ်း(၂၅/၀)မိုင်၊ သစ်သားတံတား (၆၁၅)ပေ၊ ရေပြွန်(၄၂၅)ပေတို့အား ကုန်ကျငွေ ကျပ် (၃၃၅၉.၈၃၈)သန်း ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄၅၃။ **ခရီးသွားကဏ္ဍ**။ ကမ္ဘာလှည့်ခရီးသည်များ လွယ်ကူစွာ ဝင်/ထွက်သွား လာနိုင်ရေးအတွက်လေဆိပ်/ရေဆိပ်များတွင် Visa On Arrival စနစ်၊ e- Visa စနစ်တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားပြီး ဖြေလျှော့ပေးမှုများကြောင့် ခရီးသွား ဧည့်သည်များ ပိုမိုများပြားလာပါသည်။ နိုင်ငံခြားသားများ အလွယ်တကူ ဝင်/ထွက်သွားလာ နိုင်ရန် လေဆိပ်၊ ဘူတာကြီး၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ဆူးလေ တို့တွင် Information Counter များဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။ လှည်းကူးမြို့နယ်၊ ရန်ကုန်-ပဲခူးလမ်းနှင့် ရန်ကုန်-နေပြည်တော်လမ်းအကြား ဧရိယာ မြေဧက (၈၀၀) ကျော်အား ဟိုတယ်ဇုန် အဖြစ် ဖော်ထုတ်ရန် လျာထားပါသည်။

၄၅၄။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန နှင့် ဗီယက်နမ်နိုင်ငံ Hoang Anh Gia Lai (HAGL) Land တို့ B.O.T စနစ် ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရား လမ်းပေါ်ရှိ မြေဧရိယာ (၁၈.၁၃၁) ဧကပေါ်တွင် အမေရိကန်ဒေါ်လာသန်း (၄၄၀) ပြည်ပ ရင်းနှီး မြှုပ်နှံမှုဖြင့် နိုင်ငံတကာ အဆင့်မီ

ကြယ်(၅)ပွင့် အဆင့်ရှိ ဟိုတယ် စီမံကိန်းအား မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာ ကုမ္ပဏီနှင့် ဝန်ကြီးဌာနတို့ စာချုပ်ချုပ် ဆို၍ လုပ်ငန်းများစတင် ဆောင်ရွက်ခဲ့ပါသည်။

၄၅၅။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန် အထိ၊ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၁၁၃၂၈၃၆၆.၄** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက် တန်ဖိုး ကျပ် **၁၁၀၆၃၈၉၁.၃** သန်းအပေါ် **၁၀၂.၄** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် အလားတူ ကာလအပေါ် **၁၀.၉** ရာခိုင်နှုန်း တိုးတက်ပါ သည်။




၄၅၆။ ရန်ကုန်တိုင်းဒေသကြီး၏ တိုင်းဒေသကြီးဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၆၇၃၉၂.၇၇၃ | ၂၂၁၄၄၃.၃၄၀ |
| သာမန် | ၆၁၀၉၁.၁၄၃ | ၂၁၃၅၈၅.၅၉၃ |
| ငွေလုံးငွေရင်း | ၆၃၀၁.၆၃၀ | ၇၈၅၇.၇၄၇ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၈၀၀၉၃.၀၇၅ | ၂၁၀၈၈၈.၃၅၅ |
| သာမန် | ၅၄၉၄၂.၂၅၉ | ၈၈၈၄၁.၈၆၇ |
| ငွေလုံးငွေရင်း | ၂၄၈၅၀.၈၁၆ | ၁၂၁၃၉၄.၁၈၈ |
| ကြွေးမြီ | ၃၀၀.၀၀၀ | ၆၅၂.၃၀၀ |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၁၂၇၀၀.၃၀၂ | (+)၁၀၅၅၄.၉၈၅ |

## ရှမ်းပြည်နယ်




| | | |
|---|---|---|
| **တည်နေရာ** | = | မြောက်လတ္တီတွဒ် ၁၉ဒီဂရီ၂၈မိနစ်မှ ၂၄ဒီဂရီ၉မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၁၅မိနစ်မှ ၁၀၁ဒီဂရီ၁၃မိနစ် |
| **အကျယ်အဝန်း** | = | ၆၀၁၅၅.၂၃စတုရန်းမိုင်၊၃၈၄၉၉၃၄၅ဧက |
| **လူဦးရေ** | = | ဦး ရေ - ၅၇၈၀(ထောင်ပေါင်း) |
| **မြို့တော်** | = | တောင်ကြီးမြို့ |
| **ခရိုင်** | = | (၁၄)ခရိုင် |
| **မြို့နယ်** | = | (၅၅)မြို့နယ် |
| **ထူးခြားမှတ်သား** | = | အင်းလေးကန် |
| **အဓိကစီးပွားရေး** | = | လယ်ယာ၊သားငါး၊သတ္တုနှင့်တွင်းထွက် |
| **ကဏ္ဍများ** | | ပစ္စည်း၊ စက်မှု၊ပို့ဆောင်ရေး၊ |
| **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း** | = | ‘၀’ |
| **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | = | ပအိုဝ့်၊ ဓနု၊ ပလောင်နှင့် ကိုးကန့် |
| **ဆက်စပ်ဒေသများ** | = | မြောက်ဘက်တွင် ကချင်ပြည်နယ် ၊ အရှေ့မြောက်ဘက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ဘက်တွင် လာအို နိုင်ငံ၊ အရှေ့တောင်ဘက်တွင်ထိုင်းနိုင်ငံ၊တောင်ဘက်တွင်ကရင်ပြည်နယ်၊ကယားပြည်နယ်၊ အနောက်ဘက်တွင်မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

၄၅၇။ **မြေအသုံးချမှုအခြေအနေ**။ အသားတင်စိုက်ပျိုးနိုင်သည့်မြေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်(၃၂၁၀၅၂၀)ဧက ၊၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင်(၃၀၂၀၉၃၁)ဧက ဖြစ်သဖြင့် (၁၈၉၅၈၉) ဧက လျော့နည်းပါသည်။ထိုကဲ့သို့လျော့နည်းရခြင်းမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် တောင်ယာများတိုးချဲ့စိုက်ပျိုးမှု ကန့်သတ်ထိန်းချုပ်လာခြင်း၊ မြေကြီးမြေပုံစိုက်ဧက မှန်ကန်ရေးအတွက် ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မန်တုံ၊ နမ့်ခမ်း မြို့နယ်များကို ဖြတ်သန်း၍ ရေနံနှင့်သဘာဝဓါတ်ငွေ့ ပိုက်လိုင်းများ သွယ်တန်းဖောက်လုပ်ထားသည့်အတွက် လျော့နည်းခြင်း ဖြစ်ပါသည်။ စိုက်ပျိုးနိုင်သောမြေရိုင်းမှာ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်တွင် (၄၈၁၄၆၆၅) ဧက၊၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် (၄၈၄၄၆၀၃) ဧက ဖြစ်သဖြင့် (၂၉၉၃၈) ဧက တိုးခဲ့ပါသည်။

၄၅၈။ **လယ်ယာကဏ္ဍ**။ နွေစပါးအတွက် ပုလဲသွယ်စပ်မျိုးစပါးကို မျိုးစေ့ဌာန (ရုံးချုပ်၊ နေပြည်တော်)မှ မှာယူပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် (၇၅၆၀) ကီလို၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် (၁၂၉၅) ကီလို၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် (၂၈၀၀) ကီလို ဖြန့်ဖြူး ပေးခဲ့ပါသည်။ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် SR 456 မျိုးစပါး (၁၇၆၀) ကီလိုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ မှာယူ ဖြန့်ဖြူးခဲ့ပါသည်။ သီးနှံထွက်သောဒေသများတွင် ဇုန်များ၊ အဖွဲ့များဖွဲ့စည်းပြီး နိုင်ငံခြားအကူအညီဖြင့် FAO အကူအညီ ပေးပြီး တရားဝင်အသင်းအဖွဲ့များဖြင့် ဟဲဟိုး နှင့် နောင်တရားမြို့တွင် အာလူး သီးနှံဇုန် (၂)ခု၊ ဟဲဟိုး နှင့် ပင်းတယမြို့တွင် ဂေါ်ဖီဇုန် (၃)ခု၊ ပင်လောင်းမြို့တွင် လက်ဖက်ဇုန် (၁)ခု၊ တောင်ကြီးမြို့ နှင့် ရပ်စောက်မြို့တွင် သရက်ဇုန် (၆)ခု၊ ညောင်ရွှေ၊ ဆီဆိုင်၊ အောင်ပန်း နှင့် ဟိုပုံးမြို့ တို့တွင် ဂျင်း၊ နနွင်းဇုန်(၂)ခု၊ ဟိုပုံး နှင့် ပင်လောင်းမြို့တွင် ထောပတ်ဇုန်(၂)ခု၊ ကလောနှင့် ရွာငံမြို့တွင် ပန်းမန်ဇုန် (၂)ခုနှင့် ညောင်ရွှေမြို့တွင် ခရမ်းချဉ်ဇုန် (၁)ခု တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက လယ်ယာကဏ္ဍ စုစုပေါင်းစိုက်ဧရိယာ (၆၃၉၆၇၈) ဧက လျော့နည်းခဲ့ပါသည်။ စပါး၊ ပန်းဂျုံ၊ ဖူးစားပြောင်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ စားတော်ပဲ၊ဆီထွက်သီးနှံ၊ ချည်မျှင်ရှည်ဝါ၊ ဆောင်းသီးနှံ၊ အာလူး စသည့်သီးနှံများ မိုးရွာသွန်းမှု နောက်ကျ၍ စိုက်ပျိုးမှု လျော့နည်းခြင်း ကြောင့် အထွက် လျော့နည်းခဲ့ခြင်း ဖြစ်ပါသည်။

၄၅၉။ **သားငါးကဏ္ဍ**။ အသားထုတ်လုပ်မှု ရည်မှန်းချက်အပေါ် (၁၀၀.၆) ရာခိုင်နှုန်း၊ ဥထုတ်လုပ်မှုတွင် (၁၀၀.၅) ရာခိုင်နှုန်း၊ ငါးပုစွန်ထုတ်လုပ်မှုတွင် ရည်မှန်းချက်အပေါ် (၁၀၀.၉) ရာခိုင်နှုန်း အသီးသီးဆောင်ရွက် နိုင်ခဲ့ပါသည်။ မွေးမြူသူ အစုအဖွဲ့စုစုပေါင်း (၂၀၅) ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အခြားမြို့နယ်များရှိ မွေးမြူသူအစုအဖွဲ့များအတွက် မြို့နယ်သမဝါယမ အသင်းများမှ ချေးငွေ ကျပ် (၁၅၉) သိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစီအမံဖြင့် ချေးငွေကျပ် (၃၁၄) သိန်း ပံ့ပိုးခဲ့ပြီး ရေချိုရေငန် ငါး၊ ပုစွန် သယံဇာတများ မျိုးမပြုန်းတီး စေရေးအတွက် ထိန်းသိမ်း စောင့်ရှောက်ပေးခြင်း၊ သဘာဝနှင့်ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်း၊ မျိုးသန့်များ ရရှိရေးကို ဆောင်ရွက်ခြင်း စသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၄၆၀။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**တွင် ထုံးကျောက် ထုတ် လုပ်မှုသည် ရည်မှန်းချက် အပေါ် (၁၀၄.၅) ရာခိုင်နှုန်း၊ အမှတ် (၃) သ-တ-လ မှ ထုံးကျောက် မ/တန် (၈၃၅၀၀) ထုတ်လုပ်နိုင်ခဲ့ခြင်း၊ ကျောက်မီးသွေးကိုလည်း မ/တန် (၂၈၃၆၀) ထုတ်လုပ်နိုင်ခဲ့ခြင်းနှင့် အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုသည် ရည်မှန်းချက်အပေါ် (၁၀၂.၅)

ရာခိုင်နှုန်း ပုဂ္ဂလိကပိုင် အခန်းထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ကျောက်မျက်ရတနာထုတ်လုပ်မှုကို အကျိုးတူ ကုမ္ပဏီ (၂) ခု နှင့် ပုဂ္ဂလိက ကုမ္ပဏီ (၆၀) ဖြင့် တူးဖော်လျက်ရှိခြင်း၊ ခဲနှင့်ရောရာသတ္တုရိုင်းအား ကုမ္ပဏီ (၂၆) ခု၊ သွပ်နှင့်ရောရာ သတ္တုရိုင်းအား ကုမ္ပဏီ(၁၀)ခု၊ ခနောက်စိမ်းနှင့်ရောရာ သတ္တုရိုင်းအား ကုမ္ပဏီ (၁၀) ခု၊ ကြေးနီ ရောရာသတ္တုရိုင်းအား ကုမ္ပဏီ (၂) ခု၊ ခဲသတ္တု သန့်စင် အားကုမ္ပဏီ (၂) ခု၊ ကျောက်မီးသွေးလုပ်ကွက် (၇) ခု၊ ဂေါဒန်ကျောက် အကျိုးတူ (၃) ခုနှင့် ကုမ္ပဏီ (၃) ခု၊ ဘရိုက်တီးကျောက်အား အကျိုးတူ (၁)ခု၊ မန်းဂနိဒိုင်အောက်ဆိုဒ်အား အကျိုး တူ (၂) ခုဖြင့် မိုင်းရှူးမြို့နယ်တွင် တူးဖော်ခဲ့ပါသည်။

၄၆၁။ **စက်မှုလက်မှုကဏ္ဍ**။ ပုဂ္ဂလိကပိုင်အခန်းမှ စက်မှုဇုန်ပြင်ပ ထုတ်ကုန်ပစ္စည်းများကို ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံများအား တာရှည်ခံရန်နှင့် အရည်အသွေးမီ စားသောက်ကုန် အဖြစ် ထိန်းသိမ်း နိုင်ရန် အတွက် တောင်ကြီးမြို့နယ်တွင် Myanmar Belle Manufacture Co.ltd မှ ဂေါ်ဖီထုပ် အခြောက်ခံစက်ရုံ၊ ဟဲဟိုးမြို့တွင် မြနဒီပြောင်းဖူးအခြောက်ခံ စက်ရုံကို လုပ်ငန်းရင်းနှီးငွေ ကျပ် (၁၉၀.၄) သန်း၊ ထူးကွန်ကရစ် မီးတိုင်ထုတ်လုပ်ခြင်းများ တည်ထောင်ပြီး လုပ်ငန်းများ လည်ပတ် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထုံးကျောက် ထွက်ရှိသည့် ပင်လောင်းမြို့ နယ်တွင် ဘိလပ်မြေစက်ရုံ (၂) ရုံကို တည်ဆောက်နိုင်ခဲ့ပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ခဲ့ပါ သည်။

၄၆၂။ ရှမ်းပြည်နယ်တောင်ပိုင်း အေးသာယာစက်မှုဇုန်တွင် တည်ထောင်ပြီး ဖြစ်ပါသည်။ ပတ္တမြားနဂါးသံနှင့်သံမဏိစက်ရုံကို ၂၀၁၂ခုနှစ်တွင် လုပ်ငန်းရင်းနှီးငွေ ကျပ်သန်း( ၃၀၀၀)ဖြင့် စတင် လည်ပတ်လုပ်ကိုင်ခဲ့ပါသည်။ စက်မှုကြီးကြပ်တွင် လုပ်ငန်းကြီး(၁၇၅)၊ လုပ်ငန်းလတ် (၃၅၆)၊ လုပ်ငန်းငယ် (၃၀၂၂) စုစုပေါင်း စက်မှုလုပ်ငန်းပေါင်း (၃၅၅၃) ခု မှတ်ပုံတင်ခဲ့ပြီး မြန်မာကျပ်ငွေ (၃၇၇၆၈.၅) သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

၄၆၃။ **လျှပ်စစ်ဓာတ်အားကဏ္ဍ**။ နိုင်ငံပိုင်နှင့် သမဝါယမပိုင်အခန်း သုံးစွဲမှုတိုးတက်ခဲ့သော်လည်း ပုဂ္ဂလိကပိုင်အခန်း၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ရွှေလီရေအားလျှပ်စစ်စက်ရုံမှ ပြည်ပရောင်း လျှပ်စစ်ဓာတ်အား လျော့နည်းခဲ့ပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်တွင် ကျေးရွာ(၈)ရွာကို ဒီဇယ်စနစ်ဖြင့် လည်းကောင်း၊ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မန်မွန်းခေးကျေးရွာတွင် အိမ်ထောင်စု (၁၁၂)စုနှင့် ပန်မြိုင်းကျေးရွာမှ အိမ်ထောင်စု (၁၃၈) စု အား ဆိုလာစနစ်ဖြင့်လည်းကောင်း၊ မူဆယ်ခရိုင် ဟိုမောလော့ခွမ် ကျေးရွာအုပ်စုတွင် အိမ်ခြေ (၆၅)လုံး၊ နမ့်ဖတ်ကာ ကျေးရွာတွင် အိမ်ခြေ(၆၀)လုံးအား တရုတ် နိုင်ငံ ၁၁ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အားဖြင့် လည်းကောင်း၊ လောက်ကိုင်ခရိုင် ကျေးရွာ (၇) ရွာတွင် ကိုယ့်အား

ကိုယ်ကိုး ခတ်အားခွဲရုံတည်ဆောက်ခြင်းဖြင့် လည်းကောင်း၊ ကျေးရွာ (၂) ရွာကို အသေးစား ရေအား ဖြင့် လည်းကောင်း၊ ကျေးရွာ (၁၅) ရွာကို စပါး ခွဲခတ်အားပေးစက် (၂၉) ခုဖြင့် လည်းကောင်း ကျေးလက်မီးလင်းရေး ဆောင်ရွက်ခဲ့ ပါသည်။

၄၆၄။ **ပို့ဆောင်ရေးကဏ္ဍ**။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ ချောမွေ့စေရေးအတွက် တောင်ကြီးခရိုင်အတွင်း လေယာဉ်ပြေးလမ်း မွမ်းမံတည်ဆောက်ခြင်း၊ ရထားလမ်းများ ပြင်ဆင် ထိန်းသိမ်းခြင်း၊ အာဆီယံလမ်းမ-၂(AH2)၌ ပါဝင်သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း တည်ဆောက်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဟဲဟိုးလေဆိပ် ဖွံ့ဖြိုး ရေးလုပ်ငန်း အတွက် နိုင်ငံတော်မှ ကျပ် (၂၀.၅) သန်း၊ မိုင်းဆတ် လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်း အတွက် ကျပ် (၃၀၀) သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂလိက ပိုင် အဲကမ္ဘောဇ လေကြောင်းလိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းနှင့် မော်တော်ယာဉ်လိုင်း သစ် (၂၀) ခန့် တိုးချဲ့ပြေးဆွဲခဲ့ ကြပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အစတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ၌ သုံးဘီးဆိုင်ကယ်ဖြင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ နှစ်ကုန် တွင် စီးရေ (၄၈၆) စီး အထိ ပြေးဆွဲလာနိုင်ခဲ့ပါသည်။လားရှိုးမြို့တွင် နားမ ခေါ် အဝေးပြေး ယာဉ်ရပ်နားစခန်းကို မန္တလေး-လားရှိုး ပြည်ထောင်စု လမ်းမကြီးဘေးရှိ (၁၀.၃၃) ဧက အကျယ် မြေ ပေါ် တွင် Shining Myanmar Co. Ltd မှ ခန့်မှန်း ကုန်ကျငွေ ကျပ် (၄၃၈၀၀) သိန်း ဖြင့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာနှစ် မှ စ၍ တည်ဆောက်ချိန် (၃)နှစ် အတွင်း တည်ဆောက် အကောင် အထည်ဖော် ခဲ့ပါသည်။

၄၆၅။ **ငွေရေးကြေးရေးကဏ္ဍ**။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် မတ်လကုန်အထိ မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကြံချေးငွေ ကျပ်သန်းပေါင်း (၁၇၇၇.၄) သန်းဖြစ်ပြီး၊ မိုးကြိုချေးငွေ ကျပ်သန်း ပေါင်း (၅၁၀၅.၆) သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

၄၆၆။ **ပညာရေးကဏ္ဍ**။ တက္ကသိုလ်(၄)ခု၊ ပညာရေးကောလိပ်(၂)ခု၊ တပ်မတော်ကွန်ပျူတာ နှင့် နည်းပညာကောလိပ်(၁)ခု၊ နည်းပညာတက္ကသိုလ်(၄)ခုနှင့် ကွန်ပျူတာတက္ကသိုလ်(၄)ခု၊ အခြေခံ ပညာအနေဖြင့် မူလတန်းကျောင်း(၄၆၉၂)ကျောင်း၊ အလယ်တန်းကျောင်း (၂၆၈) ကျောင်း၊ အထက်တန်းကျောင်း(၂၆၀)ကျောင်း တို့ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ခဲ့ပါသည်။

၄၆၇။ **ကျန်းမာရေးကဏ္ဍ**။ အဆင့်အတန်းမြင့်မားပြီး ခေတ်မီဖွံ့ဖြိုးသော ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွန်းလာစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို ဥပဒေနှင့်အညီ ခွင့်ပြု၍ ဆောင်ရွက်စေခဲ့ပါသည်။ ပြည်နယ်အတွင်း ပုဂ္ဂလိကဆေးရုံ (၁၆) ရုံနှင့် နိုင်ငံပိုင် ဆေးရုံ

(၁၆၁) ရုံဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိခဲ့ပါသည်။


၄၆၈။ ရှမ်းပြည်နယ် စည်ပင်သာယာရေးမှ ဘဏ္ဍာနှစ်အတွင်း ရေပေးရေးလုပ်ငန်းများကို ကျေးလက်တွင် အဝီစိရေတွင်းတူးဖော်ခြင်း (၄) ခု၊ လက်တူးတွင်း (၁၄) ခု၊ ရေကန် အဆင့်မြှင့် (၇) ခု၊ စိမ့်စမ်းရေသွယ် (၁၇) ခု၊ အခြား(၇)ခု စုစုပေါင်း(၄၉)ခု ကိုလည်းကောင်း၊ မြို့ပြတွင် အဝီစိရေတွင်းတူးဖော်ခြင်း (၅) ခု၊ တွင်းတိမ် (၁) ခု၊ လက်တူးတွင်း (၁၄) ခု၊ ရေကန် အဆင့်မြှင့် (၂) ခု၊ အခြား(၃၀)ခု စုစုပေါင်း (၅၂) ခုကို လည်းကောင်း သောက်သုံးရေရရှိရန် ဆောင်ရွက်ခဲ့ပါသည်။

၄၆၉။ **ခရီးသွားကဏ္ဍ**တွင် တိုးတက်များပြားလာသည့် ခရီးသွားဦးရေအတွက် လုံလောက်သော၊ အဆင့်မီသော လုံခြုံစိတ်ချရသော ဟိုတယ်၊ တည်းခိုခန်းများ ပေါ်ထွက်လာရေး အတွက် အင်းလေးဒေသ ညောင်ရွှေ မြို့၏ တောင်ဘက် (၁၅မိုင်) အကွာ အင်းလေးကန်၏ အရှေ့ဘက် ညောင်ရွှေ-နမ့်ပန်-လွိုင်ကော် ကားလမ်း၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး အရှေ့မှ အနောက်သို့ (၄ဖာလုံ) ခန့်ကျယ်သော အင်ကြင်းကုန်းကျေးရွာအနီးရှိ အင်းလေးအရှေ့ကြိုးဝိုင်း မှ မြေဧရိယာ (၆၂၂) ဧက ကို ဟိုတယ်ဇုန်အဖြစ် ဖော်ထုတ်ကာ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ပြီး(Aureum Palace Resort Hotel)နှင့် (Villa Inle Resort Hotel) ဟိုတယ် (၂) လုံးမှာ ရာနှုန်းပြည့်ပြီးစီးပြီး ဧည့်သည်များ လက်ခံဆောင်ရွက်လျက် ရှိသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဟိုတယ်၊ တည်းခိုခန်းဦးရေ (၄၉၅) ခု ဖြင့် ပြည်တွင်းခရီးသွား (၇၈၆၆၄) ဦး၊ ပြည်ပခရီးသွား (၉၉၀၅၅) ဦးကိုဖိတ်ခေါ်နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ပြည်တွင်း သုံးငွေကျပ် (၆၄၉) သန်း၊ ပြည်ပသုံးငွေ US $ (၁၆၂၉၅၁၁) ကျပ် ရှာဖွေပေးခဲ့ပါသည်။

၄၇၀။ ရှမ်းပြည်နယ်သည် ဆက်စပ်လျက်ရှိသော ဒေသများ၊ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ ဒေသထွက်ဖြင့် မဖူလုံသည့် စားဝတ်နေရေး ပစ္စည်း များကို ပြည်တွင်းပြည်ပမှ မှာယူတင်သွင်းခြင်းတို့ကြောင့် ကုန်သွယ်စခန်းများ နှင့် ကုန်စည်ဒိုင် (၇)ခု ဖွင့်လှစ်၍ ရောင်းဝယ်ဖောက်ကား လျက်ရှိပါသည်။ နယ်စပ်စခန်းများဖြစ်သော မူဆယ်မြို့မှ ပို့ကုန်ဒေါ်လာ သန်းပေါင်း (၈၀၉.၂၁၅)၊ သွင်းကုန် ဒေါ်လာ သန်းပေါင်း (၅၂၀.၁၂၇)၊ ချင်းရွှေဟော်မြို့မှ ပို့ကုန်ဒေါ်လာ သန်းပေါင်း (၆၈.၄၄၅)၊ သွင်းကုန်ဒေါ်လာ သန်းပေါင်း (၂.၃၁၀) နှင့် တာချီလိတ်မြို့မှ ပို့ကုန်ဒေါ်လာ သန်းပေါင်း (၈.၅၁၅)၊ သွင်းကုန်ဒေါ်လာ သန်းပေါင်း (၁၀.၂၇၉) ကုန်သွယ်နိုင်ခဲ့ ပါသည်။

၄၇၁။ မူဆယ်မြို့နယ် မန်ဟီးရိုးမြို့နယ်ခွဲ အပါအဝင် မူဆယ်မြို့နယ်အတွင်း မြေဧရိယာ (၈၆၀၀၀) ဧကခန့်အား မူဆယ်အထူးစီးပွားရေးဇုန် တည်ဆောက်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခဲ့ပါသည်။

၄၇၂။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အရ ရှမ်းပြည်နယ်၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် (၃၅၈၁၇၈၅.၁)သန်းနှင့် (၉.၉) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန် အထိ (ဧပြီလမှမတ်လ) စာရင်းအရ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် (၃၄၀၅၇၉၆.၁) သန်း ဖြစ်သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် (၉၅.၁) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းအရ (၅.၀ ) ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။



၄၇၃။ ရှမ်းပြည်နယ်၏ပြည်နယ်ဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေ နှင့် လုပ်ငန်း အကောင် အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၂၅၉၆၉.၅၁၇ | ၁၀၂၄၁၇.၇၀၁ |
| သာမန် | ၂၅၈၉၉.၇၂၅ | ၁၀၂၃၉၁.၉၄၈ |
| ငွေလုံးငွေရင်း | ၆၉.၇၉၂ | ၂၅.၇၅၃ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၄၇၈၂၆.၀၇၂ | ၉၆၄၂၂.၀၂၇ |
| သာမန် | ၄၁၈၇၅.၂၄၇ | ၈၆၁၃၃.၆၃၈ |
| ငွေလုံးငွေရင်း | ၅၉၅၀.၈၂၅ | ၁၀၂၈၈.၃၈၉ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၂၁၈၅၆.၅၅၅ | (+)၅၉၉၅.၆၇၄ |

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသများ**


၄၇၄။ **မြေအသုံးချမှုအခြေအနေ**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အသားတင် စိုက်ပျိုး နိုင်သည့်မြေမှာ ဓနုဒေသတွင် (၁၅၃၀၉၂) ဧက၊ ပအိုဝ့် ဒေသတွင် (၂၃၆၈၅၆) ဧက၊ ပလောင်ဒေသတွင် (၆၄၂၈၄) ဧက၊ ကိုးကန့်ဒေသတွင် (၇၆၅၅၀) ဧက နှင့် မြေရိုင်းစိုက်ဧကမှာ ဓနုဒေသတွင် (၉၂၂၉၉) ဧက၊ ပအိုဝ့်ဒေသတွင် (၃၈၉၂၀၂) ဧက၊ ပလောင်ဒေသတွင် (၉၇၂၁) ဧက၊ ကိုးကန့်ဒေသတွင် (၁၁၉၄) ဧက အသီးသီး ရှိခဲ့ပါသည်။

**သားငါးကဏ္ဍ** တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများရှိ မွေးမြူသူ အစုအဖွဲ့ များ အတွက် ချေးငွေကျပ် (၄၅၂၄) သိန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစီအမံဖြင့် ပံ့ပိုးချေးငွေကို ထုတ်ချေးနိုင်ခဲ့ပါသည်။

၄၇၅။ **စက်မှုကဏ္ဍ**။ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နဂါးဘိလပ်မြေစက်ရုံ (၁) ရုံ၊ ရေသန့်စက်ရုံ (၂) ရုံ နှင့် ပရိဘောဂလုပ်ငန်းများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် သံပန်း၊ သံတံခါးထုတ်လုပ်မှုနှင့် အချိုခြောက်စက်ရုံ၊ “ဝ” တိုင်းတွင် ရေသန့်စက်ရုံ (၁) ရုံနှင့် ရာဘာမှိုင်းခံစက်ရုံ ၊ ကိုးကန့်ဒေသတွင် စက္ကူစက်ရုံတို့ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄၇၆။ **ဆောက်လုပ်မှုကဏ္ဍ။** မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ လမ်းတံတား တည်ဆောက်မှုတွင် ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်း၊ ရှာင်မြို့တွင် မြို့ကြီးဆည် တည်ဆောက်ခြင်း၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပျဉ်းမနား-ပင်လောင်း၊ ပင်လောင်း-တုန်ဟုန်းလမ်း စသည့်လမ်း တည်ဆောက်မှုလုပ်ငန်းများကို တည်ဆောက်နိုင်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီမံကိန်း ရည်မှန်း ချက်အပေါ် (၁၀၀.၇) ရာခိုင်နှုန်းနှင့် တိုးတက်မှုနှုန်း (၁၁.၄) ရာခိုင်နှုန်း၊ ပအိုဝ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသည် စီမံကိန်း ရည်မှန်းချက်အပေါ် (၁၀၃.၃) ရာခိုင်နှုန်းနှင့် တိုးတက်မှု နှုန်း (၂.၂) ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီမံကိန်း ရည်မှန်းချက် အပေါ် (၁၀၁.၃) ရာခိုင်နှုန်းနှင့် တိုးတက်မှုနှုန်း (၄.၀) ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသသည် စီမံကိန်း ရည်မှန်းချက်အပေါ် (၈၆.၉) ရာခိုင်နှုန်းနှင့် တိုးတက်မှုနှုန်း (-) ၆.၁ ရာခိုင်နှုန်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသည် စီမံကိန်း ရည်မှန်းချက်အပေါ် (၆၃.၉) ရာခိုင်နှုန်းနှင့် တိုးတက်မှုနှုန်း (-) ၀.၃ ရာခိုင်နှုန်း အသီးသီး အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသများ၏
၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ
(နှစ်အလိုက်စျေးနှုန်း)



## ဧရာဝတီတိုင်းဒေသကြီး




တည်နေရာ = မြောက်လတ္တီတွဒ် - ၁၅ဒီဂရီ ၄၀မိနစ် မှ ၁၈ဒီဂရီ ၃၀မိနစ်အတွင်း၊
အရှေ့လောင်ဂျီတွဒ် - ၉၄ ဒီဂရီ ၁၅မိနစ်မှ ၉၆ ဒီဂရီ၁၅မိနစ်အတွင်း

အကျယ်အဝန်း = (၁၃၅၂၅.၈၈) စတုရန်းမိုင်၊ (၈၆၅၆၅၆၄) ဧက

လူဦးရေ = ဦးရေ - ၈၂၀၅ (ထောင်ပေါင်း)

မြို့တော် = ပုသိမ်

ထူးခြားသည့် အမှတ်အသား = ငွေဆောင် ကမ်းခြေ နှင့် ချောင်းသာ ကမ်းခြေ

ခရိုင် = (၆) ခရိုင်(ပုသိမ်၊ဟင်္သာတ၊မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊လပွတ္တာ)

မြို့နယ် = (၂၆) မြို့နယ်

အဓိကစီးပွား ရေးကဏ္ဍ = လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ

ဆက်စပ် ဒေသများ = အရှေ့-ပဲခူး၊ရန်ကုန်တိုင်းဒေသကြီး၊
အနောက်–ဘင်္ဂလားပင်လယ်အော်
အနောက်မြောက်–ရခိုင်ပြည်နယ်
မြောက် – ပဲခူးတိုင်းဒေသကြီး

၄၇၇။ **မြေအသုံးချမှုအခြေအနေ။** ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးနိုင်သောမြေရိုင်း ၅၈၂၄၁ဧကမှ ၂၀၁၂–၂၀၁၃ ဘဏ္ဍာနှစ်တွင် ၅၇၃၈၁ ဧက သို့ လျော့သွားသော်လည်း အသားတင် စိုက်ပျိုးနိုင်သည့် မြေဧကတွင် ၄၄၇၇၄၀၃ ဧကမှ ၄၄၈၁၈၀၅ ဧကသို့ တိုးလာပါသည်။

၄၇၈။ **လယ်ယာကဏ္ဍ။** စီမံကိန်းစုစုစိုက်ဧက ၉၀.၆၅ သိန်း အပေါ် မတ်လကုန် အထိ စိုက်ဧက ၈၀.၀သိန်း စိုက်ပျိုးခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၈၈.၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်ခဲ့ပါသည်။ မိုးစပါးရည်မှန်းချက် စိုက်ဧက ၃၆.၉၀ သိန်းအပေါ် မတ်လကုန်အထိ ဧက ၃၆.၃ သိန်း စိုက်ပျိုးနိုင်ခဲ့၍ ရည်မှန်းချက်အပေါ် ဧက ၅၈၄၄၇ လျော့နည်းခဲ့ပါသည်။ မိုးစပါး စိုက်ပျိုးရာသီအစတွင် မိုးရွာသွန်းမှုနောက်ကျခြင်း မိုးရွာသွန်း ချိန်တွင်လည်း မိုးကြီးပြီး ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးပြီး မိုးစပါး ၃၄၀၃၉ ဧက မှာ ရိတ်သိမ်း နိုင်ခြင်းမရှိပဲ ပျက်စီးခဲ့သဖြင့် အထွက် လျော့နည်းခဲ့ခြင်း ဖြစ်ပါသည်။ နေကြာသီးထပ် စိုက်ဧကမှာလည်း အပင်များဖြစ်ထွန်းမှုမရှိခြင်း၊ အထွက် မကောင်း၍ တောင်သူများ စိတ်ဝင်စားမှု

လျော့နည်းခဲ့ခြင်းတို့ကြောင့် ရည်မှန်းချက် စိုက်ဧကကို ပြည့်မီမှု မရှိခဲ့ခြင်း ဖြစ်ပါသည်။ ဂုန်လျှော်စိုက်ပျိုးမှုတွင် ဈေးနှုန်း တွက်ခြေမကိုက်ခြင်း၊ ဈေးကွက်မရှိခြင်း ကြောင့် တောင်သူများ စိုက်ပျိုးရန် စိတ်ဝင်စားမှု နည်းပါးသဖြင့် ယခင်နှစ်ကထက် စိုက်ဧက လျော့နည်းရခြင်း ဖြစ်ပါသည်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် တိုင်းအတွင်း ရေကြီးနစ်မြုပ်မှု လျှော့ချရေးအတွက် တာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း၊ ရေငံတားတမံများ အခိုင်အမာ ပြုပြင်ခြင်း၊ ရေတံခါးများနှင့် ရေနုတ်မြောင်းများ ပြုပြင် ပြင်ဆင်ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ၆၁၈၀.၆ ကျပ်သန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၄၇၉။ **သားငါးကဏ္ဍ။** စုစုပေါင်း အသားထုတ်လုပ်မှု ရည်မှန်းချက် ပိဿာ ထောင်ပေါင်း ၁၃၈၇၁၅ အပေါ် မတ်လကုန်အထိ ပိဿာထောင်ပေါင်း ၁၄၀၂၆၄ ထုတ်လုပ်ခဲ့ပါသည်။ နှစ်စဉ် ကျွဲနွားမွေးမြူ ထုတ်လုပ်ရောင်းချသူ များပြားလာခြင်းကြောင့် တိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။ ငါး၊ပုစွန် ထုတ်လုပ်မှုအနေဖြင့် တိုင်းအတွင်းရှိ ရှားခဲကြီး၊ ရှားခဲလေးအင်း၊ တဘူးချောင်းအင်းနှင့် ညောင်ချောင်းစက်ထုံး အင်းများကို အင်းအဖြစ်မှ ဘုံငါးဖမ်း လုပ်ကွက်အဖြစ် ဖြေလျှော့ပေးခဲ့သဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ရည်မှန်းချက် ပိဿာ ထောင်ပေါင်း ၁၀၄၇၈၃၀ အပေါ် မတ်လကုန်အထိ ပိဿာထောင်ပေါင်း ၁၀၆၄၀၀၄ ထုတ်လုပ်ခဲ့ပါသည်။

၄၈၀။ **သစ်တောကဏ္ဍ။** မြန်မာ့သစ်လုပ်ငန်းမှ နိုင်ငံပိုင် ကျွန်းသစ်ထုတ်လုပ်ရန် လျာထား ချက် ၅၈၂ ကုဗတန် အပေါ် မတ်လကုန်အထိ ၄၈၆ ကုဗတန် ထုတ်လုပ်ခဲ့သဖြင့် ယခင်နှစ်ထက် ၃၈၆ ကုဗတန် ပိုမိုထုတ်လုပ်ခဲ့ပါသည်။ သစ်မာထုတ်လုပ်ရန်ရည်မှန်းချက် ၄၆၆၆၂ ကုဗတန်အပေါ် မတ်လကုန်အထိ ၄၇၂၆၉ ကုဗတန် ထုတ်လုပ်ခဲ့သဖြင် ယခင်နှစ် ထုတ်လုပ်မှု ၆၂၃၃၂ ကုဗတန်ထက် ၁၅၀၆၃ ကုဗတန် လျော့နည်းခဲ့ပါသည်။

၄၈၁။ **စွမ်းအင်ကဏ္ဍ။**အဓိကအားဖြင့် ဟသ်ာတခရိုင်ရှိ ရွှေပြည်သာရေနံမြေ မှ သဘာဝဓာတ်ငွေ့ ရည်မှန်းချက် ၁၈၃ ကုဗပေသန်း အပေါ် မတ်လကုန်အထိ ၁၆ ကုဗပေသန်း ထုတ်လုပ်ခဲ့ပြီး အဖျောက်(ဇလွန်)ရေနံမြေမှ သဘာဝဓာတ်ငွေ့ ရည်မှန်းချက် ၂၆၀၀ ကုဗပေ သန်း အပေါ် မတ်လကုန်အထိ ၃၂၁ ကုဗပေသန်း ထုတ်လုပ်ခဲ့သဖြင့် ယခင်နှစ်ထက် ကုဗပေသန်း ၆၄.၃ လျော့နည်းခဲ့ပါသည်။ မြန်အောင်နှင့် ရွှေပြည်သာရေနံမြေ၊ အဖျောက် သဘာဝဓာတ်ငွေ့တွင်းများမှာ တွင်းဟောင်းများဖြစ်ပြီး သက်တန်းကြာမြင့်ပြီ ဖြစ်သော ကြောင့် အထွက်နှုန်းကျဆင်းပြီး တွင်းသစ်များလည်း တူးဖော်နိုင်ခြင်းမရှိသေး သောကြောင့် ဖြစ်ပါသည်။

၄၈၂။ **သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် ကြိခင်း ဘိလပ်မြေစက်ရုံ အတွက် ကုန်ကြမ်းပစ္စည်းဖြစ်သော ထုံးကျောက်ထုတ်လုပ်ရန် ရည်မှန်းချက် ၄၈၂၈၂၆ တန် အပေါ် မတ်လကုန်အထိ ၃၈၂၆၆၉ တန် ထုတ်လုပ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ ကြေးနီ သတ္တုရိုင်းနှင့်လမ်းခင်းကျောက် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ မိုးတွင်းကာလတွင် ရေကြီးနစ်မြုပ်မှုကြောင့် ဟင်္သာတခရိုင်အတွင်း လမ်းခင်းကျောက်ကို ဒေသတွင်း သုံးစွဲရန် အတွက်သာ ထုတ်လုပ်ခဲ့ပြီး စီးပွားဖြစ် ထုတ်လုပ်မှု မရှိသောကြောင့် ဖြစ်ပါသည်။

၄၈၃။ **စက်မှုလက်မှုကဏ္ဍ။** နိုင်ငံပိုင်စက်ရုံများဖြစ်သည့် မအူပင်စက္ကူစက်ရုံ၊ ဂုန်လျှော် စက်ရုံ၊ ပုသိမ်မှန်စက်ရုံတို့ လည်ပတ်မှု ရပ်ဆိုင်းသွားခြင်း၊ အဆင့်မြင့် စက္ကူနှင့် ပျော့ဖတ် ရည်မှန်းချက် ၂၀၀၇၀ မက်ထရစ်တန် အပေါ် ၅၉၀၂.၄ မက်ထရစ်တန်၊ သစ်မာခွဲသား ၁၃၂၀၀ ကုဗတန်အပေါ် ၅၇၁၅ ကုဗတန် ထုတ်လုပ်ခဲ့ခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်း ကြိတ်ခွဲမှု လျော့နည်းခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ဆားကြမ်းနှင့်ဆားချော ထုတ်လုပ်မှုမှာ လည်း ဆားဈေးနှုန်းများ ကျဆင်းမှုကြောင့် လျော့နည်းခဲ့ခြင်း၊ သစ်ခွဲစက်များမှာလည်း ပိတ်ထားရခြင်း၊ ဖုန်ပြင်ပ စက်မှုလက်မှု လုပ်ငန်းများမှာလည်း ရေကြီးနစ်မြုပ်မှုကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့ရခြင်း ဖြစ်ပါသည်။

၄၈၄။ **လျှပ်စစ်ဓာတ်အားကဏ္ဍ**။ ၂၃၀ကေဗွီ အသုတ်-ပုသိမ် ဓာတ်အားလိုင်း စီမံကိန်း (၅၀)မိုင်၊ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀အမ်ဗွီအေ အသုတ်ဓာတ်အားခွဲရုံ၊ ကေဗွီမြောင်းတကာ-လှိုင်သာယာ-ရေကြည် ဓာတ်အားလိုင်း၊ စီမံကိန်းတို့ကို တည်ဆောက်ခဲ့ခြင်းနှင့် လပွတ္တာ မြို့နယ်တွင် လေအားဖြင့်လျှပ်စစ် ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၄၈၅။ **ဆောက်လုပ်မှုကဏ္ဍ**။ ဖျာလိပ်ချောင်းတံတား၊ သုံးခွချောင်းတံတား၊ ကျုံကူ တံတား၊ သစ်ပုတ်ချောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင် အခန်းမှ လမ်း၊ တံတား၊ အဆောက်အဦး၊ ငါးကန်များ ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။

၄၈၆။ **ပို့ဆောင်ရေးကဏ္ဍ။** မြို့တွင်း ယာဉ်လိုင်း (၇၁)လိုင်းမှ မော်တော် ယာဉ် (၃၂၈)စီး၊ မြို့နယ်တွင်းယာဉ်လိုင်း(၅၄)လိုင်းမှ မော်တော် ယာဉ် (၂၁၉) စီး၊ တိုင်းတွင်း ယာဉ်လိုင်း (၆၅)လိုင်းမှ မော်တော် ယာဉ် (၂၁၂)စီး၊ တိုင်းကျော် ယာဉ်လိုင်း(၄၂)လိုင်းမှ မော်တော ယာဉ်(၅၁၃)စီး၊ အခြားပြည်နယ်တိုင်းများမှ ယာဉ်လိုင်း(၁၅)လိုင်း မော်တော်ယာဉ် (၁၀၆)စီး ဖြင့် ပြေးဆွဲခဲ့ပါသည်။ မြန်မာ့မီးရထား အမှတ်(၉)တိုင်း၊ နယ်မြေအတွင်း အမြန်ရထား (၂)စင်း၊ စာပို့ရထား(၂)စင်း၊ လူစီးကုန်တင် ရထား(၄)စင်း၊ ခရီးတိုရထား (၂)စင်းနှင့် RBEစာပို့(၈)စင်းပြေးဆွဲခဲ့ပါသည်။

၄၈၇။ **ပညာရေးကဏ္ဍ။** နှစ်စဉ်မြို့နယ်အလိုက် ကျောင်းအပ်နှံရေးနေ့များ သတ်မှတ်၍ ကျင်းပဆောင်ရွက်ခဲ့သဖြင့် အသက်(၅)နှစ်အောက်ပြည့်ပြီး ကလေးများ၏ သူငယ်တန်း ကျောင်းဝင်နှုန်းမှာ (၉၉.၁၃) ရာခိုင်နှုန်းအထိ တိုးတက်လာပါသည်။ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ အားလုံးကို ကျောင်းသုံးဖတ်စာအုပ် အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ် တစ်ဦးလျှင်(၆)အုပ်နှုန်းဖြင့် အခမဲ့ထောက်ပံ့ပေးခဲ့ပါသည်။ မူလတန်းမှ အလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ယူမှုနှုန်းမှာ (၈၇.၉၉)နှင့် လယ်ဆင့်မှ ထက်ဆင့်သို့ ကူးပြောင်း သင်ယူနှုန်းမှာ (၈၉.၅၃) ဖြစ်ပါသည်။ ကလေးဗဟိုပြုချဉ်းကပ် ပုံစံဖြင့် လေ့ကျင့် သင်ကြားရေး သင်တန်းများကို တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်အလိုက် နှစ်စဉ် ဖွင့်လှစ်ခဲ့ပါသည်။ ဥပမိရုပ်မကောင်းသော ကျောင်းဆောင်များမွမ်းမံ အသစ်ဆောက်လုပ်ရေး၊ တိုးချဲ့ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ မူလတန်းအဆင့် အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ကျောင်းများသို့ လုပ်ငန်းသုံးငွေ ထောက်ပံ့ပေးခြင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးကို မြို့နယ်ပေါင်း(၁၈)မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။

၄၈၈။ **ကျန်းမာရေးကဏ္ဍ။** မျိုးဆက်ပွားကျန်းမာရေးကို ကျန်းမာရေးဦးစီးဌာနနှင့် UNFPA ပူးပေါင်း၍ ပုသိမ်၊ ရေကြည်၊ ဟင်္သာတ၊ မြန်အောင်၊ ညောင်တုန်း၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မြောင်းမြ၊ လပွတ္တာ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ ငပုတော၊ သာပေါင်း၊ ဖျာပုံနှင့် ဘိုကလေး မြို့နယ်များတွင် ဆောင်ရွက်ခဲ့ပါသည်။


၄၈၉။ **သောက်သုံးရေရရှိမှု။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရေပေးရေးလုပ်ငန်းများကို ကျေးလက်တွင် တွင်းတိမ်(၁၇)တွင်း၊ တွင်းနက်(၁၈)တွင်း၊လက်တူးတွင်း(၅)တွင်း၊ အခြား(၇)ခု၊ ရေကန်(၃၄)ကန်၊ စုစုပေါင်း(၈၁)ခုကို ဆောင်ရွက်ခဲ့ပါသည်။

၄၉၀။ **ကျေးလက်မီးလင်းရေး။** ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် မဟာဓာတ်အားလိုင်းစနစ်မှ ကျေးရွာ (၄၈၇) ရွာကို လျှပ်စစ်ဓာတ်အားတပ်ဆင်ပြီး၊ ကျေးရွာပေါင်း (၁၁၉၃၅) ရွာ ရှိသည့် အနက် ဇီဝလောင်စာ ဖြင့်(၄)ရွာ၊ စပါးခွံလောင်စာဖြင့် (၅၈၁)ရွာ၊ ဒီဇယ်လောင်စာ ဖြင့် (၄၃၇၁)ရွာ၊ နေရောင်ခြည်ဖြင့်(၁၃၃)ရွာ၊ ဒီဇယ်ရေအား လျှပ်စစ်ဖြင့်(၂၁)ရွာ စုစုပေါင်း (၅၁၁၀)ရွာ၊ (၄၂.၈)ရာခိုင်နှုန်း မီးလင်းပြီး ဖြစ်ပါသည်။

၄၉၁။ **ခရီးသွားလုပ်ငန်း။** ချောင်းသာနှင့် ငွေဆောင်ကမ်းခြေ ဒေသများသည် နိုင်ငံခြားသားများ လာရောက်လည်ပတ်ရန် စိတ်ဝင်စားဖွယ် ဒေသဖြစ်သောကြောင့် ၄င်းဒေသနှင့် ဆက်စပ်ရာ ပုသိမ်မြို့တွင် နိုင်ငံခြားသားအဆင့် တည်းခိုနိုင်သော ဟိုတယ်၊ တည်းခိုခန်းများ ဆောင်ရွက်ခွင့် လိုင်စင်ကို ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနမှ ခွင့်ပြုထားပါသည်။

လက်ရှိလိုင်စင် ထုတ်ပေးသည့် ဟိုတယ်/တည်းခိုခန်းမှာ ပုသိမ်ဒေသ တွင်(၇)လုံး၊ ချောင်းသာကမ်းခြေဒေသ တွင်(၁၉)လုံး၊ ငွေဆောင်ကမ်းခြေ ဒေသတွင် (၂၁)လုံး ဖြစ်ပါသည်။ နိုင်ငံခြားသား ဧည့်သည်တည်းခိုမှု အနေဖြင့် ပုသိမ်ဒေသတွင် (၂၇၄၅)ဦး၊ ချောင်းသာကမ်းခြေဒေသတွင် (၁၃၈၃၅)ဦး၊ ငွေဆောင်ကမ်းခြေဒေသတွင် (၃၀၆၀၀)ဦးရှိခဲ့ပြီး၊ နိုင်ငံခြားသားဧည့်သည် တည်းခိုမှု တိုးတက်မှုနှုန်းမှာ ပုသိမ်နှင့် ချောင်းသာဒေသတွင် (၃၅)ရာခိုင်နှုန်း၊ ငွေဆောင်ဒေသတွင်(၄၀) ရာခိုင်နှုန်း ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာပြည်တွင်စပါးအများဆုံး စိုက်ပျိုးသော တိုင်းဒေသကြီး ဖြစ်၍ လယ်ယာကဏ္ဍသည် အဓိကကျသောကဏ္ဍဖြစ်ပါသည်။

၄၉၂။ **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး။** အနေဖြင့် ၂၀၁၂–၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၆၅၃၃၃၄၇.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့်၊ ရည်မှန်းချက် တန်ဖိုး ၆၅၉၂၉၆၀.၁ ကျပ်သန်း အပေါ် ၉၉.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်ခဲ့ပါသည်။ ၂၀၁၀–၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်း များအရ ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။




၄၉၃။ ဧရာဝတီတိုင်းဒေသကြီး၏ တိုင်းဒေသကြီးဘတ်ဂျက်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအပေါ် နှစ်ပတ်လည် ယာယီရငွေ၊ သုံးငွေ နှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ မတ်လကုန် |
|---|---|---|
| (က)ရငွေ | ၁၉၄၂၀.၇၆၇ | ၈၃၈၉၀.၄၂၉ |
| သာမန် | ၁၉၄၂၀.၇၆၇ | ၈၃၈၈၆.၃၅၆ |
| ငွေလုံးငွေရင်း | | ၄.၀၇၃ |
| ကြွေးမြီ | | |
| (ခ)သုံးငွေ | ၂၁၈၀၃.၁၂၃ | ၇၇၅၉၈.၅၈၀ |
| သာမန် | ၁၈၁၉၀.၁၇၂ | ၄၆၂၅၀.၂၀၃ |
| ငွေလုံးငွေရင်း | ၃၆၁၂.၉၅၁ | ၃၁၃၄၈.၃၇၇ |
| ကြွေးမြီ | | |
| (ဂ)ပိုငွေ(+)/လိုငွေ(-) | (-)၂၃၈၂.၃၅၆ | (+)၆၂၉၁.၈၄၉ |

## နေပြည်တော်ကောင်စီနယ်မြေ



| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ် မှ ၂၀ဒီဂရီ ၂၅ မိနစ် အတွင်း၊ အရှေ့ လောင်ဂျီတွဒ်၉၅ ဒီဂရီ ၉၆ မိနစ် မှ ၉၆ ဒီဂရီ ၄၅ မိနစ် အတွင်း |
| အကျယ်အဝန်း | = | (၁၇၄၃၈၄၄) ဧက၊ (၂၇၄၈.၆၁) စတုရန်းမိုင် |
| လူဦးရေ | = | ဦးရေ - ၁၁၆၄(ထောင်ပေါင်း) |
| မြို့တော် | = | နေပြည်တော် |
| ခရိုင် | = | (၂)ခရိုင်၊ဥတ္တရခရိုင်၊ဒက္ခိဏခရိုင် |
| မြို့နယ် | | (၈)မြို့နယ် |
| ထူးခြားအမှတ်အသား | = | ပြည်သူ့လွှတ်တော်အဆောက်အဦ ရေပန်းဥယျာဉ် |
| အဓိကစီးပွား | = | လယ်ယာ၊ဆောက်လုပ်ရေး၊ငွေရေးကြေးရေး |
| ဆက်စပ်သည့် ဒေသများ | = | မြောက်ဘက်တွင် – ရမည်းသင်းမြို့နယ် အရှေ့ဘက်တွင် –ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ တောင်ဘက်တွင် – သံတောင်မြို့နယ်၊ ရေတာရှည်မြို့နယ် အနောက်ဘက်တွင်–ဆင်ပေါင်ဝဲမြို့နယ် တောင်တွင်းကြီးမြို့နယ် |

၄၉၄။ လယ်ယာကဏ္ဍ။ နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီလယ်ယာမြေ စနစ်သည်တောင်သူများ အတွက်ဝင်ငွေတိုး စေခြင်း၊ နည်းပညာတိုးတက် စေခြင်းဖြင့် ဒေသ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေ ခဲ့ပါသည်။ အထွက်နှုန်းတိုးမြင့်စေရန်အတွက် ဟက်တာကွက်များ၊ ရေသွင်းရေနုတ် မြောင်းများ၊ ကုန်ထုတ်လမ်းများပါဝင်သော အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ခြင်း၊ မျိုးသန့်ဖုံများ ထူထောင်ခြင်း၊ ဈေးကွက်ဝင်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်း၊ ဓါတုကင်းလွတ် ဟင်းသီးဟင်းရွက်ဖုံများ ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးမှုအနေဖြင့် စပါး၊ အစေ့ထုတ် ပြောင်း၊ နေကြာ၊ မြေပဲ၊ မတ်ပဲ၊ သီးနှံများအတွက် မျိုးများကို လက်ပံတန်း မျိုးသန့် သုတေသနခြံမှရယူပြီး ဒေသတွင်းမြို့နယ်များရှိ တောင်သူများအား ဖြန့်ဖြူး စိုက်ပျိုးပေးခဲ့ပါသည်။

၄၉၅။ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရေအေးစံပြစိုက်ကွင်း၊ ပုဗ္ဗသီရိမြို့နယ်တွင် ညောင်ပင်ကြီးစုစံပြစိုက်ကွင်း၊ ပျဉ်းမနားမြို့နယ်တွင် မယ်ဇလီကုန်း စံပြစိုက် ကွင်း၊ လယ်ဝေးမြို့နယ်တွင် ဇောခိကုန်းစံပြစိုက်ကွင်း၊ ဒက္ခိဏသီရိမြို့နယ်တွင် ရန်အောင်မြင်စံပြစိုက်ကွင်း၊ ဇမ္ဗူသီရိမြို့နယ်တွင် တဲကြီး ကုန်းစံပြစိုက်ကွင်းတို့မှာ ဒေသတွင်း သာမက မြန်မာပြည်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လာရောက် လေ့လာ နေရသည့် စံပြစိုက်ခင်းဧရိယာများ ဖြစ်ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း တောင်သူလယ်သမားအများစု ပိုင်ဆိုင်သည့် လယ်ယာမြေများမှာ ဧကကွက်များ၊ ရေပေးမြောင်းများ၊ ကုန်ထုတ်လမ်းများ ပီပီပြင်ပြင် မရှိခြင်း တို့ကြောင့် နိုင်ငံတော်မှအဆင့်မြင့် လယ်ယာမြေများအား ခေတ်မီစက်ကြီးများဖြင့် ပြန်လည်ပြုပြင် ဖော်ထုတ်ပေးခဲ့ပါသည်။ နှစ်ကုန်အထိအဆင့်မြင့် လယ်ယာမြေဧက (၅၂၄၆) ဧက ဖော်ထုတ်ပြီး ဖြစ်ပါ သည်။

၄၉၆။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး စိုက်ပျိုးရန် နှစ်စဉ်စိုက်ပျိုးခဲ့သည့် ဧကအပေါ်အခြေခံ၍ ဧက(၂၀၂၈၆) လျာထား ခဲ့ပါသည်။ နွေစပါးအမှန်စိုက်ပျိုးသည့်ရာသီတွင် (၂၁၇၆၂)ဧကသာစိုက်ပျိုးနိုင်ပြီး (၇၅၂၄)ဧကလျော့နည်း ခဲ့ပါသည်။ နေပြည်တော် ကောင်စီနယ်မြေတွင် ၂၀၁၂ခုနှစ် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ရေလှောင်တမံများတွင် ရေဝင်ရောက်မှု နည်းပါးခဲ့သည့် အတွက်ကြောင့် ဖြစ်ပါသည်။

၄၉၇။ သားငါးကဏ္ဍ။ ကန်ကြီးမွေးမြူရေးဇုန်တွင် ဒေသနွား၊ နို့စားနွား၊ သိုး၊ ဆိတ်၊ အသားစားကြက် ရွှေမြို့မွေးမြူရေး ဇုန်တွင် ဒေသနွား၊ နို့စားနွား၊ အသားစားကြက်၊ ဥစားကြက်၊ ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်တွင် ဒေသနွား၊ ဝက်၊ အသားစားကြက်၊ မင်းပြင်မွေးမြူရေးဇုန်တွင် ဒေသနွား၊ ဆိတ်တို့ကို မွေးမြူထားရှိပြီး ဖြစ်ပါသည်။ မွေးမြူရေးဇုန် များ၌ ဒေသနွား(၄၃၇) ကောင်၊ နို့စားနွား (၃၇၀) ကောင်၊ ဝက် (၃၃၁) ကောင်၊ သိုး/ဆိတ် (၁၂၀၁) ကောင်၊ အသားစားကြက် (၃၀၅၀၀) ကောင်နှင့် ဥစားကြက် (၁၈၅၀၀) ကောင်တို့ကိုမွေးမြူထားလျက်ရှိပါသည်။ကျေးလက်ဒေသနှင့် ဆင်းရဲမှုလျော့ချရေး အစီအစဉ်အရ ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ တွင်နို့စားနွားကောင်ရေ(၅၀)မှ တစ်နေ့လျှင်နို့ပိဿာချိန် (၁၅၀)ထွက်ရှိပြီး ၎င်းနို့များကို မြစိမ်းရောင် နို့ပြုပြင်ရေးစက်ရုံသို့ ရောင်းချလျက်ရှိပါသည်။ ထို့ပြင်ဝန်ကြီးဌာနအစီအစဉ်ဖြင့် မွေးမြူရေးလုပ်ငန်း ရှင်များသို့ နို့စားနွားများ ဝယ်ယူရန် ရင်းနှီးမတည်ငွေ (အတိုးမပါ) ထုတ်ချေးခဲ့ပါသည်။ ရွှေမြို့မွေးမြူရေး ဇုန်တွင် နန်းဝေ နို့မှုန့်စက်ရုံ တည်ထောင်ထားပြီး နေ့စဉ်နို့မှုန့်ပိဿာ(၆၀) ထုတ်လုပ် ခဲ့ပါသည်။

၄၉၈။ **သစ်တောကဏ္ဍ**။ နေပြည်တော်အထူးစိမ်းလန်းစိုပြေရေး အတွက် ဓမ္မတာမျိုးဆက်ခြင်း ကို(၈၁၀)ဧက စိုက်ပျိုးနိုင်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ဧက (၁၈၇)ဧက၊ တစ်အုပ်တစ်မ စိုက်ခင်း အတွက်(၃၂)ဧက၊ ရေဝေရေလဲ စိုက်ပျိုးခြင်း(၂၀၀) ဧကစိုက်ပျိုး နိုင်ခဲ့ ပါသည်။ သဘာဝတောထိန်းသိမ်းခြင်းအတွက် (၁၈၃၀၀)ဧကစိုက်ပျိုးနိုင်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းချုပ်ရေးအတွက် အသိပညာပေးဟောပြောပွဲ ၊ လက်ကမ်းကြော်ငြာ ဖြန့်ဝေခြင်း၊ အသိ ပေးဆိုင်းဘုတ်များ စိုက်ထူခြင်းကို ပြုလုပ်ခဲ့ပါသည်။

၄၉၉။ **စက်မှုလက်မှုကဏ္ဍ။** စက်မှုလက်မှု ကဏ္ဍအနေဖြင့် နေပြည်တော်ကောင်စီ နယ်မြေတွင် နိုင်ငံပိုင်မြန်မာ့သစ်လုပ်ငန်းမှ သစ်စက်(၇)စက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေး ရှင်းမှ သကြားစက်ရုံ(၂)ရုံ၊ ရေသန့်စက်ရုံတို့၏ ထုတ်လုပ်မှုမှာလည်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဘိလပ်မြေစက်ရုံ၊ အုတ်စက်ရုံ(၂)ရုံ၊ မက်စ်မြန်မာကုမ္ပဏီမှ ဘိလပ်မြေစက်ရုံ၊ ယုဇနကုမ္ပဏီလီမိတက်မှ သကြား စက်ရုံများနှင့် အခြားစက်မှုလက်မှု လုပ်ငန်းများလည်း လျှာထားချက်ထက် ကျော်လွန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၅၀၀။ **ဆောက်လုပ်မှုကဏ္ဍ**။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နေပြည်တော်ကောင်စီ နယ်မြေအတွင်းတွင် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း၊နေပြည်တော် - တောင်ညို - မြို့သစ် - ကံပြား (မကွေးလမ်း)၊ နေပြည်တော်-တောင်ညို-ချောင်းနက်လမ်း၊ မွန်းတည့်ခွင်-ကျည်တောင် - ခေါမ (နေပြည်တော်ပတ်လမ်း)၊ ကင်းသာ-ကိုးကွေ့-လိန်းလီ (ပင်လောင်း လမ်း)၊ စမတောင်တော် အဝင်လမ်း၊ ကမ္ဘာ့းနီ-သဲဖြူလမ်း (စကခ (၆)အဝင်လမ်း) လုပ်ငန်း များ၊ ဆည်မြောင်းဦးစီးဌာနမှ ပေါင်းလောင်း ရေလှောင် တမံနှင့် ရေလွှဲဆည်၊ မဒန်း ရေလှောင်တမံစီမံကိန်း၊ ချောင်းမငယ်ရေလှောင် တမံစီမံကိန်း ဖောင်းလောင်ရေလှောင် တမံစီမံကိန်း၊ ကရင်ချောင်း ရေလှောင်တမံ စီမံကိန်း၊ ကြခတ်ရေလွှဲဆည် တည်ဆောက်ခြင်း၊ ဝက္ကမူရာဘာရေလွှဲဆည် တည်ဆောက်ခြင်းတို့ကို တည်ဆောက်ခဲ့ပါသည်။ အထူးဖွံ့ဖြိုးရေး စီမံကိန်းမှ တည်ဆောက်ရေး လုပ်ငန်းများအတွက် (၅၉.၇)ဘီလီယံ ဆောင်ရွက်ခဲ့ပါသည်။

၅၀၁။ **ပို့ဆောင်ရေးကဏ္ဍ**။ ပုဂ္ဂလိက ပို့ဆောင်ရေး လုပ်ငန်းများ တိုးတက်လာပြီး နေပြည်တော်အခြေပြု ယာဉ်လိုင်း အသင်း(၁၆)သင်း၊ အခြားဒေသ အခြေစိုက် ယာဉ်လိုင်း အသင်း (၄၅) သင်း တိုင်းဒေသကြီး (၃၂)မြို့သို့ ကွန်ယက်သဖွယ် ပြေးဆွဲ ဆောင်ရွက်ခဲ့ ပါသည်။

၅၀၂။ **ဆက်သွယ်ရေးကဏ္ဍ**။ ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပမည့် နေရာများနှင့် နိုင်ငံတော် ဧည့်ဂေဟာ အတွက် လိုင်း(၄၀၀၀)တပ်ဆင်နိုင်ရန် နှင့်

ကျေးလက်တယ်လီဖုန်းလိုင်း(၂၅၀) တို့ကို တိုးချဲ့ ဆောင်ရွက်လျှက် ရှိပါသည်။ ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် Wifi နှင့်Two Way Digital Trunking Radio စနစ် တပ်ဆင်ရန် ဆောင်ရွက်လျှက်ရှိပါသည်။

၅၀၃။ **ငွေရေးကြေးရေးကဏ္ဍ**။ ပုဂ္ဂလိကဘဏ်များဖြစ်သော ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အသေးစားနှင့်အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ထွန်းဖောင်းဒေးရှင်းဘဏ်၊ ဧရာဝတီဘဏ်၊ အာရှစိမ်းလန်း ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ ရှေ့ဆောင်ဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ် တို့ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ယခင် ပုဂ္ဂလိကဘဏ်များအပြင် တပ်ကုန်းမြို့နယ် မြန်မာ့ရှေ့ဆောင် ဘဏ်၊ ပျဉ်းမနားမြို့နယ် ကမ္ဘောဇ ဘဏ်၊ ပုဗ္ဗသီရိမြို့နယ် ကမ္ဘောဇဘဏ်၊ ဇမ္ဗူသီရိမြို့နယ် ကမ္ဘောဇ ဘဏ်၊ လယ်ဝေးမြို့နယ် ကမ္ဘောဇ ဘဏ် တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပါသည်။

၅၀၄။ **ပညာရေးကဏ္ဍ**။ အထက်တန်း ကျောင်း (၃၇)ကျောင်း၊ ကျောင်းခွဲ(၁၄)ကျောင်း၊ အလယ်တန်းကျောင်း(၃၈) ကျောင်း၊ ကျောင်းခွဲ(၂၀)၊ မူလ တန်းကျောင်း (၅၄၂)ကျောင်း၊ မူလတန်းကြိုကျောင်း(၁၆) ကျောင်းနှင့် ပုဂ္ဂလိကကျောင်း (၄)ကျောင်း တို့ဖွင့်လှစ် ထားရှိပြီး တက္ကသိုလ်များအနေဖြင့် စိုက်ပျိုးရေးတက္ကသိုလ် (၁)ကျောင်း၊ မွေးမြူရေးနှင့် ကုသရေး တက္ကသိုလ်(၁)ကျောင်း၊ သစ်တောတက္ကသိုလ်(၁)ကျောင်း၊ စိုက်ပျိုးရေး သိပ္ပံ(၁)ကျောင်း ဖွင့်လှစ်ထားရှိပြီး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ အခြေခံပညာကျောင်းများ၏ ဥပဓိရုပ် ကောင်းမွန်ရေးအတွက် ကျောင်း(၄၇)ကျောင်းတွင် ကျောင်းဆောင်သစ်များ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေး ခဲ့ပါသည်။


၅၀၅။ **ကျန်းမာရေးကဏ္ဍ**။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အစိုးရဆေးရုံ (၁၂)ရုံ၊ ပုဂ္ဂလိကဆေးရုံ (၁၁)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန(၂၄)ခု၊ ကျေးလက် ကျန်းမာရေး ဌာနခွဲ(၁၁၈)ခု၊ တိုင်းရင်း ဆေးခန်း(၅)ခု၊ ပုဂ္ဂလိက ဆေးခန်း(၁၁၇)ခု ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။

၅၀၆။ **အားကစား ကဏ္ဍ**။ ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အတွက် ဇမ္ဗူမြို့နယ်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် အားကစားရွာ၊ ဇေယျာသီရိမြို့နယ် တွင် ဇေယျာသီရိ အားကစားကွင်း၊ လယ်ဝေး မြို့နယ်တွင် အားကစား လေ့ကျင့်ရေးစင်တာ ဖွင့်လှစ်၍ တိုက်ဂွမ်ဒို၊ ကျွမ်းဘား၊ ပေးခုန်ပြစ် စသည့်အားကစားနည်းများ စခန်းသွင်း လေ့ကျင့်ပေး ခဲ့ပါသည်။

၅၀၇။ **ကျေးလက်မီးလင်းရေး။** နေပြည်တော်ကောင်စီ အစီအစဉ်ဖြင့် ၇၈ရွာ၊ ဒီဇယ်စက်ဖြင့် ၃၄၂ရွာ၊ စပါးခွံသုံး စက်ဖြင့် ၁၀ရွာ၊ ဆိုလာစနစ်ဖြင့် ၂ရွာ၊ အသေးစား ရေအားလျှပ်စစ် ၂ရွာ၊ ဇီဝလောင်စာ စက်ဖြင့် ၂ ရွာ စုစုပေါင်း ၄၃၆ ရွာ၊ စုစုပေါင်းကျေးရွာ၏ ၅၄.၆ ရာခိုင်နှုန်း မီးလင်းအောင် ဆောင်ရွက် ပြီးခဲ့ပြီး ဖြစ်ပါသည်။

၅၀၈။ ၂၀၁၃ခုနှစ်ဇွန်လတွင် ကျင်းပမည့်ကမ္ဘာ့စီးပွားရေးဖိုရမ်၊ ၂၀၁၃ခုနှစ်ဒီဇင်ဘာလတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပွဲတော်နှင့် ၂၀၁၄ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သောကြောင့် ပြည်တွင်းပြည်ပမှလာရောက်မည့် ခရီးသွား ဧည့်သည်များ တည်းခိုနိုင်ရေး အတွက် ဟိုတယ်အခန်းများ တိုးချဲ့တည်ဆောက် ဆောင်ရွက် လျက်ရှိပါသည်။ လက်ရှိအခြေအနေတွင် ဇေယျာသီရိတွင်ဟိုတယ်(၁)လုံး၊ ပုဗ္ဗ သီရိမြို့နယ် တွင်မိုတယ်(၅)လုံး၊ ဥတ္တရသီရိမြို့နယ်တွင် ဟိုတယ်(၄)လုံး၊ ဒက္ခိဏသီရိမြို့နယ်တွင်ဟိုတယ် (၂၁) လုံးစုစုပေါင်း ဟိုတယ်(၃၁)လုံးရှိသည့်အနက် (၂၅)လုံးမှာ လုပ်ငန်းလည်ပတ် နေပြီး၊ ဟိုတယ်(၆) လုံးမှာပြုပြင် မွမ်းမံဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံ အနှံ့အပြားမှ နိုင်ငံ့တာဝန်ဖြင့် လာရောက်ကြသော ဝန်ထမ်းများနှင့် အများပြည်သူ သွားလာရေး အဆင်ပြေစွာ ဈေးနှုန်း သက်သာစွာ တည်းခိုနိုင်ရေးအတွက် ဇမ္ဗူသီရိမြို့နယ်တွင် စည်ပင် တည်းခိုရိပ်သာ (၁)လုံး ရှိပြီး အခန်းပေါင်း (၂၁၁၇)ခန်းဖြင့် ဝန်ဆောင်မှုပေးခဲ့ ပါသည်။

၅၀၉။ **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်း ရည်မှန်းချက်တွင် နေပြည်တော်ကောင်စီ နယ်မြေ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၆၀၁၁၀၃.၈** သန်း ရည်မှန်းထားပါသည်။၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ (ဧပြီလ မှ မတ်လ) အသားတင် ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် **၉၂၃၁၆၁.၄** သန်း ဖြစ်သဖြင့်၊ စီမံကိန်း ရည်မှန်းချက် အပေါ် **၁၅၃.၆** ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ပြီး၊ ယခင်နှစ်အပေါ်၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ **၁၄.၇** ရာခိုင်နှုန်း တိုးတက် ပါသည်။




၅၁၀။ နေပြည်တော်ကောင်စီ နယ်မြေ၏ ဘတ်ဂျက်မှာ ပြည်ထောင်စု ဘတ်ဂျက် အောက်တွင် ခွဲဝေကျခံသုံးစွဲပါသည်။

## အခန်း(၈)

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

၅၁၁။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရမှ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးပေး ဆောင်ရွက်လျက်ရှိရာတွင် စတုတ္ထအဆင့်ပြုပြင် ပြောင်းလဲမှုအဖြစ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှု ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက် ရှိပါသည်။ ပုဂ္ဂလိက ပြုပြင် ပြောင်းလဲရေးလုပ်ငန်းတွင်ပြည်သူတို့၏ဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံတော်၏ မြို့ပြကျေးလက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး အချိုးကျမျှတစွာ ဖွံ့ဖြိုး တိုးတက်ရေးကိုဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ခြင်းဖြင့်လည်းကောင်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြိုးပမ်း အကောင်အထည် ဖော်ကြပါသည်။

၅၁၂။ ရင်းနှီးမြှုပ်နှံမှုဟု ဆိုရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ တို့အရ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတွင် စက်မှု၊ လက်မှု နှင့် ဝန်ဆောင်မှုလုပ်ငန်းများထူထောင်၍ ရင်းနှီးမြှုပ်နှံခြင်းများပါဝင်ပါသည်။ အဆိုပါ လုပ်ငန်းများ အနေဖြင့် နိုင်ငံတော်အတွင်း နေရာဒေသစုံ၊ နယ်ပယ်ကဏ္ဍစုံတွင် ပုံစံစုံဖြင့် ပါဝင်နေပြီး ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မိသားစု ဝင်ငွေကို တိုးမြင့် စေကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများကို ဖွံ့ဖြိုးစေနိုင်ပါသည်။

၅၁၃။ လက်ရှိမြန်မာနိုင်ငံ စီးပွားရေးမှာ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမပိုင် အခန်း ကဏ္ဍနှင့် နိုင်ငံပိုင် အခန်းကဏ္ဍတို့၏ပါဝင်မှု အချိုးအစားအရ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင်ကဏ္ဍ ၉၁ ဒသမ ၇ ရာခိုင်နှုန်း၊ သမဝါယမကဏ္ဍ ၁ ဒသမ ၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင်ကဏ္ဍ ၇ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂလိက ကဏ္ဍ အချိုးအစားမှာ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး စုစုပေါင်းတွင် အများဆုံးဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုး တိုးတက်မှုအတွက်များစွာ အရေးပါသည်ကို တင်ပြအပ်ပါသည်။

၅၁၄။ နိုင်ငံ၏ တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့်အတူ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများသည်လည်း တိုးတက်များပြားလျက်ရှိပါ သည်။ ၁၉၉၅ ခုနှစ် ခန့် မှစ၍ စက်မှုဇုန်များ ဖွဲ့စည်း တည်ထောင်ခဲ့ရာ စက်မှုဇုန် ၁၈ ဇုန်ကို တည်ထောင်နိုင်ပြီး ပြည်သူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများ အချင်းချင်း ပူးပေါင်း၍ လုပ်ငန်း တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့်

သဘောတူ စာချုပ်ပုံစံ အမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိနေပြီ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုကို ရည်သန်လျက် စက်မှုလုပ်ငန်းများ တရှိန်ထိုး တိုးတက်စေရန် ထပ်မံ၍ ပြည်တွင်းစက်မှုဇုန် ၇ ဇုန်ကို လည်းကောင်း၊ ထားဝယ်အထူး စီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန် နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စသည့် အထူး စီးပွားရေးဇုန် ၃ ဇုန်ကိုလည်းကောင်း တည်ဆောက်၍ နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးရေး မှသည် အာဆီယံနှင့် အရှေ့အာရှ ဒေသဆိုင်ရာ ပေါင်းစပ် ယှက်နွယ်ရေးကွန်ယက်ကိုအားဖြည့်ရန် ဆောင်ရွက်လျက်ရှိသည့်နည်းတူ မန္တလေးတိုင်း ဒေသကြီးတွင် ဆီမီးခုံနှင့် မြို့သာစက်မှုဥယျာဉ်များ တည်ဆောက်နေသည့် အတွက် ပုဂ္ဂလိက ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်မည် ဖြစ်ပါသည်။

၅၁၅။ တည်ထောင်ပြီး စက်မှုဇုန် ၁၈ ဇုန်၏ စုစုပေါင်းအကျယ်အဝန်းမှာ ၁၁,၂၇၈.၇၃၈ ဧကရှိပြီး၊ စက်ရုံအရေအတွက် ၉,၃၈၇ ရုံနှင့်အလုပ်သမားဦးရေ ၁၂၆,၃၀၆ ဦးတို့ဖြင့် လုပ်ငန်း အမျိုးမျိုးကို လုပ်ကိုင်လျက်ရှိပါသည်။ အသေးစိတ်ဇယားဖြင့် အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်-

**စက်မှုဇုန် တည်ထောင်မှု၊ ဖွံ့စည်းဆောင်ရွက်မှု၊ လုပ်ငန်းရှင်များနှင့်လုပ်သားများအခြေအနေ**

| စဉ် | စက်မှုဇုန်အမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | စက်ရုံ အရေအတွက် (ရုံ) | လုပ်ငန်းရှင် အရေအတွက် (ဦး) | လုပ်ငန်း အမျိုး အစား | အလုပ် သမား (ဦး) |
|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန်အရှေ့ ပိုင်းခရိုင် (ဇုန်ခွဲ-၁၀)ခု | | | | | | |
| | တောင်ဒဂုံ-၁ | ဒဂုံမြို့သစ် တောင်ပိုင်း မြို့နယ် | ၄၇၅.၃၇၄ | ၁၆၉ | ၁၆၉ | ၁၃ | ၁၁,၃၇၀ |
| | တောင်ဒဂုံ-၂ | ဒဂုံမြို့သစ် တောင်ပိုင်း မြို့နယ် | ၂၁၄.၀၀၀ | ၇၉၈ | ၇၉၈ | ၁၀ | ၁၇,၇၀၂ |
| | တောင်ဒဂုံ-၃ | အမှတ် (၆၄) ရပ်ကွက်၊ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် | ၅၃.၃၁၆ | ၁,၅၀၉ | ၁,၅၀၉ | ၈ | ၆,၃၉၉ |
| | ဒဂုံဆိပ်ကမ်း | ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် | ၁၂၀၈.၆၉၅ | ၁၀၂ | ၁၀၂ | ၉ | ၅,၈၁၁ |
| | ဒဂုံအရှေ့ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၇၈၄.၀၀၀ | ၄၀ | ၄၀ | ၆ | ၂,၇၁၈ |
| | ရွှေပေါက်ကံ | ရွှေပေါက်ကံ မြို့နယ် | ၉၄.၆၄၀ | ၂၄၄ | ၂၄၄ | ၈ | ၇,၀၄၂ |

| စဉ် | စက်မှုဇုန်အမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | စက်ရုံ အရေအတွက် (ရုံ) | လုပ်ငန်းရှင် အရေအတွက် (ဦး) | လုပ်ငန်း အမျိုး အစား | အလုပ် သမား (ဦး) |
|---|---|---|---|---|---|---|---|
| | မြောက်ဥက္ကလာပ | မြောက်ဥက္ကလာပမြို့နယ် | ၁၀၉.၇၈၉ | ၉၂ | ၉၂ | ၁၃ | ၃၁၁ |
| | တောင်ဥက္က လာပ | (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၃၅.၀၀၀ | ၁၃၀ | ၁၃၀ | ၁၀ | ၁,၂၂၃ |
| | သာကေတ | သာကေတ မြို့နယ် | ၂၀၀.၀၀၀ | ၁၃၄ | ၁၃၄ | ၁၁ | ၄,၃၈၉ |
| | ဒဂုံမြောက် | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၂၅.၀၀၀ | ၁၀၁ | ၁၀၁ | ၁၀ | ၁,၂၂၉ |
| | | | ၃၁၉၉.၈၁၄ | ၃၃၁၉ | ၃၃၁၉ | | ၅၈,၁၉၄ |
| ၂ | ရန်ကုန် အနောက်ပိုင်းခရိုင် | | | ၆၅၉ | ၆၅၉ | - | ၈,၃၈၉ |
| ၃ | ရန်ကုန် တောင်ပိုင်းခရိုင် | | | ၇၆ | ၇၆ | - | ၁,၁၃၄ |
| ၄ | ရန်ကုန်မြောက် ပိုင်းခရိုင် (ဇုန်ခွဲ-၃) ခု | | | ၇၆ | ၇၆ | - | ၁,၁၃၄ |
| | လှိုင်သာယာ | လှိုင်သာယာ မြို့နယ် | ၁၄၀၁.၀၀၀ | ၅၁၈ | ၅၁၈ | ၉ | ၂,၄၈၇ |
| | ရွှေပြည်သာ | ရွှေပြည်သာ | ၈၅၁.၂၈၄ | ၁၀၁ | ၁၀၁ | ၉ | ၉,၁၀၀ |
| | မင်္ဂလာဒုံ | အမှတ် (၃) လမ်းမကြီး နှင့်ခရေပင် လမ်းထောင့်၊ မင်္ဂလာဒုံ မြို့.နယ် | ၁၈၄.၀၀၀ | ၅ | ၅ | ၂ | ၈,၉၉၉ |
| | | | ၂၄၃၆.၂၉၄ | ၆၂၄ | ၆၂၄ | | ၂၀,၅၈၆ |
| ၅ | မော်လမြိုင် | ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာ၊ ခရုံကဂုတ်ကွင်း၊ ကွင်းအမှတ်(၃၈၆) | ၁၇၁,၀၄၀ | ၁၆၄ | ၁၆၄ | ၉ | ၁,၀၉၂ |
| ၆ | တောင်ကြီး (အေးသာယာ) | တောင်ကြီးမြို့အနောက်တောင်ဘက်၊အေးသာယာမြို့သစ်၏ တောင်ဘက်၁.၅ | ၉၀၂,၀၀၀ | ၆၀၅ | ၆၀၅ | ၁၂ | ၄,၂၉၅ |

| စဉ် | စက်မှုဇုန်အမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | စက်ရုံ အရေအတွက် (ရုံ) | လုပ်ငန်းရှင် အရေအတွက် (ဦး) | လုပ်ငန်း အမျိုး အစား | အလုပ် သမား (ဦး) |
|---|---|---|---|---|---|---|---|
| | | မိုင်အကွာ၊အေးသာ ယာမြို့သစ်-ညောင် ရွှေမြို့ကားလမ်း မကြီးဘေး | | | | | |
| ၇ | မုံရွာ | မုံရွာမြို့ | ၃၆၅,၃၄၀ | ၆၀၆ | ၆၀၆ | ၁၀ | ၂,၉၆၀ |
| ၈ | ကလေး | ကလေးမြို့ စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့ မှ (၇)မိုင် အကွာ ကလေး-ဖလမ်း- တီးတိန် ကားလမ်းမအနီး | ၁၆၇,၂၈၀ | ၇၆ | ၇၆ | ၃ | ၃၁၈ |
| ၉ | ပခုက္ကူ | ပခုက္ကူမြို့အရှေ့ မြောက် ဘက် (၄) မိုင်အကွာ၊ပခုက္ကူ- ရေစကြိုကား လမ်းဝဲယာ | ၃၇၈,၈၀၀ | ၂၇၉ | ၂၇၉ | ၉ | ၁,၀၇၄ |
| ၁၀ | ရေနံချောင်း | မကွေးတိုင်းဒေသ ကြီး၊မကွေးခရိုင်၊ ရေနံချောင်း မြို့နယ်၊ သုံးဆယ့်ခြောက် ကျေးရွာ အုပ်စု၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီး ဘေး ဝဲ/ယာ | ၁၇၁,၇၁၀ | ၁၂၁ | ၁၂၁ | - | ၄၈၄ |
| ၁၁ | မန္တလေး | မန္တလေးမြို့၊ မန္တလေးတိုင်း ဒေသကြီး | ၁,၂၃၉.၃၃၀ | ၁,၁၅၄ | ၁,၁၅၄ | ၁၁ | ၁၁,၇၈၃ |
| ၁၂ | မြင်းခြံ | အမှတ်(၁၉) ရပ် ကွက်၊ မြင်းခြံ- ရန်ကုန် ကား လမ်းမကြီးဘေး | ၁၆၃.၅၉၀ | ၃၃၃ | ၃၃၃ | ၁၁ | ၁,၅၃၄ |
| ၁၃ | မိတ္ထီလာ | မိတ္ထီလာမြို့ မန္တလေးတိုင်း | ၃၈၅.၄၅၀ | ၄၂၉ | ၄၂၉ | ၉ | ၂,၃၇၇ |

| စဉ် | စက်မှုဇုန်အမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | စက်ရုံ အရေအတွက် (ရုံ) | လုပ်ငန်းရှင် အရေအတွက် (ဦး) | လုပ်ငန်း အမျိုးအစား | အလုပ်သမား (ဦး) |
|---|---|---|---|---|---|---|---|
| | | ဒေသကြီး | | | | | |
| ၁၄ | ပြည် | ပြည်မြို့ ပဲခူးတိုင်း ဒေသကြီး | ၁၂၀.၉၂၀ | ၁၃၂ | ၁၃၂ | ၁၂ | ၆၉၀ |
| ၁၅ | မြောင်းမြ | မြရတနာစက်မှု ဇုန် အမှတ် (၁) ကွယ်လွယ်မြဟေမာ စက်မှုဇုန် အမှတ် (၂) | ၁၀၈.၆၉၀ | ၃၇ | ၃၇ | ၅ | ၅၇၈ |
| ၁၆ | ပုသိမ် | ပုသိမ်မြို့ ဧရာဝတီတိုင်း ဒေသကြီး | ၁၅၀.၀၀၀ | ၃၅၉ | ၃၅၉ | - | ၂,၉၂၇ |
| ၁၇ | ဟင်္သာတ | ဟင်္သာတမြို့ ဧရာဝတီတိုင်း ဒေသကြီး | ၁၀၀၀.၀၀၀ | ၃၈၄ | ၃၈၄ | - | ၁,၅၁၈ |
| ၁၈ | မြိတ် | အင်းလေးမြိုင် စက်မှုဇုန်၊မြိတ် တောင်နယ်မြေ၊ မြိတ်မြို့ | ၃၁၈.၄၈၀ | ၃၀ | ၃၀ | ၆ | ၆,၃၇၃ |
| | | စုစုပေါင်း | ၁၁,၂၇၈.၇၃၈ | ၉၃၈၇ | ၉၃၈၇ | | ၁၂၆,၃၀၆ |

ဇစ်မြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၅၁၆။ ၂၀၁၃ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လုပ်ငန်းသဘာဝအရ အစိုးရ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအား လက်ရှိတည်ဆဲ လုပ်ငန်းများ (Existing Projects) ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်း အမေရိကန် ဒေါ်လာ ၃၂၀၈၉.၁၅၈ သန်းအပေါ် အခြေခံ၍ လေ့လာလျှင် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းသည့် လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၆၉၁.၆၄၂ သန်း(၈၉.၄၂%) ဖြစ်ပြီး၊ ပုဂ္ဂလိက သီးသန့်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၉၇.၅၁၆ သန်း(၁၀.၅၈%)ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းသည့် လုပ်ငန်း များမှာ PSC, BOT , IPP များဖြစ်၍ ယင်းလုပ်ငန်းများသည် ပုဂ္ဂလိကပိုင်း၏ ရင်းနှီးမြှုပ်နှံမှုများပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု၌ နိုင်ငံပိုင် အဖွဲ့အစည်း

များနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ (အမေရိကန်ဒေါ်လာ ၂၈၁၈.၉၃ သန်း အပါအဝင်) ကျပ် ၂၈၂၀၄၃၆.၆၇ သန်းဖြစ်ပါသည်။ ယင်းအနက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ပါဝင်မှုမှာ (အမေရိကန်ဒေါ်လာ ၁၄၃၃.၀၁ သန်းအပါအဝင်)ကျပ် ၁၈၉၇၉၅၁.၀၀ သန်းဖြစ်၍ ၆၇.၂၉ % ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် အရေးပါသော အနေအထားတွင် ရပ်တည်နေသည်ကို တွေ့နိုင်ပါသည်။

၅၁၇။ နိုင်ငံခြားနှင့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအရအလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခြေအနေမှာရင်းနှီးမြှုပ်နှံမှု ကဏ္ဍအလိုက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းများ၏**
**၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်မှု**
**(ကဏ္ဍအလိုက်)**

| စဉ် | ကဏ္ဍ | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | |
|---|---|---|---|---|---|
| | | FIL | MCIL | FIL | MCIL |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | စက်မှုကဏ္ဍ | ၆၂၈၇ | ၉၉၄၂ | ၅၉၅၂၇ | ၁၃၃၉၅ |
| ၂ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၅၀၀ | | ၇၀ | ၅၅ |
| ၃ | ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ | | | | |
| ၄ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | | ၅၇ | ၄၅၀ | ၄၃၉ |
| ၅ | သတ္တုတွင်းကဏ္ဍ | ၂၇ | | ၄၀၀ | |
| ၆ | အခြားဝန်ဆောင်မှုကဏ္ဍ | | | ၉၄၄ | ၃၃၂ |
| ၇ | စိုက်ပျိုးရေးကဏ္ဍ | | | ၈၁၅ | |
| ၈ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | | | ၂၀၆ | ၈၅၄ |
| ၉ | အိမ်ယာအဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှု လုပ်ငန်း | | ၃၈၈၁ | | ၂၀၂ |
| ၁၀ | သယ်ယူပို့ဆောင်ရေး လုပ်ငန်း | | ၂၁၇ | | ၁၇၉၁ |
| ၁၁ | စက်မှုဇုန် တည်ဆောက်မှု လုပ်ငန်း | | | | ၁၂၂ |
| ၁၂ | ဆောက်လုပ်ရေးလုပ်ငန်း | | ၁၇၆၂ | | ၃၄၈ |
| | စုစုပေါင်း | ၆၉၁၄ | ၁၅၈၅၉ | ၆၂၄၁၂ | ၁၇၆၉၈ |

၅၁၈။ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်ခြင်းနှင့် အလုပ်အကိုင် ဖန်တီးမှုကို တိုးတက်အောင် ဆောင်ရွက်သော်လည်း မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီး အကန့်အသတ်ရှိခြင်း၊ ငွေကြေး အထောက်အပံ့မရရှိခြင်း၊ အတိုးနှုန်း သက်သာသည့် ချေးငွေအစီအစဉ် အားနည်းခြင်း၊ အရည်အချင်း ပြည့်မီသည့် လုပ်သားအင်အားအလုံအလောက် မရှိခြင်း၊ ခေတ်မီ နည်းပညာများ အသုံးမပြုနိုင်ခြင်း၊ ဈေးကွက် ထိုးဖောက်နိုင်စွမ်းမရှိခြင်း၊ နည်းပညာဈေးနှုန်းတို့ နှင့်ပတ်သက်၍ သတင်းအချက် အလက်များ လုံလောက်စွာ မရရှိခြင်း၊ အချိန်မီသိရှိအောင်ဆောင်ရွက်မှု အစီအမံများနည်းခြင်း၊ လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် သွင်းအားစုများ ရရှိရန်ခက်ခဲခြင်း၊ ထုတ်ကုန်ပစ္စည်း ဖြန့်ဖြူးရေးအပိုင်းတွင် ခက်ခဲမှုရှိခြင်း၊ ဈေးကွက်သတင်းအချက်အလက်နှင့်ဈေးကွက်ရရှိမှု အခက်အခဲရှိခြင်း၊ သယ်ယူပို့ဆောင်ရေး စရိတ်ကြီးမြင့်ခြင်း၊ လမ်းပန်း ဆက်သွယ်မှု၊ လျှပ်စစ် ဓာတ်အား၊ ရေရရှိမှု စသည့် အခြေခံ အဆောက်အဦ ပြည့်စုံမှုမရှိခြင်းစသည့် အချက်များမှာ မိမိတို့၏ ပုဂ္ဂလိက လုပ်ငန်းဖွံ့ဖြိုးရေးတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများဖြစ်ပါသည်။

၅၁၉။ သို့ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအများတွင် ဆောင်ရွက်နေကြသည့် လုပ်ငန်းစဉ်များဖြစ်သည့် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ တိုးတက်ရန်၊ သတင်းအချက်အလက်ရရှိမှုနှင့် ၄င်းကို အထောက်အကူ ပြုမည့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်၊ ငွေရေးကြေးရေးရရှိမှု အဆင်ပြေစေရန်၊ နည်းပညာနှင့် တီထွင်နိုင်မှုစွမ်းအား တိုးတက်စေရန်၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုချဉ်းကပ် နိုင်ရန်၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်စသည်တို့ကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

၅၂၀။ မြန်မာနိုင်ငံတွင် စီးပွားရေး ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ ပြည်နယ်တိုင်းဒေသကြီးများ၌အဆိုပါ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မည့် ပတ်ဝန်းကျင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်း အဖွဲ့များမှာ-

(က) ရေကြောင်းကုန်စည်ပို့ဆောင်ရေးဖွံ့ဖြိုးမှု

(ခ) လေကြောင်းကုန်စည်ပို့ဆောင်ရေးဖွံ့ဖြိုးမှု

(ဂ) အကောက်ခွန်နှင့်ဆိပ်ကမ်းရှင်းလင်းရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှု

(ဃ) ကုန်းကြောင်းကုန်စည်ပို့ဆောင်မှုလုပ်ငန်းဖွံ့ဖြိုးမှု

(င) ပို့ဆောင်ရေးအခန်းကဏ္ဍဖွံ့ဖြိုးမှု

(စ) သစ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

(ဆ) လျှပ်စစ်နှင့်အီလက်ထရွန်းနစ်လုပ်ငန်းအဖွဲ့

(ဓ) သံနှင့်သံမဏိလုပ်ငန်းအဖွဲ့
(ဈ) ဓာတုဗေဒလုပ်ငန်းအဖွဲ့
(ည) စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအဖွဲ့
(ဋ) စားသောက်ကုန်လုပ်ငန်းစုအဖွဲ့
(ဌ) CMP လုပ်ငန်းစုအဖွဲ့
(ဍ) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
(၁) မတ်ပဲအဖွဲ့
(၂) ပဲတီစိမ်းအဖွဲ့
(၃) ပဲစဉ်းငုံ ၊ ကုလားပဲဖြူလုံးကြီးအဖွဲ့
(၄) အခြားပဲအစုအဖွဲ့
(၅) ပြောင်းအဖွဲ့
(၆) နှမ်းအဖွဲ့
(၇) ကုန်ချောအဖွဲ့
(၈) ရာဘာစိုက်ပျိုးထုတ်လုပ်မှုအဖွဲ့
(၉) ကြက်သွန်နီ၊ကြက်သွန်ဖြူ အဖွဲ့
(၁၀) သစ်သီးဝလံနှင့်ဟင်းသီး ဟင်းရွက်အဖွဲ့
(၁၁) ဆီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
(၁၂) ကြံနှင့်ကြံထွက်ပစ္စည်း
(၁၃) ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး
(၁၄) ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး
(၁၅) ဆန်စပါးကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး

၅၂၁။ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အရင်းအနှီး ရရှိနိုင်ရန်နှင့် ပုဂ္ဂလိက ကဏ္ဍ၏ တီထွင်နိုင်မှု စွမ်းရည်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်စေရန်တို့ကို အစီအစဉ်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ငွေကြေး စီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ တိုးတက်ကောင်းမွန်မှုရှိစေရန်နှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ငွေကြေးဆိုင်ရာ သိနားလည်မှု စွမ်းရည်မြှင့် အစီအစဉ်များ ပြုလုပ်ပေးရန် တို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

၅၂၂။ ယခုအခါ နိုင်ငံတော်မှလည်း စားသုံးသူပြည်သူများ အကာအကွယ်ပေးရေး ဥပဒေ (Consumer Protection Law)၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအကြား လွတ်လပ်စွာ ယှဉ်ပြိုင်

နိုင်ခွင့်အတွက် ယှဉ်ပြိုင်မှုဥပဒေများ (Competition Law) ကိုလည်း မူကြမ်းရေးဆွဲပြီး အတည်ပြု ပြဌာန်းရန်ရှိပါသည်။ အခွန်စနစ် ခေတ်မီ တိုးတက်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ထုံး လုပ်နည်းများအား ပြင်ဆင်မှုများ ဖြင့်ဖြေလျှော့ပေးခဲ့ပါသည်။

၅၂၃။ ဒေသဆိုင်ရာအဆင့်တွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း၏ ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား ချုပ်ဆိုသည့် လွတ်လပ်သော ကုန်သွယ်မှု ဒေသဆိုင်ရာ စာချုပ်များသည် ပုဂ္ဂလိကကဏ္ဍအတွက် အခွင့်အလမ်းကောင်းများ ရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေပါသည်။ သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် နိုင်ငံအများမှ ပိုမိုပူးပေါင်းပါဝင်လာခြင်းသည် ပုဂ္ဂလိကကဏ္ဍအား ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှု ကွန်ယက်တွင် ပါဝင်နိုင်သည့်အခွင့်အလမ်းအား ဖြစ်ပေါ်စေကြောင်း တင်ပြအပ်ပါသည်။

## အခန်း(၉)

## အထူးစီးပွားရေးဇုန်များနှင့် ဆောင်ရွက်မှုအခြေအနေ

၅၂၄။ မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့် ဆွဲဆောင်နိုင်ရေးအတွက် ယခင် ဥပဒေများ၊ မူဝါဒများကို ဖြေလျှော့မှုများပေးပြီး ပိုမို လုပ်သာကိုင်သာ ရရှိနိုင်သော အထူး စီးပွားရေးဇုန်များကို အကောင်အထည်ဖော်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ် အထူးစီးပွားရေးဇုန်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါအထူး စီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ် တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ကို စတင် အကောင်အထည်ဖော်လျက် ရှိပါသည်။

၅၂၅။ အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်မှာ ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေပြီးအလုပ်အကိုင် အခွင့်အလမ်းအသစ်များဖန်တီးရန် စက်မှု လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးကွန်ယက် လုပ်ငန်းများတည်ထောင်၍ ရင်းနှီးမြှုပ်နှံမှုများစီးဝင်ပြီး ကုန်သွယ်မှုများ ဖြစ်ထွန်းဖွံ့ဖြိုးစေခြင်း ဖြင့် နိုင်ငံတော်၏စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါသည်။

၅၂၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အထူးစီးပွားရေးဇုန်များ တည်ထောင် လုပ်ကိုင် ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေပြီး အထူးစီးပွားရေးဇုန် ဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်နိုင်စေရန်အတွက် နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၄ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၁/၂၀၁၁)ဖြင့် မြန်မာ အထူးစီးပွားရေး ဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်း အဖွဲ့တို့ကို ဖွဲ့စည်းခဲ့ ပါသည်။ ထို့ပြင် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်များတွင် စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အထူးစီးပွားရေးဇုန်များအလိုက် စီမံခန့်ခွဲမှု ကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။

၅၂၇။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့တွင် စုစုပေါင်း ၃၀ ဦး ပါဝင်ပြီး နိုင်ငံတော် သမ္မတသည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးသည် အတွင်းရေးမှူးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သည် တွဲဖက်အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်ထားပါသည်။

၅၂၈။ အဆိုပါ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၂)ဖြင့် ထပ်မံ

ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။ ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအရ ဒုတိယသမ္မတ ၂ သည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သည် ဒုတိယဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက် အတွင်းရေးမှူး အဖြစ် စုစုပေါင်း အဖွဲ့ဝင် ၁၄ ဦးပါဝင်ပါသည်။

**ထားဝယ်အထူးစီးပွားရေးဇုန်**

၅၂၉။ ထားဝယ်အထူးစီးပွားရေးဇုန်သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် တည်ရှိပြီး နယ်နိမိတ် ဧရိယာသည် ၂၀၄.၅၀၈၈၂၁၂ စတုရန်းကီလိုမီတာ ၅၀၅၃၅.၀၂၃၃ ဧက ဖြစ်ကြောင်း ၂၀၁၂ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ပြည်ထောင်စု အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၀/၂၀၁၂ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဧရိယာတွင် ရေဖြူမြို့နယ်မှ ၄၇၉၆၃.၄၉ ဧကနှင့် လောင်းလုံမြို့နယ် မှ ၂၅၇၁.၅၃ ဧကတို့ ပါဝင်ပါသည်။

၅၃၀။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈၀/၂၀၁၂ ဖြင့် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ အဆင့်မြင့် ကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင် အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီတွင် စုစုပေါင်း ၁၅ ဦးပါဝင်ပြီး ဒုတိယသမ္မတ သည် ဥက္ကဋ္ဌ၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သည် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။

၅၃၁။ ထားဝယ်အထူး စီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည် ဖော်ရေး ဆိုင်ရာ ဆပ်ကော်မတီ ၆ ရပ်မှာ-

(က) အခြေခံ အဆောက်အဦနှင့် တည်ဆောက်မှုလုပ်ငန်းများကဏ္ဍဆပ်ကော်မတီ၊

(ခ) စက်ရုံ၊အလုပ်ရုံနှင့်စီးပွားရေးလုပ်ငန်းများတည်ဆောက်ထူထောင်ရေးဆိုင်ရာ ကဏ္ဍဆပ်ကော်မတီ၊

(ဂ) လျှပ်စစ်နှင့် စွမ်းအင်လုပ်ငန်းများ ထူထောင်ရေးကဏ္ဍ ဆိုင်ရာ ဆပ်ကော်မတီ၊

(ဃ) ရပ်ရွာ ဒေသ လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကဏ္ဍ ဆပ်ကော်မတီ၊

(င) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာဆပ်ကော်မတီ၊

(စ) ငွေကြေးနှင့် ရန်ပုံငွေ ရှာဖွေစုစည်း ထူထောင်ရေး ကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ တို့ ဖြစ်ပါသည်။

## ထားဝယ်အထူးစီးပွားရေးဇုန်




### မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

၅၃၂။ ထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေး အတွက် ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံအစိုးရတို့သည် မြန်မာ-ထိုင်း ပူးတွဲ အဆင့်မြင့်ကော်မတီနှင့် မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းမှု ကော်မတီတို့ကို ဖွဲ့စည်းခဲ့ပြီး မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ၈-၁၁-၂၀၁၂ နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၁၄-၁၂-၂၀၁၂ နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော် (MICC)၌ လည်းကောင်း၊ တတိယအကြိမ် အစည်းအဝေးကို ၆-၃-၂၀၁၃ နေ့တွင် ထိုင်းနိုင်ငံ၊ ပတ္တရားမြို့၌ လည်းကောင်း ကျင်းပ၍ အကောင်အထည်ဖော်ရေးလုပ်ငန်းများ ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ထိုင်း-မြန်မာ ပူးပေါင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း ထိုင်း-မြန်မာ နှစ်နိုင်ငံ အကြား အောက်ပါ စာချုပ်၊ စာချွန်လွှာများ ကို လက်မှတ်ရေးထိုးခဲ့ပါသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန် နှင့် စီမံကိန်း ဆက်စပ်နယ်မြေ များတွင် ပြီးပြည့်စုံသော ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။)

(ခ) ထားဝယ် အထူးစီးပွားရေးဇုန် နှင့် ဆက်စပ် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပူးတွဲ ကော်မတီအဆင့် အလိုက် တည်ဆောက်ရေး အတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးတွဲကော်မတီအား ထူထောင်ခြင်းဆိုင်ရာ စာချွန်လွှာများ (၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။)

(ဂ) ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း ပူးတွဲကြေညာချက်လဲလှယ်ခြင်း (၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ဆောင်ရွက်ခဲ့ပါသည်။)

**ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ**

၅၃၃။ ထားဝယ်အထူးစီးပွားရေးဇုန်သည် ရင်းနှီးမှု ငွေကြေးပမာဏ (ခန့်မှန်းအဆင့်) အမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံ ခန့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုကို အပိုင်းလိုက် ဆောင်ရွက်သွားရန် Development Plan ကို ရေးဆွဲခဲ့ပါသည်။ ယင်းစီမံကိန်းလုပ်ငန်းသည် ငွေကြေးပမာဏများစွာ လိုအပ်သည့် အတွက် ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံသာမက စီမံကိန်းတွင် ဂျပန်နိုင်ငံ ပါဝင်လာနိုင်ရန်ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် အစီအစဉ်မှာ ပင်မကုမ္ပဏီ-၁ (Special Purpose Vehicle [SPV-1]) ကို ထိုင်းနိုင်ငံ တွင် ဖွဲ့စည်းမည်ဖြစ်ပြီး ပင်မကုမ္ပဏီ-၂ (Special Purpose Vehicle[SPV-2]) ကို မြန်မာနိုင်ငံတွင် ဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ပင်မကုမ္ပဏီ-၁ ကို ဖွဲ့စည်းရာ၌ ထိုင်းနိုင်ငံမှ Neighboring Countries Economic Development Cooperation Agency – NEDCA နှင့် မြန်မာနိုင်ငံမှ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန FERD တို့မှ ၅၀ % စီ အချိုးဖြင့် ဖွဲ့စည်းဆောင်ရွက်မည် ဖြစ်ပါသည်။ ယင်းအဖွဲ့အစည်း၂ ခုသည် Shareholder Agreement ကို လက်မှတ်ရေးထိုးမည်ဖြစ်ပြီး ကုမ္ပဏီဖွဲ့ပြီးသည်နှင့် Articles of Associations ကို ချုပ်ဆိုမည်ဖြစ်ပါသည်။ အလားတူပင် SPV-1 ၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ပေးမည့် SPV-2 ကို မြန်မာနိုင်ငံတွင် ဖွဲ့စည်း၍ အထူးပြုကုမ္ပဏီများ Special Purpose Companies (SPCs) ဖြစ်သည့် စီမံကိန်းအလိုက် ဆောင်ရွက်မည့် ကုမ္ပဏီများနှင့် တိုက်ရိုက် ထိတွေ့ဆောင်ရွက်မည် ဖြစ်ပါသည်။ SPV-2 သည် မြန်မာ-ထိုင်း ဖက်စပ်ကုမ္ပဏီခွဲ ဖြစ်ပြီး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများကို အဓိက ဆောင်ရွက်ပေးမည့် Operational Level ကုမ္ပဏီ ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ဖွဲ့စည်းမည့် SPV-1 သည်

နိုင်ငံခြားငွေကြေး ဈေးကွက်ရှာဖွေခြင်းအတွက် မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်မည့်ကုမ္ပဏီ ဖြစ်ပြီး SPV-2 သည် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများကို အဓိက ဆောင်ရွက်ပေးမည့် ကုမ္ပဏီ ဖြစ်ပါသည်။

၅၃၄။ ထားဝယ်အထူးစီးပွားရေးဇုန်အား အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) Phase 1 (ပထမ ၅ နှစ်အတွင်း)တွင် ကနဦးစီးပွားရေးလုပ်ငန်းများကို တည်ထောင်ရန် ဧက ၂၅၀၀ ရာခိုင်နှုန်းအားဖြင့် ၅ % သာ စတင်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများအများဆုံး ပေးနိုင်မည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ Small and Medium Industry/Light Industry ကို စတင် အကောင် အထည်ဖော်ဆောင်ရွက်ပြီး၊ ဆိပ်ကမ်းငယ် Small Port ကိုသာ တည်ဆောက်အသုံးပြုမည်ဖြစ်ပါသည်။

(ခ) Phase 2 (၆ နှစ်မှ ၁၀ နှစ်အတွင်း)တွင် အထူးစီးပွားရေး ဇုန် ဧရိယာအား ဧက ၄,၀၀၀ ခန့် ထပ်မံတိုးချဲ့ပြီး သံမဏိစက်ရုံများ၊ ဓါတ်မြေသြဇာစက်ရုံများ၊ Oil Refinery နှင့် မော်တော်ယာဉ် များ ထုတ်လုပ်သည့် စက်ရုံများ တည်ထောင်သွားမည် ဖြစ်ပါသည်။

(ဂ) Phase 3 (၁၁ နှစ်မှ ၂၀ နှစ်အတွင်း)တွင် အထူးစီးပွားရေးဇုန် ဧရိယာအား ၁၃,၅၀၀ ဧက ခန့် ထပ်မံတိုးချဲ့ပြီး Plastic Industry၊ Chemical Industry၊ Petrochemical Industry နှင့် General Industry တို့ တည်ထောင် သွားရန် လျာထားပါသည်။

(ဃ) Phase 4 (၂၁ နှစ်မှ ၄၀ နှစ်အတွင်း)တွင် မြေအကျယ်အဝန်း ၁၂,၅၀၀ ဧက ခန့်ကို ထပ်မံ တိုးချဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများ ကိုသာ တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(င) Phase 5 (၄၁ နှစ် မှ ၇၅ နှစ်အတွင်း)တွင် မြေ ဧက ၄၄၈၅၀ ဧက အားလုံး၏ ၉၀% ကို ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

**ထားဝယ်ရေနက်ဆိပ်ကမ်း ပထမအဆင့် တည်ဆောက်ပြီး(၂၀၁၅)တွင်မြင်တွေ့ရမည့်ပုံစံ**



**အုပ်ချုပ်ရေးအဆောက်အဦးသစ် ဆောက်လုပ်မှု**

၅၃၅။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် တာဝန်ထမ်းဆောင်လျက် ရှိသည့် အထောက်အကူပြု လုပ်ငန်းအဖွဲ့ (ယာယီ) ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရုံးသစ် တည်ဆောက်ခြင်း လုပ်ငန်းအား နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုဘဏ္ဍာငွေဖြင့် တည်ဆောက်လျက် ရှိပြီး ၃၁-၃-၂၀၁၃ ရက်နေ့ အထိ တည်ဆောက်ပြီးစီးမှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ယာယီရုံး | ၉၉% |
| (ခ) | အရာရှိရိပ်သာ(၁၆)ခန်းတွဲ | ၁၀၀% |
| (ဂ) | ဝန်ထမ်းရိပ်သာ(၂၄)ခန်းတွဲ | ၁၀၀% |
| (ဃ) | ဝန်ထမ်းလူပျိုဆောင်(၆၀)ဆံ့ | ၁၀၀% |
| (င) | မီးဖို/ထမင်းစားဆောင် | ၁၀၀% |
| (စ) | (၆)ခန်းတွဲ ရေချိုးခန်းနှင့် အိမ်သာ(၂)လုံး | ၁၀၀% |







**ကျေးရွာများ ပြောင်းရွှေ့နေရာချထားခြင်း**

၅၃၆။ ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း၏ ရင်းနှီးတည်ဆောက်သူ(Developer) ဖြစ်သော Italian-Thai Development Public Co., Ltd. (ITD) သည် ထားဝယ် အထူးစီးပွားရေးဇုန် အတွင်း မလွတ်ကင်းသည့် ကျေးရွာများအား ပြောင်းရွှေ့ နေရာချထားပေးခြင်း၊ လျော်ကြေးငွေများပေးချေခြင်း တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသခံများနှင့် ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

၅၃၇။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရေဖြူမြို့နယ်မှ ၁၅ ရွာနှင့် လောင်းလုံမြို့နယ်မှ ၁ ရွာ စုစုပေါင်း ၁၆ ရွာကို ပြောင်းရွှေ့ပေးရမည် ဖြစ်ပါသည်။ ရေဖြူမြို့နယ်မှ ၁၅ ရွာမှာ ထိန်ကြီး၊ မယင်းကြီး၊ ပရဒတ်၊ လဲရောင်၊ မူးဒူး၊ ပုဂေါ့ခွန်း၊ သပြေခွန်း၊ မင်းဒပ်၊ ဝက်ချောင်း၊ ရလိုင်၊

ခမောင်းချောင်း၊ သစ်တိုထောင့်၊ ကျောက်ဂုက်ကုန်း၊ ပိန်းရှောင်၊ ကျခတ္တပင်အင်းတို့ ဖြစ်ပြီး လောင်းလုံမြို့နယ်မှ ၁ ရွာမှာ ညောင်ပင်ဆိပ်ကျေးရွာဖြစ်ပါသည်။

၅၃၈။ အဆိုပါ ကျေးရွာများ ပြောင်းရွှေ့နေရာချထားရန်အတွက် နဘုလယ်ဒေသဘက်မှ ကျေးရွာ ၅ ရွာ ဖြစ်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒတ်၊ မယင်းကြီး၊ မူးဒူးကျေးရွာများအား ရေဖြူမြို့နယ် ဘဝါကျေးရွာတွင် နဘုလယ်မြို့သစ်တည်၍လည်းကောင်း၊ ကျန်ကျေးရွာ ၁၀ ရွာဖြစ်သည့် ပုဂေါဖွန်း၊ သပြေဖွန်း၊ မင်းဒပ်၊ ဝက်ချောင်း၊ ရလိုင်၊ ခမောင်းချောင်း၊ သစ်တိုထောင့်၊ ကျောက်ဂုက်ကုန်း၊ ပိန်းရှောင်၊ ကျခတ္တပင်အင်း ကျေးရွာများအား ရေဖြူမြို့နယ် ပုဂေါဖွန်း ဆီအုန်းခြံအကွက်အမှတ်-၆/၇တွင် လည်းကောင်း၊ လောင်းလုံမြို့နယ်မှ ညောင်ပင်ဆိပ် ကျေးရွာအား လောင်းလုံ မြို့နယ်၊ ပန်းတင်အင်းကျေးရွာအနီးတွင် လည်းကောင်း ရွှေ့ပြောင်း နေရာချထားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။ ဖော်ပြပါကျေးရွာများအနက် Demarcation အနီးကျရောက်နေ သည့် သပြေဖွန်းကျေးရွာ၊ ကျခတ္တပင်အင်းကျေးရွာနှင့် ပြောင်းရွှေ့လိုခြင်း မရှိသည့် ညောင်ပင်ဆိပ် ကျေးရွာများအား ချန်လှပ်ထားရှိရန် စီစဉ်ဆောင် ရွက်လျက်ရှိပါသည်။

၅၃၉။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ကျေးရွာများပြောင်းရွှေ့နေရာချထားပေးမည့် နေရာသစ် တွင် ဆောင်ရွက်ထားမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဘဝါကျေးရွာတွင် မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း။** ရေဖြူမြို့နယ်မှ ထားဝယ် အထူး စီးပွားရေးဇုန်အတွင်းပါဝင်သည့် ကျေးရွာ ၁၆ ရွာ အနက်နဘုလယ်ဒေသရှိ ကျေးရွာ ၅ ရွာ ဖြစ်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒတ်၊ မယင်းကြီး၊ မူးဒူးကျေးရွာများ၌ အိမ်ခြေ ၁၈၂၅ အိမ်ကို ရွှေ့ပြောင်းရန်အတွက် မူလ ကျေးရွာများနှင့် ၅ မိုင်ခန့် ဝေးကွာသော ဘဝါကျေးရွာ အနီးတွင် မြေဖော်ထုတ်၍ လမ်း၊ ရေ၊ လျှပ်စစ်မီး၊ အထက်တန်းကျောင်း၊ အလယ်တန်း ကျောင်းများ၊ ပြည်သူ့ဆေးရုံ၊ ဈေး၊ မီးသတ်၊ ဘိုးဘွားရိပ်သာ၊ အားကစားကွင်း၊ ပန်းခြံတို့ ပါဝင်သော မြို့သစ်ကို အသစ်တည်ဆောက်၍ နေရာချထားပေးမည် ဖြစ်ပါသည်။ မြေကွက်များမှာ (ပေ ၈၀x ပေ ၁၀၀) ရှိရမည် ဖြစ်ပြီး၊ မူလအိမ် အရွယ် အစားပေါ်မူတည်၍ အိမ်ကြီး၊ အိမ်လတ်၊ အိမ်သေးဟုခွဲခြားကာ RC တိုင်၊ အကာ အဖြစ် ကွန်ကရစ် Pre-fabricated Parts ၊ အမိုးအဖြစ်သွပ်မိုးတို့ဖြင့် တည်ဆောက် နေရာချထားပေးမည်ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်း ပထမ အဆင့် အနေဖြင့် မူဒူးကျေးရွာအား စတင် ပြောင်းရွှေ့နေရာချထားနိုင်ရန် နေအိမ် ၄၈၄ လုံး အား ပြည်တွင်းကုမ္ပဏီ ၁၅ ခု ဖြင့် တည်ဆောက်လျက်ရှိပြီး ယခုအခါ နေအိမ် ၄၂၄

လုံး အား အချောသတ် ဆောက်လုပ်ပြီးဖြစ်ပါသည်။ ပထမဆောက်လုပ်ပြီးစီးသည့် နေအိမ် ၈၀ လုံးအား သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ထားခြင်း ရှိ/မရှိ အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ထပ်မံ ဆောက်လုပ်ပြီးစီးသည့် နေအိမ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့ဖြင့် စစ်ဆေးသွားမည်ဖြစ်ပါသည်။

(ခ) **ပုဂေါ့ခွန်းဆီအုန်းခြံအတွင်း မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း။**

ရေဖြူမြို့နယ်မှ ပြောင်းရွှေ့ရမည့် ကျေးရွာ ၁၀ ရွာဖြစ်သည့် ပုဂေါ့ခွန်းကျေးရွာ၊ သဖြေခွန်းကျေးရွာ၊ မင်းဒပ်ကျေးရွာ၊ ဝက်ချောင်းကျေးရွာ၊ ရလိုင်ကျေးရွာ၊ ခမောင်းချောင်းကျေးရွာ၊ သစ်တိုထောင့်ကျေးရွာ၊ ကျောက်ဂုက်ကုန်းကျေးရွာ၊ ပိန်းရှောင်ကျေးရွာ၊ ကျခတ္တ ပင်အင်းကျေးရွာတို့အား ရေဖြူမြို့နယ်၊ ပုဂေါ့ခွန်း ကျေးရွာအုပ်စု၊ မြို့သစ် တည်ဆောက်နေရာ ချထားပေးသွားမည် ဖြစ်ပါသည်။ အဆိုပါ ပုဂေါ့ခွန်းဆီအုန်းခြံမှာ စက်မှုဝန်ကြီးဌာနပိုင် မြေဖြစ်ပြီး၊ ၎င်းမြေကို အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက အသုံးပြုနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာန မှ သဘောတူခွင့်ပြုပြီး ဖြစ်ပါသည်။ ယခုအခါ ပုဂေါ့ခွန်းဆီအုန်းခြံ အတွင်း မြေနေရာ ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိရာ ၃၁-၃-၂၀၁၃ ရက်နေ့အထိ လုပ်ငန်းပမာဏ ၁၀၀% ပြီးစီးပြီး ဖြစ်ပါသည်။

## ပြောင်းရွှေ့သွားသည့် ဒေသခံ ပြည်သူများအတွက်နေအိမ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေ





**လျော်ကြေးငွေပေးအပ်မှုအခြေအနေ**

၅၄၀။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း မြေသိမ်းဆည်းနိုင်ရေးအတွက် လျော်ကြေးငွေ ပေးချေခြင်းလုပ်ငန်းများအား ရပ်ရွာဒေသ လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍ ဆပ်ကော်မတီမှ တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် တည်ဆောက် အကောင်အထည်ဖော်မည့် ရေနက်ဆိပ်ကမ်း၊ အကြီးစား စက်မှုဇုန်၊ အသေးစားနှင့် အလတ်စား စက်မှုဇုန်၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံ၊ သံမဏိ စက်ရုံ၊ Road Link to Thailand လမ်းဖောက်လုပ်မည့် မြေနေရာ၊ Oil and Gas (Refinery)၊ မြေသြဇာစက်ရုံ နှင့် Green Area တို့အတွက် ဥယျာဉ်ခြံ/ လယ်ပိုင်ရှင်များအား လျော်ကြေးငွေများ ထုတ်ပေးလျက်ရှိရာ

၃၀-၄-၂၀၁၃ ရက်နေ့အထိ ပိုင်ရှင် ၁၁၆၉ ဦး မြေဧရိယာ ၅၈၃၃.၀၅၁ ဧကအတွက် လျော်ကြေးငွေ ကျပ်သန်းပေါင်း ၂၃၂၇၆.၃၁ အား ပေးချေ ဆောင်ရွက်ပြီး ဖြစ်ပါသည်။

၅၄၁။ ကျေးရွာများ ပြန်လည် နေရာချထားမည့် မြေနေရာများအတွက် ဥယျာဉ်ခြံ၊ လယ်ပိုင်ရှင်များအား လျော်ကြေးငွေများ ထုတ်ပေးလျက်ရှိရာတွင် ၃၀-၄-၂၀၁၃ ရက်နေ့အထိ ပိုင်ရှင် ၁၅၆၇ ဦး မြေဧရိယာ ၇၉၁၆.၅၄ ဧကအတွက် လျော်ကြေးငွေ ကျပ်သန်းပေါင်း ၃၂၈၇၅.၆၄ အား ပေးချေ ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်မှုအခြေအနေ**

၅၄၂။ နိုင်ငံတော်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ် ဖန်တီးပေးနိုင်ရေးအတွက် အထူးစီးပွားရေးဇုန် စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ထားဝယ် အထူးစီးပွားရေးဇုန် တွင် ပညာရှင်/ ကျွမ်းကျင်သူ / ကြီးကြပ်သူမှ အပ ကျန်ရာထူးနေရာတွင် မြန်မာနိုင်ငံသားကိုသာ မဖြစ်မနေ ငှားရမ်း သုံးစွဲစေရန် ITD သို့ ညွှန်ကြားထားပြီး စီမံကိန်းလုပ်ငန်းများတွင် သီးခြား ကျွမ်းကျင်မှုလိုအပ်သည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်းများအား ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံစေရေးအတွက်လည်းကောင်း မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

၅၄၃။ ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေတွင် အလုပ်သမားများ ခန့်ထားမှုနှင့် ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံသား ကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာ ရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမငါးနှစ်ကုန်ဆုံးသည့် အချိန်တွင် နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ် ကုန်ဆုံးသည့် အချိန်တွင် အနည်း ဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယငါးနှစ် ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထား ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။


၅၄၄။ ထားဝယ် အထူးစီးပွားရေးဇုန် အထောက်အကူပြု လုပ်ငန်းအဖွဲ့(ယာယီ)၏ အပတ်စဉ် အစီရင်ခံ တင်ပြချက်အရ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့ အထိ ယာဉ်နှင့် ယန္တရားစီးရေ ၅၀၂ စီးဖြင့် ပြည်တွင်းနိုင်ငံသား လုပ်သား ကျား ၁၈၇၂ ဦး၊ မ ၃၂၉ ဦး၊ စုစုပေါင်း ၂၂၀၁ ဦး နှင့် နိုင်ငံခြားသား အလုပ်သမား ကျား ၁၀၅၆ ဦး နှင့် မ ၁၇၀ ဦး၊ စုစုပေါင်း နိုင်ငံခြားသား ၁၂၂၆ ဦး အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် မေလ အထိ ထားဝယ် အထူးစီးပွားရေးဇုန်တွင် အလုပ်လုပ်ကိုင်လျက် ရှိသည့် နိုင်ငံသားနှင့် နိုင်ငံခြား အလုပ်သမား စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | ၂၀၁၁ ခုနှစ် | ၂၀၁၂ ခုနှစ် | ၂၀၁၃ ခုနှစ် (မေလ) |
|---|---|---|---|
| နိုင်ငံသား | ၇၇၂ ဦး | ၂၂၇၄ ဦး | ၂၂၀၁ ဦး |
| နိုင်ငံခြားသား | ၅၉၉ ဦး | ၁၂၁၇ ဦး | ၁၂၂၆ ဦး |

**သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်း**

၅၄၅။ သီလဝါ အထူးစီးပွားရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်း မြို့နယ်တို့အတွင်း အကောင်အထည် ဖော်ဆောင်ရွက်သွားရန် စီစဉ် ဆောင်ရွက် လျက်ရှိပါသည်။ သီလဝါ အထူးစီးပွားရေး ဇုန်သည် ရန်ကုန်မြို့ လေဆိပ်မှ ၃၈ ကီလိုမီတာ၊ ရန်ကုန်မြို့လယ်မှ ၂၃ ကီလိုမီတာ နှင့် ရန်ကုန် ဆိပ်ကမ်းမှ ၁၈ ကီလို မီတာ ကွာဝေးပါသည်။

၅၄၆။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၅ ရက်ရက်စွဲဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန၏ သီလဝါအထူးစီးပွားရေးဇုန် နယ်နိမိတ်သတ်မှတ်တိုင်းတာရေး မြေတိုင်း အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာအရ ဧရိယာအားဖြင့် ၂၃၄၂၂၁၄၈.၄၄၂ စတုရန်း မီတာ (၅၇၈၇.၇၁၈ဧကေ) ရှိပြီး အဆိုပါ ဧရိယာ၌ သီလဝါ အထူးစီးပွားရေးဇုန် ဧရိယာ ပတ်လည်တွင် ရှိသော ပေ ၁၀၀ ကျယ်သောလမ်းများ၏ ဧရိယာများ ပါဝင်ပါသည်။



၅၄၇။ သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးနှင့်ပတ်သက်၍ ငွေကြေး အရင်းအနှီးနှင့် နည်းပညာ အရင်းအနှီး တို့၏ ပမာဏကြီးမားခြင်း၊ နိုင်ငံတော် အစိုးရအား ဆက်သွယ် ဆောင်ရွက်လာသည့် နိုင်ငံခြားအစိုးရများအနက် ဂျပန်အစိုးရကသာ ယင်းဇုန်စီမံကိန်း တည်ဆောက်ရေး၊ ဆက်စပ်အခြေခံအဆောက်အဦများ တည်ဆောက်ရေးအတွက်သာမက လုပ်ငန်းအကောင်အထည် ဖော်နိုင်မည့် အခြေအနေအထိပါ တစိုက်မတ်မတ် ဆက်သွယ် ဆောင်ရွက်ခဲ့ခြင်း၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရန် လိုအပ်သည့် နည်းပညာနှင့် ငွေကြေးအရင်း အနှီးများ ရရှိနိုင်ရေးအတွက် ဂျပန်အစိုးရမှ အပြည့်အဝ အာမခံချက် ပေးခြင်းတို့ကြောင့် အထူးစီးပွားရေးဇုန် စီမံကိန်းကို ဂျပန်နိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

၅၄၈။ နိုင်ငံတကာ စီးပွားရေး ဇုန်များကို တည်ဆောက် အကောင်အထည်ဖော်ဆောင်ခဲ့ပြီး ထိုဇုန် များတွင် လက်ရှိ စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့် Mitsubishi, Sumitomo နှင့် Marubeni စသည့် ဂျပန်ကုမ္ပဏီကြီးသုံးခုနှင့် ဂျပန်အစိုးရအဖွဲ့အစည်းများ ပါဝင်သော Consortium ဖွဲ့စည်း၍ ဂျပန်ဘက်မှ ပါဝင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်မှလည်း တိုင်းရင်း သား လုပ်ငန်းရှင်များနှင့် အများပြည်သူများ ပါဝင်ရင်းနှီးမြှုပ်နှံ၍ အကျိုးခံစားခွင့်များ ရရှိစေရန် ရည်ရွယ်၍ မြန်မာအများပိုင် ကုမ္ပဏီများ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် အများပြည်သူများ၏ အစု ရှယ်ယာ ပါဝင်သည့် မြန်မာ Consortium ဖွဲ့စည်းပြီး ဂျပန် Consortium နှင့် ဖက်စပ်၍ ရင်းနှီး တည်ဆောက်သူ Developer အဖြစ် ရင်းနှီးမြှုပ်နှံသွားမည့် အစီအစဉ် ရေးဆွဲ ဆောင်ရွက်လျက် ရှိပါသည်။

၅၄၉။ သီလဝါ အထူးစီးပွားရေးဇုန် ရင်းနှီး တည်ဆောက်သူ ဂျပန်-မြန်မာ ဖက်စပ်အဖွဲ့တွင် မြန်မာနိုင်ငံသား လုပ်ပိုင်ခွင့် ရှယ်ယာများကို အများစု ပိုင်ဆိုင်ခွင့် ရရှိရေး ရည်ရွယ်လျက် ဂျပန် ဘက်မှ ၄၉%၊ မြန်မာဘက်မှ ၅၁ % ဖြင့် ပါဝင် ရင်းနှီးမြှုပ်နှံရန် စီမံ ထားရှိပါသည်။ ရင်းနှီး တည်ဆောက်မှု developing လုပ်ငန်းများ ပြည့်စုံသည့်အခါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားများနှင့် နိုင်ငံပေါင်းစုံမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်သွား မည် ဖြစ်ပါသည်။

၅၅၀။ ထို့အပြင် အဆင့်မြင့် နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏများစွာ လိုအပ်သည့် ဇုန်ပြင်ပ အခြေခံ အဆောက်အအုံများ အချိန်မီ တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာ ရင်းနှီး မြှုပ်နှံသူများကို မြန်မာနိုင်ငံမှ အချိန်မီ မရရှိနိုင်ပါက ၄င်း ဇုန်ပြင်ပ ဆက်စပ် အခြေခံ အဆောက် အအုံများ အားလုံးကို တည်ဆောက်နိုင်မည့် ငွေကြေးပမာဏကို ODA ချေးငွေ အနေဖြင့်

ပေးမည် ဟု ဂျပန်အစိုးရမှ အာမခံချက် ပေးထားပါသည်။ ၄င်းဂျပန် ODAချေးငွေဖြင့် ဗုန် ပြင်ပ ဆက်စပ် အခြေခံ အဆောက်အအုံများ တည်ဆောက် အကောင်အထည် ဖော်ဆောင်ရာတွင် ဂျပန်ကုမ္ပဏီ များကိုသာ ရွေးချယ်ရမည် မဟုတ်ဘဲ တာဝန်ခံ တည်ဆောက်မည့် ကုမ္ပဏီ (Engineering Procurement & Construction Companies- EPCs) များကို အပြည်ပြည်ဆိုင်ရာ တင်ဒါ စနစ်ဖြင့် နိုင်ငံ ပေါင်းစုံမှ ရွေးချယ်နိုင်မည် ဖြစ်ပါသည်။

၅၅၁။ သီလဝါ အထူး စီးပွားရေးဇုန် စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး ရည်ရွယ်ချက် မှတ်တမ်းလွှာ (Memorandum of Intent- MOI) တစ်ရပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် စီးပွားရေး ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာန ဝန်ကြီးတို့ လက်မှတ်ရေးထိုးချုပ် ဆိုခဲ့ကြပါသည်။ အဆိုပါ ရည်ရွယ်ချက် မှတ်တမ်းလွှာ MOI ကိုအခြေခံ၍ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ (Memorandum of Cooperation on Development of the Thilawa Special Economic Zone-MOC)ကို ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး သီလဝါ အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေး ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ နိုင်ငံတကာရေးရာဆိုင်ရာ Vice-Minister တို့မှ လက်မှတ် ရေးထိုးခဲ့ကြ ပါ သည်။

၅၅၂။ ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သည် မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်စဉ်အတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဂျပန်နိုင်ငံ မစ်ဆူဘစ်ရှိ ကုမ္ပဏီ ဥက္ကဋ္ဌ ကန်ကိုဘေးယာရှိတို့သည် သီလဝါစီမံကိန်းအတွက် ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## ကျောက်ဖြူအထူးစီးပွားရေးဇုန်

၅၅၃။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်မှုအတွက် အထူး အရေးပါသည့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူဒေသ အား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ် အကောင်အည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၃ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။

၅၅၄။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်အား လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှု နည်းစွာဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် ၁၅-၁၀-၂၀၁၂ နေ့တွင် ရန်ကုန်မြို့၌ "ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပတ်သက်သော အစကနဦး ဆွေးနွေး တိုင်ပင်ခြင်း လုပ်ငန်းစဉ်"ကို ကျင်းပ၍ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပမှ ပညာရှင် များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ရခိုင်သဟာယအသင်းမှ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသား ပြည်သူများအကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲ တက်ရောက်လာသူများမှ ရခိုင်ဒေသသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် ဒုတိယ ဖွံ့ဖြိုးအနည်ဆုံး ပြည်နယ်တစ်ခု ဖြစ်ခြင်းကြောင့် အထူးစီးပွားရေးဇုန် ပေါ်ထွန်း လာခြင်းကို ထောက်ခံကြိုဆိုပါကြောင်း၊ သို့သော်လည်း ရေနံတင် ဆိပ်ကမ်း ကဲ့သို့သောလုပ်ငန်းများ၊ မြန်မာပြည်အလယ်ပိုင်းကို ကန့်လန့်ဖြတ်၍ ပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများ ပါဝင်မည် ဖြစ်ခြင်းကြောင့် တော၊ တောင်ရေမြေတို့ကို ထိခိုက်စေသည့်ကိစ္စများ မဖြစ်ပေါ်စေရန် အထူးသတိထား၍ ဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေး ကြပါသည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်**

-

## အခန်း(၁၀)

## ပြည်ပ အကူအညီ အထောက်အပံ့ ရရှိမှု

၅၅၅။ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စား၊ဝတ်၊နေရေး အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ပိုမိုတိုးတက် ဖန်တီးပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းသို့ ဖြည့်ဆည်းပေးနိုင်ရေး အတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး၊ အရင်းအနှီးများ၊ နည်းပညာနှင့်လူ့စွမ်းအား အရင်းအမြစ်များ လိုအပ်လျှက်ရှိရာ နိုင်ငံတော်၏ ဘတ်ဂျက်တစ်ခုတည်းဖြင့် မလုံလောက်ဘဲ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံ မှုများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ငွေကြေး အကူအညီအထောက်အပံ့များ ရယူရန် လိုအပ်ပါသည်။

၅၅၆။ မြန်မာနိုင်ငံတွင် လက်ရှိအစိုးရ တာဝန်ယူပြီးနောက် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ပြောင်းလဲမှုများ အပေါ် နိုင်ငံတကာ အသိုင်းအဝန်းမှ များစွာ စိတ်ဝင်စားမှုရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ အကူအညီနှင့် ချေးငွေများ ပိုမိုပေးအပ်ရန် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

၅၅၇။ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့များကို စုစည်း ရယူရာတွင် စနစ်တကျ စိစစ်သုံးသပ်နိုင်ရေးနှင့် အကျိုးရှိ ထိရောက်မှုရှိရေးတို့အတွက် နိုင်ငံခြား အကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းဗဟိုကော်မတီအောက် တွင် နိုင်ငံခြား အကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီနှင့် အမျိုးသားစီးပွားရေး နှင့်လူမှုရေးအကြံပေးကောင်စီတို့ကို ဖွဲ့စည်းထားရှိပါသည်။

၅၅၈။ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အကူအညီအထောက်အပံ့(Grant)နှင့် ချေးငွေ(Loan)များရရှိမှု ငွေအရေအတွက်အားဖြင့်-

(က) အကူအညီအထောက်အပံ့(Grant)- အမေရိကန်ဒေါ်လာ ၇၄၀.၁၉ သန်း

(ခ) ချေးငွေ (Loan)အမေရိကန်ဒေါ်လာ ၉၁၅.၁၀ သန်းနှင့် ဂျပန် ယန်း ၅၁၀၀၀.၀၅သန်း (ယန်း ၅၁ ဘီလီယံ)

ဖြစ်ပါသည်။

**နိုင်ငံခြားအကူအညီ အထောက်အပံ့(Grant)ရရှိမှု**

၅၅၉။ နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၄၀.၁၉ သန်းဖြစ်ပြီး အောက်ပါအတိုင်း အမျိုးအစား (၃) မျိုး ခွဲ၍ တင်ပြ ပါသည်-

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီ ရရှိမှု

(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု

(ဂ) ကဏ္ဍအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု


**ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီ ရရှိမှု**

၅၆၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၂၇) ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် (၂)ခုတို့မှ လုပ်ငန်း စီမံချက် (၆၇)ခု အတွက် နိုင်ငံခြားအကူအညီ (Grant) ပမာဏ အမေရိကန်ဒေါ်လာ ၇၄၀.၁၉ သန်း ရရှိခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မှ လုပ်ငန်းစီမံချက် (၇) ခုအတွက် အမေရိကန်ဒေါ်လာ ၈၉.၁၅သန်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက် (၆)ခု အတွက် အမေရိကန်ဒေါ်လာ ၁၄.၇၈ သန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ လုပ်ငန်း စီမံချက် (၅)ခုစီအတွက် အမေရိကန်ဒေါ်လာ ၁၀၈.၇၆ သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာနတို့မှ လုပ်ငန်းစီမံချက် (၄)ခုစီအတွက် အမေရိကန်ဒေါ်လာ ၂၇၉.၂၆ သန်း၊ ပညာရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့မှ လုပ်ငန်းစီမံချက်(၃)ခုစီအတွက် အမေရိကန်ဒေါ်လာ ၁၀၁.၃၄ သန်း အကူအညီ ရရှိခဲ့ပါ သည်။ အခြား ဝန်ကြီးဌာနများမှ လုပ်ငန်းစီမံချက် (၂၂)ခုအတွက် အမေရိကန်ဒေါ်လာ ၁၄၆.၉၀ သန်း ရရှိပါသည်။

**ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီရရှိမှုအခြေအနေ (၂၀၁၂-၂၀၁၃ခုနှစ်)**

| စဉ် | ဝန်ကြီးဌာန | လုပ်ငန်းစီမံချက် | အကူအညီပမာဏ US$ သန်းပေါင်း |
|---|---|---|---|
| ၁ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၇ | ၈၉.၁၅ |
| ၂ | နယ်စပ်ရေးရာ | ၄ | ၂၆၅.၅၃ |
| ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁ | ၀.၂၂ |
| ၄ | ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ | ၁ | ၂၁.၉၂ |
| ၅ | ပညာရေး | ၃ | ၆.၄၃ |
| ၆ | လျှပ်စစ်စွမ်းအား | ၃ | ၂၀.၆၈ |
| ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၃ | ၇၄.၂၃ |
| ၈ | ကျန်းမာရေး | ၅ | ၅၀.၅၅ |
| ၉ | စက်မှု | ၂ | ၆.၉၅ |
| ၁၀ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၅ | ၄၅.၉၆ |
| ၁၁ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၆ | ၁၄.၇၈ |
| ၁၂ | ဘဏ္ဍာရေးနှင့်အခွန် | ၄ | ၁၃.၇၃ |
| ၁၃ | သိပ္ပံနှင့်နည်းပညာ | ၂ | 7.78 |
| ၁၄ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၅ | ၁၂.၂၅ |
| ၁၅ | ဟိုတယ်ခရီးသွားလုပ်ငန်း | ၁ | ၀.၂၃ |
| ၁၆ | အားကစား | ၁ | ၁၅.၇၉ |
| ၁၇ | ပြည်ထဲရေး | ၂ | ၃၀.၃၆ |
| ၁၈ | ဆောက်လုပ်ရေး | ၁ | ၀.၁၉ |
| ၁၉ | သမဝါယမ | ၁ | ၉.၄၄ |
| ၂၀ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁ | ၄.၀၀ |
| ၂၁ | ပြန်ကြားရေး | ၁ | ၄.၆၁ |
| ၂၂ | ပို့ဆောင်ရေး | ၁ | ၃.၈၃ |
| ၂၃ | စွမ်းအင် | ၁ | ၇.၆၇ |
| ၂၄ | လွှတ်တော်ရုံး | ၁ | ၁၁.၆၀ |
| ၂၅ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁ | ၄.၀၅ |
| ၂၆ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁ | ၄.၀၅ |
| ၂၇ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | ၁၄.၀၂ |
| ၂၈ | ရန်ကုန်တိုင်းဒေသကြီး | ၁ | ၀.၀၁ |
| ၂၉ | ကချင်ပြည်နယ် | ၁ | ၀.၀၀၂ |
| | **စုစုပေါင်း** | **၆၇** | **၇၄၀.၁၉** |

(US$ သန်းပေါင်း)




**နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု**

၅၆၁။ နိုင်ငံအချင်းချင်း အကူအညီ အရ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကိုရီးယားနိုင်ငံမှ လုပ်ငန်း စီမံကိန်း(၅)ခုအတွက် အမေရိကန် ဒေါ်လာ ၇.၇၅သန်း၊ ဂျပန်နိုင်ငံမှ လုပ်ငန်းစီမံချက် (၉) ခုအတွက် အမေရိကန်ဒေါ်လာ ၁၀၇.၅၇ သန်း၊ တရုတ်နိုင်ငံမှ လုပ်ငန်းစီမံချက်(၉)ခုအတွက် အမေရိကန်ဒေါ်လာ ၄၀.၀၇ သန်း၊ အိန္ဒိယနိုင်ငံမှ လုပ်ငန်း စီမံချက်(၂)ခုအတွက် အမေရိကန်ဒေါ်လာ ၁၀.၉၄ သန်းနှင့် ဂျာမဏီနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ လုပ်ငန်းစီမံချက်(၃)ခုစီအတွက် အမေရိကန်ဒေါ်လာ ၂၁.၄၇ သန်း ရရှိပါသည်။ တရုတ်နိုင်ငံ၊ ဘိုအောင်းမြို့နယ်သို့ နိုင်ငံတော်သမ္မတ၏ ခရီးစဉ်တွင် ၂၇ ကြိမ်မြောက် အားကစားပွဲတော် စီမံကိန်းနှင့် နှစ်နိုင်ငံ သဘောတူညီသော အခြားစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၃၉.၆၉ သန်း အကူအညီ ပေးအပ်ရန် သဘောတူ စာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။

၅၆၂။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)သို့ မြန်မာနိုင်ငံမှ ကြွေးမြီလက်ကျန် အမေရိကန်ဒေါ်လာ ၄၇၉သန်းကို ပေးဆပ်ပြီးနောက် ADBမှ ဝန်ကြီးဌာန (၈)ခု အတွက် လုပ်ငန်းစီမံချက်(၁၃)ခု ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုအကူအညီ အမေရိကန် ဒေါ်လာ


၅.၃၈ သန်း အကူအညီပေးခဲ့ပါသည်။ ထို့အတူ ကမ္ဘာ့ဘဏ် (World Bank)သို့ မြန်မာနိုင်ငံမှ ကြွေးမြီလက်ကျန် အမေရိကန်ဒေါ်လာ ၄၂၀သန်းကို ပေးချေရန် စီစဉ်ဆောင်ရွက်နေသည့် ကာလတွင် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ ကြွေးမြီ ပြန်လည်မပေးဆပ်မီ အကြိုကာလ (pre-arrear clearance) အနေဖြင့် အမေရိကန်ဒေါ်လာ ၈၀ သန်း ကို လူထုအခြေပြုဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်း (Community Driven Development-CDD) အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် အကူအညီပေးခဲ့ပါသည်။

၅၆၃။ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)မှ မြန်မာနိုင်ငံတွင် နိုင်ငံဆိုင်ရာ လုပ်ငန်း အစီအစဉ်ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၅၀.၀ သန်း၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ တတိယအကြိမ် အကူအညီပေးရေး အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၂၉.၅ သန်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၁၉.၈ သန်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ် (Protracted Relief and Recovery Operation-PRRO) အကောင်အထည် ဖော်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၆၇.၇သန်း အကူအညီပေးရန် နှစ်ဦး နှစ်ဖက် လက်မှတ်ရေးထိုးခဲ့ပါသည်။

**နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ပေးမှု (၂၀၁၂-၂၀၁၃ခုနှစ်)**

| စဉ် | နိုင်ငံ/အဖွဲ့အစည်း | လုပ်ငန်းစီမံချက် | အကူအညီပမာဏ ( US$ သန်းပေါင်း) |
|---|---|---|---|
| (က) | **နိုင်ငံအချင်းချင်း** | | |
| ၁ | ဩစတြေးလျနိုင်ငံ | ၃ | ၄.၅၂ |
| ၂ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၉ | ၄၀.၀၇ |
| ၃ | ဒိန်းမတ်နိုင်ငံ | ၁ | ၀.၀၁ |
| ၄ | ဂျာမဏီနိုင်ငံ | ၃ | ၁၆.၉၅ |
| ၅ | အိန္ဒိယနိုင်ငံ | ၂ | ၁၀.၉၄ |
| ၆ | ဂျပန်နိုင်ငံ | ၉ | ၁၀၇.၅၇ |
| ၇ | ကိုရီးယားသမ္မတနိုင်ငံ | ၅ | ၇.၇၅ |
| | **စုစုပေါင်း** | **၃၂** | **၁၈၇.၈၁** |
| (ခ) | **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | | |
| ၁ | အာရှဖွံ့ဖြိုးရေးဘဏ် | ၁၃ | ၅.၃၈ |
| ၂ | ကမ္ဘာ့ဘဏ် | ၁ | ၈၀.၀၀ |
| | **စုစုပေါင်း** | **၁၄** | **၈၅.၃၈** |
| (ဂ) | **ကုလသမဂ္ဂအဖွဲ့အစည်းများ** | | |
| ၁ | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် | ၁၄ | ၁၅၀.၀၀ |
| ၂ | ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ | ၃ | ၂၉.၅၀ |
| ၃ | ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ | ၃ | ၁၁၉.၈၀ |
| ၄ | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် | ၁ | ၁၆၇.၇၀ |
| | **စုစုပေါင်း** | **၂၁** | **၄၆၇.၀၀** |
| | **စာရင်းပေါင်းချုပ်** | **၆၇** | **၇၄၀.၁၉** |


(US$ သန်းပေါင်း)




## ကဏ္ဍအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု

၅၆၄။ နိုင်ငံခြားအကူအညီအထောက်အပံ့ များကို ကဏ္ဍအလိုက်အကူအညီရရှိမှုမှာ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍမှ ၆၁%၊ လျှပ်စစ်ဓါတ်အားမှ ၁၂%၊ လယ်ယာကဏ္ဍမှ ၉%၊ ဆက်သွယ်ရေးကဏ္ဍမှ ၇%၊ ငွေရေးကြေးရေးကဏ္ဍမှ ၄% နှင့် အခြား ကဏ္ဍများဖြစ်သော သားငါး၊ သစ်တော၊ စွမ်းအင်ကဏ္ဍများမှ ၂% နှင့် ပို့ဆောင်ရေးကဏ္ဍမှ ၁%တို့ ဖြစ်ပါသည်။

**ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု (၂၀၁၂-၂၀၁၃ခုနှစ်)**



## နိုင်ငံခြားချေးငွေ (Loan) ရရှိမှု

၅၆၅။ နိုင်ငံခြားချေးငွေ ရရှိမှု အမေရိကန် ဒေါ်လာ ၉၁၅.၁ဝ သန်းနှင့် ဂျပန် ယန်း ၅၁ဝဝဝ.ဝ၅ သန်း (ယန်း ၅၁ ဘီလီယံ)အား အောက်ပါအတိုင်း အမျိုးအစား(၃) မျိုးခွဲ၍ ဖော်ပြထားပါသည်။

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား ချေးငွေ ရရှိမှု

(ခ) နိုင်ငံအချင်းချင်း ချေးငွေ ထောက်ပံ့ပေးမှု

(ဂ) ကဏ္ဍအလိုက်နိုင်ငံခြားချေးငွေရယူမှု

## ဝန်ကြီးဌာနအလိုက် နိုင်ငံခြား ချေးငွေ ရရှိမှု

၅၆၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီး ဌာန(၅)ခုမှ လုပ်ငန်းစီမံချက် (၁၂)ခု အတွက် နိုင်ငံခြား ချေးငွေ အမေရိကန်ဒေါ်လာ ၉၁၅.၁ဝ သန်းနှင့် ဂျပန် ယန်း ၅၁ဝဝဝ.ဝ၅ သန်း (ယန်း ၅၁ ဘီလီယံ) ရရှိပါသည်။။ စက်မှု ဝန်ကြီးဌာနမှ လုပ်ငန်း စီမံချက်(၄)ခုအတွက် အမေရိကန်ဒေါ်လာ ၈၃၆.၂၁ သန်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လုပ်ငန်း စီမံချက် (၂)ခုအတွက် အမေရိကန် ဒေါ်လာ ၇၈.၉ သန်းကို တရုတ်နိုင်ငံမှချေးငွေ ရယူခဲ့ပါသည်။

၅၆၇။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘိုအောင်းဖိုရမ်သို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့စဉ်က မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေး စားငွေကြေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ပါသည်။ အဆိုပါ သဘောတူစာချုပ်အရ တရုတ်နိုင်ငံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁ဝဝ ရယူရေး အတွက် ငွေချေး စာချုပ် လက်မှတ်ရေးထိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားလိုင်း စီမံချက်အတွက် တရုတ်နိုင်ငံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၅.၅ သန်း ရယူရေးအတွက် ချေးငွေ စာချုပ်ကိုလည်း နှစ်ဖက် လက်မှတ်ရေးထိုးခဲ့ပါသည်။

၅၆၈။ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံ၏ ကြွေးမြီလက်ကျန် ယန်း ၁၉၈.၈၈၁ ဘီလီယံ ပေးချေပြီး နောက်ပိုင်းတွင် ဂျပန်နိုင်ငံအစိုးရမှ ODA Loan ယန်း ၅၁ဝဝဝ.ဝ၅ သန်း (ယန်း ၅၁ ဘီလီယံ) ကို ဝန်ကြီးဌာန (၄) ခု မှ Regional Development Project for Poverty Reduction Phase I ၊ Urgent Rehabilitation and Upgrade Project Phase I နှင့် Infrastructure Development Project in Thilawa area Phase I စီမံချက်များ အကောင်အထည်ဖော်ရန် ODA

ချေးငွေပေးအပ်ရေးဆိုင်ရာ E/N ကို လက်မှတ် ရေးထိုးခဲ့ပါသည်။ အဆိုပါ ချေးငွေမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မှ လုပ်ငန်း စီမံချက် (၃) ခု အတွက် ယန်း ၂၉၃၇၆.၉၀ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မှ လုပ်ငန်းစီမံချက် (၁) ခု အတွက် ယန်း ၉၄၈၀.၃၄ သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန မှ လုပ်ငန်း စီမံချက် (၁) ခုအတွက် ယန်း ၂၇၂၃.၃၄ သန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက်(၁)ခုအတွက် ယန်း ၉၄၁၉.၅၀ သန်းကို သုံးစွဲမည်ဖြစ်ပါသည်။

**ဝန်ကြီးဌာနများမှ နိုင်ငံအချင်းချင်းမှ ချေးငွေရယူမှု (၂၀၁၂-၂၀၁၃ခုနှစ်)**


| | | တရုတ်နိုင်ငံ | | ဂျပန်နိုင်ငံ | |
|---|---|---|---|---|---|
| စဉ် | ဝန်ကြီးဌာန | လုပ်ငန်းစီမံချက် | ငွေပမာဏ (US$ သန်း) | လုပ်ငန်းစီမံချက် | ငွေပမာဏ (Yenသန်း) |
| ၁ | လျှပ်စစ် | ၂ | ၇၈.၉ | ၃ | ၂၉၃၇၆.၉၀ |
| ၂ | စက်မှု | ၄ | ၈၃၆.၂၁ | - | - |
| ၃ | ဆောက်လုပ်ရေး | - | - | ၁ | ၉၄၈၀.၃၄ |
| ၄ | နယ်စပ်ရေးရာ | - | - | ၁ | ၂၇၂၃.၃၄ |
| ၅ | ပို့ဆောင်ရေး | - | - | ၁ | ၉၄၁၉.၅၀ |
| | **စာရင်းပေါင်းချုပ်** | ၆ | US $ ၉၁၅.၁၀ | ၆ | Yen ၅၁၀၀၀.၀၅ |

**နိုင်ငံအချင်းချင်း ချေးငွေ ထောက်ပံ့ပေးမှု**

၅၆၉။ တရုတ်နိုင်ငံမှချေးငွေဖြင့် ဝန်ကြီးဌာန (၂) ခုမှ လုပ်ငန်းစီမံချက် (၆)ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၉၁၅.၁၀ သန်းနှင့် ဂျပန် ODAချေးငွေဖြင့် ဝန်ကြီးဌာန (၄) ခု မှ Regional Development Project for Poverty Reduction Phase I ၊ Urgent Rehabilitation and Upgrade Project Phase I နှင့် Infrastructure Development Project in Thilawa area Phase I အောက်တွင်

လုပ်ငန်းစီမံချက် (၆)ခုတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ယန်း ၅၁၀၀၀.၀၅ သန်း (ယန်း ၅၁ ဘီလီယံ)ကို ပေးအပ်ခဲ့ပါသည်။


(US$ သန်းပေါင်း)




**ကဏ္ဍအလိုက်နိုင်ငံခြားရင်းနှီးငွေရယူမှု**

၅၇၀။ ကဏ္ဍအလိုက် နိုင်ငံခြားချေးငွေရယူမှုမှာ စက်မှု ကဏ္ဍမှ ၅၀%၊ လျှပ်စစ်ကဏ္ဍ မှ ၂၈%၊ လူမှုရေးကဏ္ဍမှ ၈% နှင့် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး ကဏ္ဍတို့မှ ၇% အသီးသီးဖြစ်ပါသည်။

**ကဏ္ဍအလိုက်နိုင်ငံခြားချေးငွေရယူမှု (၂၀၁၂-၂၀၁၃ခုနှစ်)**



၅၇၁။ နိုင်ငံတကာမှ အကူအညီ အထောက်အပံ့များကို နိုင်ငံတော်၏ဦးစားပေး လုပ်ငန်းများတွင် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက် ရေးဖိုရမ် (1st Myanmar Development Cooperation Forum) ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့နှင့် (၂၀)ရက်နေ့တို့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှု ရှိစေမည့် နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord) ကိုမြန်မာနိုင်ငံအစိုးရနှင့် အလှူရှင်နိုင်ငံများမှ အတည်ပြုခဲ့ကြပါသည်။ အဆိုပါ NayPyiTaw Accord အရ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသဖြင့် အနာဂတ် တွင် အကူအညီ အထောက်အပံ့များကို ပိုမို ရရှိနိုင်မည် ဖြစ်ပါသည်။

## အခန်း(၁၁)

## ပြည်ပစီးပွားရေး ဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာ

၅၇၂။ မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက် နိုင်ရေးအတွက် အရှေ့တောင်အာရှဒေသ နိုင်ငံများအဖွဲ့ (အာဆီယံ)၊ ဒေသခွဲ အဆင့်တွင် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် (ဂျီအမ်အက်စ်)၊ ဘင်္ဂလားပင်လယ် ဘက်စုံစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျှက်ရှိပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ ဖွံ့ဖြိုးမှုနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

### အာဆီယံ နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု

၅၇၃။ မြန်မာနိုင်ငံသည် အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) ၂၀၁၅ ခုနှစ်၌ ဖြစ်ပေါ်လာရေး အတွက် ဆောင်ရွက်လျှက်ရှိရာ AEC အကဲဖြတ်မှတ်တမ်းအရ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ်၊ မတ်လအထိ ဆောင်ရွက်ရမည့် လုပ်ငန်း၏ ၈၇%ကို အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

၅၇၄။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တွေ့ကြုံရင်ဆိုင်ရမည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှု ဒေသအတွင်း ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ အဖြစ် တာဝန်ယူရေး၊ အာဆီယံစီးပွားရေး အသိုက်အဝန်း အကဲဖြတ်မှတ်တမ်းအရ နှစ်အလိုက် ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်များကို ဝန်ကြီးဌာနအလိုက် ကဏ္ဍအလိုက် နှောင့်နှေးမှုမရှိဘဲ ဆောင်ရွက် နိုင်ရေးတို့အတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ အဆိုပါ လုပ်ငန်းစီမံချက်အရ ၂၀၁၂ ခုနှစ်၊ မတ်လတွင် ဘာသာရပ် ဆိုင်ရာဌာနများမှ ဒုတိယဝန်ကြီးများက ဥက္ကဋ္ဌအဖြစ်နှင့် ညွှန်ကြားရေးမှူးချုပ်များက အတွင်းရေးမှူးအဖြစ် ပါဝင်လျက် လုပ်ငန်းကော်မတီ (၁၅) ရပ်ကို ဖွဲ့စည်းခဲ့ပြီး လစဉ်အစည်းအဝေးများ ကျင်းပခဲ့ရာ ယခုအခါ(၁၁)ကြိမ်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါ သည်။

၅၇၅။ ၂၀၁၄ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် အာဆီယံ စီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် လျာထားသည့် အစည်းအဝေးများ အတွက် Notional Calendar (မူကြမ်း)ကို လည်းကောင်း၊ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး

အတွက် လုပ်ငန်းစီမံချက်(မူကြမ်း)ကိုလည်းကောင်း ရေးဆွဲထားပြီး ဖြစ်ပါသည်။ ထို့ပြင် ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် အာဆီယံရေးရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များနှင့် အငြိမ်းစား သံအမတ်ကြီးများ စုစုပေါင်း (၁၀)ဦး ပါ ဝင်သည့် အာဆီယံ စီးပွားရေး အသိုက်အဝန်း မဏ္ဍိုင်၏ Eminent Persons Group ကို ဖွဲ့စည်းခဲ့ပါသည်။

၅၇၆။ အာဆီယံဒေသတွင်းနှင့် အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများအကြား လွတ်လပ်သော ကုန်သွယ်မှုဒေသများ အကောင်အထည်ဖေါ်ရန် အတွက် ၂၀၁၂ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ကမ္ဘောဒီးယား နိုင်ငံ၊ ဖနောင်ပင်မြို့၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးတွင် အာဆီယံ - တရုတ် ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင် သဘောတူစာချုပ်၏ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်တွင် ထည့်သွင်းမည့် ကုန်သွယ်မှု ကို အဟန့်အတား ဖြစ်စေသော နည်းပညာဆိုင်ရာ အတားအဆီများ နှင့် လူ၊ အပင် ၊ တိရစ္ဆာန်များ ပိုးမွှားရောဂါ ကင်းစင်ရေးဆိုင်ရာ အခြေပြစာချုပ်၊ အာဆီယံ - တရုတ် ဘက်စုံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မူဘောင် သဘောတူစာချုပ်ကို တတိယအကြိမ် ပြင်ဆင်သည့် အခြေပြစာချုပ် နှင့် လူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဆိုင်ရာ အာဆီယံ သဘောတူစာချုပ် တို့ကို လက်မှတ် ရေးထိုးခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ကျင်းပ သည့် (၁၉)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးတွင် ကုန်စည်ကုန်သွယ်ရေး နှင့် ဆက်စပ်သည့် အာဆီယံ စီးပွားရေး သဘောတူစာချုပ် အချို့အား ပြင်ဆင်သည့် အခြေပြ စာချုပ်ကို လက်မှတ်ရေးထိုး ခဲ့ပါသည်။

၅၇၇။ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ရာ၌ စွမ်းဆောင်ရည် မြှင့်တင် ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် သင်တန်းများကို အာဆီယံနှင့် အရှေ့အာရှ သုတေသန ဌာန (အီရီယာ)နှင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု အကူ အညီများဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့ပါသည်။ ထို့အပြင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့်လည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ ကိုရီးယား သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့တွင် ကျင်းပခဲ့သည့် အလုပ်ရုံ ဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲများသို့ ကိုယ်စားလှယ်များ စေလွှတ် တက်ရောက်နိုင်ခဲ့ပါသည်။

၅၇၈။ ပြည်သူများ အာဆီယံ စီးပွားရေးဆိုင်ရာ ဘာသာရပ်ကို လေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်

တို့ပူးပေါင်း၍ အာဆီယံ စီးပွားရေးပညာရပ် ကျွမ်းကျင်မှု လက်မှတ်ရ သင်တန်း(၂)ကြိမ် ကျင်းပခဲ့ရာ သင်တန်းသား(၁၉၄)ဦး တက်ရောက်ခဲ့ပါသည်။

**မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အစီအစဉ် (ဂျီအမ်အက်စ်)**

၅၇၉။ မဲခေါင် ဒေသခွဲ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အစီအစဉ် (ဂျီအမ်အက်စ်) အရ မြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်မှ (၂၀)ရက်နေ့အထိ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီး အစည်းအဝေး($4^{th}$ GMS Summit)ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ဂျီအမ်အက်စ် မဟာဗျူဟာ မူဘောင်သစ်(၂၀၁၂-၂၀၂၂) ကို သဘောတူခဲ့ကြပြီး စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီး အစည်းအဝေး ပူးတွဲကြေညာချက် အဖြစ် နေပြည်တော် ကြေညာချက်ကို အတည်ပြုခဲ့ကြပါသည်။ ယင်းမူဘောင်သစ်အရ သယ်ယူပို့ဆောင် ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ခရီးသွား လုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေး၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ နှင့် မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ လမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေး တို့တွင် ပူးပေါင်း ဆောင်ရွက်လှ ျက်ရှိပါသည်။

၅၈၀။ မြန်မာနိုင်ငံအနေနှင့် ၂၀၁၂ခုနှစ်၊ ဇွန်လ(၂၈)ရက်မှ (၂၉)ရက်နေ့အထိ မန္တလေးမြို့တွင် စတုတ္ထ အကြိမ် မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများ ဖိုရမ်နှင့် ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဘောင် ဦးဆောင် အစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

၅၈၁။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်မှ (၂၅) ရက်နေ့အထိ (၁၆) ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေးဖိုရမ်ကို နေပြည်တော်တွင် လက်ခံကျင်းပခဲ့ရာ မြန်မာနိုင်ငံ အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ လေ့လာပြုစုသည့် Myanmar: Transport Sector Initial Assessment ကို အတည်ပြုနိုင်ခဲ့ပါသည်။

**ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်ခ်မက်)**

၅၈၂။ မြန်မာနိုင်ငံသည် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့ရေး၊ လယ်ယာ စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွား လုပ်ငန်း၊ လူ့စွမ်းအား အရင်း အမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကဏ္ဍ များတွင် ပူးပေါင်း ဆောင်ရွက်လျှက်ရှိပါသည်။

**ဘင်္ဂလားပင်လယ်ဒေသ ဘက်စုံစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)**

၅၈၃။ ထို့အတူ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်ဒေသ ဘက်စုံ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်) တွင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ နည်းပညာ၊ ငါးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ ပြည်သူ့ကျန်းမာရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှု နှိမ်နင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးဒဏ် စီမံခန့်ခွဲရေး၊ ယဉ်ကျေးမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

**နိုင်ငံအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု**

၅၈၄။ နိုင်ငံအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအနေနှင့် မြန်မာနိုင်ငံသည် ဂျာမဏီ၊ ကိုရီးယား၊ တရုတ်၊ ဆွစ်ဇာလန်၊ ဩစတြေလျ၊ ဂျပန်၊ ပြင်သစ် နှင့် အမေရိကန်နိုင်ငံ တို့နှင့် စီးပွားရေးနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှု ဆိုင်ရာ သဘောတူစာချုပ်/မူဘောင်စာချုပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူစာချုပ်များ နှင့် နားလည်မှုစာလွှာများ စုစုပေါင်း (၁၃) ခုကို လက်မှတ်ရေးထိုး ခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ ရှေ့အလားအလာ**

၅၈၅။ အာဆီယံသည် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ဘက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊နယူးဇီလန် နိုင်ငံတို့နှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership - RCEP ) ဘောင်သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အတွက် ၂၀၁၃ ခုနှစ် မေလမှ စတင်၍ ညှိနှိုင်းလျက်ရှိရာ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နှင့်အတူ ပါဝင် ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ ဘောင်သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် ညှိနှိုင်းမှု ပြီးစီးရန် ရည်မှန်း ထားရာ ၄င်း ၂၀၁၅ ခုနှစ် တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပေါ်ပေါက်ပြီး အရှေ့အာရှ စီးပွားရေးအသိုက်အဝန်းကို ဆက်လက် ဖော်ဆောင်ရန် ဖြစ်ပါသည်။

၅၈၆။ မြန်မာနိုင်ငံသည် မဟာဗျူဟာ အချက်အခြာကျသော နေရာတွင် တည်ရှိနေသည့်အတွက် ဂျီအမ်အက်စ် အရှေ့-အနောက် စင်္ကြံလမ်းကြောင်းတွင် တည်ရှိသကဲ့သို့ တောင်အာရှနှင့် အရှေ့အာရှတို့အကြား ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံနှစ်နိုင်ငံ အကြား တည်ရှိနေပါသည်။ နောက်ပိုင်းတွင် ဂျီအမ်အက်စ် တောင်မြောက် စင်္ကြံများနှင့် ချိတ်ဆက်ကာ အဆိုပါဒေသသည်

ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် ကွန်ယက်သဖွယ် ချိတ်ဆက်သွားမည် ဖြစ်ပါသည်။

၅၈၇။ မြန်မာနိုင်ငံ၏ ပြည်ပဆက်ဆံရေးကောင်းမွန်လာသည်နှင့် အမျှ နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ခရီးစဉ်များကြောင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမို များပြားလာပါသည်။ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့မှ မြန်မာနိုင်ငံ အပေါ် ပိတ်ဆို့မှုများကို ဖယ်ရှားပြီးဖြစ်၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပွင့်လင်းလာမှုနှင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ချက်များကို နိုင်ငံတကာမှ အသိအမှတ်ပြုလာကြပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်ရန် ငွေကြေးအကူအညီ ကျွမ်းကျင်မှုအကူအညီ၊ နည်းပညာ အကူအညီများ ပေးအပ်လာပါသဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် များစွာ အကျိုးပြုစေနိုင်မည် ဖြစ်ပါသည်။